www.burmeseclassic.com




ယော်မြိုးကြွယ်

# [illegible]

JONATHAN BLACK

# THE CARNAGE MERCHANTS

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် [ ၆၀/၈၈-၂ ]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၂၈၃/၈၈-၁၂ ]

ပထမအကြိမ်

၁၉၈၉ ခု၊ ဖေဖော်ဝါရီလ

ပန်းချီ တင်မောင်မျင့်
သိန်းမြင့်ဝင်း
တစ်ထောင်
သုံးဆယ်ကျပ်

ဒေါ်မြစိန် [ယာယီ-၂၁၅]၊ တက်နေဝင်းပုံနှိပ်တိုက်
အမှတ် ၉၈/၁၀၁၊ ၄၂ လမ်း၊ ရန်ကုန်မြို့။

ဒေါ်တင်တင်လှ [၀၂၀၇၃]၊ လှသူဇာ စာပေ
၁၀၊ မာတင်ရိပ်သာ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်

ဇော်မြင့်ထွယ်

# လက်နက်ကုန်ပျို

THE CARNAGE MERCHANTS

JONATHAN BLACK

ပထမတွဲ

www.burmeseclassic.com

www.burmeseclassic.com

## ဘဝတက္ကသိုလ် နောက်ဆုံးထုတ် စာအုပ်များ

မရှောက်တခွန်း (မိုးဇော်ဟိန်း)
အန္တရာယ်လမ်းပေါ်ကမုဆိုး (မောင်လွမ်းသူ)
မိုးသက်လေနှင် (မောင်ပေါ်ထွန်း)
ဖုလဲတေးသံ (ထင်လင်း)
အက်ရှင်ဒင် (ကျော်အောင်)
မှိတ်တုတ်မှိတ်တုတ်ငယ်သောစခိုင် (မောင်ရဲခိုင်)
ကာမင်း (မောင်ထွန်းသူ)

## သူ့စာ သူ့ဘဝ

ဂျိုနသန်ဘလက်သည် ဟန်ဂေရီလူမျိုး မိဘနှစ်ပါးမှ ဆင်းသက် ပေါက်ဖွားလာသူ အမေရိကန်ဖွား ပုဂ္ဂိုလ်တစ်ဦး၏ ကလောင်အမည် ဖြစ်ပါသည်။ သူသည် ထိပ်တန်းသတင်းထောက် တစ်ဦးအဖြစ် နှစ်ပေါင်းများစွာ အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ သူ၏ ထောက်လှမ်းစုံစမ်းရေးဆန်ဆန် သတင်းရေးနည်းရေးဟန်ကြောင့် နာမည်ကျော်ကြားလူသိများခဲ့သည်။ သူ့တွင် မိတ်ဆွေပေါင်းမြောက်မြားစွာ ရှိသလို မလွှဲမရှောင်သာ ရန်သူ ဖြစ်သွားရသူ အချို့လည်း ရှိနေပါသည်။

တစ်ကြိမ်တွင် သူသည် တပ်မတော်ထဲတွင် ဝင်ရောက် အမှုထမ်းဆောင်နေမည် ဆိုပါက (သာမန် အရပ်သားဘဝတွင် ရှိနေသည်ထက်) ပို၍ လုံခြုံမှု ရှိမည်ဆိုသော အကြောင်းပြချက်နှင့် တပ်မတော်တွင် ပြန်လည်အမှုထမ်းဆောင်စေရန် အတင်းအဓမ္မ အမိန့်ချမှတ် ခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

လူမြင် ကောင်းအောင် ဇန်းပြထားသော မျက်နှာစာ နောက်ကွယ်မှ ဖောက်ပြန်မှု အဝဝတို့ကို အမှန်အတိုင်း သိအောင် အနံ့ခံ တောင်းလှသော ထူးခြားလှသည့် သူ့စွမ်းအင်၊ သူ့သတ္တိကြောင့် ယခုစာအုပ် အပါအဝင် အထူးတလည် အောင်မြင်မှု ရရှိခဲ့သော ဝတ္ထု ခုနစ်အုပ်ကို ထုတ်ဝေနိုင်ခဲ့ပြီး ဖြစ်ပါသည်။

# ဂျိုနသန်ဘလက်၏ အမှာစာ

ဤဝတ္ထုထဲတွင် ပါရှိသော အဖြစ်အပျက်များနှင့် အဓိက ဇာတ်ဆောင်များသည် စိတ်ကူးယဉ် အဖြစ်အပျက်များနှင့် ဇာတ်ဆောင်များ မဟုတ်ကြပါ။ စိတ်ကူးယဉ် ပုံစံနှင့် ပြောင်းလဲ တင်ပြထားသော ဇာတ်လမ်းနှင့် ဇာတ်ဆောင်များသာ ဖြစ်ပါသည်။

သက်ရှိထင်ရှားရှိနေကြသော ပုဂ္ဂိုလ်များက အမှန်တကယ် ဖြစ်ပျက် နေစေသည့် ကိစ္စရပ်များကို လုပ်သားပြည်သူများ သိခွင့်မရအောင် အင်နှင့် အားနှင့် ဝိုင်းဝန်းပူးပေါင်းပြီး ဖုံးဖုံးဖိဖိ လုပ်နေကြပါသည်။ ထိုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းပြီး ဖုံးဖိပေးနေကြသူများမှာ နိုင်ငံ အတော်ခပ်များများမှ အမြစ်တင်ထိုက်သော နိုင်ငံတကာ မဟာကော်ပိုရေးရှင်းကြီးများ၊ လက်နက် ထုတ်လုပ်သများ၊ လက်နက်ကုန်သည်များနှင့် ထိပ်ပိုင်းမှ နိုင်ငံရေး သမားများပင် ဖြစ်ကြပါသည်။ သူတို့၏ လက်ထဲတွင် အလွန် ကြီးမားသော



www.burmeseclassic.com

www.burmeseclassic.com

တန်ခိုး အာဏာများ ရှိကြသလို ထိုတန်ခိုးအာဏာများကို ပြင်းပြင်းထန်ထန်နှင့် ရက်ရက်စက်စက်အသုံးပြုရန်လည်း လက်မနှေးသူများပင် ဖြစ်ကြပါသည်။

ထို့ကြောင့် စာရေးသူသည် နာမည်များ၊ နေ့စွဲများ၊ အချို့သော နေရာဒေသများကို ပြုပြင်ပြောင်းလဲထားပြီး တန်ဆာဆင်မှုအချို့ကိုလည်း ဖြည့်စွက်ဖော်ပြထားပါသည်။ အခြေခံ အချက်အလက်များ၊ ကိုယ်တွေ့ ဖြစ်ရပ်များ၊ အတွေ့အကြုံများ၊ အထောက်အကူပြု စာရွက်စာတမ်းများနှင့် စာရေးသူအား ကူညီပံ့ပိုးကြသူများကို (မထိခိုက်စေရန်) အတွက် ဤကဲ့သို့ ပြုပြင်ထားခြင်းဖြစ်ပါသည်။ အနုပညာရှင်၏ ဖန်တီးနိုင်ခွင့်အရ ထိုပုဂ္ဂိုလ်များသည် မည်သူမည်ဝါများဖြစ်ကြောင်း မသိစေရပါဟု အာမခံလိုက်ခြင်းဖြစ်သလို လျှင်လျှင်မြန်မြန် ရက်ရက်စက်စက် လက်တုံ့ပြန်မည့် ကိစ္စများမှ အကာအကွယ်ပေးလိုက်ခြင်းလည်း ဖြစ်ပါသည်။

ယခုလို ပြုပြင်ထားမှုက ပြောင်းပြန်အကျိုး သက်ရောက်မှုကို ဖြစ်စေလိမ့်မည်ဟုဆိုပါလျှင် လက်ခံပါသည်။ သို့ရာတွင် ကန့်သတ်ချက်ရှိသော အတိုင်းအတာ တစ်ခုသာ ဖြစ်ပါလိမ့်မည်။ (ကမ္ဘာ့ဖြစ်ရပ်များနှင့်) အတော်အသင့် နားရည်ဝနေပြီး



နားလည် သဘောပေါက်လွယ်သော စာဖတ်သူများသည် သူမြင်တွေ့ခဲ့ဖူးသော အဖြစ်အပျက်ပုံစံများ ဤစာအုပ်ထဲမှ ပြန်လည်ပေါ်ထွက်လာသည်ကို ပြန်ပြောင်း၍ သတိရလာကြပါလိမ့်မည်။ ဤတွင် ရှေ့သို့ တစ်လှမ်းတိုး၍ စဉ်းစားလိုက်ဦးမည် ဆိုပါက ကန့်လန့်ကာနောက်ကွယ်၌ အမှန်တကယ်ဖြစ်ပွားခဲ့သော အနိဋ္ဌာရုံဖြစ်ရပ်များကို ပို၍ တိတိကျကျ ပြန်သတိရလာစရာ ရှိပါသည်။

ဤဝတ္ထုစာအုပ်ထဲတွင် ပင်မဇာတ်ဆောင်အဖြစ် ပါဝင်သူ မစ်(စ်)အယ်လီဆန်ကရိတ်ချ်နှင့် ပတ်သက်၍ နောက်ဆုံး စကားတစ်ခွန်းကိုတော့ ပြောခွင့်ပြုပါ။ စာရေးသူသည် ကွယ်လွန်သူ ကုဋေကြွယ် ရေနံသူဌေးကြီး ဂျေပေါလ်ဂက်တီ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ စာအုပ်ကို ကူညီရေးသားပေးနေစဉ် ရေနံသူဌေးကြီးက တည်ခင်းဧည့်ခံသော ညစာစားပွဲတစ်ပွဲ၌ သူနှင့် စတင်တွေ့ဆုံခဲ့ရခြင်းဖြစ်ပါ၏။ သူ့နာမည်သည် အယ်လီဆန်ကရိတ်ချ် မဟုတ်သလို သူသည် ထိုအချိန်က ပို၍ အသက်ငယ်ပါသည်။ သို့ရာတွင် သူသည် ရွှေရောင်ဆံပင်နှင့် ချောမောလှပသူကလေးဖြစ်ပြီး မကြာသေးမီက ဒေါ်လာလေးသန်းတန် မှောင်ခိုလက်နက်ပစ္စည်းများကို 'ဆမိုဇာ' အစိုးရအား သွားရောက်ရောင်းချခဲ့ပြီး 'နစ်ကာရာဂွာ'မှ ပြန်လာခဲ့သူ ဖြစ်ပါ၏။

www.burmeseclassic.com

နောက်ပိုင်းနှစ် ကာလများတွင် စာရေးသူသည် ဥရောပတိုက်၏ နေရာ အနှံ့အပြား၌ သူနှင့် အကြိမ်အတော်ခပ်များများ တွေ့ဆုံခဲ့ဖူးပါသည်။ ယနေ့ သည်အချိန်တွင်မူ သူသည် သူ့ ကိုယ် သူ ကြောက် လန့် ရန်မှ တစ် ပါး မည် သူ့ ကိုမှ ထိတ်လန့်စရာ မလိုသော အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ပါ၏။

ဂျိုနသန်ဘာလက်
စပိန်နိုင်ငံ
၁၉၇၅။

BURMESE CLASSIC

၁

အယ်လီဆန်ကရိတ်ချ် ဖြုန်းခနဲ နိုး လာ သည်။ အလုပ်ဖိစီးမှုကြောင့် ဖြစ် ပေါ် လာသော အတွင်းစွမ်းအင်က အိပ်ရေး မဝမှုကို ထေ မိ စေ သည်။ အသက် ၃၄ နှစ်ထက် ပိုငယ်ပုံရပြီး ပုံပန်း ကျနသော သူ့ မျက်နှာပေါ်တွင် ပင်ပန်းမှု အရိပ်အယောင်ကို လုံးဝ မမြင်မတွေ့ရပါ။ ပယင်းရောင်ဆံပင်သည် တောက် တောက် ပြောင် ပြောင် ပင်ရှိနေသေးပြီး ပခုံးအထိ ရောက်သော ဆံပင်ပုံစံကိုသပ်သပ်ရပ်ရပ်ဖြစ်အောင် တစ် ချက် လောက် သာ 'သပ်' ပေးဖို့ လိုအပ်ပေသည်။ ကြည်ကြည်လင်လင်နှင့် ဖျတ်ဖျတ်လတ်လတ် ရှိနေသည့် အ ပြာ နု ရောင် မျက်လုံးများက ဦး ခေါင်း ပေါ် တွင် ကျယ်ကျယ်ပြန့်ပြန့် ရှိနေသော နူးညံ့လှသည့် ပိုးသား မျက်နှာကြက်ကို ငေးကြည့်နေသည်။ အ လွန် ကြီး မား ပြီး မျက်နှာကြက်ပါသော အိပ်ရာပေါ်မှ နိုးလာသည့်အခါ မကြာခဏ ဆိုသလို သူ ပြုံး လေ့ ရှိ သော 'လှောင်ပြုံး' ကလေးသည် ထူထူထဲထဲ ရှိလှသော သူ၏ နှုတ်ခမ်း အစုံပေါ်တွင် ဖြစ်ပေါ်နေသည်။ သူသည် ၁၉၇၀ ပြည့် နှစ် ဆီ သို့ ပြန် ရွေး လိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က မစ် (စ်) အယ်လီဆန် ကံရိတ်ချ်သည် အသက် နှစ်ဆယ်ကျော် သုံးဆယ်နီးပါး ရှိနေပြီး 'လုပ်ငန်းဆိုင်ရာ အတိုင်ပင်ခံ' အဖြစ် လွတ်လပ်စွာ ဆောင်ရွက်နေသူ ဖြစ်သည်။ သို့ရာတွင် ဖြုန်းခနဲ အောင်မြင်မှု ရရှိလာသည့် ကိစ္စ၌ 'သူ့ အသွင် သဏ္ဌာန်ကို အထင်အမြင် လွဲမှားနေသည့်ကိစ္စ' က အနှောင့်အယှက် အဟန့်အတား တစ်ခု ဖြစ်နေစေခဲ့သည်။ အယ်လီဆန်သည် အေးစက်စက်နိုင်သူ၊ လိင်စိတ်မရှိသူ၊ အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ လုပ်ငန်းကိုသာ စိတ်ဝင်စားသူ တစ်ဦး အဖြစ် ကျယ်ကျယ် ပြန့်ပြန့် နားလည်နေကြသည်၊ ထိုပြဿနာကို ခပ်မြန်မြန် ဖြေရှင်းရပေလိမ့်မည်။

အယ်လီဆန်သည် ပြတိုက်တွင် ပြသထားရန် အဆင့်မီသော ပန်းပုလက်ရာ အဆင့်မြင့်လှသည့် ခုတင်တစ်လုံးကို ဒေါ်လာ ခုနစ်သောင်း ပေး၍ ဝယ်ယူလိုက်သည်။ ထို့နောက် ငွေနှင့်ပေါက်၍ ထိုခုတင်သည် ပြင်သစ်ဘုရင် လူဝီ ၁၅ က မဒမ်ဒူဗယ်ရီသို့ လက်ဆောင်ပေးခဲ့ပြီး ကာလ ရှည်ကြာစွာ ပျောက်ကွယ်နေခဲ့သည့် ခုတင် ဖြစ်ကြောင်း ကျွမ်းကျင်သူများအား ထောက်ခံ ခိုင်းလိုက်သည်။ ခုတင်၏ တန်ဖိုးသည် ဒေါ်လာ ငါးသိန်းသို့ တစ်ဟုန်ထိုး တက်သွားသည်။

အယ်လီဆန်သည် ပတ်ခ်အဲဗင်းနယူးရှိ အထပ် နှစ်ထပ်ပါသော သူ့အိမ်ခန်းမှ အိပ်ခန်းကို ထိုခုတင်နှင့် လျော်ညီအောင် ပြန်လည်မွမ်းမံ လိုက်ပြီး နောက် ပါတီပွဲတစ်ခု ကျင်းပလိုက်သည်။



အယ်လီဆန်သည် ချစ်စရာကောင်းပြီး မိန်းမပီသသော အမျိုးသမီးကလေး ဖြစ်ကြောင်း ဧည့်သည် စာနယ်ဇင်း ဆရာများက သိရှိသွားကြပြီး ပီတိ ဖြစ်သွားကြသည်။ အယ်လီဆန်ကလည်း သူ့အလုပ်ကို စွဲစွဲလမ်းလမ်း လုပ်ကိုင်ခြင်းမှာ စည်းစိမ်ခံလိုသောစိတ်က တွန်းအားပေးနေ့သော ကြောင့် ဖြစ်ပါသည်ဟု ဝန်ခံခဲ့သည်။ ဥပမာ ပြရမည်ဆိုပါက ဈေးချောင်ချောင်နှင့် ရလာသော ဒေါ်လာ ငါးသိန်းတန် ခုတင်ပေါ်တွင် လက်နှင့် ရက်လုပ်ထားသော ဒေါ်လာ သုံးထောင်တန် ပိုးအိပ်ရာဖုံးတစ်စုံကို နေ့စဉ်လဲလှယ်၍ အိပ်စက်ခြင်း မျိုးပင် ဖြစ်သည်။

စွဲမက်စရာကောင်းသည်၊ ချမ်းသာကြွယ်ဝသည်။ ရိုးသားသော ပွင့်လင်းမှု ရှိသည်။ ထို့ထက် ပို၍ ဘာများ လိုအပ်ပါသေးသနည်း။ ပရိသတ်က ချစ်သည်။ လုပ်ငန်းရှင်များကလည်း ချစ်သည်။ အယ်လီဆန်၏ အသက်မွေးမှု လုပ်ငန်းသည် တစ်ဟုန်ထိုး ပြန်တက်လာသည်။ ယခုအခါတွင် အယ်လီဆန်၏ ဝင်ငွေနှင့် ဩဇာသက်ရောက်မှုသည် နိုင်ငံတကာ စီးပွားရေး နယ်ပယ်ရှိ ဘာမဆို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးနိုင်သော အမျိုးသမီးလုပ်ငန်းရှင် အုပ်စုတွင် ထိပ်ဆုံးက ရှိနေသည်ဟု ဖော်ကျွန်းမဂ္ဂဇင်းက အသိအမှတ် ပြုထားလေပြီ။

အတိတ်ဇာတ်ကြောင်းတွင် အနည်းငယ် ယစ်မူး ကြည်နူးလိုက်ပြီးနောက် အယ်လီဆန်က ပစ္စုပ္ပန်



www.burmeseclassic.com

www.burmeseclassic.com

ကာလသို့ အာရုံပြောင်းလိုက်သည်။ နံနက် သုံးနာရီ ထိုးခါနီးအထိ ကြာမြင့်စွာ ပြုလုပ်ခဲ့သော အစည်းအဝေးမှ ဆုံးဖြတ်ချက်များ ပေါ်ထွက်ခဲ့သည်။ အစီအစဉ် ရေးဆွဲမှုနှင့် လုပ်ငန်းအစပျိုးမှုတို့ ပြီးဆုံးခဲ့ပါပြီ။ ရှုပ်ထွေးပွေလီ၍ စိုးရိမ်ဖွယ် ကောင်းသော စက်ယန္တရားကြီးကို စတင် စက်နှိုးရမည့် အချိန်သို့ ရောက်ရှိလာပါပြီ။

မိမိထံတွင် လုပ်ငန်းအပ်နှံသူများ၏ ငွေကြေးများကို ကုဋေနှင့်ချီ၍ သုံးစွဲနေကျ ဖြစ်နေသော အယ်လီဆန် ကိုယ်တိုင်ပင် လျှင် ဤလုပ်ငန်းနှင့် ပတ်သက်နေသော ငွေကြေးပမာဏမှာ များပြားလွန်းလှသောကြောင့် နားလည် သဘောပေါက်ရုံမျှသာ ရှိနေပါသည်။ တစ်နေ့သော အခါတွင် သူ ပိုင်ဆိုင်ရလိမ့်မည်ဟု မျှော်မှန်းထားရသော ပမာဏထက် အဆပေါင်းများစွာ ပိုမိုများပြား နေပေသည်။

အယ်လီဆန်သည် သံသယ စိတ်များနှင့် စိုးရိမ်ပူပန်မှုများကို မောင်းထုတ်လိုက်၏။ အန္တရာယ်များနှင့် စွန့်စားမှုများကို သိရှိပြီးသား၊ ဖော်မြူလာထဲတွင် ပါဝင်ပြီးသား ဖြစ်နေပါသည်။ သူ့အနေနှင့် တာဝန်ယူခဲ့ပြီးလေပြီ။ ယခုအချိန်တွင် နောက်ဆုတ်လိုက်မည်ဆိုပါက သူ မျှော်မှန်းခဲ့သမျှကို စွန့်လွှတ်ရမည့် အခြေအနေထက် ပို၍ ယုတ်လျော့လိမ့်မည် မဟုတ်ပါ။

စိတ်မရှည်မှုက အုံကြွလာသောကြောင့် အယ်လီဆန်က ထထိုင်လိုက်၏။ အယ်လီဆန်၏



အိပ်ရာနံဘေးတွင် ခလုတ်ခုံတစ်ခု ရှိသည်။ အယ်လီဆန်၏ သွယ်ပျောင်းသော လက်ချောင်းကလေးများသည် ဖျတ်ဖျတ်လတ်လတ် ရှိနေကြသည်။ အသံနှင့်ဆက်သွယ်သော စနစ်ကို အသံတိတ်အောင် ပြုလုပ်ထားသည်။ အောက်ထပ် အထပ်ပေါင်း လေးဆယ် ဝေးကွာသည့်နေရာမှ ပြတင်းပေါက် ခန်းဆီးများနှင့် တရုတ်ကပ်များ တိတ်ဆိတ်စွာ ပွင့်သွားကြသည်။ နံရံကပ် မီးလုံးများသည် ပို၍ လင်းထိန်လာကြသည်။ အခန်းကိုးခန်း ပါသော နှစ်ထပ်အိမ်ခန်းမှ အချက်ပေးမှုများသည် အောက်ဘက်အထပ်ရှိ အတူနေ အိမ်ဖော်များနှင့် ညပိုင်းလုံခြုံရေးတာဝန်ကို ယူရသည့် ပုဂ္ဂိုလ်တို့အား သူတို့၏ 'အိမ်ကြီးရှင် သခင်မ' သည် အိပ်ရာမှ ထပြီဖြစ်ကြောင်း အသိပေးလိုက်ခြင်းပင် ဖြစ်သည်။

ခလုတ်များကို နှိပ်ပြီးသည့်အခါ အယ်လီဆန်သည် ပျော့ပျောင်းသော တင်ပါးကို စောင်း၍ သူ့နံဘေးတွင် လဲလျောင်းပြီး အနည်းငယ် ဟောက်သံပေး၍ အိပ်နေသူထံတွင် အာရုံစိုက်လိုက်သည်။

'စီဂျေ'

အယ်လီဆန်က အသံပြုလိုက်သော်လည်း အရာမရောက်ခဲ့ပါ။ အမေရိကန်နိုင်ငံရှိ အကြီးအကျယ်ဆုံး နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများ အနက် အဆင့် ဆယ့်ရှစ်တွင်ရှိသော 'ကင်းဖီးလ်ကွန်ဆိုလီဒိတ်တက် အင်ဒပ်စထရီး အင်ကော်ပိုရိတ်တက်' (အတိုကောက် စီစီအိုင်)ကို ဦးဆောင် ဦးရွက်



www.burmeseclassic.com

www.burmeseclassic.com

ပြုနေသူ ကုဋေကြွယ်သူဌေးကြီး ချားလ်စ်ဂျက်စ်အပ် ကင်းဖီးလ် (တတိယ) သည် မေ့မြောနေသူ တစ်ဦး ပမာ အိပ်ပျော်နေသည်။ အယ်လီဆန်က ဖုံခိုးကို ကိုင်လှုပ်သည်။ ထို့နောက်၊ သက်ပြင်း ချလိုက်ပြီး ဆံပင်ဖြူများ ရောနှောနေသော ဆံပင်ခပ်ကြမ်းကြမ်း တစ်ဆုပ်ကို ခပ်နာနာ ဆွဲလိုက်လေ၏။

ဗ လုံး ဗ ထွေး ပြော သံ များ ပေါ် ထွက် လာပြီးနောက်

'တော်တော့ အယ်'ဟု ပြောလိုက်သည်။

အသက် ၅၂ နှစ် ရှိနေပြီး ထင်ရှားပေါ်လွင်သော ရုပ်ရည်ရှိသူ စီဂျေကင်းဖီးလ်သည် ပင်ပန်း နွမ်းနယ် နေပုံရသည်။ ထို့နောက် ခပ်မြန်မြန် အိပ်ရာမှ နိုးလာသည်။ သူ့ ဦးနှောက်က စတင် အသက် ဝင်လာပြီ ဖြစ်သောကြောင့် ခပ်ကောက်ကောက် သူ့မျက်နှာသည် အသက်ဝင်စ ပြုလာလေပြီ။ သူ့ အတွေးများသည် မကြာခင်က အယ်လီဆန် တွေးခဲ့သော အတွေးများနှင့် မတိမ်းမယိမ်း ဖြစ်နေ သည်။

**ယနေ့သည် ဖေဖော်ဝါရီလ ၁၅ ရက်၊ တနင်္လာနေ့။**

**အမ်းဆုံးအမ်းဒွ၊ အမေပြောင်းအလဲ ဖြစ်ရမည့် နေ့ဝင်တည်း။**

ကင်းဖီးလ် ဆွေစဉ် မျိုးဆက်သည် လူ့အဖွဲ့ အစည်း၏ ထိပ်ဆုံးတွင် နေရာယူနိုင်အောင် ရာစုနှစ် တစ်ခုလုံးနီးပါး ကြိုးပမ်းခဲ့သည်။ သူ့အဘိုးကို ရော့ခ်ဖဲလား၊ မော်ဂန်နှင့် မယ်လွန်လိုပုဂ္ဂိုလ်များက



သူတို့ထက် မကျော်လွှားနိုင်အောင် ဟန့်တားထားခဲ့ ကြသည်။ သူ့ဖခင်ကို ဂီနင်း၊ လဒ်ဝစ်စ်၊ ပေါလ် ဂက်တီတို့က ဟန့်တားခဲ့ကြသည်။ သူကိုယ်တိုင်လည်း 'ကင်းဖီးလ် ကွန်ဆိုလီဒိတ်တက် အင်ဒပ်စထရီး' ကို ကြီးကျယ်လာအောင် မနေမနား ကြိုးပမ်းခဲ့သည်။ သို့တိုင်အောင် မကြာခင်က သူ တစ်ချက်မှားသွား ခဲ့သည်။ စီစီအိုင်တွင် ပုံသေပိုင်ပစ္စည်း ဆယ့်လေး ကုဋေ ရှိနေသည့်တိုင်အောင် နာမကျန်း ဖြစ်နေသော 'မဟာဘီလူးကြီး'သာ ဖြစ်နေသည်။ စီစီအိုင်၏ အားနည်းချက်များကို ပညာသားပါပါ ဖုံးကွယ် ထားခဲ့သော်လည်း လွန်ခဲ့သည့် ဇွန်လကမူ ဝေါလ်စထရိ (စီးပွားရေးလောက)က ထိုအားနည်း ချက်များ ရှိနေကြောင်း အနံ့ရရှိခဲ့ကြသည်။ ဤတွင် အောက်ခြေ ယိုင်စ ပြုလာလေ၏။ စီစီအိုင် ဒုက္ခရောက်နေလေပြီ။

သို့ရာတွင် 'ကမ်မ်ကို'သည် ယနေ့ နံနက်ကစ၍ တိုးတက်မှုရှိနေလေပြီဟု ကင်းဖီးလ် ပီတိဖြစ်နေသည်။ 'ကင်းဖီးလ် အာဖရိကန် မိုင်းနင်း ကုမ္ပဏီ' (အတိုကောက်- ကမ်မ်ကို)သည် စီစီအိုင်၏ အသစ် လွင်ဆုံး အထောက်အပံ့ခံ ကုမ္ပဏီဖြစ်သလို လူသိမခံ သေးသော ကုမ္ပဏီလည်းဖြစ်သည်။ ထိုလူသိမခံမှုအား တစ်လွှာပြီး တစ်လွှာ ခွာပြမည့်ကိစ္စကို နာရီပိုင်း အတွင်း စတင် ပြုလုပ်ပေတော့မည်။ ရက်သတ္တပိုင်း အတွင်း 'ကမ်မ်ကို' သည် မိခင်ကုမ္ပဏီ စီစီအိုင်အား ထိပ်ဆုံးသို့ရောက်အောင် လေးခွနှင့်ပစ်တင်လိုက်သလို မြှောက်တင်ပေးပေတော့မည်။ နှစ်စဉ် ခြေကိုကုဋ္ဌေ



www.burmeseclassic.com

www.burmeseclassic.com

မြှုတ်စွန်းနေပြီး ပုံသေပိုင်ပစ္စည်း ကုဋေခြောက်ဆယ် ရှိသော 'အက်ဆွန်'၏ ရှေ့ဘက်နှင့် အထက်ဘက်သို့ ရောက်အောင် ပင့်တင်ပေးပါလိမ့်မည်။

စီဂျေ ကင်းဖီးလ်က အယ်လီဆန်က ရိုက်၍ အကြောင်းတွေးလိုက်ပြန်၏။ သူတို့နှစ်ဦး၏ ဆက်ဆံမှု သက်တမ်းသည် တစ်နှစ်ပင် မပြည့်သေးပါ။ စီဂျေ အနေနှင့် တစ်ကမ္ဘာလုံးနှင့် ဆက်သွယ်ရာတွင် ရာခိုင်နှုန်းပြည့် အားထားရသော ထိပ်တန်း ကြားခံ လူတစ်ယောက်ကို လိုအပ်လာရာမှ ထိုကိစ္စ စတင် ခဲ့ခြင်းဖြစ်သည်။ ထောက်ပံ့ကြေးများများ ပေးရုံသာမက ထိပ်ပိုင်းတွင် နေရာပေးမည်ဆိုသော ကတိဖြင့် အယ်လီဆန်၏ အခြား 'ဖောက်သည်' များကို လက်တွဲဖြုတ်ခိုင်းပြီး 'ကမ်မ်ကို' ပရောဂျက်တွင် စီဂျေနှင့် လက်တွဲ ဆောင်ရွက်သူ ဖြစ်လာခဲ့သည်။ သူတို့၏ တိတ်တိတ်ပုန်းဇာတ်လမ်းမှာ မလွှဲမရှောင် သာသည့် ရလဒ်ပင် ဖြစ်သည်။

အယ်လီဆန်က စီဂျေကင်းဖီးလ်အား သတိပေး လိုက်၏။

'ရှစ်နာရီတိတိမှာ ကျွန်မ ချိန်းထားတာ တစ်ခု ရှိတယ်၊ နာရီဝက်အတွင်း ကျွန်မ ခရီးထွက်ဖို့အတွက် အထုပ်အပိုး ပြင်ဆင်ပေးဖို့ မေရီရောက်လာလိမ့်မယ်၊ ရှင်လဲ ထုံးစံအတိုင်း နှစ်မိနစ်ကြာ မော်တော်ကား စီးပြီး အဝတ်အစား လဲရလိမ့်မယ်'

စီဂျေကင်းဖီးလ်၏ နယူးရော့ခ် နေအိမ်မှာ အကွက်ပေါင်း တစ်ဒါဇင်ခန့်ပင် မကွာဝေးသော ပဉ္စမ ရိပ်သာလမ်းတွင် တည်ရှိပြီး ကြီးကျယ်



ထင်ရှားသော အဆောက်အအုံကြီး ဖြစ်သည်။ ထိုနေအိမ် အမျိုးအစားတွင် နောက်ဆုံး ကျန်ရှိ နေသော အိမ်ကြီးဖြစ်သည်။

စီဂျေသည် ထိုအိမ်ကြီးတွင် အခြွေအရံပေါင်း မြောက်မြားစွာနှင့် နေထိုင်ခဲ့သည်။ သို့ရာတွင် ၁၉၇၃ ခုနှစ်တွင် သူ့ဇနီးနှင့် တကွဲတပြားစီ နေထိုင်ကြသည့် အချိန်ကစ၍ သူတစ်ဦးတည်းသာ နေထိုင်ခဲ့ရသည်။ အယ်လီဆန်သည် ညစာစားပွဲများ၊ ပါတီပွဲများနှင့် လုပ်ငန်းဆိုင်ရာ အစည်းအဝေးများ အတွက် ထိုအိမ်ကြီးသို့ ရောက်ခဲ့ဖူးသော်လည်း ထိုအိမ်ကြီးတွင် တစ်ညမျှ မအိပ်ဖူးပါ။ စီဂျေ၏ အိပ်ခန်း အတွင်းဘက်ကို မမြင်ဖူးခဲ့ပါ။ သူတို့နှစ်ဦး ချစ်တင်းနှီးနှောလိုသည့် အခါ အယ်လီဆန်၏ အိပ်ခန်းကိုသာ အသုံးပြုလေ့ရှိပြီး နံနက် ခပ်စောစောတွင် စီဂျေ ပြန်သွားလေ့ ရှိသည်။ ထိုကိစ္စကို မသိမသာ ထည့်ပြောသည့် အခါတိုင်း စီဂျေသည် ဆင်ခြေ ပေးလေ့ရှိသည်။ ယခုလည်း အယ်လီဆန်က ရယ်သွမ်းသွေး သလိုလိုနှင့် ထိုးနှက် လိုက်ပြန်၏။

'ရယ်စရာကြီးပဲ၊ ဒါပေမယ့် ရှင့်အတွက် ပိုက်ဆံ ပါတဲ့ ခါးပတ်ကြီးကို ပတ်ထားဖို့က လွဲရင် တစ်နေ့လုံး လဲစရာ အဝတ်အစားတောင် လိုမယ် မထင်ဘူး'

ထိုစကားကြောင်းများတွင် အဓိပ္ပာယ် အပြည့်အဝ ပါရှိသည်။ ထိုစကားက သူတို့နှစ်ယောက်၏ ဆွေးနွေး ကြိုးပမ်းမှုတွင် အယ်လီဆန်သည် အရေးပါ



www.burmeseclassic.com

www.burmeseclassic.com

သော နေရာက ပါဝင် က ပြု လိမ့် မည် ဆိုသော အချက်အား သူ အမှတ်ရအောင် သတိပေးသည့် သဘော သက် ရောက် ပေ သည်။ အထူးသဖြင့် ယနေ့တွင် စီဂျေသည် ချိန်း ဆို ချက် အ တိုင်း အိမ်ဖြူတော်သို့ သွားရောက်ပြီး ယခု အချိန်မှာပင် သူ လက်ခုပ်တွင်းသို့ ရောက် ရှိ နေ သူ များ အား အပြီးအပိုင် ဝယ်ယူသည့် ကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်ရပေလိမ့်မည်။

စီဂျေသည် သော် လည်း ကောင်း၊ သူ၏ အတွေ သည် သော် လည်းကောင်း ထိုကဲ့သို့ သတိပေးမှုကို မနှစ်မြို့ပါ။ စီစီအိုင်နှင့် အမ်မ်ကို တို့သည် သူပိုင် ပစ္စည်းများသာ ဖြစ်ကြသည်။သူက အယ်လီဆန်အား ငြိမ်ခနှင့် အာဏာကိုသာ သုံးစွဲခွင့်ပြုခြင်းဖြစ်သည်။ အပြီးအပိုင် လွှဲအပ်ပေးခြင်း မဟုတ်ပါ။အယ်လီဆန် သည် တစ်စုံတစ်ခုသော အ တိုင်း အ တာ ထက် ပို ၍ သုံးစွဲခွင့် မရှိပါ။ အယ်လီဆန်သည် သတ်မှတ်ချက် ထက်ကို ကျော်လွန်လာသည့် အရိပ်အယောင်များကို တွေ့ရှိလာရပါက သူ့ကို ချက်ချင်း ဖယ်ရှားပစ်ရ ပေလိမ့်မည်။

'ဟုတ်တယ်၊ မင်း အစီအစဉ် တွေက သိပ်များ နေတယ်'

စီဂျေက မတ်တတ်ရပ်ပြီး သမ်းဝေလိုက်၏။

အယ်လီဆန်က စီဂျေကို လှမ်းကြည့်လိုက်သည်။ အယ်လီဆန်သည် ငါးပေ ကိုးလက်မ အရပ်မြင့်သူ ဖြစ်ပြီး စီဂျေက နှစ်လက်မ ပိုမြင့်သည်။ သို့ရာတွင် ထိုအချိန်မိုင်း၌ စီဂျေသည် ပို၍ အရပ်နိမ့်ပုံ ရသည်။



'ငါက သူ့ကို အပိုင် ထိန်းချုပ်ထားနိုင်တယ်ဆိုတာ ငါ သိနေလို့ ဖြစ်ရမယ်' ဟု အယ် လီ ဆန် က တွေးလိုက်၏။ 'ဒါမှမဟုတ် ငါ့ခေါင်းထဲမှာ ငွေ တွေ ရောက်နေလို့ ယစ်မူးသွားတာရင်လဲ ဖြစ်ရမယ်'

အယ်လီဆန်သည် ကြာသပတေးနေ့ ညနေတွင် နယူးရောခ်သို့ ပြန်လာရန်ရှိသည်။ ထို အ ချိန် တွင် အယ်လီဆန်သည် စီဂျေ၏ ဒေါ်လာ သန်းငါးရာကို ငွေ သားသက်သက်ဖြင့် သုံးစွဲပြီး ဖြစ်နေပေလိမ့်မည်။

သန်း ငါး ရာ။ ထို ပ မာ ဏ သည် မည်သူ၏ ဦးခေါင်းကိုမဆို ယစ် မူး သွား စေ လိမ့် မည်။ ထိုငွေ ကို အခြေခံ၍ ငွေ မည်မျှ ပြန်ရလာမည်နည်း။ အယ်လီဆန်၏ စိတ်ထဲတွင် ငွေ ပ မာ ဏ ကို တွေးတောမိတော့သည်။ သူ့ နှ လုံး က လည်း တဒုန်းဒုန်း မြည်စ ပြုလာလေ၏။ ချားလ်စ်ကင်းဖီး သည် ပို၍ ပို၍ အရပ်မြင့်လာပုံရသည်။ ၎င်း၏အ ခန်း ထက်ပင် ပို၍ မြင့်ပုံရသည်။ ၎င်းကမ္ဘာပေါ်ရှိ လူသား အားလုံးထက် ပို၍ အရပ်မြင့်ပုံ ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၂

အစ္စရေးနိုင်ငံမှ 'မော့ဆတ်' နှင့် 'ရှင်းဘက်' ဆိုသော ထောက်လှမ်းရေး အေဂျင်စီ နှစ်ခုသည် အိမ်တိုင်း သိသော စကားလုံးများ ဖြစ်ကြသလို ထိုအေဂျင်စီ နှစ်ခု၏ ထူးခြားသော သူရသတ္တိဆိုင်ရာ စွမ်းဆောင်မှု များမှာလည်း သမိုင်းတင်ရလောက် အောင် ထူးခြားလှပါပေသည်။ အစ္စရေးနိုင်ငံမှ ကြီးမားသော လက်နက်ထုတ်လုပ်ရေး လုပ်ငန်းကြီး အတွက် ထွက်ပေါက်အဖြစ် အသုံးပြုသော ဆာချာ (**Sachar**) နှင့် အစ်စ်ပရက် (**Isprex**) ဆိုသည့် မထင်မရှား အဖွဲ့အစည်းများကိုမူ လူသိများအောင် ဆောင်ရွက်ပေးခြင်း မရှိပါ။

အစ္စရေးနိုင်ငံသည် အူဇီ စက်သေနတ်ငယ်များမှစ၍ အလွန့်အလွန် ခေတ်မီပြီး အဆင့်အတန်း မြင့်သော တိုက်လေယာဉ်ပျံများနှင့် ဒုံးကျည်များ အထိ စစ်ဘက်ဆိုင်ရာ လက်နက် ပစ္စည်းများကို ထုတ်လုပ်ရောင်းချသော နိုင်ငံဖြစ်သည်။ အမေရိကန် နှင့် ဆိုဗီယက်နိုင်ငံတို့မှ လွဲလျှင် စစ်ဘက်ဆိုင်ရာ ပစ္စည်းများကို ထုတ်လုပ်ပြီး နိုင်ငံခြားသို့ တင်ပို့ ရောင်းချသော နိုင်ငံကြီး ငါးနိုင်ငံတွင် အစ္စရေး နိုင်ငံလည်း ပါဝင်ပေသည်။ တကယ်ကလည်း



လက်နက်ပစ္စည်း ထုတ်လုပ်သော လုပ်ငန်းသည် တစ်နိုင်ငံလုံးရှိ အလုပ်သမား အားလုံး၏ သုံးပုံ တစ်ပုံကို ငှားရမ်းအသုံးပြုနေသော နိုင်ငံ၏ အဓိက လုပ်ငန်းကြီးပင် ဖြစ်ပါ၏။

အစ္စရေးနိုင်ငံသည် ၎င်းနိုင်ငံက ရန်လိုသည်ဟု ယူဆသော အာရပ်နိုင်ငံများအား လူသတ်လက်နက် များကို ရောင်းချခြင်း မရှိပါ။ အခြား ကိစ္စများ တွင်မူ ဝယ်သူ၏ မျိုးရိုးဇာစ်မြစ်နှင့် ပတ်သက်သည့် မေးခွန်း အနည်းငယ်ကိုသာ မေးမြန်းလေ့ ရှိသည်။ ဆာချာနှင့် အစ်စ်ပရက်တို့သည် နိုင်ငံတကာ ဈေးကွက်တွင် လဲလှယ် အသုံးပြု၍ ရနိုင်သော ကျောထောက်နောက်ခံ ရှိသည့် 'ငွေမာ' များပေး၍ ဝယ်ယူသူတိုင်းလိုလိုအား ၎င်းတို့၏ ထုတ်ကုန် ပစ္စည်းများကို ရောင်းချလေ့ ရှိသည်။

အသက်လေးဆယ်ခန့် ရှိသူ ပေါမင်ဒယ် နှင့် အသက်ငယ်သော်လည်း ပို၍ ဝဖိုင့်သူ ဒေးဗစ်တွန်း တို့သည် အစ်စ်ပရက်ကို ကိုယ်စားပြုသူများ ဖြစ်ကြသည်။ အယ်လီဆန်ကရိုတ်ချ်သည် ယခင်က လည်း ထိုပုဂ္ဂိုလ်များနှင့် ဆက်ဆံခဲ့ဖူးသည်။ မကြာမီကလည်း ပဏာမ ဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။ ယခု ထိုမှာကြားဝယ်ယူမည့်ကိစ္စကို အပြီးသတ်ရန် ဖြစ်ပါ၏။ အယ်လီဆန် သည် ထိုပုဂ္ဂိုလ် နှစ်ယောက်ကို ဧည့်ခန်းထဲ၌ နံနက် ရှစ်နာရီတိတိတွင် လက်ခံတွေ့ဆုံသည်။ ပေါမင်ဒယ်က လက်ဆွဲသေတ္တာငယ်ကို ဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်က ဗွီဒီယိုတိတ်ခွေတွေကို ယူလာပါတယ် မစ် (စ်) ကရိတ်ချ်၊ ဘီတာမက် လား၊ ဗွီအိပ်ချ်အက်စ်လား'

အယ်လီဆန်က ဗွီအိပ်ချ်အက်စ် ဟု ပြောပြီး ခလုတ်တစ်ခုကို နှိပ်လိုက်၏။ ပိုးထည်နှင့် ကာရံထားသော နံရံမှ အစိတ်အပိုင်းတစ်ခုသည် နံဘေးသို့ လျှောချ်ပွင့်သွားသည်။ ကျတွင် ကွယ်ဝှက်ထားသော ဗွီဒီယိုစက်နှင့် အလွန်ကြီးမားသော ပိတ်ကားကြီး တစ်ချပ် ပေါ်လာလေ၏။ ဒေးဗစ်ဘွန်းက မှန်ကန်သော တိပ်ခွေကို ထည့်လိုက်သည်။ များမကြာမီ ပိတ်ကားပေါ်၌ အသက်ဝင်၍ အသံထွက်လာလေ၏။ အင်္ဂလိပ်လို စာတန်းထိုး၍ ပြသသည့်ဆောမက အမျိုးစုံ အသုံးချနိုင်သော ကင်းနီးရက်အမ် ၈၁ (**Kinneret M-81**) ၆၃ မီလီမီတာ အော်တိုမက်တစ် အမြောက်၏ စွယ်စုံ စွမ်းဆောင်ရည်များကို ပြသတော့မည် ဖြစ်ကြောင်း အင်္ဂလိပ်ဘာသာနှင့် ကြေညာတော့သည်။ အယ်လီဆန်သည် အစွဲရေးနိုင်ငံ၏ နောက်ဆုံးပေါ် အံ့ဖွယ်လက်နက်နှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များနှင့် နားယဉ်နေသူ ဖြစ်သော်လည်း စောင့်ကြည့် နားထောင်လိုက်သည်။

မိနစ် နှစ်ဆယ်ကြာ ရိုက်ကူးထားသော ဆေးရောင်စုံကားက ကင်းနီးရက်အမ် ၈၁ သည် နိုင်ငံတကာ လက်နက်မှောင်ခိုဈေးကွက်တွင် အဘယ်ကြောင့် အဝယ်သွက်နေသည်ကို သက်သေခံလျက် ရှိသည်။ ထိုလက်နက်သည် အမျိုးစုံ



အသုံးချနိုင်သော လက်နက်ဖြစ်သည်။ တစ်စက္ကန့်လျှင် တစ်ချက်နှုန်း ပစ်ခတ်နိုင်သော ထိုလက်နက်က တင့်ကားများကို သံတိုသံစများ ဖြစ်သွားစေနိုင်သည်။ အားဖြည့် ကွန်ကရစ်နှင့် ဆောက်ထားသော ဘန်ကာများကိုလည်း ဖျက်ဆီးပစ်နိုင်သည်။ ကောင်းကင်ယံမှ လေယာဉ်ပျံများကိုလည်း ပစ်ချနိုင်ပါသည်။ နောက်ဆုံးအနေနှင့် နှစ်ဧက အကျယ်အဝန်း ရှိသော လယ်ကွင်းထဲတွင် ကြည်းတပ်မှ စစ်သားများ သဏ္ဌာန် နေရာချထားသော လူရုပ်များအား လေနှင့်ဖောက်ခွဲ၍ ပစ်လိုက်သော ကျည်ဆန်များထဲမှ ထွက်လာကြသည့် သံမဏိ အစအနကလေးများက အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် ဖျက်ဆီးပြလိုက်လေသည်။

'ကျွန်မ ဖောက်သည်က ဝယ်ဖို့ သေချာကြောင်း ပြောဖို့ ကျွန်မကို အာဏာလွှဲအပ်လိုက်ပါတယ်'

ပိတ်ကား ပေါ်တွင် အရုပ်နှင့် အသံများ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် အယ်လီဆန်က ပြောလိုက်၏။

'ပစ္စည်း ပမာဏကတော့ ကျွန်မတို့ စစချင်း ဆွေးနွေးခဲ့တဲ့ အတိုင်းပါပဲ'

အယ်လီဆန်က မင်ဒယ်ကို ကြည့်လိုက်သည်။

'ပေါလ်ရေ၊ အားလုံးပေါ်မှာ ခြုံငုံပြီးတော့ ဈေးနှုန်းကို ပြင်ဆင်ဖို့တော့ လိုအပ်လိမ့်မယ်'

ဝယ်ယူမည့် ပမာဏမှာ ပစ်ကွင်းရှာ ကိရိယာ ပါသော ကင်းနီးရက်အမ် ၈၁ အမြောက် ၂၄ လက်နှင့် အပိုပစ္စည်းများ၊ ကျည်ဆန်မျိုးစုံ



www.burmeseclassic.com

www.burmeseclassic.com

၉၀၀၀၀ တို့ပင် ဖြစ်သည်။ ယခုကိစ္စမှာ ထရားမဝင် ဝယ်ယူသည့်ကိစ္စဖြစ်နေသောကြောင့် အစ်စ်ပရက်က ထိုပစ္စည်း အားလုံးပေါ်တွင် ရှိုင်းပြီး ဒေါ်လာ ၄၅ သန်းဟု ဆိုထားသည်။ ဝယ်ယူသူသည် တဲလ်အဗစ်မြို့ ဘင်ဂူရီယန်လေဆိပ်မှ သယ်ယူရမည် ဖြစ်သည်။

ပေါလ်မင်ဒယ် တွန့်ဆုတ်ဆုတ် ဖြစ်နေပုံရသည်။

'ခုကိစ္စမှာ အတူးကိစ္စ အနေနဲ့ မက်လုံး ပေးရမှုတွေ၊ ဒါမှမဟုတ် ပြည်သူ့ ဆက်သွယ်မှု ဆိုင်ရာ စရိတ်စကတွေ မပါခဲ့ပါဘူး'

အယ်လီဆန်က လက်နက်ထုတ်လုပ်မှု လုပ်ငန်းတွင် တွင်ကျယ်စွာ အသုံးပြုနေကြသော အူကြောင်ကြောင် ဖွေလည်ကြောင်ပတ် စကားလုံးများကို မနှစ်ခြိုက် သောကြောင့် ရှုံ့မဲ့၍ ပြောဆိုလိုက်သည်။ ထိုစကား အသုံးအနှုန်းများကို အမေရိကန်နှင့် ဥရောပမှ လော့ဟိ(ဒ်)၊ ဒက်ဆော့တ်နှင့် ဗစ်ကားစ်တို့ကဲ့သို့ အလွန်ကြီးမားသော ကုမ္ပဏီကြီးများကပင် သုံးစွဲ နေကြသည်။ အကျင့် ဖောက်ပြန်မှုသည် လက်နက် ရောင်းဝယ်ရေး လုပ်ငန်းတွင် နိစ္စဓူဝ ဖြစ်ပေါ် နေသည်။ လက်နက် ထုတ်လုပ်သူများသည် 'လာဘ်ပေးရန်'နှင့် 'တိတ်တိတ်ပုန်း ပြန်ပေးရန်'တို့ အတွက် ထုံးစံအတိုင်း ရာခိုင်နှုန်း နှစ်ဆယ်ဆောင်း၍ ဈေးဆိုလေ့ ရှိသည်။

'ဒါဆိုရင် ကျသင့်ငွေ စုစုပေါင်း ဟာ ၃၆ သန်းအထိ ကျဆင်းသွားသင့်တယ်'

'ဟုတ်ပါတယ်'



မင်ဒယ်က ခေါင်းညိတ်ရင်း ပြောလိုက်သည်။

'ကောင်းပြီ၊ ဇူးရစ်ချ်မှာ ရှိတဲ့ ဘေ့ယာခရဲ့အစ် ဘဏ်က ကျသင့်ငွေ တစ်ဝက်ကို ဒီကနေ့ အစ်စ်ပရက် စာရင်းထဲ ပြောင်းထည့် ပေးလိမ့်မယ်၊ ကျန်တဲ့ငွေကိုတော့ ပစ္စည်းကိုတင်ပို့ပေးဖို့ ကျွန်မက နောက်ဆုံး အကြောင်းကြားတဲ့ အချိန်ကျရင် အဲဒီ ဘဏ်ကပဲ ပေးလိမ့်မယ်'

အယ်လီဆန် မတ်တတ် ရပ်လိုက်၏။ ကိုးနာရီ ထိုးလုနီးပါး ရှိနေလေပြီ။ အယ်လီဆန်သည် ဆယ်နာရီခွဲတွင် လာဂွာဒီးယား လေဆိပ်မှ ချီကာဂိုသို့ သွားရမည် ဖြစ်သည်။ အမေရိကန် နိုင်ငံထဲတွင် တစ်ဆင့်ပြီး တစ်ဆင့် သွားရမည့် သူ့ခရီးစဉ်၌ ချီကာဂိုသည် ပထမဦးဆုံး ရပ်နား ရမည့် နေရာပင်တည်း။ အယ်လီဆန် သည် အစ်စ်ပရက်မှ အရောင်းကိုယ်စားလှယ် နှစ်ယောက်နှင့် လက်ဆွဲ နှုတ်ဆက်ရင်း ထိုအချိန်ခန့်မှာပင် စီဂျေ၏ လေယာဉ်ပျံသည် ဝါရှင်တန်၌ ဆင်းသက်နေပေ လိမ့်မည်ဟု တွေးလိုက်မိလေ၏။

အမေရိကန်နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးနှင့် အိမ်ဖြူတော်မှ ညွှန်ကြားရေးမှူးချုပ် တို့သည် နယူးရော့ခ်တွင် သူနှင့် လာရောက် တွေ့ဆုံရန် အတွက် ဝါရှင်တန် မြို့တော်မှ နှစ်ယောက်စလုံး ထွက်ခွာလာနိုင်ကြမည် မဟုတ်ဟု ချားလ်စ်ကင်းဖီးလ် နားလည် ထားပါသည်။ ထို့ကြောင့် သူတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ဆုံရန် စီဂျေက လေယာဉ်ပျံနှင့် လာရောက်ခဲ့ခြင်း ဖြစ်သည်။ စီစီအိုင် ကုမ္ပဏီမှ ဂပ်ဖ်စထရင်း လေယာဉ်သည် ဝါရှင်တန်မြို့ နေရှင်နယ်လေဆိပ်သို့ ၁၀း၁၇ နာရီတွင် ဆင်းသက်လာသည်။ နောက်ထပ် နာရီဝက်ကြာသောအခါ အိမ်ဖြူတော်မှ မျက်နှာလို မျက်နှာရလုပ်သော ဝန်ထမ်းများက ကုဋေကြွယ် သူဌေးကြီးအား မာလီဝိုလ်စကီ၏ ရုံးခန်းထဲသို့ ခေါ်သွင်းလာကြသည်။ ထိုရုံးခန်းသည် မကြာခဏ ဆိုသလို အပန်းဖြေခရီး ထွက်လေ့ရှိသော သမ္မတကြီး၏ ရုံးခန်းနှင့် ဆက်နေသော အခန်းပင် ဖြစ်သည်။

အိမ်ဖြူတော် ညွှန်ကြားရေးမှူးချုပ် မာလီဝိုလ်စကီသည် ဂျော့ချ်လိုဂင်၏ 'သင်ချစ်သော အမေရိကန်ကို ပြန်လည်ထူထောင်ကြ' ဆိုသည့် မဲဆွယ်ရေး အစီအစဉ်ကို အောင်မြင်မှု ရရှိအောင် ဦးဆောင်မှုပေးခဲ့သူ ဖြစ်သည်။ သူသည် အိမ်ဖြူတော်မှ ညွှန်ကြားရေးမှူးချုပ်ဟောင်းများ ဖြစ်ကြသော 'ဟောလ်ဒီမင်း' နှင့် 'အားလစ်ချ်မင်း' တို့၏ အစဉ်အလာအတိုင်း အလွန် တန်ခိုးထွားသူ ဖြစ်သည်။ ပိန်ပိန် ပါးပါးနှင့် နှစ်ထပ် မျက်မှန်ကို တပ်ရသူ အာစတူးဝပ် ဘာလတ်ဆင်ဂိမ်းသည်လည်း ရုံးခန်းထဲတွင် သူနှင့် အတူ ရှိနေသည်။ သမ္မတ လိုဂင်၏ ဆယ့်သုံးလသား အစိုးရ အဖွဲ့ဝင်ထဲတွင် ရှိနေသူ နိုင်ငံခြားရေး ဝန်ကြီးသည် ရှေးယခင်က ရှိခဲ့သော နိုင်ငံခြားရေးဝန်ကြီး အများစု နည်းတူ နိုင်ငံတကာ နိုင်ငံရေး ကိစ္စရပ်များထက် ကိုယ်ကျိုး



စီးပွားဖြစ်ထွန်းရေးနှင့် တန်ခိုးထွားရေးတို့ ကိုသာ ပိုမို၍ စိတ်ဝင်စားသူ ဖြစ်သည်။

ကင်းဖီးလ်နှင့် မာလီဝိုလ်စကီ တို့သည် မျက်နှာချင်းဆိုင် အနေအထား တွင် ရှိသော ကုလားထိုင် နှစ်လုံး၌ ဝင်ထိုင်လိုက်ကြ၏။ ဘာလတ်ဆင်ဂိမ်းကမူ သားရေဆိုဖာ တစ်လုံးတွင် ဝင်ထိုင်ရင်း ကင်းဖီးလ်၏ မင်းဟန်စိုးဟန် နေပုံ၊ ထိုင်ပုံ၊ ချမ်းသာကြွယ်ဝမှုနှင့် လူမှုအဆင့်အတန်းတို့ကို အကဲခတ်လိုက်သည်။

ကင်းဖီးလ်က ပြောလိုက်၏။

'ကျုပ် စပြောရင် ဖြစ်ပြီလား'

ကင်းဖီးလ်သည် သူ ရွံမုန်းသော ပုဂ္ဂိုလ်များနှင့် အချိန်ဖြုန်းတီးလိုခြင်း မရှိပါ။ ဝိုလ်စကီနှင့် ဘာလတ်ဆင်ဂိမ်းတို့သည် ဘာမှ မပြောဘဲ ကော်ဖီစားပွဲကလေး ပေါ်၌ ကင်းဖီးလ် တင်ထားသည့် ရုံးသုံးစာအိတ်အရွယ် ခပ်ထူထူ စာအိတ် နှစ်အိတ်ကိုသာ စိုက်ကြည့်နေကြသည်။

စရန်များကို ဒီဇင်ဘာလအတွင်းက ဆွစ်ဇာလန်ရှိ ဘဏ်တွင် ပေးသွင်းခဲ့ပြီး ဖြစ်သည်။ စာအိတ်များထဲတွင် အလွန်များပြားသော 'လက်ကျန်' များ ပါရှိလာသည်။ ထိုစာအိတ်များထဲတွင် မာလီဝိုလ်စကီနှင့် စတူးဝပ်ဘာလတ်ဆင်ဂိမ်းတို့သည် ဥရောပတိုက် အလယ်ပိုင်း၊ ဩစတြီးယားနယ်နှင့် ဆွစ်ဇာလန် အကြားရှိ 'လစ်ချ်တင်စတိုင်းပြည်နယ်' မှ စိုးစမ်းထောက်လှမ်း၍ မရနိုင်သော ကုမ္ပဏီငယ်ကလေး တစ်ခုစီကို တစ်ဦး တည်း



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ဆိုင်သူများ ဖြစ်သည်ဆိုသော စာရွက်စာတမ်း အထောက်အထားများ ပါ ရှိ လာ သည်။ ကုမ္ပဏီ တစ်ခုစီတွင် ပုံသေပိုင် ပစ္စည်းအဖြစ် စီစီအိုင်စတော့ ရှယ်ယာ ၆၅၀၀၀ စီ ရှိနေကြသည်။ စီစီအိုင်စတော့ ရှယ်ယာ တစ်ခု၏ တန်ဖိုးသည် ဝေါလ်စထရိ၏ မရပ်မနား ဖိ အား ပေး နေ မှုကြောင့် ဆယ့်ငါး ဒေါ်လာခွဲသာ တန်ဖိုး ရှိတော့သည်။ သို့ရာတွင် ထိုတန်ဖိုးနှင့်ပင် စ တော့ ရှယ် ယာ ၆၅၀၀၀ စီ ပါသော အုပ် စု တစ် ခု စီ သည် ဒေါ် လာ တစ်သန်းကျော် တန်ဖိုး ရှိနေပေသည်။ အိမ်ဖြူတော် ညွှန်ကြားရေးမှူးချုပ်နှင့် နိုင် ငံ ခြား ရေး ဝန် ကြီး တို့သည် ယခုအချိန်တွင် ပါတနာများ၊ ပါဝင် ပတ်သက်သူများ ဖြစ်နေကြလေပြီ။ အ ကယ်၍ သူတို့ နှစ် ယောက် ကသာ သူတို့၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြမည်ဆိုပါက ထိုစတော့ ရှယ်ယာများ၏ တန်ဖိုးသည် မကြာခင် ဆယ်ဆအထိ တိုး မြင့် လာ ဖွယ် ရာ ရှိ ကြောင်း ကင်းဖီးလ်က အချက်အလက် စုံလင်စွာနှင့် တွက်ပြ ထားသည်။ ကင်းဖီးလ်က ထို အချက်အလက်များကို ပြန်ပြော ပြလိုက်ပြန်၏။

'ပထမအချက်အနေနဲ့ မသိချင်ယောင်ဆောင်ပြီး ကျေးဇူးပြုရမယ်၊ လက် နက် တင် ပို့ မှု တွေကို အခက်အခဲ မဖြစ်စေရဘူး၊ ကမ်မ်ကိုရဲ့ အခြား လုပ်ငန်းတွေကို အစိုးရက ဝင်မနှောင့်ယှက်ရဘူး'

ဝိုလ်စကီနှင့် ဘလတ်ဆင်ဂိမ်းတို့က သဘော တူကြောင်း ခေါင်းညိတ်ကြသည်။



'အဲဒီ နောက်ပိုင်းကျတော့ သွက်သွက်လက်လက် ဆောက်ခံရမယ်'

ကင်းဖီးလ်က ဘလတ်ဆင်ဂိမ်းအား လှမ်းကြည့် လိုက်၏။

'ကျုပ်တို့က ကြေညာချက် ထုတ် ပြန် လိုက်တဲ့ အခါ ခင်ဗျားက သတင်းစာ ရှင်းလင်းပွဲတစ်ခု လုပ် ပေး ရ မယ်၊ ပုဂ္ဂလိက လုပ် ငန်း ကြီး တွေက ရှေ့ဆောင်မှုပေးတဲ့ ကိစ္စတွေဟာ နိုင် ငံ ခြား နဲ့ ဆက်ဆံရေးကိစ္စတွေမှာ အရေးပါသော အင်အားစု ကြီးများ ဖြစ်ကြောင်း သက်သေ ပြ နေ တယ် လို့ နိုင် ငံ ခြား ရေး ဝန်ကြီး ဌာနက ယူဆကြောင်း သည်ဖြင့်ပေါ့ဗျာ'

ကင်းဖီးလ်က ဝိုလ်စကီဘက်သို့ လှည့်ကြည့်လိုက် ပြန်၏။

'မာလီ၊ ခင်ဗျားကတော့ သမ္မတ လိုင်ဂင်က စီစီအိုင်နဲ့ ကမ်မ်ကိုတို့က ပိုပြီး မဖွံ့ဖြိုးတဲ့ နိုင်ငံ တစ်ခုရဲ့ စီးပွားရေး တောင့် တင်း လာ အောင် လုပ်ပေးတဲ့ကိစ္စကို ချီးကျူးထားတဲ့ ကြေညာချက် တစ်စောင် ထွက်လာအောင် လုပ်ပေးရမယ်၊ အခု ကိစ္စဟာ ကုန်သွယ်မှုမညီမျှမှုကို လျော့နည်းစေမှာ ဖြစ်တဲ့အတွက် အမေရိကန်ရဲ့ စီးပွားရေးကို အကူအညီပေးလိမ့်မယ်၊ ဒါကြောင့် သမ္မတလိုင်ဂင်က အလေးအနက်ထားကြောင်း ဖော်ပြရမယ်'

ဝိုလ်စကီက ပြောလိုက်သည်။

'ကျုပ်တို့က အာဖရိကရှုထောင့်ကို ပိုအလေး ပေးရလိမ့်မယ်၊ အဲ့ဒီကိစ္စကို ကျုပ်တို့ရဲ့ လူမည်း



www.burmeseclassic.com

www.burmeseclassic.com

မဲဆန္ဒရှင်တွေနဲ့ လစ်ဘရယ်သမားတွေ သိပ်အကြိုက်တွေ့ကြလိမ့်မယ်’

‘ကျုပ်ဘက်က ကန့်ကွက်စရာ မရှိပါဘူး’

ကင်းဖီးလ်က အမှတ်တမဲ့ ပခုံးတွန့်ပြလိုက်၏။ ပို၍ သတ္တိရှိလာသော ဝိုလ်စကီက နောက် ထပ်ခြေကုပ်ယူရန် ကြိုးစားလိုက်သည်။

‘ကျုပ်တို့က စီအိုင်အေအဖွဲ့တစ်ဖွဲ့ကို လွှတ်နိုင်ခဲ့ရင်တော့ ကောင်းကောင်းမွန်မွန် ဆက်ဆံပါ’

‘ဘာယ်ဖြစ်မလဲဗျ’

ကင်းဖီးလ်က ခပ်ငေါက်ငေါက် ပြောလိုက်၏။ သူ့ အကြည့် က အေး စက် နေသည်။ သို့ရာတွင် သူ့ ဆုံး ဖြတ် ချက် ကို နောက် ဆုံး ပိတ် အဖြစ် လက်ခံကြောင်း မြင်တွေ့လိုက်ရသည့်အခါ အေးစက်နေသော သူ့ မျက်လုံးများသည် နွေးနွေးထွေးထွေး ပြန်ဖြစ်သွားရလေတော့သည်။

‘ကျုပ်တို့ သဘောထားချင်း တိုက်ဆိုင်ကြပြီလို့ ကျုပ် ယူဆပါတယ်’

သူ က စာ အိတ် များ ကို မေး ငေါ့ ပြ ရင်း ပြောလိုက်၏။ သူ ကု လား ထိုင်မှ ထလိုက်သည်။ ပြန်ရန် အဆင်သင့်ဖြစ်ပေပြီ။ နောက်ထပ် ကြာကြာနေစရာ အကြောင်းမရှိပါ။ သူ့ ရည်ရွယ်ချက်နှင့် သူ့ ဆန္ဒအတိုင်း ယခု သူသည် အမေရိကန်အစိုးရကို အပိုင် ဝယ်နိုင်ခဲ့လေပြီ။

အ စည်း အ ဝေး စား ပွဲ ပေါ် ၌ အစိမ်းနုရောင် သက္ကလပ်စကို ခင်းထားသည်။ စားပွဲ အလယ်



တည့်တည့်တွင် ‘ရှင်ဒလာမတ်ခ်နိုင်း’ (**Schindler Mark IX**) သေနတ်တစ်လက်ကို တော်သုံးရတနာ တစ်ပါးကဲ့သို့ ပြသထားသည်။ အယ်လီဆန်ကရိုတ်ချ်နှင့် မျက်နှာခပ်နီနီ ပုဂ္ဂိုလ်တစ်ဦးတို့သည် စားပွဲ တစ်ဖက်တစ်ချက်ရှိ မျက်နှာချင်းဆိုင် လက်တင်ပါသားရေ ကုလားထိုင်ပေါ်တွင် ထိုင်နေကြသည်။ ထိုပုဂ္ဂိုလ်က စကားပြောနေသည်။

‘...ပေါ့ပါးတယ်၊ အကြမ်းခံတယ်၊ ထိန်းသိမ်းဖို့ လွယ်ကူတယ်’

အယ်လီဆန့် စိတ်ထဲက နေမထိ ထိုင်မသာ ဖြစ်နေသည်။ အရောင်း အဝယ် စကား ပြော နေခြင်းသည် အပိုသက်သက်သာ ဖြစ်နေသည်။ ကုန်ဝယ်အမှာစာကို လွန်ခဲ့သော တစ်ပတ်ကပင် ပေးပို့ခဲ့ပြီးဖြစ်သည်။ အယ်လီဆန်သည် ထိုကိစ္စကို အတည်ပြုရန် ချီကာဂိုရှိ ဘီဒဗလျူရှင်ဒလာ ကော်ပိုရေးရှင်း၏ ရုံးချုပ်ရုံးခန်းထဲသို့ ရောက်ရှိနေခြင်း ဖြစ်သည်။

သူသည် ထိုကဲ့သို့သော အလုပ်မျိုးကို အခြားစေ့စပ်ရောင်းချသူများနှင့်လည်း ထိုပုံစံအတိုင်း မှု လုပ် ရန် ရှိ ပါ သေး သည်။ အယ် လီ ဆန် နောက်တစ်ဆင့် သွားရမည့် နေရာမှာ အိုကလာဟိုးမားပြည်နယ်မှ ကူလ်ဆာမြို့ ဖြစ်ပြီး မွန်းလွဲပိုင်းတွင် အရောက်သွားလိုသည်။

သို့ ရာ တွင် ရှင် ဒ လာ ကော် ပို ရေးရှင်း၏ အရောင်းဘက်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌ လို့က်ဒ်ဖရေဇာသည် ထုတ်လုပ်သော ပစ္စည်းပေါ်တွင် ဂုဏ်ယူ ထိုက်အောင် လုပ်ရမည်ဟု ယူဆထားသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ရှင်ဗလာမတ်ခ်နိုင်း' သေနတ် ကို အကာဖ်အင်၊ အာမလိုက်၊ အူဇီနှင့် ကလပ်ရှိုနီကော့၊ သေနတ်များနှင့် နှိုင်းယှဉ်လိုက်ပါက ထိုသေနတ်များသည် ရွေးခေတ် ဇရှေးအခါက ပြောင်းဝမှ ကျည်ဆန်ထည့်၍ ပစ်ရသော သေနတ်များသဖွယ် ခေတ်နောက်ကျသွားစေခဲ့သည်။

မတ်ခ်နိုင်း သေနတ်သည် ယခု အချိန် အထိ တီထွင်ခဲ့ကြသော ကြည်းတပ်သုံး လက်နယ်ငယ်များထဲတွင် ကြောက်စရာ အကောင်းဆုံး သေနတ်ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုမှ မရိမ်းတပ်သားများ၊ ပြင်သစ်နိုင်ငံမှ လက်ရွေးစင် လေထီးစစ်သားများ၊ အာဂျင်တီးနား ကြည်းတပ်မတော်၊ ဆော်ဒီအာရေးဗီးယားနှင့် ကူဝိတ်တို့တွင် သုံးစွဲနေကြသည်။

လှို့ကစ်ဖရေဇာက နှာမချေအောင် အောင့်ထားရန်အတွက် ခေတ္တမျှ ရပ်နားလိုက်စဉ် အယ်လီဆန်က အခွင့်ကောင်းယူ၍ ဝင်ပြောလိုက်၏။

'ကျွန်မ ဖောက်သည်က လက်ခံ သဘော ကျနေပါပြီ၊ မှာထားတဲ့အတိုင်း ဝယ်မှာပါ'

အမှာစာမှာ လုံ့စွပ် အပါအဝင် မတ်ခ်နိုင်း သေနတ် အလက် ၃၀၀၀၊ ချောင်း မြောင်း ပစ်ခတ်ရာတွင် အသုံးပြုသော မှန်ပြောင်းများနှင့် ဗဓာဏ များပြားလှသော ကျည်ဆန်များ ပင် ဖြစ်သည်။ ယခုကိစ္စမှာ ခိုးကြောင်ခိုးဝှက် ဝယ်ယူသောကိစ္စဖြစ်သဖြင့် ဈေးကလည်း ကြီးမြင့်ပါသည်။ ထိုပစ္စည်း စုစုပေါင်း၏ တန်ဖိုး မှာ ဒေါ်လာ

၇.၂ သန်း ရှိပါသည်။ အခြား အခြား သော အမေရိကန် လက်နက် ထုတ်လုပ် သူ များ ကဲ့သို့ပင် ဘေး တံ ခါး ပေါက်မှ ဝင်၍ (ခိုးကြောင်ခိုးဝှက်) လာရောက် ဝယ်ယူသူများ ရောက် ရှိ လာ ပါ က ကြိုတင်၍ ငွေ အပြေ ယူထားလေ့ရှိသည်။

ငွေရေး ကြေးရေး ကိစ္စကို အယ်လီဆန်က ခပ်မြန်မြန် အပြတ်ဖြတ်လိုကြောင်း ရိပ်မိသွားသော ဖရေဇာက ပြောလိုက်၏။

'ထုံးစံအတိုင်း လုပ် ရ မယ့် အစီအစဉ်ကတော့ ငွေ သုံးပုံ တစ်ပုံကို တွင်ခုံအတွက် ကုန်ပို့လွှာအရ ကျုပ်တို့ရဲ့ စက်ကိရိယာပစ္စည်း ထုတ် လုပ် ရေး ဌာနကို ပေး သွင်း ရ မယ်၊ ကျန် ငွေ ကို တော့ ကေး မင်း အိုင် လင်၊ ဂျော့ချ်တောင်းမြို့မှာ ရှိတဲ့ လီဝဒ်ထရိတ်ဒင်းကုမ္ပဏီကို စာရွက်စာတမ်းမပါဘဲနဲ့ ပေးသွင်းရမယ်'

'ဟုတ်ကဲ့ပါရှင်'

အယ်လီဆန်က လက် ကိုင် အိတ် ကို လှမ်းကိုင် လိုက်၏။

'ဒါနဲ့ နောက် တစ် ပတ် ကျ ရင် ပစ္စည်းတွေကို ကြိုပို့ပေးဖို့ ရှင် အာမခံတယ်နော်'

'လုံးဝ အာမခံပါတယ်ဗျာ၊ ဟော်.... မမြန်နဲ့ဦးလေ၊ ခုဆိုရင် တစ်နာရီတောင် ထိုးလုပြီ၊ ကျုပ်ကိုကိုယ်ဘလူး မှာ နေ့ လယ် စာ အတွက် ကြိုတင် မှာထားပြီးပြီဗျ'

အယ်လီဆန်က ဝမ်းနည်းဟန် ဆောင်လိုက်၏။

www.burmeseclassic.com

'ဝမ်း နည်း ပါ တယ် လို့ကြက်ဒ်ရယ်၊ ကျွန်မက နယူးရောခ့်ကို လေးနာရီ အရောက် ပြန်ရဦးမှာရှင့်'

မြော်မြင်ဆင်ခြင်တတ်မှုက မု သား စ ကား ကို ဆို တတ် စေ သည်။ တူလ် ဆာ သို့ သွား သော အယ်လီဆန်၏ ရည်ရွယ်ချက်ကို လို့ကြက်ဒ်ဖရေဇာက က[illegible]အမှန် တွေးမိပေလိမ့်မည်။ တူလ်ဆာမြို့တွင် လ[illegible]တန် ဓလ ယာဉ် ပျံ ကုမ္ပဏီ ရုံးစိုက်သည်။ စပ်စုလိုမှုကြောင့် ဖရေဇာ လိုက် လံ စုံ စမ်း မည် ဆိုပါက အယ်လီဆန်သည် သူ၏ အ မည် မ သိ ဖောက်သည်တစ်ဦးအတွက် ဒေါ်လာ ၁၀၀ သန်း တန်ဖိုးရှိသော လာဖ်တန်အေတူး တိုက်လေယာဉ်ပျံ များကို ဝယ်ယူနေကြောင်း သိရှိ သွားပေလိမ့်မည်။ ၎င်းအပြင် အယ်လီဆန်သည် ချားလ်စ်ကင်းဖီးလ်နှင့် လက်တွဲ၍ အ လုပ် လုပ် နေ ကြောင်း ကို ပင် သိရှိ သွားနိုင်ပေသည်။

ကင်းဖီးလ်၏ နာမည်နှင့် အယ်လီဆန် ဝယ်ယူ နေသော ပစ္စည်းပမာဏတို့ကို အတန်ငယ် ကြာမြင့် အောင် လျှို့ဝှက်ထားရပါလိမ့်မည်။ ကမ္ဘာပေါ်တွင် ရွှေအများဆုံး ထွက်သော ရွှေတွင်းများနှင့် နိုင်ငံ တစ်နိုင်ငံလုံးကို စီးစီးအိုင်က လုံးဝဥဿုံ ပိုင်ဆိုင်သော လက်အောက်ခံ အဖွဲ့အစည်းများအဖြစ် လက်ဝယ်သို့ ရောက်အောင် ရယူခြင်း မ ပြု ရ သေး မီ အ ထိ (လျှို့ဝှက်ထားဖို့) လိုပါလိမ့်မည်။

'ကျွန်မတို့ နောက်တစ်ခါကျရင် နေ့ လယ် စာ စားကြမယ်လေ'



အယ်လီဆန်က ကတိပေးလိုက်၏။ အယ်လီဆန်၏ လေသံအရ သူ့ ကတိမှာ ထို့ထက် ပို မို မည် ဟု ယူဆရပါသည်။

အယ်လီဆန်က ကတ္တီပါ အ ဝတ် စ ပေါ်တွင် ရှိ နေ သော ရှင်ဒလာမတ်ခ်နိုင်း သေ နတ် ကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်၏။ 'ရာနှုန်းပြည့် အတွဲလိုက်' ဆိုသော နေရာသို့ (မိမိပစ်လိုသည့် နှုန်းကို ရွေးချယ်၍ရသော) ခလုတ်အား ရွှေ့ထား လိုက်မည်ဆိုပါက ကျည်ဆန်များကို တစ်မိနစ်လျှင် ၁၂၀၀ နှုန်း ပစ်ခတ် နိုင်ပါသည်။ တစ်စက္ကန့်လျှင် ကျည်ဆန် နှစ်ဆယ်။

အယ်လီဆန် တုန်လှုပ်သွားသည်။ 'အစ်စ်ပရက် စ်ဒီယိုဖလင်' ကို သူ ကြည့်ခဲ့ရပြီးပြီ။ သို့ ရာ တွင် သည်သေနတ်ကတော့ အစစ်ဖြစ်သည်။ အယ်လီဆန်က လက်နှင့် ထိကိုင်လိုစိတ် ရှိသည်ဆိုပါက ထိကိုင် နိုင်သော လူသတ်လက်နက်ပင်တည်း။ တုန် လှုပ် မှု ပျောက်ကွယ်သွားသည်။ သို့ရာတွင် အေးစက်စက် ခံစားရမှုက ကျန်ရစ်ခဲ့သည်။ နောက်ထပ် တစ်နာရီ အ ကြာ တွင် ဂိတ်စ်လီယာ ဂျက်လေယာဉ်ပျံကို စင်းလုံးငှား၍ အိုဟာရာမှ ထွက်ခွာလာသည့် အချိန် အထိ အေးစက်စက်ခံစားရမှုက ကျန်နေဆဲပင်တည်း။ ထို့နောက် လေယာဉ်မယ်က အယ်လီဆန်အတွက် နေ့လယ်စာနှင့် မိုတွန်ရောသ်ချိုင်းဝိုင်တစ်ပုလင်းတို့ကို ယူလာတော့သည်။ အယ်လီဆန် စား သောက် ၍ ပြီးစီးသွားသောအခါ အေးစက်စက် ခံစားရမှုသည် ပျောက်ကွယ်သွားခဲ့လေ၏။

www.burmeseclassic.com

## ၃

ဝါရှင်တန်မှ ပြန်လာသောအခါ စီဂျေကင်းဖီးလ်သည် လက်ဆင်တန်၌ ရှိသော ၆၁ ထပ် ရှိ သည့် စီစီအိုင် အ ဆောက် အ အုံ သို့ သွားမည့်အစား ပဋ္ဌမရိပ်သာလမ်းရှိ နေ အိမ် သို့ လာ ခဲ့ သည်။ ကျန်သော အချိန်ပိုင်းတွင် သူ ဆောင်ရွက်ရမည့် လုပ်ငန်းမှာ ဘုတ်အဖွဲ့ ချယ်ယာမင်၏ ရုံးခန်းတွင် ပြုလုပ်သည်ထက် နေအိမ်တွင် ဆောင်ရွက်သည်က အကောင်းဆုံး ဖြစ်ပါသည်။

ယခုအချိန်အထိ စီစီအိုင်၏ အုပ်ချုပ်မှုဆိုင်ရာ ဝန်ထမ်းစာရင်းတွင် ပါဝင်သူများကို ကင်းဖီးလ် အာဖရိကန်မိုင်းနင်း ကုမ္ပဏီ (ကမ်မ်ကို) တည်ရှိနေကြောင်း အသိမပေးသေးပါ။ ထိုကိစ္စနှင့်ပတ်သက်၍ သိရှိသူများမှာ အနည်းငယ်မျှသော လက်ရွေးစင် လူ တစ် စု သာ ဖြစ် သည်။ ထိုပုဂ္ဂိုလ်များနှင့် အစည်းအဝေးပေါင်း မြောက်မြားစွာကို ကျင်းပခဲ့သော်လည်း စီစီအိုင် အဆောက်အအုံ၌ ကျင်းပ ပြုလုပ်ခဲ့ခြင်း မရှိပါ။ ၎င်း၏ နေအိမ် သို့မဟုတ် အလားတူ စိတ်ချရသော နေရာများ၌သာ ကျင်းပ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။



ထိုနေ့ မွန်းလွဲပိုင်းအတွက် စီဂျေ၏ ပထမဦးဆုံး အစီအစဉ်မှာ လောရင့်ဟော့ပါးနှင့် တွေ့ဆုံရန်ပင် ဖြစ်သည်။ လောရင့်ဟော့ပါးသည် ကမ်မ်ကို ၏ အမှုဆောင် ဒုတိယ ဥက္ကဋ္ဌ ဖြစ်ပြီး 'အထူး အော်ပရေးရှင်းများကို ညှိနှိုင်း ပေး ရ သူ' ပင် ဖြစ်သည်။ ဟော့ပါးသည် အလွန် အရေးပါသော စာ ရွက် စာ တမ်း များ ကို ရရှိထားပြီး ညနေ နှစ်နာရီခွဲတွင် လာရောက် ပေးအပ်မည် ဖြစ်သည်။

စစ်ဘက်ဆိုင်ရာ လက်နက်ပစ္စည်းများကို ဝယ်ယူသည့်ကိစ္စမှာ သူ့ ချည်းသာဆိုပါက လွယ် ကူ ပါ သည်။ ထုတ်လုပ်သူများ၊ ပွဲစားများနှင့် အဆက် အသွယ်ရှိဖို့ လိုပါသည်။ အယ်လီဆန်က ထိုပုဂ္ဂိုလ် များနှင့် အဆက်အသွယ်ရှိသည်။ ပြီးတော့ ငွေ လို ပါ၏။ လိုငွေကို စီဂျေကင်းဖီးလ်က ပေးမည်။ သို့ရာတွင် နိုင်ငံခြားသို့ တင်ပို့ရန်အတွက် လက်နက် ပစ္စည်းများကို အမေရိကန်နိုင်ငံ၌ ဝယ်ယူသည့်အခါ အချို့သော လုပ် ဆောင် ရ မြဲ လုပ်ငန်းစဉ်များကို ထိုက်နာကြရပါသည်။

အမေရိကန်ပြည်တွင် ပြုလုပ်သော စစ်လက်နက် ပစ္စည်းများကို 'ဝယ် ယူ သုံး စွဲ ခွင့် ရှိ သည်' ဟု အမည်ဝင် သတ်မှတ်ထားသော နိုင်ငံခြားတိုင်းပြည် များသို့သာ တင်ပို့နိုင်သည်ဟု ပြည်ထောင်စုဥပဒေ တွင် ပြဋ္ဌာန်းထားသည်။ ၎င်းအပြင် ထိုနိုင်ငံက နောက်ဆုံး သုံး စွဲ သူ ၏ သက်သေခံ လက်မှတ်' (အီးယူစီ)(**End User Certificate** သို့မဟုတ် **EUC**) များကို ထုတ်ပေးရလေ့ရှိပါ၏။ အီးယူစီ

www.burmeseclassic.com

ဆိုသည်မှာ ဝယ်ယူသုံးစွဲခွင့်ရှိသော နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးဌာန၊ အချို့သော ကိစ္စရပ်များတွင် သံရုံးက ရေးသားပေးသော စာပင်ဖြစ်သည်။ ထိုစာထဲတွင် အမေရိကန်လုပ် စစ်လက်နက်ပစ္စည်းများကို တရားဝင် လိုအပ်နေကြောင်းနှင့် ထိုပစ္စည်းများကို တတိယမြောက် ပုဂ္ဂိုလ်သို့ လွှဲပြောင်းပေးမည် မဟုတ်ကြောင်း ထုတ်ဖော် ကြေညာချက်များ ပါရှိရပါမည်။ ထိုစာရွက်စာတမ်းကို လက်နက်ပစ္စည်း ထုတ်လုပ်သူ၊ ရောင်းဝယ်သူ၊ သို့မဟုတ် ပွဲစား လက်ဝယ်သို့ ပေးအပ်ရသည်။ ထိုပုဂ္ဂိုလ်က ထိုစာကို ဝါရှင်တန်တွင် တင်ပြရသည်။ ဤတွင် အမေရိကန်အစိုးရက လိုအပ်သော 'နိုင်ငံခြားသို့ တင်ပို့ခွင့်ပါမစ်' များကို အလိုအလျောက် ထုတ်ပေးလေတော့သည်။

အီးယူစီ ဆိုသည်မှာ ကိုယ်ကျင့်သိက္ခာနှင့် သက်ဆိုင်သော အာမခံချက်သာ ဖြစ်သည်။ နိုင်ငံခြားသို့ တင်ပို့ခွင့်ပါမစ်များကို ထုတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် လက်နက်များကို အခြားတစ်နေရာသို့ ပြောင်းလဲ၍ ပေးပို့နိုင်သည်။ လမ်းလွှဲပစ်နိုင်သည်။ သင်္ဘောချင်း ပြောင်းလဲ၍ တင်ပို့နိုင်သည်။ မကြာခဏ ဆိုသလို ထိုကဲ့သို့ ဆောင်ရွက်နေကျ ဖြစ်သည်။ နှစ်စဉ် နှစ်တိုင်း တိတ်တိတ်ပုန်း ရောင်းချနေကြရသည့် လက်နက် တန်ဖိုးမှာ ဘီလီယံပေါင်း များစွာအထိ ရောက်ရှိနေသောကြောင့် ဝယ်ယူသုံးစွဲခွင့်ရှိသော နိုင်ငံများမှ



မီးခိုး ကန့်လန့်ကာ အီးယူစီများကို ရောင်းချလို သော အစိုးရဝန်ထမ်း အရေအတွက် သည် လျော့နည်းသွားခြင်း မရှိပါ။

ယခင်က စီအိုင်အေ ဒုတိယ ညွှန်ကြားရေးမှူး အဖြစ် ဆောင်ရွက်ခဲ့ဖူးသူ လောရင့်ဟော့ပါးက အီတလီနိုင်ငံသည် အကောင်းဆုံးနှင့် စိတ်အချရဆုံး ဇာစ်မြစ် ဖြစ်ကြောင်း၊ အီတလီ ဝန်ကြီးချုပ် နှစ်ယောက်ခန့်သည် အမေရိကန်လက်နက် ထုတ်လုပ်သူများနှင့် ရောင်းဝယ်သူများထံမှ လာဘ်ငွေယူပြီး ကိုယ်ပိုင် ဝင်ငွေတိုးအောင် ပြုလုပ်ခဲ့ကြောင်း စီဂျေကင်းဖီးလ်အား ပြောပြခဲ့သည်။

'သူတို့က အီးယူစီ တွေကို ဖောက်သည်ဈေးနဲ့ ထုတ်ပေးနေတာဗျ'

အီတလီနိုင်ငံသည် သူ့နိုင်ငံမှ လက်နက်ကိုင် တပ်ဖွဲ့များကို နှစ်ကျော့ပြန်၍ လက်နက် တပ်ဆင်နိုင်သည်အထိ များပြားလှသော လက်နက်များအတွက် သက်သေခံလက်မှတ်များ ထုတ်ပေးခဲ့သော နှစ်တစ်နှစ်ကို သူသတိရကြောင်း ပြောပြခဲ့သည်။ ထိုစစ်လက်နက် ပစ္စည်းများသည် ပိတ်ပင်တားမြစ်ထားသူများနှင့် သူပုန်တပ်များထံသို့ ရောက်ရှိသွားခဲ့ကြသည်။ သို့ရာတွင် ထိုကိစ္စက မည်သူ့ကိုမှ စိတ်ဆင်းရဲမှု မဖြစ်စေခဲ့ကြောင်း ဟော့ပါးက ထောက်ပြခဲ့သည်။

အယ်လီဆန်ကာရိုတ်ချက အမေရိကန် နိုင်ငံတွင် လိုက်လံဝယ်ယူနေသော လက်နက် ပစ္စည်းစာရင်း အသေးစိတ်ကို ဟော့ပါးအား ပေးအပ်ခဲ့သည်။

www.burmeseclassic.com

ဟော့ပါးသည် ကိုယ့် ကိုယ် ကိုယ် ယုံကြည်စိတ်ချမှု အပြည့်အဝနှင့် ဆက်လက် ဆောင်ရွက်တော့သည်။

လောရင့်ဟော့ပါးသည် အချိန်တိကျစွာ ရောက်လာလိမ့်မည်ဖြစ်ကြောင်း သိရှိထားသော စီဂျေကင်းဖီးလ်သည် ဝက်သစ်ချသားများနှင့် ကာရံထားသော စာကြည့်ခန်းထဲသို့ ၂ နာရီ ၂၅ မိနစ်တွင် ရောက်ရှိသွားသည်။ သူသည် သူ့အဘိုးနှင့် သူ့ဖခင် ပိုင်ဆိုင်ခဲ့သော စားပွဲနောက်တွင် ဝင်ထိုင်လိုက်သည်။ သူတို့ နှစ်ယောက်စလုံးသည် တစ်နည်းအားဖြင့် ပြောရမည်ဆိုပါက စီဂျေနှင့်အတူ ရှိနေကြသည်။ လူ့အရွယ်အစားအတိုင်း ရေးဆွဲထားသော ဆီဆေးပန်းချီကားကြီး နှစ်ချပ်ကို စားပွဲနှင့် ဆန့်ကျင်ဘက် နံရံပေါ်တွင် ချိတ်ဆွဲထားသည်၊

တစ်ပုံမှာ ၁၉၀၂ ခုနှစ်က 'ဂျွန်ဆင်းဂါးဆားဂျင့်' ရေးဆွဲခဲ့သော ချားလ်စ် ဂျက်စ်အပ် ကင်းဖီးလ် စီနီယာ၏ပုံ ဖြစ်သည်။ သူသည် ၃၅ သန်းနီးပါး ကြွယ်ဝခဲ့သည်၊ အခြား ဆီဆေး ပန်းချီကားမှာ ၁၉၃၈ ခုနှစ်တွင် ရေးဆွဲထားသော ချားလ်စ်ဂျက်စ်အပ် ဒုတိယ၏ပုံ ဖြစ်သည်။ ထိုပန်းချီကားကို ရေးဆွဲစဉ်က သူသည် ဒေါ်လာ ၁၂၅ သန်း နီးပါး ကြွယ်ဝနေလေပြီ။

ချားလ်စ်ကင်းဖီးလ်က ထိုပန်းချီကားကြီး နှစ်ချပ်အား စိုက်ကြည့်လိုက်၏။ ထိုပုဂ္ဂိုလ်နှစ်ယောက်စလုံးသည် သူ့ကို ကြိမ်တို့ ပေးနေကြသူများပင်ဖြစ်သည်။



သူ့ဘဝ တစ်လျှောက်လုံးတွင် သူ့ ဖခင်နှင့် သူ့အဘိုးတို့ထက် ပို၍ ချမ်းသာလိုသည်။ 'ကျွန်ုပ် အခု ခင်ဗျားတို့ထက် ပိုချမ်းသာနေပြီဗျ' ဟု သူက စိတ်ထဲက ပြောချလိုက်လေ၏။

'ကျုပ် အခု လုပ်ငန်း စနေပါပြီ၊ ခင်ဗျားတို့ နှစ်ယောက်စလုံး တွေးတောင် မတွေးဖူးတဲ့ ပမာဏထက် ကျုပ်က ပိုပြီး အောင်မြင်ရမယ်ဗျ'

စီဂျေ၏ ဘဏ္ဍာစိုးဖြစ်သူ စတ်သ်က လောရင့်ဟော့ပါးကို အခန်းထဲသို့ ခေါ်သွင်းလာသည်။ ကမ်မ်ကို၏ အထူး အော်ပရေးရှင်းများကို ညှိနှိုင်းပေးသူ လောရင့်ဟော့ပါးသည် မျက်နှာ ထားသိမ်မွေ့သူဖြစ်ပြီး အညိုရောင် ဆံပင် ခပ်တိုတိုနှင့် အလယ်အလတ်တန်းစား ကိုယ်လုံး ကိုယ်ပေါက်ရှိသူဖြစ်သည်။ သူသည် အသက် ၄၅ နှစ်ရှိပြီ ဖြစ်ပြီး ကင်းဖီးလ်ထက် အသက် ခုနစ်နှစ်ငယ်သူ ဖြစ်သည်။ သို့ရာတွင် ပြုံးရယ်မှု အလျဉ်းမရှိသော မျက်နှာနှင့် တိကျသော လှုပ်ရှားမှုတို့ကြောင့် အသက်ပိုကြီးသည်ဟု ထင်ရသူ ဖြစ်သည်။

'မင်္ဂလာ မွန်းလွဲပိုင်းပါ လာရီ၊ ဒီကနေ့ မနက်တုန်းက ဝါရှင်တန်မှာ ကျုပ် တစ်ဖွဲ့လုံးကို အပိုင်ရလာခဲ့တယ်'

'ခင်ဗျား ဆောင်ရွက်နိုင်လိမ့်မယ် ဆိုတာ ကျုပ် သံသယ မရှိခဲ့ပါဘူး စီဂျေ'

စီအိုင်အေတွင် နှစ်ပေါင်း နှစ်ဆယ်ကြာ တာဝန်ထမ်းဆောင်ခဲ့စဉ် အတောအတွင်း သူသည် မာလီဝိုလ်စကီများနှင့် အာစတူးဝပ် ဘာသတ်ဆင်ဂိမ်း



www.burmeseclassic.com

www.burmeseclassic.com

များကို တွေ့ခဲ့ဖူးလှလေပြီ။ သူတို့သည်အမြဲတမ်းလိုလို ကိုယ့်ကိုယ်ကိုယ် ရောင်းစားရန် အဆင်သင့် ရှိနေခဲ့ကြသည်။ သူသည် ကုလားထိုင်တစ်လုံးကို စားပွဲနှင့်နီးအောင် ဆွဲယူလာပြီးနောက် လက်ဆွဲသေတ္တာငယ်တစ်လုံးကိုဖွင့်ပြီး စာရွက်များကို ထုတ်ယူ၍ စားပွဲပေါ်တွင် တင်လိုက်၏။ ထိုစာရွက်များမှာ သံတမန်ချောစာအိတ်များနှင့် ထည့်၍ တင်ပို့လိုက်သည့် လိုအပ်နေသော အီးယူစီ သက်သေခံလက်မှတ်များပင် ဖြစ်သည်။ ထိုစာရွက်များအတွက် ဆွစ်စ်ဖရန့် ခုနစ်သိန်း ကျခံခဲ့ရသည်။ ထိုစာရွက်စာတမ်းများသည် စနစ်တကျ ရှိနေကြောင်း သူက ကင်းဖီးလ်အား အာမခံလိုက်သည်။

ကင်းဖီးလ်က ထိုစာရွက်များအား အံဆွဲထဲသို့ ထည့်၍ ပိတ်လိုက်၏။ အယ်လီဆန်ကရိတ်ချ် ပြန်လာမှ ပေးရမည်။ သူက အခြား အံဆွဲတစ်ခုကို ဆွဲဖွင့်ပြီး ပုံပျက်ပန်းပျက် ပစ္စည်းတစ်ခုကို လက်နှစ်ဖက်နှင့် မ၍ စားပွဲပေါ်မှ မင်နှိပ်စက္ကူပေါ်သို့ တင်လိုက်၏။

'ကျုပ်တို့အနေနဲ့ စိတ်ကူးယဉ်နိုင်ကြပါတယ် လာရီရာ'

သူက အတုံးကြီးကို စိုက်ကြည့်လိုက်၏။ ထိုအတုံးကြီးသည် အရောင်တလက်လက် တောက်နေသည်။

'ကျုပ်ရဲ့ သွေးခုန်နှုန်းကို ဆယ်ကြိမ် လောက်တိုးလာစေတယ်ကွ၊ မင်းကရော ဘယ်လိုလဲ'



ဟောပါးက မဖြေဘဲ နေလိုက်သည်။ ရုပ်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ ပင်ပင်ပန်းပန်း လုပ်ကိုင်ရသည့်ကိစ္စကလွဲလျှင် မည်သည့် ကိစ္စကမှ သူ့သွေးခုန်နှုန်းကို မြင့်တက်လာစေလိမ့်မည် မဟုတ်ပါ။

ကင်းဖီးလ်က ထိုအတုံးကြီးကို ဆက်လက်ငေးကြည့်နေသည်။ ထိုအတုံးကြီးသည် ထရွိုင်နည်း* အရ ၂၅၂ အောင်စနှင့် ၁၁ ဂရိန် လေးကြောင်း၊ ၎င်းအပြင် ခေတ်ခွဲ၍ စစ်ဆေးကြည့်သောအခါ ၉၆၀.၈ အထိ သန့်စင်ကြောင်း သိရသည်။ ပေါက်ဈေးအရ ရွှေတစ်အောင်စသည် ၆၀၁ ဒေါ်လာ တန်ဖိုးရှိသောကြောင့် ထိုရွှေတုံးကြီးသည် ဒေါ်လာ တစ်သိန်းခွဲကျော်ကျော် တန်ဖိုး ရှိသည်။

၁၆၀၀ ပြည့်နှစ်များက စပိန်နိုင်ငံမှအောင်နိုင်သူများသည် တောင်အမေရိကရှိ ရွှေတွင်းများမှ အောင်စ ၂၀၀၀ ကျော် ရှိသော ရွှေတုံးများကို ရရှိခဲ့ကြသည်။ ၁၈၇၀ ပြည့်နှစ် တစ်ဝိုက်တွင် ဩစတြေးလျား ရွှေတွင်းများမှ အောင်စ ၅၀၀၀ ကျော် ရှိသော ရွှေတုံးကြီးများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ သို့ရာတွင် ယခု တွေ့ရှိရသော ၂၁ ပေါင်ခန့်ရှိသည့် ရွှေတုံးကြီးနှင့် နီးနီးစပ်စပ်ရှိသော ရွှေတုံးများကို မတွေ့ကြရသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လေပြီ။ ၎င်းအပြင် ကင်းဖီးလ်၏ နံရံမြှုပ် မီးခံသေတ္တာထဲတွင် အောင်စ သုံးဆယ့်မှ

---

**Troy** – ဗြိတိသျှ ရွှေငွေ ချိန်နည်းဖြစ်သည်။ တစ်ပေါင်သည် ဆယ့်နှစ်အောင်စနှင့် ညီမျှသည်။



www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်ဆယ့် တစ်အောင်စ အထိ ပို၍ သေးငယ်သော ရွှေတုံးကလေး အများအပြားလည်း ရှိနေပါသေးသည်။ ထိုရွှေတုံးများ၏ စုစုပေါင်း တန်ဖိုးသည် အမေရိကန် ဒေါ်လာ ၁.၂ သန်းထက် ကျော်လွန်ပေသည်။

ထိုရွှေသက်သက်ချည်းသာ ဆိုပါက စုစုပေါင်း တန်ဖိုးသည် သူ့အတွက် အသေးအဖွဲသာဖြစ်သည်။ မကြာသေးမီက စီစီအိုင်၏ ရှယ်ယာ တန်ဖိုးများ ကျွမ်းပြန့် ကျခဲ့သည့် တိုင်အောင် သူ့ ကိုယ်ပိုင် တန်ဖိုးမှာ ဒေါ်လာသန်းတစ်ထောင်၏ အထက်ဘက်တွင် ရှိနေပေသည်။ သို့တိုင်အောင် ထိုပမာဏမှာ လူ့အဖွဲ့အစည်း၏ အကြီးမြင့်ဆုံးနေရာနှင့် အတော်ကလေး ကွာနေပေသည်။ ထိုရွှေတုံး၏ တန်ဖိုး အစစ်မှာ မကြာမီ ရောက်ရှိတော့မည့် အနာဂတ် ကာလကို တစ်ဆင့်ရှုမြင်နိုင်သော သုံးမြှောင့် ဖန်လုံး အဖြစ် တန်ဖိုးရှိနေပေသည်။

'ဒေါ်လာဘီလီယံ*ပေါင်း တစ်ရာ'

စီဂျေ ကင်းဖီးလ်က ရေရွတ် လိုက်၏။ ထိုငွေ ပမာဏမှာ မကြာသေးမီက တွေ့ရှိလာသော ရွှေတွင်းမှ တူးဖော်၍ ရနိုင်မည်ဟု ဘူမိဗေဒ ပညာရှင်များက မှန်းဆသည့် ပမာဏပင် ဖြစ်သည်။ စီဂျေ၏ စိတ်အာရုံခံစားမှု ပြောင်းလဲသွားပြန်သဖြင့် သူက ရွှေတုံးကြီးကို နံဘေးဘက်သို့ တွန်းပစ်လိုက်၏။

---

* တစ်ဘီလီယံ = သန်းပေါင်း တစ်ထောင်။



'ကျုပ်တို့ရဲ့ ဘေးပန်းပြပွဲကလေးနဲ့ ပတ်သက်ပြီး ဘာသတင်းများ ရထားသေးသလဲ လာရီ'

'ဟုတ်ကဲ့'

ဟောပါးသည် ရှက်ဖွယ် လိလိ ကိစ္စကြီး တစ်ခုကြောင့် စီအိုင်အေမှ အတင်းထွက်ခိုင်းခံခဲ့ရသူ ဖြစ်သော်လည်း သူသည် 'လန်ဂလီ'နှင့် နီးနီးကပ်ကပ် ဆက်ဆံမှုများ ဆက်ရှိနေခဲ့ပြီး စီအိုင်အေ၏ အကူအညီကို ရယူ ဆောင်းခံနိုင်သူ ဖြစ်ပါသည်။

'ကျုပ် မိတ်ဆွေတွေက ပြည့်ပြည့်ဝဝ သုံးသပ်ပေးကြပါတယ်၊ နိုင်ငံခြားက ဝင်ရောက်စွက်ဖက်မယ့် ကိစ္စဟာ နှစ်ဆယ် ရာခိုင်နှုန်းလောက်ပဲ ဖြစ်နိုင်စရာ ရှိပါတယ်'

ဤကိစ္စက ကင်းဖီးလ်၏ ခန့်မှန်းချက်ကို ထပ်ဆင့် အတည်ပြု ပေးလိုက်ခြင်းပင် ဖြစ်သည်။ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့သည် စီးပွားရေး၊ နိုင်ငံရေး အကျပ်အတည်းများနှင့် ရင်ဆိုင်နေကြရသည်။ ဆိုဗီယက်ကလည်း ပြည်တွင်းရေး ပြဿနာများနှင့် အလုပ်ရှုပ်နေသည်။ ကမ္ဘာ့ ကုလသမဂ္ဂကြီးကလည်း ရာခိုင်နှုန်းပြည့် မညီမညွတ် ဖြစ်နေသည်။ ကင်းဖီးလ် တွန်းဆိုလီဒိတ်တက်သည် အာဖရိကမှ နိုင်ငံ တစ်နိုင်ငံကို ငွေနှင့် ပေါက်၍ ဝယ်ယူပြီးသည့် နောက်ပိုင်းတွင် အခြား တစ်နိုင်ငံကို ဝင်ရောက် သိမ်းပိုက်ရာ၌ အဓိက ကျသော နေရာမှ ပါဝင် နေသည့်အတွက် နိုင်ငံအားလုံးက မကျေနပ်ကြောင်း ဆ၍အော်ဟစ်ကြပေလိမ့်မည်။ သို့ရာတွင် မည်သူကမျှ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ထိ လက်ရောက် ပါဝင် ပတ်သက်ကြလိမ့်မည် မဟုတ်ပါ။

ဟော့ပါး ပြန်သွားချိန်တွင် ညနေ သုံးနာရီပင် မထိုးသေးပါ။

ကင်းဖီးလ်က သူ၏ ပထမ အကွက်ကို စတင် ရွှေ့နိုင်လေပြီဟု ရာခိုင်နှုန်းပြည့် ယုံကြည်လိုက်သည်။

'ဒါဟာ မိုက်ဗိုဂလာ ဆုံးခန်းတိုင်စေမယ့် အစ ပထမ ရွှေ့ကွက်ပါပဲ၊ ခင်ဗျားက ဗိုဂလာ သတ်ပွဲမှာ အရသာ ခံနိုင်ဖို့ ရှိမနေတဲ့အတွက် ဝမ်းနည်းမိပါရဲ့ဗျာ'

စီဂျေကင်းဖီးလ်က သူ့ဖခင်၏ ပုံတူ ကားချပ်ကြီးအား တိုင်တည်လိုက်ခြင်း ဖြစ်သည်။

မိုက်ကယ် 'အိုင်းရွန်းမိုက်' ဗိုဂလာ သည် အစိုးကောက်အားဖြင့် ဗွီအိုင်အီးဟု လူသိများသော 'ဗိုဂလာ အင်တာနေ့ရှင်နယ် အင်တာပရိုက်စ်' ၏ ဦးစီးခေါင်းဆောင် ဖြစ်သည်။ ကမ္ဘာ အရပ်ရပ်တွင် လုပ်ငန်းများရှိနေသော 'ဗွီအိုင်အီး' တွင် ပုံသေပိုင် ပစ္စည်း ဒေါ်လာ တစ်ဆယ် ဘီလီယံဖိုး ရှိနေပြီး ဖော်ကျွန်းမဂ္ဂဇင်း၏ ထိပ်တန်း ကုမ္ပဏီကြီး ငါးရာ စာရင်းတွင် အမှတ်စဉ် ၂ဂ၃ ရှိနေသည်။ စီစီအိုင်ထက် အဆင့်ပေါင်း တစ်ဆယ် လျော့ကျနေသည်။

၎မဟာ့မဟာ ကော်ပိုရေးရှင်းကြီး နှစ်ခုသည် အခမ်းကျေသော ပြိုင်ဘက်ကြီးများ ဖြစ်ကြသည်။ ထို ပြိုင်ဆိုင်မှုမှာ ဆယ်စုနှစ်ပေါင်း များစွာက ချားလ်ဂျေကင်းဖီးလ် ဒုတိယနှင့် မိုက်ကယ်ဗိုဂလာတို့



အကြား၌ ဖြစ်ပေါ်ခဲ့သော လူချင်း မုန်းတီးမှုမှ စတင်ခဲ့သည်။ ကင်းဖီးလ်သည် သူ့ဖခင်၏ အမုန်း စိတ်ဓာတ်ကို အမွေ ဆက်ခံထားသည်။ ထိုကိစ္စမှာ ရေဆုံးရေဖျား နွဲရမည့်ပွဲ ဖြစ်သည်။ ယခု စီဂျေ ကင်းဖီးလ်သည် ဗွီအိုင်အီးအား ဖျက်ဆီး ချေမှုန်း ရေးတည်းဟူသော ကင်းဖီးလ် ဆွေစဉ်မျိုးဆက်၏ ရည်မှန်းချက်ကို ဖြည့်ဆည်း နိုင်ပေတော့မည်။ ထိုအတွေးမှာ အလွန် အရသာ ရှိမှု၏ ဇာတ်မြစ်ပင် ဖြစ်သည်။ သူက စားပွဲ ပေါ်မှ တယ်လီဖုန်းကို လှမ်းကိုင်လိုက်၏။

ဗွီအိုင်အီး၏ စတော့ ရှယ်ယာသည် ဒေါ်လာ ၁၁၇ တွင် ရှိနေသည်။ ကင်းဖီးလ်သည် နောက်ထပ် နာရီဝက် ကြာအောင် ၎င်း၏ အစုရှယ်ယာ ပွဲစား များနှင့် စကားပြောဆိုနေသည်။ သူက ပွဲစား များအား သူ၏ ဗွီအိုင်အီး အစုရှယ်ယာပေါင်း တစ်သန်းခွဲကို ဈေးလျှော့၍ ရောင်းချပစ်ရန် ညွှန်ကြားလိုက်သည်။ အလွန် အမင်း ဈေးလျှော့ချ လိုက်ခြင်းဖြစ်သည်။ စိတ်ဓာတ်ရေးရာ နယ်နိမိတ် ဖြစ်သော တစ်ရှယ်ယာလျှင် ဒေါ်လာ တစ်ရာ ဈေးနှုန်းအောက်ဘက်သို့ ရောက်သွားအောင် ၉ဂ ဒေါ်လာစီနှင့် ရက်ပေါင်း သုံးဆယ်အတွင်း ချရောင်းပစ်ရန် ဖြစ်သည်။

'........လမ်းပေါ်က လူနာမည်တွေနဲ့ နာမည် ပေါင်းစုံပါတဲ့ ငွေစာရင်းတွေကို အသုံးပြုပြီး ရှယ်ယာ ငါးသောင်းနဲ့ ရှယ်ယာတစ်သိန်း အုပ်စု တွေကို ချရောင်း.....'



www.burmeseclassic.com

www.burmeseclassic.com

အထိတ်တလန့် ဖြစ်ကုန်ကြသော ပွဲစားများက ထင်ရှားကျော်ကြားသော သူတို့၏ ဖောက်သည်ကြီးအား လူသစ်ကလေး တစ်ယောက်ပမာ သတိပေးစကား ပြောကြားကြသည်။ ဗြိတိသျှ အိုင် အီး စတော့ရှယ်ယာများသည် အလွန် တောင့်တင်းခိုင်မာကြပြီး ဝင်ငွေလည်း မြင့်မားကြသည်။ ရက်ပေါင်းသုံးဆယ်အတွင်း ဗြိတိသျှအိုင်အီး၏ စတော့ ရှယ်ယာများသည် အနည်းငယ်တော့ အတက်အကျ ရှိ နိုင် ပါ သည်။ ထိုကဲ့သို့သော အ တက် အ ကျ ရှိ သည့် တိုင်အောင် ဆယ့်ကိုးမှတ် (ဆယ့်ကိုး ဒေါ်လာ) ကျဆင်းဖို့ဆိုတာကတော့ မ ဖြစ် နိုင် ပါ။ ကင်းဖီးလ်သည် ဒေါ်လာ သန်းသုံးဆယ် နီးပါး အ ရှုံး ခံ ရ မည့် အန္တရာယ် ရှိနေသည်။ ထိုကာလတွင် ဗြိတိသျှအိုင်အီး စတော့ရှယ်ယာ တန်ဖိုးသည် ပိုမိုမြင့်တက်လာပါက ပို၍ပင် ရှုံးစရာ ရှိနေပေသည်။

ကင်းဖီးလ်က ဇွတ်အတင်း ခိုင်းစေသည်။ သူသည် သူပိုင်ဆိုင်သော ငွေ များ ကို မိုက် မိုက် မဲ မဲ လောင်းကစားလေ့ မရှိကြောင်း ကြေ ညာ တော့ သည်။

ကင်းဖီးလ်သည် ဗြိတိသျှအိုင်အီးနှင့် ပတ်သက်၍ သူတို့ မသိသော သို့တည်းမဟုတ် သံသယပင် မဖြစ်သေးသော ကိစ္စတစ်ခုခုကို သိထားသည်ဟု ပွဲစားများက ယူဆကြသည်။

သူ အ မိန့် ပေး ပြီး သည့် နောက်တွင် ကင်းဖီးလ်သည် နောက်မှီ၍ ထိုင် ချ လိုက် ပြီး စိတ်ထဲက ပြုံးနေသည်။ အတွင်းရေး ကိစ္စများကို သူ သိထားသည်ဟု ယူဆသော ပွဲ စား များ သည် သူတို့၏ ဗြိတိသျှအိုင်အီး စတော့ ရှယ်ယာများကို အန္တရာယ် မဖြစ်အောင် ၁၀၅ ဒေါ်လာခန့်နှင့် ချရောင်းကြပေလိမ့်မည်။ ထို့နောက် သူတို့နှင့် ရင်းနှီး ခဲ့သော မျက်နှာသာ ပေးရသော ဖောက် သည် များ ကို ထိုသတင်းထူးကြီးကို ပြောပြကြပေလိမ့်မည်။



ရှယ်ယာဈေး ကျဆင်းမှု ဖြစ် ပေါ် လာ ပြီး တဖြည်းဖြည်းနှင့် အရှိန်ရလာပေလိမ့်မည်။ ကမ်မ်ကိုအား ဖုံးအုပ်ထားသည့် ခြုံထည်များကို ခွာပြလိုက်ပြီး အာဖရိကတွင် သတ္တုတူးဖော်ခွင့် ရ ရှိ ကြောင်း ကြေ ညာ လိုက် သည့် အ ခါ ဝေါလ်စထရီးသည် ဗြိတိသျှအိုင်အီးနှင့် ပတ် သက် သော ဆက်စပ်မှုများကို ချက်ချင်း လက်ငင်း သ ဘော ပေါက် လာ ကြ လိမ့်မည်။ ညတွင်းချင်းပင် ဈေး ကျ ဆင်း မှု သည် မြန်းခနဲ ဇောက် ထိုး မိုး မျှော် ကျဆင်းသွားပေလိမ့်မည်။

ကင်း ဖီး လ် က မိုက် ကယ် ဗို ဂ လာ သည် ရေမြောင်းထဲက ကြွက်စုတ်နှင့်တူပြီး သူ့တံတွေးနှင့် သူ ပြန် သီး နေသည်ဟု စိတ်ကူးနှင့် တွေးကြည့် လိုက်လေ၏။

ကင်းဖီးလ်က အင်တာကွန်ကို နှိပ် လိုက် ၏။ သူက ဘ ဏ္ဍာ စိုး ဝတ်သ်အား သူ စီ စီ အိုင် အဆောက်အအုံသို့ သွား တော့ မည် ဖြစ် သဖြင့် မော်တော်ကားနှင့် ယာဉ် မောင်း တို့ကို အသင့် ရှိနေစေရန် ညွှန်ကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၄

ဗိုဂလာအင်တာနေရှင်နယ် အင်တာပရိုက်စ် ရုံးချုပ်တည်ရှိရာ ဗိုဂလာ အဆောက်အအုံသည် အထပ်ပေါင်း ၅၄ ထပ်ရှိပြီး မင်ဟတ်တန်၏ ဆဌမ ရိပ်သာပေါ်တွင် ၆၃၁ ပေ မြင့်မားလျက်ရှိသည်။ ဗိုဂလာ အဆောက်အအုံ၏ အပေါ်ဆုံးထပ်ကို မိုက်ကယ်ဗိုဂလာ သီးသန့် အသုံးပြုသည်။ သူသည် ဗွီအိုင်အီး ကို တည်ထောင်သူနှင့် ဘုတ်အဖွဲ့ ချယ်ယာမင် ဖြစ်သလို သက်ဦးဆံပိုင် စနစ်မျိုးနှင့် စီမံခန့်ခွဲသော အုပ်ချုပ်ရေးမှူးချုပ်လည်း ဖြစ်သည်။

ဗွီအိုင်အီး၏ ဥက္ကဋ္ဌဖြစ်သူ ဒန်အင်ဒါဘီအား ၅၃ ထပ်၏ တစ်ဝက်ကို အသုံးပြုခွင့် ပေးထားသည်။ ကျန်တစ်ဝက်တွင် အရေးပါမှုကို လိုက်၍ အခန်းအကျယ်အဝန်း မတူသော ရုံးခန်းများတွင် ဒုတိယဥက္ကဋ္ဌများထဲမှ ဝါအရင့်ဆုံး ဒုတိယ ဥက္ကဋ္ဌ လေးဦးရှိနေကြသည်။

ဒုတိယ ဥက္ကဋ္ဌ (သုတေသန) ရာထူးကို ရရှိထားသော စတီဖင်ပက်ဂျက်၏ ရုံးခန်းသည် အထပ် ၅၀ တွင် ရှိသည်။ သူသည် ဗွီအိုင်အီးအဖွဲ့အစည်းတွင် အငြင်းပွားဖွယ်ရာ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။



စတီဖင်ပက်ဂျက်နှင့် ပတ်သက်သော အယူအဆများသည် ထူးခြားစွာ ကွဲလွဲနေကြသည်။

အမျိုးသမီး ဝန်ထမ်းအများစုက သူ့ကိုစွဲမက်စရာကောင်းသူအဖြစ် ယူဆကြသည်။ သူသည် မာလ်ဘိုရိုစီးကရက်ကြော်ငြာမှ မြင်းစီးနေသူနှင့် ခပ်ဆင်ဆင်တူသော်လည်း ပရုပ်အေး ပါသော ဆလင်းမ်စီးကရက်ကိုသာ စွဲစွဲမြဲမြဲ သောက်သူ ဖြစ်သည်။ သူသည် အသက် ၃၆ နှစ် ရှိပြီဖြစ်သည်။ ယောကျ်ားပီသသော မျက်နှာရှိသည်။ ပိန်ပိန်ပါးပါး၊ ပခုံးကျယ်ကျယ်နှင့် အရပ် ခြောက်ပေ'နှစ်လက်မမြင့်ပြီး မာလ်ဘိုရို နယ်မြေမှ နွားကျောင်းသားများကဲ့သို့ အိမ်ထောင် မရှိသူ လူလွတ်တစ်ယောက် ဖြစ်သည်။

ဗွီအိုင်အီး၌ အလုပ် လုပ်နေသူ အမျိုးသားဝန်ထမ်း အများစုတွင် စတီဖင်ပက်ဂျက်ကို သံသယစိတ်ဝင်သူမှ မနာလိုသူအထိ၊ ကြောက်စိတ်ဝင်သူမှ ကြည်ညိုသူအထိ အမျိုးမျိုး ရှိနေကြသည်။ တစ်နည်းအားဖြင့် ပြောရမည် ဆိုပါက သူသည် ဝန်ထမ်း တစ်ဒါဇင်ခန့်ကိုသာ စီမံ ခန့်ခွဲရသော ရာထူးခပ်သေးသေး ပုဂ္ဂိုလ်ဖြစ်သည်။ တစ်ဖက်တွင်မူ သူသည် လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရရှိနေပြီး ဘုတ်အဖွဲ့ ချယ်ယာမင်ထံသို့ တိုက်ရိုက် တင်ပြအစီရင်ခံရသူ ဖြစ်နေသည်။ စတီဖင်ပက်ဂျက်သည် ထူးနည်းစုံသာ သိသော လုပ်ငန်းများ၏ လုံခြုံမှုကို တာဝန်ယူရသူဟု အများက သိနေကြသော်လည်း သူ၏ လုပ်ငန်း သဘာဝမှာ နားမလည်နိုင်စရာ ဖြစ်နေသည်။ သူ မကြာခဏ ခရီးသွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားသို့လည်း ခဏ ခဏ ခရီးသွားသည်။ သို့ရာတွင် သူ ဘယ်ကို သွားသည်၊ ဘာကြောင့် သွားသည်ဆိုသော ကိစ္စကိုမူ ကုမ္ပဏီ အတင်းအဖျင်း လောကထဲ သို့ မည်သည့် သတင်း စကားမျှ ရောက်မလာခဲ့ပါ။ သူ့ ဌာနမှ ဝန်ထမ်းများသည် အင်္ဂလိပ်နိုင်ငံမှ စဖင့် ကျောက် ရုပ်ကြီး များ ကဲ့ သို့ ရေငုံနှုတ်ပိတ် နေကြသည်။

အ ချို့ က လည်း စ တီ ဖင် ပက် ဂျက် သည် ဟိန်းရစ်ချ်ဟင်းမလားကဲ့သို့ ကော်ပိုရေးရှင်းများတွင် ဂက်စတာပို ခပ် ဆန် ဆန် အဖွဲ့ကို ဦးစီးနေသူ ဖြစ်သည်ဟု ယူဆကြသည်။ ကော် ပို ရေး ရှင်း ၏ သုတေသနဌာနတွင် သူနှင့် ပတ်သက်သော အချက် အလက်များကို စုံစမ်းရန် ကြိုးပမ်းကြသူများသည် အချည်းနှီးသာ ဖြစ် ကြ ရ သည်။ စတီဖင်ပက်ဂျက် သို့တည်းမဟုတ် သူ့ တပည့်တပန်းများနှင့် ပတ်သက် သော အချက်အလက်များသည် သုတေသနဌာနတွင် မရှိပါ။ ငွေစာရင်းဌာနတွင်လည်း သူတို့ကို မည်သို့ မည်ပုံ လခ ပေးနေကြောင်း မပေါ်လွင်ပါ။ သူတို့ သည် တကယ့် တကယ်တွင် ဗွီအိုင်အီး၌ ရှိမနေကြ သည့် သဘော သက်ရောက်နေသောကြောင့် လူတိုင်း လူတိုင်း အနေနှင့် ထို ထူး ခြား မှု ကို ပို၍ပင် သိသိသာသာကြီး သတိ ထား မိ နေ ကြ လေ တော့ သည်။



တစ်နှစ်လျှင် ဒေါ်လာ နှစ်သိန်းခွဲ လခ ရရှိနေပြီး အခွန်ဆောင်စရာ မလိုသော ဒေါ်လာ တစ်သိန်း နှစ်သောင်း ငါးထောင်ခန့်ကို ဆုကြေးအဖြစ် နှစ်စဉ် ရ ရှိ နေ သော လူ တစ် ယောက် အ နေ နှင့် စတီဖင်ပက်ဂျက်၏ သီးသန့် ရုံးခန်းမှာ ငယ်သည်၊ အဆောင်အယောင် နည်းသည်ဟု ထင် စ ရာ ပင် ဖြစ်သည်။ စတီဖင်ပက်ဂျက်၏ လခနှင့် ဆုကြေး များကို မိုက်ကယ်ဗိုဂလာ တစ် ဦး တည်း ကသာ ပိုင်ဆိုင်သော ပုဂ္ဂလိက ကုမ္ပဏီ တစ်ခုက ထုတ်ပေး နေခြင်းသာ ဖြစ်သည်။ အဆောင်အယောင်နည်းသည် ဆိုသော ကိစ္စတွင် ခြွင်းချက် နှစ်ခုရှိသည်။ တစ်ခုမှာ အဆောက်အအုံအတွင်း၌ အသုံးပြုသော ရုပ်မြင် သံကြားစက်များ၊ ကွန်ပျူတာ စက်ခလုတ်စင်များနှင့် ခြား အီလက်ထရွန်းနစ် ကိရိယာ များ ကို ထားနိုင်သော မြင်းခွာပုံသဏ္ဌာန် စား ပွဲ ကြီး တစ်လုံးဖြစ်သည်။နောက်တစ်ခုမှာ စတီဖင်ပက်ဂျက်၏ ကုန်းမှ ဒဏ်ရာများအား မထိမခိုက်မိစေမည့် မှီမြင့်မြင့်နှင့် ဆံလည် ကု လား ထိုင် ကြီး တစ်လုံးလည်း ရှိနေပါသေးသည်။

စတီဖင်ပက်ဂျက်သည် ဗွီ အိုင် အီး သို့မဟုတ် မိုက်ကယ်ဗိုဂလာအတွက် အ လုပ် လုပ် ခဲ့ သော ထမ်း ခုနစ် နှစ်တွင် သု တေ သ န ဌာ န၌ နှစ် ဦးဆောင်မှုဖေးခဲ့သည်။ အသုံးစရိတ်အဖြစ် လောက် ရရှိထားသည်သာမက ကြိုက် သ လို

www.burmeseclassic.com

အသုံးပြုနိုင်ခွင့် ရှိနေသောကြောင့် စတီဖင်ပက်ဂျက်သည် အခြား အခြား သော မဟာ့မဟာ ကော်ပိုရေးရှင်းကြီးများတွင် လိုက်နာနေကြသည့်ပုံစံအတိုင်း သုံးစွဲပုံ သုံးစွဲနည်းများကို သတ်မှတ်ထားခြင်း မရှိပါ။ သို့ရာတွင် အခြား အခြား သော ဌာနများမှာကဲ့သို့ ဗြူရိုကရေစီဆန်ဆန် စီမံခန့်ခွဲရေးဆိုင်ရာ ကော်မတီများ၏ ထိန်းချုပ်မှုကို မခံရသောကြောင့် သူသည် လုပ်ပုံကိုင်ပုံ နည်းစနစ်များကို အသေးစိတ်၍ ဆောင်ရွက်နိုင်သလို စိတ်တိုင်းကျ ချဲ့ထွင်နိုင်စွမ်းလည်း ရှိသည်။

ထိုကဲ့သို့သော နည်းလမ်းများအနက် နည်းလမ်းတစ်ခုမှာ စီးပွားရေးနှင့် ငွေရေးကြေးရေး ဆိုင်ရာ အဖွဲ့အစည်းများတွင် သတင်းပေးသူများကို လာဘ်ပေး၍ ထိန်းသိမ်းထားရှိသော စနစ်ပင်ဖြစ်သည်။ ဤစာရင်းထဲတွင် နယူးယောခ်မြို့ရှိ စတော့ရှယ်ယာ အရောင်းအဝယ်ကိစ္စကိုကြီးကြီးကျယ်ကျယ်ပြု လုပ်နေသော ကုမ္ပဏီကြီးများလည်း ပါရှိပါသည်။

ပက်ဂျက်သည် ညနေ ၄ နာရီ ၃ မိနစ်တွင် သူ့ထံသို့ တယ်လီဖုန်းနှင့် ဆက်သွယ်မှုကို ပထမဦးစွာ လက်ခံရရှိခဲ့သည်။ အလိုအလျောက် အသံဖမ်းသောစက်က အသံဖမ်းနေစဉ် သူက သတင်းပေးချက်ကို နားထောင်နေသည်။ ထို့နောက် နောက်ထပ် ဆက်သွယ်မှုများ ရှိလာလိမ့်မည်ဟု တွေးမိသောကြောင့် ဆက်စောင့်နေလိုက်၏။ ဒုတိယ သတင်းပေးသူက ၄ နာရီ ၁၇ မိနစ်တွင် ဆက်သွယ်



သည်။ တတိယ သတင်းပေးသူက ၄ နာရီ ၂၄ မိနစ်တွင် ဆက်သွယ်သည်။ စကားပြော၍ပြီးဆုံးသောအခါ သူက အထပ် ၅၄ သို့ တယ်လီဖုန်းဆက်ပြီး မိုက်ကယ်ဗိုဂလာ၏ ကိုယ်ရေးအတွင်းရေးမှူးဖြစ်သူ မစ္စက် အက်ဒနာဘရက်ဒလီထံသို့ တယ်လီဖုန်း ဆက်လိုက်သည်။

'သူ ပြန်သွားပြီလား မစ္စက်ဘရက်ဒလီ'

'မပြန်သေးဘူး၊ ဒါပေမယ့် သူက လေးနာရီခွဲမှာ အစည်းအဝေး ရှိနေတယ်'

'ဖျက်ပစ်ပါလို့ သူ့ကို ပြောလိုက်ပါ၊ ကျုပ် ခုချက်ချင်း တက်လာခဲ့မယ်'

မိုက်ကယ် 'အိုင်းရွန်းမိုက်' ဗိုဂလာသည် သမိုင်းတွင် စာတင်ရအောင် လူဆင်းရဲဘဝမှ ချမ်းသာကြွယ်ဝလာသော အမေရိကန်များတွင် တစ်ယောက်ပါဝင်သူ ဖြစ်သည်။ သူသည် ၁၉၄၅ ခုနှစ်တွင် စစ်အတွင်းက လုယက်လာသော ဒေါ်လာ ၁၀၅,၇၃၀ နှင့် ဗွီအိုင်အီးကို တည်ထောင်ခဲ့သည်။ နောက်လာမည့် ဆယ်စုနှစ် လေးခုအတွင်း သူက ဗွီအိုင်အီးကို တိုက်ကြီးငါးတိုက်တွင် ပိုင်ဆိုင်မှုများ ရှိနေပြီး ဝန်ထမ်းပေါင်း ၇၂,၀၀၀ ခန့်ကို ခန့်ထားသော တစ်ဆယ် ဘီလီယံ မဟာကော်ပိုရေးရှင်းကြီးအဖြစ် ထူထောင်ပေးခဲ့သည်။ သူ၏ကိုယ်ပိုင် ချမ်းသာကြွယ်ဝမှုမှာလည်း နှစ်ဒသမ ငါးဘီလီယံနီးပါး ရှိနေလေပြီ။ သို့တိုင်အောင် အသက်



www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ဆယ်တွင် သူက အငြိမ်းစားယူဖို့ ကိစ္စကို မစဉ်းစားဟု ငြင်းဆန်နေသည်။ သူ့ဦးနှောက်က ဆုံးဖြတ်ချက်များကို ချမှတ်နေဆဲ ဖြစ်ပြီး သူ၏ မာကျောကျောလေသံက အမိန့်ပေးနေဆဲပင်တည်း။

မိုက်ကယ်ဗိုဂလာ၏ ကိုယ်ရေးအတွင်းရေးမှူး မစ္စက် အက်ဒနာဘရက်ဒလီသည် ကလေးမရှိသော မုဆိုးမဖြစ်ပြီး အသက်လေးဆယ် စွန်းခါစသာ ရှိသေးသည်။ သူသည် မိုက်ကယ်ဗိုဂလာကို ခပ်ကြမ်းကြမ်း အကာအကွယ်ပေးမည့်သူ ဖြစ်သည်။ သူသည် စီအိုင်အီးမှ စီမံခန့်ခွဲရေး ဝန်ထမ်းများထဲတွင် ယခု ရုံးခန်းထဲသို့ ဝင်လာသော စတီဖင်ပက်ဂျက်ကို အထင်သေးသူလည်း ဖြစ်သည်။

'ဟယ်လို မစ္စက် ဘရက်ဒီလီ၊ မိုက်တစ်ယောက်တည်းလား'

မစ္စက်အရက်ဒလီသည် သူ၏ မနှစ်ခြိုက်မှုကို ဖုံးကွယ်ထားသည်။ သူသည် သူ့အဆင့်အရ ကောလာဟလပေါင်း များစွာကို ကြားဖူးခဲ့သော်လည်း စတီဖင်ပက်ဂျက်နှင့် ပတ်သက်၍ ဘာကိုမှ မကြားဖူးခဲ့ပါ။ သူသည် အခြားအရာရှိကြီးများနှင့် မတူတာကတော့ သေချာသည်။ အဆိုးရွားဆုံးမှာ မစ္စတာ ဗိုဂလာနှင့် ပတ်သက်သော သူ၏ ဆက်ဆံမှုပင် ဖြစ်သည်။ သူက 'မိုက်' ဟု ခေါ်သည်သာမက ချက်ချင်း တွေ့ခွင့်လည်း ရလေ့ရှိသည်။ ပက်ဂျက်က မိုက်နှင့် ပတ်သက်၍ နိုင်ကွက်



တစ်ခုခု ရှိထားလေသလောဟုပင် သူ တွေးမိတော့သည်။

မိုက်နှင့် ပက်ဂျက်တို့သည် တူညီမှု ရှိကြသည်သာမက တစ်ယောက်ကို တစ်ယောက် ယုံကြည်မှုနှင့် လေးစားမှုများ လည်း ရှိကြသည်။ သူတို့၏ ဆက်ဆံရေးတွင် အရေးပါသော အခြားသော အချက် တစ်ချက် လည်း ရှိနေပါသေးသည်။ ပက်ဂျက်က မိုက်ကို သူ လုံးဝ မမြင်မတွေ့လိုက်ရသော သူ့ဖခင်နေရာတွင် အစားထိုး၍ရှုမြင်နေသလို ဗိုဂလာကလည်း စတီဖင်ပက်ဂျက်ကို သူ ဆုံးရှုံးသွားခဲ့သော သူ့သားနေရာတွင် အစားထိုးထားခဲ့လေသည်။

'ရှင် ဝင်သွားလို့ ရပါပြီ'

စတီဖင် ပက်ဂျက်သည် ခြေလှမ်းကျဲကြီးများနှင့် လျှောက်သွားပြီးနောက် တံခါးကို ခေါက်ပြီး ချက်ချင်း ဝင်သွားလေတော့သည်။

ရုံးခန်းက အလွန်ကြီးမားပါသည်။ နံရံကြီးနှစ်ဖက်မှာ နယူးယောခ်မြို့ကိုသာမက မြို့၏ မြောက်ဘက်နှင့် အရှေ့ဘက်တို့မှ ခမ်းနားကြီးကျယ်သော မြင်ကွင်းကို မြင်ရစေသည့် အနည်းငယ် အရောင်ပါသော မှန်ချပ်ကြီးများသာ ဖြစ်ကြသည်။ ဗိုဂလာ၏ စားပွဲမှာ မဟော်ဂနီသားနှင့် ပြုလုပ်ထားသလို အလွန်ကြီးမားပါသည်။ နံပါတ် ၁၂ အရွယ် ဆိတ်သားရေ ဖိနပ်ကို ဝတ်ဆင်ထားသော သူ့ခြေထောက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း စားပွဲပေါ်တွင် တင်လျက်သား ရှိနေသည်။ သူ့ မျက်နှာသည် အကော်ဒီယံ ကဲ့သို့ ခေါက်ထားသော ကွန်ပျူတာမှ ထွက် လာ သည့် စာရွက်ခေါက်များ၏ နောက်ဘက်တွင် ရှိနေသည်။ သူ့နောက်ဘက်ရှိ နံရံပေါ် တွင် လေ မှုတ် မီး နှင့် ပုံမကျ ပန်းမကျ ထုလုပ်ထားသော မန်းပုလက်ရာနှင့် တူသည့် ပစ္စည်းတစ်ခုကို ချိတ် ဆွဲ ထား သည်။ ထိုပစ္စည်းမှာ ဗွိုအိုင်အီး သို့မဟုတ် မိုက်ခ်ိုဂလော၏ ရှီးရာ အသိမ်းအမှတ်ပစ္စည်း ဖြစ်သည်။ ထိုပစ္စည်းမှာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ မွန်းလွဲပိုင်းတွင် တပ်ကြပ်ကြီး မိုက်ကယ်ပိုဂလာက ဂျာ မန် နိုင် ငံ မစ်တာရှင်းမြို့မှ မီးခံသေတ္တာ တစ်လုံးကိုဖောက်ခဲ့ခဲ့ သော ၂.၃၆ လက်မ ရော့ ကက် ပစ် ဘာ ဇူ ကာ သေနတ်မစ် ဖြစ်သည်။

စကီဖင်ပက်ဂျက်က တံခါးကို ပြန်ပိတ်လိုက်၏။ ဘွက်ဖိနပ်များ စားပွဲပေါ်မှ ပြန်ဆင်းသွားကြသလို ကွန်ပျူတာမှ ထွက်လာသော စာရွက်များကိုလည်း နံဘေးသို့ မစ်လိုက်သည်။ ဗိုဂလာသည် အနက်ရောင် သားရေ ဆုံလည် ကုလားထိုင်ပေါ်တွင် ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်၏။ သူ့ မျက်နှာသည် အကြမ်းစား အရောင်ပြောင်းကျောက်မှ ခပ်ကြမ်းကြမ်း ထုလုပ် ထားသည်နှင့် တူနေသည်။ ရှေးရှေးက ဖြစ်ပွားခဲ့ သော ဘားခန်း သတ်ပုတ်ပွဲ တစ်ခုတွင် ပိပြား သွားအောင် အရိုက်ခံခဲ့ရပြီးနောက် စနစ်တကျ ပြန်လည်၍ ပြုပြင်မှု မပြု လုပ်ခဲ့ရသော သူ့ နှာခေါင်းသည် ပုံပျက်ပန်းပျက် ဖြစ်နေသည်။သူ့တွင်



ထိုးထိုးထောင်ထောင် ဖြစ်နေသော ခပ်ကြမ်းကြမ်း ဆံပင်ဖြူများနှင့် အပြာနုရောင် မျက် လုံး များ ရှိနေသည်။ ၎င်းအပြင် တုတ်ခိုင်သော လည်ပင်းကြီး သည် ကြီးမားသော ခန္ဓာကိုယ်ပေါ်မှ ထိုးထွက်နေ သည်။ အချို့က သူသည် ကျောက်ခေတ်လူသားနှင့် တူသည်ဟု ဆိုကြသည်။ စာနာမှုနည်း ပါး သော လူ အချို့ ကတော့ သူသည် တီရစ္ဆာန်ခေါင်း တပ်ထားသော ကျောက်ရုပ်နှင့် တူသည်ဟု ပြောကြ သည်။ သူသည် ၈ ပိန့်နိုင် ငံ မှ ဈေး ပေါ ပေါ ဆေးပြင်းလိပ်များကို အလွန် နှစ်ခြိုက်သည်။ မီးညှိ၍ မဖွာဘဲ ဝါးစားလေ့ရှိသည်။ ယခုလည်း အနည်းငယ် ဝါးစားထားသော ဆေးပြင်းလိပ် တစ် လိပ် ကို သွားကြားထဲတွင် ကိုက်ထားသည်။

'ဘာဖြစ်ဖို့လဲကွ၊ ကြီးမားတဲ့ အန္တရာယ်ကြီး သား၊ ထုံးစံအတိုင်း တွေ့ရတဲ့ အန္တရာယ်မျိုးလား'

'ပြဿနာ ဖြစ်နေတယ် ဆိုတာ ကလွဲရင် ဘာ ဖြစ်နေသလဲဆိုတာ ကွန်တော်လဲ တိ တိ ကျ ကျ မပြောတတ်ဘူး'

သူက စ ပြော လိုက် ၏။ ဗိုဂလာနှင့် ချားလ်စ် ကင်းဖီးလ်တို့သည် ပုဂ္ဂိုလ်ရေးရာအရ တစ်ယောက်နှင့် တစ်ယောက် မုန်းတီးကြကြောင်း သူ သိထားသည်။ သူက သတင်း ပေးသူများက ပြော ပြသမျှ ကို ပြန် ပြော ပြ လိုက် သည်။ ချားလ်စ်ကင်းဖီးလ်သည် ဗွိုအိုင်အီး အစုရှယ်ယာ တစ်သန်းခွဲကို ဈဂ ပေါ် လာ နှင့် ဈေးလျှော့၍ ချရောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗိုဂလာ၏ ဆေး ပြင်း လိပ် သည် ခပ်နာနာ အကိုက်ခံလိုက်ရသည်။ ထိုကိစ္စမှာ ဈေးကျအောင် ကြိုးစားမှုဖြစ်ကြောင်း သေချာသည်။ ကျန်ပုဂ္ဂိုလ် အများစုကလည်း ကင်းဖီးလ် လမ်း စဉ် အ တိုင်း လိုက်ကြတော့မည်မှာ သေချာသည်။ ဈေးကျမှုတော့ ဖြစ်လိမ့်မည်။ သို့ရာတွင် ငါးဒေါ်လာ သို့မဟုတ် အ များ ဆုံး ခုနစ် ဒေါ် လာ၊ ပြီး တော့ သိပ် ကြာမြင့်မှာလဲ မဟုတ်ဟု သူ တွက် ဆ လိုက် ၏။ အခြေအမြစ်မရှိသော ဝင်ရောက်တိုက်ခိုက်မှုမျိုးသည် မကြာခင် အရှိန်ကုန်သွားလိမ့်မည်။ အခြေအနေက လည်း ပြောင်းပြန် ပြန်ဖြစ်လာပါလိမ့်မည်။

'ကင်းဖီးလ်တော့ သူ့ စည်း စိမ် ခပ် များ များ ပြုတ်သွားတော့မှာပဲ'

စတီဖင်ပက်ဂျက်က စီး က ရက် ကစ် လိပ် ကို မီးညှိပြီး ဖွာလိုက်၏။

'ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ပေါ့လေ'

'ငါတို့ရဲ့လက်ကျန်ရှင်းတမ်းကိုပဲ ကြည့်စမ်းပါဦး၊ သူက သဲထဲကို ရှူးရှူးပေါက်ချနေတာကွ'

'သူက ဗွီအိုင်အီးကို ပြုကျွပေးနိုင်မယ့် နည်းလမ်း တစ်ခုကို ရှာတွေ့တာလဲ ဖြစ်ချင် ဖြစ်မှာပေါ့လေ'

'ချီးမှပဲ၊ ငါတို့ ကုမ္ပဏီက သိပ် အ ခြေ အ နေ ကောင်းနေတာကွ'

'ကင်းဖီးလ်ဟာ ဝေါလ်စထရိ ဂျာနယ် ထဲမှာ တစ်မျက်နှာ အပြည့် ကြော်ငြာထည့်သလို ဖြစ်နေ တယ်၊ သူက သူ့သိက္ခာကို အခြေခံပြီး သူ့ပိုက်ဆံ တွေနဲ့ ပုံအော နေ တာ၊ သူ မျက် နှာ အ ပျက်



မခံနိုင်ပါဘူး၊ ဒီမှာ မိုက်၊ သူ့မှာ သေချာတဲ့ အစီအစဉ် တစ်ခု ရှိနေတယ်၊ အဲဒီ အ စီ အ စဉ် ကို အကောင်အထည်ဖော်ဖို့လဲ အဆင်သင့် ဖြစ်နေနိုင်စရာ ရှိတယ်ဆိုတာကိုတော့ ကျွန်တော်တို့ လက်ခံရလိမ့် မယ်'

မိုက်ဗိုဂလာသည် ပါးစပ်ထဲမှ ဆေးပြင်းလိပ်ကို ပြန်ယူလိုက်၏။ ဆင်ခြင်သုံးသပ်မှုမှာ ရေပက်ဝင်စရာ မရှိပါ။

'ကောင်းပြီ စတိဗ်၊ အဲဒီလိုပဲ ယူဆရအောင်၊ ဒီတော့ တို့က ဘာလုပ်ရမလဲဆိုတာ မင်းက အကြံ ပေးစမ်း'

'ပထမဦးဆုံး ကတော့ ကင်းဖီးလ် စိတ်ထဲမှာ ဘာရှိသလဲဆိုတာသိရအောင် ကျွန်တော် လိုက်စုံစမ်း မယ်၊ အဲဒီနောက်ပိုင်းကျတော့ သူနဲ့ စစ်ခင်းရအောင် ကျွန်တော်တို့ အားခဲကြရမှာပေါ့ဗျာ'

ဗိုဂလာက မေးလိုက်၏။

'မင်း ငါ့ဆီက ဘာလိုချင်သလဲ'

ပက်ဂျက် မတ်တတ်ရပ်သည်။

'ထုံးစံအတိုင်းပါပဲ၊ စိတ်တိုင်းကျဆောင်ရွက်ခွင့်နဲ့ အဖြေမပေါ်မီ ဘာမှ မမေးမမြန်းဖို့ပါပဲ'

'ရပါတယ်ကွ'

ဗို ဂ လာ ခေါင်း ညိတ် သည်။ ထို့ နောက် မျက်တောင် တ ဖျပ် ဖျပ် ခတ်လိုက်၏။

'ဘုရားသခင် ကယ်တော်မူပါ၊ ငါ မေ့တော့ မလို့ကွ၊ ငါက မင်းကို ခေါ်တော့မလို့ပဲ၊ ဒါပေမယ့် မင်းက အက်ဒနာ့ဆီကို တယ်လီဖုန်းဆက်တယ်'



www.burmeseclassic.com

www.burmeseclassic.com

ဗိုဂလာ၏ မျက်နှာထားသည် နူးညံ့လာပြီး အားရပါးရ ပြုံးလိုက်သည်။

'ပြီထိသျှ အဲယားဝေး ကွန်ကော့ဒ် ခရီးစဉ်နဲ့ ဒီကနေ့ညနေ ဒိုင်ယာနီ ရောက်လာလိမ့်မယ်ကွ'

ဒိုင်ယာနီသည် ဗိုဂလာ၏ သမီးဖြစ်သည်။ သူ့ကို မမွေးဖွားမီ သားဖြစ်သူ သေဆုံးသွားသောကြောင့် ဗိုဂလာ၏ တစ်ဦးတည်းသော သမီးဖြစ်သည်။

စတီဖင် ပက်ဂျက်သည် ဒိုင်ယာနီ ဗိုဂလာနှင့် လူချင်း မတွေ့ဖူးသေးပါ။ သို့ရာတွင် အတိတ်ကာလကမူ သူ့သမီး အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်ကို မည်သည့်နည်းလမ်းနှင့် ဖြစ်စေ လွတ်မြောက်အောင် ဆောင်ရွက် ပေးရန် စတိဗ်အား ဗိုဂလာက ခိုင်းစေလေ့ ရှိသည်။ မကြာသေးခင်ကပင် အရှုပ်အထွေးတစ်ခုကို ဖြေရှင်းပေးရန် သူ့ကို ခိုင်းစေခဲ့သေးကြောင်း တွေးမိပြီး စိတ်ထဲက ရှုတ်ချလိုက်မိ၏။ မိုက်ဗိုဂလာက သူ့သမီးကို ချစ်ရုံသာမက လွန်လွန်ကျူးကျူး အလိုလိုက်ထားသည်။ ယခု တစ်ကြိမ်တွင် ဘာများ ပါလိမ့်မှာပဲ သူ တွေးလိုက်မိ၏။

'သူက ထုံးစံအတိုင်း ပီရီမှာပဲ နေလိမ့်မယ်'

ဗိုဂလာ၏ လေသံတွင် အနည်းငယ် ဝမ်းနည်းသံ ပါနေသည်။ နိုင်ငံခြားတွင် နေထိုင်ရန် ပို၍ လိုလားသော ဒိုင်ယာနီသည် ဟိုတယ် ပီရီတွင် အခန်း ငါးခန်း ပါသည့် အိမ်ခန်းကျယ်ကြီး တစ်ခန်းကို ပိုင်ဆိုင်သည်။ သူ နယူးရောခ် သို့ ရောက်ရှိ လာသည့်အခါ မိုက်ဗိုဂလာ၏ ခြံမြေတွင်



နေထိုင်ခြင်းမရှိဘဲ ဟိုတယ် ပီရီ၌သာ နေထိုင်လေ့ ရှိသည်။

သို့ရာတွင် ဗိုဂလာသည် သူ့သမီးနှင့် ပတ်သက်ပါက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လေ့ရှိသည်။

'လုံခြုံရေးနဲ့ ပတ်သက်ပြီး ထုံးစံအတိုင်း လုပ်ပေါ့ကွာနော် စတိဗ်'

ဒိုင်ယာနီ ယခင်က လာခဲ့သော အခေါက်များက ၎င်း ဆောင်ရွက်ရမည့် အစီအစဉ်ကို ပက်ဂျက် သိပါသည်။ နာမည်ကြီးသူနှင့် ကြွယ်ဝ ချမ်းသာသူများအား လိုက်လံ စောင့်ရှောက်ပေးလေ့ ရှိသော ဆီကြူရီကော် လက်ရွေးစင် သက်တော်စောင့် နှစ်ယောက်စီကို အလှည့်နှင့် နှစ်ဆယ့်လေးနာရီ ပတ်လုံး တာဝန် ချထားရလေ့ရှိသည်။ လိုအပ်မှု မရှိပါက ထိုပုဂ္ဂိုလ်များသည် လူမသိအောင် နေကြရမည် ဖြစ်ပါ၏။

'သူတို့ကို ဒီကနေ့ည လူ မမြင်အောင်နေလို့ ပြောထားလိုက်၊ ဒိုင်ယာနီက ဒီကနေ့ညမှာ လူမြင်သူမြင် အစောင့်အရှောက်မခံချင်တဲ့ လူတစ်ယောက်နဲ့ အတူတူ ညလယ်စာ စားမလို့ကွ'

'ကောင်းပြီလေ၊ ကျွန်တော်က ဆီကြူရီကော်ကို ကြိုပြောထားလို့ရအောင် သူ့ပုံပန်းသဏ္ဌာန်ကိုတော့ ပြောပြထားစမ်းပါဦး'

'ဟော့ကောင် သောက်ရူး၊ အဲဒါ ငါပဲကွ'

ဗိုဂလာက ပျော်ပျော်ရွှင်ရွှင်ကြီး ပြောချလိုက်၏။

'ငါက ဒိုင်ယာနီကို အပြင်ခေါ်ပြီး ကျွေးမလို့ကွ'



www.burmeseclassic.com

www.burmeseclassic.com

သူ့သမီးနှင့် အတူတူ အချိန် ဖြုန်းရတော့မည့် အဖြစ်ကို တွေးမိသောကြောင့် သူပျော်နေသည်။

ပက်ဂျက် သူ့ရုံးခန်းသို့ ပြန်လာသည်။ သူက သုတေသန ဌာနမှ ဒုတိယ အကြီးအကဲ ဖြစ်သူ ဂျက်ကော့ဟတ်ရှ်အား ဆီကြူရီကော်နှင့် အစီအစဉ် လုပ်ခိုင်းသည်။ သူ့ ဦးနှောက်သည် အတွေးနယ် ကျွံနေသည်။ စတီဖင်ပက်ဂျက်၏ ကျောကုန်းပေါ်မှ အနာရွတ်များသည် အနာဂတ်ကာလတွင် တွေ့ကြုံ ရမည့် အန္တရာယ်များကို ကြိုတင် အသိပေးသည့် အနေနှင့် တဒုတ်ဒုတ် မြည်လာပြီး သတိပေးလေ့ ရှိသည်။ ပက်ဂျက်၏ အလိုလို သိလာသော စေ့ဆော်မှုနှင့် ကျောကုန်းပေါ်မှ အနာရွတ်များ၏ ယုံကြည်စိတ်ချရသော တဒုတ်ဒုတ်မြည်၍ နာကျင် လာမှုများကို ပေါင်းစပ်ပြီး ချားလ်စ်ကင်းဖီးလ်သည် ယခုလောလောဆယ်တွင် အရွယ်တကူ တိုင်းတာ၍ မရနိုင်သော လူ မ သိ သေး သည့် အနေအထား တစ်ရပ်မှနေ၍ လိမ့်လည် လှည့်ဖျားခြင်းဖြစ်ကြောင်း သူ သိပါသည်။ အကယ်၍ ချားလ်စ်ကင်းဖီးလ်၏ အင်အားသည် လုံလောက်မှု ရှိသည် ဆိုပါက မိုက်ကယ်ဗိုဂလာနှင့် ဗွီအိုင်အီးတို့ အနေနှင့် မည်သို့ မည့်ပုံ ဆုံးရှုံးမှု ရှိလိမ့်မည်ကို အလွယ်တကူ တိုင်းတာ၍ ရပါလိမ့်မည်။

အကုန်လုံး ဆုံးရှုံးသွားနိုင်စရာ ရှိပါ၏။



# ၅

မွန်းလွဲပိုင်း ခပ်နောက်ကျကျတွင် ကျင်းပသော အစည်းအဝေးသည် အီလေးဆွဲနေသည်။ ထိုအစည်း အဝေးမှာ ခပ်စောစောပိုင်းက လို့ကဖ်ဖရီဇာနှင့် အယ်လီဆန်တို့ ကျင်းပခဲ့သော အစည်းအဝေး မျိုးသာ ဖြစ်သော်လည်း ယခု အစည်းအဝေးက ပို၍ ကြီးကျယ်သည်။ ယခု ကိစ္စကို လွန်ခဲ့သော ရက်သတ္တပတ်များကပင် အတည် ပြုထားခဲ့ပြီး ဖြစ်သည်။ အသေးစိတ် အချက်အလက် အနည်း ငယ်နှင့် ငွေရေးကြေးရေးဆိုင်ရာ အစီအစဉ်များကို ထပ်မံသုံးသပ်ဖို့အတွက် နောက်ထပ် ဆွေးနွေးရန်သာ လိုအပ်ပါတော့သည်။ သို့ရာတွင် လက်နက် ရောင်းဝယ်မှုဆိုင်ရာ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာကို လိုက်နာရလိမ့်မည်သာ ဖြစ်ပါ၏။ ထိုအချက်အရ အာဖ်တန်လေယာဉ်ပျံကုမ္ပဏီ၏ အရာရှိကြီးများနှင့် အင်ဂျင်နီယာများက 'အေတူး ဗင်ဒီကေတာ'၏ ထုတ်ပုဒ်များကို ချီးကျူး ပြောဆိုနေကြစဉ် အယ်လီဆန်သည် အစည်းအဝေးစားပွဲတွင် ထိုင်၍ နားထောင်ရန် လိုအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်သည် ကြားတစ်ဝက် မကြားတစ်ဝက်နှင့် နားထောင်နေရင်း စိတ်ဝင်စားဟန် ပြသနေရသည်။ စာရေးစားပွဲနှင့် ပုံဆွဲစားပွဲတို့တွင် ထိုင်၍ အလုပ်လုပ်ရသော အရာရှိကြီးများသည် သူတို့ ထုတ်လုပ်သော ပစ္စည်းများကို အလွန်ပင် ဝင့်ကြွား လိုကြသည်။ လက်နက် အားလုံးကို 'ခုခံကာကွယ်ရန်' ဟူ၍သာ သတ်မှတ်ထားကြသည်။ စစ်ဖြစ်ခြင်း၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းဆိုသည့် ဝေါဟာရများကိုမူ သူတို့၏ ဝေါဟာရစာရင်းထဲမှ ထုတ်ပယ်ထားကြသည်။ စကားပြောများသွားသည့် အခါနှင့် ရှားရှားပါးပါး ကိစ္စရပ် အချို့တွင်သာ သုံးစွဲကြသည်။

လာဖ်တန် အေတူး လေယာဉ်သည် တိုက်လေယာဉ်ပျံဖြစ်ပြီး နည်းပညာရပ်များ မထွန်းကား မတိုးတက်သေးသော နိုင်ငံများတွင် သောင်းကျန်းသူများကို တွန်းလှန် တိုက်ခိုက်ဖို့ ရည်ရွယ်၍ ပုံစံထုတ်ထားသော လေယာဉ် ဖြစ်သည်။ အေတူး လေယာဉ်ကို တိုပြီးကြမ်းတမ်းသော လေယာဉ်ပြေးလမ်းများတွင် အသုံး ပြုနိုင်ပြီး နိမ့်နိမ့် ဖြစ်စေ မြင့်မြင့်ဖြစ်စေ ပျံသန်းနိုင်သည်။ လေယာဉ်ပျံပေါ်တွင် စက်သေနတ်များ၊ လျှင်မြန်စွာ ပစ်ခတ်နိုင်သော အမြောက်များ၊ ဗုံးများ၊ ဒုံးကျည်များ၊ နပမ်း မီးလောင်ဗုံးများ စသည်တို့ကို အားလုံးကိုဖြစ်စေ၊ အချို့ အမျိုးအစားများကို ပေါင်းစပ်၍ ဖြစ်စေ သယ်ဆောင် နိုင် စွမ်း ရှိပြီး လူသားတို့ ဖန်တီးထားသော ရန်လိုသည့် အနေအထား တစ်ရပ်တွင်



အထိရောက်ဆုံး အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်စွမ်းရှိသည်။

လေယာဉ်ပျံကို ကိုင်တွယ် မောင်းနှင်တတ်အောင် သင်ကြား ပေးရန် လိုအပ်သည့် အချိန်မှာလည်း အလွန် တိုတောင်းသည်။ အေတူး လေယာဉ်ပျံကို တယုတယ ကိုင်တွယ်ရန် မလိုအပ်ပါ။ ခပ်ကြမ်းကြမ်း ကိုင်တွယ်၍ ရပါသည်။

အေတူး လေယာဉ်ပျံ၏ အရည်အချင်း များကို အလွန်အမင်း အထင်ကြီးသော အမေရိကန် လေတပ်ကလည်း အေတူး လေယာဉ်အုပ်နှစ်အုပ်ကို ဖွဲ့စည်းထားသည်။ လေယာဉ် စင်းရေ ၃၀၀ ကျော်ကိုလည်း အမေရိကန်နိုင်ငံ၏ နိုင်ငံခြား စစ်ရေး အကူအညီ အစီအစဉ်အရ ဝယ်ယူသုံးစွဲခွင့် ရှိသော တိုးတက်မှု နည်းပါးသည့် နိုင်ငံများသို့ ပေးပို့ ထောက်ပံ့ ထားသည့်အပြင် နောက်ထပ် မှာကြားမှုများလည်း ရှိနေသည်။ လာဖ်တန်စက်ရုံမှ ဗင်ဒီကေတာ လေယာဉ်များကို အများအပြား ထုတ်လုပ်နေသဖြင့် လေယာဉ်ပျံ တစ်ဒါဇင်အား ဖဲ့ထုတ်ပြီး ရောင်းချရန် ဆိုသည့် ကိစ္စမှာ ပြဿနာ မဟုတ်ပါ။

လာဖ်တန် လေယာဉ်ပျံ ကုမ္ပဏီသည် အချို့သော အမှာစာများနှင့် ပတ်သက်၍ ကြိုတင်ပြီးစီးနေသည်။ ထို အမှာစာ များအရ ပြီးစီးနေပြီ ဖြစ်သော လေယာဉ်ပျံ ကိုးစီးကို အချိန် ဆွဲထား၍ ရနိုင်ပေသည်။ ဝယ်သူများ ကျေနပ်အောင် ဆင်ခြေများ ပေးပါမည်။ သူတို့ စောင့်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် နှစ်စီးကိုလည်း စစ်ဆေး ရာတွင် ချွတ်ယွင်းချက်များ တွေ့ရှိရသည်ဟု အကြောင်းပြပြီး ဆွဲထားနိုင်ပါသေးသည်။

နောက်တစ်စီးကိုတော့ ပစ္စည်းများကိုပေါင်းစပ်၍ တပ်ဆင်ပေးမည်။

လေယာဉ်ပျံဆိုသည်မှာ ကိုယ်ထည်၊ အတောင်ပံ၊ ဘီး၊ အမြီးပိုင်း၊ အင်ဂျင် စသည်တို့ကို ပေါင်းစပ် တပ်ဆင်ထားခြင်းသာ ဖြစ်သည်။ ထိုပစ္စည်းများကို အစားထိုးတပ်ဆင်ရန် ပစ္စည်းများအဖြစ် သိုလှောင် သိမ်းဆည်းထားလေ့ရှိသည်။ တန်ရာတန်ဖိုး ပေးမည် ဆိုပါက ထိုပစ္စည်းများကို ပေါင်းစပ် တပ်ဆင် ပေးမည်။

'လေယာဉ်ပျံ နောက်ဆုံးပို့ပေးရမယ့် နေရာဆီကို ကျုပ်တို့က ကျွမ်းကျင်တဲ့ ဝန်ထမ်းတွေကို ပို့ပေး နိုင်ပါတယ်'

'ကျွန်မ မေးစရာ တစ်ခုရှိတယ်၊ ကျွန်မ ဖောက်သည်က နေဖို့ထိုင်ဖို့ စီစဉ်ပေးရမှာ ဆိုတော့ လူဘယ်နှစ်ယောက်လဲ ဆိုတာ သတ်သတ် မှတ်မှတ် သိချင်တယ်'

'နှစ်ဆယ့် ခုနှစ် ယောက်ပါ၊ ဒါပေမယ့် အဲဒီ လူတွေထဲမှာ မောင်းနှင် တတ်အောင် သင်ကြား ပေးမယ့် ဆရာတွေ၊ ဒါမှမဟုတ် ပစ္စည်း တွေကို တင်ပို့ပြီးတဲ့ အခါမှာ လိုအပ်လာမယ့် မြေပြင် ဝန်ထမ်းတွေ မပါသေးပါဘူး'

'ကျွန်မဖောက်သည်က ပြည့်ပြည့်ဝဝ နားလည် သဘောပေါက်ပါတယ် ရှင်'



ဤကိစ္စမှာ လက်နက်ထုတ်လုပ်ရေး လောကတွင် လူတိုင်း လူတိုင်း သိကြသည့် ဥပါယ်တံမျဉ်ပင် ဖြစ်သည်။ လေယာဉ်ပျံ များသည် စိတ်ချ လက်ချ မောင်းနှင် နိုင်သည့် အနေ အထားသို့ ရောက်ရှိ လာသည့် အခါ အေတူး လေယာဉ်ပျံ များ အား မောင်းနှင်တတ်အောင် လေ့ကျင့် သင်ကြားပေးမှုနှင့် လေယာဉ်ပျံ များအား နေ့စဉ် ထိန်းသိမ်း ပြုပြင် သည့် လုပ်ငန်းများတွင် လာဖ်တန် လေယာဉ်ပျံ ကုမ္ပဏီသည် ပါဝင် ပတ်သက်လိုခြင်း မရှိတော့ပါ။ မောင်းနှင်တတ်အောင် သင်ကြားပေးမည့် ပုဂ္ဂိုလ် များနှင့် ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက် ပေးမည့် ဝန်ထမ်းများကို နိုင်ငံခြားတွင် အခြေ စိုက်ထားပြီး လာဖ်တန်နှင့် အဆက်အသွယ်မရှိသော ကုမ္ပဏီများက ဆောင် ရွက် ပေးကြ ပါ လိမ့်မည်။ ထို ကုမ္ပဏီများကို လာဖ်တန်က ပိုင်ဆိုင် ထားသည့် တိုင်အောင် လာဖ်တန်နှင့် အဆက်အသွယ်ရှိကြောင်း အထောက်အထားများ မရှိစေရပါ။

နောက် ဆုံး တွင် ဆွေးနွေးပွဲသည် ငွေရေး ကြေးရေးကိစ္စသို့ ရောက်ရှိ လာလေသည်။ မစ်(စ်) တရိုက်ချ်က အီး ယူ စီ များ ကို ပေး အပ် သည့် တိုင်အောင် စွန့်စားရမည့် အန္တရာယ်အချို့ကတော့ ရှိနေဆဲပင်တည်း။ ယခုကိစ္စမှာ ဖွင့်မပြောသော်လည်း ခိုးဝှက် ဝယ်ယူ မှုပင် ဖြစ် နေ သည်။ ထို့ကြောင့် အမေရိကန် လေတပ်က ပေးသော တန်ဖိုးထက် အာမခံကြေးအဖြစ် တစ်စီးလျှင် ဒေါ်လာ တစ်သန်းခွဲ ပိုပေး ရပါ လိမ့် မည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် လေယာဉ် တစ်စီး လျှင် သုံးသန်းခွဲ ကုန်ကျမည်။ လေယာဉ်ပျံ ၁၂ စီးအတွက် ၄၂ သန်း ကျသင့်ပါသည်။ အရန် ပစ္စည်းများ၊ လက်နက် ပစ္စည်းများ၊အခြားပစ္စည်းများ ပစ္စည်းပေးပို့ချိန်တွင် နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှု ပေးရမှုများ စသည်တို့ကို စုပေါင်း လိုက်ပါက စုစုပေါင်း အနေနှင့် ၁၀၈သန်း ဖြစ်လာပါသည်။

'ကျုပ်တို့ရဲ့ ပဌမ သဘောတူညီချက် အတိုင်း ပေးသွင်းရမှာဖြစ်ပါတယ် မစ်(စ်)ကရိတ်ချ်'

လာဖ်တန် ကုမ္ပဏီသို့ တစ်ဝက်ထက် အနည်းငယ် နည်းသော ပမာဏကို မှတ်တမ်းဝင်အောင် ပေးသွင်း ရမည် ဖြစ်ပြီး ကျန်ငွေကို နိုင်ငံခြားရှိ အမြတ်ခွန် ပေးဆောင်စရာ မလိုသော ဘဏ်စာရင်းများ ထဲသို့ ပေးသွင်းရမည် ဖြစ်ပါ၏။

'နိုင်ငံခြားမှာ ငွေသွင်းတဲ့ကိစ္စကို နက်ဖြန်ခါ ကျရင် ဆောင်ရွက်ပါ့မယ်ရှင်'

အယ်လီဆန်က ပြောလိုက်သည်။ ဤတွင် အစည်း အဝေး ပြီးဆုံးသွားလေတော့သည်။

လာဖ်တန် လေယာဉ် ကုမ္ပဏီ၏ ဧည့်ရိပ်သာတွင် တစ်ည တည်းခိုရန် အယ်လီဆန်က ဝမ်းမြောက် ဝမ်းသာစွာ လက်ခံလိုက်သည်။

ဘုတ်အဖွဲ့ ချယ်ယာမင်က အယ်လီဆန် အား သူနှင့် သူ့ဇနီးက တည်ခင်း ဧည့်ခံမည့် ညစာ စားပွဲသို့ တက်ရောက်ရန် ဖိတ်ကြားလိုက်သည်။



အယ်လီဆန်သည် ဧည့်ရိပ်သာမှ ရေချိုးဇလုံကြီး ထဲတွင် ရေစိမ်၍ ရေချိုးရင်း အတိတ် ကာလဆီသို့ ပြန် တွေးလိုက်မိ လေ၏။

ထိုနေရာမှာ မစ်ချီဂန်ပြည်နယ် ဒီးယားဘွန်းမြို့မှ စိတ် ပျက် စ ရာ ကောင်း သော ကော်လာပြာ (အလုပ်ကြမ်းသမား) များ၏ ရပ်ကွက်ပင်ဖြစ်သည်။ အိမ်များသည် တစ်အိမ်နှင့် တစ်အိမ် ဆင်တူကြသလို ထိုအိမ်များတွင် နေထိုင်သူများသည်လည်း တစ်ပုံစံ တည်းလိုလို ဖြစ်နေကြသည်။ အရွယ် ရောက် သော အမျိုးသားများသည် ဖို့ဒ် မော်တော်ကား ကုမ္ပဏီမှ မော်တော်ကား တစ်စီးဖြစ်အောင် စုပေါင်းတပ်ဆင် သော အလုပ်ဌာနတွင် လုပ်ငန်း တစ်မျိုးစီကို လုပ်ကိုင်နေကြသူများ ဖြစ်သည်၊ အရွယ်ရောက်သော အမျိုးသမီးများကတော့ အိမ်ထောင်ကို ထိန်းသိမ်း ကြရသည်။ ကလေး မွေးပေးကြရသည်။ အတင်း အဖျင်း ပြောကြသည်။ ဆူဆူပူပူ လုပ်ကြသည်။ ကလေးများကလည်း သူ တို့ ၏ မိဘများလိုပင် ကြီးပြင်းလာကြသည်။ ၁၉၅၀ ပြည့်နှစ် များ နှင့် ၁၉၆၀ ပြည့်နှစ် အစောပိုင်း ကာလ တွင် 'လေ' သည် စက်ရုံများမှ ထွက်လာသော မီးခိုးများနှင့် ညစ်ထေးနေခဲ့သည်။ နီဂရိုးများနှင့် ဂျူးလူမျိုးများ သည်လည်း ထိုနေရာ တစ်ဝိုက်တွင် နေထိုင်ခွင့် မရကြသေးပါ။



www.burmeseclassic.com

www.burmeseclassic.com

ဝီလျံ ကာရီတ်ချ်နှင့် အယ်လင် တို့သည် ရိုမန်ကက်သလစ် ဘာသာဝင်များ ဖြစ်ကြသည်။ ဝီလျံကာရိုတ်ချ်က ဖိုဒ် မော်တော်ကား ကုမ္ပဏီတွင် အပေါက်ဖောက်သော စက်ကို ကိုင်တွယ်သူအဖြစ် အလုပ်လုပ်သည်။ အီလင်းက အိမ်ရှင်မ ဖြစ်သည်။ သူတို့ ဇနီးမောင်နှံတွင် သား နှစ် ယောက် နှင့် အငယ်ဆုံး သမီးကလေး တစ်ယောက်ရှိသည်။

အယ် လီ ဆန် သည် ရုပ် ချော သော ကလေး တစ်ယောက် ဖြစ်သည်။ တစ်နေ့သော အခါတွင် မိန်းမချောကလေး ဖြစ်လာစရာ ရှိသည်ဟု အခြား ပုဂ္ဂိုလ်များ ပြောသော စကားကို ကြားရသော ကြောင့် မိဘနှစ်ပါးအဖို့ စိတ်သက်သာရာ ရခဲ့ကြ သည်။ ဘုန်းတော်ကြီး၏ ဩဇာခံ စိန့်ပီတာမာတာရ ကျောင်းမှ ကျောင်းထိုင် သီလ ရှင် ကြီး နှင့် ဘုန်းတော်ကြီး ဖြစ်သူ ဖားသားဂျိမ်းစ်လာနီတို့၏ ပြောစကားများကမူ သူတို့အတွက် စိတ်သက်သာမှု မဖြစ်စေခဲ့ပါ။ သူ တို့ နှစ် ဦး က အယ်လီဆန်သည် အလွန် ဉာဏ် ထက် သော က လေး ဖြစ် သည်။ ဘုန်းတော်ကြီး၏ သာ သ နာ ပိုင် မြေအတွင်းတွင် မှတ်တမ်းများအရ ဉာဏ်ရည်ပြက်ိန်း အမြင့်ဆုံးရှိသူ ဖြစ်သောကြောင့် တက္ကသိုလ်တွင် စာသင်ကြားခွင့် ရရှိရေးအတွက် ကြိုး တင် ပြင် ဆင် သင့် သည် ဟု ဆိုကြသည်။

ဝီလျံနှင့် အယ်လင်ကာရိုတ်ချ်တို့က နှာခေါင်း ရှုံ့ကြသည်။ ဒီးယားဘွန်းမြို့ရှိ ထို ကဲ့ သို့ သော နေရာမျိုးမှ သူ တို့ လို မိ ဘ မျိုး ၏ အမြင်တွင်



အမျိုးသမီးတစ်ယောက်၏ ရုပ်ရည်ကသာ အရေးပါ သည်။ ထိုအမျိုးသမီးအတွက် သင့် လျော် သော အမျိုးသားတစ်ယောက်ယောက်ကို ရှာဖွေ တွေ့ရှိနိုင် မည့် နေရာ တစ်နေရာရာတွင် အလုပ် ရရှိအောင် ပညာတတ်မြောက်ဖို့သာ လိုအပ်ပါသည်။

အယ်လီဆန်သည် ငယ်စဉ် ကတည်းကပင် သူ့ အနာဂတ်သည် စိတ်ပျက်ဖွယ် ကောင်းသည်သာမက ကြိုတင်၍ အမိန့်ချမှတ်ပြီးဖြစ်ကြောင်း သိနေသည်။ တစ်နေ့သော မွန်း လွဲ ပိုင်း တွင် ၊ သူ နေအိမ်သို့ ပြန်လာခိုက် ဧည့် ခန်း ထဲ ၌ သူ့ မိခင်နှင့် အတူ အတင်းအဖျင်း ပြောနေကြသော အခြား အိမ်ရှင်မ များ၏ စကားများကို ကြားလိုက်ရသောကြောင့် မည်မျှအထိ စိတ်ပျက်စရာ ကောင်းကြောင်း သူ ပို၍ သဘော ပေါက်သွားသည်။ ထိုစကား များကြောင့် ပို၍ စိတ်ညစ်ညူးသွားရတော့သည်။

ထိုနေ့ ညနေခင်းတွင် အယ်လီဆန်သည် သူ့ အစ်ကိုနှစ်ယောက်နှင့် ဆွေးနွေးရန် ကြိုးစားခဲ့သည်။ သူ့ ထက် လေးငါးနှစ် အသက်ကြီးသော အစ်ကို များက ထုံးစံအတိုင်း သူ့ စကားကို အလေးမထား ကြပါ။

ဖား သား ဂျိမ်းစ် လာ နီ သည် အယ် လီ ဆန် အပေါ်တွင် အထူးတလည် စိတ် ဝင် စား ခဲ့သည်။ အယ်လီဆန် တစ်ဆယ့် ခြောက်နှစ် သမီး အရွယ်သို့ ရောက်လာသောအခါ သူ့ အတွက် အခွင့်အရေး တစ်ရပ်ကို ဖားသားဂျိမ်းစ်လာနီ မြင်တွေ့လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိုဒ် မော်တော်ကား ကုမ္ပဏီသည် ဒီးယားဘွန်းစက်ရုံ လုပ်သားများ၏ အရွယ်ရောက်စ သမီးငယ်များအတွက် အလှမယ်ပြိုင်ပွဲ တစ်ရပ်ကို ကျင်းပ ပြုလုပ် ပေးခဲ့သည်။ အယ်လီဆန်သည် မည်သည့်ပြိုင်ပွဲ၌မဆို အောင်မြင်မှုရရှိနိုင်စရာရှိပါ၏။ သို့ရာတွင် ပြိုင်ပွဲမှ ဒိုင်လူကြီး ခုနစ်ဦး စလုံးမှာ စက်ရုံတွင် ဝန်ထမ်းများ ဖြစ်နေကြသည်။ ၎င်းတွင် ဖားသားဂျိမ်းစ်လာနီက ရိုမင်ကက်သလစ်ဘာသာဝင် ဒိုင်လူကြီးလေးဦးနှင့် တိုးတိုးတိတ်တိတ် ဆွေးနွေးလိုက်သည်။ ဒေါ်လာ တစ်ထောင်တန် ပထမဆုကို အယ်လီဆန် အား သူ့ နေအိမ်၊ သူ့ မိသားစုနှင့် မီချီဂန်ပြည်နယ် ဒီးယားဘွန်းမြို့မှ လွတ်မြောက်နိုင်အောင် ကူညီခဲ့သည်။

ထိုကိစ္စမှာ ရှည်ကြာလှသော ဘဝခရီး၏ အစ ပထမပင် ဖြစ်သည်။

အယ်လီဆန်သည် ၁၉၇၂ ခုနှစ်အထိ ဖားသားဂျိမ်းစ်လာနီနှင့် ပြန်မတွေ့ရတော့ချေ။ ထိုအချိန်တွင် ဖားသားဂျိမ်းစ်လာနီသည်ရောမမြို့သို့ရောက်ရှိနေပြီး ဂိုဏ်းချုပ်ဘုန်းတော်ကြီး (ဘစ်ရှော့) ဖြစ်နေလေပြီ။ သူသည် အာခ်ဘစ်ရှော့ပေါလ်မာတင်ကပ်စ် ပြီးလျှင် ဗက်တီကန်ရှိ သာသနာ့ အဖွဲ့အစည်းတွင် ဩဇာအရှိဆုံး အမေရိကန်လူမျိုးတစ်ယောက် ဖြစ်နေလေပြီ။

ဘစ်ရှော့ဂျိမ်းစ်လာနီနှင့် ပြန်လည် တွေ့ဆုံရမှုကို တွေးမိသောကြောင့် အယ်လီဆန်၏ မိမိတွင် အပြစ် ရှိနေသည်ဟု ခံစားနေရချက်များသည် ပျောက်ကွယ်သွားရလေတော့သည်။



# ၆

ချားလ်စ်ဂျေ ကင်းဖီးလ်သည် 'လူတီစီ' တွင် အမေရိကန် ထရပ်စ်အင်ဆီကြူရီတီဘဏ်မှ ဥက္ကဋ္ဌ ဘားနတ်လဒ်ဒလိုနှင့် ညစာ စားနေသည်။ ထိုဘဏ်သည် အမေရိကန် ပြည်ထောင်စုတွင် ပဉ္စမမြောက် အကြီးဆုံး ကုန်သွယ်မှုဘဏ်ဖြစ်သည်။ ထိုဘဏ်က ကင်းဖီးလ် ကွန်ဆိုလီဒိတ်တက် အင်ဒပ်စထရီး (စီစီအိုင်) အား ဒေါ်လာ သန်း ၉၀ ချေးငှားထားသည်။ ထိုချေးငွေသည် ၎င်းလကုန်တွင် ပြန်လည် ပေးဆပ်ဖို့အချိန် စေ့လေပြီ။ စီစီအိုင် ကုမ္ပဏီသည် အရှုံးပြနေသလို စတော့ရှယ်ယာများ၏ တန်ဖိုးမှာလည်း အလွန်အမင်း ကျဆင်းနေသောကြောင့် ထိုချေးငွေကို အချိန်မီ ပေးဆပ်နိုင်ပါ့မည်လားဟု ဘားနတ်လဒ်ဒလို စိတ်ထဲတွင် ကြောက်စိတ် ဝင်နေသည်။

ကင်းဖီးလ်နှင့် ဘားနတ်လဒ်ဒလိုတို့သည် မိတ်ဆွေဟောင်းများ ဖြစ်ကြသောကြောင့် ထိုကိစ္စကို လူကြီးလူကောင်း ပီသစွာ ဆွေးနွေးရန် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ စီစီအိုင်က ပြန်ပေးနိုင်မည့် မြင်သာသော



www.burmeseclassic.com

www.burmeseclassic.com

အထောက်အထားများကို ပြနိုင်ပါမည်လားဟု လဒ်ဒလို့က ကင်းဖီးလ်အား သိမ်မွေ့စွာ မေးမြန်းလိုက်ပြီး ဖြစ်သည်။

'အဖြေကတော့ မပေးနိုင်ဘူး ဘာနီ'

ကင်းဖီးလ်က အေးစက်စက် ဖြေကြားလိုက်၏။

လဒ်ဒလိုက ခပ်ပါးပါး လှီးထားသော စနိုက်ကြီး အသားတုံးကို ခက်ရင်းနှင့် ထိုးလိုက်သည်။ သူက နောက်တစ်ကြိမ် ထပ်ကြိုးစားပြန်၏။

'ကျုပ်တို့ ဒါရိုက်တာလူကြီးတွေကတော့ စိတ်ပူနေကြပြီ စီဂျေ'

စီဂျေ၏ နာမည်ကျော် မေးရိုးကြီး တောင့်တင်းသွားသည်။

'ခင်ဗျားရဲ့ ဒါရိုက်တာလူကြီးတွေဟာ ကျုပ်ရဲ့ ဒါရိုက်တာ လူကြီးတွေလိုပါပဲ၊ ဟုတ်ကဲ့လို့ ပြောတဲ့ ရာဘာတံဆိပ်တုံး လူစားတွေပါ၊ ဒီတော့ ခင်ဗျား အတွက်သာ ပြောစမ်းပါဗျာ'

'ပြောမယ်လေ၊ အဲဒီ ချေးငွေဟာ ကျုပ် ထောက်ခံလို့ ချေးလိုက်တာပါပဲ'

'မိတ်ဆွေချင်းချင်း ကူညီတဲ့ သဘောသက်သက်ပဲ ပေါ့ဗျာ'

တင်းနေသော မေးကြောသည် အနည်းငယ် ပြေလျော့သွားပြီး လှောင်ပြုံးကလေး ဖြစ်ပေါ်လာသည်။ စီစီဒိုင်၏ အထောက်အပံ့ ကုမ္ပဏီ တစ်ခုနှင့် လဒ်ဒလို၏ သမက် ပိုင်ဆိုင်သည်ဟု နာမည်ခံထားသော ကုမ္ပဏီ တစ်ခုတို့ အိမ်မြေ အရောင်းအဝယ် လုပ်ခဲ့ကြရာ ထိုကုမ္ပဏီက ဒေါ်လာ ၁.၂ သန်း



မြတ်စွန်းခဲ့သည်။ ထိုကိစ္စက မိတ်ဆွေ အချင်းချင်း ကူညီသည့် သဘောထားပေါ်တွင် သကာ ရည် လောင်းပေးခဲ့ခြင်းသာ ဖြစ်ပါ၏။

'ကျုပ်က ဘုတ်အဖွဲ့ကို ကျေနပ်အောင် လုပ်ရဦးမယ်ဗျ'

'ခင်ဗျားကို ကျုပ် ကိုယ်တိုင် အာမခံတယ်လို့ သူတို့ကို ပြောပြလိုက်ပေါ့ဗျာ'

လဒ်ဒလိုသည် ထိုစကားကို စိတ်ပျက်လက်ပျက် နှင့်ပင် လက်ခံလိုက်ပြီး ဆွေးနွေးလိုသော ကိစ္စ တစ်ရပ်ကို ပြောလိုက်ပြန်၏။

'ခင်ဗျားက ဒီကနေ့ မွန်းလွဲပိုင်းမှာ ဗီအိုင်အီး ရှယ်ယာတွေကို စျေးလျှော့ပြီး ရောင်းနေတယ်လို့ ကောလာဟာလတွေ ဖြစ်နေတယ်၊ ကျုပ်အပါအဝင် ဘော်ဘော် ခပ်များများ မျက်လုံးပြူးကုန်ကြတယ်'

သူ မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာလေပြီဟု ကင်းဖီးလ်က တွေးလိုက်သည်။

'ကောလာဟာလဆိုတာ ဘယ်စိတ်ချရပါမလဲဗျ'

'ကျုပ်ကို သတင်းပေးတဲ့ လူကတော့ သိပ် စိတ်ချရပါတယ်ဗျာ၊ ခင်ဗျားက သိပ်စွန့်စွန့်စားစား လုပ်နေတာကိုး'

'ခင်ဗျားက အဲဒီလို ယူဆသလား'

'ဟုတ်တယ်၊ ကျုပ်နဲ့ အဲဒီအကြောင်း ဆွေးနွေးတဲ့ လူတိုင်းကလဲ အဲဒီလိုပဲ ယူဆကြတယ်'

'ကောင်းတယ်'

ကင်းဖီးလ်က ပြောလိုက်၏။ သူ ကျေနပ်နေပုံ ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ အဘယ့်ကြောင့် ကျေနပ်ပုံရသည်ကို ပြောပြရန် မလိုပါ။ စီဂျေ ကင်းဖီးလ်က အမှားအယွင်း တစ်ခုကို ကျူးလွန်နေကြောင်း ယုံကြည်သူများလာလေလေ သူနှင့် ဆန့်ကျင်ဘက် လောင်းကစားသူများ ပိုများပြားလာမည် ဖြစ်ပြီး ဆင်ထားသော ထောင်ချောက်ထဲသို့ မြှူဆွယ်၍ သွင်းနိုင်ပေလိမ့်မည်။ သူ့ထံတွင် မှားယွင်းနိုင်စရာ လုံးဝ မရှိသော ထောင်ချောက် ရှိနေသည်။ ကင်းဖီးလ်သည် ကုမ္ပဏီ၏ငွေ နှင့် စွန့်စွန့်စားစား လုပ်ဘူးသော်လည်း သူ့ကိုယ်ပိုင်ငွေနှင့်မည်သည့်အခါကမှ စွန့်စွန့်စားစား ဆောင်ရွက်ခဲ့ခြင်း မရှိပါ။ နောက်ဆုံးတွင် သူ (လဒ်ဒလို) ဆင်ခြင်သုံးသပ်မိသည့် အချက်မှာ တစ်မျိုးတည်းသာ ဖြစ်သည်။ စီဂျေ ဘာလုပ်နေသည်ဆိုတာ သူကိုယ်တိုင် သိပါသည်။

လဒ်ဒလိုက ထောပတ်နှင့် နူးအိနေအောင် ချက်ထားသော 'စနိုက်ကြီး' အသားကို ဓားနှင့်လှီးရင်း တွေးလိုက်၏။ သူ ဆင်ခြင်သုံးသပ်မိသည့် ကိစ္စမှ ဆုံးဖြတ်ချက်အဖြစ်သို့ ကူးပြောင်းလာသည်။ သူသည် ဗီအိုင်အီး အစုရှယ်ယာ ၅၀၀၀၀ ကို ဈေးလျှော့၍ ရောင်းပစ်မည်။ ကင်းဖီးလ် လောက်တော့ ဈေးလျှော့မည် မဟုတ်။ ၁၀၁ ဒေါ်လာနှင့် ချရောင်းမည်။ သို့တိုင်အောင် ဆယ့်ခြောက်ဒေါ်လာ စွန့်ကြဲလိုက်သည် ဆိုသော ကိစ္စက မထင်မှတ်ဘဲ မြတ်စွန်းလာသည့် ဒေါ်လာ ရှစ်သိန်းနှင့် ညီမျှပေသည်။ ထို့နောက် ကင်းဖီးလ်တွင် သေချာပေါက် ကိစ္စတစ်ခု ရှိနေကြောင်း ဘုတ်အဖွဲ့ဝင်များ၊ ဘဏ်နှင့်



ဆက်သွယ် နေသူများအား တင်ကြို သတိပေးရန် တွေးလိုက်မိလေ၏။

ကင်းဖီးလ်သည် လဒ်ဒလို၏ စိတ်ကူးကို တွေးမိသော်လည်း ရယ်ချင်စိတ်ကို မျိုသိပ်ထားလိုက်လေသည်။

မိုက်ကယ် ဗိုဂလာသည် သူ့သမီး ဒိုင်ယာနီကို သမီး ကြိုက်နှစ်သက်သော 'တွမ်တီ့ဝမ်းကလပ်' သို့ ခေါ်ဆောင်သွားသည်။ သူ လူလတ်ပိုင်း အရွယ်သို့ ရောက်မှ မွေးဖွားသော ဒိုင်ယာနီသည် အသက် ၂၅ နှစ် ရှိနေလေပြီ။ ဒိုင်ယာနီ ကလေးဘဝကပင် သူ့မိခင် ကွယ်လွန်သွားခဲ့သည်။ သူသည် နောက်ထပ် အိမ်ထောင် မပြုတော့သည့်အပြင် မိခင် ဆုံးရှုံးရမှုကို လျော်ကြေးပေးသည့် အနေနှင့် ဒိုင်ယာနီ လိုချင်သမျှကို မငြင်းဆန်ဘဲ အားလုံးကို ပေးခဲ့သည်။

မိုက်ကယ် ဗိုဂလာ ထိုကဲ့သို့ လုပ်လိုက်သောကြောင့် ဖရန်ကင်စတိန်း၏ မကောင်းဆိုးဝါး သတ္တဝါမျိုး တစ်ကောင်ကို ဖန်တီး ပေးလိုက်ခြင်း ဖြစ်သည်ဟု အချို့သော ပုဂ္ဂိုလ်များက မိုက်ကယ် ဗိုဂလာ မကြားအောင် ပြောကြ ဆိုကြသည်။ မှန်ပါသည်။ ပစ်ပစ်ခါခါ ဝေဖန်ကြသော ပုဂ္ဂိုလ်များကပင် ဒိုင်ယာနီသည် ကြက်သေ သေသွားအောင် ချောမောသော မကောင်းဆိုးဝါးလေး ဖြစ်သည်ဟု ဆိုကြသည်။ ကြေးနီရောင် ဆံပင်၊ မီးခိုးရောင် မျက်လုံး၊ နူနယ် လှပသော မျက်နှာနှင့် ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပေါက်တို့ကို မိခင်ဖြစ်သူထံမှ အမွေရခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် မိုက်ကယ် ဗိုဂလာကြောင့် အင်မတန် ကြည့်၍ကောင်းသော သားရဲ တိရစ္ဆာန်စိတ် ဝင်လာရခြင်း ဖြစ်ပါ၏။ ဒိုင်ယာနီသည် ခေါင်းမာသည်။ တစ်ကိုယ်ကောင်းဆန်သည်။ ထိန်းသိမ်းကွပ်ကဲရန် ခက်ခဲသည်။ ပြီးတော့ ထို့ထက်ပင် ဆိုးရွားသေးသည်ဟု သူ့အကြောင်း မကောင်းပြောသူများက ဆိုကြသည်။

ထိုကိစ္စကလည်း မှန်ပြန်ပါသည်။ ဒိုင်ယာနီအဖို့ တင့်တိုင်းကြဲနိုင်စွမ်း ရှိနေပါသည်။ သူ့ကို မွေးဖွားလာသော နေ့တွင် မိုက်ကယ်ဗိုဂလာက ဒေါ်လာသန်းနှစ်ဆယ်ကို ပြန်ရုပ်သိမ်း၍ မရသော ဂေါပကရန်ပုံငွေ တစ်ရပ်အဖြစ် သူ့အတွက် တည်ထောင်ပေးခဲ့သည်။ သူ တစ်ဆယ့်ရှစ်နှစ်သမီး အရွယ်တွင် အဆိုပါရန်ပုံငွေမှ ဝင်ငွေများကို စတင်၍ ရရှိတော့သည်။ ထိုအချိန်တွင် မတည် ငွေကလည်း နှစ်ဆဖြစ်လာခဲ့လေပြီ။

တစ်နှစ်လျှင် ဝင်ငွေ ဒေါ်လာလေးသန်းရှိသော မိန်းကလေးတစ်ယောက် အနေနှင့် မဝယ်နိုင်သည့် ပစ္စည်းမရှိကြောင်း ဒိုင်ယာနီက သက်သေပြခဲ့သည်။ ပြည်ပြေးဘဝကို ပို၍ လိုလားသော ဒိုင်ယာနီတွင် လန်ဒန်ရှိ ပတ်ခ်လိန်းနှင့် ပဲရစ်ရှိ အဲဗင်းနယူးဖော့ချ်တို့၌ အိမ်ခန်းများ၊ ပြင်သစ်မှ ရီးဗီးရီးယားကမ်းခြေနှင့် စပိန်မှ ကိုစတာဒဲလ်ဆောလ်တို့တွင် နေအိမ်များ ရှိနေလေသည်။ ဒိုင်ယာနီ အဝတ်အစား ဝယ်ယူပုံက ဂျက်ကီ အိုနာဆစ်ကို အင်မတန်



နှမြောသော အဝတ်အစား မဝတ်ဆင်တတ်သူ တစ်ယောက် ဘဝသို့ ရောက်ရှိ သွားစေခဲ့သည်ဟု အတင်းအဖျင်း ရေးသော သတင်းစာ ဆရာများက ဆိုကြသည်။ သူ့ထံတွင် သူ့မိခင် ပိုင်သော လက်ဝတ်ရတနာ အများအပြားရှိသည်။ ပိုများသော ရတနာများကို ဒိုင်ယာနီအား ပေးကြသည်။ အချို့ကို သူ့ဖခင်က ပေးခြင်း ဖြစ်သည်။ သူ့ဖခင်သည် ဒိုင်ယာနီနှင့် ပတ်သက်လာပါက ကိစ္စတိုင်းတွင် သဘောထားကြီးသူ ဖြစ်သည်။ ဒိုင်ယာနီဘဝမှ အမျိုးသားများနှင့် ပတ်သက်လာလျှင်တောင်မှ သဘောထားကြီးသူ ဖြစ်သည်။

ဒိုင်ယာနီ၏ ဘဝတွင် အမျိုးသားပေါင်းများစွာ ရှိခဲ့သည်။ ထို့နောက် ဆင်ခြေများရှာ၍ ကန်ထုတ်ခဲ့ရသည်။ ချမ်းသာ ကြွယ်ဝသော အမျိုးသမီး အများစုတွင် တိတ်တိတ်ပုန်း ဇာတ်လမ်း အများအပြား ရှိတတ်ကြသည်။ တစ်နေ့သော အခါတွင် ဒိုင်ယာနီသည် ပို၍ လူလားမြောက်လာပြီး တာဝန်သိတတ်လာမည် ဆိုပါက သူ့နေပုံ ထိုင်ပုံကို ပြောင်းလဲ ပစ်ပါလိမ့်မည်။ ခု လောလောဆယ်တွင်တော့....။

ဒိုင်ယာနီသည် ဥရောပတိုက်တွင် လပေါင်းများစွာ နေထိုင်ခဲ့ပြီး သူ့ဖခင်ထံ တယ်လီဖုန်းနှင့် အဆက်အသွယ် ပြုလုပ်ခဲ့သည်။ ဖခင်ကြီးက သူ့ထံသို့ ပြန်မလာသောကြောင့် သူက ဖခင်ဖြစ်သူထံ



www.burmeseclassic.com

www.burmeseclassic.com

လိုက်လာခဲ့ခြင်းဖြစ်သည်။ ဒိုင်ယာနီက 'တွမ်တီဝမ်းကလပ်'သို့ သွားမည် ဆိုသည့်တိုင်အောင် သမီးဖြစ်သူအား ညစာ ခေါ်ကျွေးခွင့် ရသည့်အတွက် မိုက်ဗိုဂလာ အူမြူးနေသည်။ ယခု သူတို့သည် သူတို့၏ စားပွဲ၌ ယမကာ သောက်နေကြသည်။

ဒိုင်ယာနီသည် ၁၉၆၉ ခုနှစ်က ပြုလုပ်ခဲ့သော စံချိန်မီ ဗွန်ပီရီနွမ်ရှန်ပိန်ကို တစိမ့်စိမ့်မျှဉ်းသောက်ရင်း ပေါက်တတ် ကရ များကို ပြောဆို နေသည်။ နောက်ဆုံးတွင် သူ့ဖခင် ခြောက်ဆယ့်သုံးနှစ်အရွယ်နှင့် သူ့ ဆယ့်ရှစ်နှစ်သမီး အရွယ်က စ၍ ဆွေးနွေးလာသော ဘာသာရပ်ဆီသို့ ဦးတည်၍ ပြောဖြစ်တော့သည်။

'ဘယ်အချိန်ကျမှ အငြိမ်းစား ယူမှာလဲ ဒက်ဒီရယ်'

ရှန်ပိန်ကို မုန်းသော မိုက်ဗိုဂလာက ရေခပ်များများ ရောထားသော 'ဂျက်ဒင်နီရယ်' ဝီစကီကို ခပ်များများ သောက်ရင်း စိတ်ထဲက သက်ပြင်းချလိုက်၏။

'တစ်နေ့နေ့ပေါ့ မင်းသမီးကလေးရယ်'

မင်းသမီးကလေး ဆိုသည့် အခေါ် အဝေါ်မှာ ၁၉၇၁ ခုနှစ်က စ၍ သူ့ဟာသလုပ်ခဲ့သော စကားဖြစ်သည်။ အတင်းအဖျင်း ဆောင်းပါး ရေးသူများက ဒိုင်ယာနီသည် ချားလ်စ်မင်းသားကလေးနှင့် ထိတ်ထိတ်ပုန်း ချစ်ကြိုက် နေကြောင်း ရေးသားကြသည်။ ထို့နောက် များမကြာမီ ချားလ်စ်မင်းသား



ကလေးသည် အခြား 'ဒီ' တစ်ယောက်နှင့် ဆက်ထပ်သွားခဲ့သည်။

ဒိုင်ယာနီက သူ့ဖခင်ကို နားမလည်နိုင်ပါ။ သူကတော့ စိတ်ထင်တိုင်း ပျော်နေသည်။ ကမ္ဘာပေါ်ရှိ အချမ်းသာဆုံး ပုဂ္ဂိုလ်များ စာရင်းတွင် ပါဝင်သော 'မိုက်'သည် အဘယ်ကြောင့် ထိုကဲ့သို့ နေနိုင်ရလေသနည်းဆိုသော ကိစ္စမှာ အဖြေထုတ်၍ ရသော ပြဿနာပင် ဖြစ်သည်။ ဒိုင်ယာနီ၏ အမြင်တွင် သူသည် လခ နည်းနည်းသာ ရသော စန်ထမ်းတစ်ယောက်၏ နွားထီး တစ်ကောင်ကဲ့သို့ ရုန်းနေရသည်ဟု မြင်နေမိသည်။

'ကျန်တဲ့ ဘဝ အချိန်ပိုင်းမှာ ပျော်ပျော်ကြီး နေသင့်တာပေါ့ ဒက်ဒီရယ်'

'အကြိုက်ချင်း မတူကြဘူးလေ၊ ပျော်စရာဆိုတာ အမျိုးမျိုး ရှိတာပဲ'

'ဒက်ဒီ မရှိဘဲနဲ့လဲ ဗွီအိုင်အီးက ဆက်ပြီး ရှင်သန်နေမှာပါ ဒက်ဒီရယ်'

'ငါလိုချင်တဲ့ ပုံစံတော့ ဖြစ်မှာမဟုတ်ဘူး'

မိုက်က ဆေးပြင်းလိပ်ကို ခပ်နာနာ ဖိုက်လိုက်၏။ သူသည် ဗွီအိုင်အီး ဖြစ်သည်။ သူ့နေရာတွင် မည်သူ ဆက်ခံမည်နည်း။ တစ်ယောက်မှ မရှိပါ။

ဒိုင်ယာနီက ဇွတ်ထပ်ပြောသည်။

'ဒက်ဒီက ဘီလီယံနဲ့ ချီပြီး ချမ်းသာနေပြီပဲရှင်'

'မင်းကလဲ အမွေဆက်ခံမယ့်လူလေ'



www.burmeseclassic.com

www.burmeseclassic.com

ငါ ဆက်ပြီး အလုပ်လုပ်နေတဲ့ ရည်ရွယ်ချက်က အဲဒါကြောင့်ပဲ ဟု သူ့ စိတ် ထဲ က ဆက်ပြော လိုက်၏။

'ခုလို ဒက်ဒီက သ တိ ပေး တာ ဟာ ကြိမ်နဲ့ ရွယ်လိုက်တာလား၊ ပျားရည်နဲ့ ဖမ်းချတာလားဟင်'

'တစ်ခုမှမဟုတ်ဘူး၊ ဒါပေမယ့် ပွင့်ပွင့်လင်းလင်း ပြောစမ်းပါကွာ၊ ငါက အဲဒါတွေ အားလုံးကို မရဟိတ လုပ်ငန်းတွေအတွက် လှူ ပစ် ခဲ့ စေ ချင် သလား'

'ဟင့်အင်း'

ဒိုင်ယာနီက ရှန်ပိန်ကို သောက်ချလိုက်သည်။

'အဲဒါကြောင့်တော့ ဒက်ဒီ အငြိမ်းစားယူလို့ မရဘူးဆိုတဲ့ အစီအစဉ်ယ် မသက်ရောက်ပါဘူး'

'ငါ့မှာ လုပ်စရာတွေ အ များ ကြီး ကျန်သေး တယ်'

ရှေးဟောင်း ရန်ဖကြွေးတွေကိုလည်း ဆပ်စရာ အများကြီး ရှိသေးတယ်ဟု မိုက် ဗို ဂ လာ က တွေးလိုက်သည်။ ပထမနှင့် နောက် ဆုံး အ ဖြစ် ချားလ်စ်ကင်းဖီးလ်နှင့် စာရင်း ရှင်းရပေလိမ့်မည်။ သူ့ မနိုးသည် အိ ကျ သွား သည်။ သူကိုယ်တိုင် စာရင်းရှင်းနိုင်မည်တော့ မဟုတ်ပါ။ သူကိုယ်တိုင် ဝင် ကြဲ ခွင့် ပြု မည့် အ စား စား ပွဲ နောက် တွင် ထိုင်၍ ညွှန်ကြားချက်များကိုသာ ထုတ်ပြန်နေရ သော ဇရာဖိစီးမှုကို ကျိန်ဆဲလိုက်မိ၏။

သူ့ စိတ်ဓာတ် ကျဆင်းသွားကြောင်း ဒိုင်ယာနီ သိလိုက်သည်။ ဒိုင်ယာနီက ယမကာဖန်ခွက်အသစ်ကို နောက်ထပ် လာ ပို့ ချိန် အ' ထိ စောင့် လိုက် ၏။ မိုက်ဗိုဂလာအား ကျေးဇူး တင်ကြောင်း၊ တစ်နည်း နည်းနှင့် ပြသမှုမျိုးကို မိုက်က ကြည် ကြည် နူး နူး တုံ့ ပြန်တတ်ကြောင်း ဒိုင် ယာ နီ သိရှိထားသော ကြောင့် တောင်း ပန် သော အ မြုံး က လေး ကို ပြုံးပြလိုက်သည်။

'ဒီအိုမာဆန် ဇနီး မောင်နှံကို ငြိမ်သွားအောင် လုပ်ပေးခဲ့တဲ့အတွက် ဒက်ဒီ့ ကို သမီးက ကျေးဇူးတင် စကား ပြောပြီးပြီလား'

လွန်ခဲ့သည့် သုံးလခန့်က တော် တော် ဆိုး ရွား သော အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့သည်။

'ဟင့်အင်း၊ မင်း မပြောရသေးဘူး'

ဒိုင်ယာနီက သံတိတရနှင့် ပြောလိုက်သောကြောင့် ကျေနပ်သွားသော မိုက်က ပြုံးလိုက်သည်။

'အာပဲဖြစ်ဖြစ် မင်း ကျေးဇူးတင်ရမှာက ငါ မဟုတ်ဘူး'

'ဟုတ် ပါ တယ် လေ၊ တစ် ယောက် ယောက် ကတော့ ကျေးဇူး တင်တာကို ခံ ထိုက် တာ ပေါ့ ဒက်ဒီရယ်'

'မင်းက သူ့ ကို ကိုယ်တိုင် ကျေးဇူးတင်ရင် ပိုကောင်းလိမ့်မယ်၊ ဒီတစ်ပတ် တစ် ရက် ရက်မှာ ငါ့ရုံးခန်းကိုဝင်ခဲ့၊ ငါ သူ့ ကို ခေါ် ထားမယ်'

'ဒက် ဒီ က ရယ် စ ရာ ပြော နေ တာ လား' ဒိုင်ယာနီက ခေါင်းခါလိုက်၏။ 'အဲဒါထက် ပိုပြီး ရှုံ့ချပျက်စေမယ့်ကိစ္စ မရှိနိုင်တော့ဘူးလို့ သမီး ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဒါကတော့ အကြံ ပေးတာပါ မင်းသမီး ကလေးရယ်၊ မင်းသဘောအတိုင်းပါပဲ'

ထိုစကားကို စတင် ပြောဆိုမိတာ သူ့အမှားပဲဟု ဗိုင်ယာနီက စိတ်ခပ်တိုတိုနှင့် တွေးလိုက်၏။

'အဲဒါ စိတ် အနှောင့်အယှက် မဖြစ် စေဘဲနဲ့ ခပ်မြန်မြန် ပြီးနိုင်ပါ့မလား ဗက်ဒီ'

'ရပါတယ်၊ ဟယ်လို အစစ အရာရာအတွက် ရှင့်ကို ကျွန်မက ကျေးဇူးတင်တယ်လို့ ပြောချင် ပါတယ်၊ ရှင်နဲ့ တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်၊ ဂွတ်ဒ်ဘိုင်၊ အဲဒီနောက်တော့ လူတိုင်းပျော်ရွှင်သွား ကြမှာပဲ'

'ဗက်ဒီ အပါအဝင်လား'

'ဟုတ်တယ်၊ ငါလဲပါတယ်'

'ကောင်းပါပြီ ဗက်ဒီရယ်'

ဗိုင်ယာနီက စိတ်ပျက်သံနှင့် ပြောလိုက်ပြီး ခပ်ရွှင်ရွှင်လေသံနှင့် ပြောလိုက်၏။

'အစားအသောက် စာရင်းကို တောင်းကြည့်ကြ ရအောင် ဗက်ဒီ၊ သမီးတော့ သိပ်ဆာနေပြီ'

လောလောဆယ်တွင် စတီဖင်ပက်ဂျက်နှင့် တတွဲတွဲ ဖြစ်နေသော တယ်လီဗီးရှင်း မင်းသမီးကလေးသည် သူ့မိဘများနှင့် တွေ့ရန် အိုဟိုင်အို ပြည်နယ်သို့ သွားရောက်နေသည်။ ထို့ကြောင့် စတီဗ်သည် နောက်တစ်ယောက်နှင့် တွေ့ဆုံရန်အတွက် ပထမ တစ်ယောက်နှင့် အစီအစဉ်ဖျက်ပစ်ရန် မလိုတော့ပါ



ဘာဘာရာဟန်မွန်းကမူ စတီဖင်ပက်ဂျက်နှင့် ညစာ စားရန် အတွက် ပထမ ချိန်းဆိုထား ချက် ကို ဝမ်းမြောက် ဝမ်းသာ ပယ်ဖျက်ပစ်လိုက်သည်။ ဘာဘာရာဟန်မွန်းသည် ဆံပင် နက်နက်နှင့် အရပ် ခြောက်ပေရှိပြီး လေးဆယ့်ကိုးနှစ်အရွယ် မိန်းမချော တစ်ယောက်ဖြစ်သည်။

သူ၏ ဟန်မွန်း စုံစမ်းရေး ဌာနသည် အစ ပထမတွင် နာမည်ကြီးပုဂ္ဂိုလ်များ မည်သည့်နေရာ၌ ရှိနေသည်ကို လိုက်လံစုံစမ်းပြီး အခကြေးငွေယူ၍ သတင်းပေးသော အလုပ်ကို စတင် လုပ်ကိုင်ခဲ့သည်။ ထို့နောက်တွင်ကား ထိုလုပ်ငန်းသည် နိုင်ငံတစ်ခွင် လုံးတွင် ရုံးခွဲများ ထားရှိ၍ ဆောင်ရွက်ရသော လုပ်ငန်းကြီး ဖြစ်လာသည်။

အတိတ်ကာလတွင် စတီဖင်ပက်ဂျက်က ဘာဘာရာ ဟန်မွန်းအား ကျေးဇူးပြုမှုများ ရှိခဲ့သည်။ ထိုနည်းတူစွာပင် ဘာဘာရာကလည်း ပြန်၍ကျေးဇူး ပြုခဲ့သည်။ ယခု တစ်ကြိမ်တွင် စတီဖင်ပက်ဂျက်က အကူအညီ တောင်းခံရမည့်အလှည့် ဖြစ်သည်။ စတီဖင်ပက်ဂျက်က သူ၏ စာတွဲတွင် 'ချားလ်စ် ကင်းဖီးလ်နှင့် သူနှင့် နီးစပ်သူများ အကြောင်း ဖြည့်စွက်ထားလိုကြောင်း ပြောပြလိုက်သည်။

'သူ့ရဲ့ နောက်ဆုံး ဟိုလိုလိုဒီလိုလို အယ်လီဆန် ဘရိုက်ချ် အပါအဝင်လား'

ဘာဘာရာဟန်မွန်းက မေးလိုက်ခြင်း ဖြစ်ပါ၏။

'အပါအဝင် ဟုတ်လား၊ အဲဒါကို အထူးတလည် သိချင်တာပဲ၊ သူက ကင်းဖီးလ်ရဲ့ ပိုက်ဆံတွေကို



www.burmeseclassic.com

www.burmeseclassic.com

သုံးစွဲပြီး ၄င်း လုပ်ငန်းကြီး တစ်ခုကို ဖုံးဖုံးဖိဖိ လုပ်ကိုင်နေတယ်။ ကျွန်တော် ကြားရသလောက်ကတော့ ခု အတောအတွင်း ကင်းဖီးလ်က သူ့ဦးနှောက်နဲ့ပဲ တွေးနေတယ်လို့ ကြားရတယ်'

'နှပ်ကြောင်းကလေးတွေတော့ ပေးဦးမှပေါ့ရှင်၊ ရှင်က ကင်းဖီးလ်၊ ကရိုတ်ချ်နဲ့ အခြား ပုဂ္ဂိုလ်တွေနဲ့ ဆက်သက်ပြီး ဘယ်လိုကိစ္စမျိုးတွေမှာ စပ်စုချင်သလဲ ဆိုတာမျိုးပေါ့ရှင်'

'ဘာပဲ ဖြစ်ဖြစ် အားလုံးကို အတိတ်ကစပြီး ပစ္စုပ္ပန်အထိ သိချင်တာဗျ၊ သူတို့ကို ဘယ်သူတွေနဲ့ ဘယ်နေရာမှာ တွေ့ခဲ့ မြင်ခဲ့ရတယ်၊ အတိတ်က ဒုစရိုက်တွေနဲ့ လက်ရှိ ကိစ္စတွေ အားလုံးကို သိချင်တာဗျ တချို့တစ်ဝက်ကိုတော့ ကျွန်တော် သိထားပါတယ်၊ ဒီတော့ ကျွန်တော် သိပြီးသားတွေကို ထပ်စုံစမ်းမိပြီး အချိန် ပုပ်မကုန်အောင် ကျွန်တော့်ဆီက စာတွဲရဲ့ မိတ္တူတွေကို ပို့လိုက်မယ်'

ဘာဘရာဟန့်မွန်းက ခေါင်းညိတ်ပြီး ပြုံးပြလိုက်လေ၏။



# ၇

၁၉၆၀ ပြည့်နှစ်တွင် ပျင်းရိငြီးငွေ့နေသော လူဖြူများသည် လူမည်း အာဖရိကန်နိုင်ငံ တစ်ဒါဇင်ခန့် ပေါ်ထွက်လာအောင် မြေပုံပေါ်တွင် နယ်နိမိတ်မျဉ်းများ ရေးဆွဲခဲ့ကြသည်။ လူမျိုးစု အချင်းချင်း ယှဉ်ပြိုင်မှုများ၊ စီး ပွား ရေး ဆိုင် ရာ ဒိဋ္ဌမမှ အချက်အလက်များ စ သည် တို့ ကို ထည့်သွင်းမစဉ်းစားဘဲ မိုက်မိုက်ကန်းကန်း ဆောင်ရွက်ခဲ့ကြသောကြောင့် စင်ထရယ် အာဖရိကန်ရီပတ်ဘလစ်၊ ချဒ်၊ ဆိုမားလီးယားနှင့် ဇိုင်ယာလို နိုင်ငံများ ပေါ်ထွက်လာခဲ့ကြသည်။

ရလဒ်ကိုတော့ ရှောင်လွှဲ၍ မရပါ။ နိုင်ငံအချင်းချင်း၊ လူမျိုးစုအချင်းချင်း၊ မိမိတို့အချင်းချင်း တိုက်ခိုက်ကြသော စစ်ပွဲများ၊ ဘာသာရေး၊ လူမျိုးရေးကြောင့် ဖြစ်ပေါ်လာသော စစ်များကြောင့် သန်း ပေါင်း များ စွာ သေကြရသည်။ လုပ်တတ် မကိုင်တတ်သော သို့မဟုတ် အကျင့်ပျက်ပြားသော အမျိုးသား အ စိုး ရ များ က အုပ်ချုပ်ရန် မဆိုထားဘိ၊ ကြိုတင်ကာကွယ်ရန်ပင် တတ်နိုင်သော ဒုဘိက္ခန္တရကပ်နှင့်ရောဂန္တရကပ်များ



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ရောက်လာမှုကြောင့် လူ သန့်ပေါင်း များစွာ အသက်ဆုံးရှုံးကြရသည်။

မည်သည့် လူဖြူ ကိုလိုနီ အရှင်သခင်များကမှ ရယူလိုခြင်း မရှိသော ကုန်းတွင်းပိုင်း စတုရန်းမိုင် ၃၅၀၀၀၀ ရှိသော နေရာ တစ် နေ ရာ ကို မြေပုံ ရေးဆွဲသော လူဖြူများသည် ဦး နှောက် ပျက် သူ များဟု ဆိုရပါမည်။ ထိုနိုင်ငံသည် ပြင်သစ်နိုင်ငံ ထက် သုံးပုံတစ်ပုံ ပိုကြီးမားပြီး ကာဆယ်လီဖိုးနီးယား ပြည်နယ်၏ နှစ်ဆရှိသည်။ လူဦးရေ သုံးသန်းကျော် ရှိပြီး 'မဝမ်ဒီသမ္မတနိုင်ငံ' ဟု အ မည် ပေး ထား သည်။ ၎င်းနိုင်ငံ၏ မြောက်ဘက်တွင် နိုင်ဂျီးရီးယား ရှိပြီး အရှေ့ဘက်တွင် ချဒ်နိုင်ငံရှိသည်။တောင်ဘက် တွင် စင်ထရယ် အာဖရိကန်ရီပတ်ဘလစ်နိုင်ငံ ရှိပြီး အနောက်ဘက်တွင် ဂါဘွန်နှင့် ဘာဆိုတိုနိုင်ငံများ ရှိသည်။ ဘာဆိုတိုနိုင်ငံက မဝမ်ဒီသမ္မတနိုင်ငံအား အက်တလန်တစ် ကမ်းခြေသို့ မ ထွက် နိုင် အောင် ပိတ်ဆို့ တားဆီးထားသည်။

မဝမ်ဒီသမ္မတနိုင်ငံ၏ ခေတ်သစ် ရာဇဝင်သည် ပြင်သစ်က ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့ပြီး ချက်ချင်း 'နောင်တ' ရ သွား သော ၁၉၁၀ ပြည့် နှစ် က စတင်ခဲ့သည်။ ထိုဒေသ၏ အများစုတွင် စိုက်ပျိုး၍ မရသော တောင်ကြီးများနှင့် လူနေ၍ မရသော သဲကန္တာရများသာ ပါဝင်သည်။ မဝမ်ဒီ၏ကျန်သော ဒေသမှာ လူမှုရေးနှင့် စီးပွားရေးအရ ဘေးဥပဒ် ကျရောက်နေသော နေ ရာ များ ပင် ဖြစ်သည်။ နေထိုင်ကြသော လူများမှာ ဘိုးစဉ်ဘောင်ဆက်က



စ၍ အချင်းချင်း ရန်ဖြစ်နေကြသော လူမျိုးစုပေါင်း များစွာပင် ဖြစ် သည်။ သူ တို့ သည် ပြောင်း ဥ၊ မြေပဲ၊ လူးဆန်၊ စပါး အနည်းငယ်နှင့် သကြားတို့ကို ထုတ်လုပ်သည်။ ပြီးတော့ ကျွဲ နွား စသည်တို့ကို မွေးမြူသည်။

ပြင်သစ်နိုင်ငံက ထိုနေရာအား အပြစ်ရှိသူများကို မဲဇာပို့သော နေရာအဖြစ် သတ်မှတ် ထား သည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပြီးနောက် ပြင် သစ် ကျ ဆုံး သွားသောအခါ လက်ရှောင်ရန် ဆင်ခြေဆင်လက် ရရှိသွားသည်။ ၎င်းတွင် မဝမ်ဒီ လူမျိုးစုများသည် မည်သည့်အခါတွင်မှမရှိနိုင်သောလူမျိုးစုအချင်းချင်း သတ်ဖြတ်ပွဲကြီးကို စ တင် တော့ သည်။ ၎င်းတွင် အနီးအနားရှိ ဗြိတိသျှ ကိုလိုနီများ ဖြစ် ကြ သော နိုင် ဂျီး ရီး ယား နှင့် ဘာ ဆို တို တို့မှ ဗြိတိသျှ အလုပ်သမားများနှင့် စစ်သားများကို စေလွှတ်၍ လစ်ဟာသွားသော နေရာတွင် ဝင်ဖြည့်ပေးကြသည်။

ဗြိတိသျှတို့က တ ရား ဥ ပ ဒေ နှင့် အုပ်ချုပ်၍ မ ရ အောင် ကြိုး စား ခဲ့ သ လို အ ခြေ အ နေ ကောင်းလာအောင် ကြိုးစားခဲ့သည်။ ကျောင်းနှင့် ဆေးရုံအချို့ကို ဆောက်လုပ်ပေးသည်။ လူမျိုးစု ကောင်စီများကို ဖွဲ့စည်းပေးသည်။ အစားအသောက် ထုတ်လုပ်မှု ပိုမို တိုးတက်လာသည်။ ကျေးဇူးတင်လှ သောကြောင့် မဝမ်ဒီ လူ မျိုး များ က အင်္ဂလိပ် ဘာသာကို တရားဝင် သုံးစွဲသော ဘာသာအဖြစ် သတ်မှတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၅ ခုနှစ်တွင် ဥရောပ စစ်ပွဲကြီး ပြီးဆုံးသွားသည်။ ပြင်သစ် နိုင်ငံက ဝန်ထုပ်ဝန်ပိုး ဖြစ်နေသော ကိုလိုနီကို ပြန်လည် တောင်းခံခြင်း မပြုပေ။ သို့ရာတွင် ၁၉၆၀ ပြည့်နှစ်သို့ ရောက်သောအခါ လွတ်လပ်ရေး ပေးသင့်သည်ဟု တောင်းဆိုတော့သည်။ ဗြိတိသျှတို့ကလည်း ဝမ်းမြောက်ဝမ်းသာစွာနှင့် ဖယ်ပေးခဲ့ကြသည်။ အချင်းချင်း သတ်ဖြတ်သော စစ်ပွဲ ပြန်လည် ဖြစ်ပေါ်လာပြီး ဟင်နရီဂါဒူးဆိုသူ ပေါ်ထွက်လာရန် လမ်းခင်းပေးလိုက်လေတော့သည်။

လူများစုဖြစ်သော အက်ဂဘီလူမျိုးစု၏ ထီးမွေနန်းလျာကို ဆက်ခံရမည့် ဟင်နရီဂါဒူးသည် အသက် ဆယ့်ရှစ်နှစ်အရွယ် ၁၉၅၄ ခုနှစ်တွင် ဗြိတိသျှတို့က တည်ထောင်ပေးသော မဝခ်ဒီ တာကွယ်ရေး တပ်ဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ စံပြစစ်သားတစ်ယောက် ဖြစ်သောကြောင့် ဆက်လက်ပညာ သင်ကြားရန် အတွက် အင်္ဂလန် နိုင်ငံသို့ စေလွှတ်ပြီး တော်ဝင် စစ်တက္ကသိုလ် ဖြစ်သော ဆင်းဒ်ဟတ်တွင် တစ်နှစ် သင်ကြားခွင့် ရခဲ့သည်။ ကံဆိုးချင်တော့ ရွေးချယ်သည့် နည်းစနစ်တွင် စိတ်ပညာဆိုင်ရာ အကဲဖြတ်မှုများ မပါဝင်ခဲ့ပါ။ သို့ရာတွင် ထိုကိစ္စကလည်း 'လွန်'သွားမှ သတိရကြခြင်း ဖြစ်သည်။

လွတ်လပ်ရေး ရရှိပြီး နောက်ပိုင်းတွင် ဟင်နရီဂါဒူး တစ်ဟုန်ထိုး ရာထူး မြင့်လာသည်။ ဗိုလ်မှူးချုပ်ရာထူးကို ရယူထားသော ဟင်နရီဂါဒူးက



သမ္မတအဖြစ် ခံယူခဲ့သည်။ ထို့နောက် ထွင်ကား ဟင်နရီဂါဒူးသည် အမေရိကန် နိုင်ငံကို မျက်စပစ်လေတော့သည်။

အာဖရိကတိုက် အလယ်ပိုင်းတွင် မဟာဗျူဟာမြောက် လေတပ်စခန်း ရှိသင့်သည်ဆိုသော သူ့ထောင်ချောက်ထဲသို့ အမေရိကန်များ အလွယ်တကူ ဝင်ရောက်လာကြသည်။ သူတို့က အလွန်ကြီးမားသော လေယာဉ်ပျံ ကွင်းကြီးကို ဗဟိုပြု၍ ဗျူဟာမဟာ ဆောက်လုပ်ရေး အစီအစဉ် တစ်ခုကို ဆောင်ရွက်ခဲ့ကြသည်။ ၁၉၆၆ ခုနှစ်တွင် အဆောက်အအုံများကို ဆောက်လုပ်၍ ပြီးစီးသွားသောအခါ ဟင်နရီဂါဒူးက အမေရိကန် အစိုးရက စီးပွားရေး အကူအညီ မြောက်မြားစွာ ပေးရမည်ဟု တောင်းဆိုသည်။ လင်ဒန်ဂျွန်ဆင်အစိုးရက ငြင်းပယ်ခဲ့သည်။ ဂါဒူးက အမေရိကန်များကို နှင်ထုတ်ပြီး သူတို့ ဆောက်လုပ်ခဲ့သမျှကို သိမ်းပိုက်ခဲ့သည်။ အမေရိကန်နှင့် သံတမန် အဆက်အသွယ် ဖြတ်လိုက်သည်။

ဟင်နရီဂါဒူးသည် အရှေ့အုပ်စုကို မျက်စပစ်ပြန်၏။ သို့ရာတွင် အမေရိကန်တို့ စွန့်လွှတ်သွားသော လေယာဉ်ပျံကွင်းကို မည်သူကမှ မလိုချင်ကြပါ။

ဤတွင် ဟင်နရီဂါဒူး၏ ရူးသွပ်မှု အနာပြည်ထွက်လာလေ၏။ သူက နိုင်ငံအားလုံးနှင့် အဆက်ဖြတ်လိုက်သည်။ အကြီးကျယ်ဆုံးဘွဲ့ကိုလည်း ခံယူလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် **သူသည် စီးပွားရေး** ပြာ ပို ပေါ
အုပ်စိုးနေရကြောင်း သဘော ပေါက် လာ သည်။ သုံးသန်းကျော် ရှိသော လူထုကို ငြိမ် ဝပ် ပိ ပြား အောင် အုပ် စိုး ထား နိုင် သော် လည်း အ ခွန် ကောက်ခံ၍ မရနိုင်ပါ။ မဝမ်ဒီသည် အာဖရိက တိုက်တွင် အ ဆင်း ရဲ ဆုံးနိုင်ငံ ဖြစ်ပြီး နိုင်ငံဘဏ္ဍာ တိုက်၌ဟောင်းလောင်း ဖြစ်နေသလို လူတစ်ဦးချင်း၏ ဝင်ငွေမှာ ၇၃ ဒေါ်လာသာ ရှိသည်။ အမြတ်အစွန်း ရရှိရေးအတွက် ထုတ်လုပ်နိုင်မည့် သ ယံ ဇာ တ များ လည်း လုံးဝ မရှိပါချေ။

သို့ရာတွင် ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုသာ ဖြစ်နိုင်စရာ ရှိပါ၏။ အ စဉ် အ ဆက် က စ၍ မဝမ်ဒီ လူမျိုးများသည် အနောက်ဘက်ရှိ 'ဘာဆိုတို' မှ 'ဟူး' လူ မျိုး စု တို့ ၏ မြေသြဇာကောင်းသော လယ်မြေများနှင့် ကြွယ်ဝသော သယံဇာတတို့ကို လိုချင်မက်မောခဲ့ကြသည်။ ဘာ ဆို တို ကို ကိုလိုနီ အဖြစ် သိမ်းပိုက်ထားစဉ် ဗြိတိသျှတို့က အများကြီး ဆောင် ရွက် ပေး ခဲ့ သည်။ လွတ် လပ် ရေး ရ ရှိ ပြီး နောက်ပိုင်းတွင် ဘာဆိုတို နိုင်ငံ၏ စီးပွားရေးကို လက် ဝါး ကြီး အုပ် ထား နိုင် သော အမေရိကန် ကော်ပိုရေးရှင်းကြီး တစ် ခု ဖြစ် သည့် ဗို ဂ လာ အင်တာနေရှင်နယ်အင်တာပရိုက်စ်ကြောင့် ဘာဆိုတို သည် ပို၍ ကြီးပွား ဖွံ့ဖြိုးလာခဲ့သည်။ လယ်ယာ လုပ်ငန်းကလည်း အလွန်မြတ်စွန်းသည်။ သယံဇာတ အနေနှင့် မှင်းဂနိစ်၊ သံ၊ ကြေးနီနှင့် ယူရေနီယမ်



များ ရှိနေသည်။ ဘာဆိုတိုတွင် သတ္တုသန့်စင်စက် အကြီးစား အနည်းငယ်တို့ ရှိနေကြသည်။

ဘာဆိုတိုကို သိမ်းပိုက်လိုက်ခြင်းဖြင့် ဟင်နရီဂါဒူး နှင့် မဝမ်ဒီ လူ မျိုး အား လုံး ၏ ပြဿနာများ ချက်ချင်း ပြေလည်သွားမည်။ သို့ရာတွင် ဟင်နရီဂါဒူး တွင် စစ်မက်ပြုရန် ငွေကြေးနှင့် လက်နက်ပစ္စည်း များ လိုအပ်နေသည်။ ကာ ကွယ် ရေး တပ် ဖွဲ့ နှင့် အမျိုးသား လုံခြုံရေးဗျူရို (အင်အက်စ်ဘီ) တို့သည် ပြည်တွင်းတွင် လုံလောက်ရုံမျှသာ ရှိပြီး ခေတ်မမီ သော လက်နက်များသာ ရှိနေသည်။

ထို့ နောက် ကင်း ဖီး လ် ကွန်ဆို လီ ဒိတ် တက်မှ ကိုယ်စားလှယ်များ ရောက် ရှိ လာ ကြ ပြီး ပဏာမ ကမ်းလှမ်းချက်များကို တင်ပြကြသည်။ ဟင်နရီဂါဒူး သည် နားထောင်ပြီး အကြီးအကျယ် တအံ့တသြ ဖြစ်နေသည်။ နောက်ဆုံးတွင် သူသည် ယုံကြည်သွားပြီး အားလုံးကို သဘောတူညီလိုက်လေ၏။ သူတို့ပြောဆို ဆွေးနွေးကြသည့် စ ကား များ ထဲတွင် စီစီအိုင်၏ ကိုယ်စားလှယ်တော်များက 'ဇွန်ဂို'နှင့် 'ကူ' ဒေသတို့ အကြောင်း လုံးဝ ထည့်သွင်း ပြောဆိုမှု မရှိသည်ကို သူ သ တိ မ ထား မိ သည် မှာ အံ့ သြ စ ရာ တော့ မဟုတ်ပါချေ။

'ဇွန်ဂို' သည် မဝမ်ဒီ၏ အရှေ့ဘက်ခြမ်းတွင်ရှိသော စတုရန်းမိုင်ပေါင်း ၁၀၀၀၀၀ ရှိသည့် လောကငရဲ သဲကန္တာရ ဖြစ်သည်။ နီဗားဒါးပြည်နယ် သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ယူနိုက်တက်ကင်းဒမ်း တစ်ခုလုံးခန့် ကျယ်ပြောသော ဤနေရာတွင် လှသွားသဖွယ် ဖြစ်နေသော တောင်ထွတ်များ၊ အလွန်မတ်စောက်သော ချောက်ကမ်းပါးကြီးများနှင့် ပြည့်နှက်နေသည်။ အပူချိန်သည် ၁၂၇ ဒီဂရီဖာရင်ဟိုက် အထိ ထိုးတက်သွားလေ့ ရှိသည်။ လူသတ္တဝါများသည် ဤနေရာတွင် အသက်ရှင်နေထိုင်နိုင်ခြင်း မရှိပါ။ တောတိရစ္ဆာန်များနှင့် သစ်ပင် ဝါးပင် ဟူ၍ လုံးဝ မရှိသော လောက်ပင်ပြင်သစ်၊ ဗြိတိသျှ၊ အမေရိကန်နှင့် ရုရှမှ အဖွဲ့များသည် ခြောက်သွေ့ပြီး အသုံးမဝင်သော ဤဒေသထဲသို့ မြေပုံရေးဆွဲရန်နှင့် သယံဇာတများကို ရှာဖွေရန်အတွက် တစ်လှည့်စီ ဝင်ရောက်ခဲ့ကြသည်။ အားလုံး အဖြေမပေါ်ဘဲ ပြန်ထွက်လာခဲ့ကြရသည်။

ရွှန်ဂို သဲကန္တာရထဲမှ မသွားသင့်ဆုံး နေရာဟု သတ်မှတ်ထားသော နေရာမှာ မဝမ်ဒီ လူမျိုးများ အသုံးပြုလေ့ရှိသော ယိုရှုဘား ဘာသာစကားနှင့် 'ကူ' ဟု ခေါ်ပြီး 'မရဏဒေသမင်း' သို့မဟုတ် 'သေရန်' ဟု အဓိပ္ပာယ်ရသောနေရာပင် ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် ရုရှမှ လေ့လာရှာဖွေရေးအဖွဲ့ တစ်ဖွဲ့သည် ကူ ဒေသသို့ သွားရောက်ခဲ့သည်။ ထိုနောက်တွင်ကား ထိုနေရာ အနီး အနား သို့ မည်သူမှ မသွားကြတော့ပါ။ ၁၉၇၂ ခုနှစ်တွင် မြေငလျင် တစ်ခုက ကူ ဒေသကို အလယ်ဗဟိုမှ ဖြတ်၍ 'နိုင်ဂါ' နှင့် 'ချဒ်' အထိ ပြတ်ရွေ့ကြောင်း တစ်ကြောင်းကို ဖြစ်ပေါ်စေခဲ့သည်။ ငလျင်လှုပ်ပြီး ချိန်တွင်လည်း ထိုဒေသသို့ မည်သူမှ မသွားပါ။



ခနောက် နှစ် နှစ် ခန့် အကြာတွင် အရက်မူးနေသော အမေရိကန် တစ်ယောက်က ချဒ်နိုင်ငံ၏ မြို့တော် 'ဒီဂျားမီးရား' တွင် အမျိုးသမီး တစ်ယောက်ကို မတော်တဆ သတ်မိသည့် အချိန်အထိပင် ဖြစ်သည်။

အရက်မူးလွန်သည်ဟု နာမည်ဆိုး ရှိနေသော ဆောက်လုပ်ရေး အင်ဂျင်နီယာခရမ္မန် တက်ဂတ်သည် တစ်နေ့တွင် ဈေးပေါပေါ အရက် တစ်လီတာကို သောက်ခဲ့ပြီးနောက် မော်တော်ကားကို မထိန်းနိုင်ဘဲ အမျိုးသမီး တစ်ယောက်ကို သေအောင်ဝင်တိုက်ခဲ့မိသည်။ သူ ချက်ချင်း အမူးပြေသွားသည်။ မသေမချင် ဝိုင်း အရိုက်ခံရပြီး အဖမ်း ခံရပြီးနောက် ရုံးတင် စစ်ဆေးပြီး သူ့ဘဝ တစ် လျှောက် လုံး ထောင်ကျခံရမည့်အဖြစ်ကို တက်ဂတ် တွေးမိသည်။

သူ ပြေးနိုင်မှ လွတ်မည်ကို တက်ဂတ် သိသည်။ သူသည် ကုမ္ပဏီ ခြံဝင်းထဲသို့ ပြန်မောင်းလာပြီး ကားကို ရေပိုက်နှင့်ဆေး၍ ကိုယ်ပိုင် ပစ္စည်းများကို စုဆောင်း သိမ်းဆည်း တော့သည်။ သူက အစား အစာများ၊ သောက်ရေပုံးများနှင့် ဓာတ်ဆီပုံးများ၊ အပိုတာယာ စသည်များကို သူပိုင် ပစ္စည်းများနှင့် အတူ ကားပေါ်သို့ တင်လိုက်သည်။ သန်းခေါင်ယံ အချိန်တွင် သူသည် ချဒ်နှင့် မဝမ်ဒီ နယ်စပ်ကို ကျော်ဖြတ်၍ ရွှန်ဂို သဲကန္တာရထဲသို့ ရောက်ရှိနေလေပြီ။

နောက်တစ်နေ့ နံနက်တွင် သူ လုံခြုံမှု ရှိပြီဟု ခံစားလိုက်ရသည်။ ရွှန်ဂို သဲကန္တာရကို မည်သူမျှ တစ်ယောက်တည်း ကျော်ဖြတ်လိမ့်မည် မဟုတ်ဟု



www.burmeseclassic.com

www.burmeseclassic.com

အများက ယူဆကြလိမ့်မည်။ ထိုသဲကန္တာရကို ကျော်ဖြတ်နိုင်သည်နှင့် တစ်ပြိုင်နက် သူသည် လာဘ်ငွေ အနည်းငယ်ကို ပေးကမ်း စွန့်ကြဲပြီး မဝမ်ဒီမှ လူအများအပြား နေထိုင်သော နေရာသို့ ရောက်ရှိနိုင်သည်ဟု တထစ်ချ ယူဆထားသည်။ သူသည် မဝမ်ဒီမြို့တော် 'ဂါဒူး'သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ရနိုင်သော ပထမဦးဆုံး လေယာဉ်ကို စီး၍ ဤနိုင်ငံနှင့် အာဖရိကမှ ကမန်းကတန်း ထွက်ခွာသွားတော့မည်။

လမ်းဟူ၍ မရှိပါ။ တက်ဂက်က အိမ်မြှောင်နှင့် မြေပုံကိုသုံး၍ မောင်းနှင်လာခြင်း ဖြစ်သည်။ မောင်းနှင်ရသည်မှာ သူထင်ထားသည်ထက် ပို ကြမ်းတမ်းသည်။ သူ့မြေပုံကလည်း အတော်ကလေး ညံ့သည်။ စတုတ္ထမြောက်နေ့တွင် သူသည် တစ်နာရီလျှင် ပျမ်းမျှ ငါးမိုင်ပင်မမောင်းနိုင်တော့ဘဲ သူ့ဘာသာသူ မသိပါဘဲနှင့် ကူဒေသတွင် မျက်စိ လည်နေသည်။ မွန်းလွဲပိုင်း ကျော်သောအခါ မြေပုံ ထဲတွင် ဖော်ပြမထားသော မတ်စောက်စောက် ချောက်ကမ်းပါးကြီးတစ်ခုက သူ့လမ်းကို ပိတ်ဆို့ ထားတော့သည်။ သူက တောင်ဘက်သို့ ဦးတည် လိုက်ရာ သမိုင်းမတင်မီခေတ်က ဖြစ်ပေါ်နေခဲ့သော ရေမရှိတော့သည့် မြစ်တစ်မြစ်ကို တွေ့ရသောကြောင့် ထိုမြစ်အတိုင်း ဆက်လက် မောင်းနှင်သွားသည်။ တဖြည်းဖြည်းနှင့် ညာဘက်သို့ ထောင့်မှန်ချိုးကွေ့ လိုက်ရာ ထိုမြစ်သည် လျှိုမြောင် တစ်ခုထဲသို့ ဝင်ရောက်သွားတော့သည်။ ထို့နောက်



ထိုလျှိုမြောင်သည် မကြာသေးမီက ပြိုကျခဲ့ဟန် တူသော ကျောက်တုံး ကျောက်ခဲများနှင့် ပိတ်ဆို့ နေလေတော့သည်။

ရေမွှန်တက်ဂက်သည် ၁၉၈၂ ခုနှစ်က လှုပ်ခဲ့သော မြေငလျင် အကြောင်း ကြားသိထားသည်။ နေရောင်ခြည်ကလည်း နှစ်နာရီခန့်သာ ကျန်တော့ သည်။ သူ ဒီနေရာတွင် ဒီညအတွက် ရပ်နားရန် ဆုံးဖြတ်လိုက်သည်။ သို့ရာတွင် နံနက်ခင်းသို့ ရောက်ပါက မည်သည့်ဘက်သို့ ဆက်လက်၍ ခရီး ဆက်ရမည်ကို သိရှိအောင် 'လမ်း နည်းနည်း လျှောက်ကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

ရွှေများကို ရှာဖွေတွေ့ရှိမှု အများစုသည် မတော်တဆ ရှာဖွေတွေ့ရှိခဲ့ကြခြင်းသာ ဖြစ်သည်။ 'ဗွန်ဆတ်တာ'၏ မြေပေါ်တွင် အလုပ်လုပ်နေသော လယ်သမား တစ်ယောက်သည် မြေကြီးပေါ်မှ လက်လက် လက်လက် အစက်ကလေးများကို မြင်တွေ့ခဲ့ရသည်။ ဤနည်းဖြင့် ၁၈၄၉ ခုနှစ် ကာယ်လီဖိုးနီးယား ရွှေရူးထချိန် အစပျိုးခဲ့သည်။ ချစ်တောင်းလျှားမှ ရွှေတုံးများကို လူအများက ခလုတ် တိုက်မိခဲ့ကြသည်ဟု ဆိုရပါမည်။ ဆော်လမွန် ငါးဖမ်းသူ နှစ်ယောက်သည် ယူကွန် မြစ်ဖျား မြစ်လက်တက် တစ်ခုမှ ကမ်းပေါ်တွင် ရွှေရောင် တလက်လက်ဖြစ်နေသည်ကို မြင်တွေ့ရာမှ ကလုံဒိုက် ရွှေရူးထချိန် ပေါ်ပေါက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မြေလျှင်အင်အားက မြေအောက်သို့ ရောက်ရှိနေသော ရွှေတုံးများ အား မြေပြင်ပေါ် သို့ ရောက်အောင် မွှေနှောက် လှည့်ပတ်၍ တင်ပေးလိုက်ပြီးနောက် ရွှေကြောများနှင့် ရွှေကြောစိုင်များအား မြင်တွေ့ရ လေအောင် ကမ်းပါးနံရံများကို ဖြတ်တောက်၍ ပြလိုက်ခြင်းဖြစ်သည်။

ရေမွန်တက်ဂက်သည် အလွန် ကြီး မား သော ရွှေတုံးကြီးများနှင့် ရွှေသတ္တုကြောကြီးကို တွေ့လိုက်ရသည်။ ရေမွန်တက်ဂတ်သည် သူ၏ အ သက် လေးဆယ့် ရှစ်နှစ်တာ ကာ လ အ တွင်း ယခုလို ဖြတ်ဖြတ် သားသားနှင့် အေးဆေးစွာ စဉ်းစားနိုင်မှုကြောင့် သူ့ ကိုယ်သူ အံ့အားသင့်နေမိသည်။ ရွှေကြောကြီး မည်သည့်နေရာ၌ရှိသည်ကို သူ တစ်ဦးတည်းသာ သိသည်။ သူက ထိုနေရာကို တိတိကျကျ မြေပုံ ရေးဆွဲမည်။ ထို့နောက် ရွှေတုံးများနှင့် သတ္တုရိုင်း နမူနာများကို တတ်နိုင် သ လောက် ယူဆောင်သွားမည်။ သူသည် ဂျွန်ဂို သဲကန္တာရတွင် ရွှေကို ရှာဖွေ တွေ့ရှိခဲ့ကြောင်း သူနှင့် တွေ့သော မည်သည့် မဝမ်ဒီ လူ မျိုး ကမှ ယုံ ကြည် ကြ မည် မဟုတ်ပါ။ မေးလားစမ်းလားလုပ်ခဲ့သော် သူသည် ကျောက်ခဲ စုဆောင်းသည့် ဝါသနာအိုး ဖြစ်ပြီး စိတ်ဝင်စားစရာ ကောင်းသော ကျောက်ခဲ နမူနာများကို ကောက်ယူလာခဲ့ခြင်းဖြစ်သည်ဟု ဖြေမည်။

ရေမွန်တက်ဂတ်သည် လမ်းခရီးတွင် စောင့်သော အင်အက်စ်ဘီ အဖွဲ့ဝင်များ၊ ကင်းစောင့်သူများ ရဲများ စသည့်ပုဂ္ဂိုလ်များအား စုစုပေါင်းဒေါ်လာ



တစ်ရာငါးဆယ် လာဘ်ထိုး၍ ဂျွန်ဂို သဲကန္တာရနှင့် ဂါဒူးမြို့တော်မှ ထွက်ခွာ လာနိုင်ခဲ့သည်။ သူက ဂျစ်ကားနှင့် ကျန်နေသေးသော ပစ္စည်း များကို ဓမှာင်ခိုဈေးတွင် ဒေါ်လာ ၂၅၀၀ နှင့် ချရောင်းလိုက်သည်။ ရေမွန်တက်ဂက်သည် နိုင်ဂျီးရီးယားလေယာဉ်နှင့် ဂါဒူးမှ လာဂိုးစ်သို့ လာခဲ့သည်။ ထို့နောက် လားဂိုစ်မှ နယူးရောခ်သို့ လေကြောင်းမှ ခရီးဆက်ခဲ့လေ၏။ ကနေဒီလေဆိပ်မှ အကောက်ခွန် အရာရှိများက လေးလံသော သူ့ သေတ္တာကြီးများထဲတွင် မည်သည့် ပစ္စည်းများ ပါရှိလာကြောင်း ကြည့်ရှုလိုကြသည်။ သူက ဖွင့်ပြလိုက်၏။

'ကျောက်ခဲတွေပါဗျာ၊ ကျုပ်က ကျောက်ခဲစုတာ သိပ်ဝါသနာပါတယ်ဗျ၊ ကျုပ်ဆီမှာ ကျောက်ခဲတွေ အများကြီးရှိတယ်'

အကောက်ခွန် အရာရှိများက စေ့စေ့ စပ်စပ် ထပ်မကြည့်ကြပါ။ ကမ္ဘာပေါ်တွင် ပစ္စည်းမျိုးစုံ စုဆောင်းသည့် အ ရူး တွေ နှင့် ပြည့်နှက်နေသည်။ ရေမွန်တက်ဂတ်သည် အာမခံ ပြု လုပ် ထား ခြင်း မရှိသော ရိုးရိုး သေတ္တာများထဲတွင် ဒေါ်လာ တစ်သန်းတန် ရွှေများကို ထည့်၍ ယူဆောင်လာကြောင်း မည်သူကမှ ထင်ကြမည် မဟုတ်ပါ။

အရက်မမူးသောအခါတွင် ရေမွန်တက်ဂတ်သည် လိမ္မာပါးနပ်ပြီး ကောက်ကျစ်စဉ်းလဲသူ ဖြစ်သည်။ သူက သူ့ အစီအစဉ်များကို အသေးစိတ် ချမှတ်ခဲ့သည်။ ရွှေဈေးမှာ တစ်အောင်စလျှင် ဒေါ်လာ ၆၀၀ ဝန်းကျင်၌ ရှိနေသည်။ သူသည် သူ ယူလာ

www.burmeseclassic.com

www.burmeseclassic.com

သော နမူနာများကို ရောင်းချခြင်းဖြင့် တစ်သက်လုံး ချမ်းချမ်း သာသာ နေထိုင် သွား နိုင် ပါသည်။ သို့တိုင်အောင် သူ ယူလာသော ပစ္စည်းများသည် ကူဒေသတွင် သူ မြင်ခဲ့ရသော ရွှေသမုဒ္ဒရာကြီးထဲမှ အစက် အပြောက် ကလေးများသာ ဖြစ်နေသည်။ ရွှေတွင်းများကို တူး ဖော် မည် ဆို ပါ က ငွေ မြောက်မြားစွာ ကုန်ကျပါလိမ့်မည်။ ထိုကဲ့သို့သော ပရောဂျက်များကို အဘက်ဘက်မှ လိုလေသေး မရှိ အောင်ပြည့်စုံသော နိုင်ငံတကာမဟာကော်ပိုရေးရှင်း ကြီးများကသာ ဆောင်ရွက် နိုင် ကြ ပါ လိမ့် မည်။ ထိုကော်ပိုရေးရှင်းကြီးသည် မဝမ်ဒီ အစိုးရထံမှာ မိုင်း တူးဖော်ခွင့်ကို ဘစ် နည်း နည်းနှင့် ရအောင် လုပ်ရပါဦးမည်။

ရေမွန်တက်ဂတ်သည် တစ်ကြိမ်က စီစီအိုင်၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သော ဆောက်လုပ်ရေး ကုမ္ပဏီ တစ်ခုတွင် အလုပ်လုပ်ခဲ့ဖူးသောကြောင့် စီစီအိုင် အ ကြောင်း သိ ရှိ နေ သည်။ ဤတွင် ရေမွန်တက်ဂတ်သည်မည်သည့်နည်းဖြင့် ကင်းဖီးလ်နှင့် ခပ်မြန်မြန် တွေ့ဆုံခွင့်ရနိုင်မည်ကို အကြံ ထုတ်လေ တော့သည်။

သစ်သားသေတ္တာနှင့် အထဲမှ ပစ္စည်း များ သည် ပေါင် သုံးဆယ်ခန့် လေးလံသည်။ ချားလ်စ်ဂျက်စ် အပ် ကင်းဖီးလ် တတိယထံ လိပ်မူထားပြီး ကိုယ်ရေး ကိုယ်တာဟု ရေးသား ထားသော ထိုသေတ္တာကို



စီစီအိုင် အဆောက်အအုံထဲသို့ စာပို့သူတစ်ယောက် နှင့် ပို့ခိုင်းလိုက်သည်။ ထုံး စံ အတိုင်း လုံခြုံရေး ဝန်ထမ်းများက လာပို့သူကို တားဆီးပြီး သေတ္တာကို ဖွင့်လိုက်ကြ၏။

'ဘုရားသခင် ကယ်တော်မူပါ၊ ရွှေနဲ့ သိပ်တူပါ ကလား'

'ဘယ်ကလာ၊ အဲဒီလောက်ကြီးတဲ့ အတုံးအခဲ ကမ္ဘာပေါ်မှာ ဘယ်မှာမှ မရှိပါဘူး'

လာရောက် ပေးပို့သူကို စစ်ဆေး မေးမြန်းပြီး ပြန်လွှတ်လိုက်သည်။ သတ္တုခဲကို ဓာတ်ခွဲခန်း စစ် ဆေးရန် ပေး ပို့ လိုက် ၏။ ထို အတုံးအခဲနှင့် ဓာတ်ခွဲခန်းမှ အစီရင်ခံစာကိုပြန်လည်ရရှိသောအခါ စီစီအိုင် ဘုတ် အ ဖွဲ့ ချယ်ယာမင်ထံသို့ ချက်ချင်း ပေး ပို့ လိုက် ကြ သည်။ ထို့နောက် စီစီအိုင်မှ မော် တော် ကား တစ် စီး နှင့် ရေမွန်တက်ဂတ်ကို ခေါ် ခိုင်း လိုက် သည်။ ရောက်ရှိလာသောအခါ ကင်းဖီးလ်၏ သီး သန့် ရုံး ခန်း ထဲ သို့ လိုက်ပို့ လိုက်ကြ၏။

ကင်းဖီးလ်နှင့်အတူ လူသုံးယောက် ရှိနေသည်။ တက်ဂတ်က ထိုပုဂ္ဂိုလ်များကို ဂ ရု မ စိုက် ပါ။ သူသည် လိမ္မာပါးနပ်ပြီး ကောက် ကျစ် သူ ဖြစ် ၍ စကားကို သတိထားပြီး ပြောဆိုသည်။ သူ ရွှေ တွေ့လာသည်။ ၂၅၂ အောင် စ နှင့် ၁၁ ဂရိမ် ရှိသော ရွှေတုံး ရွှေခဲကြီးက သက်သေပင်ဖြစ်သည်။ နောက်ထပ် သက်သေပြဖို့ လို အပ် သည် ဆို ပါ က



www.burmeseclassic.com

www.burmeseclassic.com

သူ့ထံတွင် အခြား နမူနာများ ရှိပါသေးသည်။ သို့ရာတွင် ထိုနေရာကို သူ တစ်ဦးတည်းသာသိသည်။ အပေးအယူ လုပ်ပြီးသည့်အခါကျမှ ရွှေတွင်းရှိသည့် နေရာကို ထုတ်ပြမည်။

ကင်းဖီးလ်က မေးလိုက်၏။

'ဘယ်လို အပေးအယူမျိုးလဲ မစ္စတာတက်ဂတ်'

'ခပ်စင်းစင်းနဲ့ ခပ်ရှင်းရှင်းပါပဲ၊ ခင်ဗျား တို့ က မိုင်းတူးဖော်ခွင့်ရရှိရင် ကျုပ်ကို အမြတ် ငါးဆယ် ရာခိုင်နှုန်း ပေးရမယ်'

ကင်းဖီးလ်က ခပ်အေးအေး ပြောလိုက်၏။

'ဆယ်ရာခိုင်နှုန်း'

တက်ဂတ် ဖြုန်းခနဲ ခုန်ထလိုက်သည်။

'ချီးမှပဲ၊ ကျုပ်က ဒီ သ တင်း နဲ့ မြေပုံကို တခြား ကုမ္ပဏီဆီကို သွားပြတော့မယ်'

လောရင့်ဟော့ပါး ဆိုသူက စင်ပြောလိုက်၏။

'ခင်ဗျားကို အဲဒါထက် ပိုပေးကြမှာမဟုတ်ဘူး၊ ပြီးတော့လဲ ခင်ဗျား အညာခံရနိုင်စရာရှိတယ်'

နောက်ဆုံးတွင် တက်ဂတ်သည် လက်ခံနိုင်သည့် အဆိုပြုချက်များကို ခြိုင်း၍ လက်ခံလိုက်သည်။ စီစီအိုင်က ရွှေတုံးရွှေခဲများနှင့် သတ္တုနမူနာများကို ရွှေဈေးနှုန်းနှင့် အပြည့်အဝ ပေး၍ ဝယ်ယူမည်။ ထိုရွှေတွင်းကို ရှာဖွေတွေ့ရှိသည့်အခါ သူ ပြောဆိုသည့်အတိုင်း မှန်ကန်နေပါက ရွှေတွင်းကို ရှာဖွေတွေ့ရှိသူ၏ အဖိုးအခ အဖြစ် ဒေါ်လာ ငါးသန်း ပေးမည်။ ထို့နောက် သူသည် အမြတ်ပေါ်မှ ဆယ်ရာခိုင်နှုန်းကို ရရှိမည် ဖြစ်ပါ၏။



နောက်ဆုံး သဘောတူညီချက်ကို ရရှိပြီးနောက် တရားဝင် စာချုပ်စာတမ်းများကို နောက်၊ သုံးရက် အကြာတွင် လက်မှတ်ရေးထိုးကြသည်။ တက်ဂတ်က သူ၏ လက်ရေး မြေပုံ ခတ်ပုံ မိတ္တူများအား ကင်းဖီးလ်ကို ပေးလိုက်သည်။ သူသည် နမူနာရွှေတုံး များ၏ တန်ဖိုးဖြစ်သော ဒေါ်လာ ၁၂၉၀၀၆၂ တန် ချက်လက်မှတ်ကို နောက် တစ် နေ့ တွင် လာရောက် ရယူရမည်ဖြစ်ပါ၏။

ရေ မွှန် တက် ဂတ် သည် နောက် နေ့ ကို စောင့်စားရင်း ကိုယ်ပိုင် အောင်ပွဲခံရန် ဟိုတယ် အခန်းသို့ ပြန်လာခဲ့သည်။ နောက်ပိုင်းတွင် သိရှိလာရ ချက်များအရ သူသည် ညနေ ၅ နာရီ ၅၈ မိနစ်နှင့် ည ၁၀နာရီ ၄၁ မိနစ်အတွင်း ဘာဘွန် (ဝီစကီ) နှစ်ပက်စီကို ခုနစ်ကြိမ် မှာသောက်သည်။ သို့ရာတွင် သူသည် မည်သည့် အစားအစာကိုမှ မမှာခဲ့ပါ။ နောက်တစ်နေ့ နံနက် ၉ နာရီခွဲခန့်တွင် သူ့ အခန်းကို သန့်ရှင်းရေး ပြုလုပ်ရန် အမျိုးသမီး တစ်ယောက် ရောက်ရှိလာသည်။ တံခါး ခေါက်၍ မရသဖြင့် အပြင်ထွက်သွားသည်ဟု ထင်ပြီး သော့တူနှင့် ဖွင့်၍ ဝင်လိုက်ရာ ကြမ်းပြင်ပေါ်တွင် စန့်စန့်ကြီး ဖြစ်နေ သော သူ့ ကို တွေ့လိုက်ရလေ၏။ သူ သေနေခဲ့လေပြီ။

ရဲဘက်မှ အလောင်းကို စစ်ဆေးသူ ဆရာဝန်က ရုတ်တရက် သေနိုင်လောက်သော နှလုံးရောဂါ ကြောင့် သေဆုံး သွား သည် ဟု ပြော ခဲ့ သည်။ အလောင်း ကို ရင် ခွဲ စစ် ဆေး ရာ တွင် လည်း ထို အချက်ကို အတည်ပြုခဲ့သည်။

www.burmeseclassic.com

လောရင့်ဟော့ပါးက တက်ဂတ် သေဆုံးကြောင်း သတင်း ပို့လိုက်သည့် အခါ ချားလ်စ်ကင်းဖီးလ်က မေးလိုက်၏။

'သူနဲ့ အရင်းနှီးဆုံး ဆွေမျိုး၊ နီးစပ်တဲ့ မိတ်ဆွေတွေ ရှိသလား'

'တစ်ယောက်မှ မရှိပါဘူး'

ဟုတ်ပါသည်။ အဲဒီကိစ္စကို ယခင်ကပင် အတည် ပြုထားခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဒေါ်လာ ၁၂၉၀၀၆၂ တန် ချက်လက်မှတ်ကို မည်သူကမှ ဒုက္ခခံ၍ မရေးခဲ့ကြခြင်း ဖြစ်ပါ၏။

လက်ရွေးစင် လူသုံးယောက်သည် အာဖရိကသို့ ထွက်ခွာသွားခဲ့ လေပြီ။ လားဂိုစ်သို့ ရောက်ရှိသော အခါ ရဟတ်ယာဉ် တစ်စီးကို ဝယ်ယူလိုက်ကြသည်။ သူတို့သည် ချဒ်နိုင်ငံမှ 'ဆား'သို့ မရောက်ခင်အထိ နှစ်နေရာတွင် ဝင်၍ ဆီဖြည့်ခဲ့ကြသည်။ ထို့နောက် ကူ ဒေသသို့ သွားရောက်မည်ဆိုသော လေကြောင်း ခရီးစဉ်ကို မတင်ပြဘဲ ပျံသန်းခဲ့ကြလေ၏။ တက်ဂတ် လက်ရေးနှင့် ရေးဆွဲထားခဲ့သော မြေပုံက အံ့သြစရာ ကောင်းလောက်အောင် တိကျနေလေသည်။

*

သမတ ဟင်နရီဂါဒူးထံသို့ သွားရောက်ခဲ့ကြသော ကင်းဖီးလ်ကွန်ဆိုလီဒိတ်တက်အင်ဒပ်စထရီးမှ ကိုယ် စားလှယ်များက ရွှေအကြောင်း၊ ဂျိုဂို သဲကန္တာရနှင့် ကူဒေသတို့အကြောင်း ထည့်သွင်း ပြောဆိုခဲ့ကြခြင်း မရှိပါ။ ထိုကိစ္စများကို ပြောမည့်အစား နိုင်ငံတကာ



ကော်ပိုရေး ရှင်း ကြီး များ က တ တိ ယ ကမ္ဘာမှ ဆင်းရဲသော နိုင်ငံကလေးများအား ဆောင်ရွက် ပေးခဲ့ကြသည့် နည်းတူ မဝမ်ဒီနိုင်ငံအတွက် မည်သို့ မည် ပုံ ဆောင်ရွက်ပေးနိုင်မည် ဆိုသော ပြီး ပြည့် စုံသည့် စီမံချက်ကြီးကိုသာ တင်ပြသွားခဲ့ ကြသည်။ စီ စီ အိုင် က ရင်း နှီး မြှုပ် နှံ မှု အ မြောက် အ မြား ပြုလုပ်မည်။ နိုင်ငံထဲသို့ ငွေအလုံးအရင်း ပေးသွင်း မည်။ သဘာဝနှင့် အခြား သ ယံ ဇာ တ များ ကို တူးဖော်ပေးမည်။

'ကျုပ်တို့အနေနဲ့ အမြတ်အစွန်းရအောင် လုပ်မယ် ဆိုတာကတော့ သဘာဝကျပါတယ် ခင်ဗျာ'

သဘာဝကျပါ၏။ အမြတ်အစွန်း ရလိမ့်မည်ဟု မျှော်လင့်ချက် မရှိပါဘဲနှင့် မည်သည့် ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံ ကြမည်နည်း။ သို့ရာတွင် မဝမ်ဒီနိုင်ငံ တွင် ဘာကိုတူးဖော်၍ မည်သို့မည်ပုံ အမြတ်ရရှိနိုင် မည်နည်း။

အိမ်နီးနားချင်းနိုင်ငံ ဘာဆိုတိုက ဗိုဂလာအင်တာ နေရှင်နယ် အင်တာပရိုက်စ်အား ပေးအပ်ထားသည့် စာလုံးများ အတိုင်း ပေးအပ်မည်ဆိုပါက စီစီအိုင်က နှံစွန့်စားစား လုပ်ဖို့ သဘောတူသည်။

ဗွီအိုင်အီး အနေနှင့် ဘာဆိုတိုနိုင်ငံတွင် မိုင်းတူး ဖော်ခွင့်၊ သစ္စာ၊သန့်စင်ခွင့်၊ ထုတ်လုပ်ခွင့် စသည်ဖြင့် အခွင့်အရေးအားလုံး လိုလိုကို အထူး အခွင့်အရေး အနေဖြင့် ရရှိထားကြောင်း ဟင်နရီဂါဒူးက သန့်ကွက်စကား ပြောကြားသည်။



www.burmeseclassic.com

www.burmeseclassic.com

စီစီအိုင် ကိုယ်စားလှယ်များ အနေဖြင့် ဟင်နရီဂါဒူးက သူ့အတွက် သန်းပေါင်းများစွာ ကြိုတင်၍ ပေးရန် တောင်းဆိုလိမ့်မည်ဟု ယူဆ ထားသည်။ သို့ရာတွင် ထိုအစား မဝမ်ဒီနိုင်ငံ၏ လက်နက်ကိုင်တပ်များအား ခေတ်မီ လက်နက်များနှင့် တပ်ဆင်ပေးမည် ဆိုပါက သဘောတူမည် ဖြစ်ကြောင်း ဖွင့်ဟ၍ ပြောဆိုတော့သည်။ သူက ဘာဆိုတိုအား ဝင်ရောက် သိမ်းပိုက်လိုသည့် သူ့ဆန္ဒကိုလည်း ဖွင့်ဟပြောဆိုလေသည်။

စီအိုင်မှ စေ့စပ်ညှိနှိုင်းသူများ အကြီးအကျယ် အံ့အားသင့်သွားကြသည်။ ဟင်နရီဂါဒူး သည် ရူးသွပ်နေသူ ဖြစ်သည်။ သူ့အနေနှင့် စစ်တိုက်ဖြစ်အောင်၊ အိမ်နီးနားချင်း နိုင်ငံအား ဝင်တိုက်ခိုက်ဖို့ ဖြစ်နိုင်အောင် စီစီအိုင်က ဆောင်ရွက်ပေးစေချင်နေသည်။ အာဖရိကတိုက်တွင် စစ်ပွဲများ ဖြစ်ပွားပါက သူတို့က လူထောင်ပေါင်း ရာပေါင်းများစွာကို သတ်ဖြတ်လေ့ ရှိသည်။ ထိုကဲ့သို့ ဖြစ်ပွားလာပါက စီစီအိုင် အနေဖြင့် အကြီးအကျယ် ဒုက္ခရောက်ပေတော့မည်။

သို့ရာတွင်ချားလ်စ်ကင်းဖီးလ်ထံသို့တယ်လီဖုန်းနှင့် အစီရင်ခံလိုက်သောအခါ စေ့စပ် ညှိနှိုင်းသူများ အနေနှင့် ပို၍ပင် အံ့အားသင့်ကြရလေသည်။

ကင်းဖီးလ်က ပြောလိုက်သည်။

'မူအားဖြင့် သဘောတူတယ်လို့ ဟင်နရီဂါဒူးကို ပြောလိုက်ပါ၊ တို့ကို ရေပက်မဝင်တဲ့ ခွင့်ပြုချက်တွေ



ပေးမယ်ဆိုရင် ကျုပ်တို့က သူလိုချင်တဲ့ လက်နက်တွေကို ပေးမယ်'

ကင်းဖီးလ် စိတ်လွတ် ကိုယ်လွတ် ဖြစ်နေသည်။ သူကံကောင်းပုံမှာ ယုံနိုင်စရာပင် မရှိပါ။ ဘီလီယံပေါင်းများစွာ ရှိသော ရွှေများနှင့် နိုင်ငံတစ်နိုင်ငံလုံး ကို လက်တွေ့ကျကျ ပိုင် ဆိုင် ရ မည့် အပြင် သူ မျှော်လင့်ထားသော အကြီးကျယ်ဆုံး ဆုကို ပါ ဆုကြေးအနေနှင့် ရရှိပေတော့မည်။

ဗွီအိုင်အီးသည် ဘာဆိုတိနိုင်ငံတွင် အကြီးအကျယ် ရင်းနှီး မြှုပ်နှံထားသည်။ ဗွီအိုင်အီး၏ စုစုပေါင်း အမြတ်အစွန်းတွင် ထိုနေရာမှ ရရှိသော ပမာဏသည် အတော် ကလေး များ ပြားသည်။ အကယ်၍ ဟင်နရီဂါဒူးက ဘာဆိုတိုအား သိမ်းပိုက်လိုက်မည် ဆိုပါက သိမ်းယူထားသော ဗွီအိုင်အီးပိုင် ပစ္စည်းများအား စီမံခန့်ခွဲရန် စီစီအိုင်သို့သာ လွှဲအပ်ရပေလိမ့်မည်။ ဗွီအိုင်အီးပိုင် ပစ္စည်းများ ဆုံးရှုံးရမှုသည် ဗွီအိုင်အီးနှင့်မိုက်ကယ်ဗိုဂလာတို့အတွက် နစ်နာသော ထိုးနှက် ခံရမှုပင် ဖြစ်ပါလိမ့်မည်။ ဟို နေ ရာ သည်နေရာတွင် ဖိအား တွန်းအား ကလေးများ ထပ်ပေးလိုက်မည်ဆိုပါက ထို ထိုးနှက်ချက်များကို သေအောင် သတ်နိုင်သည့် ထိုးနှက်ချက်များအဖြစ် ဖန်တီးပေးနိုင်ပါလိမ့်မည်။

မူအားဖြင့် သဘောတူညီပြီးသည်နှင့် တစ်ပြိုင်နက် စေ့စပ် ဆွေးနွေးမှု များ ကို အားတက်သရော



www.burmeseclassic.com

www.burmeseclassic.com

ဆောင် ရွက် ကြ တော့ သည်။ ဆွေး နွေး မှု သည် ရှုပ်ထွေးပြီး ရှည်လျားသည်။ တချိန်တည်းမှာပင် အယ်လီဆန်ကရိတ်ချ်ကလည်း ကြိုတင် ညှိနှိုင်းမှု များကို ပြုလုပ်နေသည်။

ရက်သတ္တပေါင်း များစွာ ကြာမြင့်သွားသည်။ ထို့နောက် လပေါင်းများစွာ ကြာမြင့်သွားသည်။ နောက်ဆုံးတွင် နောက်ဆုံးအဆင့်သို့ ရောက်ရှိလာပါပြီ။ အခုအချိန်တွင် အယ် လီ ဆန် က ရိတ်ချ် က 'အသုံးပြုရှိရသော ပစ္စည်းပစ္စယများ' အား ပို့ပေးရေးကို စီစဉ် ဆောင်ရွက်လျက် ရှိသည်။ ရက်ပိုင်း အ တွင်း မှာ ပင် အယ် လီ ဆန် သည် ကင်း ဖီးလ် အာဖရိကန် သတ္တုတူးဖော်ရေးကုမ္ပဏီ(ကမ်မ်ကို)၏ ကိုယ် စား လှယ် အ ဖွဲ့ ကို ဦးဆောင်၍ ဂါဒူး မြို့တော်သို့ ရောက်ရှိလာပေတော့မည်။ အစိုးရ များနှင့် ဆက်သွယ် ဆောင်ရွက်ရာ၌ နောက်ဆုံး အချိန်ပိုင်း ကလေးတွင် ချေး ဆစ် မှု က လေး များ ရှိတတ်ကြစမြဲ ဖြစ်ပါသည်။ သို့ရာတွင် စာချုပ် များကို တရားဝင် လက်မှတ် ရေးထိုးပြီးချိန်၌ မလွဲမသွေ လိုက် နာ ကြ ရ ပါ လိမ့် မည်။ စာရွက် ပေါ်တွင် လက်မှတ် ရေးထိုး၍ ပြီးစီးသည်နှင့် တစ်ပြိုင်နက်....

ရှိရာတန် စားပွဲကြီး၏ နောက်ဘက်တွင် ထိုင်၍ အာဖရိကတိုက် မြေပုံကြီးကို ငေးကြည့်နေသော ကင်းဖီးလ်၏ မျက်နှာထားသည် စိတ်ကူးနှင့်ကြည့်၍



အရသာတွေ့နေသည့် ပုံစံမျိုးဖြစ်သည်။ ထို့နောက် ထိုအကြည့်သည် ဖြုန်းခနဲ ပျောက်ကွယ်သွားပြီး ၁၉၆၇ ခုနှစ်မှ အဖြစ်အပျက်များကို ပြန်သတိရ လိုက်မိလေ၏။

လင်ဒန်ဂျွန်ဆန်က သမ္မတဖြစ်သည်။ ဂျွန်ဆန် အစိုးရအဖွဲ့ကို မိုက်ကယ်ဗိုဂလာက ငွေနှင့်ပေါက်၍ အပိုင် ကိုင်ထားနိုင်သည်။ လက်စား ချေရာတွင် နေ့မနား ရှိလှသော မိုက် ကယ် ဗို ဂ လာ သည် ချားလ်စ် ကင်း ဖီးလ် ဒု တိ ယ အား ရာ ဇ ဝတ် ကြောင်းဖြင့် စွဲချက် တင်နိုင်အောင် တရားရေး ဌာနကို ကျင်လည်စွာ ကိုင်တွယ် အသုံးချခဲ့သည်။ ရှုပ်စွဲ ခံ ရ သော ပု ဂ္ဂိုလ် လေ ဖြတ် သွား သည်။ လေဖြတ်မှုက သူ့အား မလှုပ်နိုင်သော ပုဂ္ဂိုလ်ကြီး တစ်ဦးအဖြစ်သို့ ပြောင်းလဲပစ်လိုက်သည်။ ထိုပုဂ္ဂိုလ် ကြီးသည် တဖြည်းဖြည်းနှင့် အင်အားယုတ်လျော့ လာပြီး သုံးလအကြာတွင် ကွန်လွန်သွားခဲ့သည်။

ချားလ်စ်ဂျက်စ်အပ် ကင်းဖီးလ် တတိယက သူ့ ဖခင်၏ ပုံတူ ပန်းချီကားပေါ်သို့ အလင်းရောင် ကျရောက်အောင် စားပွဲတင် မီးခွက်ကို လှည့်ပေး လိုက်သည်။ 'ကျွန်တော့် အစီအစဉ်တွေကို ခင်ဗျား သဘောကျမှာပါ' ဟု စိတ်ထဲက ပြောလိုက်၏။ နံနက် ခင်း တွင် န ယူး ရောခ် မှ စတော့ရှယ်ယာ စျေးကွက် စတင် ဖွင့်လှစ်သောအခါ ဗွီအိုင်အီး ရှယ်ယာများသည် နှစ်မှတ် သုံးမှတ် (နှစ်ဒေါ်လာ သုံးဒေါ်လာ) ကျဆင်းသော တန်ဖိုးနှင့် စတင်ရပေ လိမ့်မည်။ ထိုကိစ္စက အဆင်းဘက်သို့ ဦး တည်



www.burmeseclassic.com

www.burmeseclassic.com

နေကြောင်း ပြသ လိုက်ခြင်းပင် ဖြစ်ပြီး ဦးစိုက် ပြောင်းပြန် ကျဆင်းသည့်အဆင့်အထိ ရောက်ရှိသွား ပေတော့မည်။ နောက်ဆုံးတွင် မိုက်ကယ်ဗိုဂလာ ပြေးမလွတ်သည့် အနေအထားအထိ ရောက်ရှိသွား ပေလိမ့်မည်။

## ၈

တိမ်ထူထပ်ပြီး မြူဆိုင်းနေသည်။ ရာသီဥတုဆိုးရွား သောကြောင့် မိုက်ကယ် ဗိုဂလာ၏ ရဟတ်ယာဉ်နှင့် မောင်းနှင်သူတို့ကို သူ့ခြံထဲရှိ ရဟတ်ယာဉ်ကွင်း ပေါ်တွင် အသင့်နေခိုင်းထားသည်။

သူသည် လင်ကွန်း မော်တော်ကား ကြီးကို စီးနင်း၍ အလုပ်ခွင်သို့ သွားခဲ့သည်။ ဗွီအိုင်အီး မျှော်စင် အဆောက်အအုံရှိ သူ့ရုံးခန်း တည်ရှိရာ ၅၄ ထပ်မှနေ၍ မြင်ရသော မြင်ကွင်းမှာ အုံ့မှိုင်း နေသော ဗိုဂလာ၏ စိတ်ခါတ်ကို ပြောင်းလဲ စေနိုင်ခြင်း မရှိပါ။

နယူးရောခ် စတော့ရှယ်ယာဈေးကွက်ကို စတင် ဖွင့်လှစ်ချိန်တွင် ဗွီအိုင်အီး ရှယ်ယာကို ၁၁၂-၄ ပိုင်း သုံးပိုင်းဒေါ်လာနှင့် ဈေး စ တင် ခေါ် သည်။ ယမန်နေ့ ဈေးကွက် ပိတ်ချိန်ကထက် ၂-၄ ပိုင်း ၁ ပိုင်း ဒေါ်လာ ကျဆင်း နေသောကြောင့် ပို၍ စိတ်ဓာတ်ကျစရာ ဖြစ်ရတော့သည်။ ထိုကိစ္စက



ဗွီအိုင်အီး ဥက္ကဋ္ဌ ဒင်နီရယ်အင်ဒါဘီကို အပေါ် ထပ်သို့ အပြေးအလွှား တက်လာစေခဲ့သည်။ အသက် ၅၅ နှစ်သာရှိပြီး ရည်မှန်းချက် အလွန်ကြီးမားသော အင်ဒါဘီက 'သတင်း'ဟု ထင်ရသော ထိုကိစ္စကို ဘုတ်အဖွဲ့ ချယ်ယာမင် ထံသို့ စိတ်လှုပ်ရှားစွာ အစီရင်ခံတော့သည်။

'ယုံကြည် စိတ်ချရတဲ့ သတင်း ပေးသူတွေက ကင်းဖီးလ်ဟာ....'

'ဟုတ် တယ်၊ အဲ ဒီ ငတို့က ဈေးချရောင်း နေတယ်'

မိုက်ကယ်ဗိုဂလာက ဖြတ်ပြောလိုက်၏။ အင်ဒါဘီ ကလည်း ဇွတ်ထပ်ပြောသည်။

'တခြား ပုဂ္ဂိုလ်တွေကလဲ သူ့နောက်ကိုလိုက်နေ ကြတယ်လို့ သိရတယ်'

'အသေး စိတ် တွေးကို တော့ ချမ်းသာပေးပါ ဒင်နီရယ်ရာ၊ ကျုပ် ငယ်ငယ်တုန်းကလဲ ဈေးချ ရောင်းတာတွေကို လုပ်ခဲ့ဖူးပါတယ်၊ ကျုပ်တို့က သုံးလေးရက်လောက် ငြိမ်နေကြပြီး ဘာဖြစ်မလဲ ဆိုတာကို စောင့်ကြည့်ကြသေးတာပေါ့'

ထိုကိစ္စက ဒင်နီရယ်ကို နှင်လွှတ် လိုက်သည်။ မိုက်ကယ်ဗိုဂလာသည် ဆေးပြင်းလိပ်ကို အပိုင်းပိုင်း ဖြစ်အောင် ကိုက်၍ ပြာခွက်ထဲသို့ ထည့်လိုက်၏။ ထို့နောက် ကျောမှီ၍ ပြန် ထိုင် ချ လိုက် ပြီး ပြတင်းပေါက် အပြင်ဘက်မှ မြူနှင်းများကိုသာ ငေးကြည့်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

စတီဖင်ပက်ဂျက်သည် ညက ဘာဘာရာဟန်မွန်းနှင့် အ ရက် မူး အောင် သောက် ခဲ့ သော် လည်း နောက်တစ်နေ့ နံနက်တွင် မည်သို့မှ ဒုက္ခမပေးပါ။ နေ၍ ထိုင်၍ ကောင်းနေသည်။ ထို့နောက် စတော့ ရှယ် ယာ ပွဲ စား အဖွဲ့အစည်းမှ သ တင်း ပေး တစ်ယောက်က သူ့ထံသို့ တယ်လီဖုန်းဆက်လိုက်၏။

'အမေရိကန် ထရပ်စ်အင် ဆိုကြူရီတီဘဏ်က ရောဘတ်လဒ်ဒလိုကမ္ဗီအိုင်အီးရှယ်ယာငါးသောင်းကို ၁၀၁ နဲ့ ချရောင်းနေတယ်၊ သူ့မိတ်ဆွေတွေကိုလဲ အဲဒီအတိုင်း လိုက်လုပ်ဖို့ မဲဆွယ်နေတယ်'

လွန်ခဲ့သော နှစ်ပေါင်း အ တော် ကြာ ကြာ က ကမ္ဘောဒီးယား နိုင်ငံ ထဲ သို့ ဝင် တိုက် ခဲ့ သော မအောင်မြင်သည့် တိုက် ပွဲ တစ် ခု က လက်ဖတင်နှင့် စတီဖင်ပက်ဂျက်အား ဗိုလ်ဘဝမှ ပြုတ် သွား စေ ခဲ့ သည့်အပြင် မော်တာမှ အပိုင်းအစ တစ်ခုကလည်း သူ့ ကျောပြင်ကို လှီး ဖြတ် ပစ် ခဲ့ သည်။ ဒဏ်ရာ ကျက်သွားပြီးနောက် အမာရွတ် တစ် ထွေး ကြီး ကျန်ရစ်စေခဲ့သည်။ ထိုဒဏ်ရာများက စတီဖင်အတွက် ဆဋ္ဌမအာရုံ၏ အာရုံခံ ကြိုးတိုင်များသဖွယ် အသုံး ဝင်လာခဲ့ကြသည်။ ထိုဒဏ်ရာများ နာကျင်လာခြင်းက အန္တရာယ်ကို သတိပေးခြင်း ဖြစ်သည်။ တိတိကျကျ လည်း မှန်လေ့ရှိသည်။ သတင်းများကို သူ ကြားရ သည့်အခါ . ထိုဒဏ်ရာများက တ ဒုန်း ဒုန်း နှင့် နာကျင် လာကြလေ၏။ သူက မိုက်ပိုဂလာ ထံ ဖုန်းဆက်ပြီး သူ ကြားရသည့် သတင်းကို ဆက်ပို့ လိုက်သည်။ ဗိုဂ်လာက ပြောလိုက်၏။



'အခြေအနေ ကတော့ ရန်သူတွေ စုစုဝေးဝေး ဖြစ်လာကြပုံရတယ်'

'မဟာ စစ်ဆင်ရေးကြီး ဖြစ်နိုင်တယ် မိုက်'

'ဟုတ်တယ်၊ အဲ့ဒါကတော့ သိပ် ထင်ရှားတယ်'

'ကျွန်တော်က လဒ်ဒလိုကို ရပ် ဆိုတဲ့ ခလုတ် နှိပ်လို့ ရပါတယ်'

သူတေသန ဌာနတွင် လဒ်ဒလိုနှင့် သူ့ဘဏ် အကြောင်း အချက်အလက်ပေါင်းများစွာ စုဆောင်း ထားသည်။ ထို အ ချက် အ လက် များ ကို ကိုင်၍ လဒ်ဒလိုကို ပြောင်းပြန်ဖြစ်အောင် အတင်း ပြန်လုပ် ခိုင်း၍ ရသည်။

'မလုပ်နဲ့၊ မင်းက အင်အားကို ဖြုန်းတီးနေတာပဲ ဖြစ်လိမ့်မယ်၊ လဒ်ဒလိုဟာ လူတွေ အများကြီးထဲက တစ်ဦးတည်းပါ၊ သူ့ကို ရပ်နိုင်ရုံနဲ့ ကျန်တဲ့လူတွေ ရပ်တန့်သွားမှာ မ ဟုတ် ဘူး၊ မင်း ရဲ့ အင် အား တွေကို ကင်းဖီးလ်အတွက် ချို ထားစမ်းပါသားရာ၊ သူ့နောက်ကိုသာလိုက်'

'ကောင်းပါပြီ'

စတီဖင်ပက်ဂျက်၏ .ဒဏ်ရာများသည် ပို၍ပင် နာကျင်လာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အိုင်းရှန်း ဗိုဂလာသည် ထုံး စံ အ တိုင်း အလုပ် လုပ်ရန် စားသော်လည်း အလုပ်လုပ်၍ မရသဲ ရှိနေသည်။ သူ့ စိတ်တွေ ထွေပြားနေသည်။

နံနက် ၁၁ နာရီ ထိုးခါနီးတွင် ဒိုင်ယာနီက တယ်လီဖုန်း ဆက် လိုက် သော ကြောင့် စိတ်ဓာတ် ကျဆင်းမှုများ ချက်ချင်း ပျောက်ကွယ်သွားတော့ သည်။

'ဟေး မင်းသမီးကလေး၊ မင်္ဂလာ နံနက်ခင်းပါ ကွာ၊ ငါ့ကို ဘာကြောင့် ဒီလို ဂုဏ်ပြုသလဲဆိုတာ မြန်မြန် ပြောပြစမ်းပါကွာ'

'ဒက်ဒီ၊ သမီးက ဒက်ဒီကို ကျေးဇူးတင်ကြောင်း ပြောချင်လို့ပါ၊ ပြီးတော့လဲ ဒီအိုမာဆန် ကိစ္စကို ပြေလည်အောင် လုပ်ပေးတဲ့ လူကိုလဲ ကျေးဇူးတင် စကားပြောဖို့ ကတိ ပေးထားကြောင်း သတိရလို့ပါ ဒက်ဒီ'

'မင်း ပြောခဲ့တယ်လေ'

'စာနဲ့ ကျေးဇူးတင်လို့ မရဘူးလားဟင် ဒက်ဒီ'

'မင်း အဲဒီလို မ လုပ် ရင် ကောင်း လိမ့် မယ် ထင်တယ်'

'အိုး'

စိတ်ပျက်သံ၊ စိတ် ကောက် သံ က လေး နှင့် ပြောလိုက်၏။



'ကတိဆိုတာ ကတိပဲကွယ့်၊ ဒါပေမယ့် မင်း ကိစ္စ ပြတ်ရစေ့မယ်လို့ ငါ အာမ ခံပါတယ်ကွာ၊ မင်း ဒီကနေ့ နေ့လယ်ခင်း ဝင်လာခဲ့ပါလား'

'ဟင့်အင်း၊ သမီး အလုပ် သိပ်များနေတယ်'

'မနက်ဖြန်ခါ တစ်နာရီဆိုရင်ကော၊ ငါ့ရုံးခန်းထဲ မှာလေ'

'ဒက်ဒီက ဇွတ်မပြောနေရင်တော့ လာခဲ့ပါ့မယ်'

ဗိုဂလာက စကားပြောခွက်ကို ပြန်တင်လိုက်ပြီး စားပွဲအပေါ်ပိုင်းကို ငေးကြည့်နေသည်။ ငါ့ အသက် ခုနစ်ဆယ်ရှိပြီဟု ငဲ့တွေးလိုက်၏။ မ ဖြစ် ဖြစ် သည့် နည်းနှင့် မဆောင် ရွက် သည့် ကိစ္စ မှ ရရှိလာသော ရလဒ်သည် အ ကျိုး ရှိ နိုင် ပါ့ မ လား ဟု ဆင်ခြင် တွေးတောရန် အတော်ကလေး အချိန်နှောင်းခဲ့ပါပြီ။ သို့ရာတွင် ထိုကိစ္စကို သူ လုပ်ကိုင်နေခြင်းဖြစ်သည်။ သူ့ စိတ်အစဉ်သည် ထိုကိစ္စ အားလုံး အစပြုခဲ့သည့် အတိတ်ကာလဆီသို့ ပြန်လည် ရောက်ရှိသွားလေ၏။

ကျောက်မီးသွေးတွင်းတူးသမား ပေါ်ဗိုဂလာသည် 'အီရီပင်ကို အင်သရာဆိုက်ကုမ္ပဏီ' တွင် အလုပ် လုပ် သည်။ သူ့ တွင် ဇနီးနှင့် ကလေးနှစ်ယောက်ရှိသည်။ အကြီးက သားဖြစ်သူ မိုက်ကယ်ဖြစ်ပြီး အငယ်က သမီးကလေး ဖြစ်သည်။ သူက တစ် နာ ရီ လျှင် ဆင့် သုံး ဆယ် ရသည်။ ဗိုဂလာ မိသားစုသည် ကုမ္ပဏီကပေးသော တဲသာသာအိမ်ကလေးတွင်နေ၍ အစားအသောက်နှင့် ပစ္စည်း မှန်သမျှကို ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com

စထိုးဆိုင်မှ ဝယ်ယူရသည်၊ သူ တို့ မိသား စုသည် ၁၉၂၀ ပြည့်နှစ်က အခြား ကျောက် မီး သွေး တွင်း တူးသမားများနှင့် မိ သား စု များ နေ ထိုင်ကြရသလို မငတ်ရုံသာ နေကြရသည်။

မိုက်ကယ်ဗိုဂလာသည် အသက် ဆယ့်လေးနှစ်တွင် မြေပေါ်၌ အ လုပ် စလုပ်သည်။ သူ့အား အပင်ပန်းဆုံးနှင့် အညစ်ပတ်ဆုံး အ လုပ် များ ကို လုပ်ခိုင်းပြီး တစ်နာရီလျှင် ဆယ့်ငါးဆင့် ပေးသည်။ ရက်သတ္တ တစ်ပတ်လျှင် ၆၄ နာရီ အလုပ် လုပ်ရသည်မှာ ထုံးစံအတိုင်း ဖြစ်သောကြောင့် သူ့ဖခင် အပတ်စဉ်ရသော ၁၉ ဒေါ်လာ ဆင့် နှစ် ဆယ်အပြင် သူ၏ လုပ် ခ ဖြစ် သော ကိုး ဒေါ် လာ ဆင့် ခြောက်ဆယ်က သူတို့ မိသားစုကို အတော်ကလေး ချောင်ချောင်လည်လည် ဖြစ်စေခဲ့သည်။

အီရီပင်ကို အင်သရာဆိုက် ကုမ္ပဏီကို ချားလ်စ်ဂျက်စ် အပ် ကင်း ဖီးလ် စီ နီ ယာ တည် ထောင် သောနယူးရောခ်တွင် အခြေစိုက်သည့် 'ကင်းဖီးလ်ဟိုးလ်ဒင်းစ်အင် ကော်ပိုရိတ်တက်' က ပိုင် ဆိုင် သည်။ ၁၉၂၀ ပြည့်နှစ်တွင် သားဖြစ်သူ ချားလ်စ်ဂျူနီယာက ထိုကုမ္ပဏီကို အုပ်ချုပ်နေလေပြီ။ ကျောက်မီးသွေးမိုင်းက ပင်ဆယ်ဗေးနီးယား ပြည်နယ် အနောက်ဘက်ခြမ်းတွင် ရှိသည်။ ဒေသခံ သတင်းစာများက ကင်းဖီးလ်တို့ကို ချီး ကျူး ကြ သည်၊ အဆိုပါ ဘုန်းတော်ဖွဲ့များကို ဖတ် ရှု ရ သော မိုင်းတွင်းတူး သမားများက သူတို့သည် နွားချေး သို့မဟုတ် ပိုဆိုးရွားသူများ ဖြစ်သည်ဟု ဆိုကြသည်။



၁၉၂၉ ခုနှစ် အောက်တိုဘာလနောက်ပိုင်းတွင် အစုရှယ်ယာ ဈေးကွက် ပြိုကွဲသွားသည်။ ကုမ္ပဏီက ဝန်ထမ်းအားလုံး၏ လစာကို သုံးဆယ် ရာခိုင်နှုန်း ဖြတ် တောက် ပစ် သည်။ ထို နောက် ပိုင်း မှ အဖြစ်အပျက်များကို အမေရိကန် သမိုင်းစာအုပ် အချို့တွင် အ ကျဉ်း ချုံး ၍ စာ တစ် ကြောင်း နှစ်ကြောင်းသာ ဖော်ပြခဲ့ကြသည်။ မိုင်းတွင်းတူးသမားများက ကန့်ကွက်သည့် အနေနှင့် ဆန္ဒပြကြသည်။ ကုမ္ပဏီ ပုလိပ်များက ခြောက်လုံးပြူးများ၊ နှစ်လုံးပြူးများနှင့် ပစ်ခတ်ကြသည်။ မိုင်းတွင်းတူးသမား ခုနစ်ယောက် သေဆုံးသွားသည်။ပေါ်ဗိုဂလာလည်း တစ်ယောက်ပါဝင်သည်။

ချားလ်စ်ကင်းဖီးလ်ဂျူနီယာက သေ ဆုံး သူ များသည် မင်း မဲ့ ဝါ ဒီ အ ကြမ်း ဖက်သ မား များ၊ ရာဇဝတ်မှု ကျူးလွန်သော လှုံ့ဆော်ရေးသမားများ ဖြစ်သည်ဟု ကြေညာလိုက်သည်။ အာဏာပိုင်များက စ၍ ကင်းဖီးလ်၏ သူ ငယ် ချင်း များ ဖြစ် သော သမ္မတဟားဘတ်ဟူးဗား အထိ ထိုကြေညာချက်ကို သဘောတူကြသည်။

အသတ်ခံရသူများ၏ မိသားစုများကို ကုမ္ပဏီနေအိမ်များမှ ဖယ်ရှား ပစ်ကြသည်။ မိုက်ကယ်ဗိုဂလာ၊ သူ့မိခင်နှင့် ထိုစဉ်က အသက် ၉ နှစ်သာ ရှိ သေး သော သူ့ ညီ မ က လေး တို့သည် ပစ်စဘတ်မြို့ရှိ လူ ဆင်း ရဲ ရပ် ကွက် တွင်မသွားခပ်ဝေးဝေး ဆွေမျိုး တစ်ယောက်နှင့် သွားရောက်နေထိုင်ကြရသည်။ မိုက်ဗိုဂလာသည် တွေ့သမျှ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကို လုပ်ကိုင်သည်။ အလုပ် မရှိသောအခါ ခိုးသည်၊ အလွန် အေးမြသော ၁၉၃၁ ခုနှစ် ဇန်နဝါရီလ၏ ညတစ်ညတွင် သူ နေအိမ်သို့ပြန်လာသောအခါ မီးခင်ရော ညီမလေးပါ မရှိကြတော့ပါ။ ထိုမြို့မှ မီးလောင်လွယ်သော အကွက်တစ်ကွက်လုံး မီးလောင် ပြာကျသွားသည်။ လူ ၂၉ ယောက် သေဆုံးသွားသည်။

ပရိုဒေဝမီး ဆိုသည်မှာ ခံစားမှုမှန်သမျှ လုံးဝ ကင်းမဲ့ သွားအောင် လောင်ကျွမ်း သွားစေသော ရေမီးဖြစ်သည်။ မိုက်ဗိုဂလာ တေလေ ကြမ်းပိုး ဖြစ်သွားသည်။ အနောက်ဘက်ဒေသသို့ လွင့်လာပြီး ကျောက်တွင်းတူး သမား ဘဝသို့ ရောက်ရှိသွားသည်။ သူ အလုပ်လုပ်သည်။ အရက်သောက်သည်။ အပျော် ကြူးသည်။ ရန်ဖြစ်သည်။ သူသည် ယမ်းဘီလူး များနှင့် နီးစပ်ပုံရပြီး ယမ်းဘီလူး ဖောက်ခွဲသည့် လုပ်ငန်းတွင် ကျွမ်းကျင်သူ ဖြစ်လာသည်။

၁၉၃၉ ခုနှစ် နှစ်လယ်ပိုင်းတွင် သူသည် အရီးဇိုးနားရှိ ဒူရိုဟုခေါ်သော ကြေးနီ သတ္တုတွင်းတွင် တစ်ပတ်လျှင် ဒေါ်လာ ၆၀ ရရှိသော ဖောက်ခွဲရေးဖိုမင် ဖြစ်လာသည်။ ထို့နောက် ဒူရို သတ္တုတွင်းကို အရှေ့ဘက်မှ ဆင်ဒီကိတ် တစ်ခုက ဝါးမျိုလိုက်သည်။ ရုံးဆန်ဆန် လုပ်ရာ ကိုင်ရာတွင် ညက်ညောသော မန်နေဂျာများ ရောက်ရှိလာကြသည်။ သူတို့၏ ပထမ ခြေလှမ်းမှာ လူတိုင်းကို အလုပ် ဖြုတ်ပစ်လိုက်ခြင်း ဖြစ်သည်။ ဒုတိယ



ခြေလှမ်းမှာ ယခင်ရခဲ့သော လစာ တစ်ဝက်နှင့် အလုပ် လုပ်လိုသူများကို ပြန်လည် ငှားရမ်းမည်ဟု ကြေညာသည်။ မိုင်းတွင်းမှ ကြီးကြပ်ရေးမှူးအသစ်က အဖိုးတန်သော ဖောက်ခွဲရေးဖိုမင်အတွက် ခြွင်းချက် တစ်ခုကို ကမ်းလှမ်းလာသည်။ သူက မိုက်ဗိုဂလာကို ပြောလိုက်၏။

'နှုန်းထား အသစ်နဲ့ ပြန်အလုပ် ဝင်လာတယ်လို့ ထင်အောင် မင်း လက်မှတ်ထိုးပါ၊ မင်းက တခြား ဒူဂိုလ်တွေကို မပြောဘူးဆိုရင် မင်းကို အရင်အတိုင်း ထခပေးမယ်'

'သူတို့ကို တစ်ပတ် ရိုက်နိုင်အောင် ကျုပ်က ကူညီရမယ်ပေါ့လေ'

'လူဆိုတာ ကိုယ့်အတွက် ပြန်ကြည့်ဖို့ လိုတယ်ကွ' မိုက်က ဆဲဆိုပြီး ကြီးကြပ်ရေးမှူးကို သတိမေ့လဲသွားအောင် လက်သီးနှင့် ထိုးလိုက်သည်။ မိုက် အဖမ်းခံရပြီး ရုံးတင်တရားစွဲခံရသည်။ ယူးမား တရားရုံးတော်၏ ရုံးခန်းထဲတွင် သူ့နောက်သို့ ဆိုက်ဆိုင်မှု တစ်ရပ်က ထက်ကြပ်မကွာ လိုက်ပါနေကြောင်း သိလိုက်ရတော့သည်။ အရှေ့ဘက်မှ ဆင်ဒီကိတ် ဆိုသည်မှာ 'ကင်းဖီးလ်ဟိုးလ်ဒင်းအင် ကော်ပိုရိတ်တက်' ကို အမည် ပြောင်းထားသော 'ကင်းဖီးလ် ကွန်ဆိုလီဒိတ်တက် အင်ဒပ်စ်စထရီးစ်' ဖြစ်နေသည်။

တရားသူကြီးက သူ့ကို ထောင် ဆယ်ရက်လ ချလိုက်သည်။ သို့ရာတွင် မိုင်းတွင်းကို အုပ်ချုပ်သူများက ကျေနပ်မှု မရှိကြသေးပါ။ သူသည် စိန်မှုနာပြ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပါလိမ့်မည်။ စီစီအိုင်က မိုက်ကယ်ဗိုဂလာအား နာမည်ပျက် စာရင်းဝင်အောင် ဩဇာ အာဏာ သုံး၍ ပြုလုပ်ခဲ့သည်။ ၁၉၄၁ ခုနှစ် မတ်လတွင် သူ ထောင်မှ လွတ်သောအခါ တစ်နိုင်ငံလုံးရှိ မည်သည့် မိုင်းတွင်းကမှ သူ့ကို မငှားကြတော့ပါ။

၁၉၃၉ ခုနှစ် စက်တင်ဘာလကစ၍ ဥရောပတွင် စစ်ဖြစ်ပွားနေသည်။ ကြားနေဆဲပင် ဖြစ်နေသေး သော်လည်း အမေရိကန်နိုင်ငံသည် အကြီးအကျယ် လက်နက်အင်အားများ စုဆောင်းနေသည်။ ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလတွင် စစ်မှုထမ်း ဥပဒေကို ပြဋ္ဌာန်းသည်။ အလုပ်ရှာ၍ မရနိုင်သော ဗိုဂလာ သည် တပ်မတော်မှ စစ်သား စုဆောင်းရေး စခန်း တစ်ခုသို့ သွားရောက်ခဲ့သည်။ အသက် ၂၅ နှစ် ကျော်ခန့် ရှိနေပြီး ကျန်းမာရေးနှင့် ပြည့်စုံသော ယမ်းဘီလူး အိတ်စပတ်များသည် ရှာမှရှားပင် ဖြစ်နေသည်။ တပ်သား မိုက်ကယ် ဗိုဂလာကို တိုက်ခိုက်ရေး အင်ဂျင်နီယာ တပ်ရင်း တစ်ရင်းတွင် တွဲဖက်လိုက်သည်။ ၁၉၄၄ ခုနှစ်တွင် အသက်သုံးဆယ်ရှိနေပြီး တပ်ကြပ်ကြီး ဖြစ်နေသော မိုက်ကယ်ဗိုဂလာသည် ကမ်းခြေတက် တိုက်ပွဲတွင် ပါဝင် ဆင်နွှဲခဲ့ရပြီး ပြင်သစ်မှ တစ်ဆင့် ဂျာမန် နိုင်ငံသို့ ဝင်ရောက် တိုက်ခိုက်ပြီး ရောက်ရှိသွား သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မိုက်ကယ် ဗိုဂလာ၏တပ်သည် တတိယ တပ်မတော် စစ်ဦး၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ထိုစစ်ဆင်သူ



များသည် မစ်တာရှင်းမြို့ ပြင်တွင် ရပ်တန့်လိုက် ကြ၏။ ထိုမြို့သည် ဗုံးကြဲပြီး အမြောက်နှင့် ပစ်ခတ် ခံရမှုကြောင့် ပြာပုံ ဖြစ်နေသည်။ အကျစ်အကျစ် တပ်သားများလည်း ဆုတ်ခွာ ပြေးကြလေပြီ။ လမ်းမကြီးများကတော့ ရှင်းနေပုံရသည်။ သို့ရာတွင် တပ်မှူးများက မိုင်းထောင် ထားမှာကို စိုးရိမ်နေ ကြသည်။ တပ်ကြပ်ကြီး မိုက်ကယ် ဗိုဂလာ သည် ဂျစ်ကားတစ်စီးကို မောင်းနှင်ပြီး ကင်းထောက်ရန် ထွက်ခွာခဲ့တော့သည်။

လမ်းပေါ်တွင် ကျင်းများ၊ ချိုင့်များ၊ အလောင်း များ နှင့် ပြည့်နှက် နေသည်။ သို့ရာတွင် ထွက်ပြေးသော နာဇီများက မိုင်းမထောင်ခဲ့ကြပါ။ ဗိုဂလာက မြို့ထဲကို စစ်ဆေး ကြည့်သင့်သည်ဟု ယူဆသည်။ မိုက်ဗိုဂလာသည် သော်မဆင် စက်သေနတ် တစ်လက်နှင့် ၂.၃၆ ရော့ကက်ပစ် ဘဇူကာ သေနတ်တို့ကို ယူ၍ အပျက်အစီးများ ကြားတွင် ခြေကျင် လျှောက်သွားခဲ့သည်။ သူသည် ပျက်စီးနေသော ဂက်စတာပိုရုံးချုပ် အပျက်အစီး ပုံထဲမှ ထိုးထိုး ထောင်ထောင် ဖြစ်နေသော မီးခံ သေတ္တာကြီးတစ်လုံးကို မျက်စိကျသွားသည်။

တပ်မက်မှုကို နှိပ်ကွပ်၍ မရပါ။ ဘဇူကာနှင့် တစ်ချက် ပစ်ရုံမျှနှင့် မီးခံသေတ္တာ ပွင့်ထွက်သွား သည်။ ဂျာမန်တွေက မည်သည့် ပစ္စည်းတွေကို ထားရစ်ခဲ့လေသနည်းဟု အပြေးအလွှား ကြည့်လိုက် သည်။ သူ့မျက်လုံး ပြူးသွားသည်။ မီးခံသေတ္တာ ထဲတွင် ငွေစက္ကူထုပ်များ အထပ်လိုက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခပ်မြန်မြန် ရေကြည့်လိုက်သောအခါ ဂျာမန်နိုင်ငံသုံး ရစ်ချ်မတ် ၅၀၈၆၀၀၊ ပြင်သစ်ဖရန့် ၁၀၅၇၃၀ နှင့် ၅၀ တန်၊ ၂၀ တန်နှင့် ဆယ်ဒေါ်လာတန်များသာ ပါဝင်သော အမေရိကန်ဒေါ်လာ ၁၀၅၇၃၀ တို့ကို တွေ့လိုက်ရသည်။

ရှေ့တန်းမှ စစ်သားတစ်ယောက်က ဂျာမန်နှင့် ပြင်သစ်နိုင်ငံသုံး ငွေအမြောက်အမြားကို လဲလှယ်ရန် သို့မဟုတ် သုံးစွဲရန် ကြိုးစားသောအခါ ဒုက္ခတွေ့ရလေ့ ရှိသည်။ ပြီးတော့လည်း ထိုငွေစက္ကူများမှာ ထုထည်ကြီးမားပြီး ကွယ်ဝှက် သယ်ဆောင်သွားရန် မလွယ်ကူချေ။ အမေရိကန် ငွေစက္ကူ များကတော့ တပ်မတော် အရာရှိသုံး သားရေအိတ် ကလေးထဲတွင် သပ်သပ်ရပ်ရပ် ထည့်၍ ရသည်။

မိုက်ကယ်ဗိုဂလာသည် အမေရိကန်နိုင်ငံသို့ ပြန်လည် ရောက်ရှိလာပြီး ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် တပ်မတော်မှ နုတ်ထွက်ခွင့် ရခဲ့သည်။ သူသည် မည်သူ့ ထံ့ပွင်မှ အလုပ်မလုပ်တော့ရန် သန္နိဋ္ဌာန်ချလိုက်သလို ချမ်းသာရမည် ဟူ၍လည်း သန္နိဋ္ဌာန်ချလိုက်သည်။

၁၉၄၅ ခုနှစ်တွင် မရေမတွက်နိုင်သော ရုံးအမှုထမ်းများနှင့် စက်ရုံဝန်ထမ်းများသည် ရက်သတ္တတစ်ပတ်လျှင် ဒေါ်လာ လေးဆယ်ပင် မရကြချေ။ ပေါင်မုန့် တစ်လုံးကို ဆယ်ဆင့်ပေးရပြီး ကော်ဖီတစ်ပေါင်ကို ၂၉ ဆင့် ပေးရသည်။ ထိုစံနှုန်းများနှင့် ဆိုပါက စစ်အတွင်းက မိုက်ကယ်ဗိုဂလာ လုယူခဲ့သော ဒေါ်လာ ၁၀၅၇၃၀ သည် ရင်းနှီး မြှုပ်နှံရန်



အတော် များပြားသော ငွေပမာဏပင် ဖြစ်နေပါသည်။

သူသည် ဗိုဂလာအင်တာနေရှင်နယ်အင်တာပရိုက်စ်ကို တည်ထောင်ပြီး စစ်အတွင်းက ပိုလျှံသော စစ်သုံးပစ္စည်းများကို ရောင်းဝယ်ဖောက်ကား တော့သည်။ ထိုပစ္စည်းများမှာ အမေရိကန် လက်နက်ကိုင်တပ်များက စုဆောင်းထားရှိခဲ့ကြပြီးနောက် ကမ္ဘာအရပ်ရပ်၌ စွန့်ပစ်ထားခဲ့ကြသော ပစ္စည်းများပင်ဖြစ်ပြီး စည်သွတ်ဘူးမှစ၍ ကြီးမား လေးလံသော ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်း ကိရိယာများ အထိပါဝင်သည်။ ပိုလျှံသော စစ်ပစ္စည်းများကို ထုခွဲရောင်းချသူ အရာရှိများက တစ်ဒေါ်လာတန်ပစ္စည်းကို 'ဆင့်'လောက်နှင့် ချရောင်းကြသည်။ ဗိုအိုင်အီးသည် ဝယ်သမျှ ပစ္စည်းများကို စစ်ဘေးစစ်ဒဏ်ခံရသော နိုင်ငံများတွင် မူလတန်ဖိုးနှင့် ချက်ချင်း ပြန်၍ ရောင်းချခဲ့ရသည်။

ဤနည်းဖြင့် ဗွီအိုင်အီးသည် ပထမနှစ်တွင် ဒေါ်လာ တစ်သန်း မြတ်စွန်းခဲ့သည်။ နောက်နှစ်တွင် နှစ်သန်း မြတ် စွန်း ခဲ့ သည်။ လက်ထဲတွင် ငွေသား ဒေါ်လာ သုံးသန်း ရှိနေသဖြင့် မိုက်ကယ်ဗိုဂလာ သည် ကင်းဖီးလ်ကုမ္ပဏီအား တစ်စတစ်စနှင့် 'ဖွဲ့'ပစ်နိုင်သည့် အနေအထားတွင် ရှိနေကြောင်း သူ့စိတ်ထဲတွင် ခံစားလာရ တော့သည်။

ထိုအချိန်တွင် ချားလ်စ်ကင်းဖီးလ်စီနီယာ သေဆုံးခဲ့လေပြီ။ ချားလ်စ်ကင်းဖီးလ် ဂျူနီယာက သား



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် မွေးပြီးချိန်တွင် သူ့နာမည်ကို ချားလ်စ်ကင်းဖီးလ် ဒုတိယဟု နာမည်ပြောင်းလိုက်သည်။ ကျောင်းသား အရွယ်မှာပင် ရှိနေသေးသော သူ့သားကတော့ ချားလ်စ်ကင်းဖီးလ် တတိယ ဖြစ်လာသည်။ ဗိုဂလာက သတိကြီးစွာထားပြီး ဆက်လက် ဆောင်ရွက်သည်။ စီစီအိုင် ကုမ္ပဏီက လိုချင်သော ကုမ္ပဏီတစ်ခုကို ကြားဖြတ်၍ ဝယ်ယူလိုက်သည်။ ထို့နောက် ဒုတိယကုမ္ပဏီကိုလည်း ထိုနည်းအတိုင်း ဝယ်ယူ လိုက်လေ၏။ ချားလ်စ်ကင်းဖီးလ် ဒုတိယသည် ယခုမှ လုပ်ငန်းစတင် လုပ်ကိုင်သူ တစ်ဦး၏ အကျောကို ခံလိုက်ရသဖြင့် အခံရခက်ပြီး ပြန်တွယ်တော့သည်။ ဗိုဂလာက သူသည် မည်သူမည်ဝါ ဖြစ်ကြောင်း၊ ကင်းဖီးလ်နာမည်အား အဘယ်ကြောင့် သူမုန်းတီးကြောင်း သိသွားအောင် တမင်တကာ အသိပေးလိုက်သည်။ ကုန်ပစ္စည်း ထုတ်လုပ်သူများ၏ အစည်းအဝေးတွင် ပထမဦးဆုံးအကြိမ် အဖြစ် လူကိုယ်တိုင် တွေ့ကြရသောအခါ ဗိုဂလာက ပြောလိုက်လေ၏။

'ခင်ဗျားနဲ့ ကျုပ်ကတော့ တစ်ယောက်ယောက်ကိစ္စတုံးမှ ပြီးမှာပဲ၊ အဲဒါကို စိတ်ထဲမှာ မှတ်ထားစမ်းပါ'

ထိုတိုက်ပွဲသည် စီးပွားရေးလုပ်ငန်းနှင့် ကိုယ်ရေးကိုယ်တာနယ်ပယ်တို့တွင် ပို၍ အရှိန်အဟုန် တိုးမြှင့်လာသည်။ ချားလ်စ်ကင်းဖီးလ် ဒုတိယ ကွယ်လွန်သွားချိန်တွင် မုန်းတီးမှုသည် ဆက်လက် တည်ရှိနေဆဲပင်ဖြစ်ပြီး ချားလ်စ်ကင်းဖီးလ် တတိယက ကင်းဖီးလ်



ဆွေစဉ်မျိုးဆက် လုပ်ငန်း တစ်ခုလုံးကို အမွေဆက်ခံလိုက်ရသော အချိန်တွင် ပို၍ အဆိပ်ပြင်း လာခဲ့သည်။

မိုက်ဗိုဂလာသည် အတွေးရေလျဉ်ကြောတွင် မျောပါနေရာမှ ပြန်သတိ ရလာပြီး စားပွဲနောက်ဘက်ရှိ နံရံပေါ်၌ ချိတ်ဆွဲထားသော ဘဇူကာ သေနတ်ကို လှည့်ကြည့်လိုက်လေ၏။

၉

မိုက်ကယ်ဗိုဂလာ ပါဝင်တိုက်ခိုက်နေသော ဒုတိယ ကမ္ဘာစစ်သည် ဂျပန်က မဟာမိတ်တို့အား တရားဝင် လက်နက်ချသော ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ပြီးဆုံးသွားသည်။ အောင်နိုင်သူများက 'စစ်ကြီး ပြီးဆုံးသွားမှုသည် အကောင်းကအဆိုးအပေါ် အောင်မြင်မှု ရလိုက်ခြင်း ဖြစ်ပြီး ထိုအချိန်ကစ၍ ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေး ထွန်းရှိသွားလိမ့်မည်' ဟု ဆိုခဲ့ကြသည်။

ထိုအဆိုမှာ အိပ်မက်မျှသာ ဖြစ်ပေသည်။ အဖြစ်မှန်ကတော့ တစ်မျိုး တစ်ဘာသာ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၅ ရက် နေ့ တွင် ဂျပန်က မဟာမိတ်တို့၏ လက်နက်ချရေး စည်းကမ်း ချက်များကို လက်ခံလိုက်သော ဗွီဂျေ * နေ့မှ စ၍ ကမ္ဘာ့အရပ်ရပ်တွင် စစ်ပွဲပေါင်း မည်မျှ ဆက်လက် တိုက် ခိုက် ခဲ့ ကြ သည် ကို ကမ္ဘာ့ကုလသမဂ္ဂကပင် တိတိကျကျ ရေတွက်ပေးပို့နိုင်ခြင်း မရှိပါ။ အကျော် စစ်ပွဲနှင့် တစ်ကမ္ဘာလုံး ပါဝင်ဖြစ်ပွားသော စစ်ပွဲ ကြီးများကလွဲ၍ စစ်ပွဲမျိုးစုံ သုံး ရာ ခန့် ရှိနေပြီး အရပ်သားနှင့် စစ်သား စုစုပေါင်း ၄၅ သန်း ခန့် ရှိသည်ဟု တရားမဝင် ခန့်မှန်းကြပါသည်။

စစ်ပွဲများအတွက် လက်နက်နှင့် ခဲယမ်းမီးကျောက် များ လိုအပ်ပါသည်။ အချို့သော နိုင်ငံများနှင့် ရန်လိုသော အုပ်စုများက လက်နက် ပစ္စည်းများကို ဖြောင့်ဝယ်ယူရရှိနေကြသည်။ အချို့က ခိုးကြောင် ခိုးဝှက် ဝယ်ယူရရှိနိုင်သော နေရာများကို အားကိုး ကြသည်။ နိုင်ငံတကာ မှောင်ခိုဈေးကွက်တွင် နှစ်စဉ် ရောင်း ချ နေသော လက်နက်ပစ္စည်းများ၏ တန်ဖိုး သည် ဘီလီယံ ငါးဆယ် (တစ် ဘီလီယံလျှင် သန်း တစ်ထောင်နှင့် ညီမျှသည်) ခန့် ရှိသည်ဟု ခန့်မှန်း ကြသည်။

စစ်လက်နက် ပစ္စည်းများကို ခိုးကြောင် ခိုးဝှက် ရောင်းချသော လုပ်ငန်းတွင် ခေတ်မီသော ပုဂ္ဂိုလ် များက ဦးစီး ဦးဆောင် ပြုလုပ်ရန်နှင့် ကျွမ်းကျင် ရှိရန် လိုအပ်ပါသည်။ ခေတ်သစ် လက်နက်ကုန်သည်

* V J – Victory over Japan



များသည် ရှေးခေတ်က လက်နက်ကုန်သည်များနှင့် အလွန် ကွာခြားသည်။ လက်နက် ရောင်းဝယ်သော လုပ်ငန်း အများစုသည် အထက်တန်း ကျ သော အမျိုးသားများ၏ လက်ထဲ၌သာ ရှိသည်၊ သို့ရာတွင် ၁၉၆၀ ပြည့်နှစ် တစ်ဝိုက်သို့ ရောက်ရှိသောအခါ လက်နက် ရောင်းဝယ် ဖောက်ကားရေး လုပ်ငန်း မြင်ကွင်းထဲသို့ အမျိုးသမီးများ ရောက်ရှိလာသည်။

ထိပ်ပိုင်းတွင် ရှိနေသူများက အမျိုးသမီးများ သည် က လိမ် ဉာဏ် များ မှု ပုံ ဖော်၍ ဆန်း ဆန်း ဆောင်ရွက်တတ်မှုတို့တွင် အ မျိုး သား များ ထက် မညီကြောင်း သ ဘော ပေါက် လာ ကြ သည်။ အမျိုးသမီးများသည် ရောင်းရာဝယ်ရာတွင် အလွန် တော်သူများဖြစ်ကြသည်။ သူတို့၏ ညို့ဓာတ်များက အပေးအယူလုပ်ရာတွင် အ ဆုံး အ ဖြတ် ပေးသော အချက်ဖြစ်ကြောင်း မကြာခဏဆိုသလို တွေ့ရှိလာရ သည်။ ဝယ်သူနှင့် ရောင်းသူများသည် ဤ အချက် များနှင့် အခြား အချက်များကို တဖြည်းဖြည်းနှင့် သဘောပေါက်လာကြသည်။ ဤနည်းဖြင့်အမျိုးသမီး များအား ကြားဝင် ဆောင်ရွက်သူများ၊ အောင် သွယ်များ၊ ပွဲစားများ၊ အလုပ် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးနိုင်သူများအဖြစ် သူတို့က အသုံးချ လာကြလေ၏။

လာဖ်တန် လေယာဉ်ပျံ ကုမ္ပဏီနှင့် အပြီးသတ် ဆွေးနွေးပွဲ ပြီးစီးသွားသောအခါ အယ်လီဆန်သည်



www.burmeseclassic.com

www.burmeseclassic.com

တူလ်ဆာမှ လောစ်အင်ဂျလီသို့ လေကြောင်းခရီးနှင့် လာရောက်ခဲ့ပြီး ဘီဗာလီဟီးလ်ရှိ 'မမိုင်ဆန်' စားသောက်ဆိုင်တွင် မတ်ခ်တာတမ်နှင့် အတူ နေ့လယ်စာ စားသောက်နေသည်။

မတ်ခ်တာတမ်သည် 'အီလိုရေးမာကင်တိုင်း ကော်ပိုရေးရှင်း'၏ ဥက္ကဋ္ဌဖြစ်ပြီး ကယ်လီဖိုးနီးယား ပြည်နယ် တောင်ပိုင်းတွင် တစ်ခါတစ်ရံ၌ ရုပ်ရှင်ကားများကို ငွေကြေး စိုက်ထုတ်၍ ရိုက်ကူးတတ်သူ ကုဋေကြွယ် သူဌေးကြီး အဖြစ် လူသိများသည်။ ဟောလီးဝုဒ်မှ ပုဂ္ဂိုလ်များသည် မမိုင်ဆန်တွင် နေ့လယ်စာ စားသောက်နေကြသည်။

အမှန်က မူ မတ်ခ်တာတမ်၏ 'အီလိုရေးမာကင်တိုင်း ကော်ပိုရေးရှင်း' သည် 'အနာဟိမ်းသတ္တုနှင့် ဓာတုဗေဒ ကုမ္ပဏီ'၏ ဟန်ပြ အဖွဲ့အစည်းသာ ဖြစ်သည်။ အနာဟိမ်း ကုမ္ပဏီသည် ဆူပူသူများ၊ သောင်းကျန်းသူများ၊ သူပုန်များ ရန်သူစစ်သား စသည်တို့ကို နှိမ်နင်းရန် သို့တည်းမဟုတ် သုတ်သင် ရှင်းလင်းရာတွင် အသုံးပြုသည့် ပစ္စည်းမျိုးစုံကို ထုတ်လုပ်သည်။ 'အီလိုရေးမာကင်တိုင်း'သည် ထိုပစ္စည်းများအား လျှို့လျှို့ဝှက်ဝှက် ဈေးကွက်များတွင် ရောင်းချရာ၌ အသုံးပြုသော အဖွဲ့အစည်း ဖြစ်သည်။

အယ်လီဆန်နှင့် မတ်ခ်တာတမ်တို့သည် သိဟောင်းကျွမ်းဟောင်းများ ဖြစ်ကြသည်။ အယ်လီဆန်အား 'အီလိုရေးမာကင်တိုင်း' က ရောင်းဝယ်ရေး ဆိုင်ရာ



အတိုင်ပင်ခံအဖြစ် အတိတ်ကာလက အကြိမ်အတော်ခပ်များများ ငှားရမ်း အသုံးပြုခဲ့ဖူးသည်။

မတ်ခ်တာတမ်သည် အသက် ခြောက်ဆယ်ကျော်ပြီဖြစ်ပြီး သပ်သပ်ရပ်ရပ် ဝတ်စားတတ်သူ ဖြစ်သည်။

'မင်း ကျုပ်တို့အတွက် ပထမဦးဆုံး ဆောင်ရွက်ပေးခဲ့တဲ့ ကိစ္စကိုတော့ ကျုပ် ဘယ်တော့မှ မမေ့မှာမဟုတ်ဘူး အယ်လီဆန်'

ထိုကိစ္စမှာ ၁၉၇၆ ခုနှစ်က နစ်ကာရာဂွါမှ 'ဆမိုဇာ' အစိုးရအား ဒေါ်လာ သုံးသန်းတန် သောင်းကျန်းမှု နှိမ်နင်းရေး ပစ္စည်းများကို ရောင်းချခဲ့ခြင်းပင် ဖြစ်သည်။

မတ်ခ်တာတမ်က ဆက်ပြောသွားသည်။ အယ်လီဆန်က ကြားတစ်ဝက် မကြားတစ်ဝက်နှင့် နားထောင်နေသည်။ ကယ်လီဖိုးနီးယားသို့ ရောက်ရှိသည့်အခါတိုင်း ထိုဒေသ၌ ရောက်ရှိနေမှုကပင် အယ်လီဆန်၏ မှတ်ဉာဏ် ဘဏ်တိုက်ကို လှုံ့ဆော်နှိုးဆွပေးလေ့ ရှိပါ၏။

'ဆု' အဖြစ် ရရှိသော ဒေါ်လာ ၁၀၀၀ ကို အသုံးချ၍ ဒီးယားဘွန်းမြို့မှ ထွက်ပြေးလာခဲ့သော အယ်လီဆန်သည် အဓိကကျသော ပုဂ္ဂိုလ်များထံတွင် ခန္ဓာကိုယ်နှင့် ရင်းနှီး၍ ဟောလီးဝုဒ်တွင် ဇာတ်သို့မဟုတ် ရုပ်ရှင်တစ်ကားကား၌ ပါဝင်ခွင့်ရလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သို့ရာတွင် သူသည် မရေ



www.burmeseclassic.com

www.burmeseclassic.com

တွက်နိုင်သော ပုဂ္ဂိုလ်များနှင့် ဆုံတွေ့ခဲ့ရသော်လည်း ရိုက်ကူးခွင့်မရသည့်အပြင် ဆုအဖြစ် ရရှိလာသော ငွေလည်း ကုန်ခန်းသွားတော့သည်။

ဤတွင် အယ် လီ ဆန် သည် 'အိုင်စ်ပီးရီးမင့်' ဆိုသော လူမည်း အုပ်စုတစ်စုနှင့် ဆက် သွယ် မိ ပြန် လေ၏။ ၁၉၅၈ ခုနှစ် ဧပြီလတွင် မာတင်လူသာကင်း လုပ် ကြံ ခံ ရသော အခါ တစ် နိုင် ငံ လုံး၌ ဆူပူ သောင်းကျန်းမှုများ ဖြစ်ပေါ်လာသည်။ ဤတွင် 'အိုင်စ်ပီးရီးမင့်' လူမည်းအုပ်စု တစ်ခုလုံး အဖမ်းခံ ရလေရာ သူလည်း အဖမ်းခံရတော့သည်။ သို့ရာတွင် အယ်လီဆန်သည် သူ့ကို မျက်စိကျသော လူဖြူ ရဲသားတစ်ဦးကြောင့် အချုပ် မခံရဘဲ လွတ်မြောက် လာခဲ့သည်။

ဤတွင် အယ်လီဆန်သည် ကြံ ရာ ကား ... တား စီး ပြီး လော့စ်အင်ဂျလီသို့ လိုက်လာခဲ့သည်။ နောက်တစ်ပတ်ကြာသောအခါ ဆေးခန်းမှ ဆရာဝန် တစ်ဦးက အယ်လီဆန်တွင် ဂိုနိုရီယာ ရောဂါ ဖြစ်ပွားနေကြောင်း အတည် ပြု ပေး လိုက် လေ၏။ ထိုကိစ္စကို တမင် ရွဲ့စောင်း၍ ပြောရမည် ဆိုပါက ထိုကိစ္စသည် ဒီးယားဘွန်းမြို့မှ သူ ထွက် လာ ချိန် ... စ၍ သူ့အတွက် ဖြစ်ပွားခဲ့သော အ ကောင်း ဆုံး ကိစ္စပင် ဖြစ်သည်ဟု ဆိုရပါမည်။

'နောက် တစ်ခွက် ထပ်ယူဦးမလား'

မတ်ခ်တာတမ်၏ အသံက တိုး တိုး ခွေ့ ခွေ့ ... ဝင်ရောက်လာသည်။



'ခဏနေပါဦး၊ ဟောဒါကလေးကို ပထမဦးဆုံး ရှင်းလိုက်ကြရအောင်'

အယ်လီဆန်က သူ့ အား စာ ရွက် က လေး တစ်ရွက်ကို လှမ်းပေးလိုက်၏။

'ကျွန်မ ဖောက်သည် လိုချင်တဲ့ ပစ္စည်းတွေထဲက အဲဒီကဏ္ဍကိုတော့ ခြောက် ရက် အ တွင်း ကနေဒီ လေဆိပ်ကို ပို့ပေးရလိမ့်မယ်'

မတ်ခ်တာတမ်က စာရွက်ကို ကြည့် လိုက် သည်။

'ဖြစ်ပါတယ်'

မတ်ခ်က အယ်လီဆန်အား မေးခွန်းထုတ်ဟန်နှင့် ကြည့်လိုက်ပြန်၏။

'ဖောက်သည် ဘယ်သူလဲဆိုတာ မင်းက ကျုပ်ကို ခုထက်ထိ မပြောသေးဘူးလား'

'မကြာခင် ရှင် သိလာမှာပါ မတ်ခ်ရယ်'

ရှင်သာမက အားလုံး သိလာကြမှာပါဟု တွေးမိပြီး သူ့ကိုယ်သူ ကျေနပ်သွားသည်။

နာမည် ကျော်ကြားသူများ လာ ရောက် လေ့ ရှိသော နေရာများ စားသောက်ဆိုင်များမှ ဝန်ထမ်း များသည် အတင်းအဖျင်း ဆောင်းပါးရေးသူများနှင့် အခြားသူများထံ သတင်း ပေးပို့ခြင်းဖြင့် သူတို့၏ ဝင်ငွေကို တိုး ပွား အောင် လုပ် လေ့ ရှိ သည်။ မတ်ခ်တာတမ်သည် ဟောလီးဝုဒ်တွင် သတင်းတန်ဖိုး ရှိသော ကျော် ကြား သူ တစ်ယောက် ဖြစ်သည်။ ရွှေရောင်ဆံပင်နှင့် မိန်းကလေးကိုတော့ စားပွဲထိုးက သိပ် မ သိ ပါ။ စား ပွဲ ထိုး ခေါင်း ဆောင် က ထိုအမျိုးသမီးသည် နယူးရောခ်မှ ကြီးကြီးကျယ်ကျယ်

www.burmeseclassic.com

ရောင်းဝယ် ဖောက်ကားလေ့ ရှိသော ကုန်သည် မစ်(စ်) အယ်လီဆန် ကာရိုတ်ချ်ဟု ' ပြော ခဲ့ သည်။ စားပွဲထိုးက တယ်လီဖုန်းနှင့် နှစ်နေရာသို့ဆက်သွယ် ကြည့်လိုက်၏။ မည်သူကမှ စိတ် မ ဝင် စား ကြ ပါ။ တတိယအကြိမ်အဖြစ် ဟန်မွန်းအင်ကွာရီအေဂျင်စီသို့ ဆက်သွယ်လိုက်သောအခါ သ တင်း ပေး သူ အ ဖြစ် ဒေါ်လာ ငါးဆယ် ချီးမြှင့်မည်ဟု ကတိရရှိတော့ သည်။

ဘာဘရာဟန်မွန်းက သူ့ အေဂျင်စီမှ ရုံးခွဲမှန်သမျှ အား ချားလ်စ်ဂျေကင်းဖီးလ်, တတိယ၊ အယ်လီဆန် ကာရိုတ်ချ်တို့နှင့် ပတ်သက်သော သ တင်း များ ကို နိုးနိုးကြားကြား နား စွင့် ထား ကြ ရန် အကြောင်း ကြားထားသည်။ အရှေ့ဘက်ကမ်းခြေနှင့် အနောက် ဘက် ကမ်းခြေတို့တွင် အချိန် သုံးနာရီ ကွာခြားမှု ရှိသောကြောင့် တဲလက်စာရွက် သူ့ စားပွဲပေါ်သို့ လာရောက် တင်ပြသော အချိန်မှာ ညနေ ၄ နာရီခွဲ ရှိနေလေပြီ။ ဟန် မွန်း က ဗိုလ်အိုင်အီး ရုံးချုပ်ရှိ စတီဖင်ပက်ဂျက်ထံ ချက်ချင်း သ တင်း ပို့ သည်။ ဘာဘရာက မှတ်ချက်ချလိုက်၏။

'အယ် လီ ဆန် က ရုပ် ရှင် ရိုက် ချင် လို့ လား မသိပါဘူး'

'မတ်ခ်တာတမ်က အီ လို ရေး မာ ကင် တိုင်း ကော်ပိုရေးရှင်းဗျ၊ လူသတ်လက်နက်တွေထုတ်လုပ်တဲ့ ကုန်ပဒေသာ ဆိုင်ကြီးပေါ့'



'ငါတို့ရဲ့ ဖိုင်တွဲတွေထဲမှာတော့ မပေါ်လွင်ဘူး၊ ဒါပေမယ့် ကာရိုတ်ချ်ကတော့ သိပုံရတယ်'

'သိစ်ဟုတ်တာပေါ့၊ သူက လက်နက် အရောင်း အဝယ်ကို အတော်ကလေး လုပ်ခဲ့ ကိုင်ခဲ့ ဖူးတယ်'

'မင်း ပို့လိုက်တဲ့ ဖိုင်တွဲတွေကတစ်ဆင့် အဲဒါကို တော့ ငါ သိပါတယ်၊ အဲ ဒါ က လဲ သူ့ ဆီ မှာ ဖောက်သည်တွေ တစ် လှေကြီး ရှိစဉ်တုန်းကပါ၊ အခု သူ့ ဆီမှာ ချားလ်စ် ကင်းဖီးလ် တ တိ ယ တစ် ယောက် တည်း ပဲ ရှိ တော့ တယ်၊ ချားလ်စ် ကင်းဖီးလ်က အဲ ဒီ လို ပစ္စည်းတွေကို ဘာကိစ္စ လိုချင်ရတာလဲ'

'မေးခွန်းကောင်းပဲ'

ဒဏ် ရာ များ က နာ ကျင် လာ ကြ ပြန် ၏။ စတီဖင်ပက်ဂျက်က ဆလင်း စီးကရက် တစ်လိပ်ကို မီးညှိလိုက်သည်။

'ကျွန်တော့် အာရုံအရ ကျွန်တော် ကြိုက်မယ့် အဖြေမျိုးတော့ မဟုတ်ဘူး၊ ဒါကလဲ အ ဖြေ ကို သိခဲ့ရရင်ပေါ့လေ'

ဘာဘရာ တယ် လီ ဖုန်း ပြန် ချ သွား သည်။ စတီဖင်ပက်ဂျက် ဆေး လိပ် သောက် ရင်း စဉ်းစား နေစဉ် မိုက် ကယ် ဗိုဂ လာ က တယ် လီ ဖုန်း ဆက်လိုက်၏။

'စတိဗ်၊ နက်ဖြန်ခါ တစ် နာ ရီ ကျ ရင် မင်းကို ငါရုံးခန်းထဲမှာ တွေ့ချင်တယ်၊ သူ့ပြဿနာတချို့ကို ဖြေရှင်းပေးတဲ့အတွက် ဒိုင်ယာနီက မင်းကို ကျေးဇူး တင်ချင်လို့တဲ့'



www.burmeseclassic.com

www.burmeseclassic.com

ဘုရားသခင် ကယ်တော်မူပါ ဟု စတိဗ်က တိတ်တိတ်ကလေး ညည်းညူလိုက်မိ၏။ သူနှင့် ဒိုင်ယာနီ တစ်ခါမှ မတွေ့ဖူးသလို တွေ့ဆုံလိုစိတ်လည်း မရှိပါ။ စတိဗ်က ဒိုင်ယာနီအကြောင်း သိလွန်းနေသည်။

'အဲဒါတွေက သာမန် အသေးအမွှား ကိစ္စလေးတွေပါဗျာ၊ ကျေးဇူးတင်စရာ အကြောင်း မရှိပါဘူး'

'တစ်နာရီ၊ ဒီကိုလာခဲ့'

တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

စတိဗ်က အင်တာကွန် ခလုတ်ကို ဖွင့်လိုက်၏။

'နန်စီ၊ ငါတို့ မှတ်တမ်းတွေထဲမှာ အယ်လီဆန် ကရိုက်ချ်၊ မား ကပ်စ် ဗွီ တာ တမ် နဲ့ အီလိုရေး မာကင်တိုင်း ကော်ပိုရေးရှင်းတို့နဲ့ ပတ်သက်တာ မှန်သမျှကို ရှာပေးစမ်း၊ အဲဒါတွေ အားလုံး အိမ်ကို ယူသွားမယ်'

စတီဗင် ပက်ဂျက်၏ တစ်ကြိမ်တည်းသော အိမ်ထောင်ပြုမှုသည် ၁၉၈၀ ပြည့်နှစ်တွင် အေးအေးချမ်းချမ်း ကွာရှင်းပြတ်စဲပြီး အဆုံးသတ်သွားခဲ့သည်။ ဇနီးဖြစ်သူက မယားစရိတ် မတောင်းပါ။ သူတို့ နေထိုင်ခဲ့သော အိမ်ခန်းကိုသာ ပေးခဲ့ရန် တောင်းဆိုသည်။ ထို့ကြောင့် စတိဗ်သည် ဟိုတယ်တွင် ခေတ္တခဏနေထိုင်ခဲ့ရပြီး အရှေ့ဘက် '၈၁' လမ်းတွင် အခန်း ခြောက်ခန်းပါသော အိမ်ခန်းကို ဈေးပေါပေါနှင့် ဝယ်ခွင့်ရသဖြင့် ဝယ်ယူပြီး နေထိုင်ခဲ့တော့သည်။



ထို အိမ်ခန်းတွင် အသက် သုံးဆယ်ခန့် ရှိသူ ဗီယက်နမ်လူမျိုး ငုယင်သန်သို သို့မဟုတ် ဂမ်စ် ဆိုသူက စတိဗ်အတွက် စီမံခန့်ခွဲပေးသည်။ သူသည် စတိဗ်အတွက် အိမ်ဖော်၊ ထမင်းချက်၊ လက်တို လက်တောင်း ခိုင်းစေရသူ ဖြစ်သလို စတိဗ်အား အလွန်ကြည်ညိုသူလည်းဖြစ်သည်။ သူ့တွင် မျက်လုံး အကောင်းတစ်လုံး (ကျန်တစ်လုံးက ဖန်ဂေါ်လီ ဖြစ်သည်)၊ ညာဘက် လက်တွင် လက်မနှင့် လက်ချောင်းနှစ်ချောင်းသာ ရှိပြီး အင်္ဂလိပ်စကားကို မှတ်နေအောင် မှန်မှန်ကန်ကန် ပြောတတ်သည်။ သူသည် ပက်ဂျက်အား အတိတ်ကာလက တပ်မတော် ရာထူးဟောင်းနှင့်သာ ခေါ်ဝေါ်လေ့ ရှိသည်။

တိုက်ရည် ခိုက်ရည် မပြည့်ဝသော ဗိုလ်မှူးကြီး တစ်ယောက်က ကြားနေ နိုင်ငံဖြစ်သော ကမ္ဘောဒီးယားသို့ ရဟတ်ယာဉ်နှင့် ဝင်ရောက် တိုက်ခိုက်ရာတွင် ဦးဆောင်မှု ပေးခဲ့သည်။ ထိုစစ်ဆင်ရေးသည် မှားယွင်းစွာ တွေးတောမိသော စိတ်ကူးဖြစ်သည်။ ရဟတ်ယာဉ် ဆင်းသက်သော နေရာသည် ချုံခို၍ တိုက်ခိုက် ခံရသော နေရာဖြစ်နေသည်။ ကမ္ဘောဒီးယားသို့ ဝင်ရောက် တိုက်ခိုက်သော တပ်ဖွဲ့သည် မိနစ်ပိုင်းအတွင်း မရှုမလှ အသတ် ခံနေကြရသည်။ စိတ် ချောက် ချား သွား သော အမေရိကန် ဗိုလ်မှူးကြီးက ဗီယက်နမ်တပ်သားများကို ချန်ထားခဲ့ပြီး ရန်သူ၏ ပစ်ခတ်မှုမှ လွတ်ကင်းရာဆဲ ဖြစ်သော ရဟတ်ယာဉ်များ ပေါ်သို့ တက်ရောက်

www.burmeseclassic.com

ကြရန် အမေရိကန် စစ်ဗိုလ်များအား အမိန့်ပေးလိုက်သည်။ မော်တာ အစအနများ ထိမှန်ခံရသောကြောင့် ဆိုးဆိုးရွားရွား ဒဏ်ရာ ရနေသော လက်ဖတင်နှင့်စတီဖင်ပက်ဂျက်သည် ဗိုလ်မှူးကြီးအား ဒသမ ၄၅ သေနတ်နှင့်ချိန်၍ ပြင်းထန်စွာ ဒဏ်ရာရနေသော ငုယင်သန်သိုကို ရဟတ်ယာဉ် တစ်စီးပေါ်သို့ ဆွဲတင်ခဲ့သည်။ ငုယင်သန်သိုသည် စတီဖင်ပက်ဂျက်၏ ဗီယက်နမ် တပ်စိတ်မှ တစ်ဦးတည်းသာ ကျန်ရစ်သူ ဖြစ်သည်။

ဗိုလ်မှူးကြီးက ထို ကိစ္စကို နောက်ပိုင်းတွင် တိုင်တန်းခဲ့သည်။ စစ်ခုံရုံးက အပြစ် ရှိသည်ဟု ဆုံးဖြတ်သည်။ ပက်ဂျက်သည် အမိန့်ကိုဖီဆန်ခဲ့သည်။ အမေရိကန် တပ်မတော်သားများ၏ အသက်အန္တရာယ်ကို ဖြစ်စေခဲ့သည်။ အဆိုးရွားဆုံးမှာ မိမိထက် ရာထူးကြီးသော ပုဂ္ဂိုလ်ကို သေနတ်နှင့် ပစ်ခတ်မည်ဟု ခြိမ်းခြောက် ခြင်းပင် ဖြစ်သည်။ လက်ဖတင်နှင့် စတီဖင်ပက်ဂျက်အား ပြန်တမ်းဝင်ရာထူးမှ ပြန်ရုပ်သိမ်းပြီး တပ်မတော်မှ ပြစ်တင်ရှုတ်ချ၍ ထုတ်ပစ်လိုက်သည်။

လပေါင်းများစွာ ကြာသောအခါ ဗိုလ်မှူးကြီးသည် လုပ်ကြံ သတ်ဖြတ်ခံရကြောင်း အရပ်သားဖြစ်နေသော စတီဖင်ပက်ဂျက် သတင်းကြားလိုက်ရသည်။ မည်သူက လုပ်ကြံ သတ်ဖြတ်သည်ကို အခန့်မှန်း၍ ရပါသည်။ နောက်ဆုံးတွင် သူသည် ငုယင်သန်သိုကို စုံစမ်း ထောက်လှမ်း၍ ရရှိလာပြီး အမေရိကသို့ ခေါ်ဆောင် လာသည်။ ငုယင်



သန်သို ခေါ် ဂပ်စ်သည် သူ့အသက်ကို ကယ်ဆယ်ခဲ့သော ပုဂ္ဂိုလ် အား အလွန် ကြည်ညို သည်။ စတီဖင်ပက်ဂျက်နှင့် ဂပ်စ်တို့သည် သေဆုံးပြီးမှုထူးချွန် သော အမှုထမ်း ကောင်း တံဆိပ် (ဒီအက်စ်အမ်) ချီးမြှင့်ခြင်း ခံရသော ဗိုလ်မှူးကြီး အကြောင်း စကားစပ်၍ပင် ပြောလေ့မရှိကြပါ။

'ခင်ဗျားစောတယ် လက်ဖတင်နင်'

ဂပ်စ်က နှုတ် ဆက် လိုက် ခြင်း ဖြစ်ပါ ၏။ ခြောက်နာရီ ထိုးပြီးခါစ မိနစ်. အနည်းငယ်သာ စွန်းသေးသည်။

'စောလဲစောတယ်၊ ရေလဲငတ်တယ်'

ပက်ဂျက်သည် လေးလံသော အတက်ချီကွေ့စ်ကို ဧည့်ခန်းထဲသို့ ယူသွားပြီး မီးလင်းဖိုရှေ့ရှိ ကြီးမားသော ဆိုဖာကြီးပေါ်တွင် ပစ်ထိုင်ချလိုက်သည်။

'ဝီစကီ ခပ်များများ ထဲကို ရေ နှစ်ဇွန်း ခပ်မောက်မောက် ထည့်ခဲ့ကွာ'

လက်ချောင်း နှစ်ချောင်း လျော့နည်း နေသော်လည်း အရက်ရောစပ်ရာတွင် အနှောင့်အယှက် မဖြစ်ပါ။ ဂပ်စ်က ရောစပ်ပြီး ချက်ချင်း လာပို့သည်။

'မင်းအတွက်ကရော ဘယ်မှာလဲ'

'မီးဖိုချောင်ထဲမှာပါ လက်ဖတင်နင်၊ ကျွန်တော်က ပုစွန်တွေ သင်နေတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

'အဲဒါတွေ ထားလိုက်စမ်းပါကွာ၊ ညစာအတွက် အသားကင် ဆင်းဒဝစ်ချ်တွေနဲ့ အရက်ထပ်ယူခဲ့ဖို့ပဲ ဒီနေ့ရာကို လာထား'

ပက်ဂျက်က ဖန်ခွက်ကို ကုန်အောင်သောက်လိုက် ပြီးနောက် စားပွဲငယ်ကလေးပေါ်သို့ တင်လိုက်၏။ ပက်ဂျက်သည် အတက်ချီကေ့စ်ကို ဖွင့်လိုက်ပြီး ရုံးက ယူလာသော စာရွက်စာတမ်းများကို ထုတ်ယူ လိုက်သည်။

ညသန်းခေါင်ယံအထိ ရောက်သည့်အခါ စတီဗ်သည် ဆလင်း စီးကရက် နှစ်ဘူးကို သောက်ခဲ့ပြီးနောက် ဂျော်နီဝါကား ဘလက်လေဘယ် ငါးပုံ တစ်ပုံ ကိုလည်း သောက်ခဲ့ပြီး ဖြစ်သလို ကွန်ပြူတာမှ ထွက်လာသော စာရွက်များကိုလည်း အကြိမ်ကြိမ် ဖတ်ခဲ့ပြီးလေပြီ။ သူသည် အယ်လီဆန်ကရိတ်ချ် မား ကပ်စ် ဗွီတာတမ်နှင့် အီလိုရေးမာကင် တိုင်း ကော်ပိုရေးရှင်းတို့ အကြောင်း ယခင်ကထက် ပို၍ သိလာသည်။ သို့ရာတွင် ထိုများပြားလှသော စာရွက်စာတမ်းများထဲတွင် လက်နက်ရောင်းဝယ်မှုနှင့် ကင်းဖီးလ် မည်သို့မည်ပုံ ဆက်စပ်နေသည်ကို သူ ရှာမတွေ့ခဲ့ပါ။

သူ့ကျောပြင်ပေါ်မှ အနာရွတ်များက လွန်လွန် မင်းမင်း နာကျင်နေကြသည်။



ချားလ်စ်ဂျေကင်းဖီးလ် တတိယသည် သူ့ဖခင်ကဲ့သို့ ပင် 'အနုပညာဆိုင်ရာ မက်ထရိုပိုလီတန်ပြတိုက်' မှ ဂေါပကအဖွဲ့ဝင်တစ်ယောက် ဖြစ်သည်။

မက်ထရိုပိုလီတန် ပြတိုက်သည် မကြာသေးမီက ပုဂ္ဂလိက လေလံပွဲတစ်ခုတွင် ပြင်သစ် ပန်းချီဆရာ ဂေါ်ဂင် ရေးဆွဲသော ပန်းချီကား သုံးချပ်ကို ဒေါ်လာ ၅.၅ သန်းနှင့် ဝယ်ယူ ရရှိခဲ့သည်။ ထိုပန်းချီကားများကို ရရှိပြီး ဖြစ်သော်လည်း မချိတ်ဆွဲရသေးမီ 'အတု' များဖြစ်ကြောင်း သိရှိလာ ကြသည်။ ထိုသတင်းကို စာနယ်ဇင်း လောကမှ အနံ့ရရှိသွားမည် ဆိုပါက ဟိုးလေးတကျော် ဖြစ်ရ ပေလိမ့်မည်။

ထိုကဲ့သို့ ဟိုးလေးတကျော် မဖြစ်စေမည့် နည်းလမ်းများကို ရှာဖွေရန် ဂေါပက အစည်း အဝေးကို ခေါ်ယူခြင်းဖြစ်သည်။ အစည်းအဝေးတွင် လက်တွေ့ကျသော အဆိုပြုချက်များ ထွက်ပေါ် မလာဘဲ ဒေါသသာ ထွက်ပေါ်လာကြသည်။

နောက်ဆုံးတွင် အစည်းအဝေးသည် ရှေ့မတိုးသာ နောက်မဆုတ်နိုင် ဖြစ်နေချိန်၌ ကင်းဖီးလ်က အလွန် စိတ်ချရသည့် အဖြေ တစ်ခုကို တင်ပြလိုက်သည်။ ပန်းချီကားများကို ဝယ်ယူရာတွင် အဓိက တာဝန် ရှိသူ ပြတိုက်မှူးကြီးအား ကျန်းမာရေး ညံ့ဖျင်း မှုကြောင့် နုတ်ထွက်ခွင့်ပြုရန်နှင့်၊ ဒေါ်လာ ၅.၅ သန်းကို ပြတိုက်၏ ငွေစာရင်းထဲသို့ ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com

ပေးသွင်းပြီး မည် သည့်အခါကမှ မသုံးစွဲခဲ့သည့် အလား စာရင်းပြထားရန် တင်ပြလိုက်သည်။

'အဲဒီငွေထဲက ၁.၁ သန်းကို ကျုပ်က ထည့်ဝင်ပါ့မယ်၊ အဲဒါကလဲ ကျန်တဲ့ ဂေါပက အဖွဲ့ဝင်တွေက ကျန်ငွေကို စုပြီး ပေးသွင်းကြမယ် ဆိုရင်ပေါ့လေ'

အလွန် ချေးသက်သာသည်ဟု သူ တွေးလိုက်၏။ ဂေါပကအဖွဲ့ မျက်နှာ မပျက်အောင် သူ ယခုလို ဦးဆောင်မှု ပေးလိုက်သောကြောင့် နောင်နှစ်တွင် သူသည် မက်ထရိုပိုလီတန်ပြတိုက် ဂေါပက အဖွဲ့၏ ချယ်ယာမင် ရာထူးကို မျှော်မှန်းနိုင်ခွင့် ရရှိသွားလေပြီ။

ကင်းဖီးလ်သည် သူ နေအိမ်သို့ စိတ်မာတတ်ကြွစွာနှင့် ပြန်လည်ရောက်ရှိလာသည်။ ဘဏ္ဍာစိုးဝတ်သ်က တံခါး ဖွင့်ပေးလိုက်၏။

'လောရင့်ဟောပ့ါး ရောက်နေပါတယ် ခင်ဗျာ၊ ဆရာ ထွက်သွားပြီး သိပ်မကြာခင် သူ ရောက်လာပါတယ်၊ သူ စောင့်နေမယ်လို့ ပြောပါတယ် ဆရာ'

'သူ ဘယ်မှာလဲ'

ကင်းဖီးလ်က သူ ချိန်းထားခဲ့သည်ကို သတိမေ့သွားခဲ့သည်။

'အပြာရောင် ဧည့်ခန်းထဲမှာပါ ခင်ဗျာ'

'စာကြည့်ခန်းထဲကိုလာဖို့ ပြောလိုက်ပါ'

လောရင့်ဟောပ့ါးသည် သူ ဆောင်ရွက်ရမည့် တာဝန်ပိုင်းမှ ထိုနေ့အတွက် တိုးတက်မှု အခြေအနေကို အစီရင်ခံရန် ဖြစ်သည်။ သူ စောင့်နေရသည်ကို စိတ်အနှောင့်အယှက် မဖြစ်မိပါ။ သူသည် စီအိုင်အေတွင် ဒုတိယ ညွှန်ကြားရေးမှူး အဖြစ် တာဝန်ထမ်းဆောင်စဉ်က သူ့ ဝင်ငွေသည် တိုလီမိုလီရငွေများ အပါအဝင် တစ်နှစ်လျှင် ဒေါ်လာ ၆၅၀၀၀ ခန့်သာ ရှိသည်။ ကမ်မ်ကို၏ အထူး အော်ပရေးရှင်းများကို ညှိနှိုင်း ပေး သူ အနေနှင့် ထိုဝင်ငွေ၏ သုံးဆ ရရှိသလို အခွန်လည်း ပေးဆောင်ရန် မလိုတော့ပါ။ စီဂျေကင်းဖီးလ်၏ မေ့လျော့မှုကို သူ သည်းညည်းခံနိုင်ပါသည်။

ကင်းဖီးလ်က ကျေနပ်ကြောင်းပြောပြီး မေးလိုက်သည်။

'ဝန်ထမ်း ကိစ္စ နောက်ဆုံး အခြေအနေ ဘယ်လိုလဲ လောရင့်'

မဝမ်ဒီ၏ ရာသက်ပန်သမ္မတ ဟင်နရီဂါဒူးအတွက် 'ကမ်မ်ကို'က သက်တော်စောင့်တပ် ထားရှိပေးမည့် တင်ပြချက်ကို ဟင်နရီဂါဒူးက လက်ခံထားသည်။ ကမ်မ်ကိုက လခ ပေး မည့် ထို စစ်သားများ က နောက်ပိုင်းတွင် ဟင်နရီဂါဒူး တိုးချဲ့ ဖွဲ့စည်းရန် ဆန္ဒရှိသည့် အမျိုးသားစစ်တပ်ကို လေ့ကျင့်သင်ကြားပြသပေးကြမည် ဖြစ်ပါ၏။

စီအိုင်အေတွင် တာဝန် ထမ်းဆောင်ခဲ့စဉ်က လောရင့်ဟောပ့ါးသည် နိုင်ငံပေါင်း များစွာ ထိတ်တိတ်ပုန်း စစ်ပွဲများကို ဆင်နွှဲရာတွင် အကူအညီ ပေးခဲ့ဖူးသည်။ သူသည် ကြေးစား စစ်သားများကို စုဆောင်းမှု၊ လေ့ကျင့်ပေးရမှုတို့ကို ကြီးကြပ်ရသူ





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ သူသည် ထိုကဲ့သို့သော ကြေးစားတပ်ဖွဲ့များအား ခေါင်းဆောင်သည့် ပုဂ္ဂိုလ်များနှင့် ဆက်ဆံရေး ကောင်းမွန်လျက်ပင် ရှိနေသေးသည်။ မေဂျာဘရူးစတားရန်းဒေါ်သည် အတိတ် ကာလက သူ ငှားရမ်း ခဲ့ဖူး သော ကြေးစား စစ်ဘုရင် တစ်ယောက် ဖြစ်သည်။

မေဂျာ ဘရူးစတား ရန်းဒေါ်သည် အင်္ဂလာမှ ယူနီတာ လူမည်းတပ်ဖွဲ့ကို ထောက်ခံအားပေးသော လူသုံးရာပါသည့် လူဖြူ ကြေးစား တပ်ရင်း အား ဦးဆောင်မှု ပေးနေသူ ဖြစ်သည်။ လောရင့် ဟော့ပါးက မေဂျာ ဘရူးစတားရန်းဒေါ်နှင့် သူ့ လူများအား လခ ပို့ပေးမည် ဆိုသော မက်လုံးနှင့် တောင်အာဖရိကမှ တိတ်တဆိတ် စည်းရုံး သိမ်းသွင်း ခဲ့သည်။

'ဘရူးစတားရန်းဒေါ်နဲ့ သူ့အဖွဲ့ဟာ သန်ဘက်ခါ ကျရင် မဝမ်ဒီကို ရောက်သွားကြလိမ့်မယ်'

ကင်းဖီးလ်က ပြောလိုက်၏။

'ကောင်းတယ်၊ ဒါဆိုရင် တခြား အစီအစဉ် တွေကို မင်းက အချိန်မဆွဲဘဲနဲ့ စလုပ်တော့မယ်လို့ ငါထင်တယ်'

'ခင်ဗျားက မကန့်ကွက်ဘူးဆိုရင် လက်မှတ်ထိုးတဲ့ အခမ်းအနား မလုပ်ခင် ကာလေးမှာ လုပ်လိုက်ပါရစေ'

'အဲဒါကလဲ အခြေအနေပေါ်မှာ မူတည်တာပေါ့ကွာ၊ အသေးစိတ်မဟုတ်ဘဲ အကြမ်းဖျဉ်းလောက် ပြောပြစမ်းပါ'



'သိပ်ရှင်းပါတယ် ခင်ဗျာ၊ အဲဒီ ဇာတ်လမ်းမျိုးကို စမ်းသပ်ပြီးပါပြီ၊ စိတ်လဲ ချရပါတယ်၊ သစ္စာဖောက်တွေ သူ့အလိုလို ပေါ်လာကြလိမ့်မယ်၊ သူတို့ကို ဘရူးစတားရန်းဒေါ်နဲ့ အဖွဲ့က နှိပ်ကွပ်ပါလိမ့်မယ်၊ ရာသက်ပန် သမ္မတကြီးကလဲ ရန်းဒေါ်တို့ အဖွဲ့နဲ့ ကမ်ခ့်ကို ကို အမြဲတမ်း ကျေးဇူး တင်နေပါလိမ့်မယ်'

ကင်းဖီးလ်က ပြောလိုက်၏။

'ငါကတော့ ကန့်ကွက်စရာ မရှိပါဘူးကွာ'

ဟော့ပါးက သူ့ လက်သည်းများကို လေ့လာလိုက်သည်။

'အင်း၊ မစ်(စ်)ကရိတ်ချ်ကို အဲဒီ ဇာတ်လမ်း ဇာတ်ကွက် အကြောင်း ဘယ်လောက် သိခွင့် ပေးရမှာလဲ'

'လုံးဝ အသိမပေးဘူး'

ကင်းဖီးလ်က ခပ်ငေါက်ငေါက် ပြောလိုက်၏။

အဲဒါကတော့ မဖြစ်နိုင်ဘူး ထင်တယ်၊ သူက ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် အနေနဲ့ ရောက်နေမှာဆိုတော့ ကိစ္စ အားလုံးကိုသာမက လူတိုင်းနဲ့ သိခွင့်ရှိနေတယ်'

ကင်းဖီးလ်၏ မျက်နှာထား တင်းမာသွားသည်။

'ငါ မင်းနဲ့ ဆွေးနွေးဖို့ အစီအစဉ် ရှိတယ် လောရင့်'

စမ်းသပ်စစ်ဆေးဖို့ ဖြစ်လိမ့်မယ်ဟု လောရင့်က ခမ်းမြောက် ဝမ်းသာစွာ တွေးလိုက်၏။ သူသည် မည်သည့် အမျိုးသမီးကိုမှ မေတ္တာမထားနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်ကရိတ်ချ် ဆိုရင်တော့ ဝေလာဝေးပင် ဖြစ်သည်။

'အယ်လီဆန်ဟာ အလွန် အကင်းပါး ပြီး ရည် မှန်း ချက် ကြီး မား တဲ့ အမျိုးသမီးငယ်လေး တစ်ယောက် ဆို တာ မင်းကို ပြောပြဖို့ လိုမယ် မထင်ဘူး၊ သူက ခွင့်ပြုထားတဲ့ လုပ်ပိုင်ခွင့်ထက် ပိုလုပ်မယ့် ကိစ္စတွေ၊ ကုမ္ပဏီ အကျိုးထက် သူ့ ကိုယ်ကျိုးကို ရှေ့တန်းတင်မယ့် ကိစ္စတွေ ဖြစ်လာ နိုင်စရာ ရှိတယ် ဆိုတာကိုတော့ ငါ လက်ခံထားရ လိမ့်မယ်'

နောက်ကျောမှ ဓားနှင့် အ ထိုး ခံ ရ မည် ကို ကြောက် လန့်မှုသည် စီးပွားရေး လုပ်ငန်းရှင်များ အကြားတွင် ဖြစ်ပေါ်နေလေ့ရှိသည်။ ကင်းဖီးလ်လို အဆင့်အတန်းရှိသော ပုဂ္ဂိုလ်မျိုးပင် လွတ်ကင်းနိုင် မည် မဟုတ်ပါ။ စီစီအိုင်၏ အကြီးအကဲ ဖြစ်သော စီဂျေ ကင်းဖီးလ်က နယူးယောခ်၌ နေ ခဲ့ ရ စဉ် ဟိုအပျက်မ အယ် လီ ဆန် က ရိတ် ချ်က ကမ်မ်ကို အဖွဲ့ကို ဦးဆောင်၍ အာဖရိကသို့ သွားလိမ့်မည်။ လက်အောက်ခံ အဖွဲ့အစည်း အပေါ်၌ စီစီအိုင်၏ ချုပ်ကိုင်မှု လျော့နည်း သွားအောင် အယ်လီဆန် ကရိတ်ချ်က အာဏာကို တစ်နည်းနည်းနှင့် အသုံးချမှု ဖြစ်ပေါ်လာမှာကို ကင်း ဖီး လ် စိုးရိမ်နေသည်။ ထို့နောက် ကင်းဖီးလ်က စကား ပြောလိုက်ပြန်ရာ ဟော့ပါးသည် သူ့ အဓိပ္ပာယ်ကောက်ယူချက်များကို ကမန်းကတန်း ပြန်လည် ပြင်ဆင်လိုက်ရလေ၏။



'မင်းက သူ့ကို စောင့်ကြည့် အကဲခတ်ဖို့ စီစဉ် ပေးစေချင်တယ်၊ မလိုလားအပ်တဲ့သဘောထားတွေ၊ လုပ်ဆောင်ချက်တွေကို တွေ့လာရရင် စကားဝှက်နဲ့ တိုက်ရိုက်အစီရင်ခံစာတွေ ငါ့ဆီကို ပို့ပါ'

ဟော့ပါးက ပထမတွင် ငြင်းဆန်ရန် စိတ်ကူး လိုက်သည်။ သူသည် ထို ကိစ္စ မျိုး ကို လိုက်လံ ထောက်လှမ်းသော အလွတ် စုံထောက် မဟုတ်။ ထို့နောက် သူက ပြန်တွေးလိုက်ပြန်၏။ သူသည် ကမ်မ်ကို၏ အုပ်ချုပ်ရေးဆိုင်ရာ ထိပ်ပိုင်း အဆင့်တွင် ဒုတိယနေရာ၌ ရှိနေသူ ဖြစ်သည်။ အယ်လီဆန်ကို နှစ်ခြိုက်တော့ဘဲ နေရာမှ ဖယ်ရှားပစ်မည် ဆိုပါက အယ်လီဆန့် နေရာ၌ ဆက် ခံ နိုင် မည့် သူမှာ သူ တစ်ဦးတည်းသာ ရှိသည်။ သွားရည်ယိုစရာကောင်း သော အခွင့်အရေးပင်တည်း။

'ဟုတ်ကဲ့၊ ဖြစ်ပါတယ်'

သူ သဘောတူလိုက်သည်၊ ကင်းဖီးလ်က သံသယ ဖြစ်မိသည့် အကြောင်းရင်းများကို ဖွင့်ပြောပြလေ မလားဟု သူ နား စွင့် လိုက် သည်။ ကင်းဖီးလ်က ဘာမှ မပြောပါ။

ထို့နောက် ကင်းဖီးလ်က မက် ထ ရို ပို လီ တန် တိုက်မှ ကိစ္စနှင့် အိမ်ဖြူတော် ညွှန်ကြားရေးမှူး ချုပ် မာလီဝေါ့စကီး၊ နိုင်ငံခြားရေးဝန်ကြီး စတူးဝပ် ဝလတ်ဆင်ဂိမ်းတို့ အကြောင်း ကြည်ကြည် နူးနူး ပြောပြလိုက်လေ၏။

ချားလ်စ်ကင်းဖီးလ်၏ ထို စိတ်နေ စိတ်ထားကို ဟော့ပါးသည် ယခင်ကတစ်ခါမှ မမြင်မတွေ့ခဲ့ဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com

ကင်းဖီးလ်၏ ဦးနှောက်ထဲတွင် သူ့ကို စိတ္တဇဝေဒနာရှင်အဖြစ် ပြောင်းလဲပေးမည့် ခလုတ်ကလေးတစ်ခု ရှိနေပုံရသည်။ ကောက်ချက် ဆွဲဖို့ကတော့ မည်သို့မှ ရှောင်လွှဲ၍ မရပါ။ ကင်းဖီးလ်သည် စိတ္တဇဝေဒနာနှင့် သက်ဆိုင်သော စိတ်ဓာတ်ကျဆင်းမှုများကို ဖြုန်းခနဲ ဒိုင်းခနဲ ခံစားရတတ်သည့် ပုဂ္ဂိုလ် ဖြစ်သည်။ ထိုဖောက်ပြန်မှုမျိုးသည် ကြီးမားသော လုပ်ငန်းရှင်ကြီးများတွင် တွေ့ကြုံရတတ်သည့် ကိစ္စမျိုးပင် ဖြစ်သည်။

လောရင့်က အခြေအနေကို သုံးသပ်လျက်ရှိသည်။ ဖြုန်းခနဲ ဒိုင်းခနဲ တစ်ဖက်စွန်းသို့ ရောက်အောင် စိတ်ပြောင်းလဲ သွားတတ်သူများသည် ကိုယ့်ကိုယ်ကိုယ် မထိန်းကွယ်နိုင်သူများပင် ဖြစ်သည်။ ထိုအချက်ကို သိရှိထားမှုက အလွန် အသုံးဝင်နိုင်သည်။ သူသည် ထိုကိစ္စကို အကျိုးအများဆုံးရှိအောင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို စီမံချက် ချနေမိလေ၏။

## ၁၀

မစ္စက် အက်ဒနာဘရက်ဒလီက လက်ပတ်နာရီကို ဟန်ပါပါ ကြည့်လိုက်ပြီးနောက် 'ဟုတ်ကဲ့၊ တစ်နာရီထိုးပါပြီ၊ မစ္စတာဗိုဂလာနဲ့ မစ်(စ်)ဒိုင်ယာနီတို့က ရှင့်ကို စောင့်နေကြပါတယ် မစ္စတာပက်ဂျက်' ဟု ပြောလိုက်သည်။



'ကျေးဇူးပါပဲ'

စတီဖင်ပက်ဂျက် စိတ်တိုနေသည်။ ညတုန်းက ကွန်ပြူတာ စာရွက်များထဲတွင် ရှာဖွေခဲ့မှုက အချည်းနှီး ဖြစ်ရသလို ဒီကနေ့ နံနက်တွင်လည်း ချားလ်စ် ကင်းဖီးလ်နှင့် အီလိုရေး မာကင်တိုင်းတို့ အကြား၌ ဆက်စပ်မှု ရှိမရှိ အစွမ်းကုန် လိုက်လံရှာဖွေမှုသည် အလဟဿပင် ဖြစ်ခဲ့ရသည်။ ဗွီအိုင်အီးစတော့ ရှယ်ယာများကို ဈေးဖွင့်စတွင် ယမန်နေ့ညနေကထက် တစ်ရှစ်ပိုင်းငါးပိုင်းမှတ် လျှော့နည်း၍ ဈေးခေါ်ကြသည်။ အားလုံးကို ခြုံလိုက်ရမည်ဆိုပါက မိုက်ကယ်ဗိုဂလာ၏ အလိုလိုက်ထားမှုကြောင့် ပျက်စီးနေသော သမီးနှင့် တွေ့ချင်စိတ်ကုန်ခန်းနေသည်။ နေ့လယ် မွန်းတည့်ချိန်တွင် ဗိုဂလာက တယ်လီဖုန်းနှင့်ဆက်၍ 'သဘာဝကျကျပြောစမ်းဆိုစမ်းပါ၊ ဒိုင်ယာနီက မင်းကို အတင်းအနိုင်မကျင့်စေနဲ့' ဆိုသော စကားကလည်း သူ့ဒေါသကို မငြိမ်းသတ်နိုင်ခဲ့ပါ။

စတီဖင်ပက်ဂျက်သည် တံခါးကို ရှိရှိသေသေခေါက်လိုက်ပြီး မစ္စက်ဘရက်ဒလီ၏ အင်တာကွန်းထဲမှ 'ဝင်ခဲ့လေကွာ၊ ချီးမှုပဲ' ဆိုသည့် မိုက်ကယ်ဗိုဂလာ၏ အသံ ခပ်ကျယ်ကျယ် ပေါ်ထွက်လာမှ ဝင်သွားခဲ့သည်။

စတီဖင် ပက်ဂျက်သည် ဒိုင်ယာနီ ဗိုဂလာ၏ ဓာတ်ပုံပေါင်းများစွာကို မြင်ဖူးခဲ့သည်။ သူ့ခေါင်းနှင့် ရုပ်ရည် သွင်ပြင်ချင်း မတူသော ၂၇ နှစ်အရွယ် အမျိုးသမီးချော ကလေးကို တွေ့မြင် ရလိမ့်မည်

www.burmeseclassic.com

ဖြစ်ကြောင်း သူ သိပါသည်။ သူ့ မျက်နှာသည် ဆူဇီပါတား အလှဆုံး အချိန်ကနှင့် ဆင်တူသည်။ သို့ရာတွင် သူက ပို၍ ရည်မွန်သည်။ သူသည် တောက်ပြောင်သော ကြေးနီ ရောင် ဆံပင်နှင့် ထူးခြားသော မီးခိုးရောင် မျက်လုံးတို့ကို ပိုင်ဆိုင်သူ ဖြစ်သည်။

ဗိုင်ယာနီသည် ဖက်ရှင်ကျကျ ဝတ်ဆင်ထားလိမ့်မည်ဟု သူ မျှော်လင့်ထားသည်။ ဒီကနေ့တွင်မူ သူသည် မြင်းစီးဘောင်းဘီနှင့် ရောင်စုံဆွယ်တာတို့ကို ဝတ်ဆင်ထားပြီး ဗိုဂလာ၏ စားပွဲပေါ်တွင် တင်ပါးတစ်ခြမ်းတင်၍ တင်ပါးလွှဲ ထိုင်နေသည်။ မိုက်ဗိုဂလာသည် အပြောင်းအလဲ တစ်ခုအနေနှင့် သူ့ ခြေထောက်များကို စားပွဲပေါ်တွင်တင်ထားခြင်း မရှိပါ။ သူက ခပ်တိုတို မိတ်ဆက်ပေးလိုက်၏။

'ဒီရေ၊ သူက စတီဖင်ပက်ဂျက်၊ စတီဗ်၊ သူက ငါ့သမီး'

'ဟယ်လို စတိဗ်'

ဗိုင်ယာနီသည် ထိုင်ရာက မထသလို လက်ကမ်းပေးခြင်းလည်း မရှိပါ။

'ခမ်းခမ်းနားနားတွေ လုပ်မနေပါနဲ့ရှင်၊ ဟိုင်း ဗိုင်ယာနီဆိုရင်လဲ ဖြစ်ပါတယ်'

ပက်ဂျက်က ပြုံးပြီး ကြက်တူရွေးလို သံယောင်လိုက်၍ ပြောလိုက်သည်။

'ဟိုင်း ဗိုင်ယာနီ'

'ကုလားထိုင်တစ်လုံး ယူလေကွာ သား ရေ'



'သား' ဟု ခေါ်လိုက် ချိန်တွင် ဗိုင်ယာနီ မျက်မှောင်ကုတ်လိုက်သည်ကို စတီဗ်ပယ်ဂျက် သတိထားလိုက်မိသည်။ တာထွက် မကောင်းပါကလားဟု တွေးလိုက်မိ၏။

မီးခိုးရောင် မျက်လုံးများက ပက်ဂျက်ကို စိုက်ကြည့်နေသည်။ သုံးဆယ့်ခြောက် သုံးဆယ့်ခုနစ်နှစ်လောက် ရှိမည်။ အားလုံး တောင့်တင်းကြံ့ခိုင်သည်။ ယောကျ်ားပီသသည်။ ခြုံငုံ၍ နှစ်ခြိုက်စရာ ကောင်းသူ တစ်ယောက်ပင်တည်း။

'စည်းကမ်းကြီးတဲ့ ဒက်ဒီက အတိတ် ကာလက ကျူးဇူးပြုမှုအတွက် ပူဇော်ရမယ်တဲ့ ရှင်ရယ်'

မိုက်ဗိုဂလာ မျက်စပစ်လိုက်ပြီး တွန့်လိမ် ရှုံ့တွသွားပုံရသည်။ ဗိုင်ယာနီက မင်းကို အတင်း အနိုင်မကျင့်စေနဲ့တဲ့၊ ဟုတ်ပေသားပဲ၊ ဗိုင် ယာ နီ က မိန်းမ ကောင်း ရန်တွေ့ လုပ် တတ် သည် ဆို ရင် သူကလည်း ဆုံးမရလိမ့်မည်ဟု ပက်ဂျက် ဆုံးဖြတ်လိုက်သည်။

'ကျွန်မကို ဒီအိုမာဆန်တွေနဲ့ အဆက် ဖြတ်ပြီး ပြန်လာရမယ်လို့ ဒက်ဒီက အမိန့်ပေးလိုက်တယ်ရှင့်'

၌တွင် ပက်ဂျက်က အားရပါးရ ပြုံးရယ်လိုက်ပြီး ထိုကိစ္စအား သူ မည်မျှလောက် ဒုက္ခခံ၍ ဖြေရှင်းပေးခဲ့ရသည်ကို စိမ်ပြေနပြေ စတင်၍ ရှင်းပြတော့သည်။ ပက်ဂျက်က သူ့အား လှောင်ပြောင်နေခြင်းဖြစ်ကြောင်း ဗိုင်ယာနီ သဘောပေါက်လိုက်လေ၏။ သူ လှောင်ပြောင်ရဲတာ အံ့ဩစရာဖြစ်သလို ဗိုင်ယာနီ၏ ဖခင်ကလည်း ခွင့်ပြုထားသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် သည်းမခံနိုင်တော့သော ဒိုင်ယာနီသည် စားပွဲစွန်းမှ ခုန်ထလိုက်ပြီး သူ့ဖခင်နှင့် မျက်နှာချင်း ဆိုင်လိုက်၏။ သူက သူ့ဖခင်ကို မေးလိုက်သည်။

'ဒါက ဘာသဘောလဲ ဒက်ဒီ'

မိုက်ဗိုဂလာက ယခု ကိစ္စသည် သွေးနားထင်ရောက်နေသော သူ့သမီးအား အသိတရားရလာအောင် နောက်ဆုံး အကြိမ် ကြိုးစားမှု၏ အစပထမပင် ဖြစ်သည်ဟု ဘွေးမိပြီး ပြောလိုက်သည်။

'အဲဒီပုဂ္ဂိုလ်တွေနဲ့ မင်း ပြဿနာဖြစ်တယ်၊ ငါက စတိဗ်ကို လွှဲပေးလိုက်တယ်၊ အသေးစိတ်တွေကို မင်း ကြားသင့်တယ်လို့ သူ ယူဆတယ်၊ ဒါနဲ့ စကားမစပ် သူက ငါ့ကိုတော့ တစ်ခါမှ ပြောမပြခဲ့ဘူး'

ဒိုင်ယာနီ ဗိုဂလာသည် စတီဖင်ပက်ဂျက်ဘက်သို့ ဒေါသနှင့် ချာခနဲ လှည့်လိုက်၏။ မိုက်ဗိုဂလာကလည်း ထိုကိစ္စကို ဆက်ပြောရန် စားပွဲနောက်မှ နေ၍ ခေါင်းညိတ်ပြသည်။ ဒိုင်ယာနီက မေးလိုက်၏။

'ကဲ ဆိုစမ်းပါဦး'

စတီဖင်ပက်ဂျက်က သူ ပဲရစ်သို့ ရောက်ရှိပြီး ရှစ်နာရီအကြာတွင် ဒီအိုမာဆန်တို့၏ လူသိ မခံနိုင်သော အဖြစ်အပျက်များကို စုံစမ်းသိရှိရပြီး ပြန်၍ အကြောင်း ကိုင်နိုင်ခဲ့ကြောင်း ရှင်းပြလိုက်သည်။ ဒိုင်ယာနီက မေးလိုက်၏။



'ဒါ အကုန်ပဲလား၊ ရှင့်ဆီမှာ ပြောချင်တဲ့ အချက်အလက် ကလေးတွေများ ရှိနေပါသေးသလား'

'ကျုပ် ပြောချင်တဲ့ အချက်ကတော့ မင်းက မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ပြီး မင်း အဖေဆီကို ပြန်အကူအညီတောင်းတဲ့ ကိစ္စပဲ'

'သူက ကျွန်မ အဖေပဲရှင့်'

'အဲဒါက အင်မတန် အရေးကြီးတဲ့ အချက်ပဲပေါ့ ဒိုင်ယာနီရယ်'

ဒိုင်ယာနီက သူသည် ထောင်ချောက်ထဲသို့ တိုးဝင်မိပြီ ဖြစ်ကြောင်း သဘောပေါက်သွားတော့သည်။ ဒိုင်ယာနီသည် အရွယ်ရောက်သူ ဖြစ်သည့်မည်သူ့ အထောက်အပံ့ကိုမှ ယူစရာမလိုဘဲ တသီးတခြား ချမ်းသာသူ ဖြစ်သည်။ နာမည်ကျော်ကြားပြီး ဩဇာရှိသော မိတ်ဆွေ သင်္ဂဟများပေါများသည့် မိန်းမချောကလေးလည်း ဖြစ်သည်။ ယခု သူသည် ကလေးတစ်ယောက်ပမာ ကြောက်လန့်ပြီး ဖခင်ဖြစ်သူထံ ပြေးလာခဲ့သည်ကို ဝန်ခံအောင် ပက်ဂျက်က သူ့အား ထောင်ချောက် ဆင်နိုင်ခဲ့သည်။ အရှက်ခွဲ ခံလိုက်ရသောကြောင့် သူ့ကိုယ်သူပင် ထပ်စကားမပြောရဲတော့ပါ။ ဒိုင်ယာနီ ဘာပဲပြောပြော ဆင်ခြေ ပေးသလိုသာ ဖြစ်နေလိမ့်မည် ဖြစ်ပြီး ကလေးတစ်ယောက်နှင့် ပို၍ တူသွားပေလိမ့်မည်။ ဒိုင်ယာနီသည် စားပွဲပေါ်မှ ပိုက်ဆံအိတ်ကို ကောက်ကိုင်ပြီး ရုံးခန်းထဲမှ ဒေါသတကြီး ထွက်ခွာသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မိုက်ကယ် ဗိုဂလာသည် သူ့ ကုလားထိုင်တွင် ဆက်ထိုင်နေရင်း ဆေး ပြင်း လိပ် တစ် လိပ် ကို ပါးစပ်ထဲသို့ ထိုးသွင်း၍ မျက်နှာထား ခပ်အိုအိုနှင့် ဝါးစားနေသည်။ စတိဗ်ကလည်း စီးကရက် တစ်လိပ် ကိုညှိရင်း မီးခိုးများ အကြားမှ ပြန်ကြည့်နေသည်။

'ဒီ (ဗိုင်ယာနီ)က စိတ်ထိုတယ်၊ ငယ်ငယ်ကလေး တည်းက စိတ်ဆတ်တာကွ'

သူ့ မျက်လုံးများက မှတ်ချက် တောင်းခံနေဟန် ရှိသည်။ ပက်ဂျက်က ငြိမ်နေလိုက်၏။ သူ ထွက်ပြေး နိုင်မည့် နည်းလမ်းကို ရှာဖွေနေသည်။ သို့ရာတွင် ဗိုဂလာက သူ့ကို ထွက်ပြေးခွင့် မပြုပါ။

'ငါ့ကို ကောက်ချက် ချပြစမ်းပါ'

'ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်ဆီက သိချင် ရတာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ ငါကအသက် ခုနစ်ဆယ် ဒီ က နှစ်ဆယ့်ငါးနှစ်၊ မင်းက သုံးဆယ့်ခြောက်နှစ် ဆိုတော့ မင်းက သူ့ အသက်၊ သူ့ တွေး တွေးနည်းနဲ့ ပိုနီးစပ်တယ်၊ မင်းကတော့ ဓမ္မဓိဋ္ဌာန် ကျကျ ပြောနိုင်လိမ့်မယ်၊ ငါကတော့ ဘယ်တော့မှ ပြောနိုင်မှာ မဟုတ်ဘူး'

ငါတော့ ထောင့်မှာ ချောင်ပိတ်မိနေပြီ ဟု ဓာတီဖင်ပက်ဂျက်က တွေးလိုက်၏။

'ရေတိုကိစ္စကတော့ ကျွန်တော်သာ ဆိုရင် သူ စိတ်ပြေသွားအောင် စောင့်နေလိုက်မယ်၊ ရေရှည် ကိစ္စကျတော့ ကျွန်တော်သာဆိုရင် သူ့ဆီက အကြံ ဉာဏ်နဲ့ အကူအညီကို တောင်းမှာပဲ'



'မင်း ရူးနေသလားကွ၊ ငါက သူ့ ဆီက ဘယ်လို အကူအညီ ရနိုင်မှာလဲ'

'အရေးကြီးတာ တစ်ခုခု ပေါ့ဗျာ၊ ကုမ္ပဏီကို အုပ်ချုပ်တဲ့ ကိစ္စမျိုးပေါ့'

'သူက ပျော်စရာကိစ္စတွေ နောက်ကိုသာ လိုက် ချင်နေတာကွ'

'ဒါကတော့ ခင်ဗျားက စံ နှစ်မျိုး ထားနေ တာကိုး'

'ဘာပြောတယ်ကွ'

'ဒီလိုလေဗျာ၊ ဗိုဂလာအိမ်မှာ အမျိုးသမီး အရာရှိ ကြီးတွေ ရှိတယ်၊ လုပ်ငန်းတူရင် လစာတူရမယ်၊ ဘာညာ စသည်ဖြင့်ပေါ့ဗျာ၊ ခင်ဗျားက အမျိုးသမီး တွေကို တာဝန်နဲ့ အာဏာတွေ အပ်နှင်းထားတယ်၊ ဒါပေမယ့် ဗိုင်ယာနီနဲ့ကျတော့....'

'သူက အလုပ်လုပ်ဖို့ အခွင့်အရေးမှ မရှိဘဲကိုးကွ'

'ဒီတော့ သူက ခင်ဗျား အမွေတွေကို ဆက်ခံရ မယ့် အမွေစား အမွေခံ သမီးအဖြစ် ကြီးပြင်းလာရ တယ်၊ သူ့မှာ အဲဒီ ပုံစံပဲ ရှိတယ်၊ သူ့ အနေနဲ့ လုပ်နိုင်ကိုင်နိုင်တယ်၊ ဒါမှ မဟုတ် တခြားကိစ္စကို လုပ်သင့်တယ်လို့ သူ့ကို ဘယ်သူကမှ မပြောပြတဲ့ အတွက် သူက လျှောက်ပြီး အပျော်ကျူးနေတာပဲ၊ အမျိုးသမီး အများစုဟာ ဘာမှ အသုံးမဝင်တဲ့ အလှပြပစ္စည်းကလေး သက်သက်ထက် ပိုပြီး ဖြစ်ချင် ကြတယ်၊ သူတို့ကို ရွေးချယ်စရာ အခွင့်အရေး ပေးလိုက်မယ်ဆိုရင် သူတို့ အလုပ်လုပ်ကြပါတယ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com

'တချို့ အမျိုးသမီးတွေ၊ အေးလေ အမျိုးသမီး အများစုကတော့ ဟုတ်ချင် ဟုတ်မယ်၊ ဒီ ကတော့ လုပ်မှာ မဟုတ်ဘူး'

'သူ့ အနေနဲ့ ရွေးချယ်ခွင့် ရခဲ့လို့လား'

'ချီးမှပဲ၊ တကယ်လို့ ငါက ဒီ ကို ဒုတိယ ဥက္ကဋ္ဌ ဝင်လုပ်ပါဆိုရင် သူက တန်းပြီး ပယ်ချလိုက်မှာပဲ'

'သိပ်ဟုတ်တာပေါ့၊ အမွေစား အမွေခံ သမီး ဆိုတဲ့ ကိစ္စက ဝင်လာပါပြီ၊ သူက အောက်ခြေက စမလုပ်ဘူးလို့ ငြင်းဆန်မှာပဲ'

'ကော်ပိုရေးရှင်းက ဒုတိယဥက္ကဋ္ဌ တစ်ယောက်ဟာ ဘယ်တုန်းက အောက် ခြေ မှာ ရောက်နေဖူးလို့လဲ'

'တကယ်လို့ ခင်ဗျားဟာ ထိပ် ဆုံး က လူနဲ့ အရင်းနှီးဆုံး ဆွေမျိုး ဖြစ်မနေခဲ့ရင် အမြဲတမ်း အောက်ဆုံးမှာပေါ့ပဲ'

'အဲဒီလိုမျိုး တစ်ခါမှ မတွေးခဲ့ဖူးဘူး၊ဆက်ပြော လေကွာ'

'ကျွန်တော့်စကားလုံးနဲ့ ပြော ရ မယ် ဆို ရင် ကိုယ်ရည်ကိုယ်သွေးကို ပြန်ပြုပြင်ပေးဖို့ပဲ၊ ဒိုင်ယာနီ ဟာ ခင်ဗျားအပေါ်မှာ မှီခိုဖို့နဲ့ အ ကာ အ ကွယ် တောင်းခံဖို့ကိုပဲ အ ခြေ အ နေ က ပေးနေသလို ဖြစ်နေခဲ့တယ်၊ အဲဒီ အခြေအနေကို ပြောင်းပြန် လှန်ပစ်ဖို့ ကြိုးစားရမယ်၊ သူ့ကို တာဝန်တွေ ပုံပေး ရမယ်၊ သူဟာ အကာအကွယ်ပေးနိုင်တဲ့သူနဲ့ အား ပေးနိုင်သူ ဖြစ်လာအောင် အပြောင်းအလဲ အနေနဲ့ လုပ်ပေးရမယ်'



'ဘယ်လို လုပ်ရမှာလဲ'

စတီဖင်ပက်ဂျက်က အ ပြေး အ လွှား စဉ်းစား လိုက်၏။ ဖြစ်နိုင်လောက်သော အဖြေကို ရှာတွေ့ သွားသည်။ ဗိုဂလာသည် ကွန်ပျူတာ နယ်ပယ်မှ ကုမ္ပဏီနှစ်ခုအနက် ကုမ္ပဏီတစ်ခုအား လက်အောက်ခံ ကုမ္ပဏီအဖြစ် သိမ်းသွင်း ရယူရန် မျက်စိ ကျနေ သည်။ သို့ရာတွင် မည်သည့် ကုမ္ပဏီအား စည်းရုံး ရမည်ကို မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေသည်။

'ခင်ဗျားက ဒိုင်ယာနီကို အွမ် နီ ကော့ ပ် နဲ့ အင်းပက်တက်ခနော်လော်ဂျီစ် ဆိုတဲ့ ကုမ္ပဏီ နှစ်ခုနဲ့ ပတ်သက်ပြီး အကြံဉာဏ် ရ ချင် တယ် လို့ ပြော၊ သူ့ကို ဆုံးဖြတ်ချက် ချပေးဖို့ပြော'

ဗိုပလာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'သူက စီးပွားရေး လုပ်ငန်းအကြောင်း နကန်း တစ်လုံးမှ နားမလည်ဘူး၊ အဲဒီ နှစ်ခုထဲက တစ်ခုခု ဟာ ဒေါ်လာ သိန်းနှစ်ရာ့ငါးဆယ်လောက် တန်ဖိုး ရှိတယ်ကွ'

'အဲဒီလို တန်ဖိုးကြီးတဲ့ကိစ္စက အမွေစားအမွေခံ သမီးရဲ့ သူ့ကိုယ်သူ အထင်ကြီးတဲ့စိတ်ကို သွေးကြီး သွားစေမှာဗျ'

'တကယ်လို့ သူ ရွေးတာ မှား သွား ခဲ့ ရင် ကောကွာ'

'ခင်ဗျားက ဗွီအိုင်အီး စတော့ ရှယ်ယာ ၅၁ ရာခိုင်နှုန်းကို ပိုင်ထားတာပဲ ဥစ္စာ'

ဖြုန်းခနဲဆိုသလို ကျန်သော ၄၉ ရာခိုင်နှုန်းမှ စတော့ရှယ်ယာ ခပ် များများ ကို လျှော့ ဈေး နှင့်



www.burmeseclassic.com

www.burmeseclassic.com

ချရောင်းနေကြကြောင်း သူ သတိရလိုက်သည်။ သူ ဒီမှာ ထိုင်နေမည့်အစား ဘာ ကြောင့် ထိုကိစ္စ ထိုကဲ့သို့ ဖြစ်ရသည်ကို လိုက်လံ စုံစမ်းဖို့ ကောင်းသည်ဟု သူ့ကိုယ်သူ သတိပေးလိုက်မိလေသည်။

'တကယ်လို့ ကုမ္ပဏီမှာ ဒေါ်လာ သန်း အနည်းငယ်လောက် လျော့ သွား မယ် ဆိုရင် ဘယ်သူက ဆူဆူပူပူ လုပ်မှာလဲ'

'ငါပဲပေါ့ကွ၊ မင်း ခုလေးတင် ပြော ခဲ့ တယ်လေ၊ ဒါက ငါ့ကုမ္ပဏီပဲဥစ္စာ'

'အင်း....ဒိုင်ယာနီကလဲ ခင်ဗျား သမီးပါပဲ'

'အေး မင်း အတွေးအခေါ်ကို ငါ စဉ်းစားကြည့်လိုက်ဦးမယ်'

ပက်ဂျက်သည် သူ့ရုံးခန်းသို့ ပြန် လာ ခဲ့ သည်။ နန်စီက သတင်း ပေးပို့ကြသော စာရွက် တစ်ထပ်ကြီးကို လှမ်းပေးရင်း မေးလိုက်သည်။

'စတိတ်၊ ရှင် နေ့လယ်စာ စား ခဲ့ ပြီး ပြီ လား၊ မစားရသေးရင် မှာလိုက်မယ်'

စတိတ်က ပြောလိုက်သည်။

'ကော်ဖီပဲ မှာပေးပါတော့ကွာ'



## ၁၁

၁၉၇၁ ခုနှစ်တွင် နိုင်ငံ အချင်းချင်း ကုန်သွယ်မှု တစ်ဖက်စောင်းနင်း ဖြစ်သည့် ပြဿနာများအား အလွယ်တကူ ဖြေရှင်းသော နည်းကို နစ်ဆင် အစိုးရက ရှာဖွေခဲ့သည်။ အမေရိကန်မှ လက်နက် ပစ္စည်း ထုတ်လုပ် ရောင်းချသူများအား ပြည်ပသို့ များများ တင်ပို့ ရောင်းချနိုင်ရေးအတွက် မိမိ ပစ္စည်းအား နိုင်ငံခြားတွင် သွားရောက် ပြသ လှုံ့ဆော်ရေးကို အားပေး ခဲ့သည်။ အိုပက် နိုင်ငံများက ရေနံ ဈေးနှုန်းကို တိုးမြှင့် လိုက်သည့်အခါ လက်နက် ပစ္စည်းများကို ပိုမို တင်ပို့ ရောင်းချသော နည်းတရေနံ ဒေါ်လာ များ အား ပြန်လည် လည်ပတ် သွားအောင် လုပ်ရာတွင် အကောင်းဆုံး နည်းလမ်း ဖြစ်ပုံရသည်။

တွန်းတွန်းတိုက်တိုက် ရောင်းချသော ပေါ်လစီကို အုတ်မြစ် ချ ခဲ့ လေ ပြီ။ နောက် ဆယ်ခုနှစ်အတွင်းတွင် ပြည်ပသို့ တရားဝင် ရောင်းချမှုများ တစ်ဟုန်ထိုး တိုးတက်လာသည်။ တရားဝင်ဆိုသည်မှာ အမေရိကန်အစိုးရ၏ သဘော တူညီချက်ကို ရရှိပြီး



www.burmeseclassic.com

www.burmeseclassic.com

ပြောင်ရောင်းချခြင်းကို ဆိုလိုပါသည်။ ထိုနည်းတူစွာပင် တိတ်တိတ်ပုန်း ရောင်းချသော လက်နက်ပမာဏနှင့် တန်ဖိုးမှာလည်း ပို၍ များပြားလာသည်။

အမေရိကန်နှင့် နိုင်ငံခြား တိုင်းပြည်များမှ နိုင်ငံတကာ ကော်ပိုရေးရှင်း အများစုတွင် လက်နက်ပစ္စည်းများကို ထုတ်လုပ်ရောင်းချသော ကုမ္ပဏီများရှိကြသည်။ အချို့သော နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများတွင်မူ မရှိကြပါ။ သို့တိုင်အောင် နိုင်ငံတကာ ကော်ပိုရေးရှင်းကြီး အားလုံးသည် တစ်ကမ္ဘာလုံးနှင့်ချီ၍ သြဇာအာဏာ ရရှိရေးကို ကျားကွက်ရွှေ့နေသူများသာ ဖြစ်ကြသည်။ ထိုကဲ့သို့ ဆောင်ရွက်ကြရာမှ လက်နက် မှောင်ခိုဈေးကွက်တွင် အရောင်းအဝယ် လုပ်သည့် အဆင့်အထိ ရောက်ရှိလာတတ်သည်။

၁၉၇၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အင်တာနေရှင်နယ် တယ်လီဖုန်းနှင့် တယ်လီဂရပ်ဖ် ကုမ္ပဏီ (အိုင်တီတီ)၏ အရှုပ်အထွေးများအရ ထိုကိစ္စ၏ အရိပ်အယောင်များကို အမေရိကန်များက ပထမဦးဆုံး တွေ့မြင်ခဲ့ကြရသည်။ ချီလီ အစိုးရက နိုင်ငံတွင်းရှိ ထိုကုမ္ပဏီပိုင် ပစ္စည်းများအား ပြည်သူပိုင်သိမ်းလိုက်သောအခါ အိုင်တီတီက ချီလီ အစိုးရကို ဖြုတ်ချနိုင်ရေးအတွက် ဒေါ်လာ သန်း ပေါင်းများစွာ အကုန်အကျခံ၍ စစ်အုပ်ချုပ်ရေးအဖွဲ့အား လက်နက် ပစ္စည်းများ ထောက်ပံ့ခဲ့သည်။ အခြားကုမ္ပဏီများနှင့် ပတ်သက်သော အခြား အရှုပ်



အထွေးများလည်း ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် 'လော လော ဆယ် မှာ ပင် ထိန်းမနိုင် သိမ်းမရဖြစ်နေသော လက်နက်ပြိုင်ဆိုင်မှုကို အကြီးအကျယ် မီးထိုးပေးနေကြသော မဟာ့မဟာ ကော်ပိုရေးရှင်းများ၏ ရှုပ်ရှုပ်ထွေးထွေး လုပ်ရပ်များ' ကို အမေရိကန်ဆီနေတာ ဖရင့်ချပ်ချ်က ပြစ်တင် ရှုတ်ချ ခဲ့လေသည်။

သို့ရာတွင် မည်သူကမှ သိပ်အရေးမစိုက်ခဲ့ကြပါ။ ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ကော်ပိုရေးရှင်းမဟာဘီလူးကြီးများ၏ လုပ်ရပ်များကို မည်သူကမှ မစူးစမ်းရဲကြသလို စူးစမ်းရန်လည်း စိတ်မဝင်စားခဲ့ကြပါ။ ထို မဟာ့ မဟာ ကော်ပိုရေးရှင်းကြီးများသည် မိမိတို့၏ နိုင်ငံခြားရေး ဝါဒကို ကိုယ့်ဘာသာကိုယ် ချမှတ်၍ အကောင်အထည် ဖော်နေကြသော ပုဂ္ဂလိက အစိုးရများ ဖြစ်လာခဲ့ကြသည်။

ထို ကိစ္စ ကို လူ နည်းစု က သာ အယ်လီဆန်ကရိုတ်ချ်ထက် ပိုသိကြသည်။ တကယ့် တကယ်ကမူ အယ်လီဆန်သည် ကင်းဖီးလ်၏ ညာလက်ရုံးဖြစ်ပြီး စီစီအိုင်အတွက် ဒေါ်လာသန်းငါးရာ တန်ဖိုးရှိသော စစ်လက်နက် ပစ္စည်းများကို ဝယ်ယူပေးရန် တာဝန်ယူထားသူ ဖြစ်သည်။ လက်နက် ပစ္စည်းများကို ဝယ်ယူ ရောင်းချသူများတွင် ကိုယ်ပိုင် အတွေးအခေါ်နှင့် အယူအဆများ ရှိနေကြသည်။

ဗြိတိသျှ စစ်လက်နက် ထုတ်လုပ်ရေး လုပ်ငန်းမှ အတော်ဆုံး အရောင်း ကိုယ်စားလှယ် ဖြစ်သော ဆာ ရေမွန်ဘရောင်းက 'ကိုယ်ကျင့်တရားနဲ့ ပတ်သက်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စကို ကျုပ်ခေါင်းထဲက ဖယ်ထုတ်ထားတယ်’ဟု ပြောခဲ့သည်။ ပြင်သစ်နိုင်ငံ၏ အမျိုးသား အေဂျင်စီ ဖြစ်သော ဒီအိုင်အေသည် လက်နှင့်ကိုင်၍ပစ်ရသော သေနတ်များမှစ၍ အိပ်ဇိုးဆေး ဒုံးကျည်များအထိ ပြင်သစ် နိုင်ငံလုပ် စစ်လက်နက် ပစ္စည်းများအား နိုင်ငံခြားသို့ တွင်ကျယ်စွာ တင်ပို့ ရောင်းချရ လေအောင် တွန်းအား ပေးရလေ့ ရှိသည်။ ဒီအိုင်အေ၏ အကြီးအကဲဖြစ်သူက ‘သူသည် လက်နက် ရောင်းဝယ် ဖောက်ကားသူ ဖြစ်သလို လက်တွေ့ ကျင့်သုံး နေသော ဗံ ရင် ဂျီ ဘာ သာ ဝင် လည်း ဖြစ်ကြောင်း၊ (သို့ရာတွင်) သူ၏ ဩတပ္ပစိတ်နှင့် စပ်လျဉ်း၍ မည်သည့် အခါကမှ ပြဿနာ မဖြစ်ခဲ့ဖူးကြောင်း’ ပြောပြခဲ့လေသည်။

ထိုကဲ့သို့ ပြောကြားချက်ကို ဗရင်ဂျီဘာသာဝင် ဖြစ်သော အယ်လီဆန်ကရိတ်ချ်ကလည်း ထောက်ခံမည်သာ ဖြစ်ပါ၏။ သို့ရာတွင် လက်နက်များကို အကြီးအကျယ် ထုတ်လုပ် ရောင်းချ နေသူများနှင့် နှိုင်းယှဉ် လိုက်ပါက အယ်လီဆန် သည် မ ဖြစ်စလောက်သာ ဖြစ်သည်။ ဩတပ္ပ စိတ်ကရော ဘယ်လိုလဲ။ အမေရိကန်သမ္မတ သီယိုဒိုရူးစဘဲ ၏ မြေးဖြစ်သူ ကာမစ်ရူးစဘဲ သည် လက်နက်ထုတ်လုပ်သူများက သူတို့၏ လက်နက်များကို ကမ္ဘာ့အရပ်ရပ်တွင် တွင်ကျယ်စွာ ရောင်းချရစေရေးအတွက် လုပ်ငန်းဆိုင်ရာ အကြံဉာဏ် ပေးသည့် ကုမ္ပဏီကို ဦးဆောင်ဦးရွက် ပြုနေသည်။ အနောက် ဂျာမနီမှ ဝန်ကြီး ချုပ်များ၊ အီတလီ ဝန်ကြီး ချုပ်များ၊



နယ်သာလန်မှ မင်းသားများနှင့် ဂျပန် ဝန်ကြီးချုပ်များသည် လက်နက်ရောင်းဝယ်သူများနှင့် ထုတ်လုပ်သူများထံမှ လာဘ်ငွေနှင့် ပြန်အမ်း ငွေများကို လက်ခံရယူသူများထဲတွင် ပါဝင်ကြသည်။ လီဘနွန်မှ ပုပ်ရဟန်းမင်းကြီး၏ ကိုယ် စား လှယ် တော် သည် အမေရိကန်နှင့် ဥရောပတိုက်မှ လက်နက် ထုတ်လုပ်သူများ၏ ကိုယ်စားလှယ်အဖြစ် ခိုးခကြောင် ခိုးဝှက် လုပ်ကိုင်ခဲ့သည်။

ချေပ၍ မရသည့် နှစ်ပေါင်းများစွာ အိုမင်းနေပြီဖြစ်သော ဆင်ခြေဆင်လက်များလည်း ရှိနေပါသည်။ လက်နက်များသည် ဈေး ကွက် တွင် အမြဲ တစေဝယ်သူရှိနေသော ရောင်းကုန်ပစ္စည်း တစ်မျိုးသာ ဖြစ်သည်။ တစ်ခါ တစ်ရံမှသာ ဝယ်သူ ဖြစ်သော အယ်လီဆန်၏ ပမာဏမှာ သေးသေးကွေးကွေးသာ ဖြစ်ပါသည်။ အယ်လီဆန်၏ စိတ်ထဲတွင် တရစ်ဝဲဝဲ ဖြစ်နေသော မတင်မကျစိတ်ကလေး ရှိနေသေးသည်ဆိုပါက ၁၉၈၁ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်က ချေဖျက်ပစ်လိုက်လေသည်။

အယ်လီဆန် ရောမမြို့၌ ရှိနေသည်။ ပုပ်ရဟန်းမင်းကြီး၏ နာမည် ပျက်စရာ ကိစ္စများ တထွေးကြီး ပေါ်ပေါက်နေသော ဗာတီကန် နန်း တော် သည် နာမည်ပျက်စရာ အခြား ကိစ္စတစ်ရပ်နှင့် ရင်ဆိုင်နေရပြန်သည်။ ဗာ တီ ကန်၏ ဘဏ် ဖြစ် သော ‘အိုင်အိုအာ’ ဘဏ်သည် ဘဏ်၏ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းရပ်များထဲတွင် ဆွစ်ဇာလန် နိုင်ငံ၌ တည်ထောင်ထားသော ကုမ္ပဏီတစ်ခုကို ဝယ်ယူ ထည့်

www.burmeseclassic.com

သွင်းခဲ့သည်။ ဆွစ်ဇာလန် နိုင်ငံမှ ထိုကုမ္ပဏီသည် ဗုံးများ၊ အမြောက် ကျည်ဆန်များနှင့် လက်ပစ်ဗုံးများကို ထုတ်လုပ်သော ဘရာဇီး နိုင်ငံမှ ကုမ္ပဏီငယ် တစ်ခုအား ပိုင် ဆိုင် ထား ကြောင်း မကြာသေးမီကမှ သိရှိလာခဲ့ရသည်။ ပုပ်ရဟန်းမင်းကြီး၏ ရုံးနှင့် သွေးထွက်သံယို ဖြစ်စေသော လက်နက်များအား ရောင်းချသည့် လုပ်ငန်းတို့ ဆက်စပ်မှုရှိနေကြောင်း လုပ် သား ပြည် သူ များ နှင့် စာနယ်ဇင်းလောကမှ မ သိ ရှိ ကြ ခင် ထိုကုမ္ပဏီကို တိုးတိုးတိတ်တိတ် ခပ်မြန်မြန် ရောင်းချပစ်ဖို့ လိုအပ်နေသည်။

အမေရိကန်နှင့် ဥရောပမှ ကော်ပိုရေးရှင်းကြီးကိုးခုက ထိုကုမ္ပဏီကို ဝယ်ယူရန် အပြိုင်အဆိုင်ကြိုးစားနေကြသည်။ အယ်လီဆန် ကရိုတ်ချ်သည် တက်ဆက်ပြည်နယ်၌ အခြေစိုက်သော 'အီးဂလာ အင်းပက်' ကော်ပိုရေးရှင်းကို ကိုယ်စား ပြုထားသူဖြစ်သည်။'အီးဂလာ အင်းပက်' သည် ကော်ပိုရေးရှင်း အငယ်စား အုပ်စုတွင် ပါဝင်သဖြင့် အောင်မြင်မည့် အခွင့်အရေး နည်း နေ ပုံ ရ သည်။ သို့ ရာ တွင် အယ်လီဆန်က ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်၍ အနည်းငယ် 'အသာ' ရနေသည်။ အယ်လီဆန်အား ဘာသာရေးဘက်တွင် ကိုင်းရှိုင်းမှု ရှိလာအောင် ငယ်စဉ်ကပင် သင် ပြ ပေး ခဲ့ သော ဆရာဘုန်းကြီး ဖြစ်သူ ဖားသား ဂျိမ်းစ်လာနီသည် မီချီဂန်တွင် ဂိုဏ်းအုပ်အဆင့် အထိ တိုး မြှင့် ပေး ခြင်း ခံ ရ ပြီး ဗာတီကန်သို့ ရောက်ရှိနေသည်။



ရက်သတ္တပတ် ကြာ သော အ ခါ ဂိုဏ်းအုပ် ဂျိမ်းစ်လာနီက ဆုံးဖြတ်ချက် ချပြီးပြီ ဖြစ်ကြောင်း၊ သူ့ ထောက်ခံချက်အရ အခြား ယှဉ်ပြိုင်သူရှစ်ဦးကို ကျော်လွှား၍ အင်း ပက် အား ရွေး ချယ် လိုက် ကြောင်း၊ ထို့အပြင် အယ်လီဆန်က အင်းပက် မှ ရရှိမည့် ဆောင်ရွက်ခ ဒေါ်လာ ခုနစ်သိန်း အနက်ထက်ဝက်ကို သူနှင့် ခွဲ ဝေ ယူ ရန် ဖြစ် ကြောင်း အယ်လီဆန်အား ပြောပြလိုက်သည်။

အယ်လီဆန်၏ အပြာနုရောင် မျက် လုံး များ မည်းမှောင်သွားတော့သည်။

အယ်လီဆန်က 'ကျွန်မ လက်ခံရရှိမယ့် ကော်မရှင်အတွက် ကျေးဇူးတင်ပါတယ်' ဟု ငေါ့တော့တော့ ပြောလိုက်လေသည်။

ဂိုဏ်းအုပ် ဂျိမ်းစ်လာနီက အယ် လီ ဆန် ၏ ငေါ့တော့တော့ လေသံကို သတိမပြုမိဟန်ဆောင် လိုက်လေ၏။

'ရဟန်း မင်းကြီးကတော့ ကျွန်ုပ် လိမ့်မယ်လို့ ကျုပ် ထင်တယ်၊ အင်းပက်က ပေးတဲ့ ဒေါ်လာ ၂၃ သန်း ဈေးနှုန်းက အိုင်အိုအာ ဘဏ်ရဲ့ ပထမ ရင်းနှီးမြှုပ်နှံမှု အပေါ်မှာ အတော်အသင့် အမြတ် ရလိုက်ပါတယ်'

ဂျိမ်းစ်လာနီ ပြောစကားကို ယုံ ကြည် ရ မည် ဆိုပါက ပုပ်ရဟန်းမင်းကြီးသည်ပင်လျှင် လက်နက်ထုတ်လုပ်သည့် လုပ်ငန်းမှ အမြတ်အစွန်း ရရှိမှုကို ကျေနပ်ဝမ်းမြောက်သည့် သဘောမျိုး ဖြစ်နေသည်ဟု အယ်လီဆန်က နာနာကြည်းကြည်း တွေးမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်၏ ဗာတီကန် အ တွေ့ အကြုံ က ကိုယ့်ကိုယ်ကိုယ် သံသယ ဝင်နေမှုများအား ဖျောက် ဖျက် ပစ်လိုက်လေတော့သည်။ အယ် လီ ဆန် သည် ဆာရေမွန်ဘရောင်းကဲ့သို့ ကိုယ် ကျင့် တ ရား နှင့် ပတ်သက်သော ကိစ္စများကို ခေါင်းထဲက ဖယ်ထုတ် ထားခဲ့သလို ဩတပ္ပစိတ်နှင့်လည်း မည်သည့် အ ခါ တွင်မှ ပြဿနာ မဖြစ်တော့ချေ။

မည်သို့ပင်ဖြစ်စေ အယ်လီဆန်၏ စီးပွားရေး ဆိုင်ရာ (အတိုင်ပင်ခံ၊ အ ကြံ ပေး သူ၊ ပွဲစား) လုပ်ငန်းများတွင် လက်နက် ရောင်း ဝယ် မှု သည် သေးငယ်သော အစိတ်အပိုင်းကလေးမျှသာ ဖြစ်၍ လူမြင်ကွင်းထဲမှ ပျောက်ကွယ်နေခဲ့ကြသည်။

ဖော်ကျွန်း၊ ဖောဘီးစ်၊ တိုင်း နှင့် ဘစ်စနက်ဝိခ် စာစောင်များကအယ်လီဆန်၏အကြောင်း ဆောင်းပါး များကို ရေးသားကြသည့်အခါ အိမ်မြေ အရောင်း အဝယ် လုပ်ငန်း၊ ကော်ပိုရေးရှင်းကြီးများ ပူးပေါင်း ပေးသည့် လုပ်ငန်း စသည်တို့ကိုသာ ဖော်ပြလေ့ ရှိသည်။ သူတို့မသိသော လက်နက် ရောင်းဝယ်သည့် ကိစ္စများကိုမူ ဖော်ပြခြင်း မရှိပါ။

အယ်လီဆန်သည် ရှိရှိ သ မျှ ဖောက်သည်များထံမှ နုတ်ထွက်လိုက်ပြီး ချားလ်စ်ကင်းဖီးလ်နှင့် ပူးပေါင်း လိုက်သည့် အချိန်ကစ၍ စာ နယ် ဇင်း များ တွင် အနည်းငယ် ရေးကြ သားကြ သေး သော် လည်း အယ်လီဆန်၏ လက်ရှိလုပ်ရှားမှုများကိုမူ ရေးသား



ဖော်ပြခြင်း မရှိကြပါ။ လျှို့ဝှက်မှုသည် အဓိက အကျဆုံး ဖြစ်သည်။ ထို့ကြောင့် လူ သူ လေး ပါး မရိပ်မိအောင် စနစ်တကျ အကွက်ချ၍ ဆောင်ရွက် နေခြင်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးသို့ တစ်နံ တစ်လျား ခ ရီး သွား ရ သော ကိစ္စတွင် လီယာဂျက်လေယာဉ်ပျံကို သူ့နာမည်နှင့် စင်းလုံး ငှားခဲ့ခြင်း ဖြစ်သည်။

စင်းလုံး ငှား ထား သော လေ ယာဉ် ပျံ က အယ်လီဆန်အား ကြာ သ ပ တေး နေ့ ည တွင် နယူး ဂျာစီ ရှိ လာဂွာဒီ ယာ လေ ဆိပ် သို့ ပြန်လည် ပို့ဆောင်ပေးခဲ့သည်။ အယ် လီ ဆန် သည် သူ၏ ပတ်ခ်အဲဗင်းနယူး အိမ်ခန်းသို့ ဝင်ရောက် လာချိန်တွင် ည ဆယ့်တစ်နာရီ ထိုးလုနီးပါး ရှိနေ လေပြီ။ ထိုနေ့ နံနက်ပိုင်းက အယ် လီ ဆန် သည် လောရင့်ဟော့ပါးနှင့် ဆက်သွယ်၍ သူ ပြန်လည် ရောက်ရှိလာမည်ဟု ခန့်မှန်းသည့်အချိန်ကို ပြောပြ ထားခဲ့သည်။ ဟော့ပါးကလည်း ထို သ တင်း ကို ချားလ်စ်ကင်းဖီးလ် တတိယထံ ဆက်လက် တင်ပြ မည်မှာ သေချာသည်။ ထို့ကြောင့် အထပ် နှစ်ထပ် ပါသော အယ်လီဆန်၏ အိမ်ခန်း၊ ဧည့်ခန်းမဆောင် ထဲတွင် စောင့်နေသော စီဂျေကင်းဖီးလ်ကို တွေ့ လိုက်ရသည့်အခါ အယ်လီဆန် မအံ့ဩတော့ပါ။

သူတို့သည် နှစ်ကိုယ်ကြား ဆွေးနွေးရန် အပေါ် ထပ်သို့ တက်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

ဒိုင်ယာနီဗိုဂလာသည် သူ့ဖခင်၏ ရုံးခန်းထဲမှ အဖြစ်အပျက်ကို မြင်ယောင်နေမိပြီး နှစ်ရက်လုံးလုံးဒေါသထွက်နေခဲ့သည်။ ထို့နောက် ပါတီပွဲ တစ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားစာကို လက်ခံလိုက်ပြီး ပျော်မည် ပါးမည် ဆိုသော ရည်ရွယ်ချက်နှင့် တက်ရောက်ခဲ့သည်။ ပါတီပွဲမှ အပြန်တွင် နီးလ်ရော်ဂျာဆိုသော အမျိုးသား တစ်ယောက်က ဟိုတယ်သို့ ခေါ်ဆောင် လာခဲ့သည်။ သို့ရာတွင် နီးလ်ရော်ဂျာသည် မှန်းချက်နှင့် နှမ်းထွက် မကိုက်သူ ဖြစ်နေသောကြောင့် သူ့အား ဒေါပွပြီး လက်လှမ်းမီသမျှ ပစ္စည်းများနှင့် ပစ်ပေါက်ခဲ့မိသည်။ ရော်ဂျာကိုလည်း အခန်းထဲမှ ထွက်သွားရန် နှင်ထုတ်လိုက်သည်။

ယခု သူသည် ဧည့်ခန်းထဲမှ အပျက်အစီးများကို ပြန်လည် ကြည့်ရှုမိလေ၏။ သူသည် ဖန်ခွက်များ၊ ပြာခွက်များ၊ ရေအပြည့် ထည့်ထားသည့် ပန်းအိုးများနှင့် နံရံကို ပစ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ကော်ဇော ခင်းထားသော ကြမ်းပြင်ပေါ်တွင် ဖန်ကွဲများ၊ ကြွေထည် အစအနများနှင့် ကျိုးပဲ့ပြီး လိမ်ရှုပ်နေသော ပန်းများ ကြဲပြန့်နေကြသည်။



ဒိုင်ယာနီသည် ကော်ဇော ခင်းထားသော ကြမ်းပြင်ပေါ်မှ ရေကွက်ကြီးကို ငေးစိုက်ကြည့်လိုက်မိသည်။ ပျော်ချင် ပါးချင် စိတ်များ ကုန်ခန်းပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သလို စိတ်ဓာတ်ကျဆင်းသွားသည်သာမက အပြစ်ရှိသလိုလိုပင် ခံစားနေရတော့သည်။ သူ့ အပြု အမူနှင့် စပ်လျဉ်း၍ မိုက်ဗိုဂလာက မည်သို့မည်ပုံ တွေးထင်လေမည်နည်း။ ရဲရဲတင်းတင်းပဲ ရင်ဆိုင် ကြရအောင်။ သူက ချက်ချင်း ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

ဗွီအိုင်အီး ရုံးချုပ်ရှိ တယ်လီဖုန်း စက်ခလုတ်ခုံတွင် ၂၄ နာရီပတ်လုံး တာဝန်ယူ စောင့်ကြပ်နေသူများ ရှိသည်။ ဒိုင်ယာနီက စက်ခလုတ်ခုံနှင့် ဆက်သွယ် လိုက်၏။ သူက ပြန်ထူး သောအော်ပရေတာမ ကလေးအား သူမည်သူမည်ဝါ ဖြစ်ကြောင်း အသိ ပေးလိုက်ပြီး သူ့ဖခင်အတွက် သတင်းစကား ပါးလိုကြောင်း ပြောလိုက်သည်။

'အဲဒီ သတင်းစကားဟာ ရုံးခန်းကို မနက်ပိုင်း ဒက်ဒီ ရောက်လာတဲ့အချိန်မှာ ဒက်ဒီ စားပွဲပေါ်မှာ ရှိနေစေရမယ်'

'ဖြစ်ရပါစေမယ် မစ်(စ်) ဗိုဂလာ'

အဲဒီ သတင်း စကားကို ကြက်သွန်နဲ့ အုပ်ပြီး ပို့ပေးပါ ဆိုရင်တောင် သူတို့က ပို့ပေးကြမှာပဲဟု ဒိုင်ယာနီက ရယ်ချင်စိတ်နှင့် တွေးလိုက်မိသည်။ ဒိုင်ယာနီသည် အမှန် တရားကို အင်တင်မင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

တွေး လိုက်မိသော ကြောင့် ရယ် ချင် စိတ် များ ပျောက်ကွယ် သွားရလေ၏။ ထိုအာဏာသည် သူ့အာဏာ မဟုတ်ပါ။ သူသည် မိုက်ကယ်ဗိုဂလာ၏ သမီးဖြစ်သည် ဆိုသော အချက်မှ ရာနှုန်း ပြည့် ဆင်းသက်လာခြင်းဖြစ်သည်။ သို့ရာတွင် တစ်ပတ်ရစ် အာဏာသည် အာဏာလုံးဝ မရှိသည်နှင့် စာလျှင် ပို၍ ကောင်းမွန်ပါသေးသည်။

ဒိုင်ယာနီက သူ ပို့ လိုသော သတင်း စကားကို နှုတ်တိုက် ရွတ်ပြလိုက်သည်။

'ကျွန်မက သမီးဝမ်းနည်းပါတယ် ဒက်ဒီရယ်လို့ ပြောချင်ပါတယ်၊ ဆယ့်တစ်နာရီလောက် ကျွန်မ နိုးတဲ့ အခါကျရင် ရှင့်ကို တယ်လီ ဖုန်း ဆက်ပြီး ပြောပါဦးမယ်'

ဒိုင်ယာနီ ခေတ္တဆိုင်းငံ့လိုက်သည်။

'နေဦး၊ အချစ်များစွာဖြင့်....ဒိုင်ယာနီ ဆိုတာ ကိုလဲ ထပ်ဖြည့်ပေးပါဦးရှင်'

ဒိုင်ယာနီက စကား ပြောခွက်ကို ပြန်တင်ရင်း ငြိမ်းချမ်းရေးလက်ဆောင်ကိုလဲ ပို့ပေးသင့်သည်ဟု တွေး လိုက်မိသည်။ သူက တယ် လီ ဖုန်း ကို ကောက်ကိုင်ပြီး ညဘက် မန်နေဂျာနှင့် စကား ပြောလိုက်သည်။

'ကျွန်မကို ကျေးဇူးပြုပြီး တစ်ခု လုပ်ပေးပါ မစ္စတာ မော်လ်ဒင်၊ မနက် စော စော ပိုင်း မှာ ဆေးပြင်းလိပ် လက်ကား ဆိုင်တွေကို လူလွှတ်ပြီး အယ်ဗာချို ဆေးလိပ်ရောင်းတဲ့လူ....'

'ကျွန်တော် တစ်ဆိတ်လောက် နားမရှင်းလို့ပါ မစ်(စ်)ဗိုဂလာ' ညဘက်မန်နေဂျာက ကြားဖြတ်၍ မေးလိုက်၏။

'ခင်ဗျားက အယ်ဗာရိုလို့ ပြော လိုက် တယ် ထင်တယ်၊ ကျွန်တော် အဲဒီနာမည်ကို မကြားဖူးဘူး ခင်ဗျ'

'ရှင် ကြားဖူးမှာ မဟုတ်ဘူး၊ အဲဒါက စပိန်နိုင်ငံမှာလိပ်တဲ့ ဆေးပြင်းလိပ် အပေါစား'

'ဟုတ်ကဲ့၊ အယ်ဗာရိုဆေးပြင်းလိပ်ကို ကျွန်တော် သဘောပေါက်ပါပြီ'

'ကျွန်မ တစ်ဒါဇင် လိုချင်တယ်၊ နေဦး နေဦး'

မိုက်ဗိုဂလာ၏ လွန်ခဲ့သော မွေးနေ့က ဒိုင်ယာနီသည် ဒီအိုမာဆန် ဇနီးမောင်နှံနှင့်အရှုပ်အရှင်းဖြစ်နေခဲ့သောကြောင့် မိုက်အတွက် မွေးနေ့ လက်ဆောင် မပို့ဖြစ်ခဲ့ကြောင်း သူ သတိ ရလာ သည်။ မိုက် အသက်က ဘယ်လောက် ရှိနေပါလိမ့်၊ ခုနစ်ဆယ်။

'အယ် ဗာ ရို ဆေး ပြင်း လိပ် ဘူး ခုနစ်ဆယ်ကို လက်ဆောင်စက္ကူနဲ့ တစ်ထုပ်တည်းထုပ်ပြီး ဗွီအိုင်အီး ရုံးချုပ်က ကျွန်မဒက်ဒီ မစ္စတာ မိုက်ကယ် ဗိုဂလာ ဆီကို ဆယ်နာရီမခွဲခင် လူကိုယ်တိုင် သွားပို့ပေး ရမယ်၊ ကျွန်မ ပြောတာ ခုအထိ ရှင်းပါရဲ့လား'

'ရှင်းပါတယ် မစ်(စ်) ဗိုဂလာ'

'ဒက်ဒီရဲ့ အတွင်းရေးမှူးကို ကျွန်မဆီက ပို့တဲ့ လက်ဆောင် ဖြစ်ကြောင်း ပြောပြရမယ်၊ အဲဒီ ကိစ္စကို ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ် သူ ပဲ ဖြစ်ဖြစ် ဆောင်ရွက်ခ ဒေါ် လာ တစ် ရာ ပေး

www.burmeseclassic.com

လိုက်ပါ၊ အဲဒါကိုလဲ ကျွန်မ ငွေစာရင်းထဲကပဲ ကျခံပါ’

ဒေါ်လာ တစ်ရာ ဆိုသောကြောင့် သူကိုယ်တိုင် အပြင်ထွက်ပြီး ဝယ်လိမ့်မည်ဟု ဒိုင်ယာနီတွေးကြည့် လိုက်မိသည်။

ဒိုင်ယာနီသည် ဧည့်ခန်းထဲရှိ အပျက်အစီးများ အကြားမှ ခပ်ဖွဖွနင်းရင်း သူ့အိပ်ခန်းဆီသို့ ပြန်ခဲ့လေ၏။ ဒိုင်ယာနီက ဖခင်အကြောင်း တွေးလိုက်မိသည်။ သူ့ ဖခင်သည် မူမပြောင်းသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ သူသည် ကုဋေကြွယ်သူဌေးကြီးအဆင့်နှင့် လွန်ခဲ့သော ဆယ့်ငါးနှစ်ကျော်ကျော်ကပင် အလုပ်မှ အငြိမ်းစားယူနိုင်ခဲ့သူ ဖြစ်သည်။ သို့တိုင်အောင် သူသည် သူ့ရုံးခန်းသို့ နံနက် ရှစ်နာရီခွဲ သို့မဟုတ် ကိုးနာရီ နောက်ဆုံးထား၍ ရောက်ရှိလာပြီး အလုပ် လုပ်နေမည်မှာ သေချာသည်။ သူသည် မည်သည့် ပစ္စည်းကိုမဆို ဝယ်ယူနိုင်သူ ဖြစ်သည်။ သို့ရာတွင် သူ့ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်စေလိမ့်မည်ဟု သေချာသောပစ္စည်းမှာ အလွန် ဈေးပေါသော စပိန်နိုင်ငံလုပ် ဆေးပြင်းလိပ်များသာ ဖြစ်သည်။ ထိုဆေးလိပ်များကို သူသည် မီးညှိ၍ မဖွာဘဲ ငါးစားပေလိမ့်မည်။

သူသည် ဆေးပြင်းလိပ်များကို မီးညှိ၍ ဖွာရှိုက်သည်ထက် ဝါးစားသည်က များသည်။ ဒိုင်ယာနီသည် ဆယ့်တစ်နှစ်သမီးအရွယ်က မိုက်အား အဘယ့်ကြောင့် ထိုကဲ့သို့ ဝါးစားရသနည်းဟု နှာခေါင်းရှုံ့ပြီး မေးခဲ့ဖူးသည်။ မိုက်က သူသည် နိုက်တစ်ရှိ



ဂလစ်ဆရင်းနှင့် ဒိုင်းနမိုက်တို့ကို ကိုင်တွယ်ခဲ့ရသူ ဖြစ်သဖြင့် ဆေးလိပ်သောက်ပါက ဘေးအန္တရာယ် ရှိကြောင်း၊ ပေါက်ကွဲမှု ဖြစ်ပြီး သေနိုင်ကြောင်း ရှင်းပြခဲ့သည်။

အဲဒီကိစ္စကို အစအဆုံး ပြန် သတိရနေသည်မှာ ရယ်စရာတော့ အကောင်းသားပဲဟု ဒိုင်ယာနီက တွေးရင်း အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့သည်။ ထိုဆေးပြင်းလိပ်များကို ပို့လိုက်သည့် အခါတွင် သူ့ ဖခင်၏ မျက်နှာထားသည် မည်သို့ မည်ပုံ ရှိလေမည်နည်းဟု သူ့စိတ်ထဲက တွေးကြည့် လိုက်မိသည်။ ဒိုင်ယာနီ ပြုံးလိုက်မိပါ၏။

မိုက်ဗိုဂလာသည် သူ့ရုံးခန်းသို့ နံနက် ၈ နာရီ ၅၅ မိနစ်တွင် ရောက်ရှိလာသည်။ မစ္စက်အက်ဒနာ ဘရက်ဒလီက သူ့ထက် အနည်းငယ် စောရောက် သည်။

‘ရှင့်စားပွဲပေါ်မှာ ချက်ချင်း ဆိုတဲ့ သတင်းပို့စာတစ်စောင် ရောက်နေတယ် မစ္စတာဗိုဂလာ၊ အဲဒါ ဒိုင်ယာနီ့ဆီကပဲ’

သူသည် သူ့ရုံးခန်းထဲသို့ အပြေးအလွှား ဝင်သွားလေ၏။ ဦးခါးကိုပင် ပြန် မပိတ်ခဲ့ပါ။ စက္ကန့်အနည်းငယ် ကြာသော့အခါ ဝမ်းသာအားရ အော်လိုက်သံကို ကြားရပြီးနောက် ခပ်မာမာ အမိန့်ပေးသံကိုပါ တစ်ဆက်တည်း ကြားလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'စတိဗ်ဆီ ဖုန်းဆက်စမ်း၊ သူ့ကို ငါ ချက်ချင်း တွေ့ချင်တယ်'

'တကယ်လို့ သူ မ ရောက် သေး ရင် ဘယ်လို လုပ်ရမလဲ မစ္စတာဗိုဂလာ'

'ချီးမှပဲ အက်ဒနာရယ်၊ သူ့ အတွင်းရေးမှူးကို ပြောထားလိုက်ပေါ့'

သူ့ ရုံးခန်းတံခါး ပြန်ပိတ်သွားသည်။

ငှယင်သန်သို သို့မဟုတ် ဂပ်စ်သည် စတိဗ်ပက်ဂျက်၏ နံနက် ကော်ဖီထဲတွင် ဗီယက်နမ်မှ ဆေးမြစ်များအား ရောကျိုထားသော အရည်ကို ရောထည့်ထားသည်။ အရသာဆိုးသော ထို ခပ် ပျစ် ပျစ် အရည်သည် နာကျင်သော ဝေဒနာ ပျောက် ကင်း စေ သော ဆေးဖြစ်သလို အားအင်ပြည့်ဖြိုးစေသောဆေးလည်း ဖြစ်သည်။

ဂပ်စ်သည် သူ့ အလုပ်ရှင် အလုပ်ခွင်သို့သွားသည့် နံနက်တိုင်း ရယ်ရယ် မော်မောနှင့် သွားဖြစ်အောင် ကြိုးစားလေ့ရှိသည်။ အမြဲတမ်းလည်း အောင်မြင် ပါသည်။ ဂပ်စ်က သူ့ ကြိုးစားမှု အောင်မြင်သည် ထင်အောင် စတိဗ်က ဟန်ဆောင်၍ ရယ်ပြရသည့် အခါများလည်း ရှိသည်။

ဇွီအိုင်အီးမှ လခစား ယာဉ်မောင်းက မောင်း နှင်ပြီး စတိဗ်အား လာကြိုသော မော်တော်ကား ကြီးသည် စတိဗ် အိမ်ခန်း၏ ဂဝ လမ်း ဘက်မှ ဝင်ပေါက်တွင် စောင့်နေသည်။ သူသည် ဇွီအိုင်အီး



ရုံးချုပ်သို့ မသွားရောက်မီ သိဟောင်း ကျွမ်းဟောင်း များ ဖြစ်သော ပုဂ္ဂိုလ်နှစ်ဦးနှင့် တွေ့ဆုံရန် ရှိနေပါ သည်။

ပထမ ပုဂ္ဂိုလ်မှာ ယခင်က အထူး တပ်ရင်းများ တွင် တာဝန် ထမ်း ဆောင် ခဲ့ ဖူး သော မေဂျာ တစ် ယောက် ဖြစ် သည်။ သူ့ ရုံး ခန်း သည် 'အဲလ်လဲဗင်း ဘာရောဒ်ဝေး' တွင် ရှိပြီး သူသည် လက်နက် ရောင်းဝယ်သူ တစ်ယောက် ဖြစ်သည်။ သူသည် လက်နက် ရောင်း ဝယ် ရေး လောကကို နှံ့စပ်သူဖြစ်သည့် အပြင် သ တင်း ပ လင်း များ ကို အမြဲတမ်း နားစွင့်နေသူလည်း ဖြစ်သည်။

သူသည် မတ်ခ်တာတမ်နှင့် အီလိုရေးမာကင်တိုင်း တို့ကို သိသူ ဖြစ်ပြီး မစ်(စ်) အယ်လီဆန်ကရိတ်ချ် သည် အတိတ်ကာလက လက်နက် ရောင်းဝယ်ရေး လုပ်ငန်းအချို့ကို လုပ်ကိုင်ခဲ့ဖူးကြောင်း သိထားသူ လည်း ဖြစ်သည်။ သို့ရာတွင် အယ် လီ ဆန် နှင့် စီစီအိုင်တို့သည် လက်နက် ဈေးကွက်တွင် လက်နက် ဝယ်ယူရန် ရောက်ရှိနေကြောင်းကိုမူ လေသံကလေး မျှပင် သူ မကြားခဲ့ပါ။ သို့တိုင်အောင် စ တီ ဗင် ပက်ဂျက်၏ သံသယကို သူက အား ဖြည့် ပေး ခဲ့ သည်။

'ကရိတ်ချ် က ဝယ်နေတာ ဖြစ်ရမယ်၊ ဒါမှ မဟုတ်ရင် သူက မတ်ခ်တာတမ်နဲ့ ဘာ ဖြစ် လို့ အပေါင်းအသင်း လုပ်ရမှာလဲ၊ သူက များများ စားစား ဝယ်နေတာ ဖြစ်ရမယ်၊ ဒီ လုပ်ငန်းဟာ ရယ်စရာကောင်းတဲ့ လုပ်ငန်းပဲ၊ နည်းနည်းပါးပါး



www.burmeseclassic.com

www.burmeseclassic.com

ဝယ်တဲ့ သတင်းတွေကတော့ သတင်းပြန့်လွှယ်တယ်၊ ဒါပေမယ့် ဝယ်တဲ့ ပမာဏက သိပ် ကြီးမားတယ် ဆိုရင်တော့ အားလုံးက ရေငုံနှုတ်ပိတ် နေကြတာ ချည်းပဲ၊ ရောင်းတဲ့ ပမာဏက များလေလေ ပိုပြီး နှုတ်ပိတ်နေလေလေပဲ'

စတိဗ် သွား ရောက် တွေ့ ဆုံ သည့် နောက် တစ်ယောက်မှာ 'ဝေါထရိတ်စင်တာ' တွင် ရုံးခန်း ဖွင့်လှစ်ထားသော ရင်း နှီး မြှုပ်နှံ မှု အတိုင်ပင်ခံ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ သူ့အား မာဖီးယား ဂိုဏ်းက ရန်မူမည့် အန္တရာယ်မှ စတိဗ်ပက်ဂျက်က တစ်ခါ ကယ်ခဲ့ဖူးသည်။ သူက သူသိသမျှကို စတိဗ် အား လိုလိုလားလား ပြောပြရန် အဆင်သင့်ဖြစ်နေ သည်။ သူ သိထားသမျှမှာ စတိဗ် ယခု သိထားသမျှ ထက် ပိုမများလှပါ။

'ကင်းဖီးလ်က ဗွီအိုင်အီးကို အ ခြေ အ နေ ပျက် အောင် စတော့ ရှယ်ယာတွေ ချ ရောင်း နေ တယ် ဆိုတာ လူတိုင်း ပြောနေကြတဲ့ စကားပဲ၊ သူက ဗွီအိုင်အီး ပျက်စီးသွားအောင် လုပ် ပြ မယ် လို့ ကြွားနေတယ်၊ သူ ဘယ်လို လုပ်ဖို့ ရည် ရွယ် တယ် ဆိုတာကိုတော့ မသိရဘူး၊ ဒါပေမယ့် သူ့ ဆီမှာ အစီအစဉ် တစ်ခုခု စီစဉ်ပြီးသား ရှိနေရလိမ့်မယ်၊ သူ့ သိက္ခာနဲ့ ပုံပြီး လောင်းထားတဲ့ကိစ္စပဲ'

ပက်ဂျက်က ဆလင်း စီး က ရက် ဘူး ထဲ မှ နောက်ဆုံး စီးကရက်ကို မီးညှိလိုက်၏။



'ဗွီအိုင်အီး ဟာ သိပ် အ ခြေ ခိုင်တယ်တကော်၊ ဗွီအိုင်အီးဆိုတဲ့ အဝတ်စမှာ ဘာ အ ပေါက် အပြဲမှ မရှိဘူး'

'စီစီအိုင်က လက်နက်တွေ လိုက်ဝယ်နိုင်တယ်လို့ ခင်ဗျား ပြောခဲ့တယ်နော်'

'သိပ်ဖြစ်နိုင်တဲ့ အလားအလာ ရှိတယ်လို့ ပြောခဲ့ တာပါဗျာ'

'ဒါဆိုရင် နည်းနည်းတော့ ဘောင်ကျဉ်းသွားပြီ စတိဗ်၊ နိုင် ငံ တ ကာ ကော်ပိုရေးရှင်းကြီးတွေဟာ အမေရိကန်ပြည်ထောင်စုမှာ သုံးစွဲဖို့ လက်နက်တွေ ဝယ်လေ့ ဝယ်ထ မရှိဘူး၊ သူ တို့ က ပြည်ပကို ပို့တတ်ကြတယ်၊ ဗွီအိုင်အီး ကုမ္ပဏီတွေ ရှိနေတဲ့ ပြည်ပက နိုင် ငံ တွေ ရဲ့ အ ခြေ အ နေ က ရော ဘယ်လိုလဲ'

'အားလုံး တည်တည်ငြိမ်ငြိမ်ပါပဲ'

'တချို့ နိုင်ငံတွေကို အခြေအနေ ပျက်အောင် လုပ်ဖို့ သိပ် မခက်လှပါဘူး'

'လှိုင်းလုံးတွေ ဖြစ်အောင်တော့ ပ ထ မ ဆုံး လုပ်ရဦးမှာပါ၊ လှိုင်းပုတ်ရင် ကျုပ် ကြား ရ မှာ ပေါ့၊ ကျုပ်တို့ရဲ့ စုံစမ်း ထောက်လှမ်းရေးအဖွဲ့က သိပ် မညံ့လှပါဘူး'

ရင်း နှီး မြှုပ် နှံ မှု အ တိုင် ပင် ခံ ပု ဂ္ဂို လ် က ပြုံးလိုက်၏။

'အားလုံးထဲမှာတော့ အကောင်းဆုံးပဲ၊ အိုဗီဇွန် ထက်တောင် သာတယ်လို့ တညီတညွတ်တည်း ပြော နေကြတာပဲ'

www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျား အနေနဲ့ ကောလာဟလလေး ဘာလေး ကြားရင် ကျုပ်ကို ပြောစမ်းပါဗျာ'

'ချက်ချင်း ပြောမှာပါဗျ၊ ခင်ဗျား ကျေးဇူးတေ ကျုပ်မှာ အများကြီး ရှိပါတယ်၊ ခင် ဗျား သ မကယ်ရင် ကျုပ် ခုထက်ထိ ချိုင်း ထောက် သွားလာနေရမှာပါ'

ပက်ဂျက်သည် သုတေသနဌာနသို့ ဆယ့်တစ်နာ ကျော် ကျော် တွင် ရောက် ရှိ သွား ရာ သ အတွင်းရေးမှူးက လမ်း မှ ဖြတ် ၍ တား လို လေ၏။

'ရှင့်ပစ္စည်းတွေ ကျွန်မကို ပေးခဲ့ပြီး အပေါ်ဆ ထပ်ကို သွား၊ ဟို ဘီလူးမက ရှင့် ကို တွေ့ ချ တယ်လို့ တချိန်လုံး အော်ဟစ်နေတယ်'

မစ္စက်အက်ဒနာဘရက်ဒလီကို ဗွီအိုင်အီးရုံးချုပ် အခြား အတွင်းရေးမှူးများက သိပ် မချစ်ကြပ

စတိဗ် တစ်ယောက် မိုက်ကယ်ဗိုဂလာ၏ ရုံးခန် ထဲသို့ ဝင်ရောက်သွားသောအခါ အံ့ အား သင့် ကြောင့် မျက်တောင် တ ဖျတ် ဖျတ် ခတ် လိုက် လေ၏။ မျက်နှာ နီနီရဲရဲနှင့် ပြုံးနေသော ဗိုဂလာ သည် စာရွက်ကလေး တစ်ရွက် ကို ဝှေ့ယမ်းရင် စားပွဲနောက်မှ ထလာသည်။

'ရော့ ဒါကို ဖတ်ကြည့်စမ်း'

စတိဗ်က ဖတ်ကြည့် လိုက်ပြီးနောက် မအံ့ဩ တော့ပါ။ အိုင်းရွန်းမိုက် တစ်ယောက် အလွန်အမင် ပျော်ရွှင်နေသည်။ ဘာ ကြောင့် ဆို တာ သူ သိ သည်။



'ဒီက တယ်လီဖုန်း ဆက်တယ်၊ ပြီးတော့လဲ ကြည့်စမ်းပါဦးကွာ'

သူက အခန်းထောင့်တွင် ရှိသော စားပွဲပေါ်မှ ဆေးပြင်းလိပ်ဘူးများကို ပြလိုက်သည်။

'ခုနစ်ဆယ်တောင်ပဲကွ၊ ဒီ ကလေးဘဝတုန်းက ငါ့ နှစ်ဆယ့်တစ်နှစ် မွေးနေ့အကြောင်း ပြောပြခဲ့ ဖူးတယ်၊ အဲဒီတုန်းက ငါက ကိုလိုရာဒိုမိုင်းတွင်းမှာ ဖောက်ခွဲရေး အလုပ်သမား ဝင်လုပ်နေတယ်၊ ငါ အရက်သောက်နေတာ ကြာပါပြီ၊ ဒါပေမယ့် ငါနဲ့ အတူတူလုပ်တဲ့ အလုပ်သမားတွေက ထမင်းချက်တဲ့ လူကို ကိတ်မုန့် အကြီးကြီး ဖုတ်ခိုင်းပြီး ကိတ်မုန့် ပေါ်မှာ ဘီယာ နှစ်ဆယ့်တစ်ပုလင်း စိုက်ပေး လိုက်တယ်၊ အဲဒီအချိန်ကစပြီး ငါဟာ တရားဝင် အရွယ်ရောက်သူ ဖြစ်လာပြီ၊ ဖယောင်းတိုင်တွေကို မှုတ်ပြီး ငြိမ်းရမယ့်အစား တစ်ပုလင်းပြီး တစ်ပုလင်း ကုန်အောင် သောက်ရမယ်တဲ့'

စတိဗ်ပက်ဂျက် ရယ်လိုက်၏။

'ခင်ဗျား အကုန် သောက်လိုက်တယ်နဲ့ တူတယ်၊ ဟုတ်လား'

'သိပ်ဟုတ်တာပေါ့၊ သတိမရအောင်ကို မူးပြီး လဲကျသွားတာ၊ ဒီ က အဲဒီကိစ္စကို သတိရသွားတာ ဖြစ်ရမယ်၊ ငါ့ နောက်ဆုံး မွေးနေ့တုန်းက သူ ဒီအိုမာဆန်တွေနဲ့ ပြဿနာ ရှုပ်နေပြီး လက်ဆောင် မပို့ဖြစ်ခဲ့ဘူး၊ အခု သူက ကျေအောင် ပို့ပေးလိုက် ပါပြီ၊ သူက ငါကြိုက်တတ်တဲ့ တံဆိပ်ကိုတောင် မှတ်မိတာကွ'

www.burmeseclassic.com

www.burmeseclassic.com

ဗိုဂလာ ရင်ကော့လိုက်၏။

'ကဲ မင်းက ငါ့သမီးကို ဘယ်လို ထင်သလဲ'

'အရင်အတိုင်းပါပဲ၊ သူက ခင်ဗျားကို ပြုစု စောင့်ရှောက်နေရတယ်လို့ သူ့ စိတ်ထဲမှာ ထင်ဖို့ လိုတယ်၊ ဒါက သက်သေပြလိုက်တာပဲ၊ ခပ်မြန်မြန် လုပ်စမ်းပါဗျာ၊ အွမ်နီကော့ပ်နဲ့ အင်းပက်တ်ကက်ခနော် လော်ဂျစ်ကိစ္စမှာ ခင်ဗျားအနေနဲ့ ပိုကောင်းတာကို စဉ်းစားလို့ မရသေးရင် သူ့ ဆီက အကူအညီ တောင်းလိုက်ပါ'

'ခုအချိန်အထိတော့ မင်း မှန်နေပြီ၊ မင်းက ညစာ စားတဲ့အခါကျရင် ထုတ်ပြောပြလိုက်ပေါ့'

'ညစာ ဟုတ်လား'

'ငါက မင်းကို ပြောမတော့မလို့ပဲ၊ ဒီက မင်းနဲ့ ငါ့ကို ဒီကနေ့ည သူနဲ့ ညစာ စားဖို့ ဖိတ်ထားတယ်'

'ကျွန်တော် ဂုဏ်ယူပါတယ်ဗျာ'

ပက်ဂျက်က ပြောရင်း စဉ်းစားလိုက်၏။ ကျွားသစ်မယ်က သူတို့ကို အကွက် ဆင်တာလည်း ဖြစ်ချင်ဖြစ်မည်၊ မိုက်ကို စိတ်ခါတ်ရေးရာအရ အကူအညီ ပေးဖို့တော့ လိုပါလိမ့်မည်။

'ကျွန်တော်က ခင်ဗျားကို ဘယ်မှာ လာတွေ့ရမလဲ'

'တွမ်တီဝမ်း ကလပ်မှာ ည ကိုးနာရီတဲ့၊ သူက အဲဒီနေရာကို သိပ်ကြိုက်တာကွ'

သူသည် ညကိုးနာရီအထိ စက္ကန့် ကလေးများကို ရေတွက် စောင့်စားနေလိမ့်မည်ဟု စတိဗ်ပက်ဂျက်က တွေးလိုက်မိသည်။ ညစာ စားကြသည့် အခါ ဒိုင်ယာနီက မည်သည့်မြဲသနာကိုမှ မလုပ်ပါစေနှင့်ဟု တိဗ်ပက်ဂျက် ဆုတောင်းလိုက်မိပါ၏။

၁၃

င်းဖီးလ် အာဖရိကန်မိုင်းနင်းကုမ္ပဏီ(ကမ်မ်ကို) ကို ဟားမားစ်တွင် အခြေ စိုက်ထားသည်။ ယခု ချိန်တွင် ကမ်မ်ကိုသည် စီစီအိုင်၏ လက်အောက်ခံ ုမ္ပဏီတစ်ခုအဖြစ် သိသာ ထင်ရှားစွာ ထွက်ပေါ် လာသေးချေ။ အကွက် ဆင်ထားသော ဖော်မြူ ာမှာ ကမ်မ်ကိုသည် အရှုံးပြနေသော စီစီအိုင်၏ နီရောင်ပင်လယ်ထဲမှ ဖြုန်းခနဲ ပေါ်ထွက်လာပြီး စီအိုင်၏ အရှုံး ကို အနက်ရောင် ဖြစ်အောင် ုလုပ်ပြီး ချက်ချင်း ချေဖျက်ပေးရန် ဖြစ်သည်။

အထက်ဖော်ပြပါ အချက်အလက်များမှာ ပဉ္စမ ်သာလမ်းရှိ နေအိမ်စာကြည့်ခန်းထဲ၌ ချားလ်စ် င်းဖီးလ်က အယ်လီဆန်ကာရိတ်ချ်နှင့် လောဒ ာ့မ်ပါးတို့အား ပြောကြားနေသော နိဒါန်း၏ ထိုချုပ်ပင်ဖြစ်သည်။ သူတို့ နှစ်ယောက်လုံးသည်

www.burmeseclassic.com

www.burmeseclassic.com

ကမ္မ်ကိုနှင့် 'မဝမ်ဒီ' ပရော ဂျက် အကြောင်း
ကင်းဖီးလ်သိသလို သိရှိထားကြသည်။

ကိုယ်ကျိုးစီးပွားအရ အယ်လီဆန်နှင့် ဟော့ပ
တို့သည် စည်းလုံး ညီညွတ်မှု ရှိဟန်ဖြင့် အတူ
ဆောင်ရွက်လုပ်ကိုင်ကြရန် လိုအပ်သည်။ သို့ရာတွ
တစ်ဦးကိုတစ်ဦးက မယုံကြည်မှုနှင့် မနှစ်မြို့
တို့သည် အပြန်အလှန်ပင်ဖြစ်သည်။ စီဂျေကင်းဖီးလ်
သူတို့သိရှိပြီးသား အချက်အလက်များကို အတ
အကျပ် ထပ်မံပြောပြသည့်အခါတိုင်း ငြိမ်ငွေ့မှုအ
ဖုံးကွယ်ထားကြသလို တစ်ယောက်နှင့် တစ်ယော
မယုံကြည်မှု မနှစ်မြို့မှုများကိုလည်း ဖုံးအုပ်ထ
ကြသည်။

ထို့နောက် အယ်လီဆန်က အခန်းနှစ်ဟုသတ်မှ
ထားသော ပြန်လှန် မေးခွန်းထုတ်ချိန်သို့ ရောက်
လာသည်။ အယ် လီ ဆန် ခရီးသွားစဉ်က လို
စိတ်ချရသော တယ်လီဖုန်းများမှတစ်ဆင့် လော
ဟော့ပါးထံ သတင်းမှန်မှန် ပို့ခဲ့သည်။ ဟော့ပ
ကလည်း စီဂျေထံ ဆက်လက် အစီရင် ခံခဲ့သည
သို့တိုင်အောင် ကင်းဖီးလ်က ပြန်ပြော ပြရမည်
တောင်း ဆို လေ့ ရှိ သည်။ အစ်စ်ပရက်၊ ရှင်ဒလာ
လာဖ်တန်၊ အီလိုရေးနှင့် ကျွန်ကိစ္စများကို အစီအစ
အတိုင်း မေးခွန်း ထုတ်သွားသည်။ ဟော့ပါးထံ
ကြားရသောအချက်များနှင့် အယ်လီဆန့်ထံမှ ယ
ကြားရသည့်အခါ ပေါ်ပေါက်လာမည့် ကွဲလွဲမှုမျ
အတွက် နိုးနိုးကြားကြား ရှိနေတတ်သည်။

အယ်လီဆန်က ထိုကဲ့သို့ ပြန်လှန်မေးခွန်းထုတ်မှု
များကို သဘောထား ကြီးကြီးနှင့် လက်ခံလေ့
ရှိသည်။ လောရင့်ဟော့ပါးကတော့ အယ်လီဆန်
ကဲ့သို့ လက်ခံနိုင်ခြင်းမရှိပါ။ အသေးအမွှားများနှင့်
အရေးမပါသော ကွဲလွဲမှု အနည်းငယ် ရှိလာသည့်
အခါ အဘယ်ကြောင့် မှန်မှန်ကန်ကန် နားမလည်ရ
လေသနည်းဟု ဟော့ပါးကို ဆူပူတတ်သည်။
ထို့နောက် ဟော့ပါးသည် သတိရလာပြီး စိတ်
သက်သာရာ ရရှိသွားသည်။ အယ်လီဆန် အဝေးသို့
ခရီးထွက်နေစဉ် အာဏာ အပြောင်း အလဲများ
ဖြစ်ပေါ်ခဲ့သည်။ အယ်လီဆန့်ကို စောင့်ကြည့်ပေးရ
မည်ဟု ကင်းဖီးလ်က သူ့အား မှာကြားထားသည်။
အယ်လီဆန်က သူ့ကိုယ်သူ လည်ပင်း ကြိုးကွင်း
စွပ်အောင် အကြာကြီး စောင့်နေရမှာ မဟုတ်ဟု
တွေးမိတော့သည်။ မှန်ပါသည်။ အယ်လီဆန်အား
ကြိုးစင် တင်ပြီးသည့် အခါ၊ သူသည် ကမ်မ်ကို၏
ဥက္ကဋ္ဌနေရာသို့ ရာထူးတစ်ဆင့် တက်သွားမည်ဖြစ်ပြီး
ဒေါ်လာ သန်းပေါင်းများစွာကိုလည်း ပိုရရှိလာပေ
တော့မည်။

'....လာဖ်တန်က လေယာဉ်ပျံတွေကို သာမက
စစ်လက်နက် ပစ္စည်းတွေနဲ့ ဝန်ထမ်းတွေကို ပို့ပေး
မယ်ဆိုတာ စိတ်ချရပါ့မလား'

'စိတ်ချရပါတယ်၊ လာဖ်တန်ဟာ မှာထားတဲ့
အမှာစာကို ဘယ်တုန်းကမှ မပျက်ကွက်ခဲ့ဖူးပါဘူး'

www.burmeseclassic.com

'ရှင်ခလာနဲ့ အိုးလိုရေးတို့ဆီက ပထမ သူ
အနေနဲ့ ပို့ပေးမယ့်ပစ္စည်းတွေအတွက် နှောင့်နှေးစ
များ ရှိနိုင်ပါသလား'

'ဟင့်အင်း ချွတ်ယွင်းစရာဆိုလို့ ဘာမှမရှိပါဘူး
လာရီနဲ့ ကျွန်မတို့ကလဲ ဝါရှင်တန်က ရှင့် မိတ်ဆွေ
ဗိုလ်စကီ၊ ဘာလတ်ဆင်ဂိမ်းတို့နဲ့ ပတ်သက်ပြီး အဲ
အတိုင်း ပြန်မေးစရာ ရှိတယ်၊ သူတို့က လုပ်ပေး
မယ်ဆိုတာ သေချာရဲ့လား'

ကင်းဖီးလ်ကမျက်မှောင်ကုတ်ပြီး ခပ်ငေါက်ငေါက်
ပြောလိုက်၏။

'သူတို့ကို ငွေနဲ့ပေါက် ဝယ်ပြီးပြီ၊ ပိုက်ဆံ
ပေးပြီးပြီ'

'အင်း၊ ဒါပေမယ့် သူတို့ကို ဝယ် လို့ ရ
မလား'

ဟော့ပါးက အယ်လီဆန်၏ မခိုးမခန့် လုပ်မှု
မပတ်သက် လိုသောကြောင့် ဝင်ပြော လိုက်သည်။

'သူတို့နှစ်ယောက်ကိုတော့ ဝယ်လို့ ရပါလိ
မယ်၊ အပေးအယူ လုပ် ထား တဲ့ အ တိုင်း သူ
လိုက်နာရမယ့် အချက်တွေကို လိုက်နာ နိုင် အော
လုပ်နိုင်မယ့် နည်းလမ်းတွေ ကျုပ်ကို့ ဆီ မှာ ရှိ
တယ်'

ဖော်လံဖားတဲ့လူ၊ ခွေးတံဆိပ်ခတ်ပြားဟော
ကြီးဟု အယ်လီဆန်က တွေးလိုက်၏။ လက်မလျှော့
လိုသေးသော အယ်လီဆန်က....

'အဖွဲ့ထဲမှာ ရှင် ရှိနေတာ သိပ် ကံကောင်း
ပေါ့ လာရီရယ်၊ ကင်းဖီးလ် ဆွေစဉ် မျိုးဆက်



ငွေတွေက ဝယ်လို့ သာရမှာ၊ ဒါပေမယ့် ရှင့်ရဲ့
စီအိုင်အေ ဖိုင်တွဲဟောင်းတွေကသာ သေချာအောင်
ကိုင်နိုင်မှာရှင့်'

ကင်းဖီးလ်က သူတို့နှစ်ယောက်ကို အေးစက်စက်
ကြည့်လိုက်ပြီးနောက် သားရေနှင့် ချုပ်ထားသော
ဖိုင်တွဲတစ်ခုကို ဖွင့်လိုက်၏။

နောက် တစ် ကြိမ် ထပ် မပြော ပါနှင့် တော့ဟု
အယ်လီဆန် စိတ်ထဲက ရေရွတ်လိုက်သည်။

'မင်းနဲ့ လိုက်လာရမယ့်လူတွေ၊ ကျုပ်က အဲဒီ
စာရင်းကို ပြန်စစ်ကြည့်ချင်တယ်'

လောရင့်ဟော့ပါးကပင် ထို ကိစ္စ ကို လိုအပ်
သည်ဟု မထင်ပါ။

'အား စီရေ့၊ သူတို့ကို ထပ်ခါတလဲလဲ စစ်ဆေး
ကြည့်ပြီးပါပြီ၊ ပြီးတော့လဲ သူတို့ကို ပြည့်ပြည့်စုံစုံ
မှတ်တမ်း တင်ထားပါတယ်ဗျာ'

ကင်းဖီးလ်က သူ့ ကို မ ကြား ဟန် ပြု လိုက် ပြီး
ပထမ နာမည်ကို စ ရွတ်လိုက်လေ၏။

'ကက်ပထိန် အက်ဒဝပ် ဒီဘရီးစ်'

ကင်းဖီးလ်က ဆက်မပြောနိုင်ခင် အယ်လီဆန်က
ကြားဖြတ်ပြီး ဆက်ပြောလိုက်သည်။

'ကင်းဖီးလ် ကွန်ဆိုလီဒိတ်တက် အင်ဒပ်စထရီးရဲ့
ပိုင်းလော့ချုပ် ဆူပရင်းအဲယား မာရှယ် ရဲထူးအဖြစ်
လျာထားခံရတဲ့၊ သူက နိုက် နိုက် ချွတ် ချွတ် သိရှိ
ထားတဲ့အတွက် အတွင်းလူအဖြစ် လက်ခံထားရသူ'



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်က ဟော့ပါးအား လှမ်းကြည့်လိုက်၏။ ဟော့ပါးနှင့် ဒီဘရီးစ်တို့သည် တစ်ယောက်ကို တစ်ယောက်က ရှုံမှုန်းကြသည်။

ဟော့ပါးက ပြောလိုက်၏။

'ကျုပ်တို့မှာ ရွေးစရာလဲ သိပ်မရှိဘူး'

သွေးကွဲအောင်လုပ်ပြီး အုပ်ချုပ်ဟု ကင်းဖီးလ်က တွေးလိုက်သည်။ တစ်ယောက်နှင့် တစ်ယောက် ရန်တိုက်ပေးရမည်။

'မင်းက သံသယ ဆက်ရှိနေတုန်းပဲလား လာရီ'

'ခြွင်းချက်မရှိလက်သင့်မခံနိုင်တာပါ၊ဒီဘရီးစ်ဟာ စိတ်လိုက်မာန်ပါ လုပ်တတ်တယ်၊ သူ့ကိုယ်သူလဲ သိပ် အထင်ကြီးလွန်းတယ်'

ကင်းဖီးလ်က ပြောလိုက်၏။

'ကျုပ်ကလဲ သဘောတူသလိုလိုပါပဲ၊ ဒါပေမယ့် အဲဒီ ချွတ်ယွင်းချက်တွေဟာ သူလုပ်မယ့် အလုပ်မှာ အဖိုးတန်တဲ့ အချက်တွေ ဖြစ်လာနိုင်တယ်၊ မင်း သဘောကရော ဘယ်လိုလဲ အယ်လီဆန်'

'ကျွန်မ မကြာခဏ ပြောခဲ့ပြီးပြီပဲ'

အယ်လီဆန်က သက်ပြင်း ချလိုက်၏။

'သူဟာ တော်တော် ကြွား လုံး ကြီး တဲ့ လူ၊ စိတ်ရောဂါ နည်းနည်း ရင့်နေတဲ့ ဟန်ရေးပြ ခါးသမား၊ ပိုက်ဆံကို သိပ် တပ်မက်တယ်၊ အဲဒါတွေဟာ ဆူပရင်း အ[illegible]သားမာရှယ် ဖြစ် ထိုက်တဲ့ အရည်အချင်းတွေပဲလို့ ကျွန်မ ထင်တယ်'

'အဲဒါကိုလဲ ကျုပ်က သဘောတူချင်ချင်ပဲ'



ကင်းဖီးလ်က တွေးလိုက်၏။ များများ သွေးကွဲလေလေ အုပ်ချုပ်ရ လွယ်ကူလေလေပဲ။

'မင်းတို့ နှစ်ယောက်စလုံးက ဒီဘရီးစ်ကို စောင့်ကြည့်ပေးကြပါ၊ တကယ်လို့ သူက ဒုက္ခ ပေးလာမယ်ဆိုရင် ကျုပ်တို့က သူ့ တာဝန်တွေကို ပြန်ရုပ်သိမ်းလိုက်မယ်'

ဒါမှ မဟုတ် ထာဝရ ရုပ်စဲ လိုက်မယ်ပေါ့ဟု ဟော့ပါးက တွေးလိုက်၏။

ကင်းဖီးလ်က ပြောလိုက်သည်။

'နောက် ပုဂ္ဂိုလ်ကတော့ ကျုပ်တို့ရဲ့ ထင်ရှားကျော်ကြားသော ဘူမိဗေဒ ပညာရှင် ဇာဂျီ အာရှီးလစ်ပဲ'

အစည်းအဝေးကို ဆက်လက် ကျင်းပသွားသည်။

ဂျက်ကော့ဟတ်ရှိသည် တစ်ချိန်က 'ရင်း' ကော်ပိုရေးရှင်း၏ ဦးနှောက်ဘဏ်မှ ဆန်းစစ်သူ ပညာရှင် တစ်ဦးဖြစ်ခဲ့ပြီး ဗွီအိုင်အီး၏ သုတေသန ဌာနတွင် စတီဖင်ပက်ဂျက်၏ လက်ထောက်ဖြစ်သည်။ အရပ်ပုပု ခပ်ဝဖိုင့်ဖိုင့်နှင့် ထိပ်ပြောင်ပြီး အသက်လေးဆယ်ခန့် ရှိသူဖြစ်သည်။ သာမန် အားဖြင့် စကားနည်းသူ ဖြစ်သော်လည်း ဆေးလိပ် မကောင်းကြောင်း ပြောရမည် ဆိုပါက အလွန်အာသွက်သူ ဖြစ်သည်။

စတီဗ်က ဆလင်း စီးကရက် တစ်လိပ်ကို မီးညှိလိုက်ချိန်တွင် သူက ကန့်ကွက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'နေ့လယ်စာ စားချိန်ကစပြီး ဒါဟာဆယ့်ခြောက် လိပ်မြောက်ပဲ၊ ကျုပ်က ရေကြည့်နေတာဗျ'

'ခင်ဗျား အမြဲတမ်း ရေတွက်ကြည့်လေ့ ရှိပ တယ်ဗျာ၊ တိတိကျကျထဲ မှန်လေ့ရှိပါတယ်'

'အင်မတန် ထူတဲ့ အတဲ့လူ မဖြစ်ချင်ပါနဲ့ဗျာ၊ ကိုယ့်အဆုတ်ကို ကိုယ်ပြန်ဂရုစိုက်ဦးမှပေါ့'

'ခင်ဗျား အဆုတ်ကို ခင်ဗျား ပြန်ဂရုစိုက်ပေါ့၊ ခင်ဗျားက ကျုပ်နဲ့ အနီးဆုံး လှေကားပေါ်ကို ပြိုင်ပြီး အပြေးတက်ကြည့်မလား'

စတိဗ်က အားရပါးရ ရယ်လိုက်၏။ ကိုယ်ခန္ဓာ ခပ်ဝဝနှင့် အားကစားသမား မဟုတ်သော ဂျက်ကော့တစ်ယောက် ယှဉ်ပြိုင်မည် ဆိုပါက ဒုက္ခ ဖြစ်သွားစရာ ရှိပါ၏။

'ကျုပ်တို့ လုပ်နေတဲ့ အလုပ်ကိုပဲ ပြန်လုပ်ကြ ရအောင်ပါဗျာ'

သူတို့သည် ဗွီအိုင်အီး၏ ကုမ္ပဏီများ ရှိနေသော နိုင်ငံများ အကြောင်း စုဆောင်း ရရှိထားသည့် ထောက်လှမ်းရေး အစီရင်ခံစာများကို လေ့လာ နေကြခြင်း ဖြစ်သည်။ ဥရောပတိုက်တွင် ရှိသော နိုင်ငံများအား ထုံးစံအတိုင်း ကြည့်သည် ဆိုရုံမျှသာ ကြည့်လိုက်ကြသည်။ အရှေ့ အလယ်ပိုင်း ဒေသ ကိုတော့ ကြည့်စရာပင်မလို။ ထိုဒေသမှ ဗွီအိုင်အီးပိုင် ပစ္စည်းများကို နှစ်အတန်ကြာကပင် ထုခွဲ ရောင်းချ ခဲ့ပြီးဖြစ်သည်။ လက်တင်အမေရိကကျတော့ တစ်မျိုး တစ်ဘာသာ ဖြစ်သည်။ နိုင်ငံ အနည်းငယ် အတွက် စိတ်ချရသည်။ နိုင်ငံ အများစုကတော့ လောလော



ဆယ်မှာပင် ဆူဆူပူပူ ဖြစ်နေကြသည်။ သို့ရာတွင် ထိုနိုင်ငံများ၌ရှိသော ဗွီအိုင်အီးပိုင် ပစ္စည်းများမှာ အနည်းငယ်သာ ရှိနေကြသည်။ ဆုံးရှုံး သွားမည် ဆိုပါက ဖခင် ကုမ္ပဏီကြီးကို မျှော်များ စားစား ထိခိုက်စေမှာ မဟုတ်။

ထို့ကြောင့် အာဖရိကကိုသာ လေ့လာရန် ကျန်တော့သည်။ သို့ရာတွင် ထိုအချိန်၌ ညနေ ခြောက်နာရီ ကျော်ခဲ့လေပြီ။ စတိဗ်က ပြောလိုက်၏။

'ရပ်ဆိုင်းဖို့ အချိန်ကျပြီ'

'အာဖရိကက ဘယ်လိုလဲ'

ဂျက်ကော့က စတိဗ်၏ ပြာခွက်ထဲသို့ လက်ညှိုး ဝတုတ်တုတ်ကြီးနှင့် မွှေနှောက်ရင်း စီးကရက်တို များကို ရေတွက်နေသည်။

'တနင်္လာနေ့အထိ ရွှေ့ဆိုင်းရမှာပဲ'

ဂျက်ကော့ဟတ်ရှ်က အော်ပြောလိုက်၏။

'နှစ်ဆယ့်ခုနှစ်၊ မင်းတော့ ရှုံးနေပြီ'

ပက်ဂျက်က ဖိုင်တွဲများကို ပြန်သိမ်းဆည်းနေ သည်။

'ဒါတွေကို မီးခံသေတ္တာထဲ ထည့်ဖို့ ကျုပ်ကို ဝိုင်းကူညီစမ်းပါ၊ ကျုပ် အလေသုံးဆယ် ဖြစ်နေ တယ်'

'တစ်ယောက်ယောက်နဲ့ ချိန်းထားလို့လား'

'ကျုပ် ချိန်းထားတဲ့လူက ကျုပ် ဆရာသမားနဲ့ ပြိုင်ဘက်မွေ့တဲ့ သမီးလေးပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

'မင်း ကျုပ်ပြောတာ မှတ်ထား၊ ဆေးလိပ် သိပ်မသောက်နဲ့၊ လုံးဝမသောက်ရင် အကောင်းဆုံးပဲ'

ညက်ရည်ပြကိန်းအနေနှင့် ပါရမီရှင် အဆင့်သို့ ရောက်နေသော ဂျက်ကော့ဟတ်ရှိသည် တစ်မျိုးတည်းကိုသာ ကျဉ်းကျဉ်း မြောင်းမြောင်း တွေးတတ်သူ ဖြစ်သည်ဟု စတီဗ်က သုံးသပ်လိုက်သည်။

တွမ်တီဝမ်း ကလပ်၏ ပင်မ ထမင်းစားခန်းထဲရှိ ရှေ့ဘက်ကျကျ စားပွဲတစ်လုံးကို ဗိုင်ယာနီဗိုဂလာ၏ နာမည်နှင့် ကြိုတင် စာရင်း ပေးထားသည်။ စတီဗ် ပက်ဂျက် ရောက်ရှိသွားသော အခါ ရေမျှားမျှား ရောထားသော ဂျက်ဒင်နီရယ် ဝီစကီ ဖန်ခွက်ကို ကိုင်နေသော မိုက်ဗိုဂလာအား တွေ့လိုက်ရလေသည်။ နောက်ထပ် ဆယ်မိနစ်ကြာမှ ဗိုင်ယာနီ ရောက်ရှိလာသည်။

ဗိုင်ယာနီ၏ ရှည်လျားသော အနီရောင် ဆံပင်များသည် ပခုံးသိုင်းကြိုးကလေး နှစ်ချောင်းက လွဲ၍ ဟာလာဟင်းလင်း ဖြစ်နေသော ပခုံးပေါ် သို့ ပြန့်ဝဲပြီး ကျနေသည်။ ဗိုင်ယာနီသည် ပါးလွှာသော အနက်ရောင် ပိုးသားချိဖွန်ကို အတွန့်များ အထပ်ထပ် ပြုလုပ်ထားသော ဂါဝန်ကို ဝတ်ဆင်လာသည်။ စားပွဲသို့ သူ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ငွေရေပိုးနှင့် ထည့်ထားသော ရှန်ပိန်ပုလင်း ရောက်ရှိလာသည်။



ဗိုင်ယာနီက သူ့ဖခင်ကို မွှေးမွှေး ပေးသည်။ စတီဖင်ပက်ဂျက်ကို အားရပါးရ ပြုံးပြပြီး လက်ဆွဲနှုတ်ဆက်သည်သာမက 'ရှင် လာဖြစ်အောင် လာတဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်' ဟု ပြောလိုက်သည်။

'ဒါတွေကတော့ မင်းပို့လိုက်တဲ့ ဘူးတွေထဲကပဲ'

မိုက်ဗိုဂလာသည် ဆေးပြင်းလိပ်ဘူးကို ဖွင့်၍ တစ်လိပ် နှိုက်ယူလိုက်၏။

ပက်ဂျက်ကလည်း ဆလင်းစီးကရက်ဘူးကို မြှောက်ပြလိုက်သည်။

ဗိုင်ယာနီက ပြောလိုက်၏။

'ကျွန်မ နောက်မှပဲ သောက်တော့မယ်၊ ရှင် သောက်နှင့်ပါ'

စကားရော ဖော်ရော လုပ်ချင်သော စတီဗ်က စီးကရက်တစ်လိပ်ကို မီးညှိရင်း ဂျက်ကော့ဟတ်ရှိကို သတိရလိုက်မိသည်။

'ကျုပ်ရဲ့ ကိုယ်ပိုင် ဆရာဝန်ချုပ်ကတော့ တချိန်လုံး တားမြစ်နေတာပဲ၊ ဒါပေမယ့် ကျုပ်ကလဲ မဖြတ်နိုင်ဘူး'

ကိုယ်ပိုင် ဆရာဝန်ချုပ် ဆိုသော စကားလုံးကို အဓိပ္ပာယ် လွဲမှား ကောက်ယူသော ဗိုင်ယာနီက...

'ရှင့် ဇနီးလား၊ သူ့ကို ဘာဖြစ်လို့ ခေါ် မလာသလဲ'

မိုက်ဗိုဂလာက

'စတီဗ်က တစ်ကိုယ်ရေ တစ်ကာယ သမားပါ'

စတီဖင်ပက်ဂျက်ကလည်း ပြော လိုက် မိ သည်။

www.burmeseclassic.com

www.burmeseclassic.com

'ကွာရှင်းထားတာပါ'

သူ အဘယ်ကြောင့် ဒုက္ခခံ၍ ပြောလိုက်မိသည်ကို သူကိုယ်တိုင် နားမလည်လိုက်ပါ။

တွမ်တီဝမ်းကလပ်မှ ဝန်ထမ်းများက ဒိုင်ယာနီသည် ဝိုင်အရက်ကို ကိုယ်တိုင် မြည်းကြည့်လို သူ ဖြစ်ကြောင်း သိကြသည်။ ဒိုင်ယာနီက အနည်းငယ် သောက်ကြည့်ပြီး ခေါင်းညိတ်လိုက်၏။ သူ့ ဖန်ခွက်ကို ရှန်ပိန် ဖြည့်ထည့်ပေးသည်။ ရေထဲသို့ ဂျက်ဒင်နီရယ် ဝီစကီ အနည်းငယ် ရောထည့်ထားသော ဖန်ခွက်နှင့် ဘလက်လေဘယ် ဝီစကီထဲသို့ ရေ နည်းနည်းရော ထည့်ထားသော ဖန်ခွက်များ ရောက်ရှိလာကြသည်။

ဒိုင်ယာနီက ဖန်ခွက်ကို မြှောက်၍ ပြောလိုက်၏။

'လူကြီးမင်းများရှင့်၊ တောင်း ပန်ပါတယ်ရှင်၊ ငြိမ်းချမ်းကြပြီနော် ဟုတ်ရဲ့လား'

မိုက် ဗိုဂလာက ဝမ်း မြောက် ဝမ်း သာ စွာ ဖန်ခွက်ကို မြှောက်လိုက်၏။ စတိဗ်ပက်ဂျက်ကလည်း အပြုံးကလေးနှင့် မြှောက် လိုက် သည်။

ဒိုင်ယာနီ ဗိုဂလာကို စတိဗ် နောက်ဆုံး မြင်တွေ့လိုက်ရစဉ်က ဒိုင်ယာနီသည် သူ့ ဖခင်၏ ရုံးခန်းထဲမှ ဒေါသပွပြီး ထွက်သွားခဲ့သည်။ ယခု သူက တောင်းပန် စကား ဆိုပြီး ငြိမ်း ချမ်းရေး အ ထိမ်း အ မှတ် သံလွင်ခက် ကလေးများကို ကမ်း ပေး နေ သော ချစ်စရာ ကောင်းသည့် မိန်းမချောကလေး ဖြစ်နေ ပြန်သည်။ သူသည် ဟိုတယ်ပီရီဦ ဖြစ်ပွားခဲ့သော ကိစ္စ နှင့် ပတ် သက် သည့် ဆီ ကြူ ရီ ကော် သက်စော်ဇောင့် အဖွဲ့၏ အစီရင် ခံစာများကို ဖတ်ရှုခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် သူသည် ထိုကိစ္စကို ထုံးစံအတိုင်း မိုက်ကယ်ဗိုဂလာအား ပြောမပြခဲ့ပါ။ ဒိုင်ယာနီ၏ ရုတ်တရက် ပြောင်းလဲ သွားမှုသည် သူ ဒုက္ခ ရောက်နေသောကြောင့်သာ ဖြစ်ရမည်။ ထို အကျဉ်း အကျပ်ထဲမှ ကယ် တင် စေ လို သော ကြောင့်သာ ဖြစ်ရမည်ဟု စတိဗ်က တွေးလိုက်၏။

သို့ရာတွင် ဒိုင်ယာနီသည် ဒုက္ခ ရောက်နေဟန် မပြဘဲ နှစ်လိုဖွယ်ကောင်းအောင် ပြောဆိုနေသည်။ ဒိုင်ယာနီသည် ကွေ့လည်ကြောင်ပတ် ပြောနေခြင်း ဖြစ်သည်။ ဒါဆိုရင် အတော် ဆိုးရွားသော ကိစ္စ ဖြစ်ရမည်ဟု စတိဗ်က တွေးလိုက်၏။

ဒိုင်ယာနီသည် စကား ပြောရင်း စတီဖင် ပက်ဂျက်ကို လေ့လာနေသည်။ စတီဖင်ပက်ဂျက်သည် သူ့ ဖခင်အား နာမည်ကို အဖျားဆွတ်၍ ခေါ်သည် အထိ အဘယ်ကြောင့် အ လွန် ရင်း နှီး နေ ရ လေ သနည်း။ သူ့ ဖခင်ထံ အဘယ်ကြောင့် တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့် ရထားလေသနည်း ဆိုသော အချက်များကို နားမလည်နိုင်ဘဲ ရှိနေသည်။

ဒိုင်ယာနီက အစားအသောက် စာရင်းစာရွက်ကို တောင်းလိုက်၏။ အစား အ သောက် စာ ရင်း စာရွက်များကို ယူလာသောအခါ စတိဗ်က သူ့ စာရွက်ကို မကြည့်ဘဲ ဗိုဂလာ၏ ခြေထောက်ကို စားပွဲ အောက်မှ နေ၍ တို့ထိလိုက်၏။ စတီဖင် ပက်ဂျက်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်ကို ခွင့်လွှတ်ပါ ဒိုင်ယာနီ၊ ကျုပ်
မိုက်က ဒီကိစ္စကို ဆွေးနွေးလက်စ ဖြစ်နေလို့ပါ
အဲဒါက အရေးလဲကြီးတယ်'

စတိဗ်က နာမည်တစ်ခုကို ကောက်ရွတ်ချလိုက်
သည်။

'ကျုပ်က ဝှာလင်ကို ဆယ်နာရီ မတိုင်ခင်
ဖုန်းဆက်မယ်လို့ ကတိပေးထားရတယ်'

'ဘာပြောတယ်'

သူ့ သမီးကို အာရုံ စိုက်နေသော မိုက်
မေးလိုက်၏။

'အွန်မ်နီတောပ်နဲ့ အင်းပက်ကိစ္စလေ၊ ဝှာလင်
အဲဒီ ကုမ္ပဏီ နှစ်ခုစလုံးနဲ့ ကယ်လီဖိုးနီးယား
ဒီကနေ့ည တွေ့ဖို့ရှိတယ်'

မိုက်ဗိုဂလာ သဘောရလာပြီး စိတ်ပူပင်နေဟ
အမူအရာ လုပ်လိုက်သည်။

'ဝှာလင်ကို နောက်တစ်ပတ် အချိန်ဆွဲထားပေး
ပြောလိုက်ပေါ့'

'ဒေါ်လာ သန်း ၂၅၀ တန်ဖိုးရှိတဲ့ ဆုံးဖြတ်ချ
တစ်ခုကို အချိန်အကန့်အသတ်မရှိ ဆွဲထားလို့ရ
မဟုတ်ဘူးလို့ သူက ပြန်ပြောမှာပေါ့'

စတီဖင်ပက်ဂျက် မျှော်လင့်ထားသည့်အတိုင်း
များပြားသော ငွေပမာဏက ဒိုင်ယာနီ
စိတ်ဝင်စားစေခဲ့သည်။

'အဲဒီ ကွန်ပျူတာ လုပ်ငန်းရှင်တွေက
စိတ်ရှည်ကြတာ မဟုတ်ဘူး'

'သူတို့က စိတ်မရှည်ကြဘူး၊ ဝေါ်ဆီမှာက အကြံပေးနိုင်တဲ့ လူတွေ နည်းနေတယ်၊ သူ အချိန်ဆွဲထားမှုဖြစ်မယ်ကို ဝှာလင်ကို ပြောလိုက်၊ မင်း အကြံပေးတဲ့ ဆုကြေးကို ပေးမယ်လို့ သူ့ကို ပြောလိုက်'

'ခင်ဗျားက အလုပ်ရှင်မို့ မိုက်ရယ်'

ပက်ဂျက်က သူ့ ကုလားထိုင်ကို နောက်ဘက်သို့ ရွှေ့လိုက်၏။

'ဘာဖြစ်လို့ ထသွားရမှာလဲ၊ တယ်လီဖုန်း တစ်လုံး စားပွဲဆီကို ယူလာခိုင်းလိုက်မယ်'

ဒိုင်ယာနီက ပြောလိုက်ခြင်းဖြစ်သည်။

'အန္တရာယ် များလွန်းတယ်'

စတိဗ် မတ်တတ်ရပ်လိုက်၏။

'ကျုပ် ပြောတာကို တစ်ယောက်ယောက် ကြားသွားနိုင်တယ်၊ ဒါဆိုရင် မွှိုအိုင်အီး အတွက် ငွေတွေ အများကြီး နစ်နာသွားလိမ့်မယ်'

စတိဗ်ပက်ဂျက် ထွက်သွားသည်။ ထိုကိစ္စကို သူ့အား ပြောပြရမည်ဟု ဒိုင်ယာနီက မိုက်ဗိုဂလာအား အကျပ်ကိုင်တော့သည်။

'ကောင်းပြီလေ၊ စတိဗ် ပြန်လာမှ ပြောပြမယ်၊ ဝှာလင် ဘာပြောသလဲဆိုတာပေါ်မှာ အများကြီး မူတည်တယ်လေ'

စတိဗ်သည် အိမ်သာထဲတွင် ဆယ့်ငါးမိနစ် အချိန် ဖြုန်းပြီးမှ ပြန်လာသည်။ စတိဗ်က ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'ဒေါ်လာ တစ်သိန်း ဆုကြေးပေးမယ် ဆိုတဲ့အတွက် ဝှာလင်က တစ်ပတ်တော့ ဆွဲထားနိုင်မယ်လို့ ပြောတာပဲ'

မိုက်ဗိုဂလာကလည်း သေသေ သပ်သပ်ကလေး ဝင်ပြောလိုက်သည်။

'ပေးရကျိုး နပ်တာပေါ့ကွာ၊ ငါ ဆုံးဖြတ်နိုင်အောင် တစ်ယောက်ယောက်က ကူညီမယ်ဆိုရင် ပိုပြီး တန်ဖိုး ရှိမှာပဲ'

'အခု ကိစ္စက ဘာတွေလဲရှင့်'

ဗိုဂလာက ပြောလိုက်၏။

'ဒီကို ပြော ပြ လိုက် စမ်း ကွာ၊ အသံကိုသာ နှိမ့်ပြော'

ပက်ဂျက်က ဒိုင်ယာနီဘက်သို့ ကိုယ်ကို 'စောင်း လိုက်သည်။

'ဗွီအိုင်အီး အနေနဲ့ ကွန်ပျူတာ နယ်ပယ်ထဲကို လုပ်ငန်း တိုးချဲ့ဖို့ လိုအပ်နေတယ်၊ ကုမ္ပဏီ နှစ်ခုက တော့ စည်းရုံး သိမ်းသွင်းဖို့ ကောင်း ပုံ ရ တယ်၊ မင်း ဒက်ဒီက ဘယ်ကုမ္ပဏီဟာ ရင်းနှီး မြှုပ်နှံဖို့ ပိုကောင်းမလဲ ဆိုတဲ့ ဒေါ်လာ သန်း ၂၅၀ တန် မေးခွန်းနဲ့ ပတ်သက်ပြီး တော် တော် က လေး ဦးနှောက်ခြောက်နေတယ်'

ဒိုင်ယာနီက ပခုံး တွန့်လိုက်၏။

'သူတို့ရဲ့ စာရင်း စာ အုပ် တွေ နဲ့ လုပ်ငန်း ဆောင်ရွက်မှု မှတ်တမ်းတွေက အ ဖြေ ပေး ကြမှာ ပေါ့ရှင့်'



'လုပ်ငန်း' အများစုကတော့ အဲဒါက ဟုတ်ပါ လိမ့်မယ်၊ အဆင့်မြင့် နည်းပညာတွေနဲ့ ပတ်သက် လာရင်တော့ မတူပြန်ဘူး၊ ကုမ္ပဏီတွေဟာ နေ့ချင်း ညချင်း တစ်ဟုန်ထိုး ကြီး ပွား လာ ပြီး ချက်ချင်း ပျက်စီး သွားတတ်ကြတယ်၊ သုံး သပ် တဲ့ နေရာမှာ ဆဋ္ဌမအာရုံလဲ လိုအပ်တယ်'

မိုက်ဗိုဂလာက ဝင်ပြောလိုက်၏။

'ငါနဲ့ ငါ့အရာရှိကြီးတွေဆီမှာ အဲဒီလို အာရုံမျိုး ရှိပုံ မရဘူး'

ဒိုင်ယာနီက စတိဗ်အား မျက်လုံးကျဉ်း၍ ကြည့် လိုက်သည်ကို မြင်လိုက်ရသောကြောင့် မိုက်ဗိုဂလာက ကပျာကယာ ဖြည့်စွက်လိုက်သည်။

'လုပ်ငန်းတွေကို သိမ်းသွင်းတဲ့ လုပ် ငန်း ဟာ စတိဗ် တာဝန် မဟုတ်ဘူး'

ညစာကို ဆက် စား ကြ သည်။ ဟင်း များ ကို တစ်မည်ပြီး တစ်မည် လာပို့ကြသည်။

မိုက်ဗိုဂလာက ကော်ဖီသောက်၍ ဒိုင်ယာနီနှင့် ပက်ဂျက်တို့က ကော့ညက် သောက်သည့် အဆင့်သို့ ရောက် ရှိ လာ သော အ ခါ ဗိုဂလာက ကော်ဖီ ပန်းကန်ကို စိတ် ပျက် လက် ပျက်နှင့် ဘေးဖယ် ပစ်လိုက်သည်။

'အဲဒီ သောက်ပြဿနာကြောင့် ငါ့ သွေးဖိအားလဲ သိပ်မြင့်နေပြီကွာ'

ဤတွင် တိတ်တိတ် ဆိတ်ဆိတ် စဉ်းစားနေသော ဒိုင်ယာနီက ဝင်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'အင်းပက်တက်ခနီလိုဂျိစ်က အွမ်နီ ဘာပါလိမ့်… အဲဒီ ကုမ္ပဏီထက် စည်းရုံးဖို့ ပိုကောင်းလိမ့်မယ် ထင်တယ်၊ ကြည့်လေ၊ ကျွန်မတောင် နာမည်ကို မမှတ်မိတော့ဘူး၊ကုမ္ပဏီ နာမည်တွေကရော စဉ်းစားထိုက်တဲ့ အချက်တစ်ချက်ပဲ မဟုတ်လား'

မိုက်ဗိုဂလာက စိတ်ပါ လက်ပါ ဝင်ပြောလိုက်သည်။

'ဘုရားသခင် ကယ်တော်မူပါ၊ အဲဒါဖြစ်နိုင်တာပေါ့ကွ၊ ငါ့လူတော်ကြီးတွေက မစဉ်းစားမိကြဘူး၊ ငါလဲ အဲဒါကို မတွေးမိဘူး၊ တခြား ဘာစိတ်ကူးများ ရှိသေးသလဲ မင်းသမီးကလေးရယ်'

'ဝမ်းနည်းပါတယ် ဒက်ဒီ၊ သမီး သိပ် မသိသေးပါဘူး၊အဲဒါကို သိအောင် လုပ်ဖို့ကလဲ တစ်သက်လုံးလောက် ကြာလိမ့်မယ် ထင်တယ်'

'သုံးလေးရက် လောက်ပါကွာ၊ လေ့ လာ ထားချက်တွေ၊ အစီရင်ခံစာတွေ၊ ဆန်းစစ်ချက်တွေ ရှိပါတယ်ကွ'

'သမီးက အဲဒါတွေကို လျှောက်ဖတ်ဖို့ စိတ်မရှည်ဘူး'

မိုက်ဗိုဂလာက ပြောလိုက်သည်။

'ငါလဲ စိတ်မရှည်ဘူး၊ ငါ့ တပည့်တွေကတော့ အနှစ်ချုပ် တွေ ပြုစုပေးကြတယ်၊ ငါတို့က ခုနက သမီးပြောတဲ့ ကုမ္ပဏီ နာမည်လို ကိစ္စမျိုးတွေကို မျက်စိလျှမ်းနေတတ်ကြတယ်'

ဒိုင်ယာနီက မိုက်ကယ်ဗိုဂလာကို ငေးကြည့်နေသည်။



'သမီး ပြောတာကို ဒက်ဒီ တကယ် လက်ခံမှာလား'

'လက်ခံမှာလားတဲ့လား၊ ချီးမွမ်းပဲ၊ မင်းက ငါ့ ခေါင်းကိုက်နေတဲ့ ပြဿနာကို စဉ်း စား ပေး ပြီး ပြီးစီးအောင် ရွေးချယ်ပေးမယ် ဆိုရင် ငါ သိပ် ကျေးဇူးတင်မှာပဲ'

'ဒက်ဒီ အလေးအနက် ပြောနေတာ မဟုတ်ပါဘူး'

'တကယ် ပြောနေတာကွ၊ငါက မင်းရဲ့ ထိုးထွင်းသိတဲ့ စိတ်ကို ယုံယုံကြည်ကြည်နဲ့ လက်ခံမှာပါကွာ'

သူက ငါ့ အကူအညီကို လေးလေး နက်နက် တောင်းခံနေရှာတယ်၊ ပျော်စရာ ကောင်းလိမ့်မယ် ထင်တယ်ဟု ဒိုင်ယာနီက တွေးလိုက်၏။ ဒေါ်လာ သန်း ၂၅၀ တန် ဆုံးဖြတ်ချက်တစ်ခုကို ချရသည်မှာ စိတ်လှုပ်ရှားစရာ ကောင်းပေလိမ့်မည်။

ဒိုင်ယာနီက ပြောလိုက်၏။

'ကောင်းပါပြီ ဒက်ဒီရယ်၊ စတီဗ်က သမီးကို ကူညီမယ် ဆိုရင် သမီး ကြိုးစား ကြည့်မယ်လေ'

ကော်ဖီ သောက်နေသော စတီဗ်ပက်ဂျက် ကော်ဖီ သီးသွားသည်။

'မ ဖြစ် နိုင် ဘူး၊ အချိန်လဲ မရှိဘူး၊ ကျုပ်က အရည်အချင်းလဲ မပြည့်ဘူး၊ ကုမ္ပဏီ တွေကို သိမ်းသွင်းတယ် ဆိုတာ ကျုပ် လုပ် ငန်း မျိုး လဲ မဟုတ်ဘူး....'

www.burmeseclassic.com

မိုက်ကယ် ဗိုဂလာက စားပွဲအောက်မှ နေ၍ စတိဗ်အား ညို့သကျည်း ကွဲလုနီးပါး လှမ်းကန်လိုက်သောကြောင့် သူ့စကား ရပ်တန့်သွားသည်။

ဗိုဂလာက ပြောလိုက်၏။

'မင်းက ဒီပြဿနာကို ရှိ ငုံ ပြီး သိထားတယ်၊ အဲဒါကို ဖြေရှင်းတဲ့ လုပ်ငန်းထက် ပိုအရေးကြီးတာ မရှိတော့ဘူး'

ဒိုင် ယာ နီ ကလည်း ရွှန်း ရွှန်း တောက် အောင် ပြုံးပြလိုက်သည်။

'မွန်းလွဲပိုင်း အ ချိန် တွေ ဟာ သမီးအတွက် အကောင်းဆုံးပဲ၊ စတိဗ်က မနက်ပိုင်းမှာ ရုံးတက်နိုင်တယ်၊ သမီးတို့ တနင်္လာနေ့က စကြမယ်'

စတိဗ်သည် တနင်္လာနေ့ မွန်း လွဲ ပိုင်း တွင် ဒိုင်ယာနီနှင့် အချိန်ဖြုန်းရမည့် ကိစ္စကို မနှစ်ခြိုက်လှပါ။ လုံးဝ မနှစ်ခြိုက်ပါ။ သူက ကော့ ညက် ကို ကုန်အောင် သောက်ပြီး နောက်တစ်ခွက် ထပ်မှာလိုက်ပြန်၏။

၁၄

အယ်လီဆန်ကရိတ်ချ်သည် တနင်္လာနေ့တွင် ပြုလုပ်ရမည့် နောက်ဆုံး အစီအစဉ်များနှင့် နောက် ရက်များ တွင် စိတ် ပင်ပန်းရမည့် ကိစ္စများ အတွက် သီတင်းပတ် ကုန်ဆုံးရက်များတွင် စိတ်ရောကိုယ် ပါ အနားပေးပြီး တစ် ယောက် တည်း နေ ခဲ့ သည်။



အယ် လီ ဆန် သည် အင်္ဂါနေ့တွင် သူ ယူဆောင်သွားရမည့် အ ဝတ် အ စား များအား အိမ်ဖော်မကလေးက စုဆောင်းနေသည့် ကိစ္စများကို ကြီးကြပ်မှု ပေးသည်က လွဲ၍ စနေနှင့် တနင်္ဂနွေ နေ့များတွင် အိပ်လိုက်၊ ဗွီဒီယို ရုပ်ရှင်နှစ်ကားကို ကြည့်ရှုလိုက်နှင့် အားဖြည့် နေခဲ့သည်။

တနင်္လာနေ့ နံနက် ခုနစ်နာရီတွင် အိပ်ရာကထ၊ ၁၅ မိနစ် ရေချိုးပြီး နံနက်စာကို ဝဝလင်လင် စားသောက်လိုက်သည်။ အယ်လီဆန်က နယူးရောခ်တိုင်း သတင်းစာ ခေါင်းစဉ်များထို လျှောက်ဖတ်သွားပြီး အတွင်းစာရွက်များကို လှန်လိုက်၏။

စီးပွားရေး ကဏ္ဍမှ သတင်းတစ်ပုဒ်ကို အယ်လီဆန် သတိ ထားလိုက်မိသည်။

'.... ဗွီ အိုင် အီး စတော့ ရှယ်ယာများ ယ ခင် ရက်သတ္တပတ်က ၁၂ မှတ် အထိ ကျဆင်းသွားမှုမှာ ဈေး လျှော့ပြီး ရောင်းနေသည် ဆို သော ကော-လာ ဟ လ များ ကြောင့် ပင် ဖြစ်သည်ဟု ဆန်းစစ်သူ များက သ ဘော တူညီကြသည်....'

စီဂျေကင်းဖီးလ်၏ လမ်းဘေးပြပွဲကို ဝိုင်း အုံ ၍ ကြည့်ရှုသူ များပြားလာလေပြီဟု တွေးလိုက်မိပြီး ထိုနေ့ နံနက်ခင်း အတွက် ပထမဦးဆုံး တယ်လီဖုန်းဆက်ရန် သတင်းစာကို နံဘေးသို့ ဖယ်လိုက်သည်။ သူက ဆံပင် အလှပြင်သူအား ညနေ ငါးနာရီခွဲတွင် သူ့ အိပ်ခန်းသို့ အရောက်လာရန် ချိန်းဆိုလိုက်၏။ ဒုတိယ ဦးစားပေး ခံရသူမှာ ချားလ်စ်ကင်းဖီးလ်ပင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အယ်လီဆန်က ကင်းဖီးလ်မေနအိမ်သို့ တိုက်ရိုက် ဆက်သွယ်နိုင်သော နံပါတ်ကို အသုံးပြု လိုက်၏။ အယ်လီဆန်က စကားပြောခွက်ကို မလိုက် သည်နှင့် ကြားမှဖြတ်၍ နားမထောင်နိုင်အောင် အသံ ဖျက်ပေးသော ကိရိယာများသည် နှစ်ဖက် စလုံးတွင် အလိုအလျောက် အသက်ဝင်၍ လာကြ လေတော့သည်။

ရက်သတ္တပတ် ကုန်ဆုံးရက်များကောင် စတိဗ်ပက်ဂျက် သည် ဟယ်လင်ဝှစ်တလီနှင့် အချိန် ဖြုန်းခဲ့သည်။ တနင်္လာနေ့နံနက် ခြောက်နာရီတွင် ဟယ်လင်ဝှစ်တလီ အိပ်ရာထဲမှ ထ၍ ပြန်သွားသည်နှင့် ဘစ်ပြိုင်နက် စတီဖင်ပက်ဂျက် သည်လည်း သူ့ လုပ်ငန်းစဉ်ကို ပြန်လည် စတင်ရတော့သည်။

စတီဖင်ပက်ဂျက်က ဂျက်ကော့ဟတ်ရှ်အား သတိပေး စကားကလေးနှင့် နှုတ်ဆက်လိုက်၏။

'ဒီကနေ့တော့ စီးကရက် နှစ်ဘူး ကုန်မယ့် မနက်ခင်း ဖြစ်လိမ့်မယ်'

ဟတ်ရှ်သည် သောကြာနေ့ ညနေက နံရံထဲရှိ မီးခံသေတ္တာထဲတွင် ထည့်ထားခဲ့သော ဖိုင်တွဲများကို ထုတ်ယူပြီးသည့် အချိန်အထိ စကားမပြောသေးချေ။ ထို့နောက် ဖိုင်တွဲများကို စတိဗ်၏ စားပွဲပေါ်သို့ တင်ရင်း မေးလိုက်၏။

'ဘာဖြစ်လို့လဲ၊ ဘာတွေ ဖြစ်ခဲ့သလဲ'



စတိဗ်က ခပ်တိုးတိုး ရှင်းပြလိုက်သည်။ ထို့နောက်

'ကဲ ကောင်းပြီ၊ ကျုပ်တို့ ချန်ထားခဲ့တဲ့ ကိစ္စကို ကောက်ကိုင်ကြရအောင်၊ အာဖရိကပဲပေါ့'

'ဘာဆိုတိုနဲ့လား'

ဗွီအိုင်အီးသည် အာဖရိကရှိ နိုင်ငံ ငါးနိုင်ငံတွင် ကုမ္ပဏီပိုင်ပစ္စည်းများ ရှိနေသည်။ ဘာဆိုတိုသမ္မတ နိုင်ငံသည် အရေး အကြီးဆုံး ဖြစ်သည်သာမက ကော်ပိုရေးရှင်း၏ ကံကြွေးခံ နိုင်ငံဟုပင် ခေါ်ဆိုနိုင် ပါသည်။ ဗွီအိုင်အီးသည် ဘာဆိုတို နိုင်ငံ၏ စီးပွားရေး လုပ်ငန်းများကို လုံးဝဥသုံ ချုပ်ကိုင် ထားသည့် အပြင် အမျိုးမျိုး အထွေထွေသော လုပ်ငန်းများမှ နှစ်စဉ် ဝင်ငွေအဖြစ် ဒေါ်လာ သန်းသုံးဆယ် ရရှိနေသည်။

စတိဗ်က ခေါင်းညိတ်သည်။

'ဘာဆိုတိုနဲ့ပဲ စမယ်'

ထောက်လှမ်းရေး အစီရင်ခံစာများမှ များများ စားစား သိရှိရလိမ့်မည်ဟု မျှော်လင့် ထား၍တော့ မဟုတ်ပါ။ ဘာဆိုတိုနိုင်ငံ အစိုးရသည် အလွန် တည်ငြိမ်သည်သာမက အာဖရိကရှိ နိုင်ငံများထဲတွင် တစ်ဦးချင်း ဝင်ငွေအများဆုံးရှိသော နိုင်ငံဖြစ်သည်။ ဘာဆိုတိုမှ နိုင်ငံသား နှစ်သန်းသည် ဝဝလင်လင် စားသောက် နေကြရပြီး ငြိမ်းချမ်းမှုကို မြတ်နိုး သူများ ဖြစ်သည်။ အစိုးရ နှင့် ဆန့်ကျင်အောက် လှုပ်ရှားမှုများလည်း မရှိပါ။

www.burmeseclassic.com

ထောက်လှမ်းရေး အစီရင်ခံစာများက ထို အချက်ကို ဖော်ပြနေကြသည်။

ဂျက်ကော့ဟတ်ရှ်က ကြေညာလိုက်၏။

'ဗွီအိုင်အီးကို အလဲ ထိုးမယ်ဆိုရင် ဖျက်ဆီး ရမယ့် နေရာကတော့ ဘာဆိုတိုပဲ'

'ခင်ဗျား မှန်တယ်'

ပက်ဂျက်က စီးကရက် အသစ်တစ်လိပ်ကို မီးညှိ လိုက်၏။ ဗွီအိုင်အီး၏ အသားတင် ဝင်ငွေ ထဲတွင် သိသိသာသာ ကြီးမားသော ပမာဏကို ဘာဆိုတို့မှ ရရှိနေသည်။ ကုမ္ပဏီပိုင် ပစ္စည်းများအား သိမ်းယူ လိုက်မှုကြောင့် ဖြစ်ပေါ် လာမည့် အကျိုးဆက် တရားများကို စတိဗ်ပက်ဂျက် တွေးမကြည့်ချင်ပါ။ အမြတ်အစွန်းများကို ဆုံးရှုံးရမှုက အတော်ကလေး အထိ နာပါလိမ့်မည်။ ပုံသေပိုင် ပစ္စည်းများကို ဆုံးရှုံးရမှုက အခြေအနေပျက်အောင် ထုနှက်ချက်ပင် ဖြစ်ပါလိမ့်မည်။ စတိဗ်ပက်ဂျက်က ပြောလိုက်၏။

'အခု ရေးသွင်းထားတာတွေက တစ်ပတ်တောင် ကြာနေပြီ၊ ကျုပ်က လက်ရှိ အနေ အထားကို သိချင်တယ်'

သူက အင်တာကွန်းအား နှိပ်လိုက်၏။

'နန်စီ၊ ကျုပ်တို့ရဲ့ ဆက်သွယ်ရေး ဂြိုဟ်တု ကွမ်ဆတ်က တစ်ဆင့် အီယန်ဘလိတ်နဲ့ ဆက်သွယ် ပေးပါ'

ခြောက် နာရီ အချိန် ကွာခြားမှုကြောင့် ဘာဆိုတိုတွင် ၄ နာရီ ၁၅ မိနစ်သာ ရှိပါ လိမ့်မည်။



'သူ့ရုံးခန်းကို ပထမ ဆက်သွယ်ကြည့်'

အီယန်ဘလိတ်သည် ၄၅နေ မန်နေဂျာ ဖြစ်သည်။ ဘာဆိုတိုရှိ ဗွီအိုင်အီး၏ ဘုရင်ခံချုပ်ပင် ဖြစ်သည်။ ဘာဆိုတိုနိုင်ငံ၏ အဓိက သင်္ဘောဆိပ် ဖြစ်သည်သာမက မြို့တော်လည်းဖြစ်သော ဂါလန်တွင် အီယန် ဘလိတ်၏ ရုံးခန်း တည်ရှိသည်။ သူသည် စတိဗ် ပက်ဂျက်နှင့် သက်တူ ရွယ်တူဖြစ်ပြီး တည်ကြည်၍ စွမ်းဆောင်ရည် ပြည့်ဝသော အင်္ဂလိပ် လူမျိုး ဖြစ်သည်။ စတိဗ်နှင့်လည်း ခင်မင် ရင်းနှီးသည်။ အီယန်ဘလိတ် သူ့ရုံးခန်း၌ ရှိနေသည်။ တစ်မိနစ် အတွင်း အဆက်အသွယ် ရရှိသွားသည်။ စတိဗ်က သူတို့ပြောသော စကားများကို ဂျက်ကော့ဟတ်ရှ်ပါ ကြားရအောင် အစည်းအဝေး အသံချဲ့စက်ခလုတ်ကို ဖွင့်လိုက်၏။

'အုံ့အား သင့်စရာပါလား စတိဗ်ရယ်၊ အဲဒါ ဟုတ်ရော ဟုတ်ရဲ့လား'

'စုံစမ်းမေးမြန်းဖို့ပဲ အီယန်ရဲ့'

စတီဖင်ပက်ဂျက်က အဖြစ်အပျက်များကို တောက်လျှောက် ပြောပြလိုက်ပြီး ဖြစ်ပေါ်လာစေသော သံသယများကို ပြောပြလိုက်သည်။

'ဂျက်ကော့နဲ့ ကျုပ်က [illegible]က်ပြီး အနံ့ ခံနေကြတာကွ၊ အဲဒီမှာ ထူးထူး ဆန်းဆန်း ဒါမှမဟုတ် ထူးထူးခြားခြား ဖြစ်ပျက်နေတာ ဘာတွေများ ရှိသလဲ'

'ရှိခဲ့ရင် ခင်ဗျား ပထမဦးဆုံး သိရမှာပေါ့၊ မရှိပါဘူး၊ အားလုံး ပုံမှန်အတိုင်းနဲ့ အများကြီး



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွန်းနေလျက်ပါပဲ၊ အဲဒါကို အပေါ်ထပ်က ပုဂ္ဂိုလ်ကြီး ကြားအောင် ခင်ဗျား ပြောပြနိုင်ပါတယ်'

'စိတ်အေးအေး ထားစမ်းပါ၊ ခင်ဗျားကို လခ တိုးပေးဖို့ ကိစ္စ အတည် ဖြစ်ပြီ လို့ ကျုပ် ကြားပါတယ်'

စတိဗ်က အဆက်အသွယ် ဖြတ် တောက် ပစ်လိုက်၏။

'အင်း၊ ဘာဆိုတို လဲ မဟုတ်ပြန်ဘူး'

ဒိုင်ယာနီ ဗိုဂလာနှင့် ချိန်းထားသည့် ကိစ္စကို သတိရလာသော ဂျက်ကောဲ့ဟတ်ရှ်က မေးလိုက်၏။

'ဟို အမျိုးသမီးနဲ့ ခင်ဗျား ချိန်းထားတာ ဘယ်အချိန်လဲ'

'၁၄း ၃၀ နာရီ၊ ဟိုတယ်ပီရီမှာ'

စတိဗ်က ဖိုင်တွဲကို ကောက်ကိုင်လိုက်သည်။

'ကျုပ်တို့ ကင်ယာ ကို လေ့လာကြမယ်၊ ပြီးရင် အရာရှိ စားသောက်ခန်းထဲမှာ နေ့လယ်စာ စားကြမယ်၊ အဲဒါ အလွယ်ဆုံးပဲ'

'ဆေးလိပ် မသောက်ရတဲ့ဘက်က စားပွဲ တစ်ပွဲမှာလား'

ဂျက်ကောဲ့ဟတ်ရှ်က မျှော်လင့်တကြီး မေးလိုက်လေ၏။

ဒိုင်ယာနီ ဗိုဂလာ၏ ဟိုတယ်အိမ်ခန်းတွင် အိမ်ဖော်မကလေး တစ်ယောက်က တံခါး လာဖွင့်ပေးသည်။



ဧည့်ခန်းထဲတွင် သူ အကြာကြီး စောင့်နေရ လိမ့်မည်ဟု ထင်ခဲ့မိ၏။ သူ မှားယွင်းပါသည်။

'ဟိုင်း စတိဗ်၊ ရှင်က အချိန်တိကျသားပဲ'

ဒိုင်ယာနီ၏လေသံ၊ အပြုံးနှင့် လက်ဆွဲနှုတ်ဆက်မှုတို့က ဖော်ရွေသည်။ စတိဗ်က ဧည့်ခန်းကို လေ့လာလိုက်၏။ ဆီကြူရီကော် သက်တော်စောင့် အဖွဲ့၏ အစီရင်ခံစာတို့ကို ဖတ် ရှုပြီး ဖြစ် သော ကြောင့် ပန်းအိုးများ၊ ပြာခွက်များနှင့် အခြားပစ္စည်း ပစ္စယများသည် အသစ်ကျုပ်ချွတ်များနှင့် တူနေကြောင်း ရိပ်မိလိုက်သည်။

ဒိုင်ယာနီက မေးလိုက်၏။

'ရှင် ကော်ဖီ သောက်မလား၊ ယမကာ သောက်ချင်သလား'

ဒိုင်ယာနီက အိမ်ဖော်မကလေးကို ထိုနေ့အတွက် အနား ပေး လိုက် ကြောင်း ရှင်း ပြ ပြီး စတိဗ်၏ ဦးထုပ်နှင့် အပေါ်ဝတ်ကုတ်အင်္ကျီကြီးတို့ကို လှမ်းယူလိုက်သည်။ လက်ဆွဲအိတ်ငယ်ကိုတော့ လှမ်းမယူပါ။

'ဟင့်အင်း၊ ကျေးဇူးတင်ပါတယ်'

ဒိုင်ယာနီက အ ခန်း ထောင့် ရှိ ခပ် နိမ့် နိမ့် ခပ်ရှည်ရှည် ထိုင်ခုံပေါ်တွင် နေ ရာ ယူ လိုက် သည်။ စတိဗ်က မျက်နှာချင်းဆိုင်တွင် ရှိသော ကုလားထိုင်တွင် ဝင်ထိုင်ပြီး အတက်ချီကေစ်ကို နှစ်ဦးအကြားရှိ စားပွဲ ပု ပု က လေး ပေါ် တွင် တင်လိုက်သည်။ ဒိုင်ယာနီက ပြောလိုက်၏။

'ဒါဆိုရင် အွမ်နီကောပ်နဲ့ အင်းပက်ထက်ခန့်တို့ ကိစ္စကို စပြောတော့လေ'

www.burmeseclassic.com

'ကျုပ်တို့က နိဒါန်းပိုင်းနဲ့ အစ ပျိုးရလိမ့်မယ်။ မင်းက ဘာကြောင့် ဘာဖြစ်လို့ ဆိုတာတွေကို သိထားသင့်တယ်'

စတိဗ်က ဗွီအိုင်အီး၏ ဖွဲ့စည်းပုံနှင့် ကွန်ပျူတာ နယ်ပယ်ထဲသို့ မစ္စတာ ဗိုဂလာက အဘယ်ကြောင့် တိုးချဲ့ ဝင်ရောက်လိုကြောင်း စသည်တို့ကို လွယ်ကူ အောင် ရှင်းပြလိုက်ပြီး တအံ့တဩ ဖြစ်သွားရလေ တော့သည်။ အ ပျော် အ ပါး နောက် သို့ သာ တကောက်ကောက် လိုက်နေသော ဒိုင်ယာနီတွင် ဦးနှောက် ရှိနေပေသည်။ ဒိုင်ယာနီက လျင်မြန်စွာ သ ဘော ပေါက် ပုံ ရသည်။ သူ့ မှတ်ချက်များနှင့် မေးခွန်းများသည် ထိကျသည်၊ ပညာသားပါသည်။ အံ့အားသင့်မှုမှ သံသယ ဖြစ်မှုသို့ ကူးပြောင်းသွား သည်။ နှစ် နာ ရီထက် ပိုမို ကြာမြင့်လာသောအခါ သံသယဖြစ်မှုက တစ်ထစ်ချ ဟုတ်မှန်မှုသို့ပြောင်းလဲ သွားတော့သည်။

'မင်း သိပြီးသား အချက်အလက်တွေကို ကျုပ်က သိပ်မပြောပြရသေးဘူးနဲ့ တူတယ်'

ဒိုင်ယာနီက ရွှင်ရွှင်မြူးမြူးကလေး ပြန်ပြော လိုက်၏။

'ကျွန်မ ဆယ့် ခြောက် နှစ် သ မီး အရွယ်ထဲက ဗွီအိုင်အီး အကြောင်း တတ်နိုင်သလောက် လေ့လာ ကိစ္စဟာ ကျွန်မရဲ့ လျှို့ဝှက် ဗိုစရိုက်မှုပဲ၊ တစ်နေ့ကျ အဲဒါက ကျွန်မရဲ့ ကုမ္ပဏီဖြစ်လာမယ် မဟုတ်လား

ဟုတ်လဲ ဟုတ်တယ်၊ မဟုတ်လဲ မဟုတ်ဘူး စတီဖင်ပက်ဂျက်က တွေးလိုက်မိသည်။ ဒိုင်ယာနီသည်



ဖခင်ဖြစ်သူ ပိုင်ဆိုင်သော စတော့ရှယ်ယာများနှင့် ကုမ္ပဏီများမှ အကျိုးအမြတ်များကို ရရှိခံစားရမည့် ပုဂ္ဂိုလ် ဖြစ်ပါသည်။ သို့ရာတွင် စတော့ရှယ်ယာ များက ဖခင်ဖြစ်သူကိုယ်တိုင် ရွေးချယ် ပေးခဲ့သူ များက ထိန်းသိမ်း စောင့် ရှောက် ပေးကြမည် ဖြစ်သလို ကုမ္ပဏီများကိုလည်း ကျွမ်းကျင်သော မန်နေဂျာ များကသာ ကြီးကြပ် ကွပ်ကဲ သွား ပါ လိမ့်မည်။ စီးပွားရေး လုပ်ငန်း ရှင် ကြီး များ က ၎င်းတို့၏ စည်းစိမ်ချမ်းသာများအား အမွေစား အမွေခံများသို့ မည်သို့မည်ပုံ လွှဲပြောင်းပေးရမည် ဆိုသော ကိစ္စကို အခွန်ဆိုင်ရာ ဥပဒေများနှင့် လက်တွေ့ ကျသော အသိ တရားများက ဖြေကြားချိန်း ပေးလေ့ရှိသည်။ ဖခင်ဖြစ်သူ၏ စည်းစိမ်ချမ်းသာသည် ဒိုင်ယာနီ၏ စည်းစိမ် ချမ်းသာပင် ဖြစ်ပါလိမ့်မည်။ သို့တိုင်အောင် ဒိုင်ယာနီသည် ဖခင်ဖြစ်သူ၏ သေတမ်း စာအား ဖတ်ပြမည့် အချိန်ကို စိတ်အားထက်သန်စွာ စောင့်မျှော်နေလေရော့သလားဟု တွေးလိုက်မိသည်။ ဒိုင်ယာနီက စတီဖင်ပက်ဂျက်၏အတွေးကို တွေးလိုက် မိပုံရသည်။

'တ လွဲ တော့ မ ထင် လိုက် ပါ နဲ့ လေ၊ ဒက်ဒီ အာ၀ရ အသက်ရှင်ပါစေလို့ ကျွန်မ ဆုတောင်းမိ ပါတယ်၊ ကျွန်မကို မမွေးခင် ကျွန်မ အစ်ကို သေသွားခဲ့တယ်၊ ကျွန်မ အမေကလဲ ကျွန်မ ကလေး အ၀မှာပဲ သေသွားခဲ့တယ်၊ ကလေး တစ်ယောက် အနေနဲ့ တခြား ပုဂ္ဂိုလ်တွေ သေချင် သေပါစေ၊



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ဒက်ဒီနဲ့ ကျွန်မဟာ ထာဝရ အသက်ရှင် နေကြမယ့် လူတွေပဲလို့ တွေးမိလေ့ရှိတယ်'

ဗိုင်ယာနီက စတိဗ်အား လှမ်းကြည့်လိုက်၏။

'ကလေးတွေဟာ သူတို့ မိဘ တွေနဲ့ သူ ကိုယ်တိုင် အတွက် ရှုးရှုး နှမ်းနှမ်း စိတ်ကူ စိတ်သန်းတွေ ရလာတတ်ကြတယ်၊ ရှင်ကော အဲဒီလို ဖြစ်ခဲ့ဖူးတယ် မဟုတ်လား'

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ထူးထူးခြားခြား ကိစ္စတွေကိုတော့ မမှတ်မိဘူး'

စတိဗ်က မှင်သေသေနှင့် ညာပြောလိုက်၏။ သူ့ ဖခင်သည် အိမ်ထောင်ရေး အဆင် မပြေမှုကြောင့် သူ့ ဇနီးတွင် ကိုယ်ဝန် ရှိနေသည်ကို မသိ ရှောင်ပြေးသွားခဲ့သည်။ စတိဗ်၏မိခင်က ကွာရှင်းခွ တောင်းပြီး လူမမည် သားငယ်ကို မိဘများလက်ထ အပ်နှံ၍ နောက် အိမ်ထောင် ပြု သွားခဲ့သည် ကလေးထံသို့မူ လာရောက်ကြည့်ရှုခဲ့လှသည်။

စတိဗ် ငယ်စဉ်က သူ့ ဖခင်သည် အမေ တောနက်ကြီးထဲ၌ ပျောက်ဆုံးနေသူ ဖြစ်သည် ဖခင်၏ ရုပ်ပုံလွှာကို စိတ်ကူးနှင့် တွေး၍ ပုံဖော် ကြည့်ခဲ့ဖူးသည်။ တစ်နေ့သော အခါတွင် သူ့ ဖခ သည် သူ့ကို အဘိုးအဘွားများလက်မှ လာရော ကယ်ဆယ် လိမ့်မည်ဟု စိတ်ကူး ယဉ်ခဲ့မိသည် သို့ရာတွင် သူ လုံးဝ ပေါ်မလာခဲ့ပါ။ စတိဗ်သ သူ့မိခင်ကိုတော့ စိတ်ကူး ရုပ်ပုံလွှာ ဖော်ကြည့် မလိုအပ်ပါ။ သူ့ မိခင်ကို သူ သိသည်။ မှတ်လည်း မှတ်မိသည်။ သူ့ခံစားမှုတွင် အချစ်နှင့် အမုန်း



စိုးတွေ့၍ ဖြစ်ပေါ်နေခြင်း မရှိပါ။ သူက သူ့မိခင်ကို ပွင့်ပွင့်လင်းလင်း မကျေနပ်ဖြစ်နေသည်။

'ရှင့်အဖေ အသက်ရှင်နေတုန်းပဲလား'

ဗိုင်ယာနီ မေးခွန်း က မမျှော်လင့်ဘဲ ပေါ်ထွက် လာလေ၏။

'ကျုပ် မသိဘူး၊ သူနဲ့ ကျုပ်အမေက ကျုပ်ကို မမွေးခင် ကွာရှင်း ပြတ်စဲသွားကြတယ်'

'ရှင် သူ့ကို တစ်ခါမှ မမြင်ဖူးဘူးလား'

'ဟင့်အင်း'

ဗိုင်ယာနီက သဘော ပေါက်သွားဟန်နှင့် ပြောလိုက်၏။

'ဒါဆိုရင် ရှင်နဲ့ ဒက်ဒီတို့ရဲ့ ဆက်ဆံရေးကို ကျွန်မ နားလည်သွားပြီ'

'သူက ကျုပ်အလုပ်ရှင်ပဲ၊ ကျုပ်က သူ့အတွက် အလုပ် လုပ်ပေးတယ်'

'အဲဒါက တစ်ဝက်မှန် တစ်ဝက်မှားပဲ၊ ရှင်က ကျွန်မ အစ်ကိုအတွက် အစား ဝင်ပေးနေတယ်၊ ဒက်ဒီ က လဲ ရှင့်အဖေ အတွက် အစားဝင်ပေး နေတာပဲ'

ဖြန်းခနဲဆိုသလို သိသာထင်ရှားသော တင်းမာမှု တစ်ခု ဖြစ်လာပါသည်။ ဗိုင်ယာနီက စကား လမ်းကြောင်းကို မည်သည့်ဘက်သို့ ဦးတည်နေလေ သနည်း။ အဘယ်ကြောင့် နည်းဟု စတိဗ် က တွေးလိုက်မိ၏။

'အစားထိုးတဲ့ သီအိုရီတွေကို အသာထားလိုက် စမ်းပါ၊ ကျုပ်က မိုက်ကယ်ဗိုက်လာဆီမှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်တယ်၊ သူက အမိန့်ပေးတယ်၊ ကျုပ်က လိုက်နာတယ်'

'အဲဒီအမိန့်က ကျွန်မ မျက်နှာကို ရှုံ့ပေအောင် လုပ်ရမယ်ဆိုရင်တောင် ရှင်က လုပ်မှာပဲလား'

'အဲဒါက မိုက်နဲ့ မသက်ဆိုင်ပါဘူး၊ သူက ဘာမှ မသိရှာတဲ့ ပွဲကြည့် ပရိသတ်ပါ၊ မင်းက ရှုံ့ကို ယူလာပေးတဲ့လူပဲ'

'အလုပ်သမား တစ်ယောက် အနေနဲ့ ရှင်ဟာ တော်တော်ကလေး တွင်ကျယ်တဲ့လူပဲ'

'ဟုတ်ပါတယ်၊ ကျုပ်က ရှေ့ဆောင် ရှေ့ရွက် လုပ်တယ်၊ တစ်ခါတလေကျရင် အပေါ် ထပ်ကို မရောက်သင့်တဲ့ အစီရင်ခံစာတွေကိုတောင် ရေးတယ် သေးတယ်'

ဗိုင်ယာနီ ဖြုန်းခနဲ ခပ်မတ်မတ် ထိုင်လိုက်၏။

'ရှင် တော်တော် ရိုင်းစိုင်းတဲ့ လူပဲ၊ ဘယ်လို လုပ်တာလဲ'

'ဒါကတော့ ထုံးစံပဲဗျ၊ မိုက်က မင်းအတွက် အထူးလုံခြုံရေး စီစဉ်ပေးဖို့ ညွှန်ကြားတယ်၊ အဲဒီ အစီရင်ခံစာတွေက ကျုပ်ဆီကို ရောက်လာတယ်'

'ဒက်ဒီက ကျွန်မကို သူလျှိုတွေလွှတ်ပြီး စုံစမ်း ခိုင်းသတဲ့လား'

ဗိုင်ယာနီသည် စားပွဲပေါ်က တယ်လီဖုန်းဆီ ကောက်ကိုင်လိုက်၏။ စတိဗ်က သူ့ လက်ကောက် ဝတ်ကို ဆုပ်ကိုင် ထားလိုက်သည်။ ဗိုင်ယာနီက အတင်း ပြန်ရုပ်လိုက်၏။ ဗိုင်ယာနီ တစ်ကိုယ်လုံး စတိဗ်အား ခုန်အုပ်တော့မလို အားယူနေပုံရသည်။



'စိတ်လျှော့ထားလိုက်စမ်းပါ'

စတိဗ်၏ လေသံတွင် ဩဇာပါသည်။

'မိုက်က မင်းကို အကာအကွယ် ပေးစေချင်တာ၊ စောင့်ကြည့်ခိုင်းတာ မဟုတ်ဘူး'

ဗိုင်ယာနီက သူ့ ဖခင်ထံ တယ်လီဖုန်းဆက်ရန် ထပ်ကြိုးစားလိုက်ပြန်၏။

'ကျွန်မကိုယ်ကျွန်မ ကာကွယ် စောင့်ရှောက်နိုင် ပါတယ်'

'ဟုတ်ရဲ့လား၊ ဒီအိုမာဆန်လို ကိစ္စမျိုးကြောင့် တယ်သူက ယုံကြမှာလဲ၊ ကဲ မိုက်ကို ပြောလေကွာ၊ ဒါဆိုရင် သူက နေ့စဉ် အစီရင်ခံစာတွေ အကုန် လုံးကို ဖတ်ကြည့်ချင်လိမ့်မယ်'

'ရှင်ပြောတော့ ရှင်က ဖျက်ဆီးပစ်တယ်ဆို'

'ဆီကြူရီကော်မှာ မိတ္တူတွေ ရှိတယ်'

ဗိုင်ယာနီက လက်ကို ပြန်ရုပ်လိုက်၏။ ကြီးကြီး ကျယ်ကျယ် ဒေါသမာန်ထနေရာမှ စူပုပ်ပုပ် အလို မကျမှုသို့ ပြောင်းလဲသွားသည်။

စတိဗ်က အဖြစ်နိုင်ဆုံး အားနည်းချက်ကို 'ကိုင်' လိုက်၏။

'မင်း ခုနတုန်းကပြောတဲ့ ဗွီအိုင်အီးဟာ တစ်နေ့ ကျရင် မင်းကုမ္ပဏီ ဖြစ်လာလိမ့်မယ်ဆိုတာ သိပ်မှန် တာပဲ၊ မိုက်က အငြိမ်းစားယူဖို့ပြင်ပြီး ဘာဖြစ်လို့ ဒက်အလုပ် လုပ်နေတယ်လို့ မင်းထင်သလဲ'

'ဘာဖြစ်လို့လဲ ဆိုတော့ သူက တဇွတ်ထိုး ခေါင်းမာလွန်းလို့ပေါ့'

www.burmeseclassic.com

'မှားတယ်၊ အူက ဗွီအိုင်အီးကို ပို့ပြီးကြီးသထက်
ကြီးမားတဲ့' လက်ဆောင်ထုပ်ကြီး ဖြစ်စေချင်တယ်၊
သူက ကျုပ်ကို ပဲရစ်ကိုလွှတ်တဲ့ကိစ္စ၊ မင်းနောက်ကို
သက်တော်စောင့်တွေ လိုက်ခိုင်းတဲ့ ကိစ္စတွေဟာ
မင်းက အဲဒီ စည်းစိမ်တွေကို သက်ရှိ ထင်ရှားနဲ့
ခံစား စံစားစေချင်လို့ပဲ'

ဒိုင်ယာနီ စူပုပ်ပုပ် ဖြစ်သွားပြန်သည်။

'သူ့မှာ မင်း တစ် ယောက် တည်း ပဲ ရှိ တယ်
သူလုပ်တဲ့ လုပ်ငန်းတွေမှာ မင်းက စိတ်ဝင်စား
ပြပါစေလို့ သူက နှစ်ပေါင်းများစွာ ဆုတောင်း
နေခဲ့တာကွ၊ မနေ့ညကိုပဲကြည့်၊ မင်းက ကူညီမယ်
ဆိုတော့ သူ သိပ်ဝမ်းသာသွားရှာတယ်'

'ဒက်ဒီ စိတ် သော က ရောက်နေ ပုံ ရ လို့
တွန်မက ကူညီမယ်လို့ ပြောလိုက်တာပါ'

'သောကရောက်နေပုံရတယ် ဟုတ်လား'

ထိုကိစ္စဆီသို့ ပြန်ရောက် လာ သ ဖြင့် စတီဗ်
ဝမ်း သာ သွား သည်။ စတိဗ်က ထိုကိစ္စကို ပို
စိတ်ဝင်စားလာအောင် အားရပါးရ ပြောပြတော
သည်။ မိုက်သည် အကြံကုန်နေလေပြီ၊ ဗွီအိုင်အီးသ
အခြား အခြားသော ကော်ပိုရေးရှင်းကြီးများနှ
အမီ ရင့်ပေါင် တန်းလိုသည်ဆိုပါက ဒွမ်နီကော
အင်းပက် ဆုံးဖြတ်ချက်သည် အဓိက အကျ
ဖြစ်ရလိမ့်မည်။ ရွေး ချယ် ရာ တွင် မှန် ကန် မှု
ကုမ္ပဏီ၏ အနာဂတ်ရေးကို ကြီးကြီး ကျယ်ကျ
အကျိုး သက်ရောက်မှု ရှိ စေ လိမ့် မည်။ ကြို
တွက်ချက်မှုများအရ ယခု အချိန်တွင် ဒေါ်လာ



သန်း ၂၅၀ ရင်းနှီး မြှုပ်နှံလိုက်မည် ဆိုပါက
သုံးနှစ်အတွင်း ပုံသေပိုင် ပစ္စည်းများ ဒေါ်လာ
သန်း ၁၅၀၀ ဖိုးအထိ တိုးတက် များပြားလာနိုင်
ပါသည်။

ဒိုင် ယာ နီ ၏ ပြောင်း လဲ မှု မှာ ပထမတွင်
နည်းနည်းချင်းသာ ဖြစ်သော်လည်း နောက်ဆုံးတွင်
တအံ့တဩ ဖြစ်ယူရတော့သည်။

'ဒက်ဒီ ပြောတဲ့ နှစ်ချုပ်တွေကို ရှင် ယူ လာ
သလား'

အာဏာပြသည့် အနေနှင့် တောင်းဆိုလိုက်ခြင်း
ဖြစ်သည်။

'ဟောဒီမှာ ပါလာပါတယ်'

စတိဗ်ပက်ဂျက်က အတက်ချီကေစ်ကို ဖွင့်ရင်း
သူ့ လက်ပတ်နာရီကို တိတ်တိတ်ခိုး၍ ကြည့်လိုက်၏။
ညနေ ငါးနာရီ ခုနစ်မိနစ်ရှိလေပြီ။ ဒိုင်ယာနီ၏
အာရုံစူးစိုက်မှုသည် မည်မျှလောက် အထိ ကြာမြင့်
လေမည်နည်းဟု မှန်းဆ ကြည့်ရန် ကြိုးစားလိုက်
သည်။

'ကွန်ပျူတာ လုပ်ငန်းအကြောင်း ရေးထားတဲ့
အကျဉ်းချုပ်မှတ်စုကို ကျုပ်တို့ စလေ့လာကြမလား'

'အဲဒါတွေကို ထားသာ ထားခဲ့ပါ၊ ဒီကနေ့ည
ကျွန်မ ဖတ်ကြည့်ပြီး နက်ဖြန်ခါ မွန်းလွဲပိုင်းကျမှ
ရှင်နဲ့တွေ့မယ်'

အဲလေ၊ ငါတွေးတာ သောက်တလွဲတွေ ဖြစ်ကုန်
ပြီဟု စတိဗ်ကတွေးရင်း ဖိုင်တွဲများကို စားပွဲပေါ်သို့
တင် လိုက် သည်။ ဒိုင် ယာ နီ သည် ဒေါ် လာ



www.burmeseclassic.com

www.burmeseclassic.com

ဘီလီယံပေါင်း များစွာ၏ ဖုံးလွှမ်းထားမှုကို ခံယူနေရသည် ဟူ၍ လည်းကောင်း၊ ငှားရမ်းထားသော တပည့်တပန်းများကို အော်ငေါက် ခိုင်းစေတတ်သော ချယ်ယာမင် ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်သည်ဟူ၍ လည်းကောင်း သူ့ ကိုယ်သူ ထင်နေလေပြီ။

သူတို့ မတ်တတ် ရပ်လိုက်ကြ၏။ ဒိုင်ယာနီက စတိဗ်၏ ဦးထုပ်နှင့် အပေါ်ဝတ် ကုတ်အင်္ကျီတို့ကို ထယူ ပေးလိုက်လေသည်။

## ၁၅

ဖေဖော်ဝါရီလ ၂၃ ရက် အင်္ဂါနေ့ နံနက်တွင် စီဂျေကင့်ဖီးလ်သည် အယ်လီဆန်၏ အိပ်ရာပေါ်မှ ထသွားမည့် ပုံစံမျိုး မရှိပါ။ အယ်လီဆန်က ပြောလိုက်၏။

'ကျွန်မတို့က မနက်ခြောက်နာရီမှာ တယ်လီဖုန်း ဆက်ဖို့ ရှိသေးတယ်၊ အဲဒီ နောက်တော့ ရှင် အိမ်ပြန်ရမယ်၊ ကျွန်မက ထုပ်တာပိုးတာကို လက် သတ်ရမယ်'

စီဂျေကင်းဖီးလ်သည် ညည်းညည်း ညူညူနှင့် အိပ်ရာပေါ်မှ ထလိုက်သည်။ စီဂျေက ရေချိုးခန်း ထဲသို့ ဝင်သွားသည်။ အယ်လီဆန်က ဝတ်ရုံတစ်ခုကို ကောက်ခြုံလိုက်၏။ ကင်းဖီးလ်က ကပျာကယာ ရေချိုးပြီး ယမန်နေ့ညက သူ ဝတ်ဆင်သော အဝတ် အစားများကိုပင် ပြန်ဝတ်လိုက်သည်။ အယ်လီဆန်၏ အိပ်ရာနံဘေး၌ တစ်ဖက်တွင် တယ်လီဖုန်း တစ်လုံးစီ ရှိနေသည်။ စီဂျေက တယ် လီ ဖုန်း တစ်လုံးကို ကောက် ကိုင် လိုက် ၏။ အယ် လီ ဆန် က နောက် တယ်လီဖုန်းတစ်လုံးမှ တစ်ဆင့် ဝင်နားထောင်မည် ဖြစ်သည်။ အယ်လီဆန်ကလည်း နောက်တယ်လီဖုန်း ကို ကောက်ကိုင်လိုက်၏။

ကင်းဖီးလ်က စီစီအိုင် ရုံးချုပ်ရှိ တယ်လီဖုန်း စက်ခလုတ်ခုံမှ တာဝန်ကျ အော်ပရေတာ အား ပြောလိုက်သည်။

'ကနေဒီ လေဆိပ်မှာရှိတဲ့ ကက်ပတိန် အက်ဒဝဗ် ဒီဘရီးစ်ကို လိုက်ရှာစမ်း၊ မင်းက သူနဲ့ဆက်သွယ်လို့ ရတဲ့အထိ ငါကိုင်ထားမယ်'

•

အပေါ်ထပ်ကို ထပ်မံတိုးချဲ့ထားသော ဘိုးရင်း ၇၄၇ လေယာဉ်ပျံကို နံပါတ်ခုနစ် ကုန်ရုံရှေ့တွင် ရပ်ထား သည်။ လေ ယာဉ် ပျံ ၏ ကိုယ် ထည် ပေါ် တွင် 'ကင်းဖီးလ် ကွန်ဆိုလီဒိတ်တက် အင်ဒပ်စထရီးစ်' ဆိုသော စာသားကို ရေးသားထားသည်။ စီစီအိုင်၏ အထိမ်းအမှတ်ဖြစ်သော နောက်ဘက် ခြေနှစ်ချောင်း ပေါ်တွင် မတ်တတ်ရပ်နေသည့် ခြင်္သေ့တစ်ကောင်၏ တံဆိပ်ကို ဒေါင်လိုက် အမြီးပေါ်တွင် ရေးသား ထားသည်။ ရှေ့ပိုင်း ကုန်တင် ခန်းမ ပမ်းပိုက် တံခါးများသည် အောက်ဘက်သို့ ပွင့်ကျနေကြသည်။

www.burmeseclassic.com

မီးလုံးကြီးများ လင်းထိန်နေသည်။ ကြီးမား လေးလံသော သစ်သား သေတ္တာများ အနက် နောက်ဆုံးသေတ္တာကို ပင့်တင်စက်နှင့် ကုန်တင်ခန်း ထဲသို့ တင်ပို့နေသည်။

အသက် ၄၃ နှစ် ရှိပြီး လေးရစ် ပါသော ယူနီဖောင်းနှင့် ကြည့်ကောင်းလှသူ ကက်ပတိန် အက်ဒဝပ်ဒီဘာရီးစ်ကိုယ်တိုင် ကုန်တင်သည့်လုပ်ငန်းကို ကြီးကြပ်မှုပေးနေသည်။ စီစီအိုင်၏ ပိုင်းလော့ချုပ် ဖြစ်သော အက်ဒဝပ် ဒီဘာရီးစ်သည် ကမ္ဘာ့ အရပ်ရပ်တွင် ပိုင်းလော့ အဖြစ် ဆောင်ရွက်ခဲ့ဖူးသော အတွေ့အကြုံ ရှိသည်သာမက ရေနံ ကုမ္ပဏီကြီးများ အပါအဝင် စီအိုင်အေ၏ အဲယား အမေရိကန် အီရန်နိုင်ငံမှ ရှားဘုရင်တို့၏ လက်အောက်တွင် အမှုထမ်းဖူးသူ ဖြစ်သည်။ ထိုအတွေ့အကြုံက သူ့အား ယနေ့ နံနက်ခင်းတွင် သူ ဆောင်ရွက်နေသော လုပ်ငန်းများနှင့် အသင့်လျော်ဆုံး ဖြစ်စေခဲ့သည်။ သစ်သားသေတ္တာကြီးများသည် ပစ္စည်း တင်ပို့ရန် ညွှန်ကြားချက် အသစ်တွင် ပါရှိသည့် အတိုင်း 'ကရိတ်ချ်နှင့် အပေါင်းအသင်းများ' မှ ရေးသားထားသည်ကို ပြင်ဆင် ရေးသားပြီးနောက် ဖွင့်ဖောက်၍ စစ်ဆေးခြင်း မပြုစေဘဲ ဆက်လက် တင်ပို့ပေးရန် ဖြစ်သည်။

သစ်သား သေတ္တာကြီးများ ပေါ်တွင် မဝမ်နိုင်ငံ၊ ဂါဒူးမြို့တော်၊ ကင်းဖီးလ် အာဖရိကန် မိုင်းနင်းကုမ္ပဏီသို့ ပေးပို့သော ပစ္စည်းများ ဖြစ်ကြောင်း အသစ် ပြင်ဆင် ရေးသားထားသည်



လေကြောင်းဖြင့် ကုန်တင်ပို့လွှာပေါ်တွင် ထို သေတ္တာကြီးများထဲ၌ စက်ကိရိယာ ပစ္စည်းများ ပါရှိကြောင်း ဖော်ပြထားသည်။ ထိုသေတ္တာကြီးများ ထဲတွင် အမှန်တကယ် ပါဝင်သော ပစ္စည်းများ အကြောင်း သိရှိထားသူ လူလက်တစ်ဆုပ်စာထဲတွင် ကက်ပတိန် အက်ဒဝပ် ဒီဘာရီးစ်လည်း ပါဝင်ပေသည်။ ထို ပစ္စည်းများမှာ ရှင်ဒလာ မတ်ခ်နိုင်း ရိုင်ဖယ်သေနတ် သုံးရာ၊ ကျည်ဆန်များနှင့် အီလိုရေး မာကင်ဇင်း ကော်ပိုရေးရှင်းမှ နမူနာပစ္စည်းများပင် ဖြစ်သည်။ ယခု တင်ပို့မှုသည် 'စတီ' သဘောသာ ဖြစ်ကြောင်း သိရှိသူ လူနည်းစုတွင် ကက်ပတိန် ဒီဘာရီးစ်လည်း ပါဝင်ပါသည်။

ပင့်တင်စက် မောင်းနှင်သူ၏ လုပ်ငန်း တာဝန် ပြီးဆုံးပါပြီ။ ကုန်ပစ္စည်းများကို နေသားတကျ ရှိအောင် နေရာချထားပေးသူများအား ဒီဘာရီးစ်က စောင့်ကြည့်နေသည်။ ခရီးဆောင် စကားပြောစက်ကို ကိုင်ထားသော အပေါ်အောက် တဆက်တည်း ဝတ်စုံနှင့် လူတစ်ယောက် ရောက်ရှိလာသည်။

ထိုပုဂ္ဂိုလ်က ကြေညာလိုက်၏။

'တယ်လီဖုန်း လာနေပါတယ် ကက်ပတိန်၊ မစ္စတာ ကင်းဖီးလ်ဆီကပါ'

'လေယာဉ်ပျံမောင်းတဲ့ အခန်းထဲကို ပြောင်းပေးလိုက်ပါ'

ဒီဘာရီးစ်က ပြောလိုက်ပြီး လေယာဉ်ပျံ အရှေ့ပိုင်းရှိ လေယာဉ်ပျံပေါ် တက်သော လှေကားဆီသို့



www.burmeseclassic.com

www.burmeseclassic.com

အပြေးအလွှား သွားတော့သည်။ စက္ကန့်အနည်းငယ် ကြာသောအခါ သူသည် လေယာဉ် မောင်းနှင်ခန်း ထဲသို့ ရောက်ရှိနေပြီး ကင်းဖီးလ်က 'အခြေအနေ' ကို တင်ပြခိုင်းတော့သည်။

'ပစ္စည်းတွေကို အကုန် တင်ပြီးပါပြီ၊ ပြဿနာ မရှိပါဘူး၊ ခရီးသည်တွေကို အစီအစဉ်အတိုင်း လေယာဉ်ပျံပေါ်တင်ဖို့ အဆင်သင့်ဖြစ်ပါလိမ့်မယ်'

'မင်း အလုပ်လုပ်တာ တော်တယ် အက်ဒဝပ်၊ ဒီကိစ္စမှာ မစ်(စ်)ကရိတ်ချ်က အဖွဲ့ခေါင်းဆောင်ပဲ ဆိုတာ သတိရပြီး သူ့ ညွှန်ကြားချက်တွေကို လိုက်နာပါ၊ ချောချောမွေ့မွေ့ ပျံသန်းနိုင်သလို ပျော်ပျော်ရွှင်ရွှင် ဆင်းသက်နိုင်ပါစေ'

တယ်လီဖုန်းနှင့် စကား ပြောဆိုမှု ပြီးဆုံးသွားသည်။ အက်ဒဝပ် ဒီဘရီးစ်သည် အလွန် ထူးခြား အောင်မြင်မည့် သူ့အနာဂတ်ကို ခေတ္တမျှ ဆင်ခြင် စဉ်းစား ကြည့်လိုက်သည်။ မဝမ်ဒီ၏ လေတပ်၏ 'ဆူပရင်းအဲယားမာရှယ်' အဖြစ် သူသည် တစ်နှစ်လျှင် ဒေါ်လာ သုံးသိန်း အမြတ် ခွန် မဆောင်ရဘဲ ရရှိမည် ဖြစ်သည်။ ၎င်းအပြင် လေယာဉ်ပျံ မောင်းနှင်သူများက မှန်ကန်သော ပစ်မှတ်များကို ထိမှန်အောင် ပစ်ခတ်နိုင်ကြမည် ဆိုပါက ဆုကြေးများကို ထပ်မံ၍ ရရှိပေလိမ့်မည်။ လေယာဉ်ပျံ ဝယ်ယူသည့် လုပ်ငန်းကို အယ်လီဆာန် ကရိတ်ချ်က တာဝန်ခံ၍ ဆောင်ရွက်နေသည်။ ယခု အချိန် မတိုင်ခင်အထိ သူသည် စီစီအိုင်၏ ဝန်ထမ်း တစ်ယောက်သာ ဖြစ်ခဲ့သည်။ ယခု အချိန်တွင်မူ သူသည် အရေးကြီး ပုဂ္ဂိုလ်များနှင့် တန်းတူ ရည်တူ ဖြစ်သွားပြီ ဖြစ်သလို သူတို့ လူစုသည် မဝမ်ဒီသို့ သွားကြတော့မည်။ ခရီးသည်များနှင့် လေယာဉ်ပျံ ဝန်ထမ်းများသည် ဟိုတယ် တစ်ခုတည်းတွင် အတူတူ တည်းခိုကြရပေလိမ့်မည်။

အက်ဒ်ဒီဘရီးစ်သည် သူ့ကက်ဦးထုပ် ကို ခပ်စောင်းစောင်း ဆောင်းလိုက်ပြီးနောက် ကုန်တင် ခန်းများကို နောက်ဆုံးအကြိမ် အဖြစ် စစ်ဆေးရန် ထွက်ခွာသွားလေတော့သည်။

တိုတိုတောင်းတောင်း ဆက်သွယ်ပြောဆိုမှု ပြီးဆုံး သွားပြီးနောက် တယ်လီဖုန်းစကားပြောခွက်များကို ပြန်တင်၍ ပြီးစီး သွားချိန်တွင် အယ်လီဆာန် ၏ မျက်နှာသည် စိတ်လှုပ်ရှားမှုကြောင့် ရွှင်လန်းလာ တော့သည်။ ကုန်ပစ္စည်းများကို တစ်ယောက် ယောက်က ဟန့်တားနှောင့်ယှက်မည့် အခွင့်အရေးမှာ လုံးဝ မရှိသလောက် ဖြစ်သော်လည်း ထိုပစ္စည်း များကို ဘိုးရင်း လေယာဉ်ပျံပေါ်သို့ စိတ်ချလက်ချ တင်ပြီးပြီ ဖြစ်ကြောင်း သိလိုက်ရမှုက မြူးထူး ရွှင်ပျလာစေခဲ့သည်။ ဒေါ်လာ ဘီလီယံ ပေါင်းများစွာကို ထိကိုင်ခွင့်ရရန် နီးစပ်နေလေပြီ။

စီဂျေ၏ အမှုအရာကလည်း သူသည် အယ်လီဆာန် ကဲ့သို့ပင် တွေးတောနေကြောင်း သိသာပါသည်။ သို့ရာတွင် သူကတော့ လိုက်ပါလာမည် မဟုတ်ပါ။ သူ နယူးရောခ်တွင် နေရစ်ခဲ့မည် ဖြစ်ပါ၏။




www.burmeseclassic.com

www.burmeseclassic.com

စတီဖင်ပက်ဂျက် ရုံးခန်း သို့ ရောက် ရှိ လာ ပြီး များမကြာမီ ပထမဦးဆုံး ဆက်သွယ် လာ သော တယ်လီဖုန်းကို သူ နားထောင်လိုက်၏။ ဘာဘရာ ဟန်မွန်းက တယ်လီဖုန်း ဆက်လိုက်ခြင်း ဖြစ်သည်။

'အ သုံး ဝင် နိုင် တဲ့ ကိစ္စကလေး တစ် ခု ကို ပြောမလို့'

'ပြောပါ ဘာဘရား ကျွန်တော် ဝမ်းသာ ပါ တယ်'

'ကင်းဖီးလ်မှာ ဇနီး တစ်ယောက် ရှိတယ်ဆိုတာ မင်း သိတယ် မဟုတ်လား'

ပက်ဂျက်က သူ အလွတ်ရနေသောအချက်အလက် များကို ရွတ်ပြလိုက်၏။

'အ ဂျီ နာ မည် အဲလီဇဘက် ရတ်တလက်ချ် ၁၉၆၉ တွင် လက်ထပ်၊ ၁၉၇၃ ခုတွင် တကွဲတပြားစီ နေထိုင်ကြသည်၊ ထို အ ချိန် က စ ၍ ခင်ပွန်းနှင့် ဆက်သွယ်မှု မရှိတော့၊ အရီဇိုးနားရှိ ခြံကြီးတစ်ခြံ တွင် တစ်ကိုယ်တည်း နေထိုင်လျက် ရှိသည်ဟု အဆို ရှိသည်'

'တစ်ကိုယ်တည်း နေထိုင်လျက်ရှိတယ်၊ ဟုတ်လား'

ဘာဘရာ ဟန်မွန်းက ရယ်လိုက်၏။

'ကိုယ်က မင်းအတွက် သက်သက် စုံစမ်း ကြည့် နိုင်းလိုက်တယ်၊ သူဟာ စိတ္တဇရောဂါရှင် ဖြစ်သလို စီဂျေကင်းဖီးလ်က လူမသိအောင် ဖုံးဖိထားတဲ့ ကိစ္စ ကြီးဘစ်ခုပဲ၊ အဲဒီ ခြံမြေဟာ အလွန်မြင့်တဲ့ ခြံတံတိုင်း



ကြီးတွေ အစောင့် လူမိုက်တွေ ပြည့်ပြည့်စုံစုံ ရှိနေတဲ့ ထိပ်တန်းအကျဆုံး အရှုးထောင် တစ်ခုပဲ'

'အဲဒါကိုတော့ ကျွန်တော် မသိဘူး'

'တခြား အသေးစိတ်ကိုတော့ သိပ် မသိရဘူး၊ မစ္စက်ကင်းဖီးလ် အနားမှာရှိတဲ့ လူတွေက နှုတ်ပိတ် နေကြတယ်၊ မင်းဆီကို အစီရင်ခံစာ တစ်စောင် ပို့ခိုင်းလိုက်မယ်လေ'

စိတ်ဝင်စားစရာ ကောင်းတယ်၊ တန် ဖိုး တောင် ရှိချင်ရှိနိုင်တယ် ဟု စတီဖင်ပက်ဂျက်က တွေးလိုက်၏။ 'မသိမသာ ကိုယ်လုံးချင်း တိုက်ကြရာမှ သိသိသာသာ အတင်း တွန်းချသည့် အဆင့်' သို့ ရောက် ရှိ လာ သောအခါ ဂုဏ် သိ က္ခာ အင် မ တန် ရှိ လို့ သော ချားလ်စ်ကင်းဖီးလ်အား ဂုဏ်သရေ ပျက်စေမည့် ကိစ္စနှင့် ပြန်၍ အကျပ်ကိုင်နိုင်စရာ ရှိသည်။

ဂျက်ကော့ဟတ်၏ စထိမ်၏ ရုံးခန်းထဲသို့ ဝင် လာသည်။ ထိုနေ့ နံနက်ခင်းတွင် စထိမ် ဆောင်ရွက် လိုသော ကိစ္စများအတွက် သူ အ ဆင်သင့် ဖြစ် နေ သည်။ ပက်ဂျက်က စီ ဂျေ ကင်း ဖီး လ် ၏ ဇနီး အဲလီဇဘက်ကင်းဖီးလ်နှင့် ပတ်သက်၍ သူ ကြားသိ လိုက်ရသည့် ကိစ္စကို ပြောပြနေစဉ် အင်တာကွန်က အချက်ပေးသံ ပေးလေ၏။

စတိမ်၏ အတွင်းရေးမှူးက ပြောလိုက်သည်။

'ဘာဆိုတိုက မစ္စတာဘာလိတ်ပါ စတိမ်'

ပက်ဂျက်သည် ဂျက်ကော့ဟတ်၏ ကြားရအောင် အစည်းအဝေး အသံချဲ့စက် ခလုတ်ကို နှိပ်လိုက်ပြီး နောက် စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

သောကြာနေ့ စကားပြောကြတုန်းက ဘာလိတ်တစ်ခုခုကို မေ့သွားလေရော့သလားဟုသူ တွေးလိုက်မိသည်။

ဘာလိတ်၏ လေသံ ထောင့်တောင့်တောင့် ဖြစ်နေမှုက စတိဗ်အား နိုးနိုးကြားကြား ရှိလာစေခဲ့သည်။

'စတိဗ်၊ ဟောဒါကို အဓိပ္ပာယ် ပေါက်အောင် စဉ်းစားကြည့်စမ်းပါ၊ ကျုပ်တော့ စဉ်းစားလို့ မရဘူး၊ ဘာဆိုတိုကို ကျော်ဖြတ်ပြီး မဝမ်ဒီကို ပျံသန်းသွားမယ့် လေကြောင်း ခရီးစဉ်တစ်ခုအတွက် ကနေဒီလေဆိပ်က ဂါလာ လေကြောင်း သွားလာမှု ထိန်းသိမ်းရေးဌာန (အေတီစီ) ကို ခွင့်တောင်းတဲ့ တဲလက်တစ်ခု ဝင်လာတယ်'

ဘာဆိုတို၏ အရှေ့ဘက်တွင် တည်ရှိသော မဝမ်ဒီ နိုင်ငံနှင့် ဘာဆိုတို နိုင်ငံတို့၏ နယ်စပ်ကို ပိတ်ထားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။ ဘာဆိုတိုနိုင်ငံ၏ လေကြောင်းပိုင်နက်ကို ဖြတ်သန်း၍ မဝမ်ဒီသို့ သွားလိုသော လေယာဉ်ပျံများသည် ကြိုတင်၍ ခွင့်တောင်းကြရပါသည်။ ထိုကဲ့သို့သော မေတ္တာရပ်ခံချက်များမှာ ရှားပါးလှသည့် အပြင် ဘာဆိုတို၏ မြို့တော်ဖြစ်သော ဂါလာလေကြောင်း သွားလာမှု ထိန်းသိမ်းရေးဌာန (အေတီစီ)ကလည်း အလိုအလျောက် ခွင့်ပြုပေးလေ့ရှိသည်။ သို့ရာတွင် ထိုကိစ္စမျိုးအား ဗိုအိုင်အီး ၏ ဌာနေ မန်နေဂျာဖြစ်သော အီယန်ဘာလိတ်ထံသို့ ထုံးစံအတိုင်း သတင်းပို့ကြရပါ၏။

'ကင်းဖီးလ် ကွန်[illegible]လီ ဇိတ်တက် ရဲ့ ဘိုးရင်း ၇၄၇ တဲ့'

ပက်ဂျက်နှင့် ဂျက်ကော့ဟတ်ရှ် တစ်ယောက်ကို တစ်ယောက် ငေးကြည့်လိုက်မိကြသည်။ ဘိုးရင်း ၇၄၇ သည် စီစီအိုင် ကော်ပိုရေးရှင်းရှိ လေယာဉ်ပျံ အုပ်စုတွင် ဂုဏ်ယူဖွယ်ရာ အလံကိုင်လေယာဉ် ဖြစ်ပြီး တောက်တောက်ပြောင်ပြောင်အဖြစ်ဆုံး ဖြစ်သည်။ ထိုလေယာဉ်ကို အသုံးပြုခြင်းက အရေးကြီးသော ကိစ္စရပ်များအတွက် စီစီအိုင်၏ ထိပ်ပိုင်းအုပ်ချုပ်ရေး ဝန်ထမ်းများ အသုံးပြုသည်ဆိုသော သဘောသက်ရောက်ပါသည်။ မဝမ်ဒီသို့ သွားမည့်အစား ဤကမ္ဘာမြေပေါ်ရှိ မည်သည့်နေရာသို့ပင် သွားသွား အဓိပ္ပာယ် ရှိပါလိမ့်မည်။ စတိဗ်က မေးလိုက်၏။

'ဘယ်တော့ကျရင် ကျော်ဖြတ်သွားမှာလဲ၊ သွားမယ့်လမ်းကြောင်းက ဘယ်လိုလဲ'

'ဘာဆိုတို လေကြောင်းပိုင်နက်ထဲကို နက်ဖြန်ခါ ဒေသစံတော်ချိန် ဝ၆း၄၀ နာရီမှာ ဝင်ရောက်လာမယ်လို့ ခန့်မှန်းထားတယ်၊ လမ်းကြောင်းကတော့ ဂါလာ ပေါ်ကို တိုက်ရိုက် ကျော်ဖြတ်ပြီး အဲဒီနောက်တော့ အရှေ့တောင်ဘက်မှာ ရှိတဲ့ ဂါဒူးမြို့တော်ကို သွားလိမ့်မယ်'

'အဲဒီခရီးနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ ယူဆခန့်မှန်းထားတာတွေ ရှိသလား'

'စီစီအိုင် စီမံခန့်ခွဲရေး ကော်မီတီ တစ်ခုလုံး ချီးသွပ်သွားကြတဲ့ ကိစ္စကလွဲရင် ဘာမှမရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com

'တစ်ယောက်ယောက်က မဝမ်ဒီ လေကြောင်းသွားလာမှု ထိန်းသိမ်းရေးဌာနကို ဆက်သွယ်သေးသလား'

'မဆက်သွယ်ဘူး၊ ဆက်သွယ်လို့လဲ မရဘူး၊ သူတို့ရဲ့ ရုပ်ဝေးကို အသံလွှင့်နိုင်တဲ့စက် ပျက်သွားတာကြာပြီ၊ အခု ကျန်နေတဲ့ စက်အစုတ်အပြတ်က ဂါဒူး မြို့တော်လေဆိပ်ရဲ့ ဝန်းကျင် မိုင် တစ်ရာလောက်ကိုပဲ အသံလွှင့်လို့ရတယ်'

'ကျုပ်တို့ဘက်က စုံစမ်းလို့ရသလောက် စုံစမ်းပြီးခင်ဗျားဆီကို ပြန်ပြောမယ် အီယန်'

ပက်ဂျက်က စကားပြောခွက်ကို ဆောင့်ချလိုက်၏။

'ကနေဒီ လေဆိပ်က အလင်းရောင် စ ပေါ်လာတာပဲ၊ ကျုပ်တို့ အဲဒီ နေရာက အလုပ် စကြမယ်'

ကနေဒီ နိုင်ငံတကာ လေဆိပ်တွင် သုတေသနဌာနနှင့် ခင်မင်သော သတင်း ပေးသူများ ရှိနေကြသည်။

ထိုကိစ္စကို သုတေသနဌာနရှိ ဝန်ထမ်းအားလုံးက အင်ပြည့် အားပြည့် ဝိုင်းဝန်းစုံစမ်းခဲ့ကြရာ အချက်အလက်များကို လျင်မြန်စွာ စုဆောင်း ရရှိလာခဲ့သည်။ နံနက် ၁၁း၃၅ နာရီ တွင် စထိတ် ဇမျက်နှာထားတည်တည်နှင့် ၅၄ ထပ်သို့တယ်လီဖုန်းဆက်သည်။ မစ္စတာ ဗိုဂလာသည် အစည်းအဝေးတစ်ခု ကျင်းပပြု လုပ်နေဆဲ ဖြစ်ပြီး နှောင့်ယှက်သည်ကို မလိုလား ကြောင်း မစ္စက် အက်ဒနာ ဘရက်ဒလီက ကန့်ကွက်လိုက်သည်။



'မတွေ့လို့ မဖြစ်ဘူးလို့ သူ့ကို ပြောပြလိုက်ပါ'

စကားပြောခွက်ကို ပြန် တင် လိုက် ပြီး စတိဗ်က ဂျက်ကောဟတ်ရှ်အား လှမ်းကြည့်လိုက်၏။

'ကျုပ်တို့ သိထားတဲ့ အ ချက် အ လက် တွေ သဲလွန်စ ရအောင် အီယန်ကို ပြောပြ လိုက်ပါ'

စာရွက်အထပ်ထပ်ကို ကိုင် ထား သော စတိဗ် ပက်ဂျက်သည် မိုက်ဗိုဂလာ၏ ရုံးခန်းထဲသို့ ဝင်သွားသည်။ မိုက် က သူ့ စား ပွဲ ရှေ့ တွင် ရှိ သော ကုလားထိုင် တစ်လုံးကို ဆေး ပြင်း' လိပ် အသစ် တစ်လိပ်နှင့် ညွှန်ပြလိုက်၏။ အခြား ကုလားထိုင်များ ရှိ နေ သည် ကို ပက် ဂျက် တွေ့ လိုက် ရ သည်။ ထိုကုလားထိုင်များတွင် မ ကြာ သေး ခင် က ထိုင်သူများ ရှိနေခဲ့သည်မှာ ထင်ရှားသည်။

'လေ့လာဆန်းစစ်တဲ့ အဖွဲ့တစ်ဖွဲ့ကို ငါကန်ထုတ်လိုက်တယ်၊ ဒီကနေ့ ဈေးကွက် ဖွင့်ချိန်မှာ ဗွီအိုင်အီးရှယ်ယာက နှစ်မှတ် ထပ်လျော့သွားတယ်၊ သူတို့က အဲဒီ အနေအထားကို သိပ် မ ကြိုက် ဘူး၊ ငါ့သဘောထားကို သိချင်ကြတယ်'

သူက ဆေးပြင်းလိပ်ကို ပါးစပ်ထဲသို့ ထိုးထည့်လိုက်သည်။

'မင်းကလဲ သတင်းကောင်း ယူ လာ ပုံ မ ရ ဘူး၊ အဲဒီတော့ ပြောစမ်း'

စတိဗ်က သူ့ ကိုယ်သူ အားတင်းပြီး ဆင်ခြင်းဒီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကင်းဖီးလ်ရဲ့ လှုပ်ရှားမှုတွေကတော့ တဖြည်း
ဖြည်းနဲ့ ပုံစံပေါ်လာပြီ၊ စီစီအိုင်က မဝမ်ဒီထဲ
ဝင်သွားပြီ'

'ပေါက်တတ်ကရတွေ၊ ဘာအတွက်လဲ၊ အဲဒီမှာ
ဘာမှ မရှိတဲ့ဥစ္စာ'

'အဲဒါက အားလုံး သဘောတူထားတဲ့ ကို
ပြင်သစ်၊ ဗြိတိန်၊ အမေရိကန်၊ ရုရှ အားလုံး
တညီ တညွတ်တည်း သဘော တူထားကြတယ်
ဒါပေမယ့် စီစီအိုင်က တစ်ခုခုကို ရှာတွေ့ထားတာ
ဖြစ်ရမယ်'

'စိတ်ကူးယဉ်တာပါကွာ'

'စိတ်ကူးယဉ်တာ ဟုတ်ရင်လဲဟုတ်မယ်၊ ဟုတ်
မှလဲ ဟုတ်မယ်'

ပက်ဂျက်က အီယန်ဘလိတ်နှင့် သူ ပြောခဲ့သော
စကားများကို ပြန်ပြော ပြလိုက်၏။ ဗိုဂလာ
အမူအရာ မယုံကြည်သည့် အနေအထား၌
ရှိနေသေးသည်။

စဘိဗ်က ဆက်ပြောလိုက်၏။

'ဂျက်ကောနဲ့ ကျွန်တော်တို့က ကနေဒီလေဆိပ်မှာ
ရှိတဲ့ ကျွန်တော်တို့ အဆက်အသွယ်တွေကို အသုံး
လိုက်တယ်၊ စီစီအိုင် ဘိုရင်း လေယာဉ်ပျံ
ပိုင်းလော့က ပျံသန်းမယ့် လမ်းကြောင်း အစီအစဉ်
ခရီးသည်စာရင်းကို ကြိုတင်ပြီး တင်ပြထားတယ်
လေယာဉ်ပျံကတော့ မွန်းလွဲပိုင်းကျမှ ထွက်ဖို့ စီစဉ်
ထားတယ်၊ ဒါပေမယ့် ကုန်ပစ္စည်း တွေကိုတော့
ဒီကနေ့ မနက်စောစောကပဲ တင်ခဲ့ကြတယ်'



'ဒီနေ့တော့ ဆာဖြစ်သလဲ'

'မိုက်၊ ပစ္စည်းတွေက ဂါဒူး မြို့တော်မှာ ရှိတဲ့
ကင်းဖီးလ် အာဖရိကန်မိုင်းနင်းကုမ္ပဏီကို ပို့ပေးမှာ'

ဗိုဂလာ၏ အရောင်ခပ်ဖျော့ဖျော့ မျက်လုံးများ
ပြူးကျယ်လာကြသည်။

'ချီးမှပဲ'

'ကျွန်တော်တို့ အနေနဲ့ ကင်းဖီးလ် အာဖရိကန်
မိုင်းနင်းကုမ္ပဏီကို စုံစမ်းတဲ့ နေရာမှာ အခက်အခဲ
တွေ့ခဲ့ရတယ်၊ အဲဒါက ဘဟားမားကော်ပိုရေးရှင်း
အသစ်၊ စီစီအိုင်က ရာနှုန်းပြည့် ပိုင်ဆိုင်တယ်၊
ဒါပေမယ့် အမေရိကန် ပြည်ထောင်စု ဘယ်နေရာ
မှာမှ မှတ်ပုံတင်မထားဘူး၊ ကျွန်တော်က နောက်ထပ်
စုံစမ်းဖို့ နက်ဆောကို လူတစ်ယောက် လွှတ်ထား
တယ်'

အိုင်းရွှန်း မိုက်ဗိုဂလာက ဆေး ပြင်း လိပ် ကို
ပျော့ဖတ်ဖြစ်အောင် သွားနှင့် ဝါးကြိတ်ပစ်လိုက်၏။

'ခရီးသည်စာရင်း'

စထိဗ် ပက်ဂျက်က စာရွက်များထဲမှ စာရွက်
တစ်ရွက်ကို ရွေးထုတ်လိုက်သည်။

'အယ်လီဆန် က ရိတ် ချ် ဆို တဲ့ အ မျိုး သ မီး က
တစ် ယောက်၊ စီစီအိုင်မှာ အ လုပ် လုပ်တယ်လို့
စာရင်း မပေါ်တဲ့ အမျိုးသားက ဆယ်ယောက်၊
ဒါပေမယ့် ကျွန်တော်တို့က သူတို့ ဘယ်သူဘယ်ဝါ
ဆိုတာ စုံစမ်းလို့ ရပြီးပါပြီ'

'ဘယ်လိုနည်းနဲ့လဲ'



www.burmeseclassic.com

www.burmeseclassic.com

'သူတို့ နာမည် အပြည့်အစုံနဲ့ လိပ်စာတွေကို စာရင်း ပေးထားတယ်၊ လေးယောက်က လူသိများတယ်၊ လောရင့်ဟော့ပါး အရင်က စီအိုင်အေ ဒုတိယညွှန်ကြားရေးမှူး၊ ဗာဂျီနီးယားလ်စ် ဘူမိဗေဒ ပညာရှင်၊ အားနက်စ်ဒိုင်ဘိုး နိုင်ငံတကာ ဥပဒေ ပညာရှင်၊ ဟာရီးတီဂူး အမေရိကမှာ ရှိတဲ့ ထွင်ဉာဏ်အရှိဆုံး စာရင်းအင်း ပညာရှင် ကွန်ပျူတာ စီနီယာပါတနာ၊ ဘက်ချ်တဲလ်နဲ့ အလုပ်လုပ်လေ့ရှိတဲ့ ဆောက်လုပ်ရေး အင်ဂျင်နီယာက နှစ်ယောက်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ ခပ်ငယ်ငယ် နည်းပညာ ရှင်တွေနဲ့ စပါယ်ရှယ်လစ်တွေပဲ'

စတိဗ်က သူ့ အလုပ်ရှင်အား ခပ်တည်တည် ကြည့်လိုက်၏။

'အဲဒါတွေအားလုံး အစီပွာယ်ရှိတယ်၊ သူတို့ဟာ မိုင်းတူးဖော်ခွင့် အတွက် သွားကြတာပဲ'

'သူတို့က ဘာတွေကို တူးဖော်ကြမှာလဲ'

'ဘာလဲ ဆိုတာက အရေးမကြီးပါဘူး ဗွီအိုင်အီးကို မကြာခင် သေနတ်နဲ့ ချိန်နိုင်တော့ မယ်လို့ ကင်းဖီးလ်က ကြွေးကြော် နေတာပဲ၊ သူ ဘယ်လိုလုပ်ဖို့ အစီအစဉ် ရှိတယ်ဆိုတာ ကျွန်တော် တွေးလို့ရပြီ'

'မင်းကတော့ တွေးလို့ ရချင်ရမယ်၊ ငါတော့ မတွေးတတ်ဘူး'

'ဗွီအိုင်အီးဟာ ဘာဆိုတိုက တစ်နှစ်ကို သန်း သုံးဆယ် ရနေတယ်၊ အဲဒါသာ ဆုံးရှုံးသွားမယ် ဆိုရင် အောက်ခြေကစပြီး အများကြီး ဆုံးရှုံးမယ့် ပမာဏပဲ၊ စီစီ အိုင်က ကပ်ရက်သား မဝမ်ဒီမှာ ရှိနေမယ်ဆိုတော့'

'ကင်းဖီးလ်က ဘာဆိုတိုမှာရှိတဲ့ ငါတို့ကို ဒုက္ခ မပေးနိုင်ပါဘူး'

'သူက သူ့ ရည်ရွယ်ချက်ကို ခုလေးတွင် ခပ်ရှင်းရှင်း ထုတ်ပြန် ကြေညာလိုက်ပြီလေ'

'ငါ နားလည်နိုင်တဲ့ စကားလုံးတွေနဲ့ ပြန်ပြော စမ်းပါဦး'

'ကောင်းပြီ၊ တစ်ချက်ပြီးတစ်ချက် ပြောပြမယ်၊ ဘာဆိုတိုပေါ်က ကျော်ဖြတ်ပြီး ပျံသန်းခွင့် တောင်းသမျှကို ဂါလာ လေကြောင်း သွားလာမှု ထိန်းသိမ်းရေးဌာန (အေတီစီ)က အီယန်ဘလိတ်ကို အသိပေးလေ့ ရှိတယ်၊ အီယန်ဘလိတ်ကလဲ ထူးခြားတာတွေကို ကျွန်တော့်ဆီ သတင်းပို့လေ့ ရှိတယ်ဆိုတာ အားလုံး အသိပဲ၊ နောက်တစ်ချက်ကလဲ စီစီအိုင်လေယာဉ်ပျံဟာ နိုင်ဂျီးရီးယားပေါ်က တစ်ဆင့် ကွေ့ဝိုက်ပြီး ပျံသွားလို့ ရတယ်၊ ဒါပေမယ့် သူက ဘာဆိုတိုပေါ်က ကျော်ဖြတ်ပြီး ပျံသန်းမယ်၊ ဘာကိစ္စအတွက်လဲ၊ မိုင် သုံးလေးရာ လျှော့နည်း သွားအောင်လား၊ ကင်းဖီးလ်က အီယန်ဘလိတ်က တစ်ဆင့် ခင်ဗျားကို သူတို့သွားမယ့် အစီအစဉ်ကို ကြို သိစေချင်တယ်'

နားလည် သဘောပေါက်စ ပြုလာသော် ဦးဂလာက ရေရွတ်လိုက်၏။

'ဘုရားသခင် ကယ်တော်မူပါ'





www.burmeseclassic.com

www.burmeseclassic.com

'နောက်ထပ် အချက်တွေ ရှိသေးတယ်၊ကျွန်တော် တို့က လိုက်ပြီး စုံစမ်းလိမ့်မယ်ဆိုတာ သူ သိတယ်၊ ဒါကြောင့် အသေးစိတ် ဖော်ပြထားတဲ့ ခရီးသည် စာရင်းကို ကြိုပြီး တင်ပြလိုက်တယ်၊ တမင် အသိ ပေးလိုက်တယ်ဆိုရင် ပိုမှန်လိမ့်မယ်၊ အဲဒီ လူတွေဟာ ဘယ်သူ ဘယ်ဝါတွေ ဖြစ်တယ်ဆိုတာ ရယ် ကင်းဖီးလ် အာဖရိကန် မိုင်းနင်းကို ကျွန်တော်တို့ ရှာတွေ့ လိမ့်မယ်ဆိုတာရယ် အဲဒါတွေကိုကင်းဖီးလ် သိပါတယ်'

စတိဗ်က ဘိ[illegible]င်း ၇၄၇ ၏ ကုန်ပစ္စည်းများ အကြောင်း[illegible]မပြောဘဲ ထားလိုက်သည်။လက်နက် ပစ္စည်းများအား စက်ကိရိယာ ပစ္စည်းများ အဖြစ် အမည်တပ်၍ တင်ပို့သည့် အလေ့အထမှာ ရယ်စရာ သဘောမျိုးပင် ဖြစ်နေလေပြီ။ ထိုကိစ္စ မတ်ခ်တာတမ်၊ အီလိုရေး မာကင်တိုင်းနှင့် အယ်လီဆန်ကာရိတ်ချ် တို့၏ ဆက်ဆံမှုကို ရှင်းပြ လိုက်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် စတိဗ်က မိုက်ဗိုဂလာအား ပို၍ သောက မပွားစေလိုပါ

'ဂျက်ကော့ဗ်နဲ့ ကျွန်တော်တို့က ဖြစ်နိုင်တာ နှစ်ခုကို တွေးမိခဲ့ကြတယ်၊ တစ်အချက်ကတော့ ကင်းဖီးလ်က ခင်ဗျားနားရွက်ကို တံတွေး ဆွတ်ချင်တဲ့ သဘောပဲ၊ ပိုပြီး ဖြစ်နိုင်တဲ့ နောက် တစ်ချက်ကတော့ ခင်ဗျားအထိတ်တလန့်ဖြစ်လာပြီး သူ့ ဆင်ကွက်ထဲကို ရောက်လာလိမ့်မယ်လို့ မျှော် လင့်ထားပုံ ရတယ်'

'ငါက မကြောက်ပါဘူး၊ ဒါပေမယ့် ဒီ... မသားမှာ ငါ ဆင်ထားတာထက် ပိုပြီး ဖဲချပ် ကောင်းကောင်းတွေ ရှိပုံရတယ်'

'သည်ကိစ္စကို မသိမသာပြော' ဟု စတိဗ်က သူ့ကိုယ်သူ သတိပေးပြီး ပြောလိုက်၏။

'ကျွန်တော် ပြန်ရောက်လာတဲ့ အခါကျတော့ သူ့ ဖဲချပ်တွေ အကြောင်း ပိုသိလာရတော့မှာ ပေါ့လေ'

ဗိုဂလာ မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်၏။

'ပြန်ရောက်ရင်၊ ဟုတ်လား၊ ဘယ်ကလဲ'

ပက်ဂျက်က ပခုံး တွန့်လိုက်၏။

'မဝမ်ဒီပဲပေါ့၊ ဘယ်က ဖြစ်ရမှာလဲ'

'မင်း စီစီအိုင် လူအုပ်နားကို ကပ်ခွင့် တောင် ရမှာ မဟုတ်ဘူး'

'ဘာဖြစ်လို့ ကပ်ခွင့်မရရမှာလဲ၊ ခရီးသည်တွေရဲ့ စာရင်းထဲမှာ ကျွန်တော့်ကို လူမြင်ရင် မှတ်မိတဲ့လူ တစ်ယောက်မှ မပါဘူး၊ ပြီးတော့လဲ ကျွန်တော်က နာမည်ရင်းနဲ့ ခရီးသွားမှာ မဟုတ်ဘူး'

'ငါကတော့ ခုထက်ထိ သဘောမတူသေးဘူး၊ မဝမ်ဒီမှာ လူတွေ ပျောက်ပျောက်သွားလေ့ ရှိတယ်၊ မဝမ်ဒီမှာ အမေရိကန် သံရုံးတောင် မရှိဘူး'

'လောဘက အစစအရာရာကို အနိုင်ယူနေတဲ့ အချိန်မှာ သံရုံးတွေ ဘာလုပ်ဖို့လိုမှာလဲ၊ကျွန်တော့်ကို သူတို့က သဘောကျမှာပါ၊ ကျွန်တော်က အမေရိကန် ဒေါ်လာတွေကို ဘောထုပ်နဲ့ ထုပ်ပြီး ပြန်လာခဲ့ပါ့ မယ်ဆိုတဲ့ ကတိနဲ့ ဒီကို ပြန်လာမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'မင်းကိုယ်မင်း သိပ် စိတ်ချနေပုံရတယ်'

'ဟုတ်တယ်၊ ကျွန်တော်က အသွင်ပြောင်း ဘဝနဲ့ သွားရမှာဆိုတော့ ဂျက်ကော့က လေယာဉ်ပျံ လက်မှတ်တွေ စီစဉ်နေတယ်၊ ကျွန်တော်က ဂါဒူး မြို့တော်ကို စီစီအိုင် လေယာဉ်ပျံ ရောက်သွားပြီး ဆယ့်နှစ်နာရီအကြာမှာ ရောက်သွားမှာပါ'

'ငါတို့ ဘယ်လို အဆက်အသွယ် လုပ်ကြမလဲ'

'ကျွန်တော်က ဂျက်ကော့နဲ့ ဆက်သွယ်နေပါ့မယ်၊ ကျွန်တော် မရှိခိုက် သူ တာဝန် ယူမှာပါ၊ ဒီကနေ့ မွန်းလွဲပိုင်းမှာ ဗိုင်ယာနီနဲ့ ချိန်းထားတာကို တော့ သွားနိုင်မှာ မဟုတ်တော့ဘူး'

'မင်းက တယ်လီဖုန်း ဆက်လိုက်ပေါ့'

'ယုံကြည်နိုင်လောက်စရာ ရှိတဲ့ ဆင်ခြေနဲ့ ဆက်သွယ်လိုက်ပါ့မယ်'

ပက်ဂျက် ကုလားထိုင်မှ ထလိုက်သည်။

'ခင်ဗျားနဲ့ သုံးလေးရက် ကြာမှ ပြန်တွေ့ကြတာ ပေါ့'

ငါ သူ့ အရွယ်က လုပ်နေတဲ့ကိစ္စတွေကို သူ လုပ်ကိုင်နေတာပဲဟု မိုက်ဗိုဂလာက တွေးလိုက်၏။

မဟာ့မဟာ ကော်ပိုရေးရှင်းကြီးများ၏ လုံခြုံမှု တာဝန်ကို ထိပ်ပိုင်းအဆင့်မှ တာဝန် ယူကြရသော ပုဂ္ဂိုလ်များနှင့် အတူ အသွင်ပြောင်း ဘဝပေါင်း များစွာလည်း တစ်တွဲတည်း ပါရှိလာတတ်သည်။ စတီဖင်ပက်ဂျက်တွင် နိုင်ငံကူး လက်မှတ်ပေါင်းမျိုးစုံ



အကြွေး ဝယ်ယူခွင့် ကတ်ပြားပေါင်း များစွာ၊ ဘဏ် ငွေစာရင်းပေါင်း များစွာနှင့် မည်သူ မည်ဝါ ဖြစ် ကြောင်း ဖော်ပြထားသော စာရွက်စာတမ်းပေါင်း များစွာ ရှိနေသည်။ ထိုကိစ္စရပ်များတွင် နက်နက် ရှိုင်းရှိုင်း ထောက်ခံပေးမှုများ ရှိနေသည်သာမက စုံစမ်းစစ်ဆေးမှုများကိုလည်း ပြည့်ပြည့်ဝဝ ခံနိုင်စွမ်း ရှိနေပေသည်။

'ဂလုပ် ဂါဒလားစ် အန်လီမိတက်' သည် ဗွီအိုင်အီး၏ သုတေသနဌာနနှင့် အပြန်အလှန်ညှိနှိုင်း စီစဉ်ချက်များ ရှိနေသော အမှန်တကယ် တည်ရှိနေ သည့် ကြီးမားသော ခရီးသွား အေဂျင်စီ တစ်ခု ဖြစ်သည်။ 'ဂလုပ်ဂါဒလားစ်' ၏ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်း စာရင်း တွင် 'စပင်ဆာပက်တာဆန်' ကို ဒုတိယ ဥက္ကဋ္ဌ တစ်ယောက်အဖြစ် ဖော်ပြထားသည်။ စတိဗ်က စပင်ဆာပက်တာဆန်၏ အသွင်ပြောင်း ဘဝကို ခံယူသည့် အခါတိုင်း သူနှင့် ပတ်သက်သည့် မေးမြန်းစုံစမ်းမှုများကို သူသည် ထိုကုမ္ပဏီတွင် အမှန် တကယ် အလုပ် လုပ် နေသည့် အလား ဂလုပ် ဂါဒလားစ်က ဖြေကြား ပေးလေ့ရှိသည်၊ ဂလုပ် ဂါဒလားစ် ၏ အကြွေးဝယ်ယူခွင့် ကတ်ပြား နှင့် သုံးစွဲခဲ့သော ငွေမှန်သမျှကို ပေးချေလေ့ရှိပြီး နောက် ပိုင်းတွင် ဗွီအိုင်အီးက ပြန် ထုတ် ပေး လေ့ ရှိ သည်။

ခရီးသွား ကိုယ်စားလှယ်၏ အသွင်ပြောင်း ဘဝကို အစိုးရ စုံထောက်များမှစ၍ ဒုစရိုက် ဂိုဏ်းကြီးများ၏ ဆက်သားများအထိ အများစုက သိုလားနှစ်ခြိုက်ကြသည်။ ထိုအသွင်ပြောင်းဘဝက



www.burmeseclassic.com

www.burmeseclassic.com

ဟိုနေရာ သည်နေရာ သို့မဟုတ် မည်သည့်နေရာသို့ သွားသွား ထိုခရီးသွားသည့် ကိစ္စများကို ကျေနပ်လောက်အောင် အဖြေပေးနိုင်စွမ်းရှိသည်။ ခရီးသွားကိုယ်စားလှယ်များ အတွက် ဒေသဆိုင်ရာသတင်းများ၊ အချက်အလက်များကို သိထားဖို့လိုအပ်သည်။ ထို့ကြောင့် သူတို့သည် ဟိုနားသည်နားတွင် မေးနိုင် မြန်းနိုင်စွမ်းရှိသည်။ နိုင်ငံငယ်များနှင့် ပို၍ ဆင်းရဲသော နိုင်ငံများတွင် ခရီးသွားလာမှု လုပ်ငန်းကို ပိုမို တိုးတက်စေနိုင်ပြီး နိုင်ငံခြားငွေမာများကို ရရှိလာအောင် ဆောင်ရွက်ပေးနိုင်သော သူတို့၏ အစွမ်းကြောင့် သူတို့သည် အစိုးရဌာနများနှင့် ဝန်ကြီးဌာနများသို့ ဝင်နိုင်ထွက်နိုင်ခွင့် ရှိနေကြပေသည်။

ဂျက်ကောဟတ်ရှိက စတိဗ် အား အစီအစဉ်အားလုံးကို ပြုလုပ်ပြီးပြီ ဖြစ်ကြောင်း အသိပေးပြီး မေးမြန်းလိုက်သည်။

'ဘယ်လို ချဉ်းကပ်မယ်လို့ စဉ်းစားထားပါသလဲ မစ္စတာ ပက်တာဆန်'

'သိပ်ဖြစ်တာပေါ့'

စတိဗ်ပက်ဂျက်က ပြုံးလိုက်သည်။

'အစစအရာရာကို လိုလေသေး မရှိအောင် စီစဉ်ပေးမယ့် ခရီးသွားအစီအစဉ်၊ တိုက်ကြီးတစ်တိုက်၏ ရှေးဟောင်းနယ်ပယ်ထဲသို့ ဝင်ရောက် လေ့လာမယ်၊ စွန့်စားခန်းတွေ တွေ့ရမယ်၊ ခရီး သွားလာရေး လုပ်ငန်းဆိုင်ရာ ဝန်ကြီးကို ငါးရာခိုင်နှုန်း ပိုက်ဆံ ပြန်ပေးမှာယ်'



ဂျက်ကောဟတ်ရှိက ပြောလိုက်၏။

'ဒါဆိုရင် ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် သတိတော့ ထားပါကွာ'

စတိဗ်က ငယ်သန့်သို့အား ပြောလိုက်သည်။

'ဂပ်စ်၊ ကျုပ်အတွက် တစ်ပတ်စာ အဝတ်အစားတွေ ထည့်ပေးစမ်းပါ၊ အပူပိုင်းဒေသတွေမှာ ဝတ်တဲ့ အဝတ် အစားတွေနဲ့ တောက်တောက်ပြောင်ပြောင်တွေကိုပါ ထည့်ပေးလိုက်ပါ၊ အဝတ်အစား သေတ္တာမှာချိတ်တဲ့ လေဘယ်တွေ ကိုလဲ ပက်တာဆန်လို့ ပြောင်းပစ် လိုက်ပြီး ဂလုပ်ဂါဒလားစ် စာခေါက်တွေ ပါတဲ့ အတက်ချီကေ့စ်ကိုလဲ ထုတ်ပေးထားပါ'

'လက်ဆောင် ပစ္စည်းတွေကရော'

ဂပ်စ်က မေးလိုက်ခြင်း ဖြစ်ပါ၏။ မည်သည့် ခရီးသွား ကိုယ်စားလှယ် မဆို ကုမ္ပဏီ နာမည်ကို ရေးသား ထားသော ကောက်တိုမည်ရ ပစ္စည်းကလေးများ မပါဘဲနှင့် ဘယ်ကိုမှ သွားလေ့မရှိပါ။ ပက်ဂျက်က ပြောလိုက်၏။

'နှစ်ဒါဇင်စီ ထည့်လိုက်'

အစီပွာယ်မှာ ပတ်ကား ဘောပင်၊ ရွှန်နှင့် မီးခြစ်များနှင့် ပိုက်ဆံ အိတ်ထဲတွင် ထည့်သွားနိုင်သော မစ်(စ်) ဒွါင်ယာ(စပရေး) ရေမွှေးပုလင်းများကို ဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂပ်စ် ပျောက်ကွယ်သွားသည်။ နှစ်နာရီ ထိုးပြီး ခဲ့လေပြီ။ စတိဗ်က ဒိုင်ယာနီထံ တယ်လီဖုန်း ဆက်ပြီး နှစ်နာရီခွဲတွင် ချိန်းထားသည့် ကိစ္စကို လာနိုင်တော့မည် မဟုတ်ကြောင်း တောင်းပန် သည်။

'ကျွန်မတို့ လုပ်နေတဲ့ အလုပ်က ကမ္ဘာပေါ်မှာ အရေးအကြီးဆုံးပဲ မဟုတ်လားရှင့်'

ဒိုင်ယာနီက ငေါ့တော့တော့ ပြောလိုက်၏။

'ဗင်နီဇွဲလားမှာ ရုတ်တရက် အရေးပေါ် ကိစ္စ တစ်ခု ဖြစ်လာလို့'

ဗွီအိုင်အီး၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခု ထိုနိုင်ငံတွင် ရှိနေသည်။ ပက်ဂျက်တွင် ဓာတ်လမ်းက အဆင်သင့် ရှိနေသည်။

'ကျုပ် လေယာဉ်ပျံနဲ့ သွားမှ ဖြစ်မယ်'

'ဒက်ဒီက ကျွန်မကို ဖုန်းဆက်ပြီးပါပြီ၊ ဒက်ဒီက ပြောတော့ ရှင်က အာဖရိကကို သွားမှာဆို'

ချီးမှုပဲဟု စတိဗ်က တွေးလိုက်၏။ စတိဗ်က သူ တကယ် သွားရမည့် နေရာကို သူ့ဌာနမှ ပုဂ္ဂိုလ် များနှင့် မိုက်က လွဲလျှင် မည်သူမှ မသိစေလိုပါ။

'ရှင်တို့နှစ်ယောက် ဘယ်သူက ညာနေတာလဲ၊ ဒါမှမဟုတ် ရှင်တို့ နှစ်ယောက်စလုံးက ညာနေကြ တာလား'

မိုက်ကိုတော့ တရားခံ မဖြစ်စေသင့်ပါ။

'ဟုတ်ပါတယ်၊ အာဖရိက ပါပဲ၊ ကျုပ်တို့က တိုးတိုးတိတ်တိတ် ဖြစ်စေချင်လို့ ပါ'

'အာဖရိကက ဘယ်နေရာကိုလဲ'



ဗိုဂလာ အဲဒါကိုတော့ မပြောဘဲ ချန်ထားခဲ့ သွားပဲဟု စတိဗ် တွေးလိုက်မိသည်။

'ကင်းယားပါ၊ နိုင်ရိုဘီမှာ ရှိတဲ့ ကျုပ်တို့ မန်နေဂျာ အဖမ်းခံနေရတယ်၊ တခြားကို ပို့ထား တယ်လို့တောင် သတင်း ကြားနေရတယ်'

'ရှင် မသွားခင် ကျွန်မ ရှင်နဲ့ တွေ့ကို တွေ့ချင် တယ်'

'တွေ့ဖို့ ဖြစ်နိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ဒါပေမယ့် အချိန် မရှိဘူး'

'ကျွန်မကို ဒီမှာ လာခေါ်၊ ကျွန်မ ရှင်နဲ့အတူတူ လေဆိပ်ကို ကားနဲ့ လိုက်လာမယ်'

စတိဗ်က ပြောမိပြောရာ ပြောချလိုက်၏။

'ဝမ်းနည်းပါတယ်ကွာ၊ ကားပေါ်မှာ လူ ပြည့်ကျပ်နေပြီ၊ ရှေ့နေနှစ်ယောက်နဲ့ ဒုတိယဥက္ကဋ္ဌ တစ်ယောက်လဲ လိုက်လာလိမ့်မယ်'

'ဒါဆိုရင် လေဆိပ်ကို ကျွန်မ ဘာသာပဲ သွားတော့မယ်၊ ဘယ်ထွက်ပေါက်ကလဲ'

ဒိုင်ယာနီ၏ ခေါင်းမာမှုက ပက်ဂျက်ကို ဦးနှောက် ခြောက်သွားစေခဲ့သည်။

'ကျုပ်တို့က ကုမ္ပဏီ 'လေယာဉ်ပျံနဲ့ သွားမှာ မဟုတ်ဘူး၊ လုဖ်သန်ဆာနဲ့သွားမှာ၊ ညနေငါးနာရီ လေယာဉ်ပျံထွက်မယ်'

ကျန်သော အစီအစဉ် အပိုင်းများကိုတော့ သူ တွေးကြည့်၍ ရနိုင်ပါသည်။ လုဖ်သန်ဆာ ထွက်ပေါက်သို့ ရောက်သောအခါ ထိုလေကြောင်း ခရီးစဉ် မရှိကြောင်း သူ သိသွားပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ဒိုင်ယာနီ အကြီးအကျယ် ဒေါပွသွားပေ လိမ့်မည်။ သိပ်ဆိုးရွားပါသည်။ သို့ရာတွင် အခြား နည်းလမ်း မရှိတော့ပါ။

'ကျေးဇူးတင်ပါတယ် စတိဗ်'

စတိဗ်ပက်ဂျက်က စကားပြောခွက်ကို ပြန်တင် လိုက်သည်။

## ၁၆

ဘိုးရင်း ၇၄၇ လေယာဉ်သည် ၁၄း၄၅ နာရီတွင် လေထဲသို့ ပျံတက်သွားသည်။ ထိုလေယာဉ်ပျံပေါ် တွင် မောင်းနှင် ပျံသန်းပေးမည့် ဝန်ထမ်း နှစ်ဆိုင ပါလာသော်လည်း ကက်ပတိန် အက်ဒဝပ်ဒီဘရီး သည် လေယာဉ်ပျံကို ခပ်မှန်မှန် မောင်းနှင်နိုင်သည့် အမြင့်ပေသို့ ရောက်ရှိသည့်အခါကျမှ အစားဝင်ပေး မည့် ပိုင်းလော့ထံ လွှဲ ပြောင်း ပေး လိုက် သည် ထို့နောက် ဒီဘရီးစ်သည် လေယာဉ်၏အလယ်ပိုင်း အစည်းအဝေးခန်းထဲ၌ စုဝေးနေကြသော ခရီးသည် များထံ သွားရောက်တော့သည်။

မစ်(စ်) အယ်လီဆန်သည် စားပွဲထိပ်၌ ထိုင်နေ သည်။ အမျိုးသား ဆယ်ယောက်သည် စားပွဲ တစ်ဖက်တစ်ချက်ရှိ ခပ်ခွက်ခွက် ကုလားထိုင်များ တွင် စီတန်းပြီး ထိုင်နေကြသည်။ ဒီဘရီးစ်သည်



လောရင့်ဟော့ပါး နံဘေးရှိ ကုလား ထိုင် တွင် ဝင် ထိုင် လိုက် ၏။ လော ရင့် ဟော့ ပါး သည် အယ်လီဆန်ပြီးလျှင် ဒုတိယ ဩဇာအရှိဆုံးဖြစ်သော် လည်း စားပွဲခြေရင်းနားရှိ ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်နေသည်။ စီစီအိုင်၏ ခြင်္သေ့တံဆိပ်ကို ရင်ဘတ် ပေါ်ရှိ အိတ်တွင် တပ်ဆင်ထားသော ယူနီဖောင်း ဝတ်ဆင်ထားသည့် လေယာဉ်မယ်များက ကော်ဖီ ပန်းကန်များကို လိုက်ချပေးနေကြသည်။

ဒီဘရီးစ်က အနီးဆုံး လေယာဉ်မယ်အား ပြော လိုက်၏။

'ကျုပ်ကို တစ်အိုးအပြည့် ချပေးထားပါ'

ယခု အစည်းအဝေးမှာ လေယာဉ် စတင် ပျံသန်း ချိန်တွင် စတင်သော ခပ်တိုတို အစည်းအဝေး ဖြစ် သည်ဟု ယူဆရသည်။ သို့ရာတွင် သူသည် ဤပုဂ္ဂိုလ် များနှင့် အစည်းအဝေး တက်ဖူးလှလေပြီ။ တိုသည် ဟူ၍ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါ။

လေယာဉ်မယ်များသည် အလုပ်တာဝန် ပြီးစီး သွားပြီဖြစ်သောကြောင့် အစည်းအဝေးခန်း တံခါး ကို ပိတ်ပေးပြီး ပြန်သွားကြလေပြီ။ အယ်လီဆန်၏ အကြည့်က စားပွဲကို တင်းပုတ် အငယ်လေးနှင့် ထုလိုက်သည့်အလား အမျိုးသားများကို ငြိမ်သက် သွားစေခဲ့သည်။ အင်ဂျင် စက်သံကို ခပ်တိုးတိုးသာ ကြားရတော့သည်အထိ အသံလုံအောင် အနုစိတ် ပြုလုပ်ထားသောကြောင့် အယ်လီဆန်သည် သမှန်နှင့် စကား ပြောနိုင်စွမ်း ရှိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မတို့က အစပျိုးတဲ့ အနေနဲ့ စာရင်းအင် ဆိုင်ရာ ဒဿနိကဗေဒကို ခပ်သွက်သွက် ကလေး သုံးသပ်လိုက်ကြရအောင်'

အယ်လီဆန်သည် စီဂျေကင်းဖီးလ်က ပြင်ဆင် ပေးထားသော အစည်း အဝေး အစီအစဉ် အတိုင်း လိုက်နာနေခြင်း ဖြစ်သည်။ မပြီး ဆုံး နိုင် အောင် ထပ်ခါတလဲလဲ ဆွေးနွေး ရမည့် ကိစ္စများအတွက် စီဂျေကို ဒေါသဖြစ်မိသည်။

'အမိပွာယ် အယူအဆ မှားယွင်းမှုတွေ၊ ပြီးတော့ မေ့လျော့သွားတာတွေ မဖြစ်အောင် အကာအကွယ် ပေးတဲ့ အနေနဲ့ သတိပေးရုံ သက်သက်ပါပဲ'

ဘူမိဗေဒပညာရှင် ဗာဂျီရှီးလ် နှင့် စာရင်းအင်း ပညာရှင် ဟာရီးတီဂူးဘ်ိုက လူတိုင်း အလွတ်ရ ကြပြီ ဖြစ်သော အချက်အလက်များကို တာဝ ကျော့ပွန်းစွာ တစ်လှည့်စီ တင်ပြကြသည်။ မဝမ်ဒီ သ ယူဆောင်သွားသော အစီရင်ခံစာများတွင် ရှာ ဖွေ စူးစမ်းရေးအဖွဲ့များက အမျိုးအစား ညှိဖျင်းသော သတ္တုများနှင့် သပ်ဇာတ ပစ္စည်းများ၏ အစိ အယောင်ကိုသာ တွေ့ရှိရသည်ဟု ဖော်ပြထားသည် အခြား အစီရင်ခံစာများတွင်မူ တမင်တကာ ပုံ ချဲ့ပြထားသော ကမ်မ်ကို ၏ ကုန်ကျစရိတ်နှင့် အသုံး စရိတ်များကို ဖော်ပြထားသည်။

ကမ်မ်ကို ကုမ္ပဏီသည် တစ်နေ့သော အခါတွ မဝမ်ဒီ နိုင်ငံရှိ လုပ်ငန်းများမှ အမြတ်အစွန်း အနေ ငယ်ကို ရရှိလာလိမ့်မည်ဆိုသော မျှော်မှန်းချက် ငွေကြေး အမြောက် အမြားကို ရင်းနှီး မြှုပ်နှံ



စွန့်စွန့်စားစား ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သမ္မတကြီး ဂါဒူး ယုံကြည်စေလိုသည်။ မိုင်းတွင်း တူးဖော်ခွင့် ပြုသော သဘော တူညီချက်များကို လက်မှတ် ရေးထိုး၍ တံဆိပ် ခတ်နှိပ် မပြီးစီးခင် အထိ ဂါဒူးက အမှန်တရားကို မသိရှိစေ လိုပါ။ ဥပဒေပညာရှင် အားနုက်စ်ဒိုင်ဘိုးက ယခု ချုပ်ဆို မည့် စာချုပ်များတွင် လစ်ဟာမှု လုံးဝမရှိကြောင်း ရှင်းလင်း တင်ပြသည်။

အက်ဒဝပ်ဘာရီးစ်က ဝင်ပြောလိုက်၏။

'အားလုံး တောင်းတယ် အဆင် ပြေ တယ် ဆိုတာကတော့ ဟုတ်ပါပြီ ရှေ့နေကြီးရယ်၊ ဒါပေမယ့် ဘကယ်လို့ ဂါဒူးက ကျုပ်တို့ကို ကလ္လာကောစ လုပ်လာမယ်ဆိုရင် ဒီစာချုပ်ကို လိုက်နာအောင် ဘယ်သူက အတင်းအကျပ် ခိုင်းစေ ပေးမှာလဲ'

လောရင့်ဟောပ္ပါးက ထိုကဲ့သို့ လမ်းစကလေး များကို စောင့်မျှော်နေခြင်း ဖြစ်သည်။ သူက လည်ချောင်း ရှင်းလိုက်၏။ သူ့မျက်နှာက ကျေနပ် နေပုံရသည်။

'ကင်းဖီးလ် အာဖရိကန် မိုင်းနင်း ကုမ္ပဏီ (ကမ်မ်ကို) က ငှားရမ်းထားတဲ့ ကြေးစားစစ်သား တွေ အဲဒီကို ရောက်နေကြပါပြီ၊ သူတို့ရဲ့ တာဝန် ဝတ္တရားတွေထဲမှာ သမ္မတကြီး ဂါဒူးရဲ့ ကိုယ်ရံတော် သက်တော်စောင့်အဖြစ် တာဝန် ထမ်းဆောင်ဖို့လဲ ပါဝင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်မပြောသော်လည်း ရှင်းနေသော အချက်မှာ 'ထိုပုဂ္ဂိုလ်များသည် ကြေးစား စစ်သားများဖြစ်ကြသည်။ သူတို့ကို လ ခ ပေး ထား သော ကမ်မတီကုမ္ပဏီပေါ်၌သာ လုံး၀ သစ္စာရှိကြမည်' ဆိုသော အချက်ပင် ဖြစ်သည်။

ဒီဘရီးစ်က စာ ကြောင်း တစ် ကြောင်း ကို စိတ်ထဲက ရွတ်ဆိုကြည့်လိုက်၏။ 'ဂါဒူးက ငြိမ်ငြိမ် သက်သက် သ ဘော တူ ရင် တူ၊ မတူရင် သူ ကိစ္စ ပြတ်ပြီ၊ ဒါပဲ'

အယ်လီဆန်၏ ကုပ်နေသော မျက် ခုံး မွေး က သူသည် ထို အစည်းအဝေးကို ခပ်မြန်မြန် ပြီးစီး အောင် ဆောင်ရွက်ချင်စိတ် ဖြစ် ပေါ် နေ ကြောင်း ပြသနေသည်။ ငြီးငွေ့နေသော ကက်ပတိန် ဒီဘရီးစ်က သူ့နာမည်ကို အယ်လီဆန်က ထုတ်ဖော် ပြောဆိုသည့် အချိန်အထိ နားထောင်နေခဲ့သည်။

....လာဖ်တန် လေယာဉ်ပျံ ကုမ္ပဏီက အေတူး ဗင်ဒီကေတာ လေယာဉ်ပျံတွေရအောင် ဆောင်ရွက် ပေးပါ့မယ်လို့ အာ မ ခံ ထား တာ ကို ကက်ပတိန် ဒီဘရီးစ် ကြားရရင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လိမ့် မယ် ထင်ပါတယ်'

'ကက်ပတိန် ဒီဘရီးစ်က သိပ် ဝမ်းမြောက်တာ ပေါ့ ခင်ဗျာ'

သူ့အဖို့ ထို့ ထက် ပို ကောင်း သော သတင်း စကားများ မရှိနိုင်တော့ပါ။ တစ်ဖက်တွင် ဗင်ဒီ ကေတာ လေ ယာဉ် ပျံ ဆယ့် နှစ် စီး ရှိ နေ ပြီး ကျန် တစ်ဖက်တွင် ပစ်စတင် အင်ဂျင်နှင့် မောင်းနှင်



သော ခေတ်မမီတော့သည့် လေယာဉ်ပျံ နှစ်ဆရှိနေသည်။ အေတူးဗင်ဒီကေတာ ဂျက်လေယာဉ်ပျံများက ထိုလေယာဉ်ပျံများကို အကုန်လုံး မျိုးပြုတ် သွား အောင် လုပ် ပေး နိုင် ပါ လိမ့်မည်။ ဟော့ပါး ကည် ထောင် ပေး မည့် ခြေလျင် စစ် သား များ သည် အမှိုက်လှည်းပေးရသည့် တံခါးစောင့်များသာဖြစ်နေ ပါလိမ့်မည်။ ဆုကြေးတွေလည်း အများကြီး ရလာ ပေတော့မည်။

အယ်လီဆန်က သူ့အတွေးကို ရိုပ်မိလိုက်သည်။

'ကျွန်မတို့ အဲဒီ အခြေအနေအထိ ရောက်လာ လိမ့်မယ်လို့ မျှော်လင့် မထားပါဘူး ကက်ပတိန်၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စေ့စပ်ညှိနှိုင်းလို့ ရလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်'

လက်နက်အင်အား တိုးချဲ့စုဆောင်းမှုနှင့် ဂါဒူး၏ ခြိမ်းခြောက်မှုများက ဘာဆိုတို နိုင်ငံအား မဝမ်ဒီ နိုင်ငံနှင့် အလိုအလျောက် ပူး ပေါင်း လာ စေ ရေး အတွက် လုံ လောက် လိမ့် မည် ဟု ယူ ဆ သည်။ ထို့နောက် ချားလ်စ်ကင်းဖီးလ် ကုမ္ပဏီပိုင် ပစ္စည်း များကို စီစီအိုင်သို့ လွှဲပြောင်းပေးပါလိမ့်မည်။

အမျိုးသားများက လေးလေးနက်နက် ခေါင်း ညိတ်လိုက်ကြ၏။

အယ်လီဆန်သည် အစီအစဉ်အားလုံး ကုန်အောင် ပြောလိုက်ရသဖြင့် ပင်ပန်း နွမ်း နယ် သွား သည်။ ဘိုးရင်း ၇၄၇ ၏ တိုးချဲ့ထားသော အပေါ်ထပ်တွင် ပင်မ အိပ်ခန်းဆောင် ရှိနေသည်။ ယခု ခရီးတွင် ထိုအိပ်ခန်းဆောင်ကို အယ်လီဆန် အသုံးပြုခွင့် ရရှိ



www.burmeseclassic.com

www.burmeseclassic.com

ထားသည်။ သူ ထိုအိပ်ခန်းသို့ သွား၍ အနားယူ
လှပါပြီ။

အယ်လီဆန်က ပြောလိုက်၏။

'ကျွန်မတို့ ခုဆိုရင် လူစု ခွဲနိုင်ကြပါပြီ၊ ကျွန်
နည်းနည်းလောက် အိပ်ပြီး အိပ်ခန်းထဲမှာပဲ ည
စားတော့မယ်'

သူ မျှော်လင့်ထားချက်များ အကောင်အထည်
ပေါ်လာတော့မည့်နေ့၊ နာရီနှင့် မိနစ်ပိုင်းများသည်
ပို၍ နီးကပ်လာလေပြီဟု အယ်လီဆန်က တွေးလိုက်
ထိုအတွေးက စိတ်လှုပ်ရှားမှု မျိုးစုံကို ဖြစ်ပေါ်
လာစေခဲ့သည်။ အယ်လီဆန်က

'ကျွန်မတို့ မြေပြင်ပေါ်ကို မဆင်းသက်
တစ်နာရီအလိုမှာ ထပ်ကြေညာပေးပါဦး ကက်ပတိန်
ကျွန်မတို့ ပြန် လူ စု ပြီး တစ် ယောက်ယော
နောက်ဆုံး တွေးမိလာတဲ့ စိတ်ကူး စိတ်သန်းကလေး
တွေကို တင်ပြဖို့ ရှိမရှိ သိချင်ပါတယ်'

'ဟုတ်ကဲ့ပါ မစ်(စ်)ကရိတ်ချ်'

ကက်ပတိန် ဒီဘာရီးစ်က မစ်(စ်) အယ်လီဆန်
အမူအရာနှင့် အပြောအဆိုက သူ့ အပေါ်တွင်
စိတ်ညွှတ်နေလေပြီဟု ယူဆလိုက်သည်။

လောရင့်ဟော့ပါးကလည်း သူတို့ နှစ်ယောက်
အမူအရာကို သတိ ထားလိုက်မိ၏။ အယ်လီဆ
ကရိတ်ချ်အား အဘယ်ကြောင့် စောင့်ကြည့်ပေးနေ
လိုကြောင်း ကင်းဖီးလ်က သူ့ကို တိတိ ကျ
ဖွင့်မပြောလိုက်ပါ။ အမြဲက ယခု အချိန်တွင်



သိသာ ပေါ်လွင်နေလေပြီ။ ကောင်းတယ်ဟု သူ
တွေးလိုက်၏။ ဟိုတယ်သို့ ရောက်သည့် အခါ
မစ်(စ်)အယ်လီဆန်နှင့် ကက်ပတိန် ဒီဘာရီးစ်တို့ကို
အခန်းချင်း ဆက်နေသည့် အိပ်ခန်းများတွင် နေခွင့်
ရအောင် သူ စီစဉ်ပေးလိုက်မည်။ ထိုကဲ့သို့ စီစဉ်
ပေးမှုက အယ်လီဆန်နှင့် ကက်ပတိန် ဒီဘာရီးစ်တို့
အတွက် ပို၍ လွယ်ကူစေမည် ဖြစ်သလို သူ့
အတွက်လည်း ပို၍ လွယ်ကူစေပါလိမ့်မည်။

ကနေဒီလေဆိပ်မှ ပဲရစ်သို့ ပျံသန်းသော အဲယား
ဖရန့်စ် ကွန်းကော့ဒ် လေယာဉ်ပျံသည် ၁၆း၅၅
နာရီတွင် စတင် ပျံသန်းသည်။ အမေရိကန် နိုင်ငံကူး
လက်မှတ် အမှတ် ဇက် ၃၆၇၄၂၅၄၊ အကြွေး
ဝယ်ယူခွင့် ကတ်ပြား ရှစ်ခု၊ ယာဉ်မောင်းလိုင်စင်နှင့်
အခြား စာရွက်စာတမ်းများတို့၏ အကူအညီဖြင့်
ပေင်ဆာပက်တာဆန်အဖြစ် အသွင်ပြောင်းထားသော
ဇတီဖင်ပက်ဂျက်သည် ထိုင်းမဂ္ဂဇင်းကို ဖတ်ရှုဟန်
ဆောင်နေသည်။ သို့ရာတွင် သူ့ ဦးခေါင်းထဲ၌
အခြားအတွေးများ ရောက်ရှိနေသည်။ ထိုအတွေး
များမှာ အနာဂတ် ကာလတွင် သူ တွေ့ကြုံရမည့်
ကိစ္စများမဟုတ်ဘဲ သူ၏ လိမ်ညာမှု ပေါ်ပေါက်
ချိန်တွင် ဒိုင်ယာနီဗိုဂလာတစ်ယောက် မည်သို့မည်ပုံ
ပြုမူလိမ့်မည်ကို တွေးကြည့်နေမိခြင်း ဖြစ်သည်။

ချားလ်စ် ဒီဂေါလ် လေဆိပ်တွင် ဆင်းသက်
ပြီးနောက် အေအက်ဖ် ၄၂၇- သော ၁၀၀



www.burmeseclassic.com

www.burmeseclassic.com

အဲယားဘတ်စ် လေယာဉ်ပျံပေါ်သို့ တက်ရော
သွားချိန်တွင် ပထမတန်း ခရီးသည်များ၏ နေရာတွ
လူပြည့်လုနီးပါး ဖြစ်နေသည်ကို တွေ့လိုက်ရသည်
သူ့ ခုံနံဘေးတွင် ထိုင်နေသူမှာ အင်္ဂလိပ် စကားက
ကျွင်လည်စွာ ပြောဆိုတတ်သော ဒိန်းမ
အမျိုးသား ကုန်သည် တစ်ယောက် ဖြစ်သည်
အဲယားဖရန့်စ် လေယာဉ်ပျံသည် အဲလ်ပ်တောင်တ
ပေါ်သို့ မရောက်မီ ထိုပုဂ္ဂိုလ်သည် စပင်ဆ
ပက်တာဆန်၏ တတွတ်တွတ် ပြောဆိုမှုများ
သည်းညည်းမခံနိုင်သောကြောင့် နေရာရွှေ့ပြောင်း
ထိုင်လေတော့သည်။

လေယာဉ်ပျံပေါ်တွင် ကျင်းပသည့် ဒုတိယ အစည်
အဝေးမှာ ပထမ အစည်းအဝေးထက် ပိုပျင်းစ
ကောင်းသည်။ လန်းလန်းဆန်းဆန်း ရှိနေသ
အယ်လီဆန်က နောက်ထပ် အကြံဉာဏ် ပေး
အသစ်အဆန်းများ မရှိပါ။ အမျိုးသားများကလည်
ထမင်းစားသောက် ပြီးစီးကြလေပြီ။ ယမကာမျာ
ကိုလည်း သုံးဆောင်ပြီးစီးကြလေပြီ။ အတ္တလန်တိတ်
သမုဒ္ဒရာကို ကျော်ဖြတ်နေစဉ် အချိန် အမျာ
ကိုလည်း အိပ်စက် ပြီးစီးခဲ့ကြလေပြီ။ သူတို့သည
ခပ်မြန်မြန်ရေချိုးပြီး အပူပိုင်းဇုံတွင် ဝတ်ဆင်သော
အဝတ်အစားများကို ဝတ်ဆင်၍ နံနက်စ
စားသောက် ပြီးစီးကြလေပြီ။ သူတို့သည် အစည်



အဝေး စားပွဲတွင် ထိုင်၍ ကော်ဖီ သောက်နေကြ
သည်။

အားနက်စ်ဗိုင်ဘိုးက ဥပဒေ ဆိုင်ရာ စာရွက်
စာတမ်းများကို လေ့လာဟန် ဆောင်နေသည်။
ဟာရီးတီဂူးနှင့် အများစုက မသမ်းဝေမိအောင်
ကြိုးစားနေကြသည်။ ကမ်မ်ကို၏ အထူး
အော်ပရေးရှင်းများကို ညွှန်ကြားပေးရသူ လောရင့်
ဟော့ပါးကသာ 'မဝမ်ဒီ အကြောင်း သိကောင်း
စရာများ' ကို ထပ်မံပြောချင်စိတ် ဖြစ်ပေါ်နေသည်။
(အမျိုးသား) အများစုသည် မဝမ်ဒီသို့ မရောက်ဖူး
ကြပါ။ မဝမ်ဒီသို့ မရောက်ဖူးကြသူများကပင်လျှင်
နားပိတ်ထားကြသည်။ သူတို့အားလုံးသည် စာရင်း
ဇယားများနှင့် ရောစွက် ထားသော အသားကျ
နေသည့် ထိုမိန့်ခွန်းကို ယခင်က အကြိမ်ပေါင်း
များစွာ ကြားဖူးခဲ့ကြသည်။

'........ဒေသဆိုင်ရာ အခြေအနေတွေကို မှန်မှန်
ကန်ကန် သုံးသပ်တတ်ဖို့လိုတယ်၊ မော်တော်ကား
စီးရေဟာ သုံးသောင်းထက် ပိုမများဘူး၊
ဒါပေမယ့် အဲဒါက သူ့ထက် ပိုကျယ်ဝန်းပြီး
လူဦးရေပိုများတဲ့ ချဒ်နိုင်ငံထက်တော့ ပိုများတယ်'

အက်ဒဝပ်ဒီဘရီးစ်က ဟော့ပါး၏ လေသံကို
တုပြီးကြားကဖြတ်၍ ပြောလိုက်၏။

'စာမတတ်သူ ကိုးဆယ့်ခုနစ် ရာခိုင်နှုန်းရှိတယ်၊
ရေဒီယိုအသံလွှင့်ရုံ တစ်ခုရှိတယ်၊ ပယောဂ ဆရာ
တွေကို ထည့်မတွက်ဘူးဆိုရင် လူလေးသောင်း ခုနစ်
ထောင်မှာ ဆရာဝန် တစ်ယောက်နှုန်း ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com

သူက ငေါ်တော့တော့ ပြောလိုက်၏။

'ရေသောက်တဲ့အခါကျရင် ပုလင်းနဲ့ထည့်ထားတဲ့ ရေကိုသာ သောက်ရမယ်ဆိုတဲ့ ကိစ္စကို ပြောပြီး အဆုံးသတ်ပါတော့ လာရီရာ'

ဟော့ပါးက အတိဇ္ဇာပွားဟန်ဖြင့် စူးစူးဝါးဝါး လှမ်းကြည့်လိုက်၏။ ကြားတဖြတ်၍ ဝင်ပြောသည်ကို သူ မနှစ်ခြိုက်ပါ။ အယ်လီဆန့်ကို ပွင့်ပွင့်လင်းလင်း မြှူဆွယ်နေသော ဒီဘာရီးစ်ကိုလည်း သူ သဘော မကျပါ။ သို့ရာတွင် သူတို့ နှစ်ယောက်စလုံးသည် မကြာခင် နံဘေးသို့ ရောက်သွားကြပေလိမ့်မည်။ သူက ပြောင်ပြောင်တင်းတင်း ပမာမခန့် လုပ်မည် ဆိုပါက လုပ်နိုင်ခွင့် ရှိနေလေပြီ။

'ငြီးငွေ့သွားပြီလား ဆူပရင်းအဲ ယား မာ ရှယ်'

ဒီဘာရီးစ်ကလည်း စူးစူးဝါးဝါး ပြန်စိုက်ကြည့်သည်။ လေယာဉ် မောင်းနှင်ခဲ့သော သူ့ သက်တမ်း တစ်လျှောက် တွင် သူသည် လော ရင့် ဟော့ ပါး ပေါင်းများစွာကို တွေ့ခဲ့ဖူးလှပြီ။ ထို ပုဂ္ဂိုလ် များ သည် စားပွဲနောက်တွင် ထိုင်၍ ကျန်ပုဂ္ဂိုလ်များအား ပင်ပင်ပန်းပန်း ညစ် ညစ် ပတ် ပတ် နှင့် အန္တရာယ် ရှိသော လုပ်ငန်းများကို လုပ်ကိုင်ဖို့ စေလွှတ်တတ် သော ဗျူ ရို က ရက် များ သာ ဖြစ်သည်။ အေတူး ဗင်ဒီကေတာ လေယာဉ်ပျံများကို ပို့ပေးမည်ဆိုသည့် အ ချက် က သူ့ ရာ ထူး သည် တည် မြဲ သွား ပြီ ဖြစ်ကြောင်း သူ သိ ပါ သည်။ ပြီး တော့ လည်း သူသည် စီဂျေ ကင်းဖီးလ်နှင့် ပူးပေါင်းမိသွားပြီး အယ် လီ ဆန်နှင့် လောရင့်ဟော့ပါးတို့ကို အမြှတ်ထုတ်ထား နိုင်ခဲ့တော့မည်။ ဒီဘာရီးစ်က ပြန်ပြော လိုက်၏။

'ခင်ဗျားက ကျုပ်ကို တ မင် သက် သက် အချိန်ဆွဲထားတာပဲ၊ ကျုပ် က မစမ်ဒီကို ရေဒီ ယိုနဲ့ ဆက်သွယ်ဖို့ လေယာဉ် မောင်းနှင်ခန်းထဲကို ရောက် သင့်နေပြီဗျ'

'အခက်အခဲ တွေ့နေရလို့လား'

ဗာကျီးလ်က စိတ် လှုပ်ရှားစွာဖြင့် မေးလိုက်၏။

'ကျုပ်တို့က ခုထက်ထိ ဆက် သွယ် မ ကြည့် ရ သေးလို့ပါ'

တကယ့် တ ကယ် က မူ ဂါ ဒူး မြို့ တော် နှင့် မိုင် တစ်ရာငါးဆယ် မရောက်ခင် ကြိုး ပမ်း မှု မှန်သမျှမှာ အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။

'ဒါပေမယ့် ကျုပ်တို့က အ များ ကြီး နဲ့ တွေ့ရ မှာပါ'

သူက ခရီးသည်များ ကြောက် စိတ် ဝင် လာ အောင် စကားကို ရပ်တန့်ထားလိုက်၏။ အားလုံးက သူ့ ကို အာရုံ စိုက်လာကြသည်။ အ သံ သုံး သံ က ပြိုင်တူ မေးလိုက်၏။

'ဘာဖြစ်လို့လဲ ကက်ပတိန်'

ဒီဘာရီးစ်က ဖြေလိုက်သည်။

'ကွင်းထဲမှာ ကျွက်ကျွက်ညံအောင် ဆူနေမှာဗျ၊ လောရင့်က ကျုပ်တို့ ကိုအကြိမ်ပေါင်းကိုးရာလောက် ပြောခဲ့သလို သောင်းသောင်းဖြဖြ ကြိုဆိုမယ့် ကိစ္စ အတွက် အားလုံး အဆင်သင့် ပြင် ဆင် ထား ကြ ပေါ့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

သူက ရယ်ရယ်မောမောနှင့် မတ်တတ်ရပ်လိုက်
'သူက ခင်ဗျားတို့ကို ထပ်ပြောချင်ပြောနေဦးမှာ
ခင်ဗျားတို့ကို ပြောတာနော်၊ ကျုပ် မဟုတ်ဘ
ကျုပ်က ကျုပ်အနေနဲ့ အသုံးဝင်မယ့် နေရာဆီကို
ဦးတည်ပြီး သွားတော့မယ်'

ဒီဘရိုးစ် ထွက်ခွာသွားချိန်တွင် ရယ် သံ မျာ
ပေါ် ထွက် လာ သည်။ အယ်လီဆန် မျက် မှော
ကုတ်လိုက်၏။ ဟော့ပါးနှင့် ဒီဘရိုးစ်တို့၏ အကြား
ဖြစ်ပေါ် နေသော ရန်စောင်မှုမှာ ကြီးထွားလာနေ
ရသလို အဖွဲ့အစည်းကို ဒုက္ခပေးမည့် အန္တရာ
ကြီးတစ်ခုလည်း ဖြစ်နေသည်။ ကံကောင်းချင်တေ
အယ်လီဆန်သည် နာမည်ကြီး အမျိုး သား များ
ငြိမ်ကျသွားအောင် ပြုလုပ်ရာတွင် အ တွေ့ အ
များများစားစား ရှိထားသူဖြစ်သည်။ ဒီဘရိုးစ်သ
ငွေ အလွှန်မက်သူ ဖြစ်သလို မြှောက်ပင့် ပြော
သည်ကို နှစ်သက်သူ ဖြစ်သည်။ ဟော့ပါးကတော
ပို၍ခံယဉ်းသူ ဖြစ်သည်။ သို့တိုင်အောင် အယ်လီဆ
သည် ထိန်းသိမ်း၍ မရနိုင်သော အမျိုးသားများ
ယခုအချိန်အထိ ရှာမတွေ့ဖူးသေးချေ။

အယ်လီဆန်က ပြောလိုက်၏။

'ဆက်ပြောပါ လောရင့်၊ ရှင် ပြောမယ့်စကား
သိပ် အဓိက ကျပါတယ်'

အယ်လီဆန်၏ အပြာရောင် မျက် လုံး များ
တဖျတ်ဖျတ်ခတ်ရင်း 'ရှင်တို့ အားလုံး နားထောင်
ဂရုစိုက်ပြီး နားထောင်ကြ၊ ဒါအမိန့်ပဲ' ဟု ပြော



လိုက်သကဲ့သို့ အစည်းအဝေးစားပွဲ ပတ်ပတ်လည်ကို
လှော့ကြည့်လိုက်သည်။

တော်တော် လိမ္မာတဲ့ အပျက်မပဲဟု ဟော့ပါးက
တွေးလိုက်၏။ သူက ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ်၊ ကျုပ် တို့ ဟာ အရှေ့
ဘက်ကို ပျံသန်းလာရင်း ဗုဒ္ဓဟူးနေ့ထဲကို ရောက်ရှိ
လာပါပြီ၊ လေယာဉ်ပျံက ဒေသ စံ တော် ချိန်
ဝ၇း ၃၀ နာရီမှာ ဆင်းသက်ပါလိမ့်မယ်၊ ကြိုဆို
မယ့် အ ဖွဲ့ က လဲ အဆင်သင့် ရှိနေပါလိမ့်မယ်၊
မင်းပွဲသဘင် အစီအစဉ်ကို တိတိကျကျ လိုက်နာ
ရပါလိမ့်မယ်....'

သူက ဆက်ပြောသွားသည်။

မဝမ်ဒီ နိုင်ငံတွင် နိုင်ငံပိုင် လေကြောင်း ကုမ္ပဏီ
မရှိသလို နိုင်ငံတကာ လေကြောင်းကုမ္ပဏီ အများစု
ကလည်း ရှောင်ကွင်း သွားကြသည်။ ထိုနိုင်ငံကို
အချိန်မှန် ပျံသန်းသော ခရီး စဉ် များ ဖြင့် ပြင်ပ
ကမ္ဘာနှင့် ဆက်သွယ်ပေးထားသော လေကြောင်း
လိုင်းများမှာ နိုင်ဂျီးရီးယား အဲယားဝေးစ်၊ အဲယား
ဂေဘွန်နှင့်ကင် မရွန် အဲယားလိုင်းတို့သာ ဖြစ်သလို
ထိုလေယာဉ်ပျံ ကုမ္ပဏီများကလည်း ရက်သတ္တပတ်
တစ်ပတ်လျှင် တစ်ကြိမ် နှစ်ကြိမ်သာ ပျံသန်းလေ့
ရှိကြသည်။ 'မဝမ်ဒီ' လေတပ်တွင် အမေရိကန်နိုင်ငံက
ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲထားသော ဒီမင်း
ဟောင်းနွမ်းနေသည့် လေယာဉ်ပျံ အနည်းငယ်သ



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ လေယာဉ်ပျံ မောင်းနှင်ပျံသန်းရန် အတွက် လေယာဉ်ဆီကို နိုင်ဂျီးရီးယားမှ အလွန် ဈေးကြီးစွာဖြင့် ဝယ်ယူ တင်သွင်းရလေ့ ရှိသောကြောင့် ထိုလေယာဉ်ပျံများကို တစ်ခါတစ်ရံမှသာ မောင်းနှင်ပျံသန်းတတ်ကြပါသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ ပုံမှန် အစီအစဉ်မရှိဘဲ ဂါဒူး လေဆိပ်သို့ ပျံသန်းလာသော ကုန်တင်လေယာဉ်ပျံများနှင့် ပုဂ္ဂလိကပိုင် လေယာဉ်ပျံများ ရှိနေပါသည်။ အမေရိကန်နိုင်ငံက ဆောက်လုပ်ခဲ့ပြီးနောက် စွန့်ခွာ သွားခဲ့သော မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်ပျံကွင်းသည် တချိန်သော အခါတွင် အာဖရိက အနောက်ပိုင်း၏ ထိပ်တန်း လေဆိပ်တစ်ခု ဖြစ်လာနိုင်သည် ဆိုသော စိတ်ကူးကို ဟာင်နရီဂါဒူးသည် ဆုပ်ကိုင်ထားဆဲပင် ဖြစ်သည်။

လေယာဉ်ပြေးလမ်းများ၊ လေယာဉ်ပျံထားသည့် ရုံကြီးများ၊ အုပ်ချုပ်ရေး ဆိုင်ရာ ပျံသန်းရေး ဆိုင်ရာနှင့် ခရီးသည်များနားနေရန် အဆောက်အအုံများကို ဆက်လက် မွမ်းမံ ထိန်းသိမ်းထားသည်။ မကြာမီကမှ ဆေးဖြူ သုတ်ထားသော အဆောက်အအုံများသည် နံနက်ခင်း၏ နေရောင်ခြည်ထဲတွင် မျက်စိကျိန်းဖွယ်ရာ ဖြစ်နေသည်။ လေဆိပ်အဆောက်အအုံ ရှေ့ဘက်တွင် ဆောက်လုပ်ထားသော အလေးပြုခုံ စင်မြင့်ကို နိုင်ငံတော် အလံမှ အရောင်များဖြစ်သော အစိမ်းနှင့် အဝါ အလံငယ်ကလေးများနှင့် ဆင်ယင်ထားသည်။ တစ်ဒါဇင်ရှိသော အလံတိုင်း၌ လွှင့်ထူထားသော နိုင်ငံတော်



အလံများသည် ပျော့အိပြီး တွဲလောင်းကျနေကြသည်။ ကာကွယ်ရေး တပ်ဖွဲ့ဝင်များနှင့် စစ်တပ်ဆန်ဆန် အမျိုးသားလုံခြုံရေးဗြူရို (အင်အက်စ်ဘီ) တပ်ဖွဲ့ဝင်တို့သည် ရာနှင့် ချီ၍ ရောက်ရှိနေကြသည်။

ကြီးမြတ်လှသော ဖခင်သမ္မတကြီး ဟင်နရီဂါဒူးသည် အလေးပြုခုံ စင်မြင့်ရှေ့ဘက် အလယ်ဗဟိုခန့်တွင် ရှိသော ရာဇပလ္လင်နှင့် တူသည့် ကုလားထိုင်ပေါ်၌ ထိုင်နေသည်။ ယူနီဖောင်း အရောင်မှာ အက်ဂဘီ လူမျိုးစု၏ အထိမ်းအမှတ် အရောင်ဖြစ်သော ပဲစေ့ အစိမ်းရောင် ဖြစ်ပြီး သူ၏ နက်ပြာရောင် မျက်နှာပြင်ကြီးနှင့် မလိုက်လှချေ။ စင်မြင့်ပေါ်တွင် နေရာ ယူထားကြသော အစိုးရ အရာရှိများမှာ အက်ဂဘီ လူမျိုးစု ဝင်များသာ ဖြစ်ကြသည်။ ဟင်နရီဂါဒူးသည် သူ၏ လူမျိုးစု ဝင်များမှ လွဲ၍ မည်သူ့ကိုမှ မယုံကြည်ချေ။ သူတို့သည် သာမန် ခပ်နိမ့်နိမ့် ကုလားထိုင်များတွင် နေရာ ယူထားကြသည်။ အဆိုပါ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များသည် သူတို့၏ နောက်ဘက်တွင် တန်းစီ၍ ရပ်နေသော လက်နက်ကိုင် လူသုံးဆယ်နှင့် သိသိသာသာ ကွာခြားနေသည်။ ထိုလက်နက်ကိုင် ပုဂ္ဂိုလ်များသည် လူဖြူများ ဖြစ်ကြပြီး တောတွင်း ပြောက်ကျား ဝတ်စုံကို ဝတ်ဆင် ထားကြသည်။ ထိုပုဂ္ဂိုလ်များသည် 'ကမ်မ်ကို'မှ လက်ဆောင်အဖြစ် ရရှိထားသော ကြေးစားတပ်မှ ပုဂ္ဂိုလ်များပင် ဖြစ်သည်။

www.burmeseclassic.com

ဂါဒူးသည် 'ကမ်မ်ကို'က လခ ပေးထားသော လူဖြူ ကြေးစား သရုပ်ဆောင်များအား အလွန် သဘောကျနေသည်။ သူက ထိုသရုပ်ဆောင်များကို ဆော့ကစားရန် ဆုံးဖြတ်လိုက်သည်။ သူက အော်ဟစ်လိုက်၏။

'မေဂျာရန်းဒေါ်၊ ကျုပ်ဖိနပ်တွေ'

'ဟုတ်ကဲ့'

❋

မေဂျာရန်းဒေါ်က ခပ်ပြတ်ပြတ် အမိန့်ပေးလိုက်၏။ တန်းစီနေသည့် နေရာမှ လူနှစ်ယောက် ထွက်လာကြပြီး ဟင်နရီဂါဒူး၏ ပလ္လင်ဆီသို့ ကပျာကယာ လာရောက်ကြသည်။ သူတို့သည် ဒူးထောက်၍ ထိုင်ချလိုက်ပြီး ပြောင်လက်နေသော ဖိနပ်ကို နူးညံ့သော အဝတ်စနှင့် ထပ်တိုက် နေကြသည်။ ဟင်နရီဂါဒူး ပြုံးရယ်လိုက်၏။ အက်ဂဘီ လူမျိုးစု ဝင်များ တီးတိုး တီးတိုးနှင့် စကားပြောကြသည်။ ထို့နောက် သူက လူဖြူ ဖိနပ်တိုက်သမားများအား လက်ပြ၍ နှင်လိုက်၏။ သူ ဆိုလိုသည့် အဓိပ္ပာယ်ကို ပြခွင့်ရခဲ့ပြီ ဖြစ်သလို စီစီအိုင်၏ ဘိုးရင်း ၇၄၇ ကလည်း ဆင်းသက်စ ပြုလာလေပြီ။

အမေရိကန် လေတပ်က ဆောက်လုပ်ထားသော လေယာဉ် ပြေးလမ်းများမှာ ရှည်လျားကြသည်။ ဘိုးရင်းလေယာဉ်ပျံကြီး ရပ်တန့်ပြီးနောက် ချိုးကွေ့လိုက်ပြီး လေယာဉ်အဆောက်အအုံဆီသို့ ခပ်မှန်မှန် ချဉ်းကပ်လာသည်။ ထို့နောက် ဘေးချင်း ယှဉ်၍ ရပ်တန့်လိုက်၏။ အင်ဂျင်စက်ကို ရပ်ပစ်လိုက်သည်။



လေယာဉ်ပျံပေါ်သို့ တက်သည့် လှေကား အသစ်ကို ရှေ့ဘက် တံခါးပေါက်ဆီသို့ တွန်းယူသွားသည်။

လောရင့်ဟော့ပါးက ထပ်တလဲလဲ ပြောခဲ့သည့် အတိုင်း မင်းပွဲသဘင် အစီအစဉ်ကို တိတိကျကျ လိုက်နာကြရမည် ဖြစ်ပါ၏။ အယ်လီဆန်ကရိတ်ချ်က ပထမဦးဆုံး လေယာဉ်ပျံထဲမှ ထွက်လာသည်။ ဟော့ပါးက ခြေတစ်လှမ်းခွာ၍ နောက်မှ လိုက်ပါလာ၏။ တပ်မတော်တီးဝိုင်းက မဝမ်ဒီ အမျိုးသား သီချင်းနှင့် အမေရိကန် အမျိုးသား,သီချင်းတို့ကို နိုးနိုးစပ်စပ် တီးမှုတ်နေစဉ် သူတို့သည် လှေကားထိပ်၌ ရပ်တန့်နေကြသည်။ ထို့နောက် လှေကားပေါ်မှ ဆင်းသက်လာပြီး အလေးပြုခံ စင်မြင့်ဆီသို့ ခေါ်ဆောင်သွားသည်။ အခြား ခရီးသည်များလည်း ဆင်းသက်လာကြပြီး အုတ်ခုံပေါ်တွင် တစုတဝေးတည်း မတ်တတ် ရပ်နေကြရသည်။

ဟင်နရီဂါဒူးသည် လေးလံစွာဖြင့် မတ်တတ် ရပ်လိုက်ပြီး မဝမ်ဒီနိုင်ငံ၏ ရုံးသုံး ဘာသာဖြစ်သော အင်္ဂလိပ် ဘာသာနှင့် ကြို ဆိုသည့် မိန့်ခွန်းကို ဆယ်မိနစ် ကြာအောင် ပြောကြားသည်။ ကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် အယ်လီဆန်ကလည်း လှလှပပ တန်ဆာဆင်ထားသော စကားလုံးများနှင့် ပြန်လည်ပြောကြားသည်။

လောရင့်ဟော့ပါးသည် မေဂျာ ရန်းဒေါ်၏ အကြည့်ကို သတိပြုမိလိုက်ပြီး ချက်ချင်း လိုအပ်နေသော ရှင်ဒလာမတ်ခ်နိုင်း ရိုင်ဖယ်များနှင့် အခြား အစုံလိုက်များသည် လေယာဉ်ပျံပေါ်၌ ပါလာကြောင်း

www.burmeseclassic.com

အသိပေးသည့် အနေနှင့် ခေါင်းညိတ် ပြလိုက်
ရန်းဒေါက မျက်စပစ်ပြီး အားရပါးရ ပြုံးလို
သည်။

အယ်လီဆန်က ပြန်လည် ပြောကြားသော
မိန့်ခွန်းကို အဆုံးသတ်လိုက်သည်။ ဟင်နရီဂါဒူး
ပြောလိုက်သည်။

'ကျုပ်တို့က ခင်ဗျားကို ဒီကနေ့ မွန်းလွဲပို
ကျရင် သမ္မတကြီး ရဲ့ နန်းတော်မှာ လ
တွေ့ဆုံမယ်'

သူက လက်မြှောက် ပြလိုက်၏။ ခရာမျာ
မှုတ်လိုက်ကြသည်။ မော်တော်ကားတန်းကြီး နှစ်
မောင်းနှင်လာသည်။ တစ်တန်းမှာ ဟင်နရီဂါဒူး
သူ့ အဖွဲ့သားများအတွက် ဖြစ်ပြီး ကျန်တစ်တန်း
အိုးရင်းလေယာဉ်ပျံမှ ခရီးသည်များနှင့် လေယ
အဖွဲ့သားများ အတွက် ဖြစ်သည်။ မော်တေ
ကားတန်း တစ်တန်းစီ၏ ထိပ်ဆုံးမှ မော်တော်က
များမှာ ၁၉၈၃ ခုနှစ်တွင် ထုတ်လုပ်သော မာစီ
မော်တော်ကားများ ဖြစ်ကြသည်။ လေအေး 
တပ်ဆင် ထားသည်သာမက ကျည် မဖောက်
နိုင်သော မော်တော်ကားများ ဖြစ်ကြသည်။

ကျန် မော်တော်ကားများမှာ သက်တမ်း အ
စုံနှင့် အမျိုးအစား အမျိုးစုံဖြစ်သည်။မော်တော်က
တန်းကြီး အတွက် အစောင့်အကြပ် တပ်သားမျ
အနေနှင့် လိုက်ပါလာမည့် တပ်သားများ အတွ
ဒေါ်ချ် ထရပ်ကား အဟောင်းကြီးများ ပါလ
သည်။

အယ်လီဆန်နှင့်ဟော့ပါးတို့မော်တော်ကားထဲသို့ ဝင်လိုက်ချိန်တွင် အလေးပြုလိုက်ကြ၏။ အယ်လီဆန်သည် မော်တော်ကားထဲတွင် လေ အေး စက် ပါရှိသောကြောင့် ကျေးဇူး တင်မိတော့သည်။ ပြင်ပမှ အပူချိန်မှာ ဒီဂရီ ရှစ်ဆယ်သို့ ရောက် ရှိ နေ ပြီ ဖြစ်သည့်အပြင် တဖြည်းဖြည်းနှင့် ပို၍ ပို၍ ပူလာလေပြီ။ သို့ရာတွင် မိုင် ရှစ်ဆယ် ကွာဝေးသော ဂါဒူး မြို့ တော် နှင့် ဂါဒူးဂရင်းဒ် ဟိုတယ်သို့ သွားရမည့် ခရီးအတွက် အယ်လီဆန် ကြည်နူးဝမ်းမြောက်မှု မ ဖြစ် မိ ပါ။ ၁၉၆၀ ပြည့်နှစ်တစ်ဝိုက်က အမေရိကန်များ ဖောက် လုပ် ခဲ့ သော ဟိုက်ဝေး လမ်း မ ကြီး သည် ပြန့်ပြန့်ပြူးပြူးနှင့် စိတ် မ ချမ်း သာ ဖွယ် ကောင်း သော ကျေး လက် နယ်မြေကို ဖြတ်သန်းသွားသည်။ သစ်ပင် ဝါးပင် ရှားပါးသည်။ စုတ်ပြတ်ပြီး ဝဝလင်လင် မစားရရှာသော လူများသည် လမ်းဘေးတွင် လျှောက်သွားနေကြသည်။ ကြုံ လှီ နေ သော ဆိတ်များသည် ကျူးကျော်ရပ်ကွက်များ၏ အစွန်အဖျားတွင် အစာရှာစားနေကြသည်။ အယ်လီဆန်သည် ထိုမြင်ကွင်းကို ယခင် သူ သုံးကြိမ် ရောက်ဖူးခဲ့စဉ်ကပင် မြင်တွေ့ခဲ့ရပြီးလေပြီ။

ဟော့ပါးသည် ဂါဒူးမြို့တော်သို့ အကြိမ်များစွာ ပိုရောက်ဖူးပြီး ထိုလမ်းကြောင်းနှင့် ပို၍ရင်းနှီးသည်။ သို့ရာတွင် သူ့ ခံစားမှုက ကွဲပြားသည်။ အလွန်ဆိုးရွားသော ဆင်းရဲသား ရပ်ကွက်သို့ ဖြတ်သန်းသွားချိန်တွင် သူက ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'အလုပ်သမားတွေကိုတော့ လိုသလောက် ရနိုင်လိမ့်မယ်'

'ဟုတ်တယ်'

အယ်လီဆန်က စိတ်မပါသော လေသံနှင့် ပြောလိုက်၏။ လက်မှတ်ရေးထိုး ချုပ်ဆိုမည့်သဘောတူညီချက်အရ မဝမ်ဒီ အစိုးရက အလုပ်သမားများကို ကမ်မ်ကိုအတွက် ရှာဖွေစုဆောင်းပေးရမည် ဖြစ်ပြီး အလုပ်သမားများ အနေနှင့် တစ်လလျှင် ၄၂ ဒေါ်လာ ရရှိကြမည် ဖြစ်သည်။ စက်မှုလက်မှု ထွန်းကားသော တောင်အာဖရိကမှာပင် မကျွမ်းကျင်သော အလုပ်သမားများ၏ လခသည် ၄၂ ဒေါ်လာထက်ပို၍ များများစားစား မရကြပါ။

သူတို့ စီးနင်းလာသော မော်တော်ကားသည် ဂါဒူးမြို့တော်၏ နယ်နိမိတ်ကို ရောက်ရှိလာပြီး ညာဘက်သို့ ချိုးကွေ့လိုက်ချိန်အထိ ငြိမ်သက်စွာ စီးနင်းလိုက်ပါခဲ့ကြသည်။ အယ်လီဆန်သည် ရှေ့လေကာမှန်မှ တစ်ဆင့် လှမ်းကြည့်လိုက်၏။

'ဟို ရှေ့တည့်တည့်မှာ ကမ္ဘာ့ အံ့မခြောက် အမှားအယွင်းကြီး တစ်ခုလေ'

အမေရိကန် လေတပ်သည် ကြီးကျယ်လှသော ဆောက်လုပ်ရေး လုပ်ငန်းကြီးများအတွက် အလွန်နာမည်ကြီးသည်။ အမေရိကန် လေတပ်သည် လူပျိုအရာရှိများအတွက် နေစရာ ထိုင်စရာများနှင့် မဝမ်ဒီနိုင်ငံ၌ တာဝန်ကျ နေထိုင်ရမည် ဖြစ်သော အရာရှိမိသားစုများအတွက် အနားယူ အပန်းဖြေရန် ဗဟိုခန်းမကြီးတစ်ခုကို ဆောက်လုပ်လိုသည်။ ထို့ကြောင့် ခန်းပေါင်း သုံးရာနှင့် အိပ်ခန်း ကျယ်ကြီးများ၊ စားသောက်ဆိုင်၊ အရာရှိရိပ်သာ၊ အစားအသောက် ဆိုင်ပါ ဝယ်ယူ စားသောက်နိုင်သည့် ဘားကောင်တာ၊ အားကစားရုံ၊ အိမ်တွင်း ရေကူးကန်နှင့် တင်းနစ် ကစားကွင်းတို့ ပါဝင်သော အထပ်ငါးထပ် ပါသည့် အိပ်ချိုးသဏ္ဌာန် ကွန်ကရစ်နှင့် ခရိုမီယန် အဆောက်အအုံ အရုပ်ဆိုးဆိုးကြီးတစ်ခုကို ဆောက်လုပ်ခဲ့သည်။

အမေရိကန်များ စွန့်ခွာသွားကြသည့် အခါ တင်နဗိုဂါဒူးက ထိုအဆောက်အအုံနှင့် အတွင်းမှ ပစ္စည်းပစ္စယများကို သိမ်းယူလိုက်ပြီး ကြယ်ငါးပွင့်ရ ထိပ်တန်းအကျဆုံး 'ဂါဒူးဂရင်းဒ်ဟိုတယ်' ဟု နာမည်ပေး ကင်ပွန်းတပ်လိုက်သည်။ အစုလိုက် အပြုံလိုက် ရောက်ရှိလာမည်ဟု မျှော်လင့်ထားသော တမ္ဘာလှည့် ခရီးသည်များနှင့် ကုန်သည်များရောက်ရှိမလာခဲ့ကြပါ။ သို့ ထိုင် အောင် ဂါဒူးဂရင်းဒ် ဟိုတယ်သည် ဇိမ်ရှိသော ဟိုတယ် ဖြစ်သည်ဟု ကြွေးကြော်နေဆဲပင်။

တကယ့် တကယ် ကမူ ထိုဟိုတယ်သည် စပိန်နိုင်ငံ တောပိုင်းရှိ မြို့ငယ်ကလေး တစ်မြို့မှ ကြယ်တစ်ပွင့်ရ အညံ့ဆုံး ဟိုတယ်ကလေးနှင့်အဆင့်တူလောက်သာ ရှိသည်။

စီစီအိုင် ဘိုးရင်း လေယာဉ်ပျံမှ ခရီးသည်များနှင့် လေယာဉ် ဝန်ထမ်းများသည် မွဲခြောက် ခြောက်နိုင်လှသော ဧည့်ခန်းထဲသို့ စုပြုံ၍ ဝင်ရောက်




www.burmeseclassic.com

www.burmeseclassic.com

လာကြပြီး ဟိုတယ် အလုပ်သမားများက ကြမ်းပေါ
တွင် စုပုံထားသော သေတ္တာများကို ရွေး ယူ ရ
ကြိုး စား နေ ကြသည်။ အယ်လီဆန်ကရိတ်ချ်သည်
အထူးတလည် အရေးပေးခံရပြီး သပ်သပ် ဘေးဖယ်
ပေးထားသော ဗစ်တွန် သေတ္တာများ နံဘေးတွင်
သီးသီးသန့်သန့် မတ်တတ်ရပ်လျက် ရှိနေသည်။

နေရာထိုင်ခင်း စီစဉ်ပေးရေးကို တာဝန်ယူထား
သော လောရင့် ဟော့ ပါး သည် ရုံးခန်းထဲတွင်
ဟိုတယ် မန်နေဂျာနှင့် ဆွေးနွေးနေသည်။ ဟိုတယ်
မန်နေဂျာက လောရင့်ဟော့ပါး၏ မေတ္တာရပ်ခံချက်
အတိုင်း ပြင်ဆင်ပေးရန် သဘောတူလိုက်သည်။

စာရွက်ကလေး တစ်ရွက်ကို ကိုင်၍ မန်နေဂျာ
ရုံးခန်းထဲမှ ထွက်လာသော လောရင့်ဟော့ပါးသ
အယ်လီဆန့် ထံသို့ လျှောက် သွား သည်။ သူ
ပြောလိုက်၏။

'ပြင် ဆင် ချက် က လေး တွေ ရှိတယ်၊ ခင်ဗျာ
ဒီဘရီးစ်နဲ့ ကျုပ်တို့က ပဥ္စမထပ်မှာ ရှိတဲ့ အခန်း
ကျယ်ကြီးတွေမှာ နေကြရမယ်'

အယ် လီ ဆန် က စိတ်ရှုပ်ဟန်နှင့် မျက်မှောင်
ကုတ်လိုက်၏။သူသည် သူ ယခင်က နေထိုင်ခဲ့ဖူးသော
တတိယထပ်မှ ထောင့်စွန် အခန်း ကျယ်ကြီး၌ပင်
နေထိုင်လိုသည်။

'ဘာဖြစ်လို့ ပြောင်းပစ်ရတာလဲ'

'လုံခြုံရေး ကိစ္စတွေကြောင့်ပါ'

'အင်း၊ ရှင်က အသိဆုံး နေမှာပါ'



ကျုပ်အတွက် ဘာ အကောင်းဆုံးလဲ ဆိုတာ
ကျုပ် သိပါတယ် ဟု ဟော့ပါးက တွေးလိုက်၏။
ဟော့ပါးက နာ မည် များ ကို ခပ် ကျယ် ကျယ်
ဖတ်ပြပြီး ကိုယ်စီကိုယ်င နေကြရမည့် အခန်းနံပတ်
များကို ပြောပြလိုက်သည်။ အယ် လီ ဆန် က လည်း
မန်နေဂျာနှင့် သူ့ စာပည့်သုံးယောက်က လိုက်ပို့သော
သူ နေ ရ မည့် အ ခန်း နံ ပတ် ၅၀၇ ဆီသို့
ဓာတ်လှေကားနှင့် တက်သွားလေတော့သည်။

## ၁၇

နိုင်ဂျီးရီးယားနိုင်ငံ၏ ယိုယွင်းနေသော စီးပွားရေး
အခြေအနေသည် လားဂို့စ်မြို့တော်ရှိ မာတာလာ
မိုဟာမက် နိုင်ငံတကာ လေဆိပ်တွင် သိသာ
ထင်ရှားစွာ ပေါ်လွင်နေသည်။ ပြည်ပမှလာသည့်
ခရီးသည်၊ ပြည်ပသို့ သွားမည့် ခရီးသည်များ
နည်းပါးမှုက သက်သေခံလျက်ရှိသည်။

စပင်ဆာပက်တာဆန်၏ နိုင် ငံ ကူး လက်မှတ်
အတုကို ကိုင်ဆောင်ထားသော စတီဖင်ပက်ဂျက်သည်
လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနများကို
အောင်မြင်စွာ ကျော်ဖြတ်လာခဲ့သည်။ သူ သည်
ဆူနီဗာဆယ် အဲယားဆားဗစ်ဆက်စ် ရုံး ခန်း သို့
ဆန်းသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း ဂျက်ကော့ဟာတ်ရှုက အ… အရာရာကို အဆင်ပြေအောင် စီစဉ် ပေးထားသ… 'ယူနီဗာဆယ် အဲယား ဆားဗစ် ဆက်စ်'၊ သ… တဲလက်နှင့် ညွှန်ကြားစာကို ရရှိထားပြီး ဖြစ်သ… ငွေကြေးအတွက် အာမခံချက်များကိုလည်း ရရှိထ… လေပြီ။ 'စက်ဆန်ဒါစိုက်တေးရှင်း' လေယာဉ်… ငယ်ကို ဆီဖြည့်ပြီး တစ်နာရီအတွင်း အဆင်သ… ဖြစ်ပါလိမ့်မည်။ တဲလက်ဖြင့် ညွှန်ကြားထား… အရ ဂါဒူးမြို့တော်နှင့် ဆက်သွယ်ရမည့် ကိစ္စ… များနှင့် အခြား အစီအစဉ်များကို ယူနီဗာဆ… အဲယားက ဆောင်ရွက်ထားပြီး ဖြစ်သည်။ ပျံသန်… ဆိုင်ရာ ခွင့်ပြုချက်များ၊ လေယာဉ်ပျံ ဆိုက်ရော… ချိန်တွင် ချက်ချင်း ဗီဇာ ရရှိရေးကိစ္စ၊ မစ္စ… ပက်တာဆန်နှင့် လူနှစ်ယောက်ပါဝင်သော လေယာ… အဖွဲ့သားများအတွက် ဟိုတယ်တွင် အခန်းရရှိရေး… ကြိုတင်စီစဉ်မှုများ စသည်တို့ပင် ဖြစ်သည်။ မစ္စ… ပက်တာဆန်က ဤစာရွက် စာတမ်းများပေါ… လက်မှတ်ရေးထိုးပေးပါခင်ဗျား။

မစ္စတာ ပက်တာဆန်က ခပ်ကြွားကြွားက… လက်မှတ်ရေးထိုးပေးလိုက်သည်။

စတိဗ်သည် ယူနီဗာဆယ် အဲယား ကု… ရုံးခန်းထဲတွင် ထိုင်စောင့်ရင်း ရုံးတာဝန်ခံ ဟော်… လူမျိုး တစ်ယောက်နှင့် စကားလက်ဆုံ ကျနေသ… စတိဗ်က ထို ပုဂ္ဂိုလ်အား ဂလုပ်ဂါဒလားစ် … လိမ့်မည်ကို ဖောင်းကြွစာလုံးနှင့် ခတ်… ကားသော ရွှန်ဆွန်းမီးခြစ်တစ်လုံးကို ပေးလိုက်သ…



ထိုပုဂ္ဂိုလ်က မဝမ်ဒီနိုင်ငံတွင် ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်နိုင်မှု ရှိလိမ့်မည် မထင်ကြောင်း ပြန်လည် ဆွေးနွေးသည်။

စတိဗ်ကလည်း သူပြောမည့် စကားကို လေ့ကျင့်လိုက်လေ၏။

'ဒါက လူသူ အရောက်အပေါက် မရှိသေးတဲ့ ဒေသပဲ၊ ကမ္ဘာလှည့် ခရီးသည်တွေက အရောက်အပေါက် နည်းတဲ့ ဒေသကို လေ့လာရတယ်ဆိုတဲ့ ခံစားမှုမျိုးကို လိုချင်ကြတာ'

ကာကီရှပ်အင်္ကျီနှင့် ဘောင်းဘီတို့ကို ဝတ်ဆင်ထားသော လူနှစ်ယောက် ပေါ်လာသည်။ ပထမပုဂ္ဂိုလ်မှာ ဆံပင်ဖြူဖြူနှင့် သက်ကြီးအို စကော့လူမျိုး ဒေါက်ဂလပ်စ်ဖီးလ်ဒင်း ဖြစ်သည်။ သူက လေယာဉ်ပျံ မောင်းနှင်မည့်သူ ဖြစ်သည်။ ဒုတိယပုဂ္ဂိုလ်မှာ တွဲဖက် လေယာဉ်မှူး၊ ဓလေ့ကြောင်းလမ်းပြ၊ လေယာဉ်စက်ပြင် တာဝန်တို့ကို ထမ်းဆောင်မည့် လူငယ်တစ်ယောက် ဖြစ်သည်။ သူ၏ အိုင်ဘို လူမျိုးစုနာမည် 'အိုလီဆီဂမ်' မှာ ရှည်လျားလှသောကြောင့် 'အိုလီ'ဟု ခေါ်ဖို့ ပြောသည်။ စတိဗ်က သူတို့ နှစ်ယောက် အသည် အတွေ့အကြုံ ရင့်ကျက်သော လေယာဉ် မောင်းနှင်သူများဖြစ်ပြီး ရင်းနှီးသူများဖြစ်ကြသည်ဟု ခန့်မှန်းလိုက်သည်။ အတွဲလည်း ညီပါပေသည်။

ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက ပြောလိုက်၏။

'ကျုပ်တို့ ပျံသန်းဖို့ အဆင်သင့်ဖြစ်ပါပြီ'



www.burmeseclassic.com

www.burmeseclassic.com

ဟော်ဆာ လူမျိုးက မစ္စတာ ပက်တာဆန်အား အောင်မြင်သော ခရီးစဉ် ဖြစ်ပါစေဟု ဆုတောင်း ပေး လိုက် သည်။ ပက် ဂျက် က ထုံး စံ အတိုင်း 'လိုလေသေးမရှိ စီစဉ်ပေးမည့် ခရီးသွားအစီအစဉ်ကို မဖြစ်မနေ အကောင်အထည် ဖော်မည့် ပုံစံ' နှင့် ပြောလိုက်လေ၏။

'ကျုပ်တာ ကမ္ဘာလှည့် ခရီးသည်တွေကို ထောင်နဲ့ ချီပြီး ခေါ်လာမှာဗျ'

ပက်ဂျက်သည် ဖီးလ်ဒင်းနှင့်အိုလီတို့ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်ကြကြောင်း မြင်လိုက် ရပြီး အမ်ပွာယ်ကို နားလည်လိုက်သည်။ သူတို့က ပက်ဂျက်၏ အသွင်ပြောင်းဘဝကို ချက်ချင်း သံသယ ဝင်သွားကြသည်။ သို့ရာတွင် သူ့အမူအရာကိုတော့ လက်ခုပ် တီးလိုက်ကြသည်။

စက်စနာ လေယာဉ်မှူပေါ်သို့ ရောက်ရှိကြသော အခါ ဖီးလ်ဒင်းက မစ္စတာ ပက်တာဆန်အား လေယာဉ်ပျံ မောင်းနှင်ခန်းထဲရှိ ထိုင်ခုံ အပိုတွင် လာရောက် ထိုင်လိုသည် ဆိုပါက လာထိုင်ရန် ဖိတ်ကြားလိုက်သည်။ စတိဗ်က ကျေးဇူးတင်စွာဖြင့် လက်ခံလိုက်သည်။ နှစ်နာရီကြာမြင့်မည့် ခရီးစဉ်တွင် လေယာဉ်ပျံ မောင်းနှင်သူများနှင့် စကားစမြည် ပြောဆိုရမှုသည် လိုလားအပ်သော အာရုံအပြောင်း အလွဲပင် ဖြစ်သည်။

မိနစ်အနည်းငယ် ကြာသောအခါ စက်ခေါင်း နှစ်လုံးတပ် စက်စနာစိုက်တေးရှင်း လေယာဉ်ပျံသည် လေထဲသို့ ရောက်ရှိသွားပြီး အပေါ်သို့ ခပ်မတ်မတ်



ထောင်တက်နေသည်။ ဖီးလ်ဒင်းသည် အမြင့်ပေ ၃၁၀၀၀ အရောက်တွင် လေယာဉ်ပျံကို ပြန်တည့် လိုက်ပြီးနောက် အလိုအလျောက် မောင်းနှင်သော ခလုတ်နှင့် ဆက်လက် မောင်းနှင်လိုက်၏။ သူက နောက်ဘက်သို့ ပြန်လှည့်ပြီး လေယာဉ်ပျံပေါ်မှာ 'အရက် ပါလာတယ်' ဟု ပြောလိုက်သည်။

'ခရီးသည်တွေအတွက် သက်သက်ပါမဲဗျာ'

စတိဗ်က စကားဦး သန်းမှုကို နားလည်လိုက် သည်။

'တစ်ယောက်တည်း အရက်သောက်ရင် အသည်း အတွက် ပိုဆိုးမယ်ဗျ'

အိုလီက ပြုံးလိုက်သည်။ သူက ကာဒ်ဗိုးမော့ စီစကီတစ်ပုလင်းနှင့် ပလတ်စတစ် ဖန်ခွက်သုံးလုံးကို ထုတ်ယူလိုက်ပြီး လောင်းထည့်လိုက်သည်။

'ခင်ဗျားက ပိုင်းလော့လား'

လေယာဉ် ဝန်ထမ်းများ အရက်သောက်သည်ကို လက်ခံနိုင်သူများမှာ ပိုင်း လော့ များ သို့မဟုတ် ပိုင်းလော့ ဖြစ်ခဲ့ဖူးသူများသာ ဖြစ်ကြသည်။

'မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်က ဗီယက်နမ်က ရဟတ်ယာဉ်တွေပေါ်မှာ အရက်ပုလင်း တော်တော် များများ ကုန်အောင် သောက်ခဲ့ဖူးပါတယ်'

သူ့ ဒဏ်ရာများက တဒုတ်ဒုတ်မြည်ပြီး နာကျင် လာသောကြောင့် စစ် မှု ထမ်း ခဲ့ ဖူး သည့် ကိစ္စကို လွှတ်ခနဲ ပြောလိုက်မိခြင်း ဖြစ်သည်။

'ချီးယားစ်'



www.burmeseclassic.com

www.burmeseclassic.com

သူက ရေမရော သော ဝီစကီကို တစ်ကျိုက် သောက်လိုက်၏။ ဖီးလ်ဒင်းကလည်း သောက်လိုက်ပြီး နောက် ဒိုင်ခွက်များကို ကြည့်ရင်း ပြောလိုက်သည်။

'ကျုပ်က ဒီလိုပါပဲ၊ အာအေအက်ဖ်မှာ တာဝန် ထမ်းဆောင်ခဲ့တယ်၊ ဒုတိယ ကမ္ဘာစစ် ပြီးခါနီး လပိုင်းတွေနဲ့ ကိုးရီးယားမှာ ပါခဲ့ဖူးတယ်'

သူက အိုလီအား လက်မနှင့် ညွှန်ပြလိုက်၏။

'သူကတော့ အိုင်ဘို လူမျိုးတွေနဲ့ မြောက်ပိုင်း မှုဆလင်တွေ တိုက်ကြ ခိုက်ကြတဲ့ နိုင်ဂျီးရီးယား ပြည်တွင်းစစ်မှာ သုံးနှစ် တောင် ဝင်တိုက်ခဲ့တယ်'

၁၉၆၆ မှ ၇၀ ပြည့်နှစ်အထိ ဖြစ်ပွားခဲ့သော နိုင်ဂျီးရီးယား ပြည်တွင်း စစ်တွင် အိုင်ဘို လူမျိုး နှစ်သိန်း သေဆုံးခဲ့ရသည်။ အိုလီက ပြောလိုက်သည်။

'သူတို့က ကျုပ်တို့ကို နိုင်အောင် တိုက်နိုင်တာ မဟုတ်ပါဘူး၊ အစာငတ်အောင် လုပ်ပြီး ထွက်ပြေး အောင် လုပ်ခဲ့တာပါ'

ထို့နောက် သူက မဝမ်ဒီ နိုင်ငံမှ အက်ဂါ လူမျိုးစုဝင်များအား မုန်းတီးကြောင်းဆက် ပြောပြ သည်။ အစာငတ်ပြတ်နေသော အိုင်ဘို အမျိုးသမီး များ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ မဝမ်ဒီ နိုင်ငံကို ထွက်ပြေးကြသောအခါ သူတို့ကို အက်ဂါ လူမျိုးစုများက စနစ်တကျ သတ်သင်သတ်ဖြတ်ခဲ့ကြ သည်။ 'မူဆလင်တွေက အိုင်ဘို လူမျိုးတစ်ယောက် သတ်ရင် အမေရိကန် ဆင့် ၃၀ ပေးတယ်ဗျ'

ဓတ်ပိက ကုန်သွားပြီ ဖြစ်သော သူ့ဖန်ခွက်ထဲသို့ အရက် ထပ်ဖြည့် ပေးရန် ကမ်းပေးလိုက်သည်။



'ကျုပ်တို့လဲပဲ လူတွေ အများကြီး သတ်နိုင်တဲ့ အတွက် သံဖြူ တံဆိပ်ကလေးတွေ ရကြတာပါပဲ၊ သိပ်တော့ မထူးပါဘူး'

ဖီးလ်ဒင်းက ပြောလိုက်သည်။

'ဘယ်မှာမှ မထူး ခြား ပါ ဘူး ကွာ၊ ငါလဲ ဒရက်စ်ဒင်မြို့ကို နောက်ဆုံး ဗုံးကြဲတဲ့ အုပ်စုမှာ ပါခဲ့ပါတယ်၊ သူတို့က ငါ့ကို ဆုတံဆိပ်တွေ ပေးခဲ့ တာပါပဲကွ'

ဂျာမဏီနိုင်ငံမှ စစ်ဘက်ဆိုင်ရာ ပစ်မှတ် များ လုံး၀ မရှိသော ဒရက်စ်ဒင်မြို့ကို ဒုတိယ ကမ္ဘာ စစ်ကြီး ပြီး ဆုံး ခါနီး ဆဲဆဲ တွင် အင်္ဂလိပ်နှင့် အမေရိကန်တို့က ဆိုးဆိုးရွားရွား ဗုံးကြဲတိုက်ခိုက်ခဲ့ ကြသည်။ တမင်သက်သက် ဖျက်ဆီးလိုသောစိတ်နှင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဥရောပမှ အလှဆုံးမြို့တစ်မြို့ကို အမှုန့်ဖြစ်အောင် ပြုလုပ်ခဲ့ခြင်း ဖြစ်သလို အရပ်သား ၁၅၀၀၀၀ ကျော် သေဆုံးခဲ့ကြရသည်။

'ချီးမပဲ၊ ဖန် ခွက် ထဲ ထည့်မနေပါနဲ့တော့ဗျ၊ ပုလင်းလိုသာ လှမ်းပေးလိုက်ပါတော့'

တိုက်ပွဲများတွင် ပါဝင်ခဲ့ဖူးသူများ၏ ထူးခြား ဆန်းကြယ်သော ခင်မင် ရင်းနှီးမှုသည် ဖြစ်ပေါ် လာခဲ့လေပြီ။ ဂျက်ဒ်ဟူးမှ ဝီစကီ ပုလင်းသည် တစ်လက်ပြီး တစ်လက်သို့ ကူးပြောင်း အသုံးတော် ခံနေရရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'အဖြစ်အပျက်' ကလေးများကို တီထွင်ထုတ်လုပ်ရာ၌ အလွန် ကျွမ်းကျင်သော လောရင့်ဟော့ပါး က သူ ထုတ်လုပ်သော ဇာတ်ကွက်သည် အဆင့်အတန်း မီသည်ဟု ယုံကြည်မှု အပြည့်အဝ ရှိနေသည်။

ညနေ နှစ်နာရီတွင် ဖို့ဒ်ဆီဒင် မော်တော်ကား အဟောင်း တစ်စီးသည် စုတ်စုတ်ပြတ်ပြတ် နိုင်လှသော မဝမ်ဒီ လယ်ယာ စိုက်ပျိုးရေး ဝန်ကြီး ဌာန အဆောက်အအုံ ရှေ့၌ ရပ်တန့်သွားသည်။ ယာဉ်မောင်းသူသည် မော်တော်ကားထဲက ထွက်ပြီး ခပ်လှမ်းလှမ်းသို့ လမ်းလျှောက်သွားသည်။ တာဝန်ကျနေခြင်း မဟုတ်သော်လည်း လက်နက် ကိုင်ဆောင်ထားသော လူဖြူကြေးစား စစ်သား သုံးယောက်သည် ထိုအဆောက်အအုံ နားတွင် အေးအေးလူလူ လမ်းလျှောက်နေကြသည်။ သူတို့က သံသယ ဝင်ကြသောကြောင့် ထိုလူကို ရပ်တန့်ဖို့ အော်ပြောကြသည်။ ထိုလူက ထွက်ပြေးသည်။ သူတို့ကလိုက်သည်။

ညနေ ၂ နာရီ ၉ မိနစ်တွင် ဗုံးတင်လာသော ဖို့ဒ်မော်တော်ကားကြီး ထ၍ ပေါက်ကွဲတော့သည်။ ထိုပေါက်ကွဲမှုက လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန အဆောက်အအုံ ရှေ့ပိုင်းကို ပြိုကျသွားစေခဲ့သည်။ ကြေးစား စစ်သားများက သေနတ်နှင့် ပစ်သည်။ ထွက်ပြေးသော ယာဉ် မောင်း ကို ကျည်ဆန်များ အစုလိုက် အပြုံလိုက် ဝင်မှန် ကြသည်။ လူဖြူ စစ်သားများသည် လူသေအလောင်းကို ဟန်ပါပါ



ရှာကြဖွေကြပြီးနောက် သွေးရဲရဲသံရဲရဲ အလောင်းကို ထားရစ်ခဲ့ပြီး သူတို့၏ တပ်မှူးကို သတင်းပို့ရန် အပြေးအလွှား ထွက်ခွာသွားကြတော့သည်။

မေဂျာ ဘာရူးစတားရန်းဒေါ်က သမ္မတကြီး ဟင်နရီဂါဒူးထံ ချက်ချင်း သတင်းပို့သည်။ သူက သေသူ၏ အိတ်ထဲမှ စာရွက် စာတမ်းများကို ရယူလာသည်ဟု ဆိုသည်။ ထူးထူးခြားခြား သွေးများ ပေကျံနေခြင်း မရှိသော ထို စာရွက်စာတမ်းများ အရ 'အမျိုးသားလွတ်မြောက်ရေးတပ်ဦး' ဆိုသည့် ဆန့်ကျင်ဘက် အုပ်စုတစ်စု ရှိနေကြောင်း သိရှိရပြီး ထိုတပ်ဦးက အာဏာရှင်ဂါဒူးနှင့် သူ့အဖွဲ့သားများအား ကြိုးပေး သတ်ဖြတ်မည်ဟု ဖော်ပြထားသည်။

ဖြစ်ပေါ်လာမည့် ကိစ္စရပ်များကို ကြိုတင် ခန့်မှန်း၍ ရနိုင်ပါသည်။ ကြိုတင် ခန့်မှန်းပြီးလည်း ဖြစ်သည်။ ဟင်နရီဂါဒူး၏ 'အကြောက်လွန်စိတ်' ဘွားခနဲ ပေါ်ပေါက်လာသည်။ ကာကွယ်ရေး တပ်ဖွဲ့နှင့် အမျိုးသားလုံခြုံရေးဗျူရို (အင်အက်စ်ဘီ) တို့အား လူများကို အစုလိုက် အပြုံလိုက် ဖမ်းဆီးရန်နှင့် အစုလိုက် အပြုံလိုက် သတ်နိုင်အောင် အဆင်သင့် ဖြစ်နေကြဖို့ ညွှန်ကြားတော့သည်။

ဟင်နရီဂါဒူးက ပြည်တွင်းမှရန်သူများကို ရင်ဆိုင်ရာတွင် 'ကမ်မ်ကို'သည် ယခုအချိန် သူ၏ ယုံကြည်စိတ်အချရဆုံးနှင့် အင်အားကြီးမားသော မဟာမိတ် ဖြစ်သည်ဟု အသိအမှတ် ပြုထားပြီ။ ဆိုင်းရင်းသား တပ်ဖွဲ့များ အင်အား တောင့်တင်း



www.burmeseclassic.com

www.burmeseclassic.com

လာအောင် တပ်ဆင်ရန် လိုအပ်သော လက်နက်များနှင့် ယုံကြည်စိတ်ချရသော ကြေးစား စစ်သားများကို ကမ်မ်ကိုကသာ ပေးအပ်နိုင်မည် ဖြစ်သည်။ တော်လှန်မည့် အင်အားစုများ အခြေမတည်မီခင် လက်နက်များကို မြန်မြန်ပို့ပေးမှုဖြစ်မည်။ နောက်ဆုံး ဆွေးနွေး ညှိနှိုင်းပွဲတွင် ဟင်နရီဂါဒူးက တတ်နိုင်သလောက် အချိန်ဆွဲ၍ ဈေးဆစ်မည်၊ ရက်ပေါင်းများစွာကြာအောင် ဆွဲထားပြီး အမြတ် ရနိုင်သမျှ ရအောင် ညှစ်ထုတ်ယူမည်ဟု ရည်ရွယ်ခဲ့သည်။ သူက ထိုအစီအစဉ်ကို ပယ်ဖျက်လိုက်ပြီး အခြားအစီအစဉ် တစ်ခုကို ကမန်းကတန်း ဖြည့်စွက်လိုက်သည်။

စီစီအိုင်–ကမ်မ်ကို ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်များသည် ဂါဒူးဂရင်းဒ် ဟိုတယ်၏ ဧည့်ခန်းထဲ၌ ညနေ သုံးနာရီခွဲတွင် လူစုကြသည်။ သမ္မတကြီး၏ နန်းတော် သို့ ပို့ ဆောင် ပေး မည့် အ စိုး ရ မော်တော်ကားများက အသင့် စောင့်ဆိုင်းနေကြသည်။ အယ်လီဆန်နှင့် လောရင့်ဟော့ပါးတို့သည် လေဆိပ်မှ လာစဉ် သူတို့ စီးနင်းခဲ့သော မာစီးဒီးစ် မော် တော် ကား ကို ပင် စီး ကြ ရမည် ဖြစ်သည်။ မော်တော်ကားထဲသို့ ဝင်လိုက်ချိန်တွင် အစောင့်အကြပ်အဖြစ် လိုက်ပါလာသော တပ်သားများမှာ ယခင်ကထက် ပို များနေ ကြောင်း အယ်လီဆန် မြင်လိုက်ရသည်။

'ကျွန်မကတော့ ဒီကိစ္စကို သိပ်မကြိုက်ဘူး'

ဟော့ပါးက နှုတ်ဆိတ်နေသည်။ သူ့ ဆင်ကွက်က ထိရောက်မှုရှိသည်။ ဂါဒူးသည် သူ့ အနာဂတ်ကို



အာ မ ခံ ချက် ပေး မည့် ပုဂ္ဂိုလ်များအား ပိုမို၍ ကာကွယ် ပေးခြင်းဖြင့် သူ့ အနာဂတ်ကို ပို၍ သေချာအောင် ပြုလုပ်လိုက်လေပြီ။

အမေရိကန် အစိုးရသည် ၁၉၆၂ ခုနှစ်တွင် ဟင်နရီဂါဒူး၏ အစိုးရအဖွဲ့အား ငွေကြေးမြောက်မြားစွာ အကူအညီပေးခဲ့သည်။ ဂါဒူးက ထိုငွေကြေးများကို အသုံးပြု၍ သမ္မတကြီး၏နန်းတော်ကို တည်ဆောက်လိုက်သည်။ နန်းတော်၏ ပင်မဝင်ပေါက်တွင် လူဖြူ ကြေးစားစစ်သားများက စောင့်ကြပ်နေကြကြောင်း အယ်လီဆန် မြင်လိုက်ရသဖြင့် စိတ်သက်သာရာ ရ၍ သွားသည်။

အယ်လီဆန်က ပြောလိုက်၏။

'ကျွန်မကို အသွေး အရောင် ခွဲခြားတဲ့စိတ် ရှိတယ်လို့ပဲ ဆိုချင်ဆို ဒါပေမဲ့ ကြည့်နူးစရာ ကောင်းတဲ့ တအံ့တသြဖြစ်စရာ ကိစ္စကလေးပဲ'

ပို၍ပင် ကြည်နူးစရာကောင်းသော တအံ့တသြ ဖြစ်စရာ ကိစ္စကလေးများ ထပ်မံ၍ ရှိနေသေးကြောင်း လောရင့်ဟော့ပါး သိနေပါသည်။

သမ္မတနန်းတော်မှ ကူညီဝတ်စုံများကို ဝတ်ဆင်ထားကြသော တပည့်တပန်းများက အမေရိကန်များအား ရှည်လျားသော လူ သွား လမ်း များမှ တစ်ဆင့် သမ္မတကြီး၏ သံတမန် ခန်းမဆောင်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဆောင်သွားသည်။ ထိုခန်းမဆောင်ကို ဗင်းနှ
မြို့ရှိ နန်းတော်မှ ခန်းမဆောင်နှင့် တူအောင်
ပြင်ဆင်ထားကြောင်း အယ်လီဆန် သတိပြုလိုက်
မိသည်။ ကိုယ်ထည်များကို ကျွန်းသား အတုများနှ
ပြုလုပ်ထားပြီး နောက်မှီများကို 'ဗယ်လာ'အတုနှ
ပြုလုပ်ထားသော ကုလားထိုင်များကို တန်းစီ
ချထားသည်။ စင်မြင့်ပေါ်တွင် ပလ္လင်တစ်ခု ရှိ
သည်။ ယူနီဖောင်း စတ်ဆင်ထားသော ဟင်နှ
ဂါဒူးသည် ပလ္လင်ပေါ်မှ ထလိုက်၏။ ကြမ်းပေါ်
ကုလားထိုင်များပေါ်တွင် နေရာ ယူထားကြသော
သုံးဆယ်ခန့် ရှိသည့် ဝန်ကြီးများနှင့် တပည့်မျာ
က်လည်း ခုန်ထလိုက်ကြသည်။ ဒလာမတ်ခ်နိုင်
သေနတ်သစ်များကိုကိုင်၍ အခန်းစတ်ပတ်လည်တွ
စောင့်ကြပ် နေကြသော လူဖြူ ကြေးစားစစ်သာ
နှစ်အယ့်လေးယောက်က သေနတ်မြှောက်၍ အလေ
ပြုလိုက်ကြ၏။

လောရင့်ဟောပါးက ကြို မြင်ထားသော ပို၍
ကြည်နူးစရာကောင်းသည့် အံ့ဩစရာ ကိစ္စရပ်မျာ
ဆက်တိုက်လျှင်မြန်စွာ ဖြစ်ပေါ်လာသည်။ ဟင်နှ
ဂါဒူး၏ နှုတ်ဆက်မှုသည် လောကွတ်စကားများပြော
သော်လည်း ကိုတောင်းသည်။ အမေရိကန်များတ
တိုင်းရင်းသား အရာရှိများ၏ရှေ့ဘက် ကုလားထိုင
များတွင် နေရာ ချထားပေးသည်။ အထူးတလည
ဂုဏ်ပြုခြင်းပင်တည်း။ အယ်လီဆန်က ဆက်လက်
မတ်တတ်ရပ်နေသည်။ ယခု တွေ့ဆုံမှုသည် စာချု
အဲတွင် ပါဝင်သည့် အချက် အ လက် များ အာ



ခြုံငုံ၍ သုံးသပ်ရန် ဖြစ်သည်။ လာမည့် ရက်ပေါင်း
များစွာတွင် အသေးစိတ် အပေးအယူ လုပ်မှုများကို
ပြုလုပ်ရပါဦးမည်။ အယ်လီဆန်က လျော်ညီသော
အဖွင့်စကားကို စတင်၍ ပြောကြားလိုက်သည်။

'ဂုဏ်သရေ အပေါင်းနှင့် ပြည့်စုံသော သမ္မတ
ကြီးနှင့် ဂုဏ်ပြုအပ်သော ဝန်ကြီးများရှင့်၊ ရှင်တို့၏
ခွင့်ပြုချက်ဖြင့် ကျွန်မက အ ကျဉ်း ချုပ် တင်ပြ
အစီရင်ခံလိုပါတယ်'

ဟင်နရီဂါဒူးက ကြားဖြတ်၍ ပြောလိုက်သည်။

'ထိုင်ပါ မစ်(စ်)ကရိတ်ချ်၊ အ ကျဉ်း ချုပ်ကို
တင်ပြဖို့ မလိုတော့ပါဘူး၊ ကျုပ်တို့ဆီ ပို့ပေးထားတဲ့
စာရွက်စာတမ်းတွေကို ကျုပ်တို့က လေ့လာထားပြီး
ပါပြီ၊ ကျုပ်တို့က အားလုံးဟာ ကျေနပ်ဖွယ်ရာ
ဖြစ်ကြောင်း တွေ့ရှိရပါတယ်'

အယ် လီ ဆန် သည် ကြက်သေ သေသွားပြီး
ထိုင်ချ လိုက်ရသည်။ သိပ် မြန် လွန်း တယ်၊ သိပ်
လွယ်လွန်းတယ် ဟု တွေးလိုက်မိသည်။

အယ်လီဆန်၏ ညာ ဘက် တွင် ထိုင် နေ သော
လော ရင့် ဟော့ ပါး က တော့ ပီတိ ဖြစ်နေသည်။
ဟင်နရီဂါဒူး၏ ပွယောင်းယောင်း မျက်နှာပေါ်တွင်
ချွေး ပြန် နေ သည်။ ဟင်နရီဂါဒူး သိပ် ကြောက်
နေလေပြီ။

အက်ဒဝပ် ဒီဘရီးစ်သည် အယ် လီ ဆန် ၏
ဘယ်ဘက်၌ ကြို တင်၍ နေရာယူထားသည်။ သူက
တိုးတိုးကလေး ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'မင်းက သူ့ကို ပြုစားလိုက်လို့ပဲ ဖြစ်ရမယ်' ဟင်နရီဂါဒူးက ထပ်ပြောလိုက်၏။

'ကျုပ်တို့က ကျုပ် တို့ နိုင်ငံကို ကာ ကွယ်ဖို့ ပစ္စည်းတွေကိုပဲ စိတ်ဝင်စားတယ်၊ တ ကယ် လို့ မင်းတို့က ကျုပ်တို့ဆီကို သ တင်း ကောင်း တွေ ယူဆောင်လာမယ် ဆိုရင် အ ဟန့် အ တား တွေ ရှိမှာ မဟုတ်ပါဘူး'

ဒါပဲပေါ့ ဟု အယ်လီဆန်က တွေးလိုက်၏။ သူက လက်နက်တွေကို ချက်ချင်း လိုချင်နေသည်။ ဖော်မြူလာကတော့ တစ်ဆင့်ပြီး တစ်ဆင့် တိုးမြှင့်၍ ပေးသွားရေးပင် ဖြစ်သည်။ အကယ်၍ ဂါဒူးက တစ် ဖက် သတ် ဆောင် ရွက် မည် သာ မ က သိပ် စောလွန်းပါက ထို ဖော် မြူ လာ ပျက်စီး သွားနိုင်ပေသည်။

သူ့အတွေးကို တွေး မိသော ဟော့ ပါး က တိုးတိုးလေး ပြောလိုက်၏။

'ပြဿနာ မ ရှိ ပါ ဘူး၊ သူ့ ကို ဖြုန်း ခနဲ ဆွ ပေးလိုက်လို့ပါ၊ အားလုံးကို ထိန်းချုပ် ထားနိုင် ပါတယ်'

သူ ဘာတွေ လျှောက် လုပ် နေ ခဲ့သ လဲ ဟု အယ်လီဆန် တွေး လိုက် မိ ၏။ ဟော့ ပါး က အယ်လီဆန်နှင့် သော် လည်း ကောင်း၊ စီ ဂျေနှင့် သော် လည်း ကောင်း ညှိ နှိုင်း ခြင်း မ ရှိ ဘဲ ဆောင်ရွက်ခဲ့ခြင်း ဖြစ်နိုင်သောကြောင့် အယ်လီဆန် ဒေါသ ထွက် သွား သည်။ သူက စီ ဂျေနှင့်



ဆွေးနွေးခဲ့တာလည်း ဖြစ်ကောင်း ဖြစ်မည်။ ဒါဆိုရင် လောရင့်ဟော့ပါးနှင့် စီဂျေတို့က သူ့ နောက်ကွယ်တွင် အတူတူတွဲ၍ တစ် ကြိတ် တည်း တစ်ဥာဏ်တည်း လုပ်ကိုင်နေကြတာလည်း ဖြစ်နိုင်သည်။ အဲ ဒါ က ပိုဆိုးသွားသည်။ အယ်လီဆန်က ဟင်နရီဂါဒူးအား ပြောလိုက်၏။

'ဂုဏ်ကျက်သရေ အပေါင်းနှင့် ပြည့်စုံ သော သမ္မတကြီးရှင့်၊ ဒီကနေ့မှာ စတိ အဖြစ် ပေးစရာ ရှိတာတွေကို ပေးအပ်ပြီးပါပြီ၊ သဘောတူညီချက် တွေကို လက်မှတ် ရေးထိုးပြီးတာနဲ့ တစ်ပြိုင်နက် များများစားစား တင်ပို့ ပေးမှာ ဖြစ်ပါတယ်'

အယ်လီဆန်က ရှည်လျားသော စာ ရင်း ကို ချတ် ပြ လိုက် ၏။ နောက် ထပ် ရှင်ဒလာမတ်ခ်နိုင်း ရိုင်ဖယ် ၂၇၀၀၊ စက်သေနတ်များ၊ မော်တာများ၊ အမြောက်များ စသည်တို့ပင်တည်း။

ထို့နောက် လော ရင့် ဟော့ ပါး က ခြေလျင် စစ်သားများအား လက်နက် တပ်ဆင်ရေး၊ လေ့ကျင့် သင် ကြား ပေး ရေး နှင့် လူ အင် အား တိုးချဲ့ရေး အစီအစဉ်များကို ရှည် ရှည် လျား လျား တင်ပြ သွားသည်။ ဆင်းဒဟတ် စစ်တက္ကသိုလ်တွင် လေ့ကျင့် သင် ကြား ခဲ့ ရ မှု က ဟင် န ရီ ဂါ ဒူး အ တွက် ပီနားလည်စေသည်။ သူက ဝါရင့် စစ်သားကြီးများ၏ မေးခွန်းများကို မေးမြန်းတတ်သည်။ ဟော့ပါးက လည်း ထိုမေးခွန်းများ အားလုံးကို ဖြေနိုင်သည်။ ထို့နောက် ဒီဘရီးစ်၏ အလှည့်သို့ ရောက်လာ သည်။



www.burmeseclassic.com

www.burmeseclassic.com

သူက ဟန်ပါပါ မတ်တတ် ရပ်လိုက်ပြီးနောက် လာဖ်တန်အေတူး ဗင်ဒီကေတာ လေ ယာဉ်ပျံ[illegible] စွမ်းဆောင်ရည် များနှင့် အမြန်နှုန်း၊ လူဖြ[illegible] ပိုင်းလေ့များအား ငှားရမ်း ရရှိနိုင်ပုံ၊ထိုင်းရင်းသာ[illegible] ပိုင်းလေ့များအား ထို ပုဂ္ဂိုလ်များက မောင်းနှင်[illegible] တတ်အောင် သင်ကြား ပေးနိုင်ပုံ စသည်တို့ကို ရှင်းလင်း တင်ပြသည်။ ဟင်နရီဂါဒူး ဝမ်းသာအား[illegible] နားထောင်နေသည်။ နောက်ထပ် မေးခွန်းများ ထို[illegible] မေးမြန်းသည်။ ဒီဘာရီးစ်ကလည်း ပြည့်ပြည့်စုံ[illegible] ဖြေ ဆိုနိုင်ခဲ့သည်။ ဟင်နရီဂါဒူးက မေးစရာ မေးခွန်းများ ကုန်ခန်း သွားသောအခါ 'ကျေးဇူး တင်ပါတယ် ဆူပရင်း အဲယားမာရှယ်' ဟု ပြောလိုက်သည်။

ဟာကွက် မဖြစ်ပေါ်စေလိုသော အယ်လီဆန်က ပြောလိုက်၏။

'သဘောတူညီချက်တွေဟာ ရှုပ်ထွေးလွန်းလှပါ[illegible] တယ် သမ္မတကြီး၊ ရှင့်ရဲ့ ဝန်ကြီးများ [illegible] ကျွမ်းကျင်သူများနဲ့ အတူ အသေးစိတ်တွေ[illegible] ကျွန်မတို့နဲ့ဆွေးနွေးလိုကောင်း လိုကြပါလိမ့်မယ်ရှင်'

ဂါဒူးက ကြေညာလိုက်၏။

'ကျုပ်တို့က ဆုံးဖြတ်ချက် ချပြီးပါပြီ'

'ရှင့်ဝန်ကြီးတွေက ရှင်းလင်းချက်တွေ ဒါမှမဟုတ် ပြင်ဆင်ချက်တွေကို ပြုလုပ်ပေးစေလိုတဲ့ ဆန္ဒ ရှိချင် ရှိကြပါလိမ့်မယ်'

'ကျုပ်တို့က နောက်ထပ် မဆွေးနွေးလိုတော့ဘူး'



ဟင်နရီဂါဒူးသည် ရာဇပလ္လင်မှ မတ်တတ်ရပ်ပြီး ကြေညာလိုက်လေ၏။

'လက်မှတ် ရေးထိုးပွဲ အခမ်းအနားကို နက်ဖြန် [illegible]နက် ကိုးနာရီမှာ ပရီစီ ကောင်စီခန်းမဆောင်မှာ ကျင်းပမယ်'

ဟင်နရီဂါဒူးအား မည်သို့ မည်ပုံ ဆွပေးလိုက်သည် ဆိုသော ကိစ္စကို သိလိုသောကြောင့် အယ်လီဆန် သည် လောရင့်ဟော့ပါးနှင့် နှစ် ယောက် တည်း မော်တော်ကား စီး၍ ပြန်ချင်ခဲ့သည်။ သို့ရာတွင် အယ်လီဆန် အတော်ကလေး ပျော်ရွှင်နေသည်။ လက်မှတ် ရေးထိုးပွဲ အခမ်းအနားကို မျှော်လင့်ထားသည်ထက် စော၍ ကျင်းပ နိုင်ပေတော့မည်။ ပြီးတော့လည်း အက်ဒဝပ် ဒီဘာရီးစ်၏ ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်မှုအတွက် ဆု ချီးမြှင့်လိုသော ဆန္ဒကလည်း ရှိနေသည်။ အပြင်ဘက်သို့ သူတို့ ရောက်လာကြသောအခါ အယ်လီဆန်က မေးလိုက်၏။

'ကျွန်မတို့နဲ့ တွဲပြီး မော်တော်ကား စီးချင်စိတ် ရှိပါသလား ဆူပရင်း အဲယားမာရှယ်'

ဘဝင်မြင့်သွားသော ဒီဘာရီးစ်က

'ခင်ဗျားနဲ့ အတူတူ လိုက်ခဲ့ရမယ် ဆိုရင် သိပ်[illegible]င်း မြောက်ပါတယ် မစ် (စ်) ကရိတ်ခ်' ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဟော့ပါးက ဒီဘာရိုးစ်၏ လေသံ ကို ရိပ်မိပြ
ဒီကနေ့ည သူတို့ နှစ်ယောက် တွဲမိကြတော့မှာပဲယ
ကျေကျေနပ်နပ် ကြီး တွေးလိုက်မိသည်။ သူတို့
နှစ်ယောက်၏ အိပ်ခန်းများတွင် လျှို့ဝှက် အသံဖမ်း
ခွက်ကလေးများကို တပ်ဆင်ထားခဲ့ပြီးလေပြီ။ အသံ
ဖမ်းယူထားသော သက်သေခံပစ္စည်းက သူတို့
နှစ်ယောက် စလုံးကို စီဂျေကင်းဖီးလ်နှင့် ခွာ
သွားစေလိမ့်မည် ဖြစ်ပါ၏။

မော်တော်ယာဉ် တန်းကြီးသည် နန်းတော်ဝင်းထဲ
ထွက်ခွာလာခဲ့သည်။ အမျိုးသား နှစ်ယော
ကြားတွင် ထိုင်နေသော အယ်လီဆန် သည
အကြီးအကျယ် ဝမ်းမြောက် ဝမ်းသာ ဖြစ်နေ
ဖြစ်သည်။ အမျိုးသား နှစ်ယောက်က လည
ကိုယ့်စိတ်ကူးနှင့်ကိုယ် မီးလောင်ရာ လေ
ဖြစ်အောင် မြှောက်ပင့် ပြောဆိုနေကြ သည
ဒီဘာရိုးစ်က ပြောလိုက်၏။

'တကယ် အံ့ဩစရာပဲဗျာ၊ ခင်ဗျားက သူ့
ဇက်ဝံကြီးကို မျက်လှည့်ဆရာရဲ့ မျောက် ဖြစ် သွား
အောင် လုပ်နိုင်စွမ်း ရှိပါပေတယ်'

ဟော့ပါးကလည်း သူ့ လက်ပတ်နာရီ
တစ်ချက်လှမ်းကြည့်လိုက်သည်။

'ခြောက်နာရီ မိနစ်လေး ဆယ် ရှိသွား
ဆယ့်ငါးနာရီ မကြာခင် ကမ္ဘာပေါ်မှာ အကြီး
လုပ်ငန်းကြီးကို ခင်ဗျား အပိုင် ချုပ်ကိုင်နိုင် မှ
ရှိတော့မယ်'



ကျုပ်ရဲ့ ကျေးဇူး ကြောင့် ပဲ၊ ဒါပေမယ့်
ကျုပ်အတွက် ဆုလာဘ်ကို ကင်းဖီးလ်ဆီက ရမှာ မှာ
ဟော့ပါးက ဆက်တွေးလိုက်သည်။

အယ်လီဆန်သည် မြှောက်ပင့်ပြောဆိုမှုများတွင်
နစ်မြောနေမိသည်။ ဘယ်သူက ဘာကိုပဲ လုပ်ခဲ့
လုပ်ခဲ့၊ ဟင်နရီဂါဒူးက နိုင်ငံ တစ် နိုင် ငံ လုံးနှင့်
ကမ္ဘာပေါ်မှာ အကြွယ်ဝဆုံး ရွှေတွင်းကြီးများကို
လက်မှတ် ရေးထိုးပြီး လွှဲအပ်အောင် ဆောင်ရွက်
နိုင်ခဲ့သူမှာ သူသာလျှင် ဖြစ်သည်။

အယ်လီဆန်တို့၏ မော်တော်ကားများ နှင့်
စစ်သားများ အပြည့်အနှက် ပါလာသော
ထရပ်ကားများသည် ကျဉ်းမြောင်းသော
လမ်းတစ်လမ်းထဲသို့ ချိုးကွေ့လိုက်သည်။
ဘတ်စ်ကားဟောင်း တစ်စီးက လမ်းကို ကန့်လန့်
ဖြတ်၍ ပိတ်ရပ်ထားပြီး အင်အက်စ်ဘီ တပ်သား
များက ကားတန်းကြီးကို တားထားလိုက်သည်။
ကျည်ဆန် မဖောက်ဆွင်းနိုင်သော မှန်တံခါးများက
အသံကိုပါ မကြားရစေသဖြင့် မာစီးဒီး
မော်တော်ကားထဲမှ ခရီးသည် သုံးယောက်သည်
စကား မပြောတတ်သူများက ကပြအသုံးတော်
ခံနေသော ပြဇာတ်ကို ကြည့်နေရသလို ဖြစ်နေ
သည်။

အင်အက်စ်ဘီ တပ်သားများသည် တဲကုပ်ကလေး
များထဲမှ စုတ်စုတ်ပြတ်ပြတ် လူများကို မောင်းထုတ်
နေသည်။ တပ်သားများကို မြင်တွေ့နေရသော်လည်း
သူတို့၏ အော်ဟစ်သံ၊ ဆဲဆိုသံများကို မကြားရပါ။



www.burmeseclassic.com

www.burmeseclassic.com

သူတို့၏ အကျဉ်းသားများကို မြင်တွေ့နေရသော်လည်း သူတို့၏ အသနားခံသံ၊ ကန့်ကွက်သံများကို မကြားရပါ။ အယ်လီဆန်သည် ငေးကြည့်နေသော်လည်း တချိန်သော အခါက အခြားအဖြစ်အပျက်များကိုသာ မြင်ယောင်နေမိသည်။ သူနှင့် အိပ်စ်ပီးရီးမှင့် လူမည်းအုပ်စု အဖမ်းခံနေရသည်ကို မြင်ယောင်နေမိသည်။ အယ်လီဆန်၏ ဝမ်းဗိုက်ထဲမှ တောင့်တင်း နာကျင်လာသော ဝေဒနာကို ခံစားလိုက်ရလေ၏။

'ရာဇဝတ်ပြစ်မှု ရှိသူတွေကို ဖမ်းဆီးနေတာပါ'

လောရင့်ဟော့ပါးက လုံးဝ စိတ်မပါဟန်နှင့် ပြောလိုက်သည်။ သူ ဒါထက် ပို သိ ပါ သည်။ တီထွင် ဖန်တီး ပေးလိုက်သော ဗုံးဖောက်ခွဲမှု ဇာတ်လမ်းကြောင့် ဖြစ်ပေါ်လာသော ဒေါသ၏ နောက်ကွယ်တွင် လူများကို စည်းမဲ့ကမ်းမဲ့ အစုလိုက် အပြုံလိုက် ဖမ်းဆီးနေသည်။ ဟင်နရီဂါဒူးသည် ထိုပုဂ္ဂိုလ်များကို သုတ်သင်ရာတွင် စီစီအိုင်–ကမ်မ်ကို ကိုယ်စားလှယ် အဖွဲ့မှ ပုဂ္ဂိုလ်များ မမြင်နိုင် မကြားနိုင်သော နေရာ၌သာ ဆောင်ရွက်ခြင်း ဖြစ်ပါစေ ဟု လောရင့်ဟော့ပါးက ဆုတောင်းမိသည်။

အကျဉ်းသားများကို ဘတ်စ်ကားထဲသို့ အတင်းဝင်ခိုင်းနေသည်။



အယ်လီဆန်က မျက်စိ မှိတ် ထား လိုက်၏။ သို့ရာတွင် အတိတ်မှ အရိပ်များကိုမူ ပယ်ဖျောက် မရနိုင်ပါချေ။

လော့စ်အင်ဂျလီ အခမဲ့ ဆေးခန်းမှ ဆရာဝန်က ပြောလိုက်၏။

'ဂိုနို ရောဂါကျရောဂါပဲ၊ ဒီရောဂါကို ဒီကနေ့ စကုမယ်၊ အခုပဲ စကုမယ်'

ဆရာဝန်က အယ် လီဆန် ၏ တင်ပါး ကို ပွတ် သပ် ရင်း 'မင်း တော် တော် ချော တဲ့ မိန်းကလေးပဲ' ဟု ပြောလိုက်သည်။

ဆေး ထိုး ပြီး သော အ ခါ အယ်လီဆန်က ပြောလိုက်၏။

'ကျေးဇူး တင်ပါတယ် ဒေါက်တာ ရားဘိုးရိုး'

'ကိုယ့်ကို အိနစ်လို့ ခေါ်ပါလားကွာ၊ ကိုယ်က မင်းနဲ့ မိတ်ဆွေ ဖြစ်ချင်ပါတယ်'

'ဖြစ်ပါတယ် အိနစ်'

'မင်းက စားပွဲထိုးအလုပ်ကို ဝင်လုပ်နေတယ်ဆို'

'ဆန်းဆက် ပျော်ပွဲစားရုံမှာပါ၊ ကျွန်မ အလုပ်လုပ်တာ ရက်သတ္တတစ်ပတ်ပဲ ရှိပါသေးတယ်'

'မင်း ဘယ်သူနဲ့ အတူတူနေသလဲ'

'ဘယ်သူနဲ့မှ မနေပါဘူး'

www.burmeseclassic.com

'ကားလ် ဗာစီးတီးမှာ ကိုယ့်အိမ် ရှိတယ်၊ နောက်ပိုင်းကျရင် မင်း အဲဒီကို ပြောင်းလာလို့ ရပါတယ်'

'ကျွန်မရောဂါ လုံးဝ ပျောက်ကင်းသွားမှလို့ ဆိုလိုတာလား'

'ဟုတ်တယ်၊ ပြီးတော့လဲ မင်း အလုပ်ကထွက်ရလိမ့်မယ်၊ မင်းကို ကိုယ်က မင်းရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးမယ့်အပြင် ရက်သတ္တ တစ်ပတ်ကို မုန့်ဖိုး ဒေါ်လာ ငါးဆယ်ပေးမယ်'

ဒေါက်တာ အိနစ်ရားဘိုးရှိုးတွင် ဝင်ငွေကောင်းသော ကိုယ်ပိုင် ဆေးခန်းရှိနေပြီး သူသည် ရက်သတ္တတစ်ပတ်တွင် နာရီအနည်းငယ်မျှသာ အခမဲ့ ဆေးခန်း၌ လာရောက် ကုသပေးသူ ဖြစ်သည်။

'အေးကွာ၊ မင်း သိပ်ချောတာပဲ'

နောက်ထပ် ရက်သတ္တ နှစ်ပတ် ကြာသောအခါ အယ်လီဆန်သည် ကားလ်ဗာစီးတီး နေအိမ်သို့ ပြောင်းရွှေ့လာခဲ့သည်။ နောက်ထပ် လေးလ ကြာသောအခါ အဝတ်အစား သစ်သစ်လွင်လွင်များနှင့် ဒေါ်လာငါးရာကို စုဆောင်းမိပြီး ဖြစ်သဖြင့် ဒေါက်တာ အိနစ်ရားဘိုးရှိုး၏ အနှောင် အဖွဲ့မှ ရုန်းထွက်ခဲ့ပြီး နယူးရော့ခ်မြို့သို့ ထွက်ခွာ လာခဲ့တော့သည်။

အယ်လီဆန်သည် အမျိုးသား မဂ္ဂဇင်းများအတွက် ဓာတ်ပုံ စံပြမယ် လုပ်ပါက တစ်ပတ်လျှင် ဒေါ်လာသုံးရာ ရနိုင်ကြောင်း သိရှိထားသော်လည်း



အဝတ်အစား စံပြမယ်များက ပို၍ ဝင်ငွေကောင်းကြောင်း သိထားသည်။ ထို့ကြောင့် စံပြမယ် ငှားရမ်းသော အေဂျင်စီများသို့ လိုက်လံ၍ အလုပ် ရှာဖွေနေစဉ် တစ်ဖက်ကလည်း ယာယီ လုပ်ငန်းကလေးများတွင် ဝင်ရောက် လုပ်ကိုင်ပြီး ကိုယ့်ဝမ်းရေးကို ဖြေရှင်းခဲ့သည်။

ဆီနေတာ အက်ဒဝပ် ကနေဒီက 'ချီပါကွစ်ဒစ်တံတား' ပေါ်မှ မော်တော်ကား ချော်ကျသော အချိန်၊ ပြီးတော့ အာကာသ သူရဲကောင်း နီးလ် အမ်းစထရွန်းက လကမ္ဘာမြေပေါ်တွင် ပထမဦးဆုံး လမ်းလျှောက်သော လူသားအဖြစ် နာမည်ကြီးချိန် ၁၉၆၉ ခုနှစ် ဇူလိုင်လတွင် သူ့အတွက် အခွင့်အရေးကောင်း တစ်ခုကို ရရှိလာလေ၏။

သူသည် ဟိန်းဇ်လာဂါဆိုသော ဓာတ်ပုံဆရာနှင့် တွဲမိပြီး တစ်ဟုန်ထိုး နာမည် ကြီးလာသည်။ သို့ရာတွင် ကံဆိုးချင်တော့ အယ်လီဆန်နှင့် အတူ လာရောက် နေထိုင်သော ဟိန်းဇ်လာဂါသည် ၁၉၇၁ ခုနှစ်၏ ညတစ်ညတွင် အရက်အမူးလွန်ပြီး သေဆုံးသွားသည်။ သူ သေဆုံးချိန်တွင် အယ်လီဆန်နှင့်အတူ ရှိနေသောကြောင့် ဟိုးလေးတကျော် ဖြစ်မှုက သူ့လုပ်ငန်းကို လာရောက် ထိခိုက်စေခဲ့သည်။ အယ်လီဆန်သည် ယခင်ကလောက် စံပြမယ် အလုပ်ကို မလုပ်ရသလို ဈေးကလည်း ပို ကျဆင်းလာသည်။

သို့ရာတွင် အယ်လီဆန်သည် ဒေါ်လာ တစ်သန်းတန်ခြံနှင့် မြေကို ဘယ်လဂျီယံလူမျိုး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်က ဝယ်ယူသွားအောင် စပ်ဟပ်ပေးနိုင်ခဲ့သဖြင့် ပွဲခအဖြစ် ဒေါ်လာတစ်သောင်း ရရှိရာမှ ပြန်၍ အခြေအနေ ကောင်းလာခဲ့သည်။ ကျန် အရောင်းအဝယ် လုပ်ငန်းများကိုလည်း လုပ်ကိုင်ခဲ့ရသည်။

၁၉၇၄ ခုနှစ်တွင် အယ်လီဆန်က ရိတ်ချ်၏ မျက်နှာသည် ဖက်ရှင်လောကထဲမှ ကွယ်ပျောက်သွားပြီး ကိုယ်ပိုင်လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့တော့သည်။

၁၉၇၆ ခုနှစ်တွင် အီလိုရေး မာကင်တိုင်း ကော်ပိုရေးရှင်းမှ မာခ်တာတမ်က နီကာရာဂွာတွင် ဒေါ်လာ ၁၂ သန်းတန် အမှာစာ တစ်ခုအတွက် ဝင်ရောက်ယှဉ်ပြိုင်ထားကြောင်း၊ မှာယူထားသော ပစ္စည်းများမှာ လက်ပစ်ဗုံးများ၊ ဆူပူမှု နှိမ်နင်းရေး သေနတ်များနှင့် သူပုန်များ၊ အကြမ်းဖက်သမားများ စသည်တို့ကို ဟန့်တားနိုင်သည့် အခြား လက်နက် ပစ္စည်းများ ဖြစ်ကြောင်း၊ ထို အမှာစာ အတွက် အမေရိကန်နှင့် ဥရောပမှ ကုမ္ပဏီများကလည်း ဝင်ရောက် ယှဉ်ပြိုင်နေကြကြောင်း ရှင်းပြသည်။

အစ ပထမတွင် အယ်လီဆန်က လက်နက် ရောင်းဝယ်သည့် ကိစ္စမှာ ကိုယ်ကျင့်တရား ကိစ္စကို အသာဘေးဖယ်ထား၊ တရားဝင်သည်ဟု မဆိုနိုင်သည့် တိုင်အောင် မရိုးသားသော ရောင်းဝယ်မှု ဖြစ်သည်ဟု ဆိုကာ ငြင်းပယ်ခဲ့သည်။ မတ်ခ်တာတမ် က အယ်လီဆန်အတွက် ကော်မရှင် ဒေါ်လာသုံးသိန်း



ပေးမည် ဆိုလာသော အခါ အယ်လီဆန်တ မျက်တောင် တဖျတ်ဖျတ်ခတ်ပြီး ခေါင်းညိတ်လိုက် လေ၏။ နောက်တစ်နေ့တွင် သူသည် လေယာဉ်ဖြင့် တစ်စီးနှင့် နီကာရာဂွာသို့ လိုက်သွားခဲ့သည်။ နီကာရာဂွာမှ ပြန်အလာတွင် လက်မှတ်ရေးထိုးပြီး ဖြစ်သော ကန်ထရိုက် စာချုပ်များ ပါရှိလာသည်။ မတ်ခ်တာတမ်က ကော်မရှင် ဒေါ်လာ သုံးသိန်းကို အယ်လီဆန်၏ ဆွစ်ဇာလန်နိုင်ငံမှ အသစ်ကျပ်ချွတ် ဘဏ်စာရင်းထဲသို့ ထည့်သွင်း ပေးလိုက်လေ၏။

အယ်လီဆန်က မျက်လုံး ပြန်ဖွင့်လိုက်သည်။ နောက်ဆုံး အကျဉ်းသားကို ဘတ်စ်ကားထဲသို့ ဝင်ခိုင်းလိုက်ပြီးဖြစ်သောကြောင့် ထိုဘတ်စ်ကားကြီး မောင်းနှင် ထွက်သွားခဲ့လေပြီ။ သူတို့၏ မော်တော်ကား တန်းကြီးသည်လည်း ဟိုတယ်ဆီသို့ ပြန်လည် ထွက်ခွာနေလေပြီ။

နယူးရော့ခ်မှ အရက်မျိုးစုံကို ၎င်းတို့နှင့်အတူ သယ်ဆောင် လာခဲ့ကြောင်း အက်ဒဝပ် ဒီဘာရီးစ်က အယ်လီဆန်နှင့် ဟော့ပါးတို့ကို သတိပြန်ပေးလိုက် သည်။ အရက်ပုလင်း အများစုကို စီစီအိုင်-ကမ်မ်ကို အဖွဲ့ဝင်များနှင့် လေယာဉ် အဖွဲ့သားများအတွက် သီးသန့် သိုလှောင်ထားသော ပစ္စည်းများဖြစ် သိမ်းထားရန် ဂါဒူးဂရင်း ဒ် ဟိုတယ် ၏ ဘားကောင်တာတွင် အပ်နှံထားပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီဘာရီးစ်က ပြောလိုက်၏။

'စားသောက်ဆိုင်က ညရှစ်နာရီမခွဲမီ အချိန်အထိ ညစာ ကျွေးဦးမှာ မဟုတ်ဘူး၊ ကျုပ်တို့က ထိုင်းရင်းသား အစား အစာတွေကို မစား ခင် တစ်ခွက် နှစ်ခွက်စီလောက် သောက် ထားကြရမှ လူတိုင်း ရယ်နိုင် မောနိုင် ရှိနေကြမှာဗျ'

'ကောင်းတဲ့ စိတ်ကူးပဲ'

အယ်လီဆန်က ပြောလိုက်၏။

## ၁၈

ဒေါက်ဂလပ်စ်ဖီးဒင်းနှင့် အိုလီတို့သည် စက်ဆနာ လေယာဉ်ပျံကို လုံခြုံမှု ရှိစေ ရေး နှင့် တစ်ညသိပ်ထားနိုင်ရေးအတွက် လိုအပ် သော စာရွက်စာတမ်းများတွင် ဖြည့်စွက် ကြရဦးမည် ဖြစ်ပါ၏။ သူတို့ နှစ်ယောက်က နောက်မှ လိုက်လာကြသည်။ သို့ရာတွင် သူတို့က စပင်ဆာပက်တာဆန်အား ဂါဒူး မြို့တော် လေဆိပ်ရှိ အကောက်ခွန် ဌာနနှင့် အင်အက်စ်ဘီ လုံခြုံရေး ဌာနတို့မှ ထွက်ခွာသွားနိုင်အောင် လိုက်လံ ပို့ဆောင် ပေးခဲ့ကြသည်။ စတိဗ်က လည်း ပို၍ ရှောရှောရှူရှူ ရှိအောင် ရွှန်ဆွန် ခေတ်မီးခြစ်များနှင့် ပတ် ကား ဘောပင်များထို



ဆယ် ဒေါ်လာတန် ငွေစက္ကူများနှင့် ပတ်ပြီး လက်ဆောင်ပေးခဲ့သည်။

ခပ်ချောချော အငှားကား တစ်စီးက သူ့ကို ဂါဒူးဂရင်းဒ် ဟိုတယ်သို့ ပို့ပေးသည်။ ယူနီဖောင်းဆယ် အဲယားဆားဗစ်ဆက်စ်က မစ္စတာ ပက်တာဆန် အတွက် အကောင်းဆုံး အခန်းကျယ်ကြီးကို ချန်ထားရန် တဲလက်နှင့် ကြိုတင် အကြောင်းကြား ထားသောကြောင့် ဟိုတယ်မန်နေဂျာက မျက်နှာလို မျက်နှာရ လုပ်လိုက်သည်။

'အခန်းတွေက တော်တော် ခဲယဉ်းတယ် ခင်ဗျ၊ အမေရိကန် နိုင်ငံက အလွန် အရေးပါတဲ့ လူကြီး လူကောင်းတွေ ဒီ ဟိုတယ်မှာ တည်းခိုနေပါတယ်၊ သူတို့ ဒီကနေ့ မနက်က ရောက်လာကြပြီး ခုဆိုရင် ကျွန်တော်တို့ရဲ့ သမ္မတကြီးနဲ့ သွားရောက် တွေ့ဆုံ နေကြတယ် ခင်ဗျ'

'အင်း....ကင်းဖီးလ် ကွန်ဆိုလီဒိတ်တက် အုပ်စုပဲ'

မန်နေဂျာက လျှို့ဝှက်ချက် တစ်ခုကို ထုတ်ပြော မိလေပြီဟု တွေးမိပြီး မျက်လုံး ပြူး တူး ပြဲ တဲ ဖြစ်သွားသည်။

'ကျုပ်တို့ရဲ့ ခရီးသွား အေဂျင်စီ လုပ်ငန်းမှာ ကျုပ်တို့ မသိလိုက်တာ သိပ်မရှိပါဘူးလေ'

ပက်ဂျက်က အစစ အရာရာကို သူ သိကြောင်း မျက်စပစ်၍ ပြောလိုက်လေ၏။

အခန်းကျယ် နံပါတ် ၃၀၆ သည် သင့်တော် သည်ဟု ဆိုရ ရုံမျှ သာ ရှိ သည်။ စတိဗ် သည်



www.burmeseclassic.com

www.burmeseclassic.com

ရေမိုးချိုးပြီးနောက် တိုးတိုက်တိုက် ကမ်းတိုက်တိုက် ဆောင်ရွက်မည့် အမေရိကန် ခရီးသွား အေဂျင်စီ ကိုယ်စားလှယ် တစ်ယောက်နှင့် တူ အောင် အဖြူရောင် ချည် ထည် ဝတ်စုံကို ဝတ်ဆင် ပြီး ကောက်တေး ခန်းမဆောင်ထဲသို့ ဆင်းလာခဲ့သည်။ စီစီအိုင်မှ ပုဂ္ဂိုလ်တချို့သည် ဤခန်းမဆောင်ထဲသို့ ဝင်ရောက် လာကြမည်မှာ သေချာပြီး သူက ပြည်ပရောက် အမေရိကန် အချင်းချင်း တွေ့ဆုံမိကြ သည့် အနေနှင့် စကား စမြည် ပြောဆိုနိုင်မည် ဖြစ်ပါ၏။

ထို ခန်းမဆောင် ထဲ တွင် မဝမ်ဒီ နိုင်ငံမှ အထက်တန်းလွှာ အချို့သည် ခမ်း ခမ်းနား နား စား သောက်နေ ကြ သည်။ အ ခန်း ၏ ထောင့် တစ်ထောင့်တွင် ကြီးမားသော လူဖြူအုပ်စု တစ်ခုက နေရာယူထားသည်။ သူတို့သည် လေယာဉ် ဝတ်စုံ များကို ဝတ်ဆင်ထားကြသဖြင့် စီစီအိုင် ဘိုးရင်း လေယာဉ်မှ လေယာဉ် ဝန်ထမ်းများ ဖြစ်ကြပါလိမ့် မည်။ မဝမ်ဒီနိုင်ငံမှ အက်ဂဘီ လူမျိုးများက အရပ် ခပ်ရှည်ရှည် အမေရိကန်ကို ဂရုမစိုက်ကြပါ။ လူဖြူ လေယာဉ် ဝန်ထမ်း အုပ်စုကလည်း သူ့ ကို တစ်ချက် လှမ်းကြည့်ပြီးနောက် ကိုယ့် အရက် ကိုယ်ပြန်သောက်ပြီး စကားပြောနေကြသည်။

ရှည်လျားသော ဘားကောင်တာ၌ ထိုင်ခုံ များတွင် ထိုင်နေသူ မရှိပါ။ စတိဗ်သည် ထိုင်ခုံ တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီးနောက် တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်ပြီး ဘားကောင်တာမှ ပုဂ္ဂိုလ်ထံ



နှုတ်ဆက်၍ ဆလင်း စီးကရက် တစ်လိပ်ကို မီးညှိ လိုက်သည်။ ဘားကောင်တာတွင် အရက်ပုလင်း အနည်းငယ်ကိုသာ ပြသထားသည်။ သူက အင်ဗာဟောက်စ် ဝီစကီ နှစ်ပက်ကို ပုလင်းနှင့် ထည့်ထားသော မွန်းလိုင်းယင်း တံဆိပ် ရေနှင့် ရော၍ ရေခဲမထည့်ဘဲ ခပ်ဖြည်းဖြည်း သောက်နေ သည်။

ဆယ်မိနစ် ကြာသွားသည်။ ဆယ့်ငါးမိနစ် ကြာသွားသည်။ လူဖြူ တစ်သိုက် ခန်းမဆောင်ထဲသို့ ဝင်လာချိန်တွင် သူက နောက် တစ်ကြိမ် ထပ်မှာ သောက်လိုက်၏။ ရွှေရောင် ဆံပင်နှင့် အမျိုးသမီးကို ဓာတ်ပုံများမှ တစ်ဆင့် သူ မှတ်မိ လိုက် သည်။ နာမည်ကြီး အယ်လီဆန် ကရိုတ်ချ်ပါတကား။ သူ့ တစ်ဖက် တစ်ချက်တွင် အမျိုးသား တစ်ယောက်စီ ပါလာသည်။ ဟိုးလေးတကျော် အရှုပ်အရှင်း ဖြစ်စဉ်က သတင်းစာထဲ၌ ဖော်ပြခဲ့သော လောရင့်ဟော့ပါး၏ ဓာတ်ပုံများကို ပက်ဂျက် မြင်ခဲ့ဖူးသည်။ လောရင့် ဟော့ပါးသည် ထိုအရှုပ်အရှင်းကိစ္စကြောင့် စီအိုင်အေမှ ထွက်ခဲ့ရခြင်း ဖြစ်သည်။ ကျန်တစ်ယောက်ကတော့ လေးရစ် ပါသော လေယာဉ်ပျံ ကက်ပတိန် တစ်ယောက်၏ ယူနီဖောင်းကို ဝတ်ဆင်ထားသည်။ ကျန်အမျိုးသား ကိုးယောက်က ထိုသုံးယောက်၏ နောက်က လိုက်ပါလာကြသည်။

စားပွဲထိုးများ ပျာယာခတ် သွားကြသည်။ ထိုအုပ်စုသည် လေယာဉ်ပျံ ဝန်ထမ်း အုပ်စုကို

www.burmeseclassic.com

အလေးမထားဘဲ ဆန့် ကျင် ဘက် ထောင့် ဆီ သို့ သွားကြသည်။ ထိုနေရာတွင် စားပွဲ ငယ် က လေး များကို ဆက်၍ စားပွဲရှည်ကြီး တစ်ခု ဖြစ်အောင် တည်ခင်းထားသည်။ ကက်ပတိန်က ဘားကောင်တာ ဆီသို့ လျှောက်လာသည်။ သူက ဘားကောင်တာ ပုဂ္ဂိုလ်ကို ပြောလိုက်၏။

'ကျုပ်တို့ရဲ့ သီးသန့် အရက် ပုလင်းတွေထဲက စကော့ချ် ဝီစကီ၊ ဘာဘွန်၊ ဗော်ဒ်ကာ၊ ကော့ညက် အရက် တစ် ပုလင်း စီ၊ အေး နေ အောင် ရေ ခဲ စိမ်ထားတဲ့ ရှန်ပိန်က သုံးပုလင်း....'

'ဒီမှာ ကက်ပတိန်' စတီဗ်က အခွင့် အရေးယူ အရ ယူ လိုက် သည်။ 'တကယ်လို့ တစ် ယော ယောက်က ယမကာကို ရေနဲ့ ရောသောက်မယ်ဆိုရင် ပုလင်းထဲ ထည့်ရောင်းတဲ့ရေ ဖြစ်ပါစေဗျာ'

တုံ့ ပြန်မှုက ဟိန်းဟောက်လိုက်ခြင်းပင် ဖြစ်သည်။

'ခင်ဗျားက ဘယ်သူလဲ ကိုယ့်လူရ'

ပက်ဂျက်က သူ့ အား ဂလုပ်ဂါဒလားစ်ကတ်ပြား တစ်ခုကို ပေးလိုက်ပြီး ခပ်ရှင်းရှင်း ပြောလိုက်၏။

'ရိုးရိုးရေကတော့ ကျုပ်တို့လို လူဖြူတွေ အတွက် မကောင်းဘူးဗျ၊ တစ်ငုံလောက် သောက် ပြီး ရင် အိပ်ရာပေါ်မှာ ခင်ဗျား တစ်ပတ်လောက် နေရ လိမ့်မယ်'

ဒီဘရီးစ်က ကတ်ပြားကို တစ်ချက်ကြည့်လိုက်ပြီး နောက် စပင်ဆာ ပက်တာဆန်ကို အကဲ ခတ်လိုက် သည်။ ထွားကျိုင်းသည်၊ ကြမ်းတမ်းမည့် ပုဂ္ဂိုလ် ဖြစ်သည်ဟု တွေးမိပြီး လက်ဆန့် ပေးလိုက်၏။



'ကျုပ် က ကင်း ဖိုးလ် ကွန်ဆိုလီဒိတ်တက်ရဲ့ ပိုင်းလော့ချုပ် အက် ဒ ဝပ် ဒီဘရီးစ်ပါ၊ ခုလို သတိပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်'

'ကူညီခွင့် ရတဲ့အတွက် ဝမ်းသာပါတယ်'

ဒီဘရီးစ်က ဘား ကောင်တာ နောက်ဘက်မှ ပုဂ္ဂိုလ်ကို ပြောလိုက်၏။

'မင်း ကြားတယ် မဟုတ်လား ဆမ်ဆို'

'ဟုတ်ကဲ့ပါ ခင်ဗျာ၊ ပုလင်းထဲသွတ်ထားတဲ့ရေ၊ မွန်းလိုင်းယင်း တံဆိပ် အကောင်းဆုံး အမျိုးအစား'

ဒီဘရီးစ် ပြန် ထွက် သွား သည်။ စတီဗ်က ငါးဒေါ်လာတန် တစ်ရွက်ကို တွန်းပို့ ပေးလိုက်ပြီး နောက် 'သူတို့ ဖန်ခွက်တွေထဲကို ရေခဲ ထည့်ပေး လိုက်' ဟု ပြောလိုက်သည်။ စား ပွဲ ထိုး များ က လင်ပန်းများပေါ်တွင် ဖန်ခွက်များကို အပြည့်တင်၍ ချပေးရန် သွားကြသောအခါ သူလည်း နောက်က လိုက်ပါသွားသည်။

အယ်လီဆန် ကရိတ်ချ်သည် စားပွဲထိပ်၌ ထိုင်နေ သည်။ ဟောပါးက ညာ ဘက် နှင့် ဒီဘရီးစ်က ဘယ်ဘက်တွင် ထိုင်နေသည်။ ကျန် ပုဂ္ဂိုလ်များက တော့ စားပွဲတစ်လျှောက်တွင် ထိုင်နေကြသည်။

'ကျုပ်ကို ခွင့်ပြုပါ မဒမ်နဲ့ လူ ကြီးမင်း များ ခင်ဗျား'

သူက ဒီဘရီးစ် ရှေ့ဘက်၌ ချထားသော ဝီစကီ ဖန်ခွက်ကို လှက်ညှိုး ထိုးပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

‘ကျုပ်က ရေခဲတုံးတွေကို သတိပြုမိလို့ပါ’

ဒီဘရီးစ်က စိတ် အနှောင့်အယှက် ဖြစ်ဟန်နှင့် မျက်မှောင် ကုတ်လိုက်သည်။

‘ဒီတော့ ဘာဖြစ်သလဲ ပက်တာဆန်’

‘အဲဒါကို ရိုးရိုး ရေနဲ့ လုပ်ထားတာဗျ’

သူက စာရင်း အင်းများကို စွတ်တင်လိုက်သည်။

‘ခြောက်ကြိမ်မှာ တစ်ကြိမ် ပါရာထိုက်ဖွိုက် ဖြစ်နိုင်တယ်၊ ဆယ့်နှစ်ကြိမ်မှာ တစ်ကြိမ် ရှိဂယ်လာဝမ်းကိုက်ပိုးစွဲနာ ဖြစ်နိုင်တယ်’

လောရင့်ဟော့ပါး ဖြူဖပ် ဖြူရော် ဖြစ်သွားသည်။

‘ခင်ဗျားက ဆရာဝန်လား မစ္စတာ ပက်တာဆန်’

‘မ ဟုတ် ပါ ဘူး၊ ခရီးသွား လုပ်ငန်းကပါ။ ကျုပ်တို့က အန္တရာယ်ကို သိထားဖို့ လိုတယ်ဗျ’

ရယ်စရာ ကောင်း သား ပဲ ဟု အယ်လီဆန် တွေးလိုက်၏။ အက်ဒဝပ် ဒီဘရီးစ်ကို နေရာမှန်သို့ ရောက်အောင် ပြန် ပို့ နိုင် ခဲ့ သည်။ ကြောက် စိတ် မရှိသော ဟော့ပါးကတော့ ပိုး မွှား များ ကို အထိတ်တလန့် ဖြစ်သွားသည်။ အယ် လီ ဆန် က ပြောလိုက်၏။

‘ရှင့်ကို ကျွန်မတို့က ကျေး ဇူး တင် ပါ တယ် မစ္စတာ ပက်တာဆန်၊ ရှင့်ကို ကျွန်မတို့က အရက် တစ်ခွက် တိုက်သင့်တာပေါ့ရှင်’

အယ်လီဆန်က ဒီဘရီးစ်အား ပြောလိုက်သည်။



‘စားပွဲထိုးတွေကို ယမကာခွက် အသစ်တွေနဲ့ ကုလားထိုင် တစ်လုံး ယူလာ ခိုင်းလိုက်ပါ’

သူက နေ ရာ ရ ရှိ စေ ရန် အ တွက် သူ့ ကုလားထိုင်ကို ဟော့ပါး နံဘေးသို့ တိုး ကပ် ပေး လိုက်သည်။ ဒီဘရီးစ်သည် မျက်နှာ နီမြန်းသွားသော် လည်း ညွှန်ကြားချက်ကို နာခံသည်။ အထိတ်တလန့် ဖြစ် သွား သော ဟော့ ပါး က လေ သံ နှင့် ပြောလိုက်၏။

‘သူ့ကို ကျုပ်တို့နဲ့ အရောခံလို့ မဖြစ်ဘူး’

‘မဟုတ်တာပဲ၊ ဒီကိစ္စတွေကို မနက်ခင်းကျရင် လူတိုင်း သိကြ တော့မှာပါ’ အယ် လီ ဆန် က လေသံကလေးနှင့် ပြန် ပြော နေ ရာ မှ လေသံကို မြှင့်လိုက်၏။

‘ကျွန်မက အယ်လီဆန် ကရိုတ်ချ်ပါ၊ ရှင့် ပထမ နာမည်ကိုလဲ ပြောပါဦး၊ ရှင့်ကို အား လုံး နဲ့ မိတ်ဆက်ပေးမယ်’

‘စပင်ဆာ၊ ဒါ ပေ မယ့် ကျုပ် က စပင့်ကို ပိုကြိုက်တယ်’

အယ်လီဆန်က အမျိုးသားများကို လက်ဝဲရစ် အစီအစဉ်အတိုင်း မိတ်ဆက် ပေးသည်။ ဟော့ပါး သည် ရန်ငြိုး ထားတတ်သူ၊ အ လွန် အန္တရာယ် ကြီးမားသူ ဖြစ်သည်။ သည် အုပ်စုထဲတွင် ဒီဘရီးစ် ပါဝင်နေမှုကို သူ စဉ်းစား၍ မရနိုင်အောင် ဖြစ်နေ သည်။ ဒီဘရီးစ်သည် ကိုယ့် ကိုယ် ကိုယ် အလွန်

www.burmeseclassic.com

အထင်ကြီးပြီး သူ တစ်ပါးကို အကြမ်းဖက်တတ်သူ ဖြစ်သည်။ စပင်ဆာ ပက်တာဆန်သည် ယူလာပေး သော ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

လော ရင့် ဟော့ ပါး က ဘေးကင်း ရန်ကင်း စကားများကိုသာ ပြောဆိုမည် ဟု ရည်ရွယ်ရင်း စပင်ဆာပက်တာဆန်အား မေးလိုက်သည်။

'စပင့်၊ ခင်ဗျားက ဘယ်ဇာတိလဲ'

'မစ်ဆူရီ ပြည်နယ်' အသွင်ပြောင်း ဘဝများကို ခံယူရာတွင် အမှန်တရားကို အခြေခံ၍ တည်ဆောက် ထားပါက အကောင်းဆုံး ဖြစ်သည်။ 'ဘွတ်ဟီးလ် နယ်က ဆိုက်စ်တန် ဆိုတဲ့ မြို့ကလေးကပါ'

အယ်လီဆန်က မေးလိုက်၏။

'ဘွတ်ဟီးလ်ဆိုတာ ဘယ်နေရာလဲ'

'တင်နက်ဆီးပြည်နယ်နဲ့ အာကန်ဆတ်တို့ အောက်ဘက်နားက အရှေ့တောင်ဘက် စွန်း ကလေးမှာပါ'

အယ်လီဆန်က ပုံပျက်ပန်းပျက် ရယ်လိုက်၏။

'ကျွန်မဇာတိကလဲ အဲဒီလိုပါပဲ၊ ဒီးယားဘွန်းတဲ့၊ ကျွန်မ ငယ်ငယ်ကတည်းက ထွက်လာခဲ့တယ်၊ တစ်ခါမှ ပြန်မသွားတော့ဘူး'

စတိဗ်ကလည်း ပြောလိုက်သည်။

'ကျုပ်လဲ ပြန်မသွားတော့ပါဘူး'

စားပွဲထိုးများက အရက်ပုလင်းများကို ဖွင့်ဖောက် နေကြသည်။ ဟော့ပါးက မေးလိုက်၏။



'ခင်ဗျား ဘာသောက်မလဲ စပင့်'

'ဩြဘ့် အင်း၊ စကော့ချ်ပဲပေးပါ'

ပက်ဂျက်၏ စိတ်အလျဉ်က အခြား တစ်နေရာသို့ ရောက်ရှိနေသည်။

လူဦးရေ ကိုးထောင်သာ ရှိသော ဆိုက်စ်တန်မြို့ ကလေးသည် လယ်ယာထွက်ကုန်များကို များများ စားစား ရောင်းချရသော မြို့တစ်မြို့ဖြစ်သော်လည်း စတင်းဒတ် သတင်းစာကို ထုတ်ဝေသောမြို့ဖြစ်သည်။ စတင်းဒတ် သတင်းစာသည် ဘွတ်ဟီးလ်နယ် သုံးနယ်စလုံးတွင် တစ်စောင်တည်းသာ ရှိသော သတင်းစာဖြစ်သည်။ စိန့်လူဝီတွင် မွေးဖွားကြီးပြင်း လာသော ရပ်ဆယ်ပက်ဂျက်က သတင်းထောက် တစ်ယောက် ဖြစ်ချင်သည်။ စတင်းဒတ် သတင်းစာက သူ့ကို အလုပ်ခန့်သဖြင့် သူ ဝင်ရောက် လုပ်ကိုင် သည်။

ရပ်ဆယ်ပက်ဂျက်သည် အလွန် အရပ်ရှည်သည်။ ယောကျ်ားချော ချောသည်။ ဘွတ်ဟီးလ် နယ်မှ အမျိုးသား အများစုနှင့် နှိုင်းယှဉ်က မြို့ကြီးသား ဆန်ပြီး အဝတ်အစား ဝတ်ဆင်ရာတွင် သပ်ရပ်သူ ဖြစ်သည်။ ခပ်ညှက်ညှက် ခပ်ချောချော လင်ဒါ ဘရော့ခ်က ရပ်ဆယ်ပက်ဂျက်ကို စိတ်ဝင်စားသည်။ လင်ဒါသည် အသက်နှစ်ဆယ်ရှိနေပြီး ဝါမင်းကော

www.burmeseclassic.com

၂၀၀၀၊ ဝါကြိတ်စက်တစ်လုံးနှင့် သစ်ခွဲစက်တစ်လုံးတို့ကို ပိုင်ဆိုင်သော ဝိတ်ဒ်ဘရော့ခ်၏ သမီးဖြစ်သည်။ ထိုကြောင့် ဝိတ်ဘရော့ခ်သည် ထိုဒေသတွင် အထက်တန်းလွှာမှ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။ သူသည် ဆက်ဆံရာတွင် မရိုးသားသူဖြစ်သလို ရန်ငြိုးထားတတ်သူလည်း ဖြစ်သည်ဟု ကျော်ကြားသည်။ သူ့သမီးကမူ သူ့နည်းသူ့ဟန်နှင့် ပို၍ပင် ဆိုးရွားသေးသည်ဟု ဆိုကြသည်။

ရပ်ဆယ်ပက်ဂျက်ကတော့ လင်ဒါကို တစ်မျိုးမြင်သည်။ မကြာမီ လက်ထပ်လိုက်ကြပြီး ဘရော့ခ်မိသားစု၏ နေအိမ်ကြီးတွင် နေထိုင်ကြသည်။ ဝိတ်ဒ်က ရပ်ဆယ်အား စတင်းဒတ် သတင်းစာမှ အလုပ်ထွက်ပြီး သူ့လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်စေလိုသည်။ ရပ်ဆယ်ကတော့ သူ့ဇနီးက သူရသောလခ နည်းသည်ဟု ကန့်ကွက်နေသည့် တိုင်အောင် အလုပ်မှထွက်ရန် ငြင်းဆန်နေသည်။ ဖိအားပေးလာသည်နှင့် အမျှ အိမ်ထောင်ရေးကလည်း လျှင်မြန်စွာ ယိုယွင်းလာသည်။ ဆိုးရွားသော အမှားတစ်ခုကို ကျူးလွန်မိကြောင်း သဘောပေါက်လာသော ရပ်ဆယ်သည် ဘရော့ခ်မိသားစု ဘွတ်ခ်ဟီးလ်နှင့် မစ်ဆူရီ ပြည်နယ်တို့ကို စွန့်ခွာထွက်ပြေးခဲ့တော့သည်။ လင်ဒါတွင် ကိုယ်ဝန်ရှိနေကြောင်း ရပ်ဆယ် မသိခဲ့ပါ။ ထိုအချိန်တွင် လင်ဒါကိုယ်တိုင်ကလည်း နောက်လသို့ မရောက်ခင်အထိ မသိခဲ့ပါ။



နေရာဒေသနှင့် ၁၉၄၀ ပြည့်နှစ် နောက်ပိုင်းဆိုသော အချိန်ကာလများက ကိုယ်ဝန် ဖျက်ချရန် မဖြစ်နိုင်ခဲ့ပါ။ လင်ဒါနှင့် သူ့မိဘများက ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ကြသည်။ လင်ဒါက ထိုကလေးကို မွေးမည်။ ထိုကလေးကို မိဘများနှင့်ထားခဲ့ပြီး ထိုအဖြစ်အပျက်ကို မသိသော တစ်နေရာသို့ သွား၍ ကွာရှင်းပြတ်စဲခွင့်ကို အရယူရမည်။ ထို့နောက် ပို၍ သင့်လျော်သော အမျိုးသားတစ်ယောက်နှင့် လက်ထပ်ရန် ဖြစ်သည်။ လင်ဒါက သားယောကျ်ားကလေး တစ်ယောက်ကို မွေးသောအခါ တစ်ယောက်က စတီဖင်ဟု မှည့်ရန် အကြံပေးသည်။

စတီဖင်ပက်ဂျက်သည် သူ့ဖခင်နှင့် နီးနီးစပ်စပ်တူသည်။ ကလေးကို မွေးထားသော ဝိတ်ဒ်ဘရော့ခ်နှင့် ဇနီးတို့က ထိုကလေးသည် သူတို့၏ သမီးကို စွန့်ပစ် ထွက်ပြေးသွားရုံသာမက သူတို့၏ မျက်နှာကိုပါ အိုးမဲသုတ်သွားသူ၏ ကိုယ်ပွားကလေး ဖြစ်သည်ဟု မြင်ကြသည်။ ရပ်ဆယ်ပက်ဂျက် အပေါ်၌ ရန်ငြိုးထားသော ဒေါသကို ကလေးပေါ်တွင် ပုံချကြသည်။ နောက်အိမ်ထောင်ပြုသွားသော လင်ဒါကလည်း ကလေးနှင့် သူ့မိဘများထံသို့ တစ်ခါတစ်ရံမှသာ လာတော့သည်။ ထိုကိစ္စကို ရပ်ဆယ်ပက်ဂျက် မသိပါ။ လင်ဒါသည် သူလာသည့် အခါတိုင်း ကလေး အပေါ်တွင် အမုန်းမီး စွေလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

စတီဖင်ပက်ဂျက်သည် အသက် ၁၆ နှစ်မပြည့်ခင်မှာပင် သူ့ဖခင်ကဲ့သို့ အိမ်မှ ထွက်ပြေးတော့သည်။ ကြွက်သား အမြိုင်းအရှိုင်းနှင့် ထွားကျိုင်းသော စတီဖင်သည် အလုပ်လုပ်ရင်း အရှေ့ဘက် ဒေသသို့ ရောက်ရှိလာသည်။ သူ့ဘိုးအေ ဘွားအေများနှင့် သူ့မိခင်တို့က သူ့ကို လိုက်လံရှာဖွေ စုံစမ်းရန် မကြိုးပမ်းကြပါ။ သူ ထွက် သွား သည့် အတွက် ကျေးဇူးပင် တင်ကြပါ၏။

လောရင့်ဟော့ပါးက မေးလိုက်သည်။

'ခင်ဗျား မိဘ ဆွေ မျိုး တွေ မစ် ဆူ ရီ မှာ ရှိကြသေးသလား'

'သွေး ခပ်ဝေးဝေး ဆွေမျိုး တစ် ယောက် ပဲ ရှိပါတော့တယ်'

၁၉၆၉ သို့မဟုတ် ၁၉၇၀ ပြည့်နှစ် ခန့်တွင် ဆိုက်စ်တန်မြို့သို့ ပြန်လာသည်ဟု တစ်ဆင့်စကား ကြားခဲ့ရသော သူ့ မိခင်ထက် ပို၍ သူနှင့် သွေးဝေးသော ဆွေမျိုး မရှိနိုင်တော့ပါ။

မိမိ၏ စိတ်ကူးထဲတွင် နစ်မြောနေရာမှ ပစ္စုပ္ပန်ကာလဆီသို့ ပြန် လည် ရောက် ရှိ လာ သော အယ်လီဆန်က စပ်ဆော ပက်တာဆန်ကို ကြည့်ရင်း မဆွတ်ခင်က ညွတ်ချင်စိတ် ဖြစ်ပေါ်နေမိသည်။



ထို ကိစ္စမျိုးတွင် အာရုံ ထက် မြက် လှ သော အက်ဒဝပ် ဒီဘာရီးစ်ကလည်း နားလည် သဘော ပေါက်လိုက်သည်။ အဓိပ္ပာယ်ကတော့ အယ်လီဆန်သည် အခြား 'မီးတောက်' တစ်ခုဆီသို့ အာရုံ ညွတ် နေ ခြင်း ပင် ဖြစ် သည်။ ထို့ ကြောင့် ထိုမီးတောက်ကို ငြိမ်းသတ်ရလိမ့်မည်။ ဒီဘာရီးစ်သည် မတ်တတ် ရပ်လိုက်ပြီးနောက် ဗောဒ်ကာ အရက် တစ်ပုလင်းကို ကိုင်၍ အယ်လီဆန်၏ ဖန်ခွက်ထဲသို့ ထပ် ဖြည့် ပေး မည့် ဟန် နှင့် အယ် လီ ဆန် နှင့် ပက်တာဆန်တို့ အကြားတွင် ဝင် မတ်တတ်ရပ်လိုက် သည်။ အတွင်းစိတ်က ပက်ဂျက်ကို သတိပေးလိုက်၏။ ပက်ဂျက်သည် နှေးနှေး ကွေးကွေး လှုပ်ရှားဟန်နှင့် အလွန် လျင်မြန်စွာ လှုပ်ရှားသော အတတ်ပညာကို တတ်မြောက်ထားသူ ဖြစ်သည်။

'အက်ဒဝပ်၊ ကျုပ်က ခင် ဗျား ရှေ့ မှာ တန့်လန့်ကြီး ဖြစ်နေတယ်'

သူ မတ်တတ် ရပ် လိုက် ၏။ ချိန် ကိုက် မှု တ အတိအကျ ပင်တည်း။ သူ့ ပခုံးက ဒီဘာရီးစ်၏ လက်ဖျံကို ဝင်တိုးမိသည်။ ဒီဘာရီးစ်သည် ပုလင်းကို နိုင်နိုင်နင်းနင်း မ ကိုင် နိုင် တော့ ပါ။ စ ပင် ဆာ ပက်တာဆန်၏ အ ဖြူ ရောင် ဝတ် စုံ ပေါ်သို့ မတော်တဆ ဖိတ်ကျ စေလိုခဲ့သော ဗောဒ်ကာ အရက်များသည် အပြာရောင် သူ့ ယူနီဖောင်း ပေါ်သို့သာ ဖိတ်ကျ သွားလေ၏။ ဒီဘာရီးစ်သည် ပုလင်းကို စားပွဲပေါ်သို့ ဆောင့်ချလိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com

လက်သီး နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း နောက်ဘက်သို့ ပြန်ခုန်လိုက်၏။

စတီဗ်သည် လက်ကိုင်ပဝါ အဖြူ တစ်ထည်ကို ထုတ်ယူလိုက်ပြီးနောက် ပေနေသည့် နေ ရာ ကို သုတ်ပေးမည့် ဟန်နှင့် ဒီဘရီးစ်ထံသို့ တိုးကပ်သွားသည်။

'ကျုပ် အပြစ်ပါပဲဗျာ၊ ဝမ်းနည်းပါတယ်' ဟု အသံ ခပ်ကျယ်ကျယ်နှင့် တောင်း ပန် လိုက် သည်။ ထို့နောက် 'သူရဲကောင်းကြီး ရပ်တန်းက ရပ်လိုက်တော့၊ ဒါမှ မဟုတ်ရင် ကျုပ်က ခင် ဗျား ကို နှစ်ခြမ်း ခွဲပစ်လိုက်မယ်' ဟု ခပ်တိုးတိုး ရေရွတ်လိုက်၏။

ဒီဘရီးစ်က လွယ်ကူသော ဂဏန်း သ ချျာ ကို တွက်ချက်ကြည့်လိုက်ယည်။ ပက်တာဆန်က အသက်ပိုငယ်သည်။ သူ့ထက် သုံး လက် မ အရပ် ပိုရှည်သည်။ ကြွက်သား အပြိုင်းအရိုင်းရှိနေပြီး သူ့ထက် ပေါင်နှစ်ဆယ် ပေါင်သုံးဆယ် ကိုယ် အ လေး ချိန် ပိုများသည်။ လက်သီးဆုပ်များ ပြန်ပြေသွားသည်။ သူက ရှုံ့မဲ့မဲ့ ပြုံးလိုက်ပြီးနောက် တောင်းပန်ချက်ကို လက်ခံပြီး သူ့အခန်းသို့ ပြန်၍ အ ဝတ် အ စား လဲလှယ်မည်ဟု ကြေညာလိုက်သည်။ သူ ထွက်သွားသောအခါ စတီဗ်က သူ့ ကုလားထိုင်သို့ ပြန်လာသည်။ သူက အယ်လီဆန်အား ပြောလိုက်၏။

'ခင်ဗျား အပေါ်ကို တစ် စက် တ လေ တောင် မကျကောင်းဘူးလို့ ထင်ပါရဲ့'



'ဟင့်အင်း၊ တစ်စက်မှ မကျပါဘူး'

ထို့နောက် လေသံကလေးနှင့်

'ဒါပေမယ့် ကျွန်မက ခ ရေ စေ့ တွင်း ကျ သတိထားလိုက်မိပါတယ်ရှင်' ဟု ဖြည့်စွက် ပြောဆိုလိုက်သည်။

အယ်လီဆန်က အသံကို မြှင့်၍ ပြောလိုက်ပြန်၏။

'ကျွန်မတို့ စားသောက်ဆောင် ခန်းမထဲမှာ ညစာ စားကြတော့မယ်၊ စပင့် ရှင် ကျွန်မတို့နဲ့ လိုက်စားပါလား'

စတိဗ်က အလွန် ဝမ်း မြောက် ပါ ကြောင်း ပြောလိုက်ပြီးနောက် စကား တစ်လုံးကို မသိမသာ ဆက်ပြောလိုက်သည်။

'ခင်ဗျားတို့က ကျုပ်ကို ဒေ သ ခံ အ စိုး ရ နဲ့ ဘယ်လို ဆက်ဆံရတယ်ဆိုတဲ့ ကိစ္စ ကလေးတွေမှာ လမ်းညွှန်မှု ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်'

ဟော့ပါး၏ မျက် လုံး များ ကျဉ်း မြောင်း သွားကြသည်။ အယ်လီဆန်သည် ပင်လျှင် သူ့ကို အထူး အာရုံ စိုက်မိလာသည်။

စတိဗ်က ပြောလိုက်၏။

'ခင်ဗျားတို့က သမ္မတကြီးနဲ့ ရင်း နှီး တယ် လို့ မန်နေဂျာက ပြောတယ်'

ဟော့ပါးက ပြောလိုက်သည်။

'သူ့ကို နှုတ်ပိတ်ထားပါလို့ ပြောထားသားပဲ'



www.burmeseclassic.com

www.burmeseclassic.com

'ဟိုတယ်မန်နေဂျာတွေဟာ ကျုပ်တို့လို ခရီးသွာ
အေဂျင်စီ ကိုယ်စားလှယ် တွေကိုတော့ ဖွင့်ပြေ
တတ်ကြတာပဲ၊ ကျုပ်တို့က သူတို့ဆီကို ဖောက်သ
တွေ ပို့လွှတ်ပေးလိမ့်မယ်လို့ သူတို့ မျှော်လင့်
တယ်၊ တကယ်လို့ အစိုးရက ပူးပေါင်း ကူညီမ
ဆိုရင် ကျုပ်တို့ ကုမ္ပဏီကလဲ လွှတ်ပေးနိုင်ပါလိ
မယ်၊ ကျုပ်တို့မှာ အင် မ တန် ကြီး ကျယ်
အစီအစဉ်တွေ ရှိပါတယ်'

ဟာရိုးတီဂူးက ဝင်ပြောလိုက်၏။

'လုံးဝဥဿုံ စီ စဉ် ပေး မယ့် ခ ရီး စဉ် တွေ
ထင်တယ်'

ဤတွင် ပက်ဂျက်က အတွင်းလူများသာသိသေ
ရယ်စရာ ကိစ္စတစ်ရပ်ကို ယုံကြည်ရသော မိတ်
အပေါင်းအသင်း များနှင့် တန်းတူ ရည်တူ ပုဂ္ဂိုလ်
များအား ဖွင့် ပြော ပြ သည့် ပုံစံနှင့် ပြောတေ
သည်။

'တောနက်ကြီးထဲက ဗုံတီးသံတွေ၊ အဝတ်အ
မပါတဲ့ စစ်သည်တော်တွေ၊ ၂ခ ရီး သည် တွေ
လေအေးစက် တပ်ဆင်ထားတဲ့ တဲ ကြီး တွေ ထဲ
အိပ်စက်နေကြတုန်း လူဖြူ မုဆိုးတွေက မတ်တ
ရပ်ပြီး စောင့် ပေး တာ မျိုး တွေ၊ စုန်း က
မှော်ဆရာကြီးတွေ၊ အဆောင် လက်ဖွဲ့တွေ၊ လ
ထုထားတဲ့ အရုပ်ကလေးတွေ စသည်ဖြင့် ပေါ
အားနက်စ်ဒိုင်ဘိုးက တဟားဟား ရယ်လိုက်



'သေချာပေါက် စွံမယ့်ပုံပဲ'

'ဟုတ်ပါတယ်၊ ကျုပ်တို့က စျေးကွက် သုတေသန
ပြုလုပ်ထားပါတယ်၊ အဲဒီ စစ်တမ်းအရ ကျုပ်တို့
အနေနဲ့ တစ်ရာသီမှာ ဒေါ်လာ နှစ်သန်း၊ သုံးသန်း
လောက် အ သား တင် ရ နိုင် တယ် လို့ ခန့်မှန်း
ထားတယ်'

တီဂူး၏ လောဘက ပေါလောကြီး ပေါ်လာ
သည်။

'အင်း ဂလုပ်ဂါဒလားစ် ဟာ အများပြည်သူကို
ရှယ်ယာတွေ ရောင်းထားတဲ့ ကုမ္ပဏီလား'

စတိဗ် က လှလှပပ တန်ဆာဆင်၍ ပြောသွား
သော စကားများကို အမေရိကန်ပြည်ထောင်စု၌သာ
စုံစမ်း၍ ရနိုင်ပါလိမ့်မည်။

'မဟုတ်ပါဘူး ခင်ဗျာ၊ ဒီကုမ္ပဏီက လူနည်းစုသာ
ပိုင်တဲ့ ကုမ္ပဏီပါ၊ ကျုပ်တို့ သုံးယောက်က စတော့
ရှယ်ယာ အားလုံးကို ပိုင်ဆိုင်ကြပါတယ်'

အခြေအနေ ပြောင်းလဲ သွားသည်။ စပင်ဆာ
ပက်တာဆန်သည် အင်မတန် သွက်လက်ဖျတ်လတ်ပြီး
အောင်မြင်မှု ရရှိနေသည့် လေး စား ထိုက် သူ
စီးပွားရေး လုပ်ငန်းရှင် တစ်ဦးဖြစ်သည်။

'ညစာ စားဖို့ အဆင်သင့် ဖြစ်ကြပြီလား'

အယ်လီဆန်က မေးလိုက်၏။ အားလုံး အဆင်သင့်
ဖြစ်ကြပါပြီ။ အယ်လီဆန်က စတိဗ်၏ လက်ကို
ကိုင်၍ ရှေ့ဆုံးက ဦးဆောင်သွားသည်။ သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com

ညှော်ခန်းဆောင်ထဲသို့ ဝင်လိုက်ပြီး စားသောက်ဆောင် ခန်းမဘက်သို့ ချီး ကွေ့ လိုက်ကြ စဉ် ဖြုန်းခနဲ ရပ်တန့် သွား ကြ လေ ၏။ ရိုင်ဖယ်သေနတ်သံများနှင့် စက် သေ နတ် သံ များ သည် ခပ်လှမ်းလှမ်း တစ်နေရာမှ ပေါ်ထွက်လာသည်။

လောရင့်ဟော့ပါးသည် ဇွန်ခြေ မပျက်အောင် ဟန်ဆောင် နေလိုက်သော်လည်း စိတ်ထဲက ဆဲဆို နေမိသည်။ လူ တွေ ကို အ စု လိုက် အပြုံလိုက် သတ်ဖြတ်နေလေပြီ။ ဂါဒူး မြို့တော်ထဲ၌ သတ်ဖြတ်နေခြင်း ဖြစ်သည်။ လူများများ သတ်သည့် ကိစ္စကို သူက ဂရု စိုက်လှသည်တော့ မဟုတ်။ သို့ရာတွင် ဂါဒူးသည် အများ ပြည်သူများကို သတိပေးသည့် အနေနှင့် လူသေ အလောင်းများကို လမ်းပေါ်တွင် ပစ်ချထားတတ်သည်။ ဤကိစ္စ ကိုတော့ ကာကွယ်တားဆီး ရလိမ့်မည်။ ယခုလို သတ် ဖြတ် သည့် ကိစ္စကို စီစီအိုင်-ကမ်မ်ကို ကိုယ်စားလှယ် အဖွဲ့ဝင် များ နံ နက် ခင်း တွင် မမြင် မတွေ့ကြစေလိုပါ။ ဟော့ပါးက ဆုံးဖြတ်ချက် ချလိုက်သည်။ သူသည် ဆူပရင်း အဲယားမာရှယ်ကို ခေါ်၍ သမ္မတကြီး၏ နန်း တော် သို့ သွားမည်။ အဲဒီ ဒီဘရီးစ်ဆိုတဲ့ ပုဂ္ဂိုလ် ဘယ် မှာ လဲ။ သူက ဟင်နရီဂါဒူးအား နောက်ဆုံး ရာဇသံကို ပေး ရ လိမ့် မည်။ သို့ရာတွင် သူက အမှန် တ ရား ကို ဖျောက် ဖျက် ပြီး သူ့ လုပ်ဖော်ကိုင်ဘက်များကို နှစ်သိမ့်ရပေဦးမည်။

ဟော့ပါးက ပြောလိုက်၏။



'ကျုပ် ဦးနှောက်က မှေ့လျော့နေတာပဲ ဖြစ်ရမယ်၊ မေဂျာ ရန်းဒေါက ဒီညမှာ လေ့ကျင့်ခန်း လုပ်မယ်ဆိုတာ ကျုပ် မေ့နေတယ်၊ အက်ဒဝပ်နဲ့ ကျုပ်တို့က လေ့လာသူတွေ အဖြစ်နဲ့ သွားကြည့်ကြရမှာဗျ'

အင်ဂျင်နီယာ တစ်ယောက်က ပြောလိုက်၏။

'လေ့ကျင့်ခန်း လုပ်တာကထဲ အသံတွေ ဆူညံလိုက်တာဗျာ'

'သူ့ လူတွေက ထိပ်ဖူးမပါတဲ့ ကျည်ဆန်တွေနဲ့ စစ်ခတ်ပြမှ ဟင်နရီဂါဒူး အထင်ကြီးသွားလိမ့်မယ်လို့ မေဂျာ ရန်းဒေါက ထင်တယ်လေ'

မဟုတ်တာဘဲ ဟု စတိဗ်က တွေး လိုက် ၏။ ထိပ်ဖူး မပါသော ကျည်ဆန်နှင့် ထိပ်ဖူး ပါသော ကျည်ဆန်တို့၏ အသံများမှာမတူကြပါ။ ဟော့ပါးက ညာပြောနေတာ ထင် ရှား သည်။ ဘာဖြစ်လို့လဲ။ ဘာတွေ တကယ် ဖြစ် ပျက် နေ သ လဲ။ စတိဗ်က ဘာမှ မပြောပါ။ ကျန် ပုဂ္ဂိုလ် များ က တော့ ဟော့ပါး၏ ပုံပြင်ကို လက်ခံပြီး စိတ် တထင့်ထင့် ဖြစ်မှုများ ပျောက်ကွယ် သွားကြတော့သည်။

ညှော်ခန်းဆောင်၏ တစ်ဖက် စွန်းတွင် ရှိသော ဓာတ်လှေကား ဂျိန်းခနဲ ဖြစ်ပြီး ရပ်တန့်သွားသည်။ ယူနီဖောင်း အ သစ် ကို ဝတ် ဆင် ထား သော ကက်ပတိန် ဒီဘရီးစ် ဓာတ်လှေကားထဲက ထွက်လာသည်။ ဟော့ပါးက အုပ်မိအောင် ကမန်းကတန်း



www.burmeseclassic.com

www.burmeseclassic.com

လျှောက်သွားပြီး စကား ပြောလိုက်သည်။ သူ
စကား ပြောသံကို ကျန်လူများက မကြားကြရပေ
ထို့နောက် ဟောဒ့ပါးက လှမ်းအော် ပြောလိုက်၏
'ခင်ဗျားတို့ သွားနှင့်ပြီး စားကြ ပါတော့ဗျာ
ကျုပ်တို့က မေလျာ ရန်းဒေါကို ချီးကျူး စကား
ပြောပြီး ပြန်လာခဲ့ပါ့မယ်'

ဒါ က တော့ ထူး ဆန်း သည် ဟု စတီဗ်က
နက်နက်နဲနဲ စဉ်းစား လိုက်၏။ ဘာတွေ ဖြစ်များ
နေတယ်ဆိုတာ ဟောဒ့ပါးနှင့် ဒီဘာရီးစ်တို့ သိကြ
သည်။ သို့ရာတွင် အဖွဲ့ခေါင်း ဆောင် ဖြစ်သည်
ဆိုသော အယ်လီဆန် ကရိတ်ချ်ကတော့ တစ်စွန်း
တစ်စမှပင် မ သိ ရှာ ပါ။ ဟောဒ့ပါး၏ ပုံပြင်ကို
အကုန်အစင် ယုံကြည်နေသည်။

'ကျွန်မတို့ သွားကြစို့လား၊ ကျွန် မ တော့
ဆာနေပြီ'

စားသောက် ခန်းမဆောင်ထဲသို့ အရောက်တွင်
စားပွဲထိုးများ ကြောက်စိတ် ဝင် နေ ကြ ကြောင်း
ပက်ဂျက် သိလိုက်သည်။ ဘာတွေ ဖြစ်နေကြသလဲ
ဆိုတာ လူ အတော်များများ သိ နေ ကြ သည်
ထိုတိစ္စကိုလည်း အလွန် ကြောက်လန့်နေကြသည်ဟု
စတီဗ်က တွေးလိုက်သည်။

အယ်လီဆန် ကရိတ်ချ်က စားပွဲ ထိပ်တွင် ဝင်ထိုင်
သည်။ ဟောဒ့ပါးနှင့် ဒီဘာရီးစ်တို့ မရှိကြသောကြောင့်
ဗယ်ဆာ ပက်တာဆန်ကို သူ့ ညာ ဘက် တွင်
ထိုင်ခိုင်းပြီး ဗာဂျီရီးလစ်ကို ဘယ်ဘက်တွင် ထိုင်စေ
သည်။



သေနတ်သံများ တဖြည်းဖြည်း လျော့နည်းလာပြီး
ပျောက် ကွယ် သွား တော့ သည်။ တစ် ယောက်
ယောက်က ပြောလိုက်၏။

'စစ်တိုက်တဲ့ လေ့ကျင့်ခန်းတွေကို ဟို အသား
မည်းမည်း လူစုကြီး ဂါဒူးက အာထင် ကြီးပါစေလို့
ကျုပ် မျှော်လင့်ပါတယ်'

'သတိထားကြစမ်း'

အယ်လီဆန်က ခပ်ငေါက်ငေါက် ပြောလိုက်၏။
အယ်လီဆန်၏ စူးစူးရဲရဲ အကြည့်က သတိပေးလိုက်
သည်။ **စားပွဲထိုးတွေက အင်္ဂလိပ်လို နားလည်ကြ
တချို့က အစိုးရကို သစ္စာခံနေတဲ့ လူတွေ။**

ထိုပြက်လုံးကို ပြော လိုက် သူ သည် မည်သူပဲ
ဖြစ်ဖြစ် ပက်ဂျက်က ထိုပုဂ္ဂိုလ်ကို ကျိန်ဆဲ လိုက်မိ
သည်။ ယခု ဆို လျှင် အ မျိုး သား များ က
နှုတ်စောင့်စည်းကြတော့မည်။ ဒါဆိုရင် အယ်လီဆန်ပဲ
ကျန်တော့သည်။ သူနှင့် အယ်လီဆန်သည် ထို နေ့ ည
တွင် ရွှေလည် တွဲကြရလိမ့်မည်ဟု သူ တ ထစ် ချ
ယုံကြည်ထားသည်။ အချို့သောအမျိုးသမီးများသည်
ထို အချိန်မျိုးတွင် လွတ်လွတ်လပ်လပ် ဖွင့်ပြော
တတ်ကြသည်။ သို့ရာတွင် ပြောချင်မှလည်း ပြောပေ
လိမ့်မည်။

စိတ်ကူး စိတ်သန်း တစ်ခု ပေါ်ပေါက်လာသည်။
အယ်လီဆန်၏ လက်ထောက်ဖြစ်ပုံရသော ဖလက်ရင့်
ဟောဒ့ပါး အပြင်သို့ ထွက်သွားလေပြီ။ ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖြစ်ကွာဟု စတိဗ်က ဆုံးဖြတ်လိုက်၏။ စမ်းကြည့်ဖို့တော့ ကောင်းသည်။ စားပွဲသို့ရောက်နေသူများက အရက် နောက်တစ်ကြိမ် ထပ်သောက်ရန် ဆုံးဖြတ်လိုက်ကြသည်။ သူက အယ်လီဆန်အား ရှက်ကိုး ရှက်ကန်းနှင့် ကြည့်လိုက်၏။

'ကျုပ်ဆီမှာ ဆလင်းစီးကရက် ကုန်သွားလို့ပါ။ ကျုပ် အိပ်ခန်းထဲမှာတော့ ကာတွန်းလိုက်ရှိပါတယ်။ ကျုပ်ကို ခွင့်ပြုပါ၊ ဆယ်မိနစ်အတွင်း ပြန်လာခဲ့ပါမယ်'

ပျင်းပျင်းရိရိ ဖြစ်နေသော စာရေးက မစ္စတာ လောရင့်ဟော့ပါး၏ အခန်းကျယ်ကြီးသည် ၅၃၄ ဖြစ်ပြီး ယခု လောလောဆယ်တွင် အခန်းထဲ၌ မရှိသေးကြောင်း ဖြေလိုက်သည်။

ထိုစာရေးက ခေါက်ခလှကား၏ 'အထပ်ပြဂဏန်း' များ အား စောင့်ကြည့် နေမှာကို စိုးရိမ်ရ သောကြောင့် သုံးထပ်သို့ ခေါက်လှေကားနှင့် တက်လိုက်ပြီး နောက်နှစ်ထပ်ကို ရိုးရိုးလှေကားနှင့် ဆက်တက်ခဲ့သည်။ သူက အခန်း တံခါး ထို ကျယ် လောင်စွာ ခေါက် လိုက် ၏။ အခန်းထဲ၌ ငြိမ် သက် နေ သည်။ သူ က တံ ခါး ရွက် နှင့် တံခါးဘောင် အကြားတွင် အကြွေး ဝယ်ယူခွင့် ပလတ်စတစ် ကတ် ပြား ကလေးကို ထိုးသွင်းပြီး တံခါးကို တွန်းဖွင့်လိုက်သည်။

ညှော်ခန်း ဗီရိုပေါ်တွင် တင်ထားသော ပစ္စည်း များကို ပက်ဂျက် သတိထားမိလိုက်သည်။ စကား



ပြောချိန်တွင်သာ အသက် ဝင်လာသည့် အလွန် ခေတ်မီသော 'ဖရိုးလစ်ချ်' အသံဖမ်း အသံလွှင့် စက်နှင့် နှစ်လုံးတွဲ အသံဖမ်းစက် ကလေးတို့ ပင်တည်း။ ဟော့ပါးက တစ်ယောက်ယောက်ကို အသံခိုးဖမ်းနေလေပြီ။

စတိဗ်က ထိုပစ္စည်းများကို ဘေးချိတ်ထား လိုက်သည်။ တစ်ယောက်ယောက်က ကိုင်တွယ် သည်ကို သိအောင် ဟော့ပါးက ကြိုတင် ကာကွယ် မှုများ ပြုလုပ်ထားပေလိမ့်မည်။ သူက အိပ်ခန်းထဲသို့ ဝင်သွားပြီး အိပ်ရာကို လှန်လှော ရှာဖွေလိုက်သည်။

မည်သည့် စာရွက်စာတမ်းကိုမှ မမြင်မတွေ့ရပါ။ ဗီရိုနှင့် အံဆွဲများကို ကမန်းကတန်း ရှာဖွေ လိုက်ရာ သူနှင့် ရင်းနှီးနေသော အတက်ချိကေ့စ် တစ်လုံးကို တွေ့လိုက်ရလေ၏။ ထိုအတက်ချိကေ့စ်၏ သော့အိမ်များကို ထောင်ချောက်ခလုတ် တပ်ဆင် ထားသည်။ သော့ကိုဖွင့်ဖို့ ကြိုးစားလိုက်သည်နှင့် တစ်ပြိုင်နက် အချက်ပေး ခေါင်းလောင်းသံ ထွက်ပေါ်လာမည် ဖြစ်သလို သော့ဖွင့်သော သူအား ရုတ်တရက် မမြင်မကန်း ဖြစ်သွားစေပြီး ထွက်မပြေးနိုင်စေမည့် ဆေးရည်နှင့် အပက်ခံရမည် ဖြစ်ပါ၏။ ၎င်းအပြင် လွယ်လွယ်ကူကူ ဖျောက်ဖျက် မရနိုင်သော ဆိုးဆေးများနှင့်လည်း ပက်ဖျန်းခံရ ပါလိမ့်မည်။ ဤသော့ကို အေးအေးဆေးဆေး အချိန်ယူ၍ ဖွင့်မည်ဆိုပါက ဖြစ်နိုင်စရာ ရှိပါသည်။ သို့ရာတွင် အချိန်မရပါ။



www.burmeseclassic.com

www.burmeseclassic.com

အင်းလေး အသံဖမ်း၍ ခိုးနားထောင်သော ကိရိယာကတော့ ရှိနေပါသေးသည်။ အိလက်ထရွန်းနစ် ပစ္စည်းများ၏ ကြီးမားသော ချွတ်ယွင်းချက်မှာ ပို၍ ရှုပ်ရှုပ်ထွေးထွေး ဖြစ်လေလေ၊ နောင့်ယှက် ဖျက်ဆီးရန် ပို၍ လွယ်ကူလေလေ ဖြစ်ပါ၏။ ပက်ဂျက်သည် ထိုပစ္စည်းမျိုးကို မကြာခဏ သုံးစွဲဖူးသဖြင့် နားလည် ရင်းနှီးနေသည်။

အသံဖမ်း၊ အသံလွှင့်စက်၏ နောက်ဘက် အဖုံးမှ ဝက်အူလေးချောင်းကို မောင်းချ ဓားကလေးနှင့် လွယ်ကူစွာ လှည့်၍ ဖွင့်နိုင်ပါသည်။ ထိုစက်ထဲရှိ အင်ပွတ်၊ အမ်ပလီဖိုင်ယာနှင့် ထရန့်စ်ဂျူဆာ ဆားကစ်တို့ကို လွယ်ကူစွာ လဲလှယ် တပ်ဆင်နိုင်အောင် ဒီဇိုင်း ရေးဆွဲထားသည်။ စတီဗင်က ထိုပစ္စည်းများကို ခပ်မြန်မြန် ဖြုတ်ပစ်လိုက်၏။ စတီဗင်က မောင်းချဓား အသွားနှင့် ကြေးနီ အနည်းငယ်ကို ခြစ်ထုတ်ပစ်လိုက်သည်။ ထို့နောက် စီးကရက်ဘူးမှ ငွေရောင်စက္ကူကလေးကို အသုံးပြု၍ ဆီမီးကွန်ဒတ်တာချစ်ပ်ကို ကျော်ဖြတ်ပြီး ထရန့်စ်စတာနှစ်ခုကို တိုက်ရိုက် ဆက်သွယ်ပေးလိုက်သည်။

လူသွားလမ်းထဲမှ ခြေသံများကို ကြားရသဖြင့် ပက်ဂျက် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ထိုခြေသံများက အခန်းကို ကျော်ဖြတ်သွားကြမှသာ သူ ချက်ချင်း နေသာထိုင်သာ ရှိလာသည်။



နောက်ထပ် ငွေရောင် စက္ကူပြားကလေး တစ်ချပ်နှင့် ကာက်ပက်စီတာ နှစ်ခုကို ပေါင်း၍ ထုတ်ပေးလိုက်သည်။ တတိယ ငွေရောင် စက္ကူပြားကလေးကိုမူ 'ကော် လက် တာ အီမစ် တာ' ကွန်တက်များပေါ်တွင် ခပ်ကျပ်ကျပ်ကလေး ထိုးသွင်း ပေးထားခြင်းဖြင့် သာမန် အသံဖမ်း အသံချဲ့ ပြန်ဖွင့်ပြသော လုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးနိုင်အောင် ဖန်တီးထားလိုက်သည်။ နောက်ထပ် နှစ်မိနစ် အကြာတွင် အင်ပွတ်၊ အင်ပလီဖိုင်ယာ စသည်တို့သည် နေရာတကျ ပြန်လည် ရောက်ရှိနေကြပြီဖြစ်သလို နောက်ဘက်မှ အဖုံးကိုလည်း စနစ်တကျ ပြန်ဖုံး၍ ပြီးစီးခဲ့လေပြီ။

စတီဗ် ပက်ဂျက်က ထိုကိရိယာကို ပြန်စစ်ဆေးလိုက်၏။ လက်ရာခြေရာ မပျက် ရှိနေပါသည်။

သူသည် ညှော်ခန်း ဆောင်ထဲသို့ ပြန်ဆင်းခဲ့ပြီး စားသောက်ဆောင် ခန်းမထဲသို့ ပြန်ဝင်သွားသည်။

ဖားယ်လီဆန်၏ နံဘေး၌ ရှိသော ကုလားထိုင်တွင် လူ မရှိသေးပါ။ အယ်လီဆန်က ကုလားထိုင်ကို လက်နှင့် ပုတ်လိုက်၏။

'ပြန်လည် ကြို ဆိုပါတယ် စပင့်၊ ရှင့်ကြည့်ရတာ ကျေနပ်နေတဲ့ ပုံစံပဲ'

'နိုက်တိုင်း သောကကို ပယ်ဖျောက်နိုင်တဲ့ အချိန်မှာ အမြဲတမ်း ကျေနပ်လေ့ ရှိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် မှာသော အရက်များကို သောက် ပြီးစီး ခဲ့ကြလေပြီ။ စားပွဲထိုးများက စားသော ဖွယ်ရာ စာရင်း စာရွက်များကို လိုက်လံ ဝေငှ သည်။

စတိဗ်နှင့် အယ်လီဆန်က စား သောက် ဖွ စာရင်း စာ ရွက် ကို လေ့ လာ ကြ ပြီး နော နောက်ဆုံးတွင် အယ်လီဆန်က ပြောလိုက်သည်။

'ကျွန်မ ဒီကို အ ရင် က လဲ ရောက်ဖူးပါတယ် ထုံးစံအတိုင်း ရိုးရိုး ကြက် သား ကင် နဲ့ အာလူး ပြုတ်ကိုပဲ မှာတာ ကောင်းပါတယ်၊ အဲဒါတွေ အာဟာရဖြစ်စေတဲ့ အပြင် အားလဲ ဖြစ်စေတယ်ရှင့်

စတိဗ်က စားပွဲထိုးကို လှမ်းခေါ်ပြီး စားစရာ များကို ခပ်မြန်မြန် လာချပေးပါစေဟု ဆုတောင်း နေမိတော့သည်။

## ၁၉

လောရင့်ဟောပါး၏ ကြောက်စိတ်သည် ဟုတ်မှန် ပါပြီ။ ကွပ်မျက်မှုများကို ဟင်နရီဂါဒူးက နန်းတော် ခြံဝင်းထဲရှိ စစ်ရေးပြ ကွင်း တွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။



မီးမောင်းကြီးများသည် လင်းထိန် နေကြဆဲပင်။ သုံးရာကျော်မည်ဟု လောရင့်ဟောပါ၏ ခန့်မှန်းသော အလောင်းများကို အင်အက်စ်ဘီ တပ်သားများက ထရပ်ကားပေါ်သို့ တင်နေကြသည်။

မေဂျာ ဘာရူးစတားရန်းဒေါက ပြောလိုက်၏။

'ဟင်နရီဂါဒူးက နားမထောင်ဘူးဗျ'

အက်ဒဝပ် ဒီဘာရီးစ်က မေးလိုက်သည်။

'သူက အဲဒီ အလောင်းတွေကို ဘာလုပ်မှာလဲ'

ရန်းဒေါက ပခုံး တွန့်ပြလိုက်၏။

'ဟင်နရီဂါဒူးက အဲဒီ အ လောင်း တွေ ကို မြို့ထဲမှ ဖြန့်ချထားရမယ်လို့ အမိန့် ပေးထားတယ်'

ဟောပါးက မေးလိုက်သည်။

'ခင်ဗျား လူတွေ ဘယ် နှစ် ယောက် တာဝန် ကျနေသလဲ'

'အကုန်လုံးပဲ၊ ဒီကိစ္စ စ ဖြစ် က တည်း က အားလုံးကို တပ်လှန့် နိုးဆော်ထားတယ်'

'ဟောဒီ ဧရိယာကို ခင်ဗျား တပ်သား အချို့နဲ့ ပိတ်ဆို့ထားလိုက်ပါ၊ အင်အက်စ်ဘီ တပ်သားတွေ ဆီက လက် နက် တွေ ကို လဲ သိမ်းထားလိုက်ပါ၊ ကျုပ်တို့ ဟင်နရီဂါဒူးနဲ့ မတွေ့ရသေးခင် ထရပ်ကား တွေကို မသွားခိုင်းနဲ့'

'ဆာဂျင်'



www.burmeseclassic.com

www.burmeseclassic.com

ရန်းဒေါက အော် ခေါ် လိုက် ၏။ ရှင်ဒလာ မှတ်ခ်နိုင်း ရိုင်ဖယ်ကို အသင့် အနေ အထား တွင် ကိုင်ထားသော ကြေးစား စစ်သား တစ်ယောက် အ မှောင် ရိပ် ထဲ မှ ထွက် လာ သည်။ မေဂျာက ဆက်တိုက် အမိန့် ပေးလိုက်ပြီး ဟော့ ပါး ကို ပြောလိုက်၏။

'ဟင် နု ရီ ဂါ ဒူး က ပရီဗီ ကောင်စီ ခန်းမ ဆောင်ထဲမှာ ရှိနေတယ်၊ ကျုပ် လူ နှစ်ယောက်က ထံခါးပေါက်မှာ စောင့် နေ တယ်၊ ကဲ ကျုပ်တို့ သွားကြမလား'

ပရီဗီ ကောင်စီ ခန်းမဆောင်သည် ဗာဆေး နန်းတော်ရှိ မှန် ခန်း ဆောင် ကို ထုထားခြင်း ဖြစ်သည်။ ဟင်နုရီဂါဒူးနှင့် ဝန်ကြီး ခြောက်ယောက် သည် ကြီးမားသော အစည်းအဝေး စားပွဲကြီးတွင် ဝိုင်းထိုင်နေကြပြီး နိုင်ငံတော်၏ ရန်သူ များ အား မည်သို့ မည်ပုံ ဆက် လက် အရေး ယူ မည် ကို ဆွေးနွေးနေကြသည်။

ရိုင်ဖယ် သေ နတ် များ ကို ကိုင်ထားသော ကြေးစား စစ်သားနှစ်ယောက်က တံခါးကို ဝုန်းခနဲ ဖွင့်ပြီး ဝင်လာချိန်တွင် သူတို့ အားလုံး ဖြုန်းခနဲ မတ် တတ် ရပ် လိုက် ကြ ၏။ ကြေးစား စစ်သား နှစ် ယောက် နောက် မှ ဝေါလ် တာ ပီ ၃၈ သေနတ်ကို လက်တွင် ကိုင် ထား သော မေဂျာ ဘရူးစတား ရန်းဒေါ၊ လက်နက် ကိုင်မထားသော လောရင့်ဟော့ပါးနှင့် ဒီဘရီးစ်တို့ ဝင်လာကြသည်။



'ခင်ဗျားတို့ အားလုံး ထိုင်ကြ'

ရန်းဒေါက အမိန့် ပေးလိုက်၏။ ပီ ၃၈ က ကြောက်စရာ ကောင်းနေသည်။

သူနှင့် ကြေးစား စစ် သား များ သည် သေနတ် မောင်းကို ဆွဲ ရန် အ ဆင် သင့် ရှိ နေ ကြောင်း စိတ်မနှံ့သူများကသာ သဘောမပေါက်ဘဲ ရှိကြပါ လိမ့်မည်။ ဟင်နရီဂါဒူးနှင့် သူ့ ဝန် ကြီး များ သည် စိတ်မနှံ့သူများတော့ မဟုတ်ကြပါ။

'ခွေးကောင်တွေ မင်း တို့ ရဲ့ ရှင်းလင်းချက်ကို ငါ လိုချင်တယ်'

ဟင် နု ရီ ဂါ ဒူး က ပြော လိုက် ၏။ လောရင့် ဟော့ပါးက

'ကျုပ် ရှင်း ပြ ပါ့ မယ်၊ ဂုဏ် ကျက် သ ရေ အပေါင်းနဲ့ ပြည့် စုံ တော် မူ သော သ မ္မ တ ကြီး ခင်ဗျား၊ အလွန့် အလွန် ကြီးမားတဲ့ အရေးမေ ကိစ္စများကြောင့် ပြင်းပြင်းထန်ထန် ဆောင်ရွက်ဖို့ လိုအပ်လာပါတယ်'

လောရင့်ဟော့ပါးက ခေတ္တမျှ ရပ်တန့်လိုက်ပြီး ဝန်ကြီးများ၏ မျက်နှာကို လျှောက်ကြည့် လိုက်၏။ သူတို့က မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပြန်ကြည့် နေကြသည်။ သူက တစ် ယောက် ကို ဖြုန်း ခ နဲ ကောက် လက်ညှိုး ထိုးလိုက်၏။

'ဟောဒီ သူဟာ သ စ္စာ ဖောက် ပဲ၊ သူက နိုင်ငံရေးယားမှာ ရှိတဲ့ နိုင်ငံခြား သတင်း အေဂျင်စီ တွေဆီက လာဘ်ယူထားတဲ့ လူ'



www.burmeseclassic.com

www.burmeseclassic.com

ထိုလူသည် ကြက်သေသေသွားပြီး ပါးစပ်ဟသွားသည်။ နောက်ဆုံးတွင် ထိုသူက ကန့်ကွက်လိုက်၏။

'ကျုပ် မဟုတ်ပါဘူး'

'တိတ်စမ်း'

ဟင်နရီဂါဒူးက ဟော့ပါးကို လှမ်းကြည့်ပြီး

'ဆက်ပြော' ဟု ပြောလိုက်သည်။

'ကျုပ်တို့က တယ်လီဖုန်း လိုင်းတွေကို ခိုးပြီး နားထောင်ခဲ့တယ်၊ အလောင်းတွေကို ပြသပြီးတဲ့ အခါကျရင် သူက လားဂိုစ်ကို တယ်လီဖုန်း ဆက်ရမယ်၊ အဲဒီနောက်တော့ နိုင်ငံခြားက သတင်းစာဆရာတွေ အုံနဲ့ကျင်းနဲ့ ရောက်လာကြလိမ့်မယ်၊ တယ်လီဗွီးရှင်း ကင်မရာတွေလဲ ပါလာလိမ့်မယ်'

ဟိုတယ်မှ မော်တော်ကား စီး၍ လာခဲ့ချိန်တွင် ကပ္ပါကယာ ဇာတ်တိုက် ခဲ့ရသော ဇာတ်ကွက် ဇာတ်လမ်းအရ ဒီဘာရီးစ်က ဝင်ပြောရမည် ဖြစ်ပါ၏။ ဟင်နရီဂါဒူးက အလွန် စိတ်ဝင်စားခဲ့သော လက်နက် ပစ္စည်းမှာ လာဖ်တန် အေတူး ဗင်ဒီကေတာ လေယာဉ်ပျံများပင် ဖြစ်သည်။

'အခုလို ကွပ်မျက်တဲ့ သတင်းတွေ ပေါ်ထွက်လာပြီးတဲ့ နောက်ပိုင်းမှာ လာဖ်တန်က လေယာဉ်တွေကို ပို့ရဲတော့မှာ မဟုတ်ဘူး၊ လေကြောင်းအင်အားက သော့ချက်ပဲဗျ၊ လေယာဉ်တွေသာ မရှိခဲ့ရင်....'



သူက လက်နှစ်ဖက်ကို ဖြန့်ပြလိုက်ပြီး နောက်အသံကို တိမ်ဝင်သွားစေခဲ့သည်။

ဟော့ပါးက ဆက်ပြောလိုက်ပြန်၏။

'ကျန်တဲ့ ကုမ္ပဏီတွေကလဲ လက်နက် ရောင်းမယ့်ကိစ္စကို ဖျက်ပစ်ကြမှာပဲ၊ သူတို့နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်တွေအရ လူမှု အခွင့်အရေးကို ချိုးဖောက်ကြောင်း အထောက်အထား ရှိနေတဲ့ နိုင်ငံတွေကို မရောင်းချဘဲ ဖျက်ပစ် ရလိမ့်မယ်' ထိုအချက်မှာ ထွင်လုံး သက်သက် သာ ဖြစ်သည်။ သို့ရာတွင် ယုံစရာတော့ ကောင်းနေသည်၊ သူက ချာခနဲ လှည့်၍ လက်ညှိုး ထိုးလိုက်ပြန်၏။

'ဟောဒီ သစ္စာဖောက်ကြောင့် ကျုပ်တို့ရဲ့ အစီအစဉ် မှန်သမျှကို စွန့်လွှတ် ပစ်ရတော့မယ်'

ဟင်နရီဂါဒူးက ခုန် ထလိုက်၏။ သူ့ကို မည်သူကမှ မတားရဲကြပါ။

'နိုင်ငံတော်ကို သစ္စာဖောက်မှုပဲ'

'ကျုပ် မဟုတ်ပါဘူး၊ ကျုပ် ဘာကိုမှ မလုပ်ခဲ့ပါဘူး'

ဟော့ပါးက ဝင်ပြောလိုက်၏။

'သတင်း အေဂျင်စီတွေက ခင်ဗျားကို ဘယ်လောက် လောက် ပေးဖို့ သဘောတူထားကြတယ်ဆိုတာ ဖွင့်ပြောပြရဦးမလား၊ ဒေါ်လာ တစ်သိန်းဗျ'

'မုသားတွေပါ'



www.burmeseclassic.com

www.burmeseclassic.com

ဟင်နရီဂါဒူးက ပြောလိုက်၏။

'သေဒဏ် ပေးတယ်၊ ကြည့် ရှင်း လိုက်ပါ မေဂျာ ရန်းဒေါ'

မေဂျာ ရန်းဒေါက ပီ ၃၈ နှင့် ချိန်လိုက်၏။

'မတ်တတ်ရပ်ပြီး အပြင်ထွက်၊ ခင်ဗျား ကို သေနတ်နဲ့ ပစ်ပြီး ကွပ်မျက်တဲ့ အဖွဲ့နဲ့ စီရင်မယ်'

'မဟုတ်ဘူး'

ဂါဒူးက ပြောလိုက်၏။

'သူ့ကို ဒီမှာပဲ စီ ရင်ရမယ်၊ ခမ ဂျာ မင်း ကိုယ်တိုင် စီရင်ရမယ်'

ထို ကိစ္စ မှာ မေဂျာ ရန်း ဒေါ အ တွက် အဆန်းတကြယ် ကိစ္စ မဟုတ်ပါ။ ထိုဝန်ကြီးအား အ ဆုံး စီ ရင် ပြီး သော အ ခါ ဟင်နရီဂါဒူးက ပြောလိုက်၏။

'ဒီ အ ညစ် အ ကြေး တွေ ကို 'အစေခံတွေကို သန့်ရှင်းရေး လုပ်ခိုင်းလိုက်ပါ မေ ဂျာ ရန်း ဒေါ'

'ခဏ နေ ပါဦး သ မ္မ တ ကြီး၊ ကျုပ်တို့ နှစ်ဖက်စလုံးနဲ့ ပတ် သက် နေ တဲ့ ပြဿနာကတော့ ဖြေရှင်း မသွားပါဘူး'

လောရင့်ဟော့ပါးက ဝင်ပြောလိုက်သည်။

ဟင်နရီဂါဒူးက ပြန် ဟောက်လိုက်၏။

'သေနေတဲ့ လူတွေက တယ်လီဖုန်းနဲ့ စကား မပြောနိုင်ကြပါဘူး'

'သတင်းစာ ဆရာတွေကတော့ စုံစမ်းရအောင် လားကိုးစ်က လာကြဦးမှာပါပဲ'



ဒီဘာရီးစ်က ဝင်ပြောလိုက်၏။

'ကျုပ်တို့တော့ အကြီးအကျယ် ဒုက္ခ တွေ့ကြပြီ၊ သတင်းစာ ဆရာတွေ ရောက် မ လာ ခင် ကျုပ်တို့ လေယာဉ်ပျံနဲ့ ပြန် ပြေး မှ ဖြစ်မယ်၊ ကျုပ်တို့က စီစီအိုင်နဲ့ မ ပတ် သက် စေ ချင် ဘူး၊ ကမ်မ်ကို ပရောဂျက်ကြီး တစ်ခုလုံးကို ဖျက်သိမ်း ပစ်ရမှာပဲ'

ဟင်နရီဂါဒူးက စိတ် လှုပ် ရှား စွာ နှင့် သူ့ နှုတ်ခမ်းကို လျှာ နှင့် ရက် နေ သည်။ မေဂျာ ရန်းဒေါက ဝင်ပြောလိုက်၏။

'အကြံ တစ်ခု ပေးပါရစေ၊ သမ္မတကြီးက ကျုပ်ကို အင်အက်စ်ဘီ တစ် ဖွဲ့ လုံး ကို ကြီးကြပ် ကွပ်ကဲခွင့် ပေးမယ်ဆိုရင် ကျုပ်က ဒီ သက်သေ သက္ကာရတွေကို ဂါဒူး မြို့တော်နဲ့ ဝေး တဲ့ နေ ရာ တွေမှာ ဝှက်ပေးပါ့မယ်'

သူက စဉ်း စဉ်း စား စား နှင့် မျက် မှောင် ကုတ်လိုက်၏။

'ပြီးတော့လဲ စစ်ရေးပြ ကွင်းကို မီးမသောက်မီ သန့်ရှင်း စင်ကြယ်နေအောင် ထိုက်ချွတ် ဆေးကြော ထားဖို့ လိုလိမ့်မယ်'

'အဲဒါက ဖြေရှင်းတဲ့ နည်းပဲ'

လောရင့်ဟော့ပါးက ပြောလိုက်၏။ ဒီဘာရီးစ်က ခေါင်းညိတ်သည်။

'ကောင်းပြီ မေဂျာ'

ဂါဒူးက ပြောပြောဆိုဆိုနှင့် ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မင်းကို အာဏာကုန် လွှဲအပ်လိုက်တယ်'

သူက ဟော့ပါးဘက်သို့ လှည့်လိုက်၏။

'ကျုပ်တို့က ကျေးဇူးတင်ပါတယ်၊ အခမ်းအနား ကိုတော့ အရင် ဆုံးဖြတ်ချက်အတိုင်း ကျင်းပမယ်၊ ခင်ဗျားတို့ အခု ကျုပ် ရှေ့ မှောက် က ပြန်နိုင် ကြပါပြီ'

အပြင်သို့ ပြန် ထွက် လာ ကြ သည်။ ကြေးစား စစ်သား နှစ်ယောက်က အပေါက်ဝတွင် ပြန်စောင့် လိုက်ကြ၏။ ရန်းဒေါက နန်း တော် မှ အမှုထမ်း တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

'ခင် ဗျား တို့ သမ္မတကြီးက သန့် ရှင်း ရေး လုပ်ပေးစေချင်တယ်တဲ့'

ထို့နောက် သူတို့သည် နန်း တော် ၏ ပင်မ တံခါးပေါက်ဆီသို့ ထွက်လာခဲ့ကြ၏။

ရန်းဒေါက တအံ့တဩ ပြောလိုက်သည်။

'တစ်ချက်မှ အထစ်အငေါ့ မရှိဘဲ ချောချော မောမော ပြီးစီးသွားတယ်'

'အမြဲတမ်း အဲဒီလို ဖြစ်လေ့ ရှိပါတယ်လေ'

ဟော့ပါးက ပခုံး တွန့်ပြလိုက်၏။တယ်လီဖုန်းကို ကြား က ဖြတ်၍ နား ထောင် သည် ဆို သော လုပ်ဇာတ်နှင့် ဖြန်းခနဲ စွပ်စွဲသော ဇာတ်ကွက်တို့ကို ယခင်ကပင် စမ်းသပ် အ သုံး ပြု ခဲ့ ဖူး ကြ ပြီး အောင်မြင်မှု ရရှိခဲ့သော ဇာတ်ကွက်ပင် ဖြစ်သည်။ ဟေတီ နိုင်ငံမှ ဒူဗားလီးယားသည် ထို ဆင် ကွက်



ထဲသို့ ရောက်ရှိခဲ့ပြီး စီအိုင်အေက ရှင်းပစ်ချင်သော ကောင်စီဝင် တစ်ယောက်ကို အ ကျဉ်း နည်း နှင့် စီရင် ပစ် ခဲ့ သည်။ ယာဆာ အာရဖတ်သည်လည်း ဤနည်းဖြင့် သူ၏ အရင်းနှီးဆုံး လက်ထောက်ကို သေနတ်ပစ် အ ဖွဲ့ နှင့် အ ဆုံး စီ ရင် ခဲ့ သည်။ လောရင့်ဟော့ပါးက ဒီဘရီးစ်အား ပြောလိုက်၏။

'ခင်ဗျား ဖြည့်စွက်ပြီး ပြော လိုက် တဲ့ အချက် ကလေးတွေက အ ဆုံး အ ဖြတ် ပေး ခဲ့ တာ ပဲ အက်ဒဝပ်ရဲ့'

သူက ဒီဘရီးစ်၏ ပခုံးကို လက်နှင့် ဆုပ်ကိုင် လိုက်သည်။ ဒီဘရီးစ် အံ့အား သင့်သွားသော်လည်း ဘာမှ မပြောပါ။ သူသည် ဟော့ပါးက ခေါ်လာ သောကြောင့်သာ နန်းတော်သို့ လိုက်ပါလာရခြင်း ဖြစ်သည်။ ဟော့ပါးက အခြေအနေကို ခပ်မြန်မြန် ပြောပြခဲ့သည်။ အေးလေ၊ သူတို့က အခြေအနေကို ထိန်းနိုင်ခဲ့ပြီပဲ။ ယခု သူက ဟို တယ် သို့ သာ ပြန်ချင်စိတ် ဖြစ်ပေါ်နေသည်။

ရန်းဒေါက စစ်ရေးပြကွင်းဆီသို့ လျှောက်သွား သည်။ ဟော့ပါးနှင့် ဒီဘရီးစ်က နန်းတော်လှေကား ရှေ့တွင် အသင့် စောင့်နေသော မာစီဒီးကားထဲသို့ ဝင်လိုက်ကြ၏။ ယထာဘူတ ဝါဒီစစ်စစ် ဖြစ်သော လော ရင့် ဟော့ ပါး က ဒီဘရီးစ်သည် အလွန် အဖိုးတန်သော မဟာမိတ် တစ်ယောက် ဖြစ်နိုင် ကြောင်း ဆုံး ဖြတ် လိုက် သည်။ ဂါဒူးဂရင်း ဟိုတယ်သို့ မော်တော်ကားနှင့် ပြန် လာ ကြသော တို တောင်း လှ သည့် ကာ လ အ တွင်း တွင်


www.burmeseclassic.com

www.burmeseclassic.com

မကြေညက်မှုများကို ခြေဖျက်ပြီး ဆက်ဆံရေး အသစ်ကို တည်ဆောက် ရပေလိမ့်မည်။ ထိပ်တိုက် ဝင်၍ ပွင့်ပွင့်လင်းလင်း ပြောဆိုမှုက အောင်မြင်မှု ရရန် အလားအလာများ ရှိပါသည်။

နောက်ဘက် ထိုင်ခုံပေါ်၌ ထိုင်မိကြချိန်တွင် ဟော့ပါးက ပြောလိုက်၏။

'ကျုပ်တို့ နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မပြေမလည် ဖြစ်နေကြတာဟာ ဝမ်းနည်းစရာပဲ အက်ဒဝပ်ရယ်၊ ကျုပ်တို့ နှစ်ယောက် ပေါင်းတာ ကောင်းတယ်ဗျ'

ထို အဆိုပြုချက်ကို ဒီဘာရီးစ်က ပယ်ချလိုက်သည်။

'ကျုပ်တို့ကို မိတ်ဆွေဖွဲ့ကြဖို့ လခ ပေးထားတာ မဟုတ်ဘူး'

'ကျုပ်တို့ နှစ်ယောက် အကြားမှာ ငြိမ်းချမ်းရေး ရသွားရင် ကျုပ်တို့အတွက် အမြတ် ထွက်ဖို့ပါပဲ။ ကျုပ်က အတွင်းရေး ကိစ္စတစ်ခုကို ပြောပြပြီး ငြိမ်းချမ်းရေး အထိမ်းအမှတ် သံလွင်ခက် ထိုးကမ်းလှမ်းပါ့မယ်၊ အဲဒီ အမျိုးသမီးကို စောင့်ကြည့်ပေးဖို့ ကင်းဖီးလ်က ကျုပ်ကို မှာထားတယ်ဗျ'

'ကျုပ်ကို ဘာဖြစ်လို့ ပြောပြရတာလဲ'

'ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်တို့ နယူးရောခ်က ထွက်လာကတည်းက ခင်ဗျားနဲ့ သူက ပေါ်ပေါ် ထင်ထင်ကြီး ဖြစ်နေခဲ့ကြတာ မဟုတ်လား၊ ကျုပ်က



ခင်ဗျားတို့ရဲ့ အိပ်ခန်း ကျယ်ကြီးတွေထဲမှာ အသံဖမ်းခွက် ကလေးတွေ ထည့်ထားတယ်'

'ခင်ဗျား သိပ် ယုတ်မာတဲ့လူပဲ'

'ဒေါသ ဖြစ်ထိုက်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်က ပြန်ပြင်ဆင်ပေးပါ့မယ်၊ ကျုပ်က ခင်ဗျားကို ကယ်ဖို့ကြိုးစားရင်း ခင်ဗျားရဲ့ ယုံကြည်မှုကို တည်ဆောက်ချင်လို့ပါ'

'ခင်ဗျားက အသံဖမ်းခွက်ကလေးတွေ ကျုပ်ကို ပြလေ၊ ဒါဆိုရင် ကျုပ်က ခင်ဗျားကို ယုံကောင်း ယုံမယ်'

'ဒါဆိုရင် ခင်ဗျားတို့ နှစ်ယောက်စလုံး အပေါ်မှာ ကျုပ်က အပိုင်ကိုင်ထားနိုင်တဲ့ ကိစ္စကို လက်လွှတ် လိုက်ရမှာလား'

'အဲဒီ အမျိုးသမီး အခန်းထဲမှာ အသံဖမ်းခွက် ထားတယ်ဆိုတာကို ကျုပ်က ယုံရမှာလား'

'မယုံပါနဲ့၊ ကျုပ် အခန်းထဲမှာ ရှိတဲ့ စက်က အသံတွေကို ဒီကနေ့ည ခင်ဗျား လာနားထောင် ကြည့်ပေါ့'

'ကျုပ်က သူနဲ့ အတူတူ ရှိမနေဘဲနဲ့ ဘာ ကြားစရာ ရှိရမှာလဲ'

'အက်ဒဝပ်ရယ်၊ ဒီ အမျိုးသမီးက အပျက်မပါ၊ ဒါမှ မဟုတ်ရင် ကင်းဖီးလ်က ဘာဖြစ်လို့ သူ့ကို စောင့်ကြည့်စေချင်ရမှာလဲ'

နောက်ဆုံးတွင် ဒီဘာရီးစ်သည် ဟော့ပါး၏ အိပ်ခန်းမှ အတူတူ နားထောင်ကြရန် ဆိုသော အကြံပြုချက်ကို သဘောတူလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀

စီစီအိုင်–ကမ်မ်ကို အဖွဲ့မှ အမျိုးသားများသည် ထူးထူးဆန်းဆန်း ဟင်းလျာများကို မြည်းစမ်းကြည့်လိုသောကြောင့် တိုင်းရင်းသား ဟင်းလျာများကို မှာလိုက်ကြသည်။ ထို ဟင်းလျာများကို ချက်ပြုတ်ရန် တစ်နာရီခန့် အချိန် ယူကြရသည်။ သူတို့သည် နယူးရော့ခ်မှ ယူလာသော ဝိုင်နှင့် အရက်တို့ကို သောက်ရင်း အလုပ်ကိစ္စကို မနှပြောဆိုနေကြသည်။ စတီဖင်ပက်ဂျက်သည် သူ့အတွက် အသုံးဝင်သော စကား တစ်ခွန်းတလေကိုမျှ စုံစမ်း၍ မရရှိခဲ့ပါ။

ထိုအခိုက်တွင် အယ်လီဆန်နှင့် ပက်ဂျက်တို့သည် စွပ်ပြုတ်၊ ကြက်ကင်နှင့် အာလူးပြုတ်တို့ကို စားသောက်ကြပြီးနောက် ညစာကို သစ်သီးကိတ်၊ ကော်ဖီတို့နှင့် အဆုံးသတ်နေကြသည်။ သူတို့သည် လေသံတိုးတိုးနှင့် နှစ်ကိုယ်ကြား ကြိုတင်ညှိနှိုင်းချက်အရ အယ်လီဆန်က ပင်ပန်း နွမ်းနယ်သည်ဟု အကြောင်းပြပြီး အိပ်ခန်းသို့ ပြန်သွားရမည် ဖြစ်သည်။ ပက်ဂျက်က ကော့ညက် တစ်ခွက်



ထပ် သောက်ပြီးမှ အယ်လီဆန်၏ အိပ်ခန်းသို့ လိုက်သွားရမည် ဖြစ်ပါ၏။

'နောက်ထပ် ဘာများ စားချင်သေးသလဲ'

သူက အယ်လီဆန် ထပြန်သွားနိုင်အောင် အစပျိုး လမ်းခင်းပေးသည့် အနေနှင့် စကား ပြောနေကြသံများကို လွှမ်းသွားအောင် ခပ်ကျယ်ကျယ်ကလေး ပြောလိုက်သည်။

'အားရပါးရ အိပ်ပစ်လိုက်ဖို့ပဲ ကျန်ပါတော့တယ်၊ အလ်ကာဆဲလ်ဇာလဲ သောက်ရဦးမှာပေါ့ရှင်၊ ဒါပေမယ့် အဲဒါကိုတော့ အပေါ်ထပ်ကျမှပဲ သောက်တော့မယ်'

အယ်လီဆန်က ဗာဂျီနီးယားလ်ကို မျက်စပစ်ပြလိုက်၏။

'ကျွန်မက ကျွန်မတို့ရဲ့ မိတ်ဆွေကြီး စပင့်ရေကြောက်တဲ့ ရောဂါ ထပ်မဖြစ်ရလေအောင် ပုလင်းထဲ ထည့်ထားတဲ့ ရေနဲ့ပဲ သောက်ပါမယ်ရှင်'

စားသောက်ဆောင် ခန်းမ၏ အဝင်ပေါက်ဆီသို့ စားပွဲထိုးချုပ် လျှောက်သွားသည်ကို စတီဖင်ပက်ဂျက် မြင်လိုက်ရသည်။

သူက အယ်လီဆန်အား လှမ်းပြောလိုက်၏။

'ခင်ဗျား ရဲဘော်ကြီးတွေ ပြန်လာကြပါပြီ'

လောရင့်ဟော့ပါးနှင့် ဒီဘာရီးစ်တို့က အယ်လီဆန်ထံသို့ တန်းလာကြသည်။ သူတို့ ထွက်သွားခဲ့ကြသည်မှာ တစ်နာရီခွဲခန့် ကြာမြင့်လေပြီလားဟု အယ်လီဆန်က တွေးလိုက်မိပြီး ... ကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com

စောစောက မတွေးခဲ့မိသောကြောင့် အနည်းငယ် အံ့သြသွားမိသည်။

ဟော့ပါးက ရှင်းပြလိုက်၏။

'ကျုပ်တို့က မေဂျာနဲ့ သူ့ တပည့်တွေကို ချီးကျူးခန်း ဖွင့်နေရလို့ဗျ'

နောက်ဆုံးတွင် စားပွဲထိုးများက တိုင်းရင်းသား ဟင်းလျာများကို ယူဆောင်လာကြတော့သည်။

ဒီဘရီးစ်က ပြောလိုက်၏။

'ကျုပ်တို့ကို ခွင့်ပြုပါဗျာ၊ ကျုပ်တို့က ယမကာ သောက်ချင်ကြသေးတယ်'

သူနှင့် ဟော့ပါးသည် စားပွဲ၏ တစ်ဖက်စွန်းရှိ လွတ်နေသော ကုလားထိုင်များဆီသို့ လျှောက်သွားကြသည်။

သူတို့၏ တစ်ယောက်နှင့် တစ်ယောက် ဆက်ဆံမှုသည် ထူးထူးခြားခြား ပြောင်းလဲသွားသည်ဟု အယ်လီဆန်က တအံ့တသြ တွေးလိုက်မိပြီး ထိုကိစ္စကို သူ့ ခေါင်းထဲမှ မောင်းထုတ် ပစ်လိုက်သည်။ အယ်လီဆန် မတ်တတ်ရပ်လိုက်၏။

'ကျေးဇူးပြုပြီး ဆက်ထိုင်နေခဲ့ကြပါ၊ ကျွန်မတို့ ညှိခန်းဆောင်ထဲမှာ မနက် ရှစ်နာရီ ခွဲ ကျရင် ဆုံကြမယ်၊ အဲဒီကမှ ဆက်သွားကြတာပေါ့၊ အဲဒီ အချိန်အထိ မင်္ဂလာရှိသောညပါ လူကြီးမင်းများရှင့်'

စားပွဲထိုးချုပ်က အယ်လီဆန်ကို တံခါးပေါက် အထိ လိုက်ပို့ပေးသည်။ စတိဗ် ပက်ဂျက်က ဗာဂျီနီးယားကို ပြောလိုက်၏။



'ကျုပ်က အလကား သောက်နေရတာကို မကြိုက်လှပါဘူးဗျာ၊ ဒါပေမယ့် ခင်ဗျားတို့ဆီမှာပဲ အရက်ကောင်းတွေက ရှိနေတာကိုး'

'ကိုယ်တိုင် ယူသောက်ပါ စပင့်၊ ခင်ဗျားကို ကျုပ်တို့က ကြိုဆိုပါတယ်'

ပက်ဂျက်က ရီမီမာတင် ဘရန်ဒီ အသေး တစ်ခွက်ကို ဆယ့်ငါးမိနစ်ကြာအောင် မျှဉ်းသောက် လိုက်ပြီးနောက် သမ်းဝေဟန် ပြုလိုက်ပြီး ထိုင်ရာမှ ထ၍ လျှောက်နှုတ်ဆက်လိုက်သည်။ ဟော့ပါးနှင့် ဒီဘရီးစ်တို့က ၊ အရက် သောက် နေ ကြ သည်။ ဟော့ပါးက ပက်ဂျက်ကို နှစ်လိုဖွယ်ရာ နှုတ်ဆက် သည်။ သို့တိုင်အောင် ဒီဘရီးစ်က မိတ်ဆွေရင်းချာ ပမာ ဖက်လဲတကင်း နှုတ် ဆက် လိုက်၏။ စတိဗ် ပက်ဂျက်က ဟန်ဆောင်ခြင်း ဖြစ်ကြောင်း သိသည့် အပြင် ထူးခြားသည်ဟု တွေးလိုက်မိသည်။

ဟိုတယ် ညစာရေးက မစ္စတာ ပက်တာဆန် အတွက် သတင်းပို့လွှာ တစ်ခုကို ထုတ်ပေးသည်။

ဖီးလ်ဒင်းနှင့် အိုလီတို့သည် လေဆိပ် မှာပင် ဆက်နေကြမည် တဲ့။ ထိန်းသိမ်းရေး ဆိုင်ရာ ပြဿနာကြောင့် ဖြစ်ပါလိမ့်မည်ဟု စတိဗ်က တွေးလိုက်ပြီး ပထမ ပုံစံအတိုင်း တတိယထပ်သို့ ဓာတ်လှေကားနှင့် တက်ပြီးနောက် ပဉ္စမထပ်သို့ နောက်ဖေးလှေကားမှ တက်ခဲ့သည်။

လူသွားလမ်း စင်္ကြံလမ်းထဲ၌ လူရှင်းနေသည်။ သူက အခန်းကျယ်ကြီး နံပါတ် ၅၀၇ ၏ တံခါး



www.burmeseclassic.com

www.burmeseclassic.com

လက်ကိုင်ဘူကို ဆွဲလှည့်လိုက်ရာ တံခါး ပွင့်သွား လေတော့သည်။

ဟော့ပါးနှင့် ဒီဘာရီးစ်တို့က အ စား အ သောက် များကို အခန်းသို့ ပို့ ခိုင်း တော့ မည် ဟု ပြောပြီး စားပွဲမှ ထလာကြသည်။ ဒီဘာရီးစ်က လေယာဉ် ဝန်ထမ်းများ စုစုဝေးဝေး ရှိနေသော စားပွဲသို့ သွားရောက်ပြီး 'နောက်ထပ် အရက် မသောက်ကြနဲ့ တော့၊ နက်ဖြန်ခါကျရင် လေယာဉ်ပျံ မောင်းချင် မောင်းနေရလိမ့်မယ်' ဟု ပြောလိုက်သည်။

'ကျွန်မ ရေချိုးခန်း ဝင်လိုက်ဦးမယ်'

သူ့ အသံဖမ်း ကိရိယာသည် ကောင်းမွန်စွာ အလုပ် လုပ်နေကြောင်း လောရင့်ဟော့ပါးက သတိ ပြုလိုက်မိ၏။ ဖရီးလ်စ်၍ မော်နီတာမှ ထွက်လာသော အယ်လီဆန်၏ အသံသည် ကြည် ကြည် လင် လင် ပြတ် ပြတ် သား သား ရှိ နေ သည်။ နှစ် လုံး တွဲ ရီကော်ဒါကလည်း နှစ်ခွေ စလုံး လည်ပတ်နေကြ သည်။

လောရင့်ဟော့ပါးက ထို ကိရိယာ၏ ခလုတ်ကို နံနက် ၂ နာရီ ၂၅ မိနစ်တွင် ပိတ် ပစ် လိုက် ၏။ သူ ပင်ပန်းလှပြီ။ ဤ ထိပ်ခွေ နှစ်ခွေပေါ်၌ ရှိနေ



သော အထောက် အထားများက အယ်လီဆန်အား ကျဆုံး သွားစေလိမ့်မည်မှာ သေချာလှသည်။ မိုင်း တူးဖော်ခွင့် သ ဘော တူ ညီ ချက် စာ ချုပ် ကို လက်မှတ် ရေးထိုးပြီးသည်နှင့် တစ်ပြိုင်နက် သူက ချားလ်စ်ကင်းဖီးလ် ထံသို့ တယ် လီ ဖုန်း ဆက် ၍ ထို ထိပ်ခွေ တစ်ပိုင်း တစ်စကို တယ်လီဖုန်းထဲမှ ဖွင့်ပြလိုက်မည်။ ထို အမျိုးသမီး ဆက်ဆက် ကျဆုံး ရမည်။ သူက မြင့်တက်လာမည်။ အဲဒီလောက်အထိ ရှင်းလင်း လွယ်ကူလှပါ၏။

ဟော့ပါးက ကက် ဆက် ထိပ် ခွေ များ ကို ဖြုတ်ယူ လိုက်ပြီးနောက် အော်ဒဝပ် ဒီဘာရီးစ်ကို သူ့ အိပ်ခန်းသို့ ပြန်လွှတ်လိုက်တော့သည်။

အယ်လီဆန် တစ်ယောက် မ အိပ် ချင် သေး ပါ။ စတိဗ် ပက်ဂျက် က လည်း သတင်း ပလင်း များကို ရအောင် မေး မြန်း လို ပါ သေး သည်။ စတိဗ် ပက်ဂျက်က ပြောလိုက်၏။

'တချို့ကတော့ အိပ်ရာထဲမှာ ဆွေးနွေးရတာဟာ ပညာသားပါတဲ့ ဆွေးနွေးချက်တွေပဲလို့ ဆိုကြတယ်၊ ကဲ ကိုယ်တို့ ဆွေးနွေးကြမလား'

'အင်း....ရှင် စပြောလေ၊ ကျွန်မကို ကျွန်မ အကြောင်း ပြောပြစမ်းပါ'

'ကောင်း ပြီ၊ မင်းဟာ အ များ တ ကာ ထဲ ထင်ထားတဲ့ အတိုင်းတော့ ဖြစ်မလာဘူး၊ တခြား ကိစ္စတွေမှာ သ ဘော ထား ချင်း မ တူ ကြ သည့်



www.burmeseclassic.com

www.burmeseclassic.com

တိုင်အောင် မင်းဟာ တော်တော် မာ ကျော တဲ့ အမျိုးသမီး ဆိုတာကိုတော့ အမျိုးသား အုပ်စုက သဘောတူကြတယ်'

အယ်လီဆန်က အနည်းငယ် ခေါင်း ထောင်၍ မေးလိုက်၏။

'ငြင်းကြ ခုံကြတာတွေ ရှိလို့လား'

စတိဗ်က သေချာပေါက် ကိစ္စကို ရမ်း သန်း ပြီး ပြောချလိုက်သည်။

'ကြောင် ကြီး ထ ပြန် သွား တဲ့ အ ခါ မှာ အရက်မူးနေတဲ့ ကြွက်ကလေးတွေ ကျန် ရစ် ခဲ့ ကြ တယ်လေ'

ထိုကိစ္စကို စတိဗ်က မပြောချင့်ပြောချင် ပုံစံနှင့် ပြောလိုက်၏။ အယ်လီဆန်ကရိတ်ချ်၏ 'မိမိဝမ်းကို မိမိ ထိန်း ကျောင်း သော အမျိုးသမီး' ဆိုသည့် သံချပ်ကာ အက်တွင် အက် ကြောင်း က လေး များ ရှိနေလိမ့်မည်ဟု သူ တထစ်ချ ယူဆထားသည်။

'အမျိုးသားတိုင်းကတော့ သူ က သာ အလုပ် အများဆုံး လုပ်ရတယ်လို့ ယူဆ ကြတာပဲ' သူက စိတ်ကူးယဉ် ပုံပြင်ကို ထပ်မံ၍ ချဲ့ကားလိုက်သည်။ 'သန်မာတယ်၊ ထွားကျိုင်းတယ် ဆိုတဲ့ မဟာပူရိသ ယောကျ်ားတွေ ဖြစ် ကြ တဲ့ အ တိုင်း အမျိုးသမီး တစ်ယောက်က ခေါင်းဆောင်တာကို ပြောကြ ဆိုကြတာပေါ့လေ'

အယ်လီဆန် ငုတ်တုတ်ထ ထိုင်လိုက်သည်။

'သူတို့က ဘာတွေ ပြောကြသလဲ'

ပက်ဂျက်က ညည်းညူလိုက်သည်။



'ဒုက္ခပါပဲကွာ'

'ပြောစမ်းပါရှင်၊ ကျွန်မ သိရမှ ဖြစ်မယ်'

စတိဗ်က သူ ပြောသည့် စကားကို ယုံကြည်သွား အောင် မပြောချင့် ပြောချင်ဟန်နှင့် ပြောလိုက်၏။

'အသာ ဘေးဖယ်ထားလိုက်စမ်းပါ အယ်လီဆန် ရယ်၊ သူတို့က အရက်မူးလို့ ပြော ကြ တာ ပါ၊ ပြီးတော့လဲ သူတို့က မင်းဆရာသမား ကင်းဖီးလ်ကိုပဲ အပြစ် တင်ကြတာပါ'

'ဘာဖြစ်လို့လဲ၊ ကျွန် မ က သူ့ အပျော်ဇနီး ဖြစ်နေလို့လား'

'အေးလေ၊ တစ်ယောက်ကတော့ ကင်းဖီးလ်ဟာ အိပ်ခန်းကို ဘုတ် အဖွဲ့ အ စည်း အ ဝေး ခန်းနဲ့ မှားယွင်းနေပြီ ထင်တယ်လို့ ရယ်စရာ ပြောလိုက် တာပဲ၊ ဒါပေမယ့် သူတို့ အဓိက ပြောချင်တဲ့ ကိစ္စ ကတော့ မင်း အခု ဒီကို ရောက် လာ တဲ့ အလုပ်ကိစ္စပဲ'

'ရှင် ရယ်စရာပြောနေတာ ဖြစ်ရမယ်'

'မဟုတ်ပါဘူး'

ပက်ဂျက်က ပခုံး တွန့်ပြလိုက်ပြီးနောက် နာမည် များကို လျှောက်ရွတ်ပြီး သူတို့ ဆရာသမား၏ နောက်ကွယ်တွင် အရက်ကြောင့် လျှာချောင်ပြီး ပြောလေ့ ပြောထရှိသော အတင်း စကားမျိုးကို ထွင် ပြောလိုက်သည်။ 'ဗိုင်ဘိုးက ကုန်ကျ စရိတ် တွေကို လျှော့ချမယ်ဆိုရင် ရနိုင်ပါတယ်တဲ့၊ တီဘိုး ကတော့ ကင်းဖီးလ် ဒါမှမဟုတ် မင်း၊ ဘယ်သူလဲ ဆိုတာတော့ ကျုပ်လဲ မမှတ်မိတော့ဘူး၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ယောက်က သုံးစွဲခဲ့တဲ့ငွေတွေ တာဝန်ယူထားတဲ့ ငွေတွေကို သန်းပေါင်း များစွာ ပြန်ရအောင် သူ လုပ်ပေးခဲ့ရတယ်တဲ့၊ ဂါနီကတော့ သူ ဘက်ချ်တိလ် နဲ့ အလုပ် လုပ်ရတုန်းက အခွင့်အရေးတွေ ပိုရတယ်တဲ့၊ အဲဒါမျိုးတွေ ပါပဲကွာ၊ ကိုယ်က သိပ်ပြီး နားစိုက် ထောင်ခဲ့တာ မဟုတ်ပါဘူး'

'လာနီဟော့ပါးကရော'

လောရင့် ဟော့ပါးက ဘာပြောခဲ့ပါလိမ့်။ စထိဗ်က စဉ်းစားလိုက်ပြီး ဖြစ်နိုင်သော အဖြေကို တွေးမိတော့သည်။

'ဟော့ပါးကတော့ မင်းမာကျောတယ်ဆိုတာကို သူ သဘောတူပါတယ်တဲ့၊ ဒါပေမယ့် မင်းက အမျိုးသမီး အားလုံးနည်းတူ ယောကျ်ားတွေနဲ့ ပြိုင်ပြီး မကြမ်းတမ်းနိုင်ပါဘူးတဲ့'

ပက်ဂျက်က နာနာကြည်းကြည်း ရယ်လိုက်သည်။

'ယောကျ်ားတွေ လုပ်ရမယ့် အလုပ်ကို ယောကျ်ားတွေကပဲ လုပ်သင့်တယ်တဲ့'

အယ်လီဆန် မျက်နှာ နီရဲသွားသည်။ သူ့ဒေါသက ဆူပွက်ပြီး အုံကြွလာသည်။

'သူတို့ အားလုံး ဦးနှောက် မရှိကြဘူး၊ စီဂျေက ရွှေအကြောင်း သိလာတဲ့ နောက်ပိုင်းမှာ....'

'ရွှေ' ဆိုပါကလား။ ပက်ဂျက်က တအံ့တသြ ဖြစ်သွားသည်။



'သူနဲ့ ကျွန်မကအတူတူလက်တွဲပြီး အစီအစဉ်တွေ ရေးဆွဲကြရတယ်၊ ကျွန်မက ကုမ္ပဏီ အတွက် လိုတဲ့ ပစ္စည်းတွေကို လိုက်လံ ညှိနှိုင်းရတယ်'

စတိဗ်က သိပ် စိတ်မဝင်စားဟန် နှင့် မေးလိုက်၏။

'ဒီလို ဘေးဒုက္ခ သင့်နေတဲ့ နေရာမှာ ရွှေ တွေ့သတဲ့လား'

နောက်ထပ် နာရီ အနည်းငယ် ကြာလျှင် ထိုကိစ္စကို အားလုံး သိကုန်ကြတော့မည် ဟု အယ်လီဆန်က တွေးလိုက်၏။

အယ်လီဆန် ခေါင်းညိတ်လိုက်သည်။

'ရှင့်ခေါင်း မူး နောက် သွား လောက် အောင် များပြားတဲ့ ရွှေတွေပဲ'

ဘုရားသခင် ကယ်တော်မူပါ။ ကင်းဖီးလ်က သူ့ကိုယ်သူ စိတ်ချယုံကြည်နေသည်မှာ အထူးအဆန်းတော့ မဟုတ်ပါ။ ကမ်မ်ကိုက ရွှေ တူးဖော်မည်။ ကင်းဖီးလ်က သူ လုပ်ချင်တာကို လုပ်နိုင်စွမ်း ရှိလာမည်။ မိုက်ဗိုဂလာနှင့် စွီအိုင်အီးတို့ကို သူ ဖျက်ဆီး ပစ်လိုသော စာရင်းတွင် ထိပ်ဆုံးက တင်ထားမည်မှာ သေချာသည်။

'ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ် ဒီကို လာတဲ့ လုပ်ငန်းလဲ ပျက်စီးသွားနိုင်လို့ပေါ့ကွာ'

'ဘာကြောင့်'

'အင်မတန် ဆင်းရဲတဲ့ အစိုးရကသာ ကိုယ့်ဘို့ရဲ့ ကမ္ဘာလှည့် ခရီးသည် အစီအစဉ်ကို လက်ခံမှာ၊



www.burmeseclassic.com

www.burmeseclassic.com

ခင်ငွေတွေ အများကြီး တိုးတက်နေတဲ့ အစိုးရဆိုရင်တော့ အတော်ကလေး စေ့စပ် ယူရလိမ့်မယ်'

အယ်လီဆန်သည် ယခု အချိန်အထိ ဒေါသူပုန်ထနေဆဲပင်။ သူက ဒိုင်ဘိုး၊ တီဂူးနှင့် ဟော့မါး.... အစ ရှိသူတို့ကို ကျောင်းမှန်း ကန်မှန်း သိအောင် အကြောင်း ပြလိုက်ဦးမည်။ လော လော ဆယ်မှာတော့ စပင့်ကို သူ သဘောကျနေသည်။ သူက ပြောလိုက်၏။

'နောက် တစ်ရက် နှစ် ရက် ကျ ရင် ကျွန်မက သမ္မတကြီးကို စကား တစ်လုံး နှစ်လုံး ပြောထားပေး ပါ့ မယ်၊ ရှင့် အ တွက် ပြ ဿ နာ ရှိမှာ မဟုတ်ပါဘူး'

'ကျေးဇူးတင်ပါတယ် တဲ့ဗျာ'

စတိဗ် အိပ်ရာပေါ်မှ ထလိုက်၏။ သူ နက်ဖြန်ခါ မိုးမချုပ်မီ 'မဝမ်ဒီ' မှ ခွာ သွား ရ ပေ တော့ မည်။ မည်သို့ပင်ဖြစ်စေ ခရီးသွား အေဂျင်စီ ကိုယ်စားလှယ် စပင်ဆာ ပက်တာဆန် အဖြစ် အ ယောင် ဆောင်ထားသူ တစ်ဦးက သူ့ကို လိမ်ညာ လှည့်စားသွားကြောင်း အယ်လီဆန်က မကြာမီ သိရှိသွားပေလိမ့်မည်။ သူတို့ နှစ်ယောက် နောက် တစ်ကြိမ် ပြန်ဆုံတွေ့ခဲ့သည်ရှိသော် ရန်သူများ အနေနှင့် ရင်ဆိုင်ကြရပေလိမ့်မည်။ ထို ကိစ္စအတွက် သူ့ စိတ်ထဲတွင် ဝမ်းနည်း စိတ် က လေး ဖြစ် ပေါ် လာ ကြောင်း သူ တအံ့တဩ ခံစားလိုက်ရလေ၏။



## ၂၁

တံခါးကို ထုရိုက်မှုများကြောင့် စတိဗ်ပက်ဂျက်သည် နံနက် ခြောက် နာ ရီ ခွဲ ဖြိုး ခါစတွင် အိပ်ရာက နိုးလာသည်။ သူ့ ကို လာနှိုးသူမှာ သူ ငှားရမ်းလာသော စက်ဆနာ လေယာဉ်ပျံ၏ လေယာဉ်မှူး ဒေါက်ဂလပ်စ် ဖီးလ်ဒင်းပင် ဖြစ် သည်။ ပိုင်းလော့အိုကြီးသည် အလွန်အမင်း ပင်ပန်း နွမ်းနယ်နေပုံရသည်။ ပိုင်းလော့အိုကြီးက မေးလိုက်၏။

'နောက်ဆုံး အ ခြေ အ နေ ကို ဘယ်လောက်လောက်အထိ ခင်ဗျား သိထားသလဲ'

'ဟင် ဘာကိစ္စကိုလဲ'

'အဲဒီလို ပြန်မေးနေရတယ် ဆိုရင်တော့ ခင်ဗျား ဘာကိုမှ မသိသေးဘူး၊ ကျုပ်တို့ကလဲ မတော်တဆ သိလာရတာပါ'

ဤတွင် ပိုင်းလော့ကြီးက အစက စ၍ ပြောပြလိုက်လေ၏။

'ခင်ဗျား လေဆိပ်က ထွက်သွားတယ်၊ အဲဒါနဲ့ ကျုပ်က ရုံးခန်းထဲမှာ ပုံစံတွေကို ဖြည့်ဖို့ နေခဲ့ကြရတယ်'



www.burmeseclassic.com

www.burmeseclassic.com

ထို ရုံး ခန်း ထဲ တွင် အင်အက်စ်ဘီ တပ်သား နှစ်ဦးကို တာဝန် ချထားသည်။ သူတို့ နှစ်ယောက်က စကား တတွတ်တွတ် ပြောဆိုနေကြသည်။ အိုလီက မဝမ်ဒီတို့ ပြောလေ့ရှိသော 'ယိုရှူးဘား' စကားကို ကောင်းကောင်း နားလည်သူ ဖြစ်သည်။

'အင် အက် စ် ဘီ တွေ က လူတွေကို အစုလိုက် အပြုံလိုက် ထွက်ဖမ်းနေကြတယ်၊ သူတို့က ဒီမှာ ပိတ်မိနေလို့ ဖမ်းတဲ့အထဲမှာ မပါရတော့ဘူး'

မြို့ထဲတွင် ဒုက္ခ တွေ့နေကြသည်မှာ ထင်ရှားသည်။ အင်အက်စ်ဘီများသည် ထိန်းမနိုင် သိမ်းမရ ဖြစ်လာပြီး လျှောက်ရမ်းကားနိုင်သည်။ 'ကျုပ်တို့က ဒီမှာပဲ ဆက်ပြီး လေယာဉ်ပျံကို စောင့်ဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ အိုလီက အဲဒီ နှစ် ယောက် ကို ဆယ် ဒေါ်လာစီ ပေးလိုက်တယ်'

လာဘ် ပေးထားသောကြောင့် ကျေးဇူးပြုသည့် အနေနှင့် အစောင့် နှစ် ယောက် က ဌာနချုပ်မှ တယ်လီဖုန်းနှင့် သိရှိရသော အချက်အလက်များကို သူတို့အား ပြန်ပြောပြသည်။

'ကိုးနာရီ မထိုးခင် ဂါဒူးရဲ့ နန်း တော် မှာ ကွပ်မျက်တဲ့ ကိစ္စကို သူတို့က သတင်း ပို့ကြတယ်'

သူ သေနတ်သံ ကြားတဲ့ အချိန်လောက်ပဲ ဟု စတိဗ်က တွေးလိုက်၏။ ဟော့ပါးနှင့် ဒီဘရီးစ်တို့ ကပျာကယာ ထွက် ခွာ သွား ကြ သည် ကို သူ သတိရလိုက်၏။ သူတို့ နှစ်ယောက်သည် တစ်နည်း မဟုတ် တစ်နည်းနှင့် ကြံရာပါတွေ ဖြစ်ကြသည်။ သို့တိုင်အောင် အယ်လီဆန်နှင့် ကျန် ပုဂ္ဂိုလ်များ



ကတော့ နည်းနည်းမှပင် မရိပ်မိကြချေ။ ချီးမှပဲ၊ ဘယ်လိုမှ ဆက်စပ်လို့ မရပါလား။

'ဂါဒူးက အလောင်းတွေကို လမ်းတွေပေါ်မှာ လျှောက် ချ ထား လေ့ ရှိတယ်၊ ဒီ တစ်ခါတော့ မထားတော့ဘူး၊ ဆယ့် တစ် နာရီ လောက် ကျတော့ အင်အက်စ်ဘီ တပ်သားတွေကို မြေမြှုပ်ဖို့ တာဝန်နဲ့ နန်းတော်ကို လာကြဖို့ ဆင့်ခေါ်လိုက်တယ်' စကား ဆက်မပြောခင် ဖီးလ်ဒင်းက အသက်ကို ဝဝရှူသွင်း လိုက်၏။

'အလောင်း တစ် လောင်း ရဲ့ အရိပ်အယောင်ကို တောင် မတွေ့ရတော့ဘူး၊ ဒါပေမယ့် ပြောက်ကျား ယူနီဖောင်းတွေနဲ့ လူဖြူ စစ် သား တွေ ကို တော့ ကျုပ် တွေ့ခဲ့ရတယ်၊ သူတို့ ဘယ်က ရောက်လာသလဲ ဆိုတာ ဘုရားသခင်မှ သိတော့မှာပဲ'

စတိဗ်က မေးလိုက်၏။

'စမဂျာ ရှန်းဒေါ် ဆိုတာ ကြားဖူးသလား'

'ချီးမှပဲ၊ ကြားဖူးတာပေါ့၊ သူနဲ့ သူ့ ကြေးစား စစ်သားတွေက အင်ဂိုလာမှာ ရှိနေကြတယ်လေ'

'ညတုန်း က တစ် ယောက် ယောက် က သူ့ နာမည်ကို ပြောလိုက်တယ်၊ သူ ဒီမှာ ရှိနေနိုင်သလား'

'သိပ် မဖြစ်နိုင်ဘူး၊ ရှန်းဒေါ်က ပိုက်ဆံ အရမ်း တောင်းတယ်လို့ နာမည် သိပ် ကြီး တယ်၊ ဂါဒူးက သူ့ ကို ပေးဖို့ ပိုက်ဆံ ဘယ်က ရနိုင်မှာလဲ'

အ ချက် အ လက် များသည် တစ်ခုနှင့် တစ်ခု ဆက်စပ်မှု ရှိလာကြပြီး အဖြေကို စတိဗ် သိလိုက် ပါ၏။ ဤတွင် အကျိုး ဆက်ရောက်မှုများကြောင့်



www.burmeseclassic.com

www.burmeseclassic.com

သူ တုန်လှုပ်သွားသည်။ သူက ဆဲဆို ရေရွတ်လိုက်၏။ ယခု အချိန်တွင် သူသည် ခရီးသွား အေဂျင်စီ ကိုယ်စားလှယ် ဘဝနှင့်ပဲ ဟန်ဆောင် နေရဦးမည်။ နောက်ပိုင်းကျမှ ဖီးလ်ဒင်းနှင့် အိုလီတို့အား အမှန်တရား အများစုကို ဖွင့်ပြောရပါလိမ့်မည်။

'ဒီနေရာဟာ ခရီးသည်တွေကို ပို့ပေးဖို့ကောင်းတဲ့ နေရာမဟုတ်ဘူး ဆိုတာ ကျုပ် သိလာရပြီ၊ ကျုပ် ဒီ ဟိုတယ်က ပြန်လာခဲ့တော့မယ်၊ လေယာဉ်ပျံကို အဆင်သင့် လုပ်ထားပေးပါ၊ ကျုပ်က ဒီ စိတ်ကူး စိတ်သန်း တစ်ခုလုံးကို ပယ်ဖျက်ပြီး ဒီက ခပ်မြန်မြန် ပြန်ချင် ပြန်ဖြစ်လိမ့်မယ်'

'ခင်ဗျားက အဲဒါမျိုး ခပ်ဆန်ဆန်ကို ပြောလိမ့်မယ်လို့ ထင်ခဲ့သားပဲ'

ဖီးလ်ဒင်း သည် လားဂိုစ် တွင် စ မင် ဆာ ပက်တာဆန်နှင့် စတွေ့ချိန်ကပင် သူ၏ ခရီးသွား အေဂျင်စီ ကိုယ်စားလှယ် ကိစ္စကို သံသယ ဝင်ခဲ့သူ ဖြစ်သည်။ သူ မတ်တတ်ရပ်လိုက်၏။

'ကျုပ်က အငှား ကားသမားကို စောင့် ခိုင်း ထားတယ်'

ပိုင်းလော့အိုကြီး ပြန် သွား သည်။ စီစီအိုင် ပုဂ္ဂိုလ်များနှင့် အောက်ထပ် ညှိ့ ခန်း ထဲ တွင် မတွေ့ဆုံလိုသော စ တိဗ် သည် အေး အေး လူ မှုတ်ဆိတ်ရိတ်၊ ရေချိုး၊ အဝတ်အစားလဲလှယ်သော လုပ်ငန်းစဉ်ကို လုပ်ကိုင်ခဲ့သည်။ ထို့နောက် နံနက် စာ ကို အ ခန်း မှာ စား သည်။ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဟိုတယ် မန်နေဂျာထံ တယ်လီဖုန်း



ဆက်ပြီး ဟိုတယ်ထဲတွင် မစ္စတာ ဟော့ပါး ရှိမရှိ အမှတ်တမဲ့ စုံစမ်းလိုက်သည်။

'မရှိတော့ပါဘူး မစ္စတာ ပက်တာ ဆန်၊ အမေရိကန် ညှိ့သည်တော်ကြီးတွေဟာ ကျွန်တော်တို့ရဲ့ သမ္မတကြီးနဲ့ တွေ့ဆုံဖို့ နန်းတော်ကို ထွက်ခွာသွားကြပါပြီ'

မန်နေဂျာ က တောင်းတောင်း ပန်ပန် နှင့် ဆက် ပြော သွား သည်။ မစ္စတာ ပက် တာ ဆန် အနေနှင့် ဒီကနေ့တွင် မဝမ်ဒီ နိုင်ငံ၏ ပြင်ပသို့ တယ်လီဖုန်း ဆက်သွယ်လိုသော ဆန္ဒမရှိပါစေနှင့်ဟု မျှော် လင့် ပါ ကြောင်း၊ ပြည်ပသို့ တယ် လီ ဖုန်း ဆက်သွယ်သည့် ကိစ္စကို ၂၄ နာရီ ပိတ်ပင်ထားမြစ် ထားကြောင်း၊ သမ္မတကြီးက သမိုင်းတွင် ရစ်စေမည့် ကြေညာချက် တစ်ရပ်ကို ထုတ်ပြန်မည်ဖြစ်ကြောင်း၊ တယ်လီဖုန်း လိုင်းများကို အစိုးရနှင့် အမေရိကန် ညှိ့သည်တော်ကြီးများ အသုံးပြုရန် ဖွင့်ပေးထားမည် ဖြစ်ကြောင်း၊ ထို ကြေ ညာ ချက် ကို ဇါဒူး မြို့တော်၏ အသံလွှင့်ဌာနက အသံလွှင့် ကြေညာမည် ဖြစ်ကြောင်း၊ မန်နေဂျာ၏ ရုံး ခန်း ထဲ တွင် ရှိသော ရေဒီယိုမှ တစ်ဆင့် မစ္စတာ ပက်တာဆန် နားထောင်လိုစိတ် ရှိပါသလားဟု မေးမြန်းသည်။ မစ္စတာ ပက်တာဆန်က နားထောင်မည်ဖြစ်ကြောင်း၊ ယခု လောလောဆယ်တွင် တစ်နာရီကျော်ကျော်ခန့် အချိန် ရှိနေသေးသောကြောင့် မြို့တဲသို့ လျှောက် ကြည့်လိုကြောင်း ပြောလိုက်သည်။ မန် နေ ဂျာ က ဆက်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားနဲ့ အတူတူ လိုက်ဖို့ လမ်းပြတစ်ယောက် ထည့်ပေးလိုက်ပါ့မယ်'

လမ်းပြ လား၊ အရပ်ဝတ် အရပ်စား နှင့် အင်အက်စ် တီ တပ်သား လား ဟု စတိဗ်က တွေးလိုက်၏။

'ကျေးဇူးပါပဲ၊ ကျုပ် အခု ဆင်းလာခဲ့မယ်'

အယ်လီဆန် သည် လက်မှတ် ရေး ထိုး သော အခမ်းအနား ပြီး ဆုံး သွား သည့် အချိန်အထိ သူ့ နာကြည်းချက်ကို ထိန်းထားရန် သူ့ စိတ်ကို ဆုံးမ နေရသည်။ ထို အမျိုးသားများက ထုံးစံ အတိုင်း လေးလေး စားစား ဆက်ဆံ နေ ကြ သည် ကို အယ်လီဆန်က ရှေ့တစ်မျိုး ကွယ် ရာ တစ်မျိုး ပြောတတ်တဲ့ သပေါက်မသား တွေဟု တွေးလိုက် သည်။ သမ္မတနန်းတော်သို့ သွား ရောက် ရာ တွင် အယ်လီဆန်နှင့် အတူ မော်တော်ကား စီးကြသော လောရင့် ဟောဘ့ပါးနှင့် အက်ဒဝပ် ဒီဘရီးစ်တို့ကမူ ဗိုက်ပင် ခခယယ လုပ်နေကြသည်။ ဒီဘရီးစ်သည် မျက်စိများ နီရဲပြီး ချွေးကျနေကြောင်း အယ်လီဆန် တွေ့မြင်ရသည်။

မေဂျာ ရန်းဒေါ်သည် နန်း တော် သို့ အဝင် လှေကား ခြေရင်းတွင် လူမြ။ စစ်သား တပ်စိတ် တစ်စိတ်ကို နေ ရာ ချ ထား သည်။ ရန်း ဒေါ်က ဗိုက်ပါပါ အလေး ပြု လိုက်ပြီးနောက် အခမ်းအနားကို ပရိဗီ ကောင်စီ ခန်းမဆောင် အစား



သံတမန် ခန်းမဆောင်တွင် ကျင်းပမည် ဖြစ်ကြောင်း ပြောလိုက်သည်။ အယ်လီဆန်က ပြောင်းလဲရသည့် အကြောင်းရင်းကို မေးမြန်းသည်။

'အသံ အနေအထားက ပိုကောင်းလို့ပါ'

ရန်းဒေါ်က ဟောဘ့ပါးနှင့် ဒီဘရီးစ်တို့ကို တစ်ချက် လှမ်းကြည့်ရင်း ခပ်မြန်မြန် ဖြေလိုက်သည်။

'ကျုပ်က ခင်ဗျားကို လိုက် ပို့ ပေး မှာ ပါ မစ်(စ်) ကရိတ်ချ်၊ ကျန် ပုဂ္ဂိုလ်တွေကတော့ ဦးစား ပေး အစီအစဉ်အတိုင်း နောက်က လိုက်ခဲ့ရပါလိမ့် မယ်'

ယမန်နေ့ မွန်း လွဲ ပိုင်း က ဟင်နရီဂါဒူးနှင့် တွေ့ခဲ့ရသော သံတမန် ခန်းမဆောင်ထဲသို့ သူတို့ကို ခေါ်ဆောင်သွားသည်။ အခန်းထဲတွင် အထားအသို များကို ပြင်ဆင်ထားသည်။ စင်မြင့်အစား အက်ဂဘီ အစိမ်းရောင် အခင်း ခင်း ထား သော စား ပွဲ ရှည်ကြီးတစ်လုံး ရှိနေပြီး ပလ္လင်နှင့် တူ နေ သော ကုလားထိုင် နှစ်လုံး ရှိနေသည်။ တစ်လုံးမှာ ပို၍ ငယ် ပို၍ နိမ့်သည်။ ထို ကု လား ထိုင် မှာ အဖွဲ့ ခေါင်းဆောင် ဖြစ်သော သူ့ အတွက် ဖြစ်ရမည်ဟု အယ်လီဆန်က ခန့်မှန်းလိုက်သည်။

ဟင်နရီဂါဒူး သည် ပိုမြင့်ပြီး ပိုကြီး သော ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ သူ့ ရှေ့ ရှိ စားပွဲပေါ်တွင် ရွှေး ကျ သော စ ကား ပြော ခွက် တစ်ခု ရှိနေသည်။ ၄င်း ကုလားအုတ် သားရေနှင့် ဖုံး ထား သော ဖိုင် တွဲ များ ကို သူ့ ဘယ်ဘက် လက်တောင်ဆစ်နားတွင် အစီအရီ စုပုံထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ အခမ်းအနားတွင် အခြား ကုလားထိုင်များ မရှိပါ။ အယ်လီဆန် ရာထူး ပို ငယ် သော အမေရိကန်များသည် ရောက်နှင့် နေကြပြီ ဖြစ်သော မဝမ်ဒန်အရာရှိကြီးများ၊ ၎င်းတို့၏ လက်ထောက်များ နည်းတူ မတ်တတ် ရပ်နေကြရမည်သာ ဖြစ်ပါ၏။

'မင်္ဂလာရှိသော နံနက်ခင်းပါ၊ ဂုဏ်ကျက်သရေ အပေါင်းနှင့် ပြည့်စုံသော သမ္မတကြီးရှင့်'

အယ်လီဆန်က ပြောလိုက်သည်။ ဂါဒူး ထိုင်ရာက မထပါ။ အယ်လီဆန်အတွက် အနည်းငယ် နိမ့်သော ပလ္လင်သဏ္ဍာန် ကုလားထိုင်ကို ထိန်းကိုင် ထားသည့် ရန်းဒေါ်အား ဟင်နရီဂါဒူးက လက်ဝှေ့ ယမ်းပြ လိုက်သည်။

'ကျုပ်တို့က ကြီး ကျယ် လှ သော ဤ အခမ်း အနားမှာ မင်းကို ကြို ဆိုပါတယ် မစ်(စ်) ကရိတ်

အယ်လီဆန် ထိုင် ချ လိုက် သည်။ စီ စီ အိုင် နိုင်ငံ တ ကာ ဆိုင်ရာ ဥပဒေ ပညာရှင် အားနတ် ဒိုင်ဘိုးနှင့် မော်ရိုကို သားရေနှင့် ဖုံး ထား သော စာချုပ်များကို တပွေ့ တ ပိုက် ကြီး ပွေ့ ပိုက် ထားသော သူ့ တပည့်တို့သည် အယ် လီ ဆန် ဘယ်ဘက်တွင် မတ်တတ် ရပ်နေသည်။ ကမ်ဗိုဒီ အမှုဆောင် ဒုတိယ ဥက္ကဋ္ဌ ဖြစ်သော လေ ဟောပါးသည် အယ်လီဆန်၏ ညာဘက်၊ ကုလား ထိုင်၏ နောက်ဘက် ခြေတစ်လှမ်းအကွာ၌ နေရာ ယူထားသည်။ ရှည်လျားသော အခမ်းအနား ဆိုင်ရာ အစီအစဉ်များကို ရေးဆွဲ ထားသည်။ အယ်လီဆန် သည် ထို အစီအစဉ်ကို အလွတ် ကျက် ထား



မိန့်ခွန်းများနှင့် ပဏာမ အစီအစဉ်များ အတွက် စောင့်ခံထားသည်။ ဟင်နရီဂါဒူးက ပထမ ပြောရ မည် ဖြစ်ပါ၏။ သူ မိန့် ခွန်း ပြော သည်။ သို့ရာတွင် အစီအစဉ်အတိုင်း သို့မဟုတ် အယ်လီဆန် မျှော်လင့်ထားသလို မဟုတ်ပါ။ သ ဘော တူ ညီ ချက်ကို ခပ်မြန်မြန် အဆုံးသတ်လိုပုံမှာ ယမန်နေ့က ထက်ပင် ပို၍ ကြီးမားနေသည်။

ဟင်နရီဂါဒူးက ပြောလိုက်၏။

'ကျုပ်တို့က သဘောတူကြောင်း အတည် ပြုပြီး ပါပြီ၊ သည် စာရွက် စာတမ်း တွေကတော့ ထုံးစံ အတိုင်း ဆောင်ရွက်ရတဲ့ အသေးအဖွဲ တွေပါ'

သူက လက်ဟန်ခြေဟန်နှင့် အချက် ပြလိုက်၏။ တပည့်များက ရှေ့သို့ ခုန် ထွက် လာ ကြ သည်။ တစ်ယောက်က ငှက်ကုလားအုတ် သား ရေ နှင့် ဖုံးထားသော စာချုပ် တစ်ခုကို ယူပြီး သူ့ ရှေ့တွင် ချပေးလိုက်သည်။ နောက် တစ်ယောက်က စာချုပ်ကို လှန်ပေးသည်။ နောက် တစ် ယောက် က အဖုံးဖွင့် ထားသော ဖောင်တိန်ကို အသင့်ကိုင်၍ လှမ်းပေး လိုက်သည်။

အယ် လီ ဆန် ၏ သွေး ခုန်နှုန်း တစ်ဟုန်ထိုး မြင့်တက်လာသည်။ သူ့ လက်ချောင်း ကလေးများ တဆတ်ဆတ် တုန် နေကြသည်ကို လူ မမြင်အောင် လက် ချင်း ဆုပ် ကိုင် ထား ရ သည်။ စက္ကန့် အနည်းငယ်နှင့် ဖောင်တိန် တစ်ခြစ် နှစ် ခြစ် သ လိုတော့သည်ဟု သူ တွေး လိုက် ၏။ ထို့ နောက် သူ ပိုင်ဆိုင်ရတော့မည် ဖြစ်သော ဘီလီယံများနှင့်



www.burmeseclassic.com

www.burmeseclassic.com

သန်းပေါင်း ရာပေါင်း များစွာတို့ကို တွေးလိုက်မိသည်။ သူ့နှလုံးသည် ပီတိဖြင့် တဒုန်းဒုန်း ခုန်လာသောကြောင့် လက် ချောင်း ကလေး များ ကို ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ရလေတော့သည်။

၂

စတီဖင်ပက်ဂျက် မျှော်လင့် ထား ခဲ့ သည့် အ တိုင်း 'လမ်းပြ' သည် အင်အက်စ်ဘီ အဖွဲ့ဝင်တစ်ယောက် ဖြစ်နေသည်။ လမ်းထဲတွင် သူ တို့ နှင့် ဆုံမိသော မဝမ်ခန် လူမျိုးများက ထိုသူသည် အင်အက်စ်ဘီ တပ်ဖွဲ့ဝင် တစ်ယောက် ဖြစ်ကြောင်း ရိပ်မိကြသည်။ သူတို့က ထိုပုဂ္ဂိုလ်ကို ကြောက်ကြောက် လန့်လန့်နှင့် တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက် သူနှင့် စတီဖင် ပက်ဂျက်တို့ကို ဝေးဝေးက ရှောင် ပြေး သွား ကြသည်။

ဘရက်တာ သေနတ်ကို ပခုံးစလွယ်သိုင်းအိတ်နှင့် လွယ်၍ ဥရောပစတိုင် ဝတ်စုံကို ဝတ်ဆင်ထားသော တို အက်ဂဘီ လူမျိုးသည် အင်္ဂလိပ် စ ကား ကို ကောင်းကောင်းမွန်မွန် ပြောတတ်သည့်အပြင် စတီဖင် မျှော်လင့် ထားသည့် အတိုင်း လွယ် လွယ် ကူ ကူ လာဘ်ပေး၍ရသူလည်း ဖြစ်သည်။ ဂလုပ်ဂ ါဒလားစ မီးခြစ်ကို ဒေါ်လာ နှစ်ဆယ်တန် ငွေစက္ကူနှင့် ပတ်ပေးလိုက်ခြင်းဖြင့် အာချောင်လာစေခဲ့သည်။

ဟုတ်ကဲ့၊ ဒီနိုင်ငံနှင့် ဒီနိုင်ငံသားတွေ ဆင်းရဲကြပါသည်။ ဟိုတယ် အနီးအနားရှိ အိမ်များ နှင့် ဆိုင်များသည် ညစ်ပတ် ပေရေကြပါသည်။ခရီးသည်များ သည် သူခိုး ဓားပြ များ ကို စိုးရိမ်ရန် အကြောင်းမရှိပါ။ ဂါဒူးမြို့တော်တွင် ရာဇဝတ်မှု မရှိပါ။ ထိုသူက ပြောင်ချော်ချော် ရယ်လိုက်သည်။ သူခိုးနှင့်ဓားပြများကို ရှင်းပစ်ခဲ့သည်မှာ ကြာပါပြီ။

စတီဖင်က သံယောင်လိုက်၍ ပြောလိုက်၏။

'ကြာပြီ၊ ဟုတ်လား၊ညတုန်းကတောင် ကွပ်မျက်မှုတွေ ရှိခဲ့သေးတယ်လေ'

'ဟာ၊ အဲဒါက သစ္စာဖောက်တွေပါ၊နိုင်ငံတော်ရဲ့ ရန်သူတွေပါ'

'အဲဒီလူတွေဟာ ရိုးရိုး လူဆိုး ဓားပြတွေလို ခင်ဗျား မထင်ဘူးလား'

စိတ်ချသွားအောင် ပို၍ အာမခံလိုသည်သာမက ပိုက်ဆံထပ်ရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ထို စုံထောက်က အကုန်ဖွင့်ပြောတော့သည်။ လယ်ယာ စိုက်ပျိုးရေး ဝန်ကြီး ဌာနကို ဗုံးဖောက် ခဲ့ ရာမှ နိုင်ငံတော်အား လုပ်ကြံသည့်အမှု ပေါ်ပေါက် လာသည်။ ကြံစည်သူများကို နာရီပိုင်းအတွင်း ဖမ်းဆီးပြီး သေဒဏ်ချမှတ်ခဲ့သည်။ ထို အကြံအစည် ပျက်ပြားသွားပါပြီ။ အားလုံး ငြိမ်းချမ်း သာယာသွားပါပြီ။

'ဟုတ်တယ်၊ ဘရှူးစတားက အဲဒီလို ပြောခဲ့တာပဲ'

'ဘရှူးစတား ဟုတ်လား'

'ဝမ်းနည်းပါတယ်၊ မေဂျာရန်းဒေါ်ကိုပြောတာ'

ထို အေးဂျင့်၏ မျက်နှာသည် အမူအရာ အမျိုးမျိုး ပြောင်းလဲသွားသည်။ ပထမ အံ့အားသင့်သွားသည်။ ခရီးသွား ကိုယ်စားလှယ် သည် အင်အက်စ်ဘီ၏

 

www.burmeseclassic.com

www.burmeseclassic.com

တပ်မှူး အသစ်ဖြစ်သူနှင့် ရင်းနှီးနေသူ ဖြစ်သည်။ ထို့နောက် အင်အက်စ်ဘီကို လူဖြူတစ်ယောက်အား ကွပ်ကဲ ခိုင်းသည့် အတွက် မကျေနပ် ဖြစ်ပြန်၏။ နောက်ဆုံးတွင် ထိုပုဂ္ဂိုလ်၏ စိတ်ထဲ၌ ကောက်ကျစ်မှုနှင့် သိချင်စိတ်များ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာတော့သည်။

'ခင်ဗျားက မေဂျာရန်းဒေါကို မယုံလို့လား ခင်ဗျာ'

စတီဗင်က ပခုံးတွန့်လိုက်၏။

'ခရီးသည်တွေ ပေါ်မှာ ကျုပ်တို့ မြတ်စွန်းတဲ့ အမြတ်ငွေ ထဲက သူ့ကို ရာခိုင်နှုန်းနဲ့ ပေးရမှာ၊ အဲဒါက သူ့ကို အမှန်အတိုင်းမပြောဘဲ နည်းနည်းလေးက ဖိုးဖိုးဖိဖိ ပြောချင်စိတ် ပေါ်လာအောင် တွန်းအားပေးနိုင်မလား ဆိုတာကို စဉ်းစားမိလို့ပါ။ ကျုပ်ပြောတာကို နားလည်ရဲ့လား'

'ခင်ဗျာ၊ နားမလည်ဘူး ခင်ဗျ'

'ကျုပ်တို့ ကုမ္ပဏီက ပြည်တွင်း နိုင်ငံရေးကို သိပ်စိတ် ဝင် စား တာ မ ဟုတ် ဘူး၊ ဒါပေ မယ့် ရာဇဝတ်မှုတွေ အများကြီး ဖြစ်နေတဲ့နေရာကိုတော့ ခရီးသည်တွေကို လွှတ်လို့ မဖြစ်ဘူး'

စတီဗင်က ရယ်လိုက်၏။

'တကယ် စဉ်း စားကြည့် တော့ ကျုပ် က ဘာရှေးစတားကို သံသယ ဖြစ်မိတာ ကျုပ် မိုက် တာ ပဲ။ ကျုပ်တို့က သူ့ကို ဘယ်လောက်ပဲ ပေးပေး သူ့ဝေစုအဖြစ် သူ ရမယ့် ရွှေတွေနဲ့ စာရင် အဲဒါက မဖြစ်စလောက်ပဲ ဖြစ်နေမှာပါ'



ထိုပုဂ္ဂိုလ် မျက်လုံးများ ပြူးကျယ် သွားကြသည်။

'ရွှေ... ဟုတ်လား ခင်ဗျ'

လမ်းဆုံးသို့ ရောက် လေ ပြီ။ အင် အက် စ် ဘီ တပ်ဖွဲ့ဝင်သည် ရွှေအ ကြောင်း လုံးဝ မ သိ ပါ။ သူ့ထံမှ ထပ်၍ အစ်အောက် နေဦးမည် ဆိုပါက အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။ ပြီးတော့ ဟင်နရီဂါဒူးက ဆယ့်ငါးမိနစ်အတွင်း အသံလွှင့်၍ မိန့်ခွန်း ပြောကြားတော့မည်။

'အဲဒီ အကြောင်း ပြောသံတော့ ကြားမိတာပဲ၊ ကောင်းပြီလေ၊ ခု လော လော ဆယ်မှာတော့ ကျုပ် မြင်ချင်တာတွေကို မြင်ရပ်ပါပြီ၊ ကျုပ်တို့ ဟိုတယ်ကို ပြန်ကြစို့'

နောက်ဆုံးတွင် မိတ္တူပေါင်း နှစ်ဆယ့်လေးခုရှိသော စာချုပ်များပေါ်တွင် လက်မှတ် ရှစ်ခုစီ ရေးထိုး၍ ပြီးစီးခဲ့လေပြီ။ ဟင်နရီဂါဒူးက နိုင်ငံ အကြီးအကဲ အဖြစ် လည်းကောင်း၊ သူ၏ ဘဏ္ဍာရေး၊ ပြည်ထဲရေး၊ ကုန်သွယ်ရေး နှင့် ကာကွယ်ရေး ဌာနမှ ဝန်ကြီးများက လည်းကောင်း မဝမ်ဒီ နိုင် ငံ အ တွက် လက်မှတ် ရေးထိုးကြသည်။ ကမ်မ်ကို၏ ကိုယ်စား ဥက္ကဋ္ဌဖြစ်သူ အယ်လီဆန် ကရိတ်၍၊ အမှုဆောင် ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ လောရင့်ဟော့ပါးနှင့် ပဒေရေးရာ ဒုတိယ ဥက္ကဋ္ဌ အားနက်စ် ဖိုဘိုး တို့ သုံးယောက်က လက်မှတ် ရေးထိုးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်၊ လော်ရင့်ဟော့ပါးနှင့် ဒိုင်ဘိုးတို့ သုံးဦး ကိုယ့်နည်း ကိုယ့်ဟန်နှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။ သို့ရာတွင် လက်မှတ် ရေးထိုးသည့် အခမ်းအနားမှာ အချိန်ကုန်လှသော လုပ်ငန်းစဉ် ဖြစ်သောကြောင့် ဝေဝေဆာဆာ စကားပြောကြဖို့ ဆယ်မိနစ်သာ အချိန် ရ သည်။ အယ်လီဆန်က ကာမ်မ်ကိုသည် အိမ်ရှင် နိုင်ငံတွင် ကောင်းကောင်း မွန်မွန်နှင့်ကျေးဇူးတရားကို သိတတ်စွာ နေထိုင်သော ညီညွတ်သည့် အဖွဲ့အစည်း ဖြစ်ရပါစေ မည်ဟု အာမခံသည်။ ဟင်နရီဂါဒူးကလည်း သူ့ နိုင်ငံသည် ကောင်းကောင်း မွန်မွန် နှင့် ရည်မွန် ချေင်သော အိမ်ရှင်နိုင်ငံ ဖြစ်ရပါစေ မည်ဟု အာမခံ သည်။ နှစ်ဦးစလုံးက တစ်ဦးနှင့်တစ်ဦး လေးစားကြမည်၊ ရင်းနှီး ချစ်ကြည်ကြမည်ဟု ဆိုကြသည်။နှစ်ဦးစလုံးက အကျိုးစီးပွား ဖြစ်ထွန်းမည့် အနာဂတ် ကာလကို မျှော်မှန်းကြသည်။

မေဂျာ ဘရူးစတား ရန်းဒေါက ဟင်နရီဂါဒူးနှင့် အယ်လီဆန်တို့ကို ယဉ်ကျေးစွာ ခပ်တိုးတိုး ပြောဆို လိုက်ပြီးနောက် ကျန် လူ များ အား အခန်းထဲတွင် ငြိမ်သက်စွာ နေ ထိုင် ကြ ရန် ပြော လိုက် သည်။ သမ္မတကြီးက ရေ ဒီ ယို မှ မိန့်ခွန်း ပြောကြားရန် ရှိနေသည်။ဤတွင်အသံဘက်ဆိုင်ရာ ကျွမ်းကျင်သူများ ပေါ်ထွက်လာကြပြီး စားပွဲပေါ်၌ ရှိသော စကား ပြောခွက်ကို စမ်းသပ် ကြည့်ကြသည်။ ကောင်းမွန် ကြောင်း ကျေနပ်သွားသည့် အခါကျမှ ပြန်ထွက် သွားကြသည်။ ဟင်နရီဂါဒူးက ကိုယ်ကို ရှေ့သို့



ကိုင်းလိုက်ပြီး စကား ပြောခွက်ကို သူ့ အနားသို့ ဆွဲယူလိုက်လေ၏။

စပင်ဆာ ပက်တာဆန်သည် ဟိုတယ် မန်နေဂျာ၏ အခန်းထဲရှိ ပလတ်စတစ် ဖုံးထားသော ဆိုဖာ ပေါ်တွင် ထိုင်၍ ဟိုတယ် မန်နေဂျာနှင့် စကား တတွတ်တွတ် ပြောနေသည်။ ဟိုတယ်မန်နေဂျာသည် သူ့စားပွဲပေါ်၌ ရှိသော တယ်လီဖုန်းကင် ရေဒီယို အဟောင်းမှ ခလုတ်အဝိုင်းတစ်ခုဆီသို့ လက်လှမ်း လိုက်၏။ ထို ရေဒီယိုကို အသံ ခပ်တိုးတိုး ဖွင့်ထားခဲ့ သည်။ ယခု သူက ခလုတ်ကို ထပ်၍ လှည့်လိုက်၏။

အမျိုးသား တစ်ယောက်၏ အသံက ကြေညာ လိုက်သည်။

'ဂုဏ် ကျက်သရေ အပေါင်းနှင့် ပြည့်စုံသော သမ္မတကြီး မိန့်ခွန်း ပြောကြားပါတော့မယ်'

ငြိမ် သက် သွား သည်။ တ ဂျစ် ဂျစ် မြည်သံများ ပေါ်ထွက်နေသည်။ ထို့နောက်

'မဝမ်ဒီ နိုင်ငံသူ နိုင်ငံသားများ၊ သားငယ်များနှင့် သမီးငယ်များ၊ သင်တို့၏ ဖခင်ကြီးနှင့် သမ္မတကြီး ဖြစ်သူက ကျွန်ုပ်တို့၏နန်းတော်မှ နေ၍ မိန့်ခွန်း ပြော ကြား နေ ပါ တယ်၊ ကျွန်ုပ်တို့၏ အသက သမိုင်း တွင်ရစ်စေမည့် စကားလုံးများနှင့် သင်တို့၏ သောတ အာရုံကို ဩရောက်ထိတွေ့မှာ ဖြစ်ပါတယ်'

www.burmeseclassic.com

ထို့နောက်တွင် ကားသမ္မတကြီးသည် သူလျှောက်ခဲ့ရသော ဘဝခရီးကို ဂုဏ်ယူဝင့်ကြွားစွာ ဆက်ပြောသွားသည်။ ထို့နောက် သမ္မတကြီးက

'ကြာမြင့်စွာ ရှုန်းကန်ရမှု၏ အသီးအပွင့်များ ပေါ်ထွက်လာခဲ့ပါပြီ၊ ကျွန်ုပ်တို့က ကင်းဖီးလ်အာဖရိုကန် မိုင်းနင်းကုမ္ပဏီနဲ့ မဟာမိတ်ဖွဲ့ဖို့ ဒီကနေ့ပဲ သဘောတူလိုက်ပါပြီ၊ အဲဒီ ကုမ္ပဏီဟာ အမေရိကန် ကုမ္ပဏီတွေထဲမှာ တွန်ဂါဘီလူးကြီး တစ်ကောင် ဖြစ်ပါတယ်'

တွန်ဂါဘီလူးကြီးဆိုသည်မှာ မဝမ်ဒီ နိုင်ငံ၏ ရှေးဟောင်း ပုံပြင်များတွင် ပါရှိသော မည်သူကမျှ ရန်မူနိုင်စွမ်းမရှိသည့် မဟာဘီလူးကြီး ဖြစ်သည်။

'အဲဒီ တွန်ဂါ ဘီလူးကြီးက ကျွန်ုပ်တို့ထံကို အမေရိကန်ဒေါ်လာတွေ တောင်ပုံယာပုံ ယူဆောင်လာမှာဖြစ်သလို အံ့ဩစရာကောင်းတဲ့ ပြောင်းလဲမှုကြီးများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးပါလိမ့်မယ်၊ အဲဒီ တွန်ဂါဘီလူးကြီးက စက်ရုံတွေ လမ်းတွေနဲ့ နေအိမ်တွေကို မြောက်မြောက်မြားမြား တည်ဆောက် ပေးပါလိမ့်မယ်၊ အဲဒီ တွန်ဂါကြီးက ကျွန်ုပ်တို့ရဲ့မြေကို မြေဩဇာ ကောင်းလာအောင် လုပ်ပေးပါလိမ့်မယ်၊ မိုင်းတွင်းတွေကို တူးဖော်ပေးလိမ့်မယ်၊ ကျွန်ုပ်တို့၏ကလေးငယ် ထောင်ပေါင်းများစွာအတွက် အလုပ် အကိုင်တွေ ရရှိလာကြလိမ့်မယ်'

ချမ်းသာမည်၊ ကြွယ်ဝမည်၊ ခေတ်သစ်သို့ ရောက်မည်ဆိုသော ဦးတည်ချက်ကို မိနစ်ပေါင်းများစွာ ကြာအောင် ဆက်ပြောသွားသည်။ ထို့နောက်

'ကျုပ်တို့က ကျုပ်တို့ရဲ့ကြည်းတပ်နဲ့ လေတပ်ကို စတောင် အင်အားဖြည့်တော့မယ်၊ အဲဒီ ကြည်းတပ်နဲ့ လေတပ်တွေဟာ တွန်ဂါဘီလူးကြီးတွေ ဖြစ်လာစေရမယ်၊ အဲဒါက ကျွန်ုပ်တို့ရဲ့ ရန်သူများကို သတိပေး နှိုးဆော်သလို ဖြစ်စေရမယ်၊ ဒီဟာက ကျွန်ုပ်တို့ရဲ့နယ်စပ်ကို တာနဲ့လန့်ဖြတ်ပြီး ကျုပ်တို့ကို ရန်ပြုနေတဲ့ ပုဂ္ဂိုလ်တွေ ကြောက်စိတ် ဖြစ်ပေါ်လာစေရမယ်၊ အဲဒါက ကျုပ်တို့ကို ပင်လယ်ထွက်ခွင့်မပေးဘဲ ပိတ်ဆို့ထားတဲ့ မိန်းမဆန်သူတွေကို ကြောက်သေး ပါကုန်စေရမယ်'

ဘုရားသခင် ကယ်တော်မူပါ။ သူက 'ဘာဆိုတို' ကို ရည်ရွယ်၍ ပြောဆိုနေတာပဲ ဖြစ်ရမည်။ စတိဗ်၏ တဒုတ်ဒုတ်နှင့် နာကျင်နေသော အမာရွတ်များသည် ထိုအချိန်တွင် မခံမရပ်နိုင်အောင် နာကျင်လာကြလေပြီ။

'ကျုပ်တို့ရဲ့ တန်ခိုးသတ္တိရှေ့မှောက်မှာ မလှုပ်နိုင် မယှက်နိုင် ဖြစ်စေရမယ်'

ယခုအချိန်တွင် အစစအရာရာသည် ရုပ်လုံးပေါ်လာခဲ့ပါပြီ။ အယ်လီဆန်၏ ဟိတ်တစ်လုံး ဟန်တစ်လုံး ကြေညာချက်ကို အတည်ပြုပေးလိုက်ခြင်းပင် ဖြစ်သည်။ ငွေတွေ အမြောက်အမြား ရှိနေရပါလိမ့်မည်။ ထိုကဲ့သို့ မဟုတ်ပါက စီစီအိုင်သည် စစ်အင်အား တိုးချဲ့ရေးအတွက် ကုန်ကျမည့် ငွေများကို ကျခံသုံးစွဲလိမ့်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

စထိမ့်က သူ့ကိုယ်သူ ပြန်၍အပြစ်တင်လိုက်မိ၏။ သူသည် အမေရိကန် ပြည်ထောင်စုတွင် ဆက်နေ ထိုင်ပြီး အယ်လီဆန်ကရိုတ်ချ်၏ လက်နက် ဖယ်ယူမှု ကိစ္စနောက်သို့သာ လိုက်လံ စုံစမ်းသင့်သည်။ ယခု အချိန်တွင် သူသည် အယ်လီဆန့်အား လက်နက် ရောင်းချမည့် ပုဂ္ဂိုလ်များကို သိရှိနိုင်ဖွယ်ရာရှိပြီး ကာင်းဖီးလ်နှင့် ကမ်မ်ကိုတို့ကို လမ်းခုလတ်တွင် အားပြတ်သွားစေရေးအတွက် အယ်လီဆန်၏ လုပ်ရပ်များကို မိုက်ဗိုဂလာက ဖျက်ဆီး ဟန့်တား နိုင်စွမ်းပင် ရှိကောင်း ရှိနေပါလိမ့်မည်။

ဟင်နရီဂါဒူး၏အသံက ဆက်လက် ပေါ်ထွက် နေသည်။

'ကျွန်ုပ်တို့၏ ထိတ်လန့်မှု အလျှင်းမရှိသော စစ်သည်တော်များကို နောက်ဆုံးပေါ် စစ်သေနင်္ဂဗျူဟာများ သင်ကြား ပေးကြမည့် အထူး ကျွမ်းကျင်သော စစ်သားများ ဂါဒူးမြို့တော်မှာ ရောက်ရှိနေကြပါပြီ၊ ကျွန်ုပ်တို့၏ လေယာဉ်အုပ် များကို ဦးဆောင်ဖို့ ဆူပရင်းအဲယားမာရှယ် တစ်ယောက်ကိုလဲ ခန့်ထားပြီးပါပြီ၊ လာမယ့် ရက်သတ္တပတ် အနည်းငယ် အတွင်းမှာ လေယာဉ်ဗုံး တွေနဲ့ လက်နက်တွေ ရောက်ရှိ လာတော့မှာ ဖြစ်ပါတယ်။ မဝမ်ဒီနိုင်ငံဟာ အာဖရိက နိုင်ငံတွေ အကြားမှာ တွန့်ဂါ မဟာဘီလူးကြီး ဖြစ်လာစေ ရမယ်၊ သင်တို့ရဲ့ဖခင် သမ္မတကြီးဟာ သင်တို့ အတွက် ဆောင်ရွက် ပေးရမှုများကို ဂုဏ်ယူ ဝမ်းမြောက်လျက် ရှိပါတယ်'



ဟိုတယ်မန်နေဂျာက ကျယ်လောင်စွာ လက်ခုပ် လက်ဝါး တီးလိုက်၏။ ပက်ဂျက်က သူ့အနေနှင့် ခပ်မြန်မြန်သွက်သွက် လှုပ်ရှားဖို့လိုကြောင်း သဘော ပေါက်လိုက်သည်။ သူ ပြောလိုက်သည့် စကား များကို အယ်လီဆန်က စုံစမ်း မေးမြန်းကြည့်လိမ့် မည်မှာ သေချာသည်။ ပြီးတော့ အယ်လီဆန်သည် ဟင်နရီဂါဒူးနှင့် အလွန် အလွမ်းသင့်နေသည်။ အမျိုးသမီး တစ်ယောက် 'ရယ်စရာ အလုပ်ခံလိုက် ရသည့် ကိစ္စနှင့် မိမိဝမ်းကို မိမိ ထိန်းကျောင်းသည့် အမျိုးသမီးတစ်ယောက် အနှိပ်ခံလိုက်ရသည့် ကိစ္စ တို့ကို မနှိုင်းယှဉ်ထိုက်ပါ။ အယ်လီဆန်က စကား တစ်ခွန်း ပြောလိုက်သည်နှင့် စပင်ဆာပက်တာဆန် ဆိုသော ခရီးသွားအေဂျင်စီကိုယ်စားလှယ်အတုသည် မဝမ်ဒီန် ထောင်ထဲသို့ ရောက်ရှိသွားနိုင်ပေသည်။ သို့တည်းမဟုတ် ကွပ်မျက်သော သေနတ်ပစ်အဖွဲ့ ရှေ့မှောက်သို့ ရောက်ရှိသွားနိုင်ပေသည်။

'သိပ်ကောင်းတဲ့ မိန့်ခွန်းပဲ'

သူ ထိုင်ရာမှ ထလိုက်သည်။

'ခင်ဗျားက ကျုပ်ကို နားထောင်ခွင့် ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်'

သူက တံခါးပေါက်ဆီသို့ ခြေလှမ်းလိုက်၏။

'ကျုပ်ရဲ့ ပိုင်းလော့တွေ ရောက်နေတယ်၊ ကျုပ် မနေ့က တချို့ စာရွက်တွေပေါ်မှာ လက်မှတ် ထိုးပေးဖို့ မေ့ကျန်ခဲ့ပုံရတယ်၊ ကျုပ် လေဆိပ်ကို သွားဦးမယ်၊ အဲဒီ နောက်တော့ သမ္မတကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com

နန်းတော်ကို သွားမယ်၊ ကျုပ်က သမ္မတကြီးနဲ့ တွေ့ခွင့်ရထားတယ်'

နှုတ်ဆက်ရီသေသွားသော ဟိုတယ်မန်နေဂျာက အငှားကား တစ်စီး စီစဉ် ပေးလိုက်သည်။ လမ်းပေါ်တွင် အဆီးအတား များ မရှိပါ။ အင်အက်စ်ဘီ တပ်သားများသည် လေဆိပ်၌ ပြန်၍ တာဝန် ထမ်းဆောင်နေကြလေပြီ။ ပက်ဂျက်က ဆယ်ဒေါ်လာတန် ငွေစက္ကူများကို ဝေငှလိုက်သော်ကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနတို့ကို ချောမောစွာ ကျော်ဖြတ် လာနိုင်ခဲ့သည်။ ရုံးခန်းနားတွင် အိုလီကို သူ တွေ့လိုက်ရ၏။ ဖီးလ်ဒင်းက စက်ဆရာ လေယာဉ်မှူးနှင့်အတူ ရှိနေသည်။

'ကျုပ်တို့ ဘယ်လောက်လောက်ခပ်မြန်မြန် ဒီက ထွက်နိုင်ကြမလဲ အိုလီ'

'ကျုပ်က ပျံသန်းရေး အစီအစဉ်ကို တင်ပြ ပြီးတာနဲ့ ထွက်လို့ရပါတယ်၊ လားဂို့စ်ပဲလား'

'အင်း ဟုတ်တယ်'

လေယာဉ်ပျံ လေထဲသို့ ပြန်တက် ပြီးချိန်တွင် သွားရောက်ရမည့် ဒေသကို ပြောင်းလဲပြီး ဘာဆိုတို နိုင်ငံမှ ဂါလာ မြို့တော်သို့ သွားရောက် ရန် ဖီးလ်ဒင်းနှင့် အိုလီတို့က သဘော တူကြလိမ့်မည်ဟု သူ မျှော်လင့်မိပါ၏။

'ခင်ဗျားရဲ့ သေတ္တာတွေက ဘယ်မှာလဲ'

အိုလီက မေးလိုက်ခြင်းဖြစ်သည်။



'ပြောရမှာကတော့ အရှည်ကြီးပဲဗျာ၊ ကျုပ်တို့ လေထဲ ရောက်တဲ့အခါကျရင် ခင်ဗျားကို ပြောပြပါ့မယ်'

## ၂၂။

ဟင်နရီဂါဒူး၏ ဝန်ကြီးများက ဟင်နရီဂါဒူးကို လေးလေးစားစား အလေးပြုကြသည်။ သမ္မတကြီး၏ မိန့်ခွန်းကို ချီးကျူး ကြသည်။ အယ်လီဆန်နှင့် အဖွဲ့သည် ထိုဗရုတ်ဗရက်များ ကြားထဲမှထွက်လာခဲ့ကြသည်။

ပြုံးနေသော ဗာဂျီရှီးလ်က အားနက်စ်ဒိုင်ဘိုး၏ ပခုံးကို ပုတ်၍

'ကိစ္စတော့ ပြီးပြီဗျို့၊ ကျုပ်တို့ အောင်မြင်ခဲ့ကြပြီပဲ' ဟု ပြောလိုက်သည်။

အယ်လီဆန်က ဗာဂျီရှီးလ်ကို အေး စက်စက် ကြည့်လိုက်၏။

'အဲဒီ ကျုပ်တို့ဆိုတဲ့ စကားလုံးထဲမှာ ကျွန်မရော ပါပါသလားဆိုတာ မေးပါရစေ'

ရှီးလ် စိတ်ရှုပ်သွားသည်။ သူ ဘာကို မှားယွင်း၍ ပြောခဲ့ မိပါလိမ့်။ လောရင့် ဟော့ပါးက ပြော လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'အစကအဆုံးအထိ ကျေးဇူးတင်ထိုက်သူကတော့ ခင်ဗျားပါပဲ မစ်(စ်)ကရိတ်ချ်ရယ်'

လောရင့်ဟော့ပါးသည် ကင်းဖီးလ်ထံသို့ သတင်းပို့သွားရန် စိတ်စောနေသောကြောင့် အယ်လီဆန့်အနားသို့ တိုးကပ်သွားပြီး ခပ်တိုးတိုးပြောလိုက်၏။

'ကျုပ်ကိုတော့ ခွင့်ပြုပါဗျာ၊ ကျုပ်က ညှော်ခံပွဲအတွက် လုံခြုံရေး အစီအစဉ်တွေ လုပ်ဖို့ရှိနေလို့ပါ'

ဟုတ်ပေသားပဲ။ အယ်လီဆန်သည် အခြား ကိစ္စရပ်များထံသို့ စိတ်ရောက် နေသဖြင့် ထိုကိစ္စကို မေ့လျော့နေခဲ့သည်။ သဘော တူညီချက် စာချုပ်များကို လက်မှတ် ရေးထိုးသောနေ့ ညဘက်တွင် ဟင်နရီဂါဒူးက ညှော်သည်တော်များကို ဂုဏ်ပြုသော ညစာစားပွဲနှင့် တည်ခင်း ညှော်ခံမည် ဖြစ်သည်။ အယ်လီဆန် ကိုယ်တိုင်ကလည်း သူ၏အောင်မြင်မှုများကို စီဂျေထံ တယ်လီဖုန်းနှင့် အစီရင်ခံလိုသောကြောင့် လစ်ထွက်သွားလိုလှပါ၏။ သို့ရာတွင် အဖွဲ့ခေါင်းဆောင်အနေနှင့် အခမ်းအနားပြီးဆုံးကြောင်း ကြေညာသည့် အချိန်အထိ နေပေးရ ပါလိမ့်မည်။ အနည်းဆုံး တစ်နာရီခန့်တော့ ကြာပါလိမ့်မည်။

'ကောင်းပါပြီ လာရီ'

လောရင့် ဟော့ပါး ထွက်ခွာ သွား သည်။ အက်ဒဝပ်ဒီဘာရီးစ်ကလည်း ဘာမပြော ညာမပြောနှင့် လိုက်ပါသွားသောကြောင့် အယ်လီဆန် အံ့ဩမိသည်။ 'ဆူပရင်း အဲယား မာ ရှယ်' ဆို သော ဂုဏ်ထူးက ဒီဘာရီးစ်ကို သွေးနားထင် ရောက်သွားစေတာပဲဖြစ်ရမည်။ ထိုကိစ္စနှင့်ပတ်သက်၍ သူတစ်ခုခု



လုပ်ရလိမ့်မည်ဟု အယ်လီဆန် တွေးမိ လိုက်၏။ ခပ်စောစောပိုင်းက အယ်လီဆန်၏ ခပ်ထေ့ထေ့ စကားလုံးကြောင့် ကြောက်ရွံ့ သွားသော ကျန်ပုဂ္ဂိုလ်များသည် အယ်လီဆန့် အနားသို့ ချဉ်းကပ်လာကြပြီး ချီးကျူး စကား များကို မိုးမွှန်အောင် ပြောနေကြတော့သည်။ ဖော်လံဖားတွေ၊ ကြောင်သူတော်တွေဟု အယ်လီဆန်က နာနာ ကြည်းကြည်း တွေးလိုက်မိ၏။

မေဂျာ ရန်းဒေါက ထိုလူအုပ်ကြားထဲသို့ တိုးဝင်လာသည်။

'မစ် (စ်) ကရိတ်ချ်၊ သမ္မတကြီးက ခင်ဗျားနဲ့ စကား ပြောချင်လို့တဲ့'

'ကျွန်မကို ဟောဒီ အချိုပေါ် သကာလောင်းနေတဲ့လူတွေကြားထဲက ခေါ်ထုတ်ပေးပါလားရှင်'

အယ်လီဆန်၏ လေသံက 'အချိုပေါ် သကာလောင်းနေသည်' ဆိုသော ကိစ္စအား 'မျက်နှာလိုမျက်နှာရ လုပ်နေသည်' ဆိုသော သ ဘော မျိုး ဖြစ်အောင် ပြောလိုက်သလို ဖြစ်နေသည်။

အက်ဒဝပ် ဒီဘာရီးစ်က လော ရင့် ဟော့ ပါး အား အတင်း အဓမ္မ တိုက်တွန်းလိုက်သည်။

'တယ် လီ ဖုန်း ဆက်ပြီး ပြော ပြ လိုက် ပါ တော့လားဗျာ'

စေ့စေ့စပ်စပ်နှင့် စနစ်တကျ လုပ်တတ် သော ဟော့ပါးက ခေါင်းခါလိုက်၏။ သူက တိပ်ခွေကို

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်နားထောင်ပြီး အလွန် ထိရောက်မည့်နေရာကိုသာ တယ်လီဖုန်းထဲမှ ဖွင့်ပြလိုသည်ဟု ပြောလိုက်သည်။

'ဒါဆိုရင် အဲဒီ ကက် ဆက် ခွေ တွေ ကို ပြန်ဖွင့် ကြည့်ဖို့ နှစ်နာရီ သုံးနာရီ ကြာသွားတော့မှာပေါ့'

'အလွန်ဆုံး ကြာမှ မိနစ် သုံးဆယ်ပါဗျာ'

သူက တိပ်ခွေကို အကုန်မဖွင့်ဘဲ နားထောင် လိုသည့် နေရာများကိုသာ ရွေးပြီး ဖွင့်ကြည့်မည် ဖြစ်ပါ၏။

လောရင့်ဟော့ပါးက 'ဖွင့်' ဆိုသော ခလုတ်ကို နှိပ်လိုက်၏။ သူနှင့် အက်ဒဝပ် ဒီဘရိုးစ်တို့ စကား ပြောနေကြသံများ ပေါ်ထွက်လာသည်။ ဒီဘရိုးစ်က ပြောလိုက်၏။

'ဟော့ လူ၊ ဒါ ကျုပ်ပြောနေတဲ့ အသံပါ၊ ကျုပ် အသံပဲဗျ'

ဟော့ပါးက 'ရပ်' ဆိုသော ခလုတ်ကို နှိပ်လိုက် ပြီးနောက် ဦးနှောက် ခြောက် သွား သော ကြောင့် မျက်မှောင် ကုတ်လိုက်သည်။

'အင်း ဟုတ်တယ်'

သူက ဆိုနီစက်ကို ငေးကြည့်နေသည်။

'စက် မမှန်တာပဲ ဖြစ်ရမယ်'

ဟော့ပါးက တိပ်ခွေကို ရှေ့အက်သို့ ခပ်မြန်မြန် ရစ်ပေးသော ခလုတ်အား နှိပ်လိုက်ပြီး စက္ကန့် အနည်းငယ် ကြာအောင် ဆက်ဖိ ထားလိုက်သည်။ ထို့နောက် ခလုတ်ကို ပြန်လွှတ်ပြီး 'ဖွင့်' ဆိုသော ခလုတ်ကို နှိပ်လိုက်ပြန်၏။

တရှဲရှဲ မြည်သံများကိုသာ ကြားရပြီးနောက် သူတို့ နှစ်ယောက်၏ အသံများကိုသာ ကြားလိုက်ရ ပြန်သည်။

ဒီဘရိုးစ်သည် ဒေါပွ လွန်းသောကြောင့် အမြှုပ် ထွက်လုမတတ်ပင် ဖြစ်နေသည်။ ဟော့ပါးက သူ့ကို နှစ်သိမ့်လိုက်သည်။

'ဘယ်လို ဖြစ်သလဲဆိုတာ ကျုပ်လဲ မတွေးတတ် တော့ဘူးဗျာ၊ ဒါပေမယ့် ဒီ စ နစ် မှာ တိပ် ခွေ နှစ်ခွေကို သပ်သပ်စီ အသံ သွင်းတယ်ဗျ'

လောရင့်ဟော့ပါးက ပထမ တိပ်ခွေကိုဖြုတ်ပြီး နောက်ထပ် တစ်ခွေကို ထည့်လိုက်ပြန်၏။ ပထမ တိပ်ခွေအတိုင်းပင် အသံ ထွက်လာသည်။ လောရင့် ဟော့ပါး ဒူးတုန်လာလေပြီ။

ရပ်၊ ရှေ့ဘက်သို့ မြန်မြန်လှည့်၊ ဖွင့်။

ဒီဘရိုးစ် သည်းညည်း မခံနိုင်တော့ပါ။

'ခင်ဗျား တော်တော် အသုံးမကျတဲ့ လူပဲ'

ဒီဘရိုးစ်က ကုန်းအော်လိုက်၏။

'ခင်ဗျားလုပ်လို့ အကုန်လုံး ကမောက်ကမတွေ ဖြစ်ကုန်ပြီ'

သူ ဆို ဖာ ပေါ် မှ ခုန် ထ လိုက် သည်။ သူက ဟော့ ပါး ကို ပျော့ဖတ် ဖြစ် သွား သည် အ ထိ လက်သီးနှင့် အသေထိုးရန် အဆင်သင့်ဖြစ်နေသည်။

'ဖြစ်....ဖြစ်ကို မဖြစ်နိုင်ဘူးဗျ'

ဟော့ပါး၏ အသံက ကွဲအက်အက်နှင့် ကြားရ သည်ဆိုရုံမျှသာ ခပ်တိုးတိုးကလေး ဖြစ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com

ဟော့ပါးသည် ဒီဘာရှီးစ်ကို လှည့်ပင် မကြည့်ချေ။ ထိုကိစ္စက ဒီဘာရှီးစ်အား ရပ်တန့် သွားစေခဲ့ပါ၏။

'ကျုပ် စစ်ဆေးကြည့်ခဲ့ပါတယ်ဗျာ'

ဟော့ပါးသည် အန်မထွက်အောင် ကြိုးစားပြီး ပြန်မျိုချနေပုံရသည်။ ဟော့ပါးသည် သူ့ကိုယ်သူ ထိန်းလိုက်ပြီးနောက် ဒီဘာရှီးစ်ကို သတိ မထားမိဘဲ 'ရပ်၊ အရှေ့ဘက်ကို ခပ်မြန်မြန်ရစ်၊ ဖွင့်' ဆိုသော လုပ်ငန်း စဉ်ကို ပင် ဆက် လုပ် နေ သည်။ ဘာမျှ မထူးခြားပါ။

'လာရီ'

ဒီဘာရှီးစ် သူ့ကိုယ်သူ ပြန် ထိန်းနိုင်ခဲ့လေပြီ။

'ခင်ဗျားက ဒီ ပစ္စည်းကို တကယ် ကိုင်တွယ်တတ်ရဲ့လား'

ဟော့ပါးသည် နောက်ဆုံးတွင် ပြန် လှည့် ကြည့်လိုက်၏။ သူ့ မျက်လုံးထဲတွင် ဟာလာဟင်းလင်း ဖြစ်နေသည်။

'ကျုပ်က ကျွမ်းကျင်ပါတယ်ဗျ၊ ကျုပ် ဒီပစ္စည်းကို အကြိမ်ပေါင်း တစ်ရာ တစ်ထောင် သုံးခဲ့ဖူးပါတယ်၊ ပြီးတော့လဲ မနေ့က မွန်းလွဲပိုင်းက ကျုပ် စစ်ဆေးခဲ့ပါတယ်လို့ ခင်ဗျားကို ပြောခဲ့ ပြီးပြီပဲ၊ ကျုပ်က သေချာအောင် အမြဲတမ်း စစ်ဆေး ပါတယ်ဗျ'

ဒီဘာရှီးစ်သည် တိတ်တဆိတ် ခိုး၍ နားထောင်သော ပစ္စည်း ကိရိယာ များ အကြောင်း သိပ် နားမလည်ပါ။ သို့တိုင်အောင် ပိုင်းလော့ တစ်ယောက် အနေနှင့် ရေဒီယိုနှင့် အီလက်ထရွန်းနစ် ပစ္စည်းများ အကြောင်း ကျယ်ကျယ် ပြန့်ပြန့် နားလည်ထားသူ



ဖြစ်သည်။ ဒီဘာရှီးစ်က မတ်တတ်ရပ်လိုက်ပြီး ပြန်ဖွင့် ပြသော စက်နှင့် အသံဖမ်းစက်တို့ကို လေ့လာလိုက် သည်။

သူက မော်နီတာ (ပြန် ဖွင့် ပြ သော စက်) အောက်ခြေရှိ တစ်လက်မ ပတ်လည် သံစကာကွက် လေးကို လက်ညှိုးထိုးပြလိုက်၏။

'အဲဒါက မိုက်ခွက်လား'

ဟော့ပါးက လေးလေးပင်ပင်ကြီး ခေါင်းညိတ် သည်။

'စမ်းသပ်ဖို့နဲ့ အ ခန်း တွင်း က အ သံ တွေ ကို ပြန်အသံသွင်းဖို့ပါ'

'အားကောင်းရဲ့လား'

' သိပ် အား ကောင်း ပါတယ်၊ ခလုတ်က ပိတ် ဆို့တဲ့ အနေအထားမှာ ရှိနေတယ်'

အဲဒီပစ္စည်းကို ကျုပ် ကြည့်စမ်းပါရစေ'

ဒီဘာရှီးစ်က မော် နီ တာ ကို လှမ်း ဆွဲယူလိုက်၏။

'အင်း၊ ဟုတ်တယ်၊ ဝက်အူလှည့် ရှိသလား'

'ရှိ...ရှိတယ်'

ဟော့ပါးက ယူ ပေး လိုက် သည်။ ဒီဘာရှီးစ်သည် မော်နီတာနှင့် ဆက်ထားသော ဝိုင်ယာ ကြိုးများကို ဖြုတ်လိုက်ပြီးနောက် မော်နီတာ စက်ကို စားပွဲ ပေါ်တွင် ပြောင်းပြန် မှောက်တင်လိုက်သည်။ သူက စက်နောက်ဘက်ရှိ အံဖုံးမှ ဝက်အူ လေးချောင်းကို ဖြုတ်ယူပြီး အံဖုံးကို ဖြုတ်လိုက်ရာ အထဲမှ စက်ကို မြင်ရတော့သည်။ သူက ပ စ္စ ည်း တစ်ခုကို ဆွဲထုတ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ ငွေရောင် စက္ကူပြားကလေး တစ်ချပ် စားပွဲပေါ်သို့ ထွက်ကျလာသည်။

'ကဲ....အိတ်စပတ်ကြီး၊ ကြည့်စမ်းပါဦး'

သူက ငွေရောင် စက္ကူပြားကလေးကို လက်မနှင့် လက်ညှိုး အကြားတွင် ညှပ်ကိုင်ထားပြီး ပြလိုက်သည်။ ထို့နောက် ဘေးဘက်သို့ လွှင့်ပစ်လိုက်၏။ သူက နောက်ထပ် ပစ္စည်း တစ်ခုကို ဆွဲထုတ်လိုက်သည်။ ငွေရောင် စက္ကူကလေး တစ်ရွက် ထပ်ကျလာပြန်၏။ သူ့ မျက်နှာသည် ကြက်သွေး ရောင် သန်းလာပြီး အရုပ်ဆိုးလာတော့သည်။

'အိတ်စပတ်ကြီးက ဒါမျိုးတွေနဲ့ တိုးနေတာကိုး၊ ဆားကစ်တွေကို တစ်ခုနဲ့ တစ်ခု ဆက်ပေးထားလိုက်တယ်၊ ဘေးက ကျော်ဖြတ် သွားစေခဲ့တယ်၊ ဖုံးဖိထားတယ်၊ မော်နီတာ စက်ရဲ့ အသံဖမ်းတဲ့ ခေါင်းကလေးကတော့ ပုံမှန်အတိုင်းပါပဲ၊ ကျုပ်တို့က အသံ ဖမ်းနေတယ်လို့ ထင်ရတဲ့ အသံတွေကို ကြားနေခဲ့ရတယ်၊ ချီးမှပဲ'

ဒီဘာရီးစ်က မော်နီတာစက်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချ ဖောက်ခွဲပစ်လိုက်သည်။ အဝေးရှိ အသံဖမ်းခွက်များက ဖမ်းယူလာသောအသံများကို တိပ်ခွေများက မှတ်တမ်းတင်ထားခြင်း မရှိပါ။ ထိုအခန်းထဲမှ အသံများကိုသာ ဖမ်းထားခဲ့သည်။ အသံဖမ်းသောမိုက်ခွက်ကလေး၏ ခလုတ်မှာ 'ပိတ်' ဆိုသောနေရာတွင် ရှိနေသော်လည်း တကယ်ကမူ ပွင့်နေခဲ့သည်။ မေးစရာ မေးခွန်း တစ်ခု ကျန်နေသည်။ ဒီဘာရီးစ်က မေးလိုက်၏။

'ဒီကိစ္စကို ခင်ဗျားအပြင် ဘယ်သူသိသေးသလဲ'

'ဘယ်သူမှမသိဘူး၊ ကျုပ်ကိုယ်တိုင် အခန်းထဲကို ခိုးဝင်ပြီး မိုက်ခွက်ကလေးတွေကို ထားခဲ့တာပါ'

ဒီဘာရီးစ်က ဆဲဆိုရေရွတ်လိုက်၏။ ဟော့ပါး၏ ရှုတ်ယှွင်းချက် မဟုတ်ကြောင်း သူသိပါပြီ။

ဒီဘာရီးစ်က ပြေပြေ လည်လည် အသံနှင့် ပြောလိုက်သည်။

'လာရီ၊ ကျုပ်တို့ဆီမှာ တိပ်ခွေ မရှိပေမယ့် စီဂျေဆီကို တယ်လီဖုန်း ဆက်ဖြစ်အောင် ဆက်ဗျာ၊ ခင်ဗျားရော ကျုပ်ပါ ကြားကြတယ်လို့ ကျုပ်တို့ နှစ်ယောက်စလုံးက ပြောကြတာပေါ့'

'မဖြစ်ဘူး၊ ကင်းဖီးလ်က ကွေ့ကွေ့ ကောက်ကောက် တွေးတတ်တာ၊ ကျုပ်တို့က ကျုပ်တို့ ကောင်းစားရေးအတွက် ထွင်ပြောကြတာလို့ သူက ထင်လိမ့်မယ်'

'သူ့ကို အမှန်အတိုင်း ပြောပြ လိုက်ပေါ့ဗျ၊ ကျုပ်တို့ကို တစ်ယောက်ယောက်က ဝင်နှောက်သွားပါတယ်လို့'

'အဲဒါကို ဘယ်သူကမှ ယုံမှာမဟုတ်ဘူး၊ ယုံတယ် ဆိုရင် ကျုပ်တို့ အရေးနိမ့်ပြီ၊ ကိုယ် လုပ်ထားတဲ့ အလုပ်ကို အနှောင့်အယှက်လုပ်ခံရတဲ့လူဟာ ဘယ်လို လုံခြုံရေးတာဝန်ခံမျိုး ဖြစ်မလဲ၊ ကျုပ်က သောက်ရူး တစ်ယောက် ဖြစ်သွားတော့မှာပေါ့'

'ဟုတ်တယ်'

ဒီဘာရီးစ် မျက်နှာ ညိုးသွားသည်။ ဟော့ပါးက ပြောလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

'အဲဒီလိုသာဆိုရင် ခင်ဗျားနဲ့ကျုပ် ကြာကြာခံမှာ မဟုတ်ဘူး အက်ဒဝပ်ရေ'

'သူက ကျုပ်တို့ကို ခု အခြေအနေမှာ ကန်ထုတ်ရဲမှာ မဟုတ်ဘူး၊ ကျုပ်တို့သိထားတာတွေ သိပ်များနေပြီ'

'ကျုပ်က ကြာကြာ ခံမှာ မဟုတ်ဘူးလို့ ပြောခဲ့တာဗျ၊ ကင်းဖီးလ်က ကျုပ်တို့ကို ဇီဝိန် ချွေပစ်ဖို့ လက်နှေးမှာ မဟုတ် ဘူး၊ ခင်ဗျား အဲဒါကို မယုံကြည်ဘူးဆိုရင် ရေးတက်ဂတ်ကိုပဲ ကြည့်လေ'

'ရွှေတွေ့တဲ့လူ မဟုတ်လား၊ ခင်ဗျားက သူ့ကို ကြည့်ရှင်းလိုက်တယ်လို့ ထင်ထားတာ'

'ကင်းဖီးလ်က အင်မတန်ဉာဏ်များတယ်လို့ဆိုတာ ခင်ဗျားကို ကျုပ် ဘယ် နှစ်ခါပြောရမလဲ၊ သူက အပြင်လူ တစ် ယောက် ကို ငှား သုံး လိုက် တာ ဗျ၊ ကျုပ်ကို ကြိုတင်ပြီး သင်ခန်းစာ ပေး တဲ့ နည်းပေါ့ ဗျာ'

'ဒီတော့ ကျုပ်တို့ ဘာလုပ်ရမလဲ'

'သည်း ခံ ပြီး စောင့်ရ လိမ့်မယ်ဗျ၊ တခြား နည်းလမ်းတွေ ရှိလာဦးမှာပါဗျာ'

လိုအပ်ရင် ကျုပ် က ဖန် တီး ပေး မှာ ပါ ဟု ဟော့ပါးက ဆက်တွေးလိုက်သည်။



# ၂၃

ခပ်မှန်မှန် နှုန်းထားနှင့် မောင်းနှင်၍ရသော အမြင့်ပေသို့ အရောက်တွင် ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက စက် ဆ နာ လေ ယာဉ် ပျံ့ ကို အ လို အ လျောက် မောင်းနှင်သော ခလုတ်တွင် ထားရှိ၍ မောင်းနှင် လိုက် သည်။ အို လီ က ကဒ် ဟူး မော့ ဝီ စ ကီ တစ်ပုလင်းကို ဖွင့် ဖောက် ၍ အ ပို ထိုင် ခုံ တွင် ထိုင်နေသော သူတို့၏ ခ ရီး သည် ထံ လှမ်း ပေး လိုက်သည်။ စတိဗ်က လှမ်းယူပြီး ပု လင်း ကို ကိုင်မြှောက်ပြသိုက်၏။

'အမှန်တရားအတွက် တောင့်ခံထားကြပေတော့ မိတ်ဆွေတို့ရာ'

ဖီးလ်ဒင်းက

'ခင်ဗျား ဖွင့်ပြောလိမ့်မယ်လို့ ကျုပ်တို့ သိနှင့်ပြီးသားပါ၊ ခင်ဗျားက ခရီးသွား အေဂျင်စီ ကိုယ်စားလှယ် မဟုတ်ပါဘူး မစ္စတာ စတီဖင်ပက်တာဆန်'

'မဟုတ်ပါဘူး' စတိဗ်က ပုလင်းကို ပါးစပ်ထဲသို့ ထည့်၍ မော့သောက်လိုက်ပြီးနောက် ဖီးလ်ဒင်းထံ



www.burmeseclassic.com

www.burmeseclassic.com

လှမ်းပေးလိုက်သည်။ 'ကျုပ်က စပွင်ဆာပက်တာဆန်တောင် မဟုတ်ပါဘူး၊ ကျုပ်နာမည် စတိဗ်ပက်ဂျက်ပါ'

ဖီးလ်ဒင်းက ဓီစကီပုလင်းကို မော့လိုက်ပြီးနောက် အိုလီ့ထံ လှမ်းပေးလိုက်၏။ အိုလီက ပြုံးလိုက်သည်။

'ခင်ဗျားက ဟင်နရီဂါဒူးနဲ့ လက်မတွဲဘူးဆိုတာ သိရတဲ့အတွက် အတော်ကလေး စိတ်ချမ်းသာသွားပြီ၊ ကျုပ်က အဲဒါအတွက် ရည်စူးပြီး အရက်သောက်ပါ့မယ်'

စတိဗ်က အရက်ပုလင်းကို လှမ်းယူရင်း

'ခင်ဗျားတို့က ဗေဒင်များ တွက်ကြည့်ကြတာလားဗျာ၊ ဒါမှမဟုတ် ကျုပ်က ပေါ့ပေါ့ဆဆဖြစ်သွားတာလား'

ဖီးလ်ဒင်းက ရယ်လိုက်သည်။

'ကျုပ်တို့က သမ္မာရင့်တဲ့လူတွေပါဗျ၊ ခင်ဗျားက မြန်မြန် ပြန်ထွက်ဖို့ အဆင်သင့် လုပ်ထားပါလို့ ကျုပ်ကို ပြောတယ်၊ အဲဒီနောက်တော့ အိုလီနဲ့ ကျုပ်က ဟင်နရီဂါဒူးရဲ့ မိန့်ခွန်းကို ကြားရတယ်၊ ပြီးတော့ ခင်ဗျားက အဝတ်အစား သေသေချာချာတောင် ပါမလာဘဲ ကဆုန်ပေါက်ပြီး ထွက်ပြေးလာတယ်'

အိုလီ၏ မျက်နှာထား တည်ကြည် သွားသည်။

'ဟင်နရီဂါဒူး ပြောသလို အက်ဂဘီတွေရဲ့ လက်ထဲကို လေယာဉ်ပျံနဲ့ သေနတ်တွေရောက်သွားရင် လူတွေ ပိုပြီး ထွက်ပြေးကြရတော့မှာပဲ'

အစကောင်းသည်ဟု စတိဗ်ပက်ဂျက် တွေးလိုက်မိသည်။



'လက်နက်တွေကို သူတို့မရနိုင်တဲ့ အနေအထားကတော့ ရှိနေသေးတာပဲဗျ၊ ခင်ဗျားတို့နားထောင်ကြည့်ကြလေ၊ ကျုပ် ပြောပြမယ်'

စတိဗ် ပက်ဂျက်က သူ မည်သူ မည်ဝါဖြစ် ကြောင်းနှင့် စီစီအိုင်နှင့် ဗွီ အိုင် အီး တို့၏ ဇာတ်လမ်း၊ သူ သိထားသော အချက်အလက်များနှင့် သူ သံသယဖြစ်နေသော ကိစ္စတို့ကို ရှင်းပြလိုက်သည်။ ဖီးလ်ဒင်းက ငေါ့တော့တော့ ပြောလိုက်၏။

'ချီးမှုပဲ၊ အခုဆိုရင် ပုဂ္ဂလိက ကုမ္ပဏီတွေက စစ်ဖြစ်အောင်တောင် လုပ်နေကြပြီပဲ'

အိုလီက ဝင်ပြောသည်။

'ကျုပ်တို့ အဖို့တော့ မဆန်းပါဘူး၊ ကျုပ်တို့ကို အိမ်ကြက်ချင်း အိုးမဲ သုတ်ပေးပြီး အချင်းချင်း တိုက်ခိုင်းတာက အကျိုးကျေးဇူး ဖြစ်တဲ့ ကိစ္စဖြစ်နေတယ်၊ ကျုပ်တို့ ကိုယ်တိုင်ကလဲ အသုံးချတာကို ခံနေကြတယ်၊ ဘာဖြစ်လို့လဲ၊ ကျုပ်တို့က သွေးရဲရဲ သံရဲရဲဖြစ်တာကို မြင်ချင်နေကြတာကိုး'

'လူတိုင်း မြင်ချင်ကြတာချည်းပါပဲ'

စတိဗ်က စိတ်ဓာတ် ကျနေသော အိုလီကို စိတ်ဓာတ် ပြန်တက်ကြွလာစေရန် ရည်မှန်းချက်ဖြင့် အရက်ပုလင်းကို သူ့ထံသို့ ထိုးပေးလိုက်၏။

'ကျုပ်တို့လို လူဖြူတွေကလဲ သွေးရဲရဲ သံရဲရဲကို သဘောကျကြတာပါပဲဗျာ၊ ဗီယက်နမ်မှာအာဖရိကန်လူမျိုးတွေ မရှိပါဘူး'

အက်ဂဘီ လူမျိုးများက အိုလီ၏ လူမျိုးများဖြစ်သော အိုင်ဘို လူမျိုးများအား မည်သို့ မည်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ခဲ့သည်ကို သတိရနေသော အိုလီဆီဂမ်က စတိဗ်နှင့် ဒေါက်ဂလပ်စ်ဖီးလ်ဒင်းတို့ကို ပြန်ကြည့်လိုက်သည်။

'ခင်ဗျားတို့ နားမလည်ကြပါဘူး၊ ဂါဒူးက ဘာဆိုတိုကို လိုချင်နေတာ၊ သူက ဟူးလူမျိုး တစ်သန်း၊ နှစ်သန်းကို သတ်ပစ်လိမ့်မယ်'

ပက်ဂျက်က ဆလင်းစီးကရက် တစ်လိပ်ကို မီးညှိလိုက်၏။

'အဲဒီလက်နက်တွေကို သူ ရသွားပြီး သူ မသုံးဖြစ်အောင် ဘယ်သူကမှ မတားခဲ့ကြရင်ပေါ့ဗျာ'

အိုလီက နာနာကြည်းကြည်း မဲ့ရွဲ့ပြလိုက်၏။

'ကျုပ် ဘာဆိုတိုကို သွားသင့်တယ်ဗျ'

သူ အီယန်ဘလိတ်နှင့် ဆွေးနွေးရန် လိုအပ်နေသည်။ ဦးမှ နယူးရော့ခ်သို့ အမြန်ဆုံး သွားရလိမ့်မည်။

'နိုင်ဂျီးရီးယား လေကြောင်း ကုမ္ပဏီမှာ လားဂိုးစ်နဲ့ ဂါလာကို နေ့စဉ် ပျံသန်းတဲ့ အစီအစဉ် ရှိတယ်၊ ခင်ဗျား နက်ဖြန်ခါကျရင် ဆက်သွားနိုင်တာပေါ့'

'ကျုပ်အတွက် တစ်ရက်လုံးလုံး အချိန် ပုပ်သွားလိမ့်မယ်'

အိုလီက ပြောလိုက်သည်။

'အာဖရိကမှာ တစ်ရက် ဆိုတာ ဘာမှ မဖြစ်လောက်ပါဘူး'



'အခုလို မြန်မြန်ဆန်ဆန် ဖြစ်ပျက်နေတာကို ထည့်စဉ်းစားမယ်ဆိုရင် အဲဒါက အရေးပါနိုင်လောက်တယ်ဗျ'

စတိဗ်၏ စိတ်ကူးကို တွေးမိသော ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက ခေါင်းခါလိုက်သည်။

'မဖြစ်ဘူး စတိဗ်၊ ကျုပ်တို့က လားဂိုးစ်ကို တိုက်ရိုက် ပျံမယ်လို့ အကြောင်းကြားခဲ့ပြီးပြီ၊ မဝမ်ဒီ- ဘာဆိုတို ခရီးစဉ်တွေကို မှတ်တက်ခင် ကြိုပြီး အတည်ပြုချက် ယူရလေ့ ရှိတယ်၊ လေယာဉ်ပျံတစ်စီး လေထဲရောက်မှ ဆိုရင် ဂါလာ လေကြောင်း သွားလာမှု ထိန်းသိမ်းရေးဌာန (အေတီစီ) က ခွင့်ပြုမှာ မဟုတ်ဘူး'

'သူတို့ကို ရေဒီယိုနဲ့ ဆက်သွယ်ဗျာ၊ ကျုပ်က ခွင့်ပြုချက်ရအောင် ယူပေးမယ်'

'ကျုပ်တို့က လေယာဉ်ပျံ ကုမ္ပဏီနဲ့ မြှသနာ တက်နေဦးမှာပဲ၊ စည်းကမ်းတွေက သိပ် တင်းကျပ်လွန်းတယ်၊ ပျံသန်းနေထုန်း သွားမယ့် ခရီးစဉ် ပြောင်းလဲတာကို ခွင့်မပြုဘူး'

အိုလီက ပက်ဂျက်၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်လိုက်ပြီးနောက် ပြောလိုက်သည်။

'အရေးပေါ် အခြေအနေမျိုးက လွဲရင်ပေါ့ဗျာ'

'ဘယ်လို အရေးပေါ် အခြေအနေမျိုးလဲ'

'တစ် အချက်အနေနဲ့ အင်မတန် အရေးကြီးတဲ့ စက်ချွတ်ယွင်းမှု ဖြစ်ပေါ် လာရင်ပေါ့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက ဖြေလိုက်ပြီး အိုလီနှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ ရယ်လိုက်ကြ၏။

'ကျုပ်တို့အခုကြုံတွေ့နေရတဲ့ ပွဲထိန်းကိုရိယာတွေ ချွတ်ယွင်းမှုမျိုးလို ပေါ့ဗျာ'

အိုလီက ပြောလိုက်သည်။

'ဘယ်ဘက် အင်္ကျင်လဲ ပါတယ်ဗျ၊ ဘယ်ဘက် အင်္ကျင်ကိုလဲ မမေ့နဲ့ဦး'

'အိုလီ၊ ဒီလေယာဉ်ပျံ လေထဲက ပြုတ်မကျခင် ခရီးလမ်းကြောင်း အသစ်ကို စီစဉ်တော့ကွာ'

သူ က အ လို အ လျောက် လေ ယာဉ် ပျံ မောင်းနှင်သော ခလုတ်ကို ဖြုတ် လိုက် ပြီး နောက် ဂါလာ အေတီစီ၏ ဖန်ရိုကွင်စီနှင့် ဆက် သွယ် လိုက် လေ၏။

'ကျေးဇူး တင်ပါတယ်ဗျာ'

စတိဗ်က ပြောလိုက်သည်။

အယ် လီ ဆန် နှင့် အ ဖွဲ့ သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်မှ နန်းတော်ထဲမှ ထွက် ခဲ့ ကြ ရ သည်။ ဟော့ပါးနှင့် ဒီ ဘ ရိုး စ် တို့ မ ရှိ ကြ သော ကြောင့် အယ်လီဆန်က ဗာဂျီရှီးလ်နှင့် အားနက်စ်ဗိုင်ဘိုးတို့ကို မာစီးဒီးထဲတွင် သူနှင့် အ တူ လိုက်ပြီး စီး ကြ ရန် ဖိတ်ခေါ် လိုက်သည်။ သူသည် ထို ပုဂ္ဂိုလ်များနှင့် စာရင်းရှင်းရန် ပြင်ဆင်ထားပြီး ဖြစ် သော ကြောင့် အချိန် မဖြုန်းတော့ပါ။

'ဒီတော့ ရှင်တို့နဲ့ တခြား လူကြီး လူကောင်းတွေက ကျွန်မဟာ တော်တော် မာ ကျော တဲ့ အမျိုးသမီးလို့ ထင်ကြတယ်ပေါ့'

ဗိုင် ဘိုး နှင့် ဗာဂျီရှီးလ်တို့က အယ် လီ ဆန့် ကို ကြောင်တက်တက်နှင့် ကြည့်လိုက်ကြသည်။

'ကင်းဖီးလ်ကလဲ အိပ်ခန်းနဲ့ ဘုတ်အဖွဲ့ အစည်း အဝေးခန်းကို မှားနေတယ်လို့ ထင်ကြတယ်ဆို'

သူ့ ကိုယ်သူ ပြန်၍ ထိန်းနိုင်လာသော ဗိုင်ဘိုးက အသံ အေးစက်စက်နှင့် ပြောလိုက်၏။

'ပွင့်ပွင့်လင်းလင်း ပြောရမယ် ဆိုရင် ခင်ဗျား ဘာတွေ ပြောနေသလဲ ဆိုတာ ကျုပ်နားမလည်ဘူး မစ်(စ်) ကရိုတ်ချ်'

သူ့ ကိုယ် သူ ပြန်၍ ဇွဲမြှေ ဆည်နိုင်လာသော ဗာဂျီရှီးလ်ကလည်း ဝင်ပြောလိုက်သည်။

'ကျုပ်လဲ နားမလည်ဘူး'

အယ်လီဆန့်စိတ်ထဲတွင် သံသယ က လေး များ ဝင်စ ပြုလာသည်။ သို့ရာတွင် သံသယ စိတ်ကလေး များကို ဖမောင်း ထုတ် ပစ် လိုက် ၏။ ထို ကိစ္စ ကို စပင့်စ်ထံမှအတော်ကလေး အစ်အောက်ယူခဲ့ရသည်။ စပင့်စ်က သူ့ ကို ညာပြောစရာအကြောင်း မရှိပါ။

'အိုး၊ ကျွန်မ စားပွဲက ထပြီးတဲ့ နောက်ပိုင်းမှာ ပြောကြ ဆိုကြ တာတွေကို ရှင်တို့က နည်းနည်းမှ နားမထောင်ခဲ့ကြပဲကိုး'

ဗိုင်ဘိုးက အေးစက်စက် လေသံနှင့် ပြောလိုက်၏။

'ဒီမှာ မစ်(စ်) ကရိုတ်ချ်၊ ကျုပ်က ဘာဟုတ်တဲ့ ကိစ္စတွေကို အကုန်လုံးလို နားထောင်ခဲ့ပါတယ်ဗျာ

www.burmeseclassic.com

ခင်ဗျား နာမည် ရော မစ္စတာ ကင်းဖီးလ် ရဲ့ နာမည်ကို တစ်ခွန်းမှ မပြောခဲ့ကြပါဘူး'

ဗာဂျီရှီးလ်ကလည်း ခပ်ဆတ်ဆတ် ပြောလိုက်၏။

'တစ်ခွန်းတောင် မပြောခဲ့ကြဘူး'

သူတို့က အမှန်အတိုင်း ပြောနေခြင်း ဖြစ်ကြောင်း အယ်လီဆန် ရိပ်မိသည်။ ဘုရားသခင် ကယ်တော်မူပါ။ သံသယဖြစ်သော စိတ်မှ အထိတ်တလန့် ဖြစ်သော စိတ်သို့ ပြောင်းလဲ သွားသည်။ အယ်လီဆန် ၏ ခံစားမှုကို ဒိုင်ဘိုးက ရိပ်မိလိုက်သည်။

'တစ်ယောက်ယောက် က ခင်ဗျားကို မဟုတ်တာတွေ ပြောခဲ့ပြီ ထင်တယ် မစ်(စ်) ကရိတ်ချ်'

သူက 'ဇပင်ဆာပက်တာဆန်'ဟု ပြောမိတော့ မလုံလို ဖြစ်သွားပြီးမှ ပြန်ထိန်းလိုက်ရသည်။ ဤပုဂ္ဂိုလ် နှစ်ယောက်က အမှန်အတိုင်း ပြောနေကြသည်။ သူက ရှင်းလင်းချက် ဆင်ခြေ တစ်ခုခုကို ပြောမှ ဖြစ်တော့မည်။

'ကျွန်မ သိပ်မှားယွင်းသွားပါတယ်ရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ အိပ်ခန်းကို ဒီကနေ့ မနက်စောစောက စားပွဲထိုးတစ်ယောက် လာသွားပါတယ်၊ သူက ဒေါ်လာ တစ်ရာ ရမယ်ဆိုရင် ကျွန်မတို့ အုပ်စုထဲမှာ မလိုမုန်းထားစိတ်တွေရှိနေတဲ့ အကြောင်း သတင်းပေးမယ်လို့ ပြောပါတယ်၊ ကျွန်မက သူ့စကားကို နားထောင်ပြီး ပေးလိုက်ပါတယ်'

ရှီးလ်က ပြောလိုက်၏။

'တော်တော်လည်တဲ့ ခွေးမသားပဲ၊ ခင်ဗျား ယုံသွားတာကိုလဲ အပြစ်မဆိုထိုက်ဘူးပေါ့ဗျာ'

ဒိုင်ဘိုးကတော့ အမှန်တရားနှင့် မုသာဝါဒကို ရောမွှေထားခြင်း ဖြစ်သည်ဟု တွေးလိုက်သည်။ အယ်လီဆန်သည် တစ်ယောက်ယောက်၏ အသုံးချမှုကို ခံခဲ့ရသည်မှာ သေချာသည်။ သို့ရာတွင် စားပွဲထိုးတစ်ယောက်တော့ မဟုတ်ပါ။ ဟော့ပါး ကတော့ သံသယဖြစ်ထိုက်သူပင် ဖြစ်သည်။ သူသည် ပြဿနာကို စဖော်မည့် ပုဂ္ဂိုလ် ဖြစ်သည်။ အယ်လီဆန်သည် အသုံးချခံရသော နောက်ဆုံး ပုဂ္ဂိုလ်တော့ မဖြစ်နိုင်ပါ။ ဒေါ်လာ သန်းပေါင်း ထောင်ပေါင်း များစွာနှင့် ပတ်သက်နေသည်။ လူတိုင်းတွင် နောက်ကျောကိုဓားနှင့်ထိုးဖို့ အကြောင်း လုံလောက်စွာ ရှိနေသည်။ သူရရှိမည့် ဒေါ်လာ သန်းပေါင်းများစွာက ဓားနှင့် အထိုးခံရမည့် အန္တရာယ်မှ ကာကွယ်ရန် လိုအပ်နေသော အကြောင်းအချက်များပင် ဖြစ်နေသည်။

ဒိုင်ဘိုးက ပြောလိုက်၏။

'ဒီကိစ္စတစ်ခုလုံးကို မေ့ထားလိုက်ဖို့ ကျုပ်အကြံပေးချင်တယ်'

အယ်လီဆန်က ညှိနှိုင်းကြည့်ကြီး စားပွဲတွင် စုံစမ်းလိုက်၏ … မစ္စတာ ဇပင်ဆာပက်တာဆန်သည် မွန်းလွဲပိုင်း ခပ်နောက်ကျကျသို့ ရောက်ရှိမှ ပြန်လာမည်ဟူ

www.burmeseclassic.com

မျှော်လင့်ရကြောင်း သိလိုက်ရသည်။ မစ္စတာ ဟော့ပါးကတော့ ဟိုတယ်တွင် ရှိနေသည်။

အယ်လီဆန်သည် သူ့အခန်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မစ္စတာ ဟော့ပါးထံ တယ်လီဖုန်း ဆက်လိုက်၏။

'စပင်ဆာပက်တာဆန် အပြင်ထွက်နေတယ်၊ သူ့အခန်းကို ရှာကြည့်စမ်းပါ'

ငြိမ်ကျသွားသည်။

'ဟုတ်....ဟုတ်ကဲ့၊ ဘာကြောင့်လဲဆိုတာ မေးခွင့် ရှိပါသလား'

'ရှာမှာသာ ရှာစမ်းပါ၊ ပြီးတော့ သူ့အကြောင်း ပြည့်ပြည့်စုံစုံ စုံစမ်းပေးဖို့ ပြည်ထောင်စုကို တိလက်နဲ့ အကြောင်းကြားလိုက်ပါ'

ထို့နောက် အယ်လီဆန်သည် အနည်းငယ် တည်ငြိမ်မှု ရလာသော အခါကျမှ ကင်းဖီးလ် နေအိမ်ရှိ သီးသန့် တယ်လီဖုန်းနံပါတ်ကို တယ်လီဖုန်း အော်ပရေတာအား ပြောပြလိုက်တော့သည်။

မဝမ်ဒီတွင် ၁၂ နာရီ ၂၀ မိနစ် ရှိနေပြီး နယူးရော့ခ်တွင် နံနက် ၆ နာရီနှင့် ၂၀ မိနစ်သာ ရှိနေသေးသည်။ ဆယ့်ငါးမိနစ်မပြည့်ခင် တယ်လီဖုန်း အဆက်အသွယ် ရရှိသွားသည်။

'ချီးကျူးပါတယ် အယ်လီဆန်'

ကင်းဖီးလ်၏ အသံမှာ အိပ်ရာမှ ကြည်ကြည် လင်လင် နိုးနေသည့် အသံဖြစ်သည်။ ၎င်းအပြင် ကင်းဖီးလ်က အယ်လီဆန်၏ အပြောကို မစောင့်ဘဲ ဆက်ပြောသွားသည်။



'ချီးကျူးစရာ စကားလုံးတွေတောင် ရှာမရတော့ ပါဘူးကွာ၊ မင်းက အဲဒီ လုပ်ထုံး လုပ်နည်းကို မြန်အောင် ဘယ်လို လုပ်လိုက်သလဲဆိုတာ ကျုပ် သိချင်လိုက်တာ၊ ဒါပေမယ့် မင်းက စိတ်ချရတဲ့ တယ်လီဖုန်းလိုင်းက ပြောနေတာလား'

အယ်လီဆန် တအံ့တဩ ဖြစ်သွားသည်။

'ရှင် သိနှင့်နေပြီကိုး'

'မနက် နှစ်နာရီကတည်းကကွ၊ ဟင်နရီဂါဒူးရဲ့ ပြန်ကြားရေး ဝန်ကြီးဌာနက နေရာတကာကို တိလက်နဲ့ အကြောင်းကြားခဲ့ကြတာ၊ စီစီအိုင် ရုံးချုပ်က ကျုပ်ကို တယ်လီဖုန်းဆက်ပြောတယ်'

'အဲဒီမှာ မနက်နှစ်နာရီ ဟုတ်လား၊ ဒါဆိုရင် ဒီမှာ မနက်ရှစ်နာရီပဲ၊ ကျွန်မတို့က လက်မှတ်တောင်'

'ဘယ်သူက ဂရုစိုက်နေမှာ မို့လို့လဲ၊ အဲဒီ သတင်းဟာ မနက်သတင်းစာတွေနဲ့ ရုပ်မြင်သံကြား သတင်းတွေထဲမှာ ပါသွားလိမ့်မယ်၊ ကျုပ်တို့ရဲ့ ပြည်သူ့ဆက်ဆံရေး ဌာနကလဲ ရွှေအကြောင်း သတင်း ထုတ်ပေးနေကြတယ်'

'အဲဒါကို နည်းနည်းလောက် အချိန်ဆွဲထား ပေးပါ၊ အဲဒါက ဟင်နရီဂါဒူးနဲ့ ဒေသခံ လူတွေ အတွက် သူတို့က ဘာတွေကို တကယ် လက်မှတ် ထိုးပေးလိုက်မိတယ်ဆိုတာ သိသွားကြဖို့ သိပ်မြန်ဆန် လွန်းနေသလို သိပ်လဲ စောလွန်းနေပါတယ်'

'မဆိုင်ပါဘူး အယ်လီဆန်၊ လုံးဝ မဆိုင်ပါဘူး ဟင်နရီဂါဒူးက သူ့လက်နက်တွေကိုသာ သိပ် လိုချင်တယ်၊ လောရင့်ဆီမှာ ကြေးစား စစ်သားတွေ



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်၊ အဲဒါတွေကသာ အရေးပါတဲ့ အချက်တွေပါ’

ခေတ္တမျှ အသံ ပြတ်တောက်သွားသည်။ ကင်းဖီးလ်၏ အသံက တစ်ပိုင်းတစ်စနှင့် ပြန်လည်ပေါ်ထွက်လာပြန်၏။

‘.......စီစီအိုင် ရှယ်ယာတွေ နာရီပိုင်း အတွင်း ဆယ်မှတ်လောက် ခုန်တက်လာလိမ့်မယ်ကွ’

ကင်းဖီးလ်က ရယ်လိုက်၏။ သူ့ ရယ်သံတွင် စိတ္တဇဝေဒနာရှင်၏ အသံမျိုး ရောစွက်၍ ပါလာသည်ကို အယ်လီဆန် သတိပြုမိလိုက်သည်။

‘.......ပြီးတော့လဲ ရွှေတွေနဲ့ ဟင်နရီဂါဒူးရဲ့ မိန့်ခွန်းကို ‘ဝေါစထရိက’ ဆက်စပ်ကြည့်လိုက်တဲ့ အခါ ဗွီအိုင်အီးရှယ်ယာတွေဟာ တလိမ့်ခေါက်ကွေး ဈေးကျသွားလိမ့်မယ်’

သူ ဗွီအိုင်အီး အကြောင်း ပြောပြန်ပြီဟု အယ်လီဆန် စိတ်ထဲက ကျိတ်၍ ညည်းညူလိုက်မိ၏။ သူ တစ်နာရီလောက် မရပ်မနား ဆက်ပြောပေတော့မည်၊ သူ အော်ကျယ်ဟစ်ကျယ် ပြောနေစဉ် သက်သောင့်သက်သာ နေ၍ ရနိုင်ပါသည်၊ အယ်လီဆန်က ဖိနပ်ချွတ်ပြီး အိပ်ရာပေါ်တွင် လှဲနေလိုက်၏။

‘....ဗိုဂလာရဲ့ နောက်ဆုံးကမ္ပည်း ဖြစ်လိမ့်မယ်၊ အယ်လီဆန် မင်း နားထောင်နေသေးရဲ့လား’

‘ဟုတ်ကဲ့ပါ၊ ကျွန်မ နားထောင်နေတုန်းပါပဲ’



ဂါလာအေတီစီမှတစ်ဆင့် အီယန်ဘလိတ်ထံ ရေဒီယိုတယ်လီဖုန်းနှင့် အဆက်အသွယ် ရရှိခဲ့သောကြောင့် ဘာဆိုတိုမေါ်မှ ကျော်ဖြတ် ပို့သန်း ခွင့်နှင့် ဆင်းသက်ခွင့်တို့ကို ရရှိခဲ့သည်။

အီယန်ဘလိတ်က လေဆိပ် အဆောက်အအုံတွင် စောင့်ကြို နေသည်။ သူသည် ဘာဆိုတိုတွင် နေထိုင်သော ဗွီအိုင်အီး၏ ဌာနေမန်နေဂျာအနေနှင့် ထိုနိုင်ငံမှ နိုင်ငံရေး ခေါင်းဆောင်များထက် သြဇာအာဏာနှင့် အထူးအခွင့်အရေးများကို ရရှိထားသူဖြစ်သည်။ ဘာဆိုတိုရှိ သမ္မတနှင့် တစ်ခုတည်းသာရှိသော လွှတ်တော်တို့ကို ရွေးချယ်တင်မြှောက်ပွဲနှင့် ရွေးချယ်ထားခြင်း မဟုတ်ပါ။ ဗွီအိုင်အီး၏ ခွင့်ပြုချက်ဖြင့် ရာထူး ရရှိထားကြခြင်းသာဖြစ်ပြီး အီယန်ဘလိတ်၏ ညွှန်ကြားချက်များကို လိုက်နာကြရလေ့ရှိသည်။

စတီဗ်နှင့် အီယန်ဘလိတ်တို့သည် မိတ်ဆွေများဖြစ်ကြသော်လည်း သူတို့၏ နှုတ်ဆက်ပုံမှာ ထုံးစံအတိုင်း မဟုတ်ဘဲ အေးစက်စက် ဖြစ်နေသည်။ အခြေအနေမှာ ခါး ကုပ်ပေါ်မှာဝဲဆိုသည့် အနေအထားမျိုး ဖြစ်သဖြင့် မြို့ထဲသို့ သွားဖို့ပင် အချိန်မရတော့ဘဲ လေဆိပ် မန်နေဂျာ၏ အခန်းဆီသို့ ကပျာကယာ သွားရတော့သည်။

အီယန်ဘလိတ်က အနီရောင် တယ်လီဖုန်း တစ်လုံးကို လက်ညှိုးနှင့် ထိုးပြရင်း ကြားက



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်နားထောင်လို့ မရတဲ့အပြင် ဆက်သွယ်ရေးဂိုဟ်တုကတစ်ဆင့် ပြောလို့ရတဲ့ တယ်လီဖုန်း' ဟု ပြောလိုက်သည်။ အီယန်က စာရွက်တစ်ထပ်ကြီးကို ထုတ်ယူပြီး တစ်ရွက်စီ ချပြသည်။ 'တယ်လီဖုန်းသုံးကြိမ်နဲ့ ဂျက်ကော့ဟတ်ရှ်ဆီက တဲလက်နှစ်စောင် ဝင်ထားတယ်၊ တစ်ကြိမ်ကတော့ မိုက်ဗိုဂလာ ကိုယ်တိုင်ဆက်တာ၊ နောက်တစ်ကြိမ်ကတော့....' သူက ရပ်တန့်လိုက်ပြီး စတိဗ်ကို မျက်စိစွေကြည့်ရင်း....

'မစ်(စ်) ဒိုင်ယာနီ ဗိုဂလာ ဆက်သွယ်တာ၊ ကင်းယားမှာ ရှိတဲ့ ကုမ္ပဏီနဲ့ အာဖရိကမှာ ရှိတဲ့ ဇွဲအိုင်အီး ရုံးခွဲတွေမှာ ဘယ်ရုံးခွဲကမှ ခင်ဗျားဆီကို တယ်လီဖုန်းဆက်လို့မရတဲ့အတွက် တော်တော်ကလေး မကျေမချမ်း ဖြစ်နေပုံရတယ်၊ ကျုပ်ကလဲ ခင်ဗျားဆီက ဘာသတင်းမှ မရဘူးလို့ မိုက်ဗိုဂလာနဲ့ ဂျက်ကော့ဟတ်ရှ် တို့ကို ပြောလိုက်သလို သူ့ကိုလဲ ပြောလိုက်တယ်'

စတိဗ် ပက်ဂျက်က ညည်းညူလိုက်၏။ သူ့နားထဲတွင် ဒိုင်ယာနီ ဗိုဂလာ ဆိုသော နာမည်ကို သိပ် မစွဲလှပါ။ ဂျက်ကော့ဟတ်ရှ်ကတော့ ဂါဒူးမြို့တော်ကို တယ်လီဖုန်းနှင့် ဆက်သွယ်မည် ဆိုပါက စပင်ဆာပက်တာဆန်၏ အမည်ခံဘဝ ဘူးပေါ်သလို ပေါ်သွားမှာကို စိုးရိမ်သောကြောင့် အီယန်ဘာလိတ်ကိုသာ ဖိမေးနေခြင်း ဖြစ်သည်။ မိုက်ဗိုဂလာကလည်း စတိဗ် တစ်ယောက် ဘေးကင်း ရန်ကင်း ရှိမရှိကို နည်းမျိုးစုံ သုံးစွဲ၍ မဝမ်ဒီ နိုင်ငံမှ သတင်း



ရယူပေးရန် အီယန်ဘာလိတ်ကို ညွှန်ကြားထားသည်။ စတိဗ်ပက်ဂျက်ကိုယ်တိုင် မိုက်ဗိုဂလာထံ တယ်လီဖုန်း ပြန်ဆက်ရန် ဖြစ်သည်။

'ဦးစားပေးရမှာကတော့ မိုက်ဗိုဂလာပဲ ထင်တယ်'

စတိဗ်က အနီရောင် တယ်လီဖုန်း ဆီသို့ လက်လှမ်းလိုက်၏။

'ဒါကို အရင် ဖတ်စမ်းပါဦး'

အီယန်ဘာလိတ်က လှမ်းထားရင်း တဲလက် တစ်စောင်ကို ပေးလိုက်သည်။

'လွန်ခဲ့တဲ့ တစ်နာရီကမှ ရတာ'

ပက်ဂျက်က အဓိက ကျသော စာလုံးများကို ရွေးဖတ်ရင်း မျက်မှောင် ကုတ်သွားသည်။

'မဝမ်ဒီ နိုင်ငံ၏ သယံဇာတ များ အား တူးဖော်ရန် ကမ်မ်ကိုကို လုံးဝဥဿုံ ခွင့်ပြုလိုက်ပြီ။ ....ဂွန်ဂို သဲကန္တာရမှ အလွယ်တကူ တူးဖော် ရရှိနိုင်မည့် ရွှေပမာဏသည် ဒေါ်လာ ဘီလီယံ တစ်ဆယ်၏ အထက်တွင် ရှိမည်ဟု ဘူမိဗေဒ ပညာရှင်များက ခန့်မှန်းကြသည်'

ပက်ဂျက်က တဲလက်ကို ဘေးဖယ်လိုက်ပြီး ဟင်းလင်းပြင်ထဲသို့ ငေးစိုက် ကြည့်နေသည်။

ဘာလိတ်က ပြောလိုက်၏။

'ခင်ဗျားက ကျုပ်ဆီကို ရေဒီယိုနဲ့ ဆက်သွယ်ပြီးတာနဲ့ တစ်ပြိုင်နက် ကျုပ်က နယူးရောခ်နဲ့ ဆက်သွယ်လိုက်တယ်၊ ခင်ဗျားအတွက် လေယာဉ်ပျံ တစ်စီးကို လားဂိုစ်မှာ ကျုပ်စင်းလုံးငှားထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျား‌ရဲ့ စက်ဆနာလေယာဉ်ပျံက အဲဒီကို တစ်နာရီခွဲအတွင်း အရောက် သွားနိုင်ပါလိမ့်မယ်’

လားဂိုစ်မှ နယူးရော့ခ်သို့ နောက်ထပ် ရှစ်နာရီ ကိုးနာရီတော့ ကြာလိမ့်မည်ဟု စတိဗ်ကတွေးလိုက်၏။ သူက တယ်လီဖုန်းကို ကောက်ကိုင်ပြီး မိုက်ဗိုဂလာနှင့် ဆက်သွယ်လိုက်သည်။

‘မင်း အဆင်ပြေရဲ့လား သား’

‘ပြေပါတယ်၊ ဒါပေမယ့် ဗွီအိုင်အီး အတွက် ကတော့ သိပ် မသေချာဘူး’

‘ငါလဲ အဲဒီလိုပါပဲ၊ ဒီကိုသာ အမြန်ဆုံး ပြန်ခဲ့တော့ကွာ’

နောက်ထပ် ဆက်သွယ်သည့် ပုဂ္ဂိုလ်မှာ ဂျက်ကော့ဟတ်ရှ်ပင် ဖြစ်သည်။ စတိဗ်ပက်ဂျက် အာဖရိကသို့ ထွက်ခွာမလာခင်က ဂျက်ကော့ဟတ်ရှ်အား အချိန်ကပ်၍ ညွှန်ကြားခဲ့သည့် ကိစ္စရပ်များကို လိုက်နာ ဆောင်ရွက်ထားသည်။ ဟတ်ရှ်က ဗွီအိုင်အီး သုတေသနဌာနမှ အတော်ဆုံး ထောက်လှမ်းရေး အရာရှိ အာသာလိုက်ဆင်ကို ဝါရှင်တန်သို့ စေလွှတ်ပြီး ကာကွယ်ရေး ဌာနနှင့် နိုင်ငံခြားရေး ဌာနမှ ဗျူရိုကရက်ကြီးများအား လာဘ်ပေး၍ သတင်းများ စုံစမ်းခိုင်းထားသည်။ အာသာလိုက်ဆင် စုံစမ်း၍ သိလာရသော အချက်အလက်များက သူတို့၏ သံသယစိတ်များနှင့် ကြောက်လန့်စိတ်များကို အတည်ပြုပေးခဲ့သည်။ ဝယ်ယူရေး အေးဂျင့် အဖြစ် မှတ်ပုံတင်ထားသော ‘ကရိတ်ချ် အဆိုစီယိတ် အင်ကော်ပိုရိတ်တက်’ က မြောက်မြားလှစွာ



သော လက်နက်မျိုးစုံကို ဝယ်ယူခွင့်အတွက် အီတာလီနိုင်ငံမှ ‘နောက်ဆုံး သုံးစွဲမည့်နိုင်ငံ၏ထောက်ခံချက်’ (အီးယူစီ) ပေါင်း တစ်ဒါဇင် ကျော်ကျော်ကို တင်ပြထားသည်။

‘အာသာလိုက်ဆင်ဟာ ပုံတူကူးထားတဲ့ အီးယူစီတွေနဲ့ ဒီကနေ့ မနက်ဖြန် ရောက်လာဖို့ ရှိတယ်၊ ကျုပ်က အဲဒီ အတုံးကြီးကို သွားပြလိုက်ရမလား’

‘နေဦး၊ ကျုပ် ခင်ဗျားနဲ့ တွေ့ရတဲ့အထိ စောင့်ဦး၊ ခု လောလောဆယ်မှာတော့ ကျုပ်တို့ရဲ့ အဆက်အသွယ်မှန်သမျှနဲ့ အရင်က စုဆောင်းထားတဲ့ စာရင်းတွေကို အသုံးချပြီး ကိုယ်ပိုင် လက်နက်ကိုင် တပ်ဖွဲ့ တစ်ဖွဲ့ကို ဘယ်လောက် လောက် မြန်မြန် ဝယ်လို့ ရနိုင်မလဲ ဆိုတာကို စုံစမ်း ထားစမ်းပါ’

‘ကြီးကျယ်တဲ့ ဦးနှောက်ချင်းကတော့ တွေးပုံချင်း တူပါ့ကွာ၊ ကျုပ်က အဲဒါကို စလုပ် နေပါပြီကွ၊ မင်းကသာ ကျုပ်အတွက် ဆေးလိပ် တစ်လိပ် လျှော့သောက်ပေးပါကွာ’

စတိဗ်က တယ်လီဖုန်းကို ပြန်ချလိုက်သည်။

အီယန်ဘလိတ်သည် ဗြိတိသျှ အထူး ကွန်မန်ဒို တပ်ဖွဲ့တွင် ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ သူက နှုတ်ခမ်းမွေးကို လက်နှင့် သပ်ရင်း အေးအေးဆေးဆေး ထိုင်နေသည်။ ဘာဆိုတို နိုင်ငံတွင် စစ်ရေးပြ လေ့ကျင့်ခန်းများ အတွက်သာ အသုံးဝင်သော စစ်သား သုံးထောင်နှင့် ပြတိုက် သို့ပို့ရမည့်ဟုတ် အပျက်အစီး အပုံထဲတွင် ထားထိုက်နေပြီဖြစ်သော အက်ဖ် ၅၂ လေယာဉ်ပျံ ငါးစီး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားက 'အဘိုးကြီး သမီးကို တယ်လီဖုန်းဆက်ဖို့ မေ့သွားပြီ'

'ကျုပ် မမေ့ပါဘူး ရဲဘော်ကြီးရာ၊ ကျုပ်က တယ်လီဖုန်းဆက်ဖို့ အရေးမထားတာပါ'

'ခင်ဗျား တော်တော် သတ္တိ ကောင်းတဲ့ လူပဲ၊ ဒီ ကလေးမက စိတ်ထန်တယ်လို့ ပြောကြတယ်'

'အင်း အင်း၊ မီဂါတန် ငါး ဆယ် အား ရှိတဲ့ ဗုံးကြီးပေါ့၊ ဒိုင်ယာနီဗိုဂလာကို ဂါဒူးမြို့တော် ပေါ်မှာ ပစ်ချလိုက်မယ်ဆိုရင် တစ်မြို့လုံး ပြားချပ် သွားပြီး ကျုပ်တို့ ပြဿနာတွေ အားလုံး ပြေလည် သွားလိမ့်မယ်'

'အင်း၊ လေသံ ကတော့ အတွေ့ အကြုံ အရ ပြောတာနဲ့တူတယ်၊ ကျုပ်ကတော့ မစ်(စ်)ဒိုင်ယာနီ ကို ဖောက်ခွဲပစ်ဖို့ထက် ပိုပြီး အသုံးကျတဲ့နည်းလမ်း ကို တွေ့ပါစေလို့ ဆုတောင်းမိပါရဲ့ဗျာ'

'ကျုပ်မှာ စိတ်ကူးတွေ ရှိပါတယ် အီယန်၊ အဲဒါတွေ လက်တွေ့ ကျမကျ ဆိုတာ ကတော့ စောင့်ကြည့်ရဦးမယ်'

စတိဗ်သည် လားဂိုစ်မြို့သို့အလာခရီး လေယာဉ်ပျံပေါ်တွင် သူ၏ ပထမစိတ်ကူးကို စတင် တွေးမိခဲ့ခြင်း ဖြစ်ပါ၏။

ထို စိတ်ကူးက ဒေါက်ဂလပ်စ် ဖီးလ်ဒင်း အား ကာဒ်ဟူးမော့စီစကီကို ခပ်မျှားမျှား မော့ချလိုက်ပြီး နောက် စက္ကန့်အနည်းငယ်ကြာမှ 'ဘာဖြစ်လို့ မလုပ် ရမှာလဲ' ဆိုသော ဆုံးဖြတ်ချက်ကို ပေးနိုင်စေခဲ့ သည်။

အိုလီဆီဂမ်အတွက် အချိန်လည်း မလို၊ ဝီစကီ လည်း မလိုပါ။ သူက 'ဟုတ်ကဲ့' ဟု ရိုးရိုးကလေး ပြောခဲ့သည်။

မဒ္ဒတာလာမိုဟာမက် လေဆိပ်သို့ သူတို့ရောက်ရှိ လာကြသည့်အခါ ၊ ဝီစကီ ပုလင်း ပြောင်နေပါပြီ။ သို့ရာတွင် သူတို့သုံးယောက်စလုံးသည် သူတို့ ဘဝ တွင် မည်သည့်အချိန်အခါနှင့်မျှ မတူအောင် အရက် လုံးဝမမူးဘဲ ရှိနေကြလေသည်။

အယ်လီဆန်က စကားပြောခွက်ကို ပြန်တင်လိုက်၏။ အိပ်ရာ နံဘေးရှိ ခရီးဆောင် စားပွဲတင် နာရီက စီဂျေ အားရပါးရ ပြော ဆို နေ ခဲ့ သည် မှာ တစ်နာရီနှင့် ငါးမိနစ် ကြာမြင့်သွားကြောင်း ပြသ နေသည်။ သူ နားအူ၍ ခေါင်းကိုက်ပြီး ကျန်ရစ်ခဲ့ သည်။ သူ့ အခန်းသို့ လောရင့်ဟော့ပါး ရောက်လာ သောအခါ ထို ဝေဒနာမှာ ပို၍ပင် ဆိုးရွားသွားရ လေတော့သည်။

ဟော့ပါးက စပင်ဆာပက်တာဆန်၏ အခန်းကို နှံ့နှံ့စပ်စပ် ရှာဖွေပြီးပြီ ဖြစ်ကြောင်း လာရောက် အစီရင်ခံခြင်း ဖြစ်သည်။ စပင်ဆာပက်တာဆန်သည် သူ ပြော သည့် အ တိုင်း ခရီးသွား အေဂျင့် ကိုယ်စားလှယ် တစ်ယောက် ဖြစ်ပုံ ရသည်။ သူ့ အ ခန်း ထဲ တွင် ဂလုပ်ဂါဒလားစ် အန်တာမီတက်မှ ကြော်ငြာစာရွက်များ၊ ရွှန်ဆွန် မီးခြစ်၊ ပတ်ကား

www.burmeseclassic.com

www.burmeseclassic.com

ဘောပင်နှင့် ရေမွှေးပုလင်းများ နမူနာ သေတ္တာနှင့် အပြည့်ရှိနေကြကြောင်း တင်ပြသည်။

စပင်ဆာပက်တာဆန်သည် ခရီးသွား အေဂျင်စီ၏ ကိုယ်စားလှယ် တစ်ယောက် ဖြစ်ခဲ့ ရိုး မှန်ပါက အယ်လီဆန်ကို လိမ်ညာလှည့်ဖျား၍ ပြောဆိုသွားရန် အကြောင်း မရှိပါ။

'ပြည်ထောင်စု ဘက်မှာကော စုံစမ်း ခိုင်းထားပြီး လား လာရီ'

'ခင်ဗျား အမိန့် အတိုင်း ချက် ချင်း လက် ငင်း ဆောင် ရွက် ကြ ဖို့ ညွှန် ကြား ထား ပါ တယ် မစ်(စ်) ကရိုတ်ချို'

ဟော့ပါးက အယ်လီဆန်အား မည်သည့်ကိစ္စက ပက်တာဆန်ကို သံသယ ဝင်စေခဲ့သနည်း၊ သို့မဟုတ် မည်သည့်ကိစ္စကို သံသယ ဝင်ခြင်း ဖြစ်ပါသနည်းဟု မေးလိုက်၏။ အယ်လီဆန်က ထိုမေးခွန်းကို ကြိုတင် မျှော်လင့်ထားပြီး ဖြစ်သည်။

'သူက ကျွန်မ တို့ကို အ စိုး ရ နဲ့ ဘယ် နည်း ဘယ်ပုံ ဆက်သွယ်သင့်ကြောင်း အကြံ ပေးပါလို့ ပြောခဲ့တယ် မ ဟုတ် လား၊ အဲဒါကြောင့် ကျွန်မ စိတ်ပူသွားမိတာပေါ့၊ ကျွန်မ ဒီကနေ့ ခရီးသွား လာရေး ဝန်ကြီး ဌာနနဲ့ ဆက်သွယ် မေးမြန်းကြည့် တယ်၊ သူတို့က စပင်ဆာ ပက်တာဆန်ဆိုတဲ့ နာမည် ရော၊ ဂလုပ်ဂါဒလားစ် ဆို တာ ကို ပါ မကြားဖူး ကြဘူးတဲ့'

အယ်လီဆန်က ပိုက်ဆံအိတ်ထဲမှ အက် စ ပ ရင် နှစ်လုံးကို ယူသောက်လိုက်သည်။ ပြီးမှ



'ခ ရီး သွား အေ ဂျင် စီ ရဲ့ ဒု ထိ ယ ဥက္ကဋ္ဌ တစ်ယောက်ဟာ ကြိုတင် စီစဉ်မှု လုံးဝ မရှိဘဲ လာမတဲ့လား မဖြစ်နိုင်ဘူး၊ သူက အရာရှိတွေနဲ့ တွေ့ဆုံဖို့ အစီအစဉ်တွေ လုပ်ထားပြီးသားဖြစ်ရမယ်၊ အဲဒီ အ ရာ ရှိ တွေ ကလဲ လက်ဝါးလေးတွေ ဖြန့်ပြီး ကော်ဇောနီနဲ့ ကြိုဆိုဖို့ စောင့်နေကြမှာ အမှန်ပဲ'

'သိပ် တော် တယ်၊ ခင်ဗျား ကျုပ် ရာထူးကို ယူ ထား ဖို့ တောင် ကောင်း တယ်၊ ခင် ဗျား က ပက်တာဆန်နဲ့ထပ်တွေ့ပြီး ပြောင်ဖွင့်မေးဖို့ စီစဉ်ရင် ကောင်းမယ် ထင်တယ်'

'ကျွန်မကတော့ ပြည်ထောင်စု ဘက်က သတင်း အချက်အလက်တွေကို ရှင် မရသေးခင်အထိ စောင့်နေ ချင် သေး တယ်၊ ခု လော လော ဆယ် မှာ တော့ ကျွန်မတို့ အားလုံးက သူနဲ့ မတွေ့အောင် ရှောင်နေ ကြမယ်၊ သူနဲ့ အဆက် ဖြတ်ထားကြမယ်'

ဟော့ပါးက စကားလမ်းကြောင်းကို ပြောင်းပစ် လိုက်သည်။

'ဒါနဲ့ စကား မစပ် ဟင်နရီဂါဒူးရဲ့ သံ တ မန် ရေးရာဌာန အကြီးအကဲက ဒီကနေ့ည ညစ်ခံပွဲမှာ ခင်ဗျားနဲ့ အတူ တွဲပြီး လိုက်ပါလာမယ့် ပုဂ္ဂိုလ် ဘယ်သူ ဖြစ်မလဲဆိုတာသိချင်နေတယ်၊ ကျုပ်ကတော့ အက်ဒဝပ် ဒီ တ ရီး စ် ပဲ ဖြစ် သင့် တယ် လို့ ပြော လိုက်တယ်၊ သူ့ ယူနီဖောင်းနဲ့ ဆု ပ ရင်း တွေ ယား မှာရှယ် ဆိုတဲ့ ဘွဲ့က ပိုပြီး အထင်ကြီးဖို့ကောင်းတယ်'

www.burmeseclassic.com

'မဟုတ်သေးဘူး၊ ကျွန်မတို့က ဝါစဉ်အတိုင်း လိုက်နာကြရမယ် ဆိုရင် ရှင်က ကမ်မ်ကိုရဲ့ အမှုဆောင် ဒုတိယ ဥက္ကဋ္ဌမဲ့'

'ကျုပ် ဂုဏ်ယူပါတယ်ဗျာ'

'ဒါဆိုရင် တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်သွားကြပြီပေါ့ရှင်'

'ညှော်ခံပွဲကလဲ သိပ်မကြာပါဘူး၊ ကိုးနာရီခွဲက ဆယ်တစ်နာရီ အထိပါ၊ ဒါပေမယ့် ညှော်ခံပွဲက သိပ်ပြီး ပျင်းစရာ ကောင်းလိမ့်မယ်လို့ ထင်တာပဲ'

သူ့ နိမိတ်ဖတ်ချက်ကာ ထိထိကျကျ မှန်ကန်ခဲ့သည်။ သို့ရာတွင် အံ့အားသင့်စရာ ကောင်းသော ခြွင်းချက်ကလေး တစ်ခုတော့ ရှိခဲ့ပါ၏။

ရှုင်းပေါင်း ဂေါ်လ်တီယာ၏ အပြာရောင် ပိုးဝတ်စုံနှင့် နီလာ လက်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားသော အယ်လီဆန်သည် မျက်စိကျိန်းလောက်အောင် တောက်တောက် ပြောင်ပြောင် ဖြစ်နေသည်။ သို့ရာတွင် ပြောင်ပြောင် လက်လက် ယူနီဖောင်းကို ဝတ်ဆင်ထားသော သမ္မတကြီးက အယ်လီဆန့်အား နှုတ်ဆက်လိုက်သည့် အခါတွင်မူ အယ်လီဆန်၏အဝတ်အစားနှင့် ကျောက်သံပတ္တမြားတို့ကို သတိမထားမိခဲ့ပါ။

'ကျွန်ုပ် သဲကန္တာရ ထဲမှာ ရွှေတွေရှိတယ် လို့ တွေ့ရှာချက်အကြောင်း ကျုပ်တို့ကို အသိပေးပြီးပြီ' ဂါဒူးက သူ့ကို တစ်ပတ် ရိုက်ခဲ့သောကြောင့် ကြီးကြီးကျယ်ကျယ် ဒေါသူပုန် ထလိမ့်မည် ဟု



မျှော်လင့် လိုက်မိသဖြင့် အယ်လီဆန် အသက်အောင့်ထားလိုက်မိသည်။

'အဲဒီ ကိစ္စဟာ သိပ်ကို လိမ္မာပါးနပ်တဲ့ ကိစ္စပဲ မစ်(စ်) ကရိတ်ချ်'

ဘုရားသခင် ကယ်တော်မူပါ။ ဟာင်နရီ ဂါဒူးက ပြုံးပြုံးကြီး လုပ်နေသည်။

'မစ္စတာ ဟော့ပါးနဲ့ မေရျာ ရန်းဒေါ တို့က အဲဒီကိစ္စဟာ ဝါခဖြန့်တဲ့ နည်းဖြစ်ကြောင်း ရှင်းပြကြပါတယ်၊ လူထုက ယုံကြည်ပြီး ခင်ဗျားတို့ရဲ့ ကုမ္ပဏီမှာ ငွေတွေ အများကြီး ရင်းနှီး မြှုပ်နှံကြလိမ့်မယ်'

ဟာင်နရီဂါဒူး၏ စကား ပြီးဆုံးသွားသောအခါ အယ်လီဆန်က ပြောလိုက်၏။

'မှတ်ပါတယ် ရှင်၊ ကျေးဇူးလဲ တင်ပါတယ် သမ္မတကြီး'

သို့ရာတွင် အယ်လီဆန့်စိတ်ထဲ၌ အကြီးအကျယ် သောကရောက်နေသည်။ ဟော့ပါးနှင့် ရန်းဒေါ ကို့က သူ့ကို မပြောဘဲ ဟာင်နရီဂါဒူးအား သူတို့ဘာသာ ပြောပြခဲ့ကြသည်မှာ သေချာနေသည်။ သူတို့သည် စီဂျေ၏ ညွှန်ကြားချက်အရ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သလော၊ စီဂျေက သူတို့အား တိုက်ရိုက် ညွှန်ကြားခဲ့လေသလော။

ထိုမေးခွန်းသည် ညှော်ခံပွဲ ပြီးစီး၍ ဂါဒူးဂရင်း ဟိုတယ်သို့ ပြန်ရောက်ကြသည်အထိ အယ်လီဆန်၏ စိတ်ထဲတွင် တချိန်လုံး ဒုက္ခပေးနေခဲ့သည်။ ...ဟိုတယ်သို့



www.burmeseclassic.com

www.burmeseclassic.com

ပြန်အရောက်တွင် ထိုကိစ္စကို သူက ဦးခေါင်းနောက်ဘက်တွင် အသာကလေး ဘေးဖယ် ထားလိုက်သည်။

ဟိုတယ် စားပွဲထိုး များက သူတို့ လူစုအတွက် စားပွဲ တစ် လုံး ကို ပြင်ဆင် ပေးနေသောကြောင့် မတ်တတ်ရပ်၍ စောင့် နေရ ချိန်တွင် ဟော့ပါးသည် စာရွက်ကလေး တစ်ရွက်ကို ကိုင်၍ ရောက်ရှိလာသည်။ သူက တောင်း ပန် သည် ဟု ထင်ရသော စကားလုံးများကို တ တွတ် တွတ် ရေ ရွတ် ရင်း အယ်လီဆန်ကို အခန်းထောင့်သို့ ခေါ်သွားတော့သည်။

ဟော့ပါးက ပြောလိုက်၏။

'ပက်တာဆန် ခု အချိန် အထိ ဟိုတယ် ကို ပြန်ရောက်မလာသေးဘူး'

အယ်လီဆန်က စိတ်မဝင်စားဟန်နှင့် ခပ်သော သောကလေး မေးလိုက်၏။

'ကျွန်မတို့ကလိုက်ရှာတဲ့အဖွဲ့ကိုလွှတ်ဖို့သင့်ပြီလား လာရီ'

'တစ်နည်း အား ဖြင့် တော့ ကျုပ်တို့ လိုက်ရှာပြီးပါပြီ၊ ကျုပ်တို့က သူ့ ကို တွေ့လဲ တွေ့ပြီးပါပြီ'

သူက လက်ထဲတွင် ကိုင်ထားသော တဲလက်ကို ခပ်မှိန်မှိန် အ လင်း ရောင် ထဲ တွင် မျက် စိ မှေး၍ ခပ်ကျယ်ကျယ် ဖတ်ပြလိုက်၏။

'မဏာမ စုံစမ်းချက်များအရ စုံ စမ်း ခံ ရ သူ ၏ အမည်နှင့် အလုပ်အကိုင်တို့သည် မှန် ကန် ကြောင်း တွေ့ရှိရပါသည်တဲ့'



ဟော့ပါးက ရပ် တန့် လိုက် သည်။ ခပင်ဆာ ပက်တာဆန်ဟာ ဆူ ပြော တဲ့ အ တိုင်း ဟုတ်မှန် သားပဲ၊ ဒါဖြင့်ရင် ဘာဖြစ်လို့လဲဟု အယ်လီဆန်က တွေးလိုက်သည်။

ဟော့ပါးက အယ်လီဆန်ကို စေ့ စေ့ စပ် စပ် ကြည့်ရင်း ထပ်ပြောလိုက်ပြန်၏။

'အဲဒါက ပထမ စာ ကြောင်း ပဲ၊ ကျုပ် ကို ဆက်ဖတ်ခွင့်ပြုပါ၊ ထပ်မံ၍ စုံ စမ်း သော အ ခါ ထို ပုဂ္ဂိုလ်၏ အမည်ကို နာမည်ခံ၍ သုံး စွဲ သူ ၏ ရာထူး အစစ်အမှန်မှာ ဗိုဂလာ အင်တာနေရှင်နယ် အင် တာ ပ ရိုက် စ်မှ ဒုတိယ ဥက္ကဋ္ဌ (သုတေသန) ဖြစ်ပါသည်တဲ့၊ ကျန်တာကိုတော့ ခင်ဗျားကိုယ်တိုင်ပဲ ဆက် ဖတ် ကြည့် ပါ၊ ခင် ဗျား က စီ ဂျေ့ ဆီ ကို ချက်ချင်း တယ်လီဖုန်း ဆက် သင့် တယ် လို့ ကျုပ် အဆိုပြုပါရစေ'

အယ်လီဆန်က အေးစက်ပြီး တုန်တုန်ရီရီ ဖြစ်နေသော လက် ချောင်း များ နှင့် စာရွက်ကို လှမ်းယူလိုက်၏။

'ကျွန်မ အတွက် တောင်း ပန် ပေး ပါ လာရီ၊ ကျွန်မ တယ်လီဖုန်းဆက်ဖို့ အ ပေါ် ထပ် ကို သွား တော့မယ်'

အယ်လီဆန်သည် ဧည့်ခန်းဆောင်ဘို့ ဖြတ်သန်း၍ ဓာတ် လှေ ကား ဆီ သို့ သွား လိုက် ၏။ နာကြည်း ခံပြင်းမှုက တစ်ကိုယ်လုံးကို ဖျန်း ဖိုးလွှမ်းနေသည်။ အယ်လီဆန်၏ ဘဝတွင် သူ့ ကို လိမ်ညာလှည့်ဖျား သွားသူ၊ သူ့ ကို အသုံးချခဲ့သူ၊ သူ့ ကို အဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com

ယုတ်ညံ့နိမ့်ကျသွားစေခဲ့သူ အမျိုးသားပေါင်း မြောက်မြားစွာ ရှိခဲ့ပါသည်။ သို့ရာတွင် ယခုလိုတော့ မည်သည့် အခါကမျှ မဖြစ်ခဲ့ဖူးပါ။ မည်သည့် အခါကမျှ မဖြစ်ခဲ့ဖူးပါ။

အယ်လီဆန်သည် ခေါင်လှေကားထဲသို့ ဝင်လိုက်ပြီး ပဥ္စမထပ်မှ ခလုတ်ကို မမြင်မကန်းနှင့် နှိပ်လိုက်သည်။ တံခါး ပိတ်သွားပြီး အပေါ်ဘက်သို့ ခေါင်လှေကား မြင့်တက်သွားသည်။ ယခု အချိန်တွင် မည်သို့ မည်ပုံ ငိုယိုရမည်ကို နှစ်ပေါင်းများစွာကပင် မေ့လျော့နေခဲ့သော အယ်လီဆန်ကရိတ်ချ်၏ မျက်နှာပေါ်တွင် မျက်လုံးအိမ်ထဲမှ မျက်ရည်များ စီးကျလာသည်ကို ခံစားလိုက်ရလေတော့သည်။

**[ ဒုတိယတွဲကို ဆက်လက် ဖတ်ရှုပါရန်။ ]**



www.burmeseclassic.com